www.burmeseclassic.com

the bookhouse

မောင်ပေါ်ထွန်း

# မကြံကောင်း မစည်ကောင်း

SIDNEY SHELDON

# ARE YOU AFRAID OF THE DARK?



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စီမံခန့်ခွဲမှု
မိုးမ-မှန်ရွှတ်
စာပြင်
နေမင်းသိမ်း
မျက်နှာဖုံးဒီဇိုင်း
ZAW MONG
အတွင်းစာမျက်နှာစုဖွဲ့မှုဒီဇိုင်း
Club 18

ထုတ်ဝေသူ
ဒေါ်မိုးချစ်သူ
the bookhouse
၆၂ avenue ၊ ၁၀-ခ၊
မဂ္ဂင်လမ်း၊ ၁၄ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ
ဦးတင်အောင်ကျော်
(မြဲ ၀၇၀၅၃)
နွယ်တော်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၂၀၁၃၊ ဇွန်လ၊ ပထမအကြိမ်။
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၃၅၀၀ ကျပ်
ဖြန့်ချိရေး
the bookhouse
၀၉ ၅၀၀ ၈၇၂၇
၀၉ ၇၃၀ ၈၅၅၅၀

မောင်ပေါ်ထွန်း
[illegible] / မောင်ပေါ်ထွန်း ၊ ရန်ကုန်။
the bookhouse စာပေ ၂၀၁၃
[illegible] စာ ၁၃-၇၈ စင်တီ x ၁၇-၇၈ စင်တီ
[illegible]

www.burmeseclassic.com

www.burmeseclassic.com

# မူရင်းစာရေးဆရာ၏ အမှာ

'မိုးလေဝသအကြောင်းကို လူတိုင်း ပြောနေကြသည်။ သို့သော်လည်း မိုးလေဝသကောင်းအောင် ဘယ်သူမှ ဘာမှ မလုပ်နိုင်ကြ' ဟူသည့် ဆိုရိုးစကားရှိသည်။

ထိုစကား မမှန်တော့ပါ။ ယခုအခါ ကမ္ဘာ့အင်အားကြီး နှစ်နိုင်ငံတို့မှာ ကမ္ဘာတစ်ဝန်းမှ မိုးလေဝသအခြေအနေကို ထိန်းချုပ်နိုင်သည့် စွမ်းအားတွေ ရှိနေကြပြီ။ အမေရိကန်နိုင်ငံနှင့် ရုရှနိုင်ငံတို့ ဖြစ်သည်။ အခြားနိုင်ငံတွေကလည်း အမီလိုက်နိုင်အောင် သွေးရူးသွေးတန်း ကြိုးစားနေကြသည်။

လျှပ်စစ်စွမ်းအင်ကို အာကာသထဲသို့ ပို့လွှတ်ခြင်းအပါအဝင် သဘာဝဓာတ်စင်တို့၏ အစွမ်းသတ္တိကို လေ့လာစူးစမ်းမှု လုပ်ငန်းကို ၁၈၀၀ပြည့်လွန် နှောင်းပိုင်းကာလမှစ၍ သိပ္ပံပညာရှင် နီကိုလာတေဆလာ*က စတင်ပြုလုပ်ခဲ့သည်။ ယခုအခါ ယင်းလေ့လာစူးစမ်းမှုသည် လက်တွေ့အကောင်အထည် ပေါ်လာခဲ့ပြီ။

အကျိုးဆက်ရလဒ်ကတော့ ကြီးမားလှသည်။ မိုးလေဝသကို ကမ္ဘာလောကကြီး၏ ကောင်းကျိုးအတွက် အသုံးပြုနိုင်သလို ကမ္ဘာဖျက်လက်နက်အဖြစ်လည်း အသုံးချနိုင်ခြင်းပင် ဖြစ်သည်။

---

* *Nicola Tesla (1856-1943) ဆာဘီးယားနိုင်ငံဖွား အမေရိကန်လျှပ်စစ်အင်ဂျင်နီယာနှင့် ရူပဗေဒသိပ္ပံပညာရှင်။ 'ပြန်လှန်လျှပ်စီး' (၁၈၈၁)ကို ရှာဖွေတွေ့ရှိ။ ရေဒီယိုနှင့် လျှပ်စစ်နည်းပညာ တိုးတက်ရေးအတွက် ဆင့်ပွားကိရိယာများနှင့် နည်းစနစ်ပေါင်း အမြောက်အမြားကို တီထွင်ခဲ့။*

the bookhouse We bring you future
www.burmeseclassic.com

www.burmeseclassic.com



၁၉၆၉ခုနှစ်တွင် တီထွင်မှုတစ်ခုကို အမေရိကန်မူပိုင်ခွင့်မှတ်ပုံတင်ရုံးက မူပိုင်ခွင့်ပေးခဲ့သည်။ ယင်းမှာ ပင်လယ်ရေငွေ့အတုများကို ကမ္ဘာ့လေထုအတွင်းသို့ ပို့လွှတ်ခြင်းစနစ်ကို တီထွင်ခြင်းအတွက် ဖြစ်သည်။

၁၉၇၁ခုနှစ်တွင် ဂြိုဟ်များ၏ မျက်နှာပြင်ဧရိယာများအား အားပြင်းသော ဓာတ်ရောင်ခြည် ပေးခြင်းစနစ်ကို တီထွင်ခြင်းအတွက် ဝက်စတင်ဟောက်စ် အီလက်ထရောနစ်ကော်ပိုရေးရှင်းအား မူပိုင်ခွင့်လက်မှတ် ထုတ်ပေးခဲ့သည်။

၁၉၇၀ပြည့်လွန် အစောပိုင်းကာလတွင် စစ်တပ်က သုတေသနပြုနေသည့် မိုးလေဝသနှင့် ရာသီဥတု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းကို အမေရိကန်အောက်လွှတ်တော်ခန့် သမုဒ္ဒရာနှင့် ပြည်တွင်းမိုးလေဝသ ပတ်ဝန်းကျင်သန့်ရှင်းရေး ကော်မတီက ကြားနာစစ်ဆေးခဲ့ရာ၊ ကာကွယ်ရေးဌာနတွင် မျှုကလီးယားလက်နက်များနှင့် တွဲဖက်၍ အသုံးပြုနိုင်သည့် ဒီရေလှိုင်းများကို တီထွင်ရန် စီမံကိန်းရှိကြောင်း သိရှိခဲ့ရသည်။

ကမ္ဘာဖျက်လက်နက်ဆန်းများကို အပြိုင်အဆိုင် ထုတ်လုပ်မှုအန္တရာယ်သည် အမေရိကန်နှင့် ရုရှတို့အကြား အလွန်အမင်း ကြီးမားလာခဲ့ခြင်းကြောင့် ရန်ပြုရန် ရည်ရွယ်ချက်ဖြင့် မိုးလေဝသ ပြုပြင်ပြောင်းလဲခြင်းကို ဆန့်ကျင်ဟန့်တားသည့် ကုလသမဂ္ဂသဘောတူစာချုပ်ကို အမေရိကန်နှင့် ရုရှတို့က ၁၉၇၇ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

သို့သော်လည်း ယင်းစာချုပ်သည် မိုးလေဝသပြုပြင်ပြောင်းလဲမှု စမ်းသပ်ခြင်းလုပ်ရပ်ကို မတားဆီးနိုင်ခဲ့ပါချေ။ ၁၉၇၈ခုနှစ်တွင် မိုးအတုရွာသွန်းခြင်းကို ဝစ်စ်ကွန်ဆင်ပြည်နယ် မြောက်ဘက်၊ ခရိုင်ခြောက်ခု၌ စမ်းသပ်ပြုလုပ်ခဲ့သည်။ တစ်နာရီ ၁၇၅မိုင်နှုန်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေါ်လာသန်း ၅၀ဖိုးခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ တစ်ချိန်တည်းတွင် ရုရှကလည်း အလားတူ စမ်းသပ်မှုများကို လုပ်ကိုင်လျက်ရှိသည်။

BURMESE CLASSIC

၁၉၉၂ ခုနှစ်တွင် ''ဝေါလ်စထရိဂျာနယ်''သတင်းစာကြီး၏ ဖော်ပြချက်အရ ''အီလတ်အင်တဲလီးဂျင့်စ် တက္ကနိုလိုဂျီစ်''အမည်ရှိ ရုရှားကုမ္ပဏီတစ်ခုက ''မိုးလေဝသကို အမိန့်ပေးမည်''ဟူသော ကြွေးကြော်သံကို သုံးလျက် မိုးလေဝသထိန်းချုပ်ရေးစက်ကိရိယာများကို ထုတ်လုပ်ရောင်းချနေကြောင်း သိရှိရသည်။ ထိုစက်ကိရိယာများကို ကမ္ဘာ့နိုင်ငံတိုင်းက ဝယ်ယူနိုင်သည်။ ဆိုခဲ့သည့်အတိုင်း အင်အားကြီးနှစ်နိုင်ငံစလုံးက မိုးလေဝသထိန်းချုပ်ရေး စမ်းသပ်မှုများကို ဆက်လက်လုပ်ကိုင် နေကြသောကြောင့် မိုးလေဝသနှင့် ရာသီဥတု ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာသည်။ ၁၉၈၀ပြည့်လွန် အစောပိုင်းက ထူးဆန်းသော မိုးလေဝသအခြေအနေကို စာနယ်ဇင်းများက အောက်ပါအတိုင်း သတင်းပေးခဲ့ကြသည်။

'ကာလီဖိုးနီးယားပြည်နယ်၊ ကမ်းရိုးတန်းမှ မိုင် ၈၀၀ခန့်အကွာတွင် ပုံမှန်ထက်လွန်ကဲသည့် လေထုဖိအား လွန်ခဲ့သည့် နှစ်လခန့် တည်ရှိခဲ့သောကြောင့် ပစိဖိတ်သမုဒ္ဒရာမှ စွတ်စိုလေငွေ့ ပုံမှန်ရွေ့လျားမှုကို ပိတ်ဆို့ထားခဲ့သည်'
('တိုင်း' မဂ္ဂဇင်း၊ ဇန်နဝါရီ-၁၉၈၁)

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'…ပုံမှန်ထက်လွန်ကဲသော လေထုဖိအား ရုပ်ဝန်းတစ်ခုသည် ကမ္ဘာ့အနောက်ခြမ်းမှ အရှေ့ခြမ်းတစ်လျှောက် ပုံမှန်မိုးလေဝသအခြေအနေကို တားဆီးပိတ်ဆို့ထားသကဲ့သို့ ဖြစ်ပေါ်နေခဲ့သည်' ('နယူးယောက်တိုင်းမ်စ်' သတင်းစာ၊ ၂၉-၇-၁၉၉၃)

ဤဝတ္ထုထဲတွင် ဖော်ပြထားသော မိုးလေဝသကပ်ဘေးအားလုံးသည် အမှန်တကယ် ဖြစ်ပေါ်ခဲ့ကြသည်။ မိုးလေဝသသည် အကြီးမားဆုံး စွမ်းအားဖြစ်ကြောင်း ကျွန်တော်တို့အားလုံး သိကြသည်။ မိုးလေဝသကို ထိန်းချုပ်နိုင်သူသည်…

- မိုးသီးမုန်တိုင်းများနှင့် လေဆင်နှာမောင်းများကို ဖန်တီးပြီး ကမ္ဘာ့စီးပွားရေးလောကကြီး တစ်ခုလုံးကို ဖရိုဖရဲဖြစ်အောင် လုပ်နိုင်သည်။
- မိုးခေါင်ရေရှားအောင် ဖန်တီးပြီး ကောက်ပဲသီးနှံအားလုံးကို ဖျက်ဆီးပစ်နိုင်သည်။
- မြေငလျင်လှုပ်ခြင်း၊ ဟာရီကိန်းနှင့် ဆူနာမိမုန်တိုင်း တိုက်ခတ်ခြင်းတို့ကို လုပ်နိုင်သည်။
- ကမ္ဘာ့နိုင်ငံအသီးသီးမှ လေယာဉ်ကွင်းများ ပိတ်သွားအောင် ဖန်တီးနိုင်သည်။
- ရန်သူတပ်၏ စစ်မြေပြင်များကို ဖျက်ဆီးပစ်နိုင်သည်။

BURMESE CLASSIC

အကယ်၍… ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်ကြီးတစ်ဦးက 'မိုးလေဝသအကြောင်းကို လူတိုင်းပြောနေကြတယ်၊ ဒါပေမဲ့ မိုးလေဝသကောင်းအောင် ဘယ်သူမှ ဘာမှမလုပ်ကြဘူး' ဟူ၍ ပြောခဲ့သည်ရှိသော်… ကျွန်တော်တို့ လူသားတွေအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် အိပ်ကောင်းခြင်း အိပ်နိုင်ကြပါလိမ့်မည်။

ဟိသစ္စံ- ထိုစကားသည် မုချအမှန်ဖြစ်ပါ၏။

ဆစ်ဒနီရှယ်လဒန်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်လမ်းအစ

## *ဂျာမနီ၊ ဘာလင်မြို့*

ယနေ့သည် သူ့အတွက် လူ့လောကတွင် နောက်ဆုံးနေ့ဖြစ်မည် ဆိုတာကို ဆွန်ဂျာဗားဘရပ် နည်းနည်းကလေးမျှ မတွေးမိ။ သူသည် အန်တာဒင်လင်ဒင်လမ်းမကြီး၏ ပလက်ဖောင်းပေါ်တွင် ခြေချင်းလိမ်နေသည့် နွေရာသီ ကမ္ဘာလှည့်ခရီးသည်တွေကြားမှ တွန်းတိုးရင်း မြန်မြန်ထက်ထက် လျှောက်လာခဲ့သည်။ *ကြောက်မနေနဲ့၊ စိတ်ကို ငြိမ်ငြိမ်ထား။* သူ့ကိုယ်သူ အားဆေးတင်လိုက်သည်။

မကြာခင်ကလေးက သူ့ ကွန်ပျူတာပေါ်တွင် ပေါ်လာသည့် ခင်ပွန်းသည် ဖရန့်၏ မက်ဆေ့ဂျ်စကားက သွေးလန့်စရာကြီး။

*ဆွန်ဂျာ‥ အမြန်သာပြေးတော့၊ အာတေမီးရှားဟိုတယ်ကို သွား၊ နောက်ထပ် မက်ဆေ့ဂျ်မရမချင်း…*

ကွန်ပျူတာပေါ်မှ မက်ဆေ့ဂျ် ရုတ်တရက် ပြတ်တောက်သွားသည်။ *ဖရန့်က သူ့စကားကို ဘာကြောင့် အဆုံးမသတ်တာလဲ။ ဘာတွေဖြစ်နေလို့လဲ။*

ဘယ်နည်းနဲ့မဆို 'ပရိုင်မာ' ကို ဟန့်တားရမည်ဟု မနေ့ညက တစ်စုံတစ်ယောက်ကို ဖရန့်ဖုန်းဆက်ပြောသံကို ဆွန်ဂျာ ကြားခဲ့သည်။ *'ပရိုင်မာ' ဆိုတာ ဘယ်သူလဲ။*

အာတေမီးရှားဟိုတယ်အနီးသို့ ရောက်လာပြီ။ သည်ဟိုတယ်က အမျိုးသမီးများကိုသာ လက်ခံသည်။ *ငါ ဒီကနေပြီး ဖရန့်ကိုစောင့်နေမယ်၊ သူရောက်လာတော့ အကျိုးအကြောင်း ပြောပြလိမ့်မယ်။*

the bookhouse
we bring your future

www.burmeseclassic.com



ဆွန်ဂျာ လမ်းဆုံသို့ရောက်လာသည်။ ယာဉ်ထိန်းအချက်ပြမီး နီသွားသည်။ သူ ဝလက်ဖောင်းပေါ် ရပ်လိုက်သည်။ တစ်စုံတစ်ယောက်က သူ့ကိုဝင်တိုက်သည်။ သူ လမ်းပေါ်လဲကျသွားသည်။ လမ်းဘေးတွင် တရားမဝင်ရပ်ထားသည့် ဓိမ်ခံကားတစ်စီး ရုတ်တရက် မောင်းထွက်ပြီး ဆွန်ဂျာ့ကို တည့်တည့် ဝင်တိုက်တော့မလို ထင်ရပေမယ့် ကံကောင်းလို့ ပွတ်တိုက်ရုံသာ တိုက်သွားသည်။ ချက်ချင်းပင် လူတွေ ဝိုင်းအုံလာကြသည်။ ဘာဖြစ်သွားသလဲ၊ ဘယ်နေရာထိသွားသလဲ စသည်ဖြင့် တစ်ယောက်တစ်ပေါက် စိုးရိမ်တကြီး မေးကြသည်။

ထိုအခိုက် ဖြတ်သွားသော သူနာပြုယာဉ်တစ်စီး ရုတ်တရက် ထိုးရပ်လိုက်သည်။ သူနာပြုနှစ်ယောက် ကမန်းကတန်း ပြေးဆင်းလာသည်။

*'ဘာမှ မစိုးရိမ်နဲ့၊ သူ့ကို ကျွန်တော်တို့ ပြုစုပေးပါ့မယ်'*

ထို့နောက် ဆွန်ဂျာဗားဘရပ်ကို ကားပေါ်သို့ ချီတင်ကြသည်။ ကားတံခါးကို ပြန်ပိတ်လိုက်သည်။ ပြီးတော့ ချက်ချင်း မောင်းထွက်လာသည်။ ဆွန်ဂျာကို ထမ်းစင်ပေါ်တွင် တုပ်ချည်ကြသည်။ သူက ထထိုင်ဖို့လုပ်ရင်း ငြင်းသည်။

*'ရပါတယ်၊ ကျွန်မ ဘာမှမဖြစ်ပါဘူး'*

သူနာပြုတစ်ယောက်က ကိုယ်ကိုကိုင်းပြီး…

'မထပါနဲ့ ဖရောဗားဘရပ်*၊ ငြိမ်ငြိမ်လေးနေပါ'

ဆွန်ဂျာက အထိတ်တလန့် မော့ကြည့်လိုက်ရင်း…

'ဟင်… ရှင်က ဘယ်လိုလုပ်ပြီး ကျွန်မနာမည်ကို…'

ထိုအခိုက် သူ့လက်မောင်းသားထဲ ဆေးထိုးအပ်ဝင်သွားတာကို စစ်ခနဲ ခံစားလိုက်ရသည်။ ထို့နောက် ချက်ချင်းလိုပင် တစ်လောကလုံး မှောင်မိုက်သွားတော့သည်။

## *ပြင်သစ်၊ ပါရီမြို့*

အီဖယ်မျှော်စင်ရှိ လေ့လာရေးစားပွဲတွင် မတ်ဟားရစ် တစ်ယောက်တည်း ရှိနေသည်။ မိုးတအုန်းအုန်း ရွာနေသည်ကိုပင် သတိမထားမိ။ တစ်ချီတစ်ချီတွင် လျှပ်ပန်းလျှပ်နွယ်တွေက မိုးစက်တန်းတွေကြားတွင် ဖြတ်ခနဲ ဖျတ်ခနဲ လင်းလက်သွားသည်။

---

** ဂျာမန်စကား Frau (ဖရော)သည် အင်္ဂလိပ်စကား Mrs (မစ္စက်)နှင့် တူညီသည်။*

www.burmeseclassic.com

www.burmeseclassic.com



စိန်းမြစ်၏တစ်ဖက်တွင် ရှဲလော့နန်းတော်နှင့် ထရိုကာဒယ်ရို ဥယျာဉ်တို့ ရှိနေကြသည်။ သို့သော်လည်း မတ်ဟားရစ်ကတော့ ယင်းတို့ကို သတိထားဟန်မတူ။ သူ့စိတ်အာရုံက တစ်ခုတည်းကိုသာ စူးစိုက်နေသည်။ တစ်ကမ္ဘာလုံးသို့ ထုတ်လွှင့်မည့် သတင်းထူးကြီးကိုသာ စိတ်ဝင်စားနေသည်။

တဖြည်းဖြည်း မိုးရောလေပါ ပြင်းထန်လာသည်။ ဟားရစ်က လက်ကောက်ဝတ်ကို အင်္ကျီလက်နှင့်ကာပြီး နာရီကိုကြည့်လိုက်သည်။ သူတို့ နောက်ကျနေပြီ။ ဒါနဲ့ သူတို့က ညကြီးမင်းကြီး သန်းခေါင်ချိန်မှာမှ ဒီနေရာကို ဘာကြောင့်ချိန်းရတာလဲဟု သူတွေးမိသည်။ သူ့အတွေးမပြတ်ခင်မှာပင် မျှော်စင်ဓာတ်လှေကားတံခါး ပွင့်သွားသံကြားရသည်။ မိုးကြီးလေကြီးထဲ တိုးဝှေ့ပြီး လူနှစ်ယောက် သူ့ဆီလာနေကြသည်။

ဟားရစ် သူတို့ကို မှတ်မိသွားသည်။ ရင်ထဲ အေးသွားမိသည်။

'ခင်ဗျားတို့ ဘာလို့ နောက်ကျနေရတာလဲ'

'ဒီမိုးနဲ့လေကြောင့်ပေါ့ မတ်ရာ၊ ဆောရီးဗျာ… ဆောရီး'

'ကဲ ခင်ဗျားတို့လည်း ရောက်လာပြီ၊ အစည်းအဝေးက ဝါရှင်တန်မှာလုပ်ဖို့ အားလုံးစီစဉ်ပြီးပြီ မဟုတ်လား'

'ခင်ဗျားကို ပြောချင်တာ အဲဒီအကြောင်းပဲ၊ ဒီကိစ္စကို အကောင်းဆုံး ဘယ်လိုကိုင်တွယ်မယ်ဆိုတာကို ကျွန်တော်တို့ ဒီနေ့တစ်မနက်လုံး အကြာကြီးဆွေးနွေးခဲ့ကြတယ်၊ အဲဒီနောက် ဆုံးဖြတ်ချက်ချ…'

ထိုအခိုက် ဒုတိယလူက ဟားရစ်နောက်သို့ရွေ့လာသည်။ ထို့နောက် မမျှော်လင့်သော ဖြစ်ရပ်နှစ်ခု ဆက်တိုက်ဖြစ်ပေါ်သွားသည်။ တုံးတိုပြီးလေးလံသော အရာဝတ္ထုဖြင့် ဦးခေါင်းကို ပြင်းထန်စွာ အရိုက်ခံလိုက်ရသည်။ ထို့နောက် သုံးဆယ့်ရှစ်ထပ်အမြင့်မှ လမ်းမပေါ်သို့ ဦးစောက်ထိုးကျသွားလေတော့သည်။

### *ကိုလိုရာဒိုပြည်နယ်၊ ဒင်းဗားမြို့*

ဂယ်ရီရေနိုးသည် ကနေဒါနိုင်ငံ၊ ဗန်ကူးဗားမြို့နားမှ ကီလိုနာမြို့ကလေးတွင် လူလားမြောက်လာခဲ့သည်။ ထိုမြို့မှာပင် လေယာဉ်မောင်းသင်တန်း တက်သည်။ အန္တရာယ်များသော ကျောက်တောင်မြင့်ကြီးတွေ ထူထပ်သည့် နယ်မြေတွင် လေယာဉ်မောင်းရသည်မှာ ရေနိုးအဖို့တော့ သမားရိုးကျအလုပ်တစ်ခု ဖြစ်နေပြီ။ လောလောဆယ်တွင် 'စက်ဆနာစိုက်တေးရှင်း ၁၁' လေယာဉ်ကလေးကို မောင်းလာသည်။ ဆီးနှင်းဖုံးနေသည့် တောင်ထွတ်တွေကို မျက်ခြည်မပြတ်ကြည့်ရင်း အထူးသတိထားပြီး မောင်းနေရသည်။ လေယာဉ်သည် လေယာဉ်မှူးအခန်းတွင် လူနှစ်ယောက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တင်ဆောင်ရန် ဖြစ်သည်။ သည်နေ့တွင် တွဲဖက်လေယာဉ်မှူး ပါမလာ။ ရေနီးသည် လေယာဉ်ကို ကနေဒီလေဆိပ်သို့ မောင်းနှင်မည်ဟုပြောပြီး ဒင်းဗားသို့ လမ်းကြောင်းပြောင်း၍ မောင်းနှင်လာခြင်းဖြစ်သည်။ ဒင်းဗားတွင် သူ့ကို မည်သူမျှ လိုက်ရှာမည်မဟုတ်။ သူ့အစ်မအိမ်တွင် တစ်ညတည်းပြီး မနက်ကျတော့မှ အခြားသူများနှင့်တွေ့ရန် အရှေ့ဘက်သို့ ထွက်ခွာမည်ဖြစ်သည်။ လိုအပ်တာတွေ အားလုံး ပြည့်ပြည့်စုံစုံ စီစဉ်ထားပြီးပြီ။

ပြီးတော့…

ရေဒီယိုမှ ထွက်ပေါ်လာသော အသံကြောင့် ရေနီး၏ အတွေးပြတ်သွားသည်။

'စိုက်တေးရှင်း၊ ဝမ်း၊ ဝမ်း၊ ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ ဒင်းဗား နိုင်ငံတကာလေဆိပ် ထိန်းချုပ်မျှော်စင်က ပြောနေတယ်၊ ဝင်လာပါ'

ရေနီးက ရေဒီယို ခလုတ်ကို နှိပ်လိုက်ပြီး…

'စိုက်တေးရှင်း၊ ဝမ်း၊ ဝမ်း၊ ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ လေယာဉ်ဆင်းခွင့် တောင်းနေတာပါ'

'ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ လေယာဉ်ရောက်နေတဲ့ အနေအထားကို ပြောပါ'

'ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ ဒင်းဗားလေဆိပ် အရှေ့မြောက်ဘက် ဆယ့်ငါးမိုင်၊ ပျံသန်းမှု အမြင့်ပေ ၁၅၀၀၀'

လက်ယာဘက်တွင် 'ပိုက်ပိခ်' တောင်ထွတ်ကြီး ဘွားခနဲပေါ်လာသည်။ ကောင်းကင်ပြင် တစ်ခုလုံးပြာလဲ့နေသည်။ ရာသီဥတုက ကြည်လင်သာယာသည်။ ကောင်းတဲ့နိမိတ်ဟု ရေနီးတွေးမိသည်။

ခေတ္တ ငြိမ်ဆိတ်နေသည်။ ထိန်းချုပ်မျှော်စင်မှ အသံပေါ်ထွက်လာပြန်သည်။

'ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ ပြေးလမ်းနှစ်-ခြောက်မှာ ဆင်းပါ၊ ပြန်ပြောမယ်၊ ပြေးလမ်း နှစ်-ခြောက်'

'ဝမ်း၊ လီမာ၊ ဖောက္စတ်ထရော့၊ ရော်ဂျာ'*

ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် အပေါ်သို့လေယာဉ် မြောက်တက်သွားတာကို ရေနီးသိလိုက်သည်။ သူ အလန့်တကြား အပြင်သို့ လှမ်းကြည့်လိုက်သည်။ လေပြင်းတိုက်ခတ်လာပြီး စက္ကန့်ပိုင်းအတွင်းမှာပင် လေယာဉ်လူးလိမ့်နေတော့သည်။ အမြင့်ကို ထိန်းထားရန် လက်ကိုင်ဘီးကို အတင်းပြန်ဆွဲသည်။ အချည်းအနှီးပင်။ ဒေါသထန်သော လေထုဝဲကယက်ထဲမှာ ရေနီး ပိတ်မိနေပြီ။ လေယာဉ်ကို လုံးဝထိန်း၍မရတော့။ ရေဒီယိုခလုတ်ကို ပြင်းပြင်းနှိပ်လိုက်သည်။

*Roger - မက်ဆေ့ဂျ်ကိုရရှိကြောင်း၊ နားလည်ကြောင်းပြန်ပြောသည့် ရေဒီယိုသင်္ကေတ။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



**'ဝမ်း၊ လီမာ၊ ဖောက္တစ်ထရော့၊ အရေးပေါ်အခြေအနေရောက်နေပြီ'**

**'ဝမ်း၊ လီမာ၊ ဖောက္တစ်ထရော့၊ ဘယ်လိုအရေးပေါ် အခြေအနေမျိုးလဲ'**

**ရေနိုး စကားပြောခွက်ထဲသို့ အော်ပြောလိုက်သည်။**

'ကျွန်တော် လေထုထဲ ပိတ်မိနေပြီ၊ အရမ်းကြမ်းတယ်၊ ကျွန်တော် ဟာရီကိန်းမုန်တိုင်းထဲ ရောက်နေပြီ'

'ဝမ်း၊ လီမာ၊ ဖောက္တစ်ထရော့၊ ခင်ဗျား ဒင်းဗားလေဆိပ်နဲ့ လေးမိနစ်ခွဲကြာ အကွာအဝေးကို ရောက်နေပြီ၊ မျှော်စင်က ဖန်သားပြင်ပေါ်မှာ ဘာလေပြင်းမှ မတွေ့ရဘူး'

'အို… ထားလိုက်စမ်းပါ အဲဒီဖန်သားပြင်၊ ကျွန်တော်ပြောနေတာက… ' သူ့အသံကို တစ်အားမြှင့်ပြီး 'မေဒေး* … မေ …'

ထိန်းချုပ်မျှော်စင်ရှိ ရေဒါဖန်သားပြင်ပေါ်မှ အလင်းစက်ကလေး ရုတ်တရက် ပျောက်ကွယ်သွားလေ၏။

*မင်ဟတ်တန်နယ်မြေ၊ နယူးယောက်မြို့*

အရုဏ်တက်အချိန်… အီးစ်ရီးဗား (အရှေ့မြစ်) ၏ မင်ဟတ်တန်တံတားအောက် ဆိပ်ခံတံတားအမှတ် ၁၇ အနီး ရေစပ်တွင် ဝတ်စုံအပြည့်နှင့် အလောင်းတစ်လောင်းကို ယူနီဖောင်းဝတ် ရဲအမှုထမ်းနှင့် အရပ်ဝတ်စုံထောက် ဒါဇင်ဝက်ခန့်တို့ ဝိုင်းအုံကြည့်ရှုနေကြသည်။ လူသေကောင်၏ဦးခေါင်းသည် ဒီရေအတက်အကျကိုလိုက်၍ မြုပ်ချည် ပေါ်ချည်ဖြစ်နေသည်။

မင်ဟတ်တန်တောင်ပိုင်း၊ သေမှုသေခင်းတပ်ဖွဲ့မှ တာဝန်ခံစုံထောက် အားလ်ဂရင်းဘတ်က လုပ်ငန်းဆိုင်ရာ စစ်ဆေးမှုပြုလုပ်သည်။ အလောင်းကို ဓာတ်ပုံမရိုက်ရသေးခင် အလောင်းအနီးသို့ မည်သူ့ကိုမှ ကပ်ခွင့်မပြု။ အခြားသူများက အနီးဝန်းကျင်တွင် သက်သေခံအထောက်အထားရှာနေစဉ် ဂရင်းဘတ်က အလောင်းတည်ရှိနေပုံ အနေအထားနှင့် ပတ်သတ်၍ မှတ်ချက်ရေးသည်။ အလောင်းကောင်၏ လက်နှစ်ဖက်ကို ပလပ်စတစ်အိတ်သန့်သန့်ဖြင့် ပတ်ထားသည်။

ဆေးမှူးကားလ်ဝဲ့ဒ် စစ်ဆေးမှုပြီး၍ မတ်တပ်ရပ်ကာ ဘောင်းဘီမှသဲများကို ပွတ်ချလိုက်သည်။ ထို့နောက် အထက်တန်းစုံထောက်နှစ်ယောက်ကို ကြည့်လိုက်သည်။ အားလ်ဂရင်းဘတ်သည် မှတ်တမ်းဝင် ပညာသည်စုံထောက်

---

**Mayday* - *လေယာဉ်၊ သင်္ဘောတို့မှ အကူအညီတောင်းခံရာတွင် သုံးသောရေဒီယိုသင်္ကေတ။*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ရောဘတ်ပရေရာဂျစ်ဇာကတော့ ခေါင်းငြိမ့်နေပြီ။ သူ့ပုံက ဒါမျိုးတွေကို ကြုံဖူးပေါင်း များလှပြီဆိုသည့် ဟန်မျိုး။

ကားလ်ဝါဒ်က အားလ်ဂရင်းဘတ်ဘက် လှည့်ပြီး…

'သူ့ကိစ္စ ခင်ဗျားပဲ အားလုံးတာဝန်ယူရမှာပဲ အားလ်'

'ခင်ဗျား စစ်ဆေးကြည့်တာ ဘာတွေ တွေ့ရသလဲ'

'လည်ပင်းကမေ့ကြောကိုဖြတ်ပြီး လည်ချောင်းကိုလှီးထားလို့ သေရတာ၊ ပြီးတော့ ဒူးခေါင်းက ခုံညင်းနှစ်ခုလုံး ကွဲနေပြီး၊ နံရိုးလည်း သုံးလေးချောင်းကျိုးနေတယ်၊ သူ့ကို လုပ်တဲ့လူကတော့ တကယ့်ကို ပယ်ပယ်နယ်နယ် လုပ်သွားတာပဲ'

'ဒါနဲ့ ဘယ်အချိန်လောက်က သေတာလဲ'

ကားလ်ဝါဒ်က လူသေ၏ဦးခေါင်းကို တဖျတ်ဖျတ်ရိုက်ခတ်နေသည့် ဒီရေကို လှမ်းကြည့်ရင်း…

'အတိအကျပြောဖို့ ခက်တယ်၊ ကျွန်တော့အထင်တော့ သန်းခေါင်ကျော်အချိန်လောက်က သူ့ကို ဒီနေရာမှာ ချည်ပစ်ထားခဲ့တာ ဖြစ်နိုင်တယ်၊ ရင်ခွဲရုံပို့ပြီးတဲ့နောက်မှ ကျွန်တော် အစီရင်ခံစာ အပြည့်အစုံ တင်ပြပါ့မယ်'

ဂရင်းဘတ်က အလောင်းကို လှည့်ကြည့်လိုက်သည်။ မီးခိုးရောင်အပေါ်အင်္ကျီ၊ အပြာရင့်ရောင်ဘောင်းဘီရှည်၊ အပြာနုရောင်လည်စည်းနှင့် အဖိုးတန်လက်ပတ်နာရီတို့ကို ဝတ်ဆင်ထားသည်။ အပေါ်အင်္ကျီအိတ်ကို နှိုက်စမ်းကြည့်သည်။ ကတ်ထူစာရွက်လေးတစ်ရွက်ကို ဆွဲထုတ်လိုက်သည်။ အစွန်းနှစ်ဖက်ကိုင်ပြီး ဖတ်ကြည့်သည်။ 'ဝါရှင်တန်၊ တနင်္လာနေ့ ညနေ ၁၀နာရီ' ဟု ရေးထားသည်။

နောက်တစ်အိတ်ကို နှိုက်ကြည့်တော့ နောက်ထပ် စာတိုကလေးတစ်စောင် ထပ်တွေ့သည်။

'ဒါက အီတာလျံဘာသာနဲ့ ရေးထားတာဗျ' ဟုပြောပြီး ဘေးဘီလှည့်ကြည့်ရင်း 'ဂျီယာနယ်လီ' ဟု ခေါ်လိုက်သည်။ ယူနီဖောင်းဝတ်ရဲတစ်ယောက်ပြေးလာပြီး 'ဟုတ်ကဲ့… ဆရာ'

ဂရင်းဘတ်က စာရွက်ကိုကမ်းပေးရင်း 'ဒီစာကို ဖတ်ပြစမ်းပါ'

ဂျီယာနယ်လီ ဖြည်းဖြည်းနှင့် အသံကျယ်ကျယ်ဖတ်သည်။

'နောက်ဆုံးအခွင့်အရေး၊ ကျန်တဲ့ဆေးတွေယူပြီး ဆိပ်ခံတံတား ၁၇မှာ ငါ့ကိုလာတွေ့ပါ၊ ဒါမှမဟုတ်ရင်တော့ ငါးတွေနဲ့အတူ ရေကူးဖို့သာပြင်ပေတော့' ဟု ဖတ်ပြပြီးနောက် စာရွက်ကိုပြန်ပေးလိုက်သည်။

ရောဘတ်ပရေရာဂျစ်ဇာ တအံ့တသြကြည့်လိုက်ပြီး…

'မာဖီးယားဂိုဏ်းလက်ချက် ထင်တယ်၊ ဘာဖြစ်လို့ သူ့ကိုအခုလို လူမြင်ကွင်းမှာ ပစ်ထားခဲ့တာလဲမသိဘူး'

'ကောင်းတဲ့မေးခွန်းပဲ' ဂရင်းဘတ်က လူသေကောင်၏ အခြားအင်္ကျီအိတ်များကို ထပ်၍နှိုက်ကြည့်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ဆွဲထုတ်လိုက်သည်။ ငွေစက္ကူတွေ အပြည့်ထည့်ထားသည်။ 'သူတို့ ပိုက်ဆံလိုချင်လို့လုပ်တာ မဟုတ်တာတော့ သေချာတယ်' သူ နောက်ထပ် ကတ်ပြားတစ်ခုကို ထုတ်ယူလိုက်ပြီးနောက်… 'သေသူရဲ့နာမယ်က ရစ်ချတ်စတီဗင်'

ပရေဂျစ်ဓာက မျက်ခုံးချီလိုက်ပြီး… 'ရစ်ချတ်စတီဗင်တဲ့လား၊ ဒါနဲ့ မကြာခင်က သတင်းတွေမှာ သူ့အကြောင်း ပါလာသေးတယ်မဟုတ်လား'

ဂရင်းဘတ်က ဖြတ်ပြီး… 'အဲဒါက သူ့မိန်းမအကြောင်းပါ၊ ဒိန်းစတီဗင်တဲ့၊ သူအခု တိုနီအော်တယ်ရီအမှုနဲ့ ပတ်သတ်ပြီး တရားရုံးရောက်နေတယ်'

ပရေဂျစ်ဓာက 'ဟုတ်တယ်… ဟုတ်တယ်၊ သူ အစိုးရသက်သေအဖြစ် မာဖီးယားဘုရင်နဲ့ ရင်ဆိုင်နေရတယ်'

ထို့နောက် သူတို့နှစ်ယောက်စလုံး ရစ်ချတ်စတီဗင်၏အလောင်းဘက်သို့ မျက်နှာလှည့်လိုက်ကြသည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁

မင်ဟာတ်တန်မြို့နယ်၊ ၁၈၀ ဗဟိုလမ်းရှိ ဗဟိုတရားရုံးအဆောက်အအုံ၊ ရုံးခန်း ၃၇တွင် အန်တိုနီ(တိုနီ) အော်တယ်ရီ၏အမှုကို စစ်ဆေးနေသည်။ ကျယ်ဝန်းသလောက် ခမ်းနားခန့်ထည်လှသော တရားရုံးခန်းမကြီးထဲတွင် မီဒီယာပေါင်းစုံမှ သတင်းထောက်များနှင့် လာရောက်ကြည့်ရှုသူများဖြင့် ပြွတ်သိပ်ပြည့်ကျပ်နေသည်။

တရားခံစားပွဲတွင် အန်တိုနီအော်တယ်ရီ ဘီးတပ်ကုလားထိုင်နှင့် ထိုင်နေသည်။ သူ့ပုံက ဖြူရော်ရော် ဝဖိုင့်ဖိုင့် ဖားတစ်ကောင်နှင့် တူနေသည်။ သူ့မျက်လုံးတွေကတော့ စူးရှသည်။ တရားလိုပြ သက်သေစားပွဲတွင် ထိုင်နေသူ ဒိန်းစတီဗင်ကို သူ တစ်ချက်တစ်ချက် လှည့်လှည့်ကြည့်သည်။ ယင်းသို့ ကြည့်တိုင်းကြည့်တိုင်း သူ၏ မုန်းတီးရိပ်ကို ဒိန်းစတီဗင် အထင်းသား အကဲခတ်မိသည်။

အော်တယ်ရီ၏နံဘေးတွင် သူ့ရှေ့နေ ဂျိတ်ခ်ရှုဘင်စတိန်း ထိုင်နေသည်။ ရှုဘင်စတိန်းက အချက်နှစ်ချက်ကြောင့် နာမည်ကျော်သည်။ ပထမအချက်က အများဆုံး မာဖီးယားဂိုဏ်းသားများအပါအဝင် ရာဇဝင်မှုခင်းကြီးများကို လိုက်ရခြင်းဖြစ်သည်။ ဒုတိယအချက်က သူလိုက်သော အမှုတိုင်းလိုလို တရားသေလွှတ်တတ်ခြင်းဖြစ်သည်။

ရှုဘင်စတိန်းမှာ လူဖလံကလေးဖြစ်ပေမယ့် စိတ်မြန်ပြီး အတွေးသန်သည်။ တရားခွင်တွင် သူ၏ရုပ်သွင်မှုရာသည် တစ်ချိန်နှင့်တစ်ချိန် မတူဘဲ ကွဲပြားနေတတ်သည်။ ဇာတ်ဟန်ပါသော အမှုအရာသည် သူ၏ကိုယ်ပိုင်အမှုအရာဖြစ်သည်။ သူ့လုပ်ငန်းကိုသူ အထူးကျွမ်းကျင်သည်။ ပြိုင်ဘက်ကိုအမိဖမ်းရာတွင် အလွန်တော်သည်။ တစ်ဖက်သား၏ ပျော့ကွက်ကို အရိုင်းစိတ်ဖြင့် နှိုက်ယူတတ်သည်။ တစ်ခါတစ်ရံ သူသည် ခြသေ့်လို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကျင့်တတ်သည်။ အန္တရာယ်ကို မျှော်လင့်မထားသော သားကောင်ကို လေးဖက်လေးတန် ပိတ်မိအောင် ဖြည်းဖြည်းချင်း ပညာပြတတ်သည်။ တစ်ခါတစ်ရံ ပင့်ကူလို ပိုးချည်မျှင်အိမ်ဖွဲ့ပြီး၊ သားကောင်ထွက်ပေါက်မရှိအောင် ဖမ်းချုပ်တတ်သည်။ တစ်ခါတစ်ရံမှာတော့ ငါးမျှားသူလို ကျင့်သည်။ မျှားကြိုးကို ရေထဲသို့ညင်သာစွာ ပစ်ချလိုက်ပြီး ဖြည်းဖြည်းချင်း ရှေ့တိုးနောက်ဆုတ်လုပ်ရင်း အယုံလွယ်သော သက်သေ အစာကို လာဟပ်အောင် လုပ်တတ်သည်။

သူသည် တရားလိုသက်သေ အမျိုးသမီး ဒိန်းစတီဗင်ကို စေ့စေ့ကြည့်ကာ အကဲခတ်နေသည်။ ဒိန်းစတီဗင်မှာ အသက် ၃၀ကျော်အရွယ်ဖြစ်သည်။ ရုပ်ရည်ကျော့ရှင်းပြီး ကျက်သရေရှိသည်။ ဆံပင်က ရွှေရောင်၊ မျက်လုံးက အစိမ်းရောင်။ ခေတ်ဆန်သည့် အနက်ရောင်ဝတ်စုံကို ဝတ်ထားသည်။ တမြန်နေ့က သူထွက်ဆိုခဲ့တာတွေကို ဂျူရီအဖွဲ့ဝင်တွေ သဘောကျကြောင်း ရှာဘင်စတိန်းသိသည်။ ထို့ကြောင့်သူ့ကို ပေါ့ပေါ့တန်တန်ကိုင်၍မရ၊ ငါးမျှားသူ၏ နည်းပရိယာယ်ကို သတိထားပြီး ကျင့်သုံးရမည်။

ရှာဘင်စတိန်းသည် သက်သေရှေ့သို့ ဖြည်းဖြည်းလျှောက်လာပြီး စကားကို ညင်ညင်သာသာပြောသည်။

'မစ္စက် စတီဗင်… မနေ့က ခင်ဗျားထွက်ဆိုသွားတာက အောက်တိုဘာလ ၁၄ရက်နေ့မှာ ဟင်နရီဟဒ်ဆင် လမ်းမကြီးအတိုင်း တောဘက်ကို ကားမောင်းလာရင်း ကားဘီးပေါက်သွားလို့ ၁၅စလမ်းအထွက်မှာ ကားကို လမ်းဘေးထိုး ရပ်လိုက်ရတယ်လို့ သိရတယ်၊ ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်' သူ့အသံက ညင်သာသိမ်မွေ့သည်။

'အဲဒီနေရာမှာမှ ကားကို ဘာကြောင့် ရပ်ရတာလဲ'

'ဘီးပေါက်သွားတော့ လမ်းမကြီးပေါ်က ထွက်ပေးရမယ်ဆိုတာ ကျွန်မသိပါတယ်၊ ပြီးတော့ ကျွန်မ အဲဒီနေရာကနေပြီး လှမ်းကြည့်လိုက်တဲ့အခါ သစ်ပင်တွေကျော်ပြီး သစ်သားအိမ်ကလေးတစ်အိမ်ကို မြင်ရပါတယ်။ အဲဒီမှာ ကျွန်မကို အကူအညီပေးနိုင်မယ့် လူတစ်ယောက်ယောက်ရှိနိုင်တယ်လို့ တွေးမိပါတယ်၊ ကျွန်မမှာ အပိုဘီး ပါမလာပါဘူး'

'ခင်ဗျား မော်တော်ကားအသင်း ဝင်ထားသလား'

'ဟုတ်ကဲ့'

'ကားထဲမှာ ဖုန်းပါသလား'

'ဟုတ်ကဲ့'

'ဒါဖြင့် ကားအသင်းကို ဘာလို့ ဖုန်းမဆက်တာလဲ'

'ကြာနေမယ် ထင်လို့ပါ'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ဒါနဲ့ သစ်သားအိမ်ကလေးကို မြင်ရတယ်ဆို'

'ဟုတ်ကဲ့'

'ဒါဆို ခင်ဗျား အကူအညီတောင်းဖို့ အဲဒီအိမ်ကိုသွားတယ်ပေါ့'

'ဟုတ်ပါတယ်'

'အပြင်မှာ အလင်းရောင်ရှိသလား'

'ဟုတ်ကဲ့၊ အချိန်က ညနေ ၅နာရီလောက်ပဲ ရှိပါသေးတယ်'

'ဆိုတော့ ခင်ဗျား လင်းလင်းရှင်းရှင်းမြင်နိုင်တယ်ပေါ့'

'မြင်နိုင်ပါတယ်'

'အိမ်ထဲမှာ ဘာမြင်ရသလဲ'

'အန်တိုနီအော်တယ်ရီကို မြင်ရပါတယ်'

'ဒါနဲ့ သူ့ကို ခင်ဗျားအရင်တုန်းက တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး'

'ဒါဖြင့် အန်တိုနီအော်တယ်ရီလို့ သေချာပေါက် ဘာကြောင့်ပြောနိုင်တာလဲ'

'သတင်းစာထဲက ဓာတ်ပုံကို မြင်ဖူးလို့ပါ၊ ပြီးတော့…'

'ဆိုတော့ တရားပြိုင်နဲ့တူတဲ့ဓာတ်ပုံကို ခင်ဗျား မြင်ဖူးတယ်ပေါ့'

'ဟုတ်ပါတယ်၊ အဲဒီ…'

'အိမ်ထဲမှာ ခင်ဗျား ဘာမြင်ရလဲ'

ဒိန်းစတီဗင် အသက်ပြင်းပြင်း ရှူရှိုက်သည်။ ထို့နောက် စိတ်ထဲတွင် အမြင်အာရုံခံစားရင်း ဖြည်းဖြည်းပြောသည်။

'အိမ်ခန်းထဲမှာ လူလေးယောက်မြင်ပါတယ်၊ တစ်ယောက်ကို ကုလားထိုင်ပေါ်မှာ ကြိုးနဲ့တုပ်ထားပါတယ်၊ မစ္စတာအော်တယ်ရီက ကြိုးတုပ်ထားသူကို စစ်ဆေးမေးမြန်းနေပုံရပြီး အခြားနှစ်ယောက်က သူ့ဘေးမှာရပ်နေပါတယ်'

သူ အသံတုန်နေသည်။ 'မစ္စတာအော်တယ်ရီက သေနတ်ကိုဆွဲထုတ်ပြီး တစ်ခုခုအော်ပြောလိုက်တယ်၊ ပြီးတော့ ဟိုလူ့ရဲ့ နောက်စေ့ကို ပစ်ထည့်လိုက်ပါတယ်'

ရှဘင်စတိန်းက ဂျူရီလူကြီးများဘက်သို့ အသာစောင်းကြည့်လိုက်သည်။ သူတို့အားလုံး တရားလိုသက်သေ၏ ထွက်ဆိုချက်ကို စိတ်ဝင်စား အာရုံစိုက်နေကြသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီနောက် ခင်ဗျား ဘာလုပ်သလဲ မစ္စက်စတီဗင်'

'ကျွန်မ ကားဆီကို ပြေးသွားပြီး ဆယ်လူလာဖုန်းနဲ့ နံပါတ် ၉၁၁ကို ဆက်တယ်'

'အဲဒီနောက်…'

'ကားကို မောင်းထွက်လာခဲ့ပါတယ်'

'ဘီးပေါက်ကြီးနဲ့လား'

'ဟုတ်ပါတယ်'

ရေထဲတွင် လှိုင်းတွန့်ကလေးတွေ ပေါ်လာတော့မည့် အချိန်သို့ရောက်လာပြီ။

'ရဲတွေလာတဲ့အထိ ခင်ဗျား ဘာကြောင့် မစောင့်ခဲ့တာလဲ'

မစ္စက်စတီဗင်က တရားပြိုင် ဘက်စောင်းကြည့်လိုက်သည်။ အော်တယ်ရီက ကိုက်စားတော့မည့် မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်နေသည်။ မစ္စက်စတီဗင်က မျက်နှာလွှဲလိုက်ပြီး…

'ကျွန်မ အဲဒီမှာ မနေနိုင်ဘူး၊ အိမ်… အိမ်ထဲကလူတွေ ထွက်လာပြီး ကျွန်မကို မြင်သွားမှာ ကြောက်တယ်'

'အဲဒါက ရှင်းပါတယ်' သူ့အသံက နည်းနည်းမာသည်။ 'မရှင်းတာက ခင်ဗျားဖုန်းဆက်လို့ ရဲတွေရောက်လာပြီး အိမ်ထဲဝင်ကြည့်တော့ တစ်ယောက်မှ မတွေ့ရတဲ့အချက်ဘဲ'

'အဲဒါတော့ ကျွန်မ… မသိ…'

'ဒါနဲ့ ခင်ဗျားက ပန်းချီဆရာမ… ဟုတ်တယ်နော်'

သည်မေးခွန်းကြောင့် မစ္စက်စတီဗင် ကြောင်တောင်တောင်ဖြစ်သွားသည်။

'ဟုတ်ကဲ့… ကျွန်မ…'

'အောင်မြင်သလား'

'ဆိုပါတော့… ဒါပေမဲ့ ဒါက ဘာဆိုင်လို့လဲ'

ငါးမျှားချိတ်ကို သုတ်ဆွဲဖို့ အချိန်ရောက်ပြီ။

'ကိုယ့်ကိုယ်ကိုယ် နည်းနည်းကြော်ငြာတာဟာ အန္တရာယ်မရှိပါဘူး။ ဟုတ်ပါတယ်နော်။ တစ်နိုင်ငံလုံးက ရုပ်သံမှာရော၊ စာနယ်ဇင်းတွေမှာပါ ခင်ဗျားကို စောင့်ကြည့်နေကြတယ်'

မစ္စက်စတီဗင် ဒေါသထွက်သွားပြီး… 'ကျွန်မက နာမည်ကြီးချင်လို့ ဒီလိုလုပ်တာ မဟုတ်ဘူး။ အပြစ်မရှိတဲ့သူ တစ်ယောက်ကို ကျွန်မဘယ်တော့မှ…'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ''အပြစ်မရှိတဲ့'' ဆိုတဲ့ စကားဟာ အဓိကစကားပဲ မစ္စက်စတီဗင်၊ ဒီတော့ မစ္စတာအော်တယ်ရီဟာ လုံးဝအပြစ်မရှိဘူး ဆိုတာကို ကျုပ် ခိုင်ခိုင်လုံလုံ လျှောက်လဲပါမယ်၊ ကျေးဇူးတင်ပါတယ်၊ ပြီးပါပြီ'

မစ္စက်စတီဗင် တော်တော်ဒေါသထွက်မိသည်။ သူ သက်သေစားပွဲသို့ ပြန်လာသည်။ တရားလိုအကျိုးဆောင် ရှေ့နေကို တိုးတိုးမေးလိုက်သည်။

'ကျွန်မ သွားလို့ရပြီလား'

'ဟုတ်ကဲ့၊ ခင်ဗျားနဲ့ တစ်ယောက်ယောက် ထည့်လိုက်မယ်'

'ရပါတယ်၊ မလိုအပ်ပါဘူး၊ ကျေးဇူးတင်ပါတယ်'

သူတံခါးဝသို့ လျှောက်လာသည်။ ကားရပ်ထားသည့်နေရာသို့ လျှောက်လာရင်း တရားပြိုင် အကျိုးဆောင် ရှေ့နေ၏ စကားတွေကို နားထဲတွင် ကြားယောင်နေသည်။

*ခင်ဗျားက ပန်းချီဆရာမ ဟုတ်တယ်နော်... ကိုယ့်ကိုယ်ကိုယ် နည်းနည်းကြော်ငြာတာဟာ အန္တရာယ် မရှိပါဘူး... ဟုတ်ပါတယ်နော်။* သည်စကားတွေက တမင်သိက္ခာချတဲ့ စကားတွေပဲ။ သို့သော်လည်း အားလုံး ခြုံကြည့်လျှင်တော့ သူထွက်ဆိုခဲ့တာတွေကို ကျေနပ်မိသည်။ သူက သူမြင်သိခဲ့ရသမျှကို အတိအကျ အမှန်အကန် ထွက်ဆိုခဲ့သည်။ ဂျူရီလူကြီးတွေက သူ့အပေါ် သံသယဖြစ်စရာအကြောင်း လုံးဝမမြင်။ အော်တယ်ရီကတော့ ကျိန်းသေပေါက် တစ်သက်ပန် ထောင်နန်းစံရတော့မည်အမှန်။ သို့သော်လည်း သူ၏အငြိုးကြီးသော မျက်နှာထားကို တွေးမြင်ပြီး မစ္စက်စတီဗင် ရင်တုန်သွားမိသည်။

မစ္စက်စတီဗင်က ကားရပ်လက်မှတ်ကို အစောင့်အား ကမ်းပေးလိုက်သည်။ အစောင့်က ကားကို သွားမောင်းလာသည်။ နောက်နှစ်မိနစ်လောက်အကြာတွင် မစ္စက်စတီဗင်သည် ကားကို မြောက်ဘက်သို့ဦးလှည့်ပြီး သူ့အိမ်သို့မောင်းထွက်လာခဲ့သည်။

○

လမ်းထောင့်တွင် ကားရပ်ရန် ဆိုင်းဘုတ်တစ်ခု စိုက်ထူထားသည်။ မစ္စက်စတီဗင်က ကားကိုဘရိတ်အုပ် ရပ်လိုက်သည်။ စမတ်ကျကျဝတ်ဆင်ထားသည့် လူငယ်တစ်ယောက် ပလက်ဖောင်းပေါ်ရပ်နေရာမှ ကားအနီးသို့ ကပ်လာသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ခွင့်ပြုပါဗျာ၊ ကျွန်တော် လမ်းမှားနေလို့ပါ၊ ကျေးဇူးပြုပြီး…'

မစ္စက်စတီဗင်က ကားတံခါးကိုချလိုက်သည်။

'ဟော်လန်ဥမင်ကို ဘယ်လိုသွားရမှာလဲခင်ဗျာ' သူ့အသံက အီတာလျံသံ ဝဲနေသည်။

'ဩော် ဟုတ်ကဲ့၊ ဒီအတိုင်း လျှောက်ဆင်းသွားပြီး ပထမဆုံးတွေ့တဲ့…'

လူစိမ်းက အသံထိန်းကရိယာပါသည့် သေနတ်ဖြင့် ချိန်ထားပြီး…

'ကဲ… ကားပေါ်ကဆင်း… မြန်မြန်ဆင်း…'

မစ္စက်စတီဗင် သွေးလန့်သွားပြီး…

'ဆင်း… ဆင်းပါ့မယ်၊ ကျွန်မကို မ… မ… မ…' ဟု ပြောရင်း တံခါးကို ဖွင့်ဟန်ဆောင်ကာ လီဗာကိုတစ်အား ဖိနင်းပြီး မောင်းထွက်လာခဲ့သည်။ နောက်ဘက်ဘေးတံခါးကို ကျည်ဆံထိမှန်သံကြားရသည်။ နောက်တစ်ချက်က ကားနောက်မှန်ကို ထိသည်။ သူ အသက်မရှူနိုင်လောက်အောင် ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

ကားအပိုင်စီးမှုတွေအကြောင်း သူကြားဖူးသည်။ သို့သော်လည်း ဝေးလံသည့် တခြားနေရာတွေမှာသာ ဖြစ်သည်။ သေနတ်သမားသည် သူ့ကို ပစ်သတ်ဖို့ အားထုတ်သည်။ ကားအပိုင်စီးသူတွေ သည်လိုပဲ လုပ်ကြသလား။ သူ့လက်ကိုင်ဖုန်းကိုထုတ်ပြီး နံပါတ် ၉၁၁ကို ဆက်သည်။ နှစ်မိနစ်ခန့်ကြာပြီးတော့မှ တစ်ဖက်က ဖုန်းကိုင်သည်။

'၉၁၁ ကပါ၊ ဘယ်လို အန္တရာယ်ကြုံနေရလို့လဲ' တစ်ဖက်က မေးသည်။

မစ္စက်စတီဗင်က ခပ်မြန်မြန်ပြောပြလိုက်သည်။ သို့သော်လည်း မျှော်လင့်ချက်တော့မရှိ။ သည်လောက်ဆို သေနတ်သမား ကိုယ်ယောင်ဖျောက်သွားလောက်ပြီ။

'အဲဒီနေရာကို ရဲအရာရှိတစ်ယောက် လွှတ်လိုက်ပါ့မယ်၊ ခင်ဗျားနာမည်၊ နေရပ်လိပ်စာနဲ့ ဖုန်းနံပါတ်ပေးပါ'

မစ္စက်စတီဗင်က ပေးလိုက်သည်။ ဒါပေမဲ့ အလကားပဲဟု တွေးလိုက်သည်။ သူ နောက်ဘက်မှန်တံခါးကို လှည့်ကြည့်လိုက်သည်။ ပြိုကွဲပျက်စီးသွားပြီ။ ရင်တွေပန်းတွေ တုန်သွားမိသည်။ ရစ်ချတ်ဆီကို ဖုန်းလှမ်းဆက်ရန် စိတ်ကူးမိသည်။ သူ အရေးကြီးကိစ္စနှင့် အလုပ်များနေလိမ့်မည်။ ဖုန်းဆက်လိုက်လို့ သူချက်ချင်းလိုက်လာလျှင် အရေးကြီး အလုပ်ကိစ္စကို ထိခိုက်နိုင်သည်။ ထို့ကြောင့် အိမ်ခန်းသို့ ရောက်ပြီးတော့မှ ဖုန်းဆက်ပြောပြတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ချက်ချင်းလိုပင် အတွေးတစ်ခုဝင်လာသည်။ သေနတ်သမားက သူ့ကို တကယ်သတ်ချင်လို့ တမင်စောင့်နေတာလား၊ ဒါမှမဟုတ် တိုက်ဆိုင်မှုသက်သက်ပဲလား။ အမှုစတင်စစ်ဆေးသည့်နေ့က ရစ်ချတ်နှင့် စကားပြောဖြစ်ခဲ့တာကို သတိရမိသည်။ 'မင်းသက်သေမလိုက်သင့်ဘူးလို့ ငါထင်တယ်… ဒိန်း၊ မင်းအတွက် အန္တရာယ်ရှိနိုင်တယ်နော်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'မစိုးရိမ်ပါနဲ့ ဒါလင်၊ အော်တယ်ရီ ပြစ်ဒဏ်ကျမှာ သေချာပါတယ်။ သူ့ကိုတစ်သက်လုံး တိုက်ပိတ်ထားလိုက်ကြမှာပါ'

'ဒါပေမဲ့ သူ့မှာမိတ်ဆွေတွေရှိသေးတယ်လေ၊ ပြီးတော့…'

'ရစ်ချတ်… ကျွန်မဒါကို မလုပ်ရရင် ဘယ်လိုမှနေလို့ရမှာ မဟုတ်တော့ဘူး'

*တိုက်ဆိုင်မှုပဲဖြစ်မှာပါလေ… အော်တယ်ရီကလည်း အမှုစစ်ဆေးနေချိန်မှာ ငါ့ကိုဘယ်လိုမှ အန္တရာယ်ပြုနိုင်မှာ မဟုတ်ပါဘူး။*

ကားကို အဝေးပြေးလမ်းမကြီးမှ လှည့်ထွက်လိုက်ပြီး အရှေ့ ၇၅လမ်းရှိ သူ့တိုက်ခန်းသို့ မောင်းလာခဲ့သည်။ မြေအောက်ကားဂိုဒေါင်ထဲသို့မဝင်မီ ကားနောက်မှန်ထဲကို သတိနှင့်နောက်ဆုံးကြည့်လိုက်သည်။ ဘာမှ ထူးခြားမှုမရှိ၊ အားလုံး ပုံမှန်အတိုင်းပင်။

○

တိုက်ခန်းမှာ မြေညီထပ်နှစ်ခန်းတွဲဖြစ်ပြီး လေဝင်လေထွက်ကောင်းသည်။ ဧည့်ခန်းကအကျယ်ကြီး၊ ပြတင်းပေါက်တွေကလည်း ကြမ်းခင်းမှ မျက်နှာကြက်အထိမြင့်သည်။ ဧည့်ခန်းထဲတွင် စကျင်ကျောက်စီ မီးလင်းဖိုကြီးရှိသည်။ ပန်းကွက်ဖော် ဆိုဖာကုလားထိုင်များ၊ လက်တင်ကုလားထိုင်များ၊ အလွတ်စာအုပ်စင်နှင့် ရုပ်မြင်သံကြားစက်ကြီးရှိသည်။ အခန်းနံရံများတွင် ရောင်စုံပန်းချီကားတွေ ချိတ်ဆွဲထားသည်။ ချိုင်းလ်ဒ်ဟက်ဆမ် တစ်ကား၊ ဂျူးလ်ပက်စင် တစ်ကား၊ သောမတ်စ်ဘာ့ရှ် တစ်ကား၊ ဂျော့ဂျ်ဟာစ်ချကော့ခ်တစ်ကားအပြင် တစ်နေရာမှာတော့ ဒိန်းစတီဗင်ကိုယ်တိုင်ဆွဲသော ပန်းချီကားတွေကို တစ်စုတည်း ချိတ်ထားသည်။

နောက်တစ်ခန်းတွင် အိပ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာခန်း၊ ဧည့်သည်အိပ်ခန်းနှင့် နေရောင်ကာသည့် ပန်းချီဆွဲခန်းရှိသည်။ သူ့ပန်းချီကား တော်တော်များများကို နံရံမှာချိတ်ထားသည်။ အခန်းအလယ်မှ ပန်းချီဆွဲဒေါက်ခုံပေါ်မှာတော့ လက်စမသတ်သေးသည့် ပုံတူကားတစ်ချပ်။

အိမ်သို့ရောက်ရောက်ချင်း သူ ပထမဦးဆုံး ပန်းချီဆွဲခန်းသို့ ပြေးဝင်လာခဲ့သည်။ တစ်ဝက်ဆွဲထားသည့် ပုံတူကားကို ပြန်ဖြုတ်ပြီး အလွတ်ပတ္တူပိတ်စတစ်စ တင်သည်။ ထို့နောက် လမ်းပေါ်တွင် သူ့ကို ပစ်သတ်ရန် ကြိုးစားခဲ့သူ၏ ရုပ်ပုံကို ပုံကြမ်းဆွဲသည်။ သို့ပေမယ့် သူ့လက်တွေ အရမ်းတုန်နေလို့ ဆက်မဆွဲတော့ဘဲ ရပ်ထားလိုက်ရသည်။

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အခုလုပ်မယ့်အလုပ်မျိုး လုပ်ရမှာ ကျုပ်မလုပ်ချင်ဆုံးဘဲဗျ'

ဒိန်းစတီဗင်၏ တိုက်ခန်းသို့ ကားမောင်းလာရင်း စုံထောက် အားလ်ဂရင်းဘတ်က ညည်းလိုက်ခြင်းဖြစ်သည်။

သည်တော့ ရောဘတ်ပရေဂျစ်ဓာက…

'ဒီကိစ္စကို သူ့အနေနဲ့ ညနေသတင်းစာကတစ်ဆင့်သိရတာထက် ကျွန်တော်တို့ပြောလို့သိရတာက ပိုကောင်းပါတယ်' သူက ဂရင်းဘတ်ကို လှည့်ကြည့်ရင်း… 'သူ့ကို ဆရာပဲပြောပြမှာလား'

ဂရင်းဘတ်က စိတ်မချမ်းသာစွာဖြင့် ခေါင်းညိတ်လိုက်သည်။ တစ်ချိန်တည်းတွင် တစ်ခါက အသတ်ခံရသည့် ကင်းလှည့်ရဲအရာရှိတစ်ဦး၏ဇနီး မစ္စက်အဒမ်စ်အား သတင်းပို့နိုင်းလိုက်သည့် ရဲစုံထောက်ကို သွားသတိရသည်။

'မစ္စက်အဒမ်စ်က သိပ်ပြီး စိတ်ထိခိုက်လွယ်တယ်ကွ၊ ဒီတော့ ဟိုရောက်ရင် သူ့ကို မင်းသတိနဲ့ကြည့်ပြောမှ ဖြစ်မယ်' ဟု ဂရင်းဘတ်က သူ့လူကို ကြိုတင်သတိပေးသည်။

'စိတ်ချပါဆရာ၊ ဒီကိစ္စ ကျွန်တော် ကောင်းကောင်းကိုင်နိုင်ပါတယ်'

သည်လိုနှင့် ရဲစုံထောက်က အခန်းတံခါးသွားခေါက်သည်။ မစ္စက်အဒမ်စ်ကိုယ်တိုင် တံခါးလာဖွင့်တော့ ရဲစုံထောက်က မေးလိုက်သည်မှာ… 'မဒမ်က လောလောဆယ် အသတ်ခံရတဲ့ ရဲအရာရှိရဲ့ဇနီးလား' တဲ့။

○

ရုတ်တရက် တံခါးခေါက်သံကြားလိုက်ရတော့ ဒိန်းစတီဗင် အံ့အားသင့်သွားသည်။ ဘယ်သူ့ကိုမှ သူ မျှော်လင့်မထား။ သူ တယ်လီဖုန်းဆီသို့ လျှောက်လာသည်။

'ဘယ်သူပါလဲရှင်'

'စုံထောက် အားလ်ဂရင်းဘတ်ပါခင်ဗျား၊ စကားပြောစရာရှိလို့ပါ မစ္စက်စတီဗင်'

ဓကန္တ ကားကိုအပိုင်စီးဖို့ကြံတဲ့ကိစ္စ ဖြစ်ရမယ်ဟု တွေးလိုက်မိသည်။ ရဲရောက်လာတာ တော်တော်မြန်တာပဲ။ သူ အချက်ပေးကရိယာကို နှိပ်လိုက်သည်။ ဂရင်းဘတ် စင်္ကြံလမ်းအတိုင်း တံခါးဝသို့ လျှောက်လာသည်။

'မစ္စက် စတီဗင်ပါလား'

'ဟုတ်ပါတယ်၊ အခုလို မြန်မြန်ထက်ထက်ရောက်လာတာ ကျေးဇူးတင်ပါတယ်။ ကျွန်မက အဲဒီလူကို ပုံကြမ်းဆွဲမလို့၊ ဒါပေမဲ့ ကျွန်မ… 'သက်မတစ်ချက်ချလိုက်ပြီးတော့မှ… 'သူက အသားမည်းမည်း၊ မျက်လုံးနက်ပြီး

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက အညိုရောင်၊ ပါးမှာမှဲ့ရှိတယ်၊ သေနတ်က အသံတိတ်သေနတ်၊ ပြီးတော့…'

ဂရင်းဘတ် ကြောင်တောင်တောင် ဖြစ်သွားသည်။

'စိတ်မရှိပါနဲ့ မစ္စက်စတီဗင်၊ ခင်ဗျားပြောတာ ကျွန်တော်ဘာမှ နားမလည်…'

'အို… ဟုတ်ကဲ့၊ သူက ကျွန်မကားကို အပိုင်စီးတယ်လေ၊ ကျွန်မ ၉၁၁ကို ဆက်လိုက်တယ်' ဂရင်းဘတ်၏ မျက်နှာရိပ်ကို အကဲခတ်မိပြီး 'ဒါနဲ့ ခုလာတာ ကားအပိုင်စီးဖို့လုပ်တဲ့ကိစ္စ မဟုတ်ဘူးလား'

'မဟုတ်… မဒမ်၊ အဲဒီကိစ္စ မဟုတ်ဘူး' ခဏရပ်နေပြီးတော့မှ 'ကျွန်တော် ဝင်ပါရစေ'

'ရပါတယ်၊ ဝင်ပါ'

ဂရင်းဘတ် ဧည့်ခန်းထဲဝင်လာသည်။

မစ္စက်စတီဗင်က မျက်မှောင်ကြုတ်ပြီးကြည့်နေသည်။

'ဘာကိစ္စလဲ၊ ဘာဖြစ်နေလို့လဲ' ဂရင်းဘတ် အင်တင်တင် ဖြစ်နေသည်။ ခဏနေတော့မှ…

'ဟုတ်ကဲ့၊ ကိစ္စဖြစ်နေလို့ပါ… မဒမ်၊ ကျွန်တော် စိတ်မကောင်းပါဘူး။ အမင်္ဂလာသတင်းဖြစ်နေလို့ပါ၊ မစ္စတာစတီဗင်အကြောင်းပါ'

'သူ ဘာဖြစ်နေလို့လဲ' သူ့အသံတုန်နေသည်။

'မတော်တဆ အန္တရာယ်ကြုံလို့ပါ'

မစ္စက်စတီဗင် တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရသည်။

'ဘယ်လိုအန္တရာယ်မျိုးလဲ'

ဂရင်းဘတ် အသက်တစ်ချက်ရှိုက်လိုက်သည်။

'သူ မနေ့ညက အသတ်ခံရတယ် မစ္စက်စတီဗင်၊ သူ့အလောင်းကို အရှေ့မြစ်တံတားအောက်မှာ ဒီနေ့မနက်ပဲ တွေ့ပါတယ်' မစ္စက်စတီဗင်အကြာကြီး တွေကြည့်နေသည်။ ပြီးတော့ ဦးခေါင်းကို ခါယမ်းရင်း…

'မဖြစ်နိုင်ဘူး၊ ရှင်တို့ လူမှားနေပြီ၊ ကျွန်မခင်ပွန်းက သူ့အလုပ်မှာရှိတယ်၊ သူ့ဓာတ်ခွဲခန်းမှာ ရှိနေတယ်'

ခုတော့မှ ထင်တာထက် ပိုခက်သွားပြီ၊ ဘယ်လိုရှင်းပြရပါ့မလဲ။

'ဒါနဲ့ မနေ့ညက မစ္စတာစတီဗင် အိမ်ကိုပြန်လာပါသလား'

'မလာပါဘူး၊ ဒါပေမဲ့ သူက မကြာမကြာ ညလုံးပေါက် အလုပ်လုပ်တတ်တယ်။ သူက သိပ္ပံပညာရှင်ပါ' သူ ပိုပြီးစိုးရိမ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'မစ္စက်စတီဗင်… ခင်ဗျားရဲ့ခင်ပွန်းဟာ မူးယစ်ဆေးဝါး မာဖီးယားဂိုဏ်းနဲ့ ပတ်သတ်နေတာကို သတိထားမိပါသလား'

မစ္စက်စတီဗင်၏မျက်နှာ သွေးဆုတ်သွားသည်။

'မာဖီးယားဂိုဏ်း… ဟုတ်လား၊ ရှင် ရူးများရူးနေပြီလား'

'ကျွန်တော်တို့ တွေ့ရတာ…'

မစ္စက်စတီဗင် အသက်ရှူမြန်လာသည်။

'ရှင့် မှတ်ပုံတင်ကတ် ပြစမ်းပါ'

'ပြပါ့မယ်' ဂရင်းဘတ်က မှတ်ပုံတင်ကတ်ကို အိတ်ထဲကနှိုက်ယူပြီးပြသည်။

မစ္စက်စတီဗင်က တစ်ချက်ယူကြည့်ပြီး ပြန်ပေးသည်။ ထို့နောက် ဂရင်းဘတ်၏ပါးပြင်ကို ဖျန်းခနဲဖြတ်ရိုက်လိုက်သည်။

'ရိုးသားတဲ့ပြည်သူတွေကို အခုလိုခြောက်လှန့်ဖို့အတွက် အစိုးရက ရှင့်ကို လစာပေးထားတာလား၊ ကျွန်မယောကျ်ား မသေဘူး၊ သူအလုပ်မှာရှိတယ်' သူ အကျယ်ကြီးအော်ပြောသည်။

ဂရင်းဘတ်က မစ္စက်စတီဗင်အား စိုက်ကြည့်လိုက်သည်။ တော်တော်ချောက်ချားနေပုံရသည်။

'မစ္စက်စတီဗင်… ခင်ဗျားကို စောင့်ရှောက်ဖို့အတွက် ကျွန်တော် လူတစ်ယောက် လွှတ်လိုက်ရမှာလား'

'ကျွန်မအတွက် မလိုဘူး၊ ရှင့်အတွက်သာ လိုတာ၊ ခုချက်ချင်း ထွက်သွားပါ'

'ဒီမှာ… မစ္စက်စတီဗင်…'

'ချက်ချင်းထွက်သွားလို့ ပြောနေတယ်'

ဂရင်းဘတ်က အလုပ်လိပ်စာကတ်ကို အနီးရှိစားပွဲပေါ်တင်ပေးလိုက်ရင်း…

'ကျွန်တော်နဲ့ စကားပြောဖို့ လိုအပ်ရင် အဲဒီမှာဖုန်းနံပါတ်'

ဂရင်းဘတ် ပြန်သွားပြီးနောက် မစ္စက်စတီဗင် အိမ်ရှေ့တံခါးကို လှမ်းကြည့်ရင်း ဟင်းခနဲ သက်မချလိုက်သည်။

*ဟင်း… အလကားလူ… တော်းပဲ၊ တိုက်ခန်းမှားကိုလာပြီး ငါ့ကို ခြိမ်းခြောက်ဖို့လုပ်တယ်၊ သူ့ကို သက်ဆိုင်ရာကိုတိုင်ရမယ်။* လက်ပတ်နာရီကို ကြည့်လိုက်သည်။ ရစ်ချတ် မကြာခင်ပြန်လာတော့မည်။ ညစာ အဆင်သင့် ပြင်ထားရမည်။ မီးဖိုခန်းထဲ ဝင်လာခဲ့သည်။

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်၏အလုပ်က လျှို့ဝှက်အလုပ်ဖြစ်သောကြောင့် ဒိန်းစတီဗင်အနေဖြင့် ဓာတ်ခွဲခန်းသို့ ဘယ်တော့မှမသွားခဲ့။ သူဖုန်းမဆက်လျှင် အိမ်ပြန်နောက်ကျမည်ဆိုသည့် သဘောဖြစ်သည်။ ရှစ်နာရီတွင် ဟင်းချက်ပြီးသွားသည်။ ဟင်းကို မြည်းကြည့်သည်။ ပြုံးသည်။ ကျေနပ်သွားသည်။ ရစ်ချတ်အကြိုက် ချက်ထားခြင်းဖြစ်သည်။ ၁၀နာရီထိုးပြီ၊ သူ မရောက်သေး။ ဟင်းပန်းကန်ကို ရေခဲ သေတ္တာထဲထည့်လိုက်သည်။

*ဒါလင်… ညစာ ရေခဲသေတ္တာထဲမှာ… အိမ်ရောက်ရင် ကျွန်မကိုနှိုးပါ* ဟုစာရေးပြီး ရေခဲသေတ္တာပေါ်တင်ထား လိုက်သည်။ ရစ်ချတ် အိမ်ပြန်ချိန်မှာ တော်တော်ဆာနေရှာမည်။

ဒိန်းစတီဗင် တော်တော်မောသွားသည်။ အဝတ်လဲသည်။ ညအိပ်ဝတ်စုံကိုဝတ်သည်။ သွားတိုက်သည်။ အိပ်ရာဝင်သည်။ မိနစ်ပိုင်းအတွင်း အိပ်ပျော်သွားသည်။

○

နံနက်သုံးနာရီတွင် အော်ညည်းရင်း လန့်နိုးလာသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂

နေအရုဏ်တက်လာချိန်အထိ ဒိန်းစတီဗင် တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေဆဲဖြစ်သည်။ ရိုးတွင်းခြင်ဆီခိုက်အောင် အေးစိမ့်နေသလို ခံစားရသည်။ **ရစ်ချတ်သေသွားပြီ၊ ဘယ်တော့မှ ပြန်မတွေ့ရတော့။ သူ့အသံကိုလည်း မကြားရနိုင်တော့၊ သူ့အယုအယကိုလည်း မတွေ့ထိနိုင်တော့။** ဒိန်းစတီဗင် တွေးနေသည်။ **ဒါ ငါ့အမှား၊ တရားခွင်ကို ငါမသွားသင့်ဘူး၊ အို… ရစ်ချတ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျေးဇူးပြုပြီး ကျွန်မကို ခွင့်လွှတ်ပါ၊ ရှင်မရှိရင် ကျွန်မဘယ်လိုလုပ်ပြီး ရပ်တည်နေနိုင်ပါ့မလဲ၊ ရှင်ဟာ ကျွန်မဘဝ၊ ရှင့်ကြောင့် ကျွန်မအသက်ရှင်နေတာ၊ အခုတော့ ကျွန်မမှာ အားကိုးစရာ ဘာမှမရှိတော့ဘူး။**

သူ သူ့ကိုယ်သူ ဘောလုံးသေးသေးလေး ဖြစ်သွားစေချင်သည်။ လုံးဝပျောက်ကွယ်သွားစေချင်သည်။ သေဆုံးသွားစေချင်သည်။

သူ အိပ်ရာပေါ်တွင် အထိးကျန်လဲနေရင်း… အတိတ်ကိုပြန်တွေးနေသည်။ သူ့ဘဝကို ပြောင်းလဲစေခဲ့သည့် ရစ်ချတ်အကြောင်းကို ပြန်ပြောင်းသတိရနေသည်။

ဝ

သူ့နာမည်ရင်းက ဒိန်းဝက်စ်ထ်၊ ရစ်ချတ်စတီဗင်နှင့်ညားတော့ ဒိန်းစတီဗင်ဖြစ်လာသည်။ သူသည် နယူးယောက်ပြည်နယ်၊ ဆင်းဒ်စ် ပွိုင့်ထ်မြို့မှာ ကြီးပြင်းလာခဲ့သည်။ အဖေက ဆရာဝန်၊ အမေက ပန်းချီဆရာမ။ ဒိန်းသည် သုံးနှစ်သမီးအရွယ်ကတည်းကပင် စတင်ပန်းချီဆွဲသည်။ စိန့်ပေါလ်ဘော်ဒါကျောင်းမှာ စာသင်သည်။ ကောလိပ်ပထမနှစ်တွင် လူချောလူလှ သချ်ာဆရာနှင့် စတင်ချစ်မိသည်။ ဆရာက

www.burmeseclassic.com

the bookhouse
we bring your future

www.burmeseclassic.com



လက်ထပ်ခွင့်တောင်းသည်။ သည်ကမ္ဘာတွင် သူ့အတွက် ဒိန်းသာလျှင် တစ်ဦးသော မိန်းမဖြစ်သည်ဟု သူကဆိုသည်။ သို့သော်လည်း သချာဆရာမှာ မိန်းမရှိပြီး ကလေးသုံးယောက်ဖအေဖြစ်ကြောင်း သိရတော့ သချာကိုရော၊ ဆရာကိုပါ ဒိန်းဦးနှောက်ထဲက ပယ်ထုတ် ပစ်လိုက်သည်။ ထို့နောက် ဝက်စလေကောလိပ်သို့ ပြောင်းလာခဲ့သည်။

သူသည် ပန်းချီပညာကို အလွန်မြတ်နိုးသည်။ အားလပ်ချိန်ရတိုင်း ပန်းချီပဲဆွဲနေသည်။ သူ ကောလိပ်မှဆင်းချိန်မှာ ပန်းချီကားတွေရောင်းနေရပြီ၊ အနာဂတ်လှမည့် ပန်းချီဆရာမတစ်ယောက်အဖြစ် နာမည်ရနေပြီ။

ဆောင်းဦးပေါက်တွင် ပဥ္စမရိပ်သာလမ်းမှာ နာမည်ကျော်ပန်းချီပြခန်းတစ်ခုက ဒိန်း၏ တစ်ကိုယ်တော်ပန်းချီပြပွဲကို ပြုလုပ်ပေးသည်။ အကြီးအကျယ် အောင်မြင်သည်။ ပြခန်းပိုင်ရှင်မှာ ကြွယ်ဝချမ်းသာပြီး ဗဟုသုတပြည့်ဝသည့် အာဖရိကန်-အမေရိကန်ကပြား ပေါလ်ဒီကွန်ဖြစ်သည်။ သူက ဒိန်း၏ပန်းချီပညာကို မြေတောင်မြှောက်ပေးခဲ့သည်။

ပြပွဲစဖွင့်သည့်ညတွင် ပရိသတ်တွေ တစ်ခန်းလုံးပြည့်နေသည်။ ဒီကွန်က ဒိန်းအနားသို့ပြေးလာပြီး 'ဂုဏ်ယူပါတယ် ဒိန်း၊ ကားတွေအားလုံးနီးပါး စွံသွားပြီ၊ မင်းဘက်က အဆင်သင့်ဖြစ်ရင် နောက်နှစ်လသုံးလအတွင်း နောက်တစ်ပွဲထပ်လုပ်ဦးမယ်'

ဒိန်း အလွန်ဝမ်းသာသွားသည်။ 'အံ့သြစရာပဲ··· ပေါလ်'

'အဲဒါ မင်းတော်လို့ပေါ့'

ဒိန်း၏ ပခုံးကိုတစ်ချက်ပုတ်ပြီး သူလှည့်ထွက်သွားသည်။

ဒိန်း အမှတ်တရ လက်မှတ်ရေးထိုးပေးနေတုန်း သူ့နောက်မှာ လူတစ်ယောက်လာရပ်ပြီး···

'ခင်ဗျားရဲ့ အကွေးအကောက်တွေကို ကျွန်တော် သိပ်ကြိုက်တယ်'

ဒိန်း စတွန့်ပတွန့်ဖြစ်သွားသည်။ ဒေါသလည်း ထွက်မိသည်။ ဖြတ်ခနဲ ပြန်လှည့်ပြီး ခတ်ဆတ်ဆတ်ပြန်ပက်ရန် ဝါးစပ်ဟလိုက်တော့ ဟိုလူက ဆက်လက်ပြီး···

'ခင်ဗျားရဲ့ အကွေးအကောက်တွေက ရိုဆက်တီနဲ့ မာနေးတို့ရဲ့လက်ရာတွေလို သိမ်မွေ့နူးညံ့မှုရှိတယ်' သူက ပြောရင်း ဒိန်း၏ လက်ရာတစ်ကားကို စိတ်ဝင်စားစွာ လေ့လာနေသည်။

ဒိန်းက သူ့ကိုယ်သူ ကမန်းကတန်း ပြန်ထိန်းလိုက်ရင်း···

'အို··· ဟုတ်ကဲ့' သူက ထိုလူ့ကို အနီးကပ်ကြည့်လိုက်သည်။ အသက်သုံးဆယ်ကျော်ခန့်ရှိရော့မည်။ အရပ်က မြောက်ပေခန့်၊ အားကစားသမား ကိုယ်လုံးကိုယ်ပေါက်၊ ဆံပင်က ရွှေရောင်၊ မျက်လုံးပြာတွေက ကြည်လင်နေသည်။ အညိုရောင်ဝတ်စုံ ပျော့ပျော့၊ အဖြူရောင်ရှပ်အင်္ကျီနှင့် အညိုရောင်လည်စည်းတို့ကို ဝတ်ဆင်ထားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ··· ကျေးဇူးတင်ပါတယ်'

'ဘယ်အချိန်ကစပြီး ပန်းချီဆွဲခဲ့သလဲ'

'ငယ်ငယ်လေးကစပြီး ဆွဲခဲ့တာ၊ မေမေက ပန်းချီဆရာမလေ'

ထိုသူက ပြုံးသည်။

'ကျွန်တော့်အမေက ထမင်းချက်၊ ဒါပေမဲ့ ကျွန်တော်တော့ မချက်တတ်ဘူး၊ ခင်ဗျားနာမည်ကို ကျွန်တော်သိတယ်၊ ကျွန်တော့်နာမည်က ရစ်ချတ်စတီဗင်'

ထိုအချိန်တွင် ပေါလ်ဒီကွန် အထုပ်သုံးထုပ်နှင့် ရောက်လာသည်။

'မစ္စတာစတီဗင်··· ဒီမှာ ခင်ဗျားဝယ်ထားတဲ့ ပန်းချီကားတွေ၊ တစ်ဝကြီးသာ ခံစားပေတော့'

သူက အထုပ်တွေကို ရစ်ချတ်စတီဗင်ထံ ကမ်းပေးလိုက်ပြီးနောက် ပြန်ထွက်သွားသည်။

ဒိန်းက ရစ်ချတ်ကို တအံ့တဩကြည့်ရင်း···

'ဒါနဲ့ ရှင်က ကျွန်မကား သုံးကားတောင်မှ ဝယ်တယ်'

'ကျွန်တော့်အခန်းမှာ အရင်ဝယ်ထားတာ နှစ်ကားရှိသေးတယ်'

'ကျွန်··· ကျွန်မ ဘဝင်တောင် မြင့်ချင်သွားပြီရှင်'

'ကျွန်တော်က တော်တဲ့လူကို အားပေးဂုဏ်ပြုတာပါ'

'ကျေးဇူးတင်ပါတယ်ရှင်'

ရစ်ချတ် ခေတ္တတုံ့ဆိုင်းနေပြီးတော့မှ

'ကဲ··· ခင်ဗျားတော်တော် အလုပ်များနေတယ်၊ ကျွန်တော်လည်း အလုပ်ကို ပြေးလိုက်ဦးမယ်'

'အို··· ရပါတယ်၊ ကျွန်မ အလုပ်မများပါဘူး'

ရစ်ချတ်ကပြုံးရင်း 'ကောင်းပါတယ်'

ခေတ္တရပ်နေပြီးမှ

'ကျွန်တော့်ကို အခွင့်အရေးတစ်ခုလောက် ပေးနိုင်မယ် ထင်ပါတယ် မစ္စဝက်စ်ထ်'

ဒိန်းက ရစ်ချတ်၏ဘယ်ဘက်လက်ကို ကြည့်လိုက်သည်။ သူ လက်ထပ်လက်စွပ် ဝတ်ထားသည်။

'အဲဒီတော့···'

'နော်ဝယ်ကောဝပ်ရဲ့ "ဘလိုက်သ် စပစ်ရစ်ထ်" ပြဇာတ် ပြန်လည်ဆန်းသစ်တဲ့ ဖွင့်ပွဲအတွက် ကျွန်တော်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်နှစ်စောင် ဝယ်မိရက်သားဖြစ်နေတယ်၊ မနက်ဖြန်ညပါ၊ ကျွန်တော်တစ်ယောက်တည်းဖြစ်နေလို့၊ အဲဒါ ခင်ဗျား အားမယ်ဆိုရင် …'

ဒိန်းက သူ့ကို အကဲခတ်ကြည့်နေသည်။ သူ ရိုးသားပုံရသည်။ ဆွဲဆောင်မှုလည်း ရှိသည်။ သို့သော် သူစိမ်း တစ်ရံဆံတစ်ယောက်ဖြစ်နေသည်။ အလွန်အန္တရာယ်ရှိသည်။ ယင်းသို့တွေးရင်း ပါးစပ်မှ

'ဟုတ်ကဲ့ … ကျွန်မလိုက်ချင်ပါတယ်'ဟု ထွက်သွားမိလေ၏။

○

နောက်နေ့ညချမ်းချိန်သည် ပျော်စရာကောင်းနေသည်။ ရစ်ချတ်စတီဗင်မှာ စိတ်ချမ်းသာစရာ အဖော်ကောင်းဖြစ်နေ သည်။ ချက်ချင်းပင် နှစ်ယောက်သား သဟဇာတဖြစ်သွားကြသည်။ သူတို့သည် ပန်းချီနှင့်ဂီတအပြင် အခြားအရာတွေမှာ လည်း စိတ်ဝင်စားမှု တူညီကြသည်။ ဒိန်းက ရစ်ချတ်အား စွဲမက်စရာကောင်းသူဟု ခံစားရသည်။ ဒါပေမဲ့ ရစ်ချတ်က သူ့အပေါ် ဘယ်လိုသဘောထားသည်ဆိုတာကိုတော့ သူ မပြောတတ်။ ပြဇာတ်ပြီးသွားတော့ ရစ်ချတ်ကမေးသည်။

'မနက်ဖြန်ည အားရဲ့လား'

ဒိန်းက မဆိုင်းမတွပင် 'အင်း …' ဟု ပြန်ပြောလိုက်လေ၏။

○

နောက်တစ်နေ့ညနေမှာ မင်ဟတ်တန်မြို့နယ်၊ ဆိုဟိုအနုပညာရပ်ကွက်မှ ဆိတ်ငြိမ်အေးချမ်းသော စားသောက်ဆိုင် တစ်ဆိုင်တွင် ညစာစားကြသည်။

'ရစ်ချတ် … ရှင့်အကြောင်းကို ပြောပြပါလား'

'ပြောစရာက များများစားစား မရှိပါဘူး၊ ရှီကာဂိုမှာ မွေးတယ်၊ အဖေက ဗိသုကာ၊ ကမ္ဘာ့အနှံ့အဆောက်အအုံ ပုံစံတွေ ဒီဇိုင်းထုတ်တယ်၊ အမေနဲ့ ကျွန်တော်တို့က သူ့နောက်လိုက်ပါသွားကြတယ်၊ ကျွန်တော်က နိုင်ငံခြားကျောင်း တစ်ဒါဇင်လောက် တက်ဖူးတယ်၊ ဘာသာစကားလည်း သုံးလေးမျိုးလောက် ပြောတတ်တယ်'

'အလုပ်က ဘာအလုပ်လဲ၊ သက်မွေးဝမ်းကျောင်းအလုပ်ကို ပြောတာ'

the bookhouse we bring you leisure
www.burmeseclassic.com

www.burmeseclassic.com



'ကေအိုင်ဂျီမှာလုပ်တယ်၊ ကင်စလေနိုင်ငံတကာ့အုပ်စု၊ စက်မှုနည်းပညာအကြံပေး ကုမ္ပဏီကြီးပါ'

'စိတ်ဝင်စားစရာကြီးပဲ'

'ဟုတ်ပါတယ်၊ ကျွန်တော်တို့က အဆင့်အမြင့်ဆုံး စက်မှုနည်းပညာသုတေသနတွေ လုပ်တယ်၊ လက်စွဲဆောင်ပုဒ်ကတော့ ''အခုအဖြေရှာမရရင် မနက်ဖြန်အထိစောင့်မယ်'' တဲ့'

ညစာစားပြီးသောအခါ ရစ်ချတ်က ဒိန်းကို အိမ်သို့လိုက်ပို့သည်။ တံခါးဝတွင်ရပ်ရင်း သူကဒိန်း၏လက်ကို ဆုပ်ကိုင်ပြီးပြောသည်။

'ဒီညနေ သိပ်ပျော်စရာကောင်းတယ်၊ ကျေးဇူးပဲ… ဒိန်း'

ထို့နောက် ရစ်ချတ် ပြန်ထွက်သွားသည်။ ဒိန်းက ရပ်ကြည့်ကျန်ရစ်သည်။ သူ ကာမသိုက်တူးသူမဟုတ်ဘဲ လူကြီးလူကောင်းတစ်ယောက်ဖြစ်နေတာ ငါ့အရမ်းဝမ်းသာတယ်ဟုလည်း တွေးလိုက်မိသည်။ နောက်ပိုင်းမှာတော့ သူတို့နှစ်ယောက် ညတိုင်းလိုလိုတွေ့ကြတော့သည်။ ရစ်ချတ်နှင့်တွေ့ရတိုင်း ဒိန်းမှာ ပီတိတွေဖြာဝေနေတော့သည်။ သောကြာနေ့ တစ်ညနေမှာ ရစ်ချတ်က ပြောသည်။

''စနေနေ့တိုင်းမှာ ကလေးဘောလုံးအသင်းတစ်ခုကို ကိုယ်နည်းပြလုပ်ပြီး လေ့ကျင့်ပေးနေတယ်၊ လိုက်ကြည့်ပါလား''

ဒိန်းက ခေါင်းညိတ်ရင်း

''သိပ်လိုက်ချင်တာပေါ့ နည်းပြကြီးရယ်''

နောက်နေ့မနက်တွင် စိတ်အားထက်သန်သော လူငယ်ဘောလုံးသမားတွေနှင့် ကစားနေသည့် ရစ်ချတ်ကိုကြည့်ရင်း ဒိန်း အလွန်ပျော်နေသည်။ ရစ်ချတ်က သိမ်မွေ့ညင်သာသည်။ ဂရုစိုက်သည်။ စိတ်ရှည်သည်။ ဆယ်နှစ်သား ဂိုးသမားလေးတင်မ်ဟုမ်းက မိုးပျံဘောလုံးကို အမိဖမ်းလိုက်သောအခါ နည်းပြဆရာကြီးက ဝမ်းသာလှိုက်လှဲအော်၍ အားပေးလိုက်သည်။

ဒါကြောင့်လည်း ကလေးတွေက သူ့ကို ချစ်ခင်ကြခြင်းဖြစ်သည်။

ဒိန်းစိတ်ထဲက ပြောနေမိသည်။

''ငါ သူ့ကိုချစ်နေပြီ၊ ငါ သူ့ကိုချစ်သွားပြီ''

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်သုံးလေးရက်အကြာတွင် ဒိန်းနှင့် အမျိုးသမီးမိတ်ဆွေ လေးငါးဦးတို့ အပြင်ထွက်၍ နေ့လယ်စာစား ကြသည်။ စားသောက်ဆိုင်မှ ပြန်ထွက်လာတော့ ဂျစ်ပစီဗေဒင်ဆရာမရှေ့က ဖြတ်လျှောက်လာမိသည်။

ဒိန်းက ရုတ်တရက်အကြံပေါ်လာပြီး…

'ဟော့… ငါတို့ ဗေဒင် ကြည့်ကြရအောင်လား'

'ငါတော့ မကြည့်ဘူး ဒိန်း၊ အလုပ်ပြန်သွားရဦးမယ်'

'ငါလည်း အတူတူပဲ'

'ငါက ဂျွန်နီကို သွားခေါ်ရဦးမယ်'

'ဒါဆို ဒိန်းပဲသွားကြည့်လေ၊ ပြီးတော့မှ သူ ဘယ်လိုဟောတယ်ဆိုတာ တို့ကို ပြန်ပြောပြပေါ့'

'ကောင်းပြီ၊ ငါသွားကြည့်မယ်'

နောက်ငါးမိနစ်အကြာတွင် ဒိန်းသည် မျက်နှာခွက်ခွက်၊ ရွှေသွားအပြည့်နှင့် ဦးခေါင်းတွင် တဘက်ခြုံထားသည့် ဗေဒင်ဆရာမကြီးရှေ့တွင် ထိုင်မိလျက်သားဖြစ်နေသည်။ ဒါအဓိပ္ပာယ်မရှိဘူး၊ ငါဘာလို့လုပ်ရတာလဲဟု သူတွေးမိသည်။ သို့သော်လည်း သူဘာလို့လုပ်ရကြောင်း သူသိသည်။ ရစ်ချတ်နှင့်သူတို့၏ အနာဂတ်လမ်းကြောင်းကို သူ သိချင်သည်။ ဒါပေမဲ့ အပျော်သဘောသက်သက်ပါဟု သူ့ကိုယ်သူ ဆင်ခြေပေးလိုက်သည်။ အဘွားကြီးက တားရော့ဖဲထုပ်ကို ကောက်ယူပြီး ဖဲချပ်တွေကို ကုလားဖန်ထိုးသည်။ မျက်နှာကို လုံးဝမဖော်။

'ကျွန်မ သိချင်တာက…'

'ရှူး…' အဘွားကြီးက ဖဲတစ်ချပ် လှန်လိုက်သည်။ ဥမ္မတ္တကအရူးပုံ ဖြစ်သည်။ ရောင်စုံအဝတ်အစား ဝတ်ထားပြီး ပတ္တူလွယ်အိတ်ကို လွယ်ထားသည်။ ရုပ်ပုံကို ခေတ္တကြည့်နေသည်။ ပြီးတော့မှ…

'လျှို့ဝှက်ချက်တွေက အများကြီးပဲ' နောက်ထပ် ဖဲတစ်ချပ် လှန်လိုက်ပြန်သည်။

'ဒါကလစန္ဒာပုံ၊ မိန်းကလေးမှာ ကိုယ့်ကိုယ်ကိုယ် မသေချာတဲ့ အလိုဆန္ဒတွေ ရှိနေတယ်'

ဒိန်းက တုံ့ဆိုင်းဆိုင်းနှင့် ခေါင်းညိတ်လိုက်သည်။

'ဒါဟာ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်သလား'

'ဟုတ်တယ်'အဘွားကြီးက နောက်တစ်ချပ် ထပ်လှန်ပြန်သည်။ 'ဒါက ချစ်သူတွေရဲ့ဖဲချပ်'

ဒိန်းကပြုံးရင်း…

'အဲဒါ ကောင်းတဲ့နိမိတ်လား အဘွား'

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



'နေဦး၊ ငါကြည့်ဦးမယ်၊ နောက်ထပ် သုံးချပ်လှန်ပြီးမှ သိရမယ်' စတုတ္ထချပ်ကို လှန်လိုက်သည်။ 'ကြိုးဒဏ်ကျ တရားခံ' အဘွားကြီး မျက်မှောင်ကြုတ်သွားသည်။ ခေတ္တရပ်နေသည်။ ပဉ္စမချပ်ကို လှန်လိုက်သည်။

'မိစ္ဆာနတ်ဆိုး'

'အဲဒါ မကောင်းဘူးလား' ဒိန်းက တိုးတိုးမေးလိုက်သည်။ ဂျစ်ပစီအဘွားကြီးက အဖြေမပေး။ သူ နောက်ဆုံး အချပ်ကိုလှန်လိုက်သည်။ ဦးခေါင်းကိုခါယမ်းလိုက်သည်။ 'မရဏသေမင်း' သူ့အသံက အေးစက်စက်နှင့် ကြောက်စရာကြီး…။

ဒိန်း ဖြတ်ခနဲ ထရပ်လိုက်ပြီး…

'ကျွန်မ လုံးဝမယုံဘူး… လုံးဝမယုံဘူး' သူ တော်တော်ဒေါသထွက်သွားသည်။

အဘွားကြီး မော့ကြည့်သည်။ ပြီးနောက် တုတ်ထိုးအိုးပေါက် ပြောချလိုက်သည်။

'မင်း ယုံတာ မယုံတာ အရေးမဟုတ်ဘူး၊ ဒါပေမဲ့ သေမင်းကတော့ မင်းနောက်လိုက်နေပြီ'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃

*ဂျာမနီ၊ ဘာလင်မြို့*

ရဲမှူးအိုတိုရှစ်ဖား၊ အခြားရဲအရာရှိနှစ်ယောက်နှင့် တိုက်ခန်းအဆောက်အအုံကြီးကြပ်ရေးမှူး ကားလ်ဂိုးယက်ဖ်တို့သည် ရေတွေလျှံကျနေသည့် ရေချိုးဇလားအောက်ခြေတွင် လဲနေသော ကိုယ်တုံးလုံးအမျိုးသမီးအလောင်းကို စိုက်ကြည့်နေကြသည်။ လည်ပင်းတစ်ဝိုက် ပွန်းပဲ့ဒဏ်ရာကို ရေးရေးသာမြင်ရ၏။

ရဲမှူးက ရေတစ်စက်တစ်စက်ကျနေသည့် ပိုက်ခေါင်းအောက်ကို လက်ခံကြည့်သည်။ 'အေးနေတယ်' ဇလားဘေးမှ အရက်ပုလင်းခွံကိုယူပြီး နမ်းကြည့်သည်။ ပြီးနောက် ကြီးကြပ်ရေးမှူးဘက်လှည့်ပြီး…

'သူ့နာမည်…'

'ဆွန်ဂျာ ဗားဘရပ်၊ သူ့ယောက်ျားက ဖရန့် ဗားဘရပ်၊ သိပ္ပံပညာရှင်တစ်ယောက်ပဲ'

'သူ့ယောက်ျားနဲ့ ဒီတိုက်ခန်းမှာ နေသလား'

'ခုနှစ်နှစ်ရှိပါပြီ၊ လူကောင်းတွေပါ၊ တိုက်ခန်းခ မှန်မှန်ပေးပါတယ်၊ ဘာပြဿနာမှ မလုပ်ဘူး၊ လူတိုင်းခင်မင်ကြတယ်' တစ်စုံတစ်ရာကို ဆက်ပြောမလို့ လုပ်ပြီးမှ ပြန်ရပ်ထားလိုက်သည်။

'ဖရောဗားဘရပ်မှာ အလုပ်ရှိသလား'

'ဟုတ်ကဲ့၊ ဆိုင်ဘာလင် အင်တာနက်ကဖေးမှာ လုပ်ပါတယ်'

'သူ့အလောင်းကို ခင်ဗျားဘယ်လိုလုပ် တွေ့သလဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ရေအေးပိုက်ခေါင်းကြောင့်ပါ၊ ကျွန်တော်က အကြိမ်ကြိမ်ပြင်ပေးပါတယ်၊ ဒါပေမဲ့ ဘယ်တော့မှ လုံးဝပိတ်လို့မရဘူး'

'အဲဒီတော့…'

'အဲဒီတော့ ဒီနေ့မနက်မှာ အောက်ထပ်တိုက်ခန်းငှားက သူတို့မျက်နှာကြက်ပေါ် ရေတွေယိုကျနေတယ်ဆိုပြီး လာပြောတယ်၊ ဒါနဲ့ ကျွန်တော်တက်သွားပြီး တံခါးခေါက်တယ်၊ ဘာမှ မတုံ့ပြန်ဘူး၊ အထူးသော့တံနဲ့ ကျွန်တော် ဖွင့်တယ်၊ ရေချိုးခန်းထဲဝင်သွားတော့ သူ့အလောင်း…'

သူ့အသံ ရပ်သွားသည်။

ရဲအရာရှိတစ်ယောက် ရေချိုးခန်းထဲဝင်လာသည်။ 'ကြောင်အိမ်တွေထဲမှာ အရက်ပြင်းပုလင်းတွေ မတွေ့ဘူး၊ ဝိုင်ပုလင်းတွေပဲ တွေ့တယ်'

ရဲမှူးက ခေါင်းညိတ်ရင်း 'ဟုတ်ပြီ' ဖလားဘေးမှ အရက်ပုလင်းကို လက်ညှိုးထိုးပြပြီး 'လက်ဗွေနှိပ်ဖို့အတွက် အဲဒီပုလင်းကိုသိမ်းပါ'

'ဟုတ်ကဲ့ ဆရာ'

ရဲမှူးက ကြီးကြပ်ရေးမှူးဘက်လှည့်လျက်… '*ဟား ဗားဘရပ် ဘယ်မှာရှိတယ်ဆိုတာ သိသလား'

'မသိပါဘူး၊ သူမနက် အလုပ်သွားချိန်မှာသာ သူ့ကိုမြင်ဖူးတာပါ'

'ဒီနေ့မနက်ရော သူ့ကို တွေ့လိုက်သလား'

'မတွေ့ပါဘူး'

'ဟား ဗားဘရပ် တစ်နေရာရာကို ခရီးထွက်ဖို့ ပြင်နေတာကို သိသလား'

'မသိပါဘူး'

ရဲမှူးက ရဲအရာရှိဘက်သို့လှည့်လျက် 'တခြားတိုက်ခန်းငှားတွေကို မေးကြည့်ပါဦး၊ ဖရောဗားဘရပ် စိတ်ဆင်းရဲနေပုံရသလား၊ သူတို့လင်မယား ရန်ဖြစ်ကြသလား၊ မိန်းမက အရက်သိပ်သောက်သလား ဆိုတာတွေကို မေးကြည့်၊ ရနိုင်သမျှ သတင်းအချက်အလက်တွေကို ရအောင်ယူခဲ့' ထို့နောက် ကြီးကြပ်ရေးမှူးဘက်ကို လှည့်ပြီး 'သူ့ယောက်ျားကို ကျွန်တော်တို့ လိုက်စုံစမ်းလိုက်မယ်၊ အထောက်အကူဖြစ်မယ့် တစ်စုံတစ်ရာ ခင်ဗျား တွေးမိသေးသလား'

---

* *Herr (ဂျာမန်စကား) = Mr (မစ္စတာ)*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကြီးကြပ်ရေးမှူးက မဝံ့မရဲဟန်ဖြင့် 'အထောက်အကူ ဖြစ်မဖြစ်တော့ မသိဘူး၊ အခန်းငှားတစ်ယောက်ပြောတာ တစ်ခုတော့ရှိပါတယ်။ တိုက်ခန်းရှေ့မှာ မနေ့ညက လူနာတင်ကားတစ်စီး ရပ်ထားတာကို တွေ့လိုက်တယ်တဲ့၊ တစ်ယောက်ယောက်များ နေမကောင်းဖြစ်နေသလားလို့ သူကမေးတယ်၊ ဒါနဲ့ ကျွန်တော်ထွက်ကြည့်တော့ အဲဒီကား မရှိတော့ဘူး၊ ဒီအချက် အထောက်အကူဖြစ်နိုင်သလား'

'ဒါကတော့ ကြည့်ရဦးမှာပေါ့'

'ဒါနဲ့ ဒီ… ဒီအလောင်းကြီးဘယ်လိုလုပ်…' သူ စိတ်လှုပ်ရှားနေသည်။

'စစ်ဆေးဖို့ ဆရာဝန်လာနေပါပြီ၊ ဇလားထဲက ရေကိုသွန်ပစ်လိုက်ပါ၊ ပြီးတော့ အလောင်းပေါ် ကိုယ်သုတ်ပုဝါ လွှားထားလိုက်'

■

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄

*'ကျွန်တော် စိတ်မကောင်းပါဘူး၊ အမင်္ဂလာသတင်းဖြစ်နေလို့ပါ… မနှေးညက အသတ်ခံရတယ်၊ သူ့အလောင်းကို တံတားအောက်မှာ တွေ့ပါတယ်…'*

ဒိန်းစတီဗင်အဖို့ အချိန်ကာလသည် ရပ်တန့်နေသလိုထင်ရသည်။ သူသည် ခန်းမကျယ်ကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း စိတ်တွေပျံ့လွင့်နေသည်။ ရစ်ချတ်မရှိတော့သည့်အချိန်တွင် သည်တိုက်ခန်း၏ သာယာနွေးထွေးမှုလည်း လုံးဝမရှိတော့၊ အေးစက်သည့် အုတ်ပုံကြီးသက်သက်သာ ဖြစ်နေတော့သည်။ ဘယ်တော့မှ အသက်ပြန်ဝင်မလာနိုင်တော့။

ဆိုဖာကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မျက်လုံးအစုံကို မှိတ်ပြီးတွေးနေမိသည်။

*ရစ်ချတ်… မောင်၊ ကျွန်မတို့လက်ထပ်တဲ့နေ့မှာ ဘာလက်ဆောင်လိုချင်သလဲလို့ မောင်ကမေးတယ်လေ၊ ကျွန်မက မပြောတတ်ပါဘူးလို့ ပြန်ပြောခဲ့တယ်လေ၊ ဒါပေမဲ့ အခုတော့ ကျွန်မ ပြောပါပြီ၊ ကျွန်မဆီ ပြန်လာခဲ့ပါမောင်၊ ကျွန်မ မမြင်ရရင်နေပါစေ၊ ကျွန်မကို ဖက်ထားစမ်းပါမောင်ရယ်၊ အဲဒါဆိုရင် မောင်ရောက်လာတာကို ကျွန်မသိလိမ့်မယ်၊ မောင့်အတွေ့အထိကို ကျွန်မခံစားချင်တယ်၊ ကျွန်မ ဟင်းချက်တော်တဲ့အကြောင်း မောင့်ချီးကျူးသံကို ကျွန်မကြားယောင်မိတယ်၊ ကျွန်မကို ချစ်ပါတယ်လို့ မောင်ပြောတဲ့အသံကို ကြားချင်တယ်။* သွန်ကျလာသော မျက်ရည်ကို အားတင်း၍ ထိန်းသည်။ သို့ပေမယ့် ထိန်း၍မရ၊ ဒလဟော သွန်ကျလာတော့သည်။

၀

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရစ်ချတ်သေဆုံးသွားပြီဖြစ်ကြောင်း သိရသည့်နေ့မှစ၍ ဒီန်းသည် သူ့တိုက်ခန်းထဲမှာသာ ရက်ပေါင်း တော်တော်ကြာကြာ အောင်းနေသည်။ ဖုန်းလာလျှင်လည်း နားမထောင်၊ တံခါးလာခေါက်လျှင်လည်း ဖွင့်မပေး။ ဒဏ်ရာရထားသည့် တိရိစ္ဆာန်တစ်ကောင်လို ပုန်းနေသည်။ သူ့ဒဏ်ရာနှင့်သူ တစ်ကိုယ်တည်းသာ နေချင်သည်။

*ရစ်ချတ်… မောင်ရေ… မောင်ကကျွန်မကို ချစ်ပါတယ်လို့ပြောလာအောင် ကျွန်မကလည်း မောင့်ကို ချစ်ပါတယ်လို့ပြောဖို့ အချစ်တွေ အများကြီး ရှိခဲ့ပါတယ်မောင်၊ ဒါပေမဲ့ ကျွန်မကအရှူးပဲ၊ ကျွန်မက အဲဒါမလိုအပ်သလို နေနေခဲ့တယ်၊ ခုတော့ ကျွန်မ လိုအပ်နေပြီ မောင်ရယ်…*

ဖုန်းတွေ အဆက်မပြတ်လာ၊ တံခါးခေါက်သံတွေ ခဏခဏကြားရတော့ နောက်ပိတ်ဆုံး မတတ်သာလို့ ဖွင့်ပေးလိုက်ရတော့သည်။ ဒီန်း၏အရင်းနှီးဆုံးမိတ်ဆွေ ကယ်ရီလင်းတား တံခါးဝတွင်ရပ်နေသည်။ သူက ဒီန်းကိုကြည့်ပြီး 'ဘယ်လိုဖြစ်နေရတာလဲ ဒီန်းရယ်' သူ့အသံက ညင်သာသည်။ 'မင်းကို လူတိုင်းတွေ့ချင်နေကြတာ၊ တို့အားလုံး သိပ်ပြီးစိုးရိမ်နေကြတယ်'

'ခွင့်လွှတ်ပါ ကယ်ရီလင်း၊ ငါ ဘယ်လိုမှ…'

ကယ်ရီလင်းက ဒီန်းကိုပွေ့ဖက်လိုက်သည်။

'ငါသဘောပေါက်ပါတယ် ဒီန်း၊ ဒါပေမဲ့ မင်းကိုတွေ့ချင်တဲ့ မိတ်ဆွေတွေက အများကြီးရှိတယ်'

ဒီန်းက ခေါင်းကိုခါယမ်းရင်း… 'ဟင့်အင်း… ငါမဖြစ်နိုင်…'

'ဒီန်း… ရစ်ချတ်က မရှိတော့ပါဘူး၊ ဒါပေမဲ့ မင်းကရှိနေသေးတယ်လေ၊ မင်းကို ချစ်တဲ့လူတွေအတွက် တံခါးပိတ်မထားပါနဲ့၊ ငါစပြီးခေါ်လိုက်မယ်'

○

ဒီန်းနှင့် ရစ်ချတ်တို့၏ မိတ်ဆွေ အပေါင်းအသင်းတွေအနက် အချို့ကဖုန်းဆက်ကြသည်။ အချို့က လူကိုယ်တိုင်လာရောက်ကြသည်။ သူတို့၏ နှစ်သိမ့်စကားအမျိုးမျိုးကို ဒီန်းမှာ မကြားချင်အဆုံး ဖြစ်နေတော့သည်။

'ဒီလိုတွေးစမ်းပါ ဒီန်းရယ်၊ ရစ်ချတ်ဟာ ငြိမ်းချမ်းရေးရသွားပါပြီ'

'သူ့ကို ဘုရားသခင် ခေါ်တော်မူသွားတာပါကွယ်'

'ရစ်ချတ်ဟာ အဂ္ဂဘုံကနေပြီးမင်းကို အလင်းရောင်ပေးနေမှာပါ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သူဟာ ပိုပြီးကောင်းတဲ့နေရာကို ပြောင်းရွှေ့သွားတာပါ'

'သူက နတ်တမန်တွေဆီ ရောက်သွားမှာ သေချာပါတယ်ကွယ်'

ကြားရသည့်စကားတွေကြောင့် ဒိန်းမှာ အော်ဟစ်၍သာ ငိုချလိုက်ချင်တော့သည်။

o

သတင်းလာမေးသည့် ဧည့်သည်တွေက တစ်ယောက်ပြီးတစ်ယောက် ပြတ်သည်မရှိ။ ဒိန်း၏ တစ်ကိုယ်တော် ပန်းချီပြပွဲကို စီစဉ်ပေးသူ ပန်းချီပြခန်းပိုင်ရှင် ပေါလ်ဒီကွန်လည်း ရောက်လာသည်။ သူက ဒိန်းကိုသိုင်းဖက်ပြီး-

'ငါ မင်းဆီအကြိမ်ကြိမ် ဖုန်းဆက်ခဲ့တယ်၊ ဒါပေမဲ့…'

'ကျွန်မသိပါတယ်'

'ရစ်ချတ်အတွက် ငါသိပ်ပြီး စိတ်မကောင်းဖြစ်မိတယ်၊ သူဟာ ရှာမှရှားတဲ့ လူကြီးလူကောင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ မင်းအနေနဲ့ တစ်ယောက်တည်း အခန်းပိတ်ပြီး နေနေလို့တော့ မဖြစ်ဘူးဒိန်း၊ လူတွေက မင်းရဲ့လှပတဲ့ လက်ရာတွေကို ပိုပြီးမြင်ချင်နေကြတယ်'

'ကျွန်မ မလုပ်နိုင်ဘူး၊ အဲဒါ ဘာမှအရေးမကြီးတော့ဘူး၊ ဘာမှ အရေးမကြီးတော့ဘူး၊ ကျွန်မဘဝက ပြီးဆုံးသွားပြီ'

သူ့ကို ဘယ်သူမှ ဘယ်လို နှစ်သိမ့်လို့မှ မရတော့။

o

နောက်နေ့ ခေါင်းလောင်းမြည်သံကြားတော့ ဒိန်း ရုတ်တရက်ထမသွားဘဲ အင်တင်တင်ဖြစ်နေသည်။ ပြီးတော့မှ ချောင်းကြည့်ပေါက်မှ ကြည့်လိုက်တော့ အပြင်မှာ လူတွေ ရောက်နေမှန်းသိရသည်။

သူ ဇဝေဇဝါဖြင့် တံခါးဖွင့်ပေးလိုက်သည်။ ကလေးတွေ တစ်ဒါဇင်ခန့် အိမ်ရှေ့တွင် ရပ်နေကြသည်။ တစ်ယောက်က ပန်းစည်းကလေးကိုင်ထားသည်။

'မင်္ဂလာမနက်ခင်းပါ မစ္စက်စတီဗင်' ဟု နှုတ်ဆက်ရင်း ပန်းစည်းကို ကမ်းပေးသည်။

'ကျေးဇူးတင်ပါတယ်'

သူ ကလေးတွေကို ချက်ချင်းမှတ်မိသွားသည်။ ရစ်ချတ် နည်းပြလေ့ကျင့်ပေးခဲ့သည့် ဘောလုံးအဖွဲ့အသင်းမှ

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေဖြစ်သည်။ ဒိန်းသည် ပန်းခြင်းတွေ၊ ဝမ်းနည်းကြောင်းစာပို့ကတ်တွေနှင့် အီးမေးလ်တွေအများကြီး ရရှိခဲ့သည်။ သို့သော်လည်း ယင်းတို့အနက် ယခုကလေးတွေ ပေးသည့်လက်ဆောင်က သူ့ရင်ကိုအထိဆုံးဖြစ်သည်။

'ဝင်ကြပါကွယ်'

ကလေးတွေ အခန်းထဲပြုံဝင်လာကြသည်။

'ကျွန်တော်တို့ အများကြီးဝမ်းနည်းမိကြပါတယ် မစ္စက်စတီဗင်'

'ဆရာက အရမ်းတော်တာပဲ'

'သဘောလည်း သိပ်ကောင်းတယ်'

'နည်းပြတာလည်း သိပ်ကောင်းတယ်'

ဒိန်းမှာ မျက်ရည်မသွန်မိအောင် မနည်းထိန်းထားရရှာသည်။

'သားတို့အားလုံးကို ကျေးဇူးတင်ပါတယ်ကွယ်၊ သားတို့လည်း သိပ်ပြီးတော်ကြတယ်လို့ သူက ပြောပါတယ်၊ သားတို့အတွက် သူသိပ်ပြီး ဂုဏ်ယူပါတယ်' ဒိန်း သက်မတစ်ချက်ချလိုက်ပြီးတော့မှ 'ဒါနဲ့ သားတို့ တစ်ခုခုသောက်ကြပါလား'

'နေပါစေ၊ ကျေးဇူးတင်ပါတယ် မစ္စက်စတီဗင်' မိုးပုံဘောလုံးဖမ်းသူ ဆယ်နှစ်သား တင်မ်ဟုမ်းက ပြောသည်။ 'ကျွန်တော်တို့လည်း ဆရာ့ကို အမြဲတမ်းသတိရနေကြမှာပါ၊ ပန်းစည်းကို ကျွန်တော်တို့အားလုံးစုပြီး ဝယ်ကြတာပါ၊ ၁၂ဒေါ်လာပေးရပါတယ်၊ ဆရာ့အတွက် ကျွန်တော်တို့အားလုံး ဝမ်းနည်းကြရပါတယ်'

ဒိန်းက သူတို့လေးတွေကိုကြည့်ရင်း တည်ငြိမ်စွာဖြင့်-

'ကျေးဇူးတင်ပါတယ် ကလေးတို့ရယ်၊ သားတို့ အခုလိုလာကြတာကို သားတို့ဆရာ သိပ်ပြီးဝမ်းသာမှာပါ'

ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်ပြီးပြန်သွားကြတာကို ကြည့်ကျန်ရစ်ရင်း ကလေးတွေကို ရစ်ချတ် နည်းပြလေ့ကျင့်ပေးတုန်းက သူပထမဆုံး သွားကြည့်ခဲ့တာကို ဒိန်း သတိရမိသည်။ ရစ်ချတ်က ကလေးတွေကို သူနှင့်ရွယ်တူလို ဆက်ဆံသည်။ သူတို့ နားလည်သည့် စကားကိုပြောသည်။ အဲဒါကြောင့် ကလေးတွေက သူ့ကိုချစ်ကြသည်။ သူ့ကိုငါ အဲဒီနေ့ကစပြီး ချစ်မိတာပေါ့ဟု ဒိန်းတွေးလိုက်မိသည်။

အပြင်ဘက်တွင် မိုးခြိမ်းသံကြားရသည်။ ပြတင်းပေါက်တွေကို မိုးစက်တွေ တဖျန်းဖျန်းလာရိုက်သည်။ မိုး... မိုး... အားလပ်ရက် မိုးရွာတဲ့နေ့တစ်နေ့ကပေါ့...

○

the bookhouse we bring you the future
www.burmeseclassic.com

www.burmeseclassic.com



'ပျော်ပွဲစားထွက်တာ ကြိုက်သလား' ရစ်ချတ်က မေးသည်။

'ကြိုက်ပါတယ်' ဒိန်းကဖြေသည်။

ရစ်ချတ်က ပြုံးပြီး 'ကိုယ်သိပါတယ်၊ ဒါကြောင့် ကိုယ်အစီအစဉ်လုပ်ထားတယ်၊ မနက်ဖြန် နေ့လယ်မှာ ကိုယ်လာခေါ်မယ်'

ထို့နေ့က နေသာသည်။ ရစ်ချတ်က ပျော်ပွဲစားပွဲကို ဗဟိုပန်းခြံတွင် စီစဉ်ထားသည်။ စားစရာသောက်စရာ အချိုတည်းစရာတွေက ဖွယ်ဖွယ်ရာရာရှိလှသဖြင့် 'အမယ်လေး... စားသောက်စရာတွေကလည်း များလှချည်လား၊ စစ်တပ်ကလေး တစ်တပ်စာလောက်တောင်ရှိတယ်၊ နောက်ထပ် ဘယ်သူလာဦးမှာလဲ' ဟု ဒိန်းက မေးသည်။ တစ်ချိန်တည်းတွင် 'လက်ထပ်ပေးမယ့် ခင်ကြီးများ လာမလား' ဟုတွေးပြီး ရှက်စိတ်ကြောင့် မျက်နှာနီမြန်းသွားသည်။

ရစ်ချတ်က ဒိန်းကိုကြည့်ပြီး 'ဘယ့်နှယ်လဲ၊ အိုကေရဲ့လား' ဟု မေးလိုက်သည်။

အိုကေပါတယ်၊ ကျွန်မ တစ်ခါမှ ဒီလောက်မပျော်ဖူးဘူး ဟုတွေးရင်း 'ဟုတ်ကဲ့၊ အိုကေပါတယ်' ဟု ဒိန်းက ပြန်ပြောသည်။

ရစ်ချတ်က ခေါင်းညိတ်ပြီး 'ကောင်းတယ်၊ တို့နှစ်ယောက် စစ်တပ်ကိုစောင့်နေစရာမလိုတော့ဘူး၊ ကဲ... စကြစို့'

နှစ်ယောက်သား စားရင်းသောက်ရင်း စကားတွေဖောင်လောက်အောင် ပြောကြသည်။ စကားလုံးတိုင်းက သူတို့အား တစ်ယောက်နှင့် တစ်ယောက်ပိုပြီး နီးစပ်လာစေသည်။ အချစ်စိတ်ကလည်းပိုပြီး ပြင်းပြလာသည်။ နေ့လယ်ပိုင်းကျတော့ ရုတ်တရက်မိုးရွာချသည်။ မိနစ်ပိုင်းအတွင်း တစ်ကိုယ်လုံးရွှဲနစ်ကုန်သည်။

ရစ်ချတ်က အားနာစွာဖြင့် 'ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူး ဒိန်း၊ ဒီနေ့ နေသာမယ်လို့ သတင်းစာကပြောတာ ယုံမိခဲ့တယ်၊ ကိုယ်တို့ရဲ့ ပျော်ပွဲကလေးပျက်သွားမှာ ကြောက်တယ်'

ဒိန်းက ရစ်ချတ်အနားကပ်သွားပြီး လေသံဖြင့် 'ဟုတ်တယ်နော်'

ထို့နောက် နှစ်ယောက်သား တင်းတင်းဖက်ရင်း အနမ်းချင်းဖလှယ်ကြသည်။

'ကျွန်မအခန်းကို သွားမလား၊ ရှင့်အခန်းကို သွားမလား' ဒိန်းက ကောက်ကာငင်ကာ မေးလိုက်သည်။

ရစ်ချတ် အမ်းတမ်းတမ်းဖြစ်သွားပြီး 'တကယ်ပြောတာလား ဒိန်း၊ ကိုယ်ဆိုလိုတာက ဒါဟာ တစ်ညတာတည်း အတွက် မဟုတ်ဘူးနော်'

ဒိန်းက တည်ငြိမ်စွာဖြင့် 'ဟုတ်ပါတယ်၊ ကျွန်မ နားလည်ပါတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်နာရီဝက်လောက်ကြာတော့ သူတို့နှစ်ယောက် ဒိန်း၏ တိုက်ခန်းသို့ရောက်လာကြသည်။ ချစ်သူနှစ်ယောက် နှလုံးသားချင်း ဂဟေဆက်ကြသည်။ တစ်ယောက်အကြောင်း တစ်ယောက်မေးပြီး ရင်ဖွင့်ကြသည်။

မနက်မိုးလင်းတော့ မနက်စာပြင်နေသည့် ဒိန်းကို ရစ်ချတ်က မေးလိုက်သည်။

'ကိုယ့်ကို လက်ထပ်နိုင်မလား ဒိန်း'

ဒိန်းက နောက်ပြန်လှည့်ကြည့်လိုက်ပြီး…

'မေးနေရသေးသလား မောင်ရယ်'

○

နောက်တစ်လအကြာမှာ မင်္ဂလာပွဲကျင်းပသည်။ မိတ်ဆွေအပေါင်းအသင်းတွေနှင့် မိသားစုတွေ တော်တော်များများ လာရောက်ကြသည်။ ဒိန်းက တစ်မျက်နှာလုံး ပီတိဖုံးနေသည့် ရစ်ချတ်ကိုကြည့်ရင်း ဂျစ်ပစီဗေဒင်ဆရာမကြီး၏ ခပ်ကြောင်ကြောင်ဟောကိန်းကို သတိရပြီးပြုံးမိသည်။ လက်ထပ်ပြီး နောက်တစ်ပတ်အကြာတွင် ပြင်သစ်သို့ ပျားရည်ဆမ်း ခရီးထွက်ရန် စီစဉ်ထားသည်။ သို့သော်လည်း ခရီးထွက်မည့်နေ့တွင် ရစ်ချတ်က အလုပ်မှ ဖုန်းလှမ်းဆက်သည်။

'ဆောရီးပဲ ဒါလင်ရယ်၊ မမျှော်လင့်ဘဲ စီမံကိန်းအသစ်တစ်ခုပေါ်လာလို့ ကိုယ်ဘယ်မှသွားလို့မရတော့ဘူး၊ နောက်တစ်လနှစ်လလောက်မှ သွားကြတာပေါ့နော်၊ ခွင့်လွှတ်ပါ အချစ်ရယ်'

'ရပါတယ် မောင်ရယ်၊ မောင် အလုပ်အားတော့မှသွားပါ'

'ဒါနဲ့အချစ် အပြင်ထွက်ခဲ့ပါလား၊ ကိုယ်တို့ နေ့လယ်စာ သွားစားကြမယ်လေ'

'ဟုတ်ကဲ့၊ ထွက်ခဲ့ပါ့မယ်'

'အချစ် ပြင်သစ်အစားအစာကြိုက်တယ်နော်၊ ကိုယ်သိတဲ့ နာမည်ကြီး ပြင်သစ်စားသောက်ဆိုင် တစ်ဆိုင်ရှိတယ်၊ နောက်နာရီဝက်လောက်နေ ကိုယ်လာခေါ်မယ်'

နောက်မိနစ်သုံးဆယ်တွင် ဒိန်းကိုစောင့်ရင်း ရစ်ချတ် အပြင်ရောက်နေပြီ။

'ဟိုင်း… ဒါလင်၊ ကိုယ်လေယာဉ်ကွင်းမှာ ဖောက်သည်တစ်ယောက်ကို သွားတွေ့ရဦးမယ်၊ သူက ဥရောပကို ထွက်မှာ၊ ကိုယ်တို့ သူ့ကိုသွားနှုတ်ဆက်ပြီးမှ နေ့လယ်စာသွားစားကြမယ်နော်'

ဒိန်းက ရစ်ချတ်ကို သိုင်းဖက်လိုက်ပြီး… 'အိုကေ ဒါလင်'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



လေယာဉ်ကွင်းရောက်တော့ ရစ်ချတ်က ပြောသည်။

'သူက ကိုယ်ပိုင်လေယာဉ်နဲ့သွားမှာ၊ ကိုယ်တို့သူ့ကို ပြေးလမ်းပေါ်မှာ သွားတွေ့ရအောင်'

အစောင့်တစ်ယောက် သူတို့ကိုဖြတ်ကျော်ပြီး ကန့်သတ်နေရာသို့သွားသည်။ ထိုနေရာတွင် ချဲလင်ဂျာလေယာဉ် ရပ်ထားသည်။ ရစ်ချတ်က ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်ပြီးတော့-

'သူ မလာသေးပါလား၊ ကိုယ်တို့ လေယာဉ်ပေါ်တက်ပြီး စောင့်နေကြမယ်'

'ကောင်းပြီလေ'

သူတို့ လှေကားသို့လျှောက်လာပြီး ဇိမ်ခံလေယာဉ်ထဲ ဝင်ထိုင်နေကြသည်။ လေယာဉ်ကို စက်နှိုးထားသည်။ လေယာဉ်မယ်လျှောက်လာပြီး-

'မင်္ဂလာပါရှင်'

'မင်္ဂလာပါ' ရစ်ချတ်က ပြန်နှုတ်ဆက်လိုက်သည်။

ဒိန်းကလည်းပြုံးပြီး 'မင်္ဂလာပါ'

လေယာဉ်မယ် လေယာဉ်ခေါင်းခန်းထဲ ပြန်ဝင်သွားပြီး တံခါးပိတ်လိုက်သည်။ ဒိန်းက ရစ်ချတ်ကိုကြည့်ပြီး 'မောင်တို့ဖောက်သည်က ဘယ်လောက်တောင် နောက်ကျနေဦးမှာလဲ'

'သိပ်မကြာနိုင်ပါဘူး'

ဂျက်လေယာဉ်စက်သံ ပို၍ ကျယ်လောင်လာသည်။ လေယာဉ်သည် ပြေးလမ်းပေါ်တွင် စတင်ရွေ့လျားသည်။ ဒိန်းက ပြတင်းအပြင်ဘက်သို့ ကြည့်လိုက်သည်။ သူ့မျက်နှာ ဖြူရော်ရော်ဖြစ်နေသည်။

'မောင်··· လေယာဉ်ပြေးနေပြီ'

ရစ်ချတ်က အံ့အားသင့်ဟန်ဖြင့် 'သေချာရဲ့လား'

'ဟိုမှာ အပြင်ဘက်ကြည့်လိုက်ပါလား' သူ ထိတ်ထိတ်ပျာပျာဖြင့် 'ပြော··· ပြောလိုက်ပါ၊ လေယာဉ်မှူးကို ပြောလိုက်ပါ'

'ဘယ်လိုပြောရမှာလဲ'

'လေယာဉ်ကို ချက်ချင်းရပ်ပါလို့ပေါ့'

'ကိုယ်ပြောလို့မရတော့ဘူး၊ လေယာဉ်က အပေါ်ပျံတက်တော့မယ်'

ဒိန်းက မျက်လုံးအဝိုင်းသားနှင့်ကြည့်ပြီး-

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့ ဘယ်သွားမလို့လဲဟင်'

'အို… အချစ်ကို ကိုယ်ပြောဖူးတယ်လေ၊ ကိုယ်တို့ ပါရီကိုသွားမယ်လေ၊ အချစ်က ပြင်သစ်အစားအစာ ကြိုက်တယ်ဆို'

ဒိန်းက ပင့်သက်ရှိုက်လိုက်သည်။ ထို့နောက် မျက်နှာအမူအရာ ပြောင်းသွားပြီး-

'ဟင့်အင်း မောင်၊ ကျွန်မ ဒီအတိုင်းတော့ မလိုက်နိုင်ဘူး၊ အဝတ်အစားလည်း မလဲရသေးဘူး၊ ပြီးတော့ မိတ်ကပ်လည်း…'

'ပါရီမှာ စတိုးဆိုင်တွေ တစ်ပုံကြီးရှိပါတယ်၊ ဘာမှ မပူပါနဲ့ ဒါလင်'

ဒိန်းက ရစ်ချတ်ကို ခဏစိုက်ကြည့်နေသည်။ ပြီးတော့ သိုင်းဖက်လိုက်ပြီး…

'အို… ချစ်စရာကောင်းလိုက်တဲ့ မောင်ရယ်'

ရစ်ချတ်က ပြုံးပြုံးကြီးဖြင့်…

'အချစ်က ပျားရည်ဆမ်းခရီးထွက်ချင်တယ် မဟုတ်လား၊ အခု ထွက်ရပြီလေ'

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၅

အော်လီလေဆိပ်တွင် အသင့်စောင့်နေသည့် ဇိမ်ခံကားဖြင့် ပလာဇာအေသင်နီး ဟိုတယ်သို့ လာခဲ့ကြသည်။

'မစ္စတာနဲ့ မစ္စက်စတီဗင်တို့အတွက် အခန်းအဆင်သင့် ပြင်ထားပါတယ်' ဟု မန်နေဂျာက ပြောသည်။

'ကျေးဇူးပါပဲ'

အခန်းနံပတ်က ၁၁၀။ မန်နေဂျာက တံခါးဖွင့်ပေးသည်။ ရစ်ချတ် အခန်းထဲ ဝင်သည်။ ဒိန်းက တံခါးဝမှာရပ်ရင်း အံ့အားကြီးသင့်နေသည်။ အခန်းနံရံတွင် သူ့ပန်းချီကားခြောက်ကားကို ချိတ်ထားသည်။ သူက ရစ်ချတ်ကိုကြည့်ပြီး 'ဒါက ဘယ်လို… ဘယ်လိုဖြစ်…'

'အဲဒါတော့ ကိုယ်လည်းမသိဘူး၊ ကိုယ်ထင်တာတော့ သူတို့ကြိုက်လို့ဖြစ်မှာပေါ့'

ဒိန်းက ရစ်ချတ်ကို ပြေးဖက်ပြီး အကြာကြီးနမ်းနေ၏။

ဝ

ပါရီမြို့တော်ကား အံ့ဖွယ်ကမ္ဘာတစ်ခုပင် ဖြစ်သည်။ ပထမဦးစွာ ဂျီဗင်ရှီ ကုန်တိုက်သို့သွားပြီး အဝတ်အစားသစ်တွေ ဝယ်ကြသည်။ ထို့နောက် လူဝစ်ဗျူးတွန် ကုန်တိုက်မှာ အဝတ်သေတ္တာဝယ်သည်။ ပြီးတော့ ရှန့်ဆယ်လီဆေးလမ်းမကြီးအတိုင်း လျှောက်လာပြီး ပလေ့ဒီလာကွန်ကော့၊ အာ့စ် ဒီထရွမ့်၊ လာမဒယ်လိန်နှင့် ပလေ့ဗိုဘာဘွန်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တို့သို့ ရောက်သည်။ လာပလေ့စင်ဒွမ်လမ်းမှ လုဗ်အနုပညာပြတိုက်သို့ သွားသည်။ ရှိဒင်ပြတိုက်တွင် ပန်းပုရုပ်တွေကို ကြည့်ကြသည်။ ထို့နောက် အပြင်မှာ ညစာစားပြီးတော့မှ ဟိုတယ်သို့ ပြန်လာကြသည်။

○

နံနက်သုံးနာရီတွင် တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာတော့ ဒီန်း အံ့ဩမိသည်။

'အဲဒါဘယ်သူလဲမောင်' ရစ်ချတ် ဖုန်းကိုပြန်ချပြီးနောက် ဒီန်းက မေးလိုက်တာ ဖြစ်သည်။

'ဩော်… သာမန်အလုပ်ကိစ္စပါ'

*အလုပ်ကိစ္စ ညကြီးမင်းကြီး ဆက်ရသတဲ့လား…။*

○

'ဒီန်း… ဒီန်း…' ဒီန်း အတွေးအိပ်မက်မှ လန့်နိုးလာသည်။ ကရိုလင်းတား သူ့အပေါ်မှ စီးမိုးထားသည်။ 'နေကောင်းရဲ့လား ဒီန်း'

'ကောင်း… ကောင်းပါတယ်'

ကရိုလင်းက ဒီန်းကိုဖက်လိုက်ပြီး 'မင်း အချိန်ယူရလိမ့်မယ်၊ ရက်ပိုင်းပဲရှိသေးတာ' ခဏဆိုင်းနေပြီးတော့မှ 'ဒါနဲ့ အသုဘကိစ္စ စီစဉ်ထားပြီးပလား'

အသုဘ… ဝမ်းနည်းစရာအကောင်းဆုံး စကားလုံးဖြစ်သည်။ သေမင်းခေါ်သံ၊ ကြေကွဲမှုပွဲတင်သံဖြစ်သည်။

'ငါ… ငါ… ဘာမှ…'

'ငါ ကူညီပါ့မယ်၊ အခေါင်းသွားဝယ်မယ်'

'မဝယ်ဘူး' သူ့အသံ တော်တော် မာသွားသည်။

ကရိုလင်းက ကြောင်အမ်းအမ်းနှင့် ကြည့်နေသည်။

'နင်မသိဘူးလား၊ ဒါဟာငါ့အနေနဲ့ ရစ်ချတ်အတွက်လုပ်ပေးနိုင်တဲ့ နောက်ဆုံးအရာပဲ၊ ငါသူ့ကို ထူးထူးခြားခြား သင်္ဂြိုဟ်ချင်တယ်၊ သူက သူ့မိတ်ဆွေတွေအားလုံးကို လာစေချင်မှာပဲ' ပြောရင်း မျက်ရည်တွေစီးကျလာသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း…'

'ရစ်ချတ် သက်သောင့်သက်သာအိပ်နိုင်အောင် အခေါင်းကို ငါကိုယ်တိုင်သွားဝယ်မယ်'

ကရိုလင်းအနေဖြင့် ဘာမှပြောစရာမလိုတော့။

○

ထိုညနေတွင် ရဲစုံထောက်အားလ်ဂရင်းဘတ် ရုံးခန်းထဲမှာထိုင်နေစဉ် တယ်လီဖုန်းလာသည်။

'ဒိန်းစတီဗင် ဆက်တာပါ'

ဒိန်းနှင့် နောက်ဆုံးအကြိမ်တွေ့ခဲ့တုန်းက သူ ပါးအရိုက်ခံခဲ့ရတာကို ဂရင်းဘတ် သတိရမိသည်။ သတင်းပေးစရာ တစ်ခုခုရှိလို့ ထင်ပါရဲ့ဟု တွေးမိရင်း တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'ရဲစုံထောက် ဂရင်းဘတ်ပါ'

'ကျွန်မ ဒိန်းစတီဗင်ပါ၊ ကျွန်မခေါ်တာ အကြောင်းနှစ်ချက်ရှိလို့ပါ၊ ပထမအချက်က တောင်းပန်မလို့၊ ကျွန်မ သိပ်ပြီး ရိုင်းသွားပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါရှင်'

'တောင်းပန်စရာမလိုပါဘူး မစ္စက်စတီဗင်၊ ခင်ဗျားရဲ့အခြေအနေကို ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါနဲ့ ကျွန်တော့်ကိုခေါ်တာ အကြောင်းနှစ်ချက်ရှိတယ်ဆို'

သူစောင့်နေသည်။ တစ်ဖက်မှ လုံးဝငြိမ်ဆိတ်နေသည်။

'ဟုတ်ပါတယ်၊ ကျွန်မခင်ပွန်းရဲ့…' သူ့အသံ တိမ်ဝင်သွားသည်။ 'ကျွန်မခင်ပွန်းရဲ့ အလောင်းကို ရဲတပ်ဖွဲ့က တစ်နေရာမှာ ထိန်းသိမ်းထားပါတယ်၊ ကျွန်မ သူ့အလောင်းကို ပြန်ယူချင်ပါတယ်၊ သူ့ကို… သူ့ကို ဒယ်လတန်သုသာန်မှာ သင်္ဂြိုလ်ချင်လို့ပါ' ဂရင်းဘတ် တော်တော်စိတ်မချမ်းသာ ဖြစ်သွားမိသည်။

'မစ္စက်စတီဗင်… အစိုးရလုပ်ငန်းအရ နည်းနည်းတော့ အရစ်ရှည်ဦးမယ်၊ ပထမဆုံး သေမှုသေခင်း စစ်ဆေးရေး ဆရာဝန်က အလောင်းခွဲစိတ်ပြီး ဆေးမှတ်တမ်းရေးတင်ဦးမယ်၊ ဘာမှမပူပါနဲ့၊ ကျွန်တော် ကြည့်စီစဉ်ပေးပါ့မယ်၊ အားလုံး နှစ်ရက်အတွင်း ပြီးသွားမှာပါ'

'ကျေး… ကျေးဇူးတင်ပါတယ်၊ အများကြီး ကျေးဇူးတင်ပါတယ်' သူ့အသံတုန်နေသည်။ ဖုန်းအဆက်အသွယ် ပြတ်သွားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဂရင်းဘတ် အကြာကြီးထိုင်ရင်း ဒီန်းအကြောင်းကို တွေးနေသည်။ သူ့ခမျာ တော်တော်ခံစားရမှာပဲဟု တွေးပြီး ကရုဏာသက်မိသည်။ ထို့နောက်မှာတော့ ကြိုးနီစနစ်ကို ဖြေရှင်းရန် သူ အလုပ်စတင်တော့သည်။

၀

ဒယ်လတန်သုသာန်သည် မေဒီဆင်လမ်းမကြီး၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ ခမ်းနားထည်ဝါသော နှစ်ထပ်အဆောက်အအုံကြီး ဖြစ်၏။ ဒီန်းက စာရေးမစားပွဲသို့ လျှောက်လာသည်။

'မစ္စတာ ဂျုန်းစ်နဲ့ ချိန်းထားလို့ပါ၊ ကျွန်မနာမည် ဒီန်းစတီဗင်ပါ'

စာရေးမက ဖုန်းကိုကောက်ကိုင်ပြီး စကားပြောသည်။ ခဏအကြာတွင် ဆံပင်ဖြူဖြူ မျက်နှာချိုချိုနှင့် မန်နေဂျာ ထွက်လာသည်။

'ကျွန်တော် ရှက်ဂျုန်းစ်ပါ၊ ဒီအချိန်မှာ မစ္စက်စတီဗင် ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်တို့အလုပ်က မစ္စက်စတီဗင်အတွက် တာဝန်ပေါ့သွားအောင် ကူညီဖို့ပါ၊ လုပ်ချင်တာကိုသာပြောပါ၊ အဆင်ပြေအောင် ကျွန်တော်တို့ လုပ်ပေးပါ့မယ်'

'ကျွန်မလည်း ဘာပြောရမှန်းတောင် မသိတော့ဘူး'

မစ္စတာဂျုန်းစ်က ခေါင်းညိတ်ရင်း… 'ကျွန်တော် ရှင်းပြပါ့မယ်၊ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုက အခေါင်းပါမယ်၊ မိတ်ဆွေတွေအတွက် အသုဘရှုအခမ်းအနားပါမယ်၊ သင်္ဂြိုဟ်ဖို့မြေကွက်ပါမယ်၊ ပြီးတော့ မြေမြှုပ်သင်္ဂြိုဟ်မယ်' ခဏ ရပ်နေပြီးတော့မှ 'မစ္စတာစတီဗင်ရဲ့ အသုဘသတင်းအရဆိုရင် အခေါင်းကိုအသေပိတ်ပြီး အသုဘရှုမယ်မဟုတ်လား… မစ္စက်စတီဗင်'

'မဟုတ်ဘူး'

မစ္စတာဂျုန်းစ် အံ့အားသင့်သွားပြီး… 'ဒါပေမဲ့…'

'ကျွန်မက ဖွင့်ထားတာပဲကြိုက်တယ်၊ သူ့ကိုမြေကြီးထဲ မမြှုပ်ခင်မှာ သူ့မိတ်ဆွေတွေကို ကြည့်သွားစေချင်လို့မယ်' သူ့အသံတိမ်ဝင်သွားသည်။

မစ္စတာဂျုန်းစ်က ကြင်နာစွာဖြင့် 'ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါနဲ့ ကျွန်တော် တစ်ခုအကြံပေးပါရစေ၊ ကျွန်တော်တို့မှာ သိပ်တော်တဲ့အလှပြင်ဆရာရှိပါတယ်၊ လိုအပ်တယ်ဆိုရင်…'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



*ရစ်ချတ်ကတော့ ကြိုက်မှာမဟုတ်ဘူး၊ ဒါပေမဲ့...* ဒိန်းက တွေးမိသည်။ ဒါပေမဲ့ သူက ပြောလိုက်သည်။

'ဟုတ်ကဲ့... လိုအပ်ပါတယ်'

'နောက်တစ်ခုကျန်ပါသေးတယ်၊ အလောင်းဆင်ဖို့ အဝတ်အစားကို ပြောတာပါ'

ဒိန်း ရုတ်တရက်လန့်သွားသည်။ သူ့ခင်ပွန်းသည်၏ ဗလာလုံးတီးကိုယ်ခန္ဓာကို လူစိမ်းတစ်ယောက်က လက်အေးကြီးဖြင့် ကိုင်တွယ်မှာကို တွေးကြည့်ပြီး ဒိန်း ကြက်သီးထသွားမိသည်။

'မစ္စက်စတီဗင်' *ရစ်ချတ်ကို ငါကိုယ်တိုင် အဝတ်အစားဆင်ပေးမယ်၊ ဒါပေမဲ့ သူ့ကို ငါမကြည့်ရဲဘူး။*

'မစ္စက်စတီဗင်'

ဒိန်း သက်မချလိုက်ပြီး 'ကျွန်မ အဲဒါကို လုံးဝ မတွေးမိ...၊ ဆောရီးပဲ'

သူ ရုတ်တရက်ပြေးထွက်သွားပြီး တက္ကစီကားကို လှမ်းခေါ်လိုက်သည်။

○

ဒိန်း အိမ်သို့ပြန်ရောက်တော့ ရစ်ချတ်၏အခန်းသို့ ဝင်လာသည်။ ချိတ်စင်နှစ်ခုတွင် ဝတ်စုံတွေပြည့်နေသည်။ ဝတ်စုံတိုင်းက တသသ အမှတ်ရစရာတွေ ဖြစ်နေသည်။ ပန်းချီပြခန်းတွင် သူတို့နှစ်ယောက် စတွေ့တုန်းက ရစ်ချတ်ဝတ်လာသည့် ဝါညိုရောင်ဝတ်စုံလည်းရှိသည်။ *ခင်ဗျားရဲ့ အကွေးအကောက်တွေကို ကျွန်တော် သိပ်ကြိုက်တယ်၊ ... ရှိဆက်တီနဲ့ မာနေးတို့ရဲ့ လက်ရာတွေလို သိမ်မွေ့နူးညံ့မှုရှိတယ်၊* ထိုနေ့က ရစ်ချတ်ပြောခဲ့တဲ့စကားကို ကြားယောင်မိသည်။ အဲဒီ *ဝတ်စုံကို စွန့်လွှတ်လိုက်ရမလား၊ ဟင့်အင်း မစွန့်လွှတ်နိုင်ပေါင်...။* နောက်တစ်စုံကို စမ်းကြည့်သည်။ ပျော်ပွဲစားထွက်သည့်နေ့က ဝတ်လာသော မီးခိုးရောင် အားကစားဂျက်ကက်ဝတ်စုံ ဖြစ်သည်။ အတွေးက အတိတ်ကို ရောက်သွားပြန်သည်။ *ကျွန်မအခန်းကို သွားမလား၊ ရှင့်အခန်းကို သွားမှာလား...၊ ဒါဟာ တစ်ညတာတည်းအတွက် မဟုတ်ဘူးနော်...၊ ဟုတ်ပါတယ်၊ ကျွန်မ နားလည်ပါတယ်...။*

ဒါတွေကို သူဘယ်လိုလုပ် သတိမရဘဲ နေနိုင်ပါ့မလဲ။

နောက်တစ်ခုက အနက်ရောင် အစင်းကွက်ဝတ်စုံ။ *ဒိန်းက ပြင်သစ်အစားအစာ ကြိုက်တယ်မဟုတ်လား... နာမည်ကြီး စားသောက်တစ်ဆိုင်ကို ကိုယ်သိတယ်...။* ရစ်ချတ်၏အသံကို ဒိန်း ကြားယောင်မိသည်။

အပြာရောင်ဘလေဇာ... သားရေကြိမ်းဂျက်ကက်... ဒိန်း သူ့ကိုယ်ပေါ် လွှမ်းခြုံပြီး ပွေ့ပိုက်ထားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



*ဒါတွေကို ငါ တစ်သက်လုံးသိမ်းထားရမယ်…။* အားလုံးက အမှတ်ရစရာတွေချည်းဖြစ်သည်။ *ငါမစွန့်လွှတ်နိုင်ဘူး…။* နောက်ဆုံးတွင် ရှိုက်ငိုရင်း ကြိုးရာဝတ်စုံကိုဆွဲယူပြီး ပြေးထွက်လာခဲ့တော့သည်။

ဝ

နောက်နေ့ ညနေတွင် အသံသွင်းတယ်လီဖုန်းမှ မက်ဆေ့ဂျ်တစ်ခု ရရှိသည်။

*မစ္စက်စတီဗင်… ကျွန်တော် ရဲစုံထောက်ဂရင်းဘတ်ပါ၊ ဒီမှာ ကျွန်တော်အားလုံး ရှင်းထားပြီးပါပြီ။ ဒယ်လတာန် သုသာန်နဲ့လည်း ဆက်သွယ်ပြီးပြီ၊ ခင်ဗျားဖြစ်ချင်တဲ့ပုံစံအတိုင်း လုပ်လို့ရပါတယ်၊ ကျန်းမာပါစေ… ဂွတ်ဘိုင်…*

ဝ

ဒိန်းက သုသာန်မန်နေဂျာ ရှန်ဂျုန်းစ်ဆီကို ဖုန်းလှမ်းဆက်သည်။ 'ကျွန်မ ခင်ပွန်းရဲ့အလောင်း ရောက်လာပြီလား'

'ဟုတ်ကဲ့ ရောက်ပါပြီ၊ အလောင်းဆင်မယ့်လူလည်း အဆင်သင့်ပဲ၊ မစ္စက်စတီဗင် ပို့လိုက်တဲ့အဝတ်အစားတွေကို လည်း ရပါတယ်၊ ကျေးဇူးပါပဲ'

'လာမယ့်သောကြာနေ့မှာ သင်္ဂြိုဟ်လို့ ဖြစ်နိုင်မလား'

'ဖြစ်ပါတယ်၊ မနက် ၁၁နာရီလောက် အတော်ပါပဲ'

*နောက်သုံးရက်ဆိုရင် ရစ်ချတ်နဲ့ငါနဲ့ ခွဲရတော့မယ်၊ ငါ သူ့ဆီကို မသွားမချင်း ခွဲခွာနေကြရတော့မယ်။*

ဝ

ကြာသပတေးနေ့ နံနက်တွင် အသုဘအတွက် အသေးစိတ်အစီအစဉ်တွေလုပ်ရင်း ဒိန်း အလုပ်များနေသည်။ အခေါင်းထမ်းမည့်သူများနှင့် ဖိတ်ကြားမည့်သူများ စာရင်းကို ရေးနေစဉ် တယ်လီဖုန်းလာသည်။

'မစ္စက်စတီဗင်ပါလား'

'ဟုတ်ပါတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ရှန်ကျန်းစ်ပါ၊ ခင်ဗျားရဲ့အတွင်းရေးမှူး အကြောင်းကြားချက်အရ ခင်ဗျားရဲ့ နောက်ထပ်ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်ပြီးပြီဆိုတာကို အသိပေးတာပါ'

ဒိန်း ကြောင်တောင်တောင် ဖြစ်သွားပြီး…

'ကျွန်မရဲ့အတွင်းရေးမှူး… ဟုတ်လား'

'ဟုတ်ပါတယ်၊ သူက ဖုန်းဆက်ပြောတာပါ'

'ကျွန်မ ဘာမှ…'

'ရှင်းရှင်းပြောရရင် ကျွန်တော်လည်း တော်တော်အံ့သြသွားမိတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ဆုံးဖြတ်ချက်ဖြစ်နေတာကိုး၊ ခင်ဗျားရဲ့ခင်ပွန်းကို လွှန်ခဲ့တဲ့တစ်နာရီလောက်က ကျွန်တော်တို့ မီးသင်္ဂြိုဟ်လိုက်ပြီးပါပြီ'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၆

## ပြင်သစ်၊ ပါရီမြို့

ကယ်လီဟားရစ်သည် ဖက်ရှင်လောကတွင် မီးရှူးမီးပန်းပမာ လျှမ်းလျှမ်းတောက် ကျော်ကြားလာသည်။ အသက်နှစ်ဆယ်ကျော်အရွယ် အာဖရိကန်- အမေရိကန် ကပြားဖြစ်သည်။

အသားအရေ ပျားရည်ရောင်၊ ခါတ်ပုံဆရာတွေ စွဲမက်သည့်မျက်နှာ၊ ရွှန်းလက်သည့် အညိုရောင်မျက်လုံး၊ ဖူးရွအိစက်သည့် နှုတ်ခမ်း၊ သွယ်လျလှပသည့် ခြေတံနှင့် ဆွဲဆောင်မှုအပြည့်ရှိသည့် ရုပကာပိုင်ရှင်ဖြစ်သည်။ ပိတုန်းရောင်ဆံကေသာကို တိုတိုညှပ်၍ ကပိုကရိုဖွထားသည်။ ဆံနွယ်တချို့က နဖူးပေါ်ဝဲကျနေသည်။ သည်နှစ်အစောပိုင်းက 'အယ်လီ' မဂ္ဂဇင်းနှင့် 'မဒမ်မွာဆယ်' မဂ္ဂဇင်းပရိသတ်များက ကယ်လီကို ကမ္ဘာ့အလှဆုံးမော်ဒယ်အဖြစ် ရွေးချယ်ခဲ့ကြသည်။

အဝတ်အစားလဲပြီးနောက် မိုးပျံတိုက်ခန်းကျယ်ကြီးကို ဝေ့ကြည့်လိုက်သည်။ ခမ်းနားလှပခြင်း၏ အရသာကို ခံစားရသည်။ တိုက်ခန်းအဆောက်အအုံမှာ ပါရီမြို့၏ စတုတ္ထမြောက် အစည်ကားဆုံးမြို့နယ်တွင်ရှိပြီး တံခါးနှစ်ပေါက်ပါ အခန်းကျယ်ကြီးဖြစ်သည်။

ဧည့်ခန်းတွင် အကောင်းဆုံးပရိဘောဂများ ခင်းကျင်းထားသည်။ ဆင်ဝင်ဆောင်မှ လှမ်းကြည့်လိုက်လျှင် စိန်းမြစ်ကိုဖြတ်ကျော်ပြီး နော်တာဒိမ်းဘုရားကျောင်းရှခင်းကို မြင်နေရသည်။

ကယ်လီသည် ရက်သတ္တပတ်အားလပ်ရက်ကို မျှော်တလင့်လင့်ဖြစ်နေသည်။

www.burmeseclassic.com
the bookhouse
we bring you the future

www.burmeseclassic.com



ခင်ပွန်းသည်က ပျော်စရာအကောင်းဆုံး တစ်နေရာသို့ ခေါ်သွားရန် ကတိပေးထားသောကြောင့် ဖြစ်၏။

'အဲဒီနေ့ကျရင် အလှဆုံးဝတ်စုံကိုဝတ်နော်… အချစ်၊ ကိုယ်တို့သွားမယ့်နေရာကို အချစ် အရမ်းသဘောကျမှာပါ'ဟု မင်္ဂလာတော့ မတ်ဟားရစ်ပြောခဲ့တာကို ကြားယောင်မိသည်။ ကယ်လီပြုံးလိုက်မိသည်။ သူ့အဖို့တော့ မတ်သည် ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံးယောကျ်ားဖြစ်သည်။ လက်ပတ်နာရီကိုကြည့်ပြီး သက်ပြင်းချလိုက်သည်။

*အမြန်ပြေးမှဖြစ်မယ်၊ ဖက်ရှင်ပွဲက နောက်နာရီဝက်အတွင်းစတော့မှာ…'*

ခဏကြာတော့ ကယ်လီတိုက်ခန်းမှထွက်ပြီး စင်္ကြံလမ်းအတိုင်း ဓာတ်လှေကားသို့ လျှောက်လာခဲ့သည်။ သူလျှောက်လာစဉ် အိမ်နီးချင်းတိုက်ခန်းမှ တံခါးပွင့်လာပြီး မဒမ် ဂျူဆက်တေလာပွိုင်တေ စင်္ကြံလမ်းသို့ထွက်လာသည်။ မဒမ်လာပွိုင်တေမှာ ဝဝတုတ်တုတ် ပုပုသေးသေးဖြစ်ပြီး ကယ်လီနှင့်တွေ့လျှင် အမြဲတမ်း ဖော်ဖော်ရွေရွေ နှုတ်ဆက်လေ့ရှိသည်။

'မင်္ဂလာပါ မဒမ်ဟားရစ်'

ကယ်လီက ပြုံးလျက် 'မင်္ဂလာပါ မဒမ်လာပွိုင်တေ'

'မဒမ်ဟားရစ်တို့ကတော့ လှမြဲလှနေတာပဲနော်'

'ကျေးဇူးတင်ပါတယ်'ဟုပြောပြီး ကယ်လီက ဓာတ်လှေကားခလုတ်ကို နှိပ်လိုက်သည်။

ဆယ့်နှစ်ပေလောက်အဝေးတွင် အလုပ်သမားဝတ်စုံနှင့် လူတစ်ယောက် တိုက်ခန်းနံရံမှာ တစ်စုံတစ်ရာတပ်ဆင်နေသည်။ သူက အမျိုးသမီးနှစ်ယောက်ကို တစ်ချက်စောင်းကြည့်ပြီး ဖြတ်ခနဲ တစ်ဖက်လှည့်သွားသည်။

'မော်ဒယ်လုပ်ငန်း ဘယ်လိုနေသလဲ' မဒမ်လာပွိုင်တေက မေးသည်။

'သိပ်ကောင်းပါတယ်၊ ကျေးဇူးပါပဲ'

''ကျွန်မလည်းလာပြီး အားပေးရဦးမယ်''

'ဟုတ်ကဲ့၊ အချိန်မရွေးလာနိုင်ပါတယ်ရှင်'

ဓာတ်လှေကားရောက်လာပြီ။ ကယ်လီနှင့် မဒမ်လာပွိုင်တေတို့ ဓာတ်လှေကားထဲဝင်ကြသည်။ စောစောကလူသည် လမ်းလျှောက်စကားပြောစက်ကလေးကိုထုတ်ကာ ကမန်းကတမ်းစကားပြောပြီး ခပ်မြန်မြန်လျှောက်ထွက်သွားသည်။

ဓာတ်လှေကားတံခါး မပိတ်မီကလေးတွင် ကယ်လီ့တိုက်ခန်းထဲမှ တယ်လီဖုန်းမြည်သံကြားရသည်။ ကယ်လီ ခဏတုံ့ဆိုင်းနေသည်။ သူ မော်ဒယ်ပြပွဲကို မြန်မြန်သွားရမည်။ သို့သော်လည်း ယခုဖုန်းဆက်တာ မတ် ဖြစ်နိုင်သည်။

'ရှင်ပဲသွားတော့' ဟု မဒမ်လာပွိုင်တေကို ပြောလိုက်ပြီး ကယ်လီဓာတ်လှေကားမှ ပြန်ထွက်ခဲ့သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့တိုက်ခန်းသို့ အမြန်ပြန်ပြေးလာခဲ့သည်။ ကမန်းကတမ်း တံခါးဖွင့်ဝင်ပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

'မတ်လား…ဟင်'

'နာနက်တေလား' သူ့စိမ်းအသံဖြစ်နေသည်။

'ဒီနာမည် ကျွန်မ မကြားဖူးပါဘူးရှင်'

'အို ဟုတ်ကဲ့၊ တောင်းပန်ပါတယ်၊ ဖုန်းမှားသွားလို့ပါ'

တယ်လီဖုန်းကို ပြန်ချလိုက်ချိန်တွင် ပြိုကျသံကြီးတစ်ခုပေါ်ထွက်လာပြီး အဆောက်အအုံတစ်ခုလုံး တုန်ခါသွားသည်။ ခဏအကြာတွင် ဆူရူညံညံစကားပြောသံတွေ ကြားရသည်။ ကယ်လီ ကြောက်ကြောက်လန့်လန့်နှင့် ပြေးထွက်လာခဲ့သည်။ အသံဗလံတွေမှာ အောက်ကလာခြင်းဖြစ်၏။

အောက်ထပ်သို့ လှေကားမှ ပြေးဆင်းလာသည်။ ဓာတ်လှေကား ပြုတ်ကျနေပြီး မဒမ်လာဖ့်ိုင်တေ၏အလောင်းမှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ ကယ်လီ ဦးခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ သူ့ခမျှာ သနားစရာကောင်းလိုက်တာ၊ ခုနကပဲ အသက်ရှင်နေတုန်း ရှိနေသေးတာ၊ ငါလည်း သူနဲ့အတူရှိနေခဲ့ရင်… ဘုရား… ဘုရား… တကယ်လို့ ဖုန်းခေါ်သံသာ မကြားခဲ့ရင်တော့…။

ဓာတ်လှေကားနားသို့ လူတွေ ဝိုင်းအုံလာကြသည်။ အဝေးက အရေးပေါ်ဥဩဆွဲသံ ကြားရသည်။ ငါ ဒီမှာနေနေသင့်တယ်၊ ဒါပေမဲ့ မဖြစ်ဘူး၊ မသွားလို့မဖြစ်ဘူး၊ အလောင်းကို ကြည့်လိုက်သည်။ တိုးတိုးကလေး ပြောလိုက်သည်။

'စိတ်မကောင်းလိုက်တာ မဒမ်လာဖ့်ိုင်တေရယ်'

ကယ်လီ ဖက်ရှင်ဆိုင်ကိုရောက်သွားတော့ မန်နေဂျာပီယာက ပြေးကြိုပြီး…

'နောက်ကျလိုက်တာ ကယ်လီရယ်၊ ပွဲကစနေပြီ၊ ဒီမှာ…'

'ခွင့်လွှတ်ပါ ပီယာ၊ တိုက်… တိုက်ခန်းမှာ မတော်တဆအန္တရာယ် ကြုံနေလို့ပါ'

ပီယာလန့်သွားပြီး…

'ဟင်… မင်း… မင်းဘာဖြစ်သွားသေးလဲဟင်'

'ကျွန်မ ဘာမှမဖြစ်ပါဘူး၊ ဘာမှ မဖြစ်ပါဘူး'

ကယ်လီ မျက်လုံး မှိတ်ထားလိုက်သည်။ သည်လိုအခြေအနေကြီးမှာ အလုပ်လာခဲ့ရတာကို စိတ်ထဲ သရီးသရီဖြစ်မိသည်။ သို့သော်လည်း သူ့မှာ အခြားရွေးစရာမရှိ၊ သူက ပြပွဲတစ်ခုလုံး၏ ကြယ်ပွင့်မဟုတ်လား။

the bookhouse we bring you the future

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… မြန်မြန်လုပ်… မြန်မြန်လုပ်' ဝီယာက အတင်းလောဆော်နေသည်။

ကယ်လီ အဝတ်အစားလဲခန်းသို့ ပြေးသွားလေ၏။

ဝ

တစ်နှစ်တာ၏ ဂုဏ်သတင်းအကြီးမားဆုံး ဖက်ရှင်ပြပွဲကို ကင်ဘွန်လမ်း၊ အမှတ် ၃၁ရှိ ရှယ်နယ်တိုက်၏ မှုရင်းခန်းမဆောင်တွင် ခြိမ့်ခြိမ့်သဲကျင်းပနေသည်။ စာနယ်ဇင်းပေါင်းစုံမှ ဓာတ်ပုံသတင်းထောက်တွေက ရှေ့ဆုံးတန်းတွင် နေရာယူထားကြသည်။ ခန်းမကြီး၏ နောက်ဘက်တွင် ပရိသတ်တွေနှင့် ပြည့်နှက်နေသည်။ ပန်းတွေ၊ ကန့်လန့်ကာတွေနှင့် အလှဆင်ထားသည်။

သို့ပေမယ့် ယင်းတို့ကို ဘယ်သူမှစိတ်မဝင်စား။ ဖက်ရှင်သစ်ဝတ်စုံတွေနှင့် တစ်ယောက်ပြီးတစ်ယောက် အလှပြကြမည့် ဖက်ရှင်မယ်တွေကိုသာ အားလုံးက အာရုံစိုက်မျှော်လင့်နေကြသည်။ နောက်ခံတူရိယာဝိုင်းကလည်း ပြပွဲနှင့်လိုက်ဖက်သည့် တီးလုံးများကို တီးခတ်ပေးနေသည်။

အချောအလှဖက်ရှင်မယ်ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် ကိုယ်ဟန်ပြလျှောက်လာစဉ် အသံချဲ့စက်က တစ်ယောက်စီ၏ ဖက်ရှင်ပုံစံတွေကို ကြေညာပေးနေသည်။ ထို့နောက် ဖက်ရှင်မယ်တွေ တစ်ယောက်စီ သီးသန့် လျှောက်ပြသည်။ နောက်ဆုံး ဆွီဒင်မယ်ကလေး လျှောက်ပြသွားပြီးတော့ လှုတိုင်း မျှော်လင့်နေသည့်အချိန်သို့ ရောက်လာသည်။

ပရိသတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ လက်ခုပ်သံတွေ တဖြောင်းဖြောင်းပေါ်ထွက်လာသည်။ လက်ခုပ်သံများ စဲသွားသောအခါ ကယ်လီဟားရစ် ထွက်ပေါ်လာသည်။ သူ အဖြူရောင် ဘီကီနီရေကူးဝတ်စုံကို ဝတ်ထားသည်။ အတွင်းခံဘရာစီယာက စနေနှစ်ခိုင်အလှကို အတိုင်းသားဖော်ပြနေသည်။ သူ ဟန်ပါပါနှင့်လျှောက်လာစဉ် ပရိသတ်က လက်ခုပ်တီး၍ ဩဘာပေးလိုက်ကြသည်။ ကယ်လီက ပြုံးပြုံးကလေး တုံ့ပြန်လိုက်ပြီးနောက် တစ်ပတ်လှည့်လျှောက်ကာ ပြန်ဝင်သွားသည်။

ဓာတ်ခုံနောက်ဘက်တွင် သူ့ကို လူနှစ်ယောက်စောင့်နေကြသည်။

'မစ္စက်ဟားရစ်… နည်းနည်းလောက် အချိန်ရရင်…'

'ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ အဝတ်အစားလဲရဦးမယ်' သူ လှည့်ထွက်သွားမည်လုပ်တော့…

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ခဏနေပါဦး မစ္စက်ဟားရစ်၊ ကျွန်တော်တို့က ရဲစခန်းကပါ၊ ကျွန်တော်က ရဲမှူးဒွန်၊ သူက ရဲအုပ် စတီယူနွေး၊ စကားပြောစရာရှိလို့ပါ'

ကယ်လီပြန်ရပ်လျက် 'ရဲစခန်းက ဟုတ်လား၊ ဘာပြောစရာရှိလို့လဲ'

'ခင်ဗျားနာမည်က မစ္စက်မတ်ဟားရစ် ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်' ကယ်လီ ရုတ်တရက် စိုးရိမ်သွားသည်။

'ဒါဆိုရင် ကျွန်တော် ဒီသတင်းကိုပေးရတာ စိတ်မကောင်းပါဘူး၊ ခင်ဗျားရဲ့ခင်ပွန်း မနေ့ညကဆုံးသွားပါပြီ'

ကယ်လီ၏နားထဲတွင် ဗုံးပေါက်ကွဲသွားသလို ခံစားလိုက်ရသည်။ ရဲမှူးဆက်ပြောနေသည့်စကားကို သူ ဘယ်လိုမှ အဓိပ္ပာယ်မကောက်တတ်အောင် ဖြစ်နေသည်။

'အီဖယ်မျှော်စင်… သန်းခေါင်ချိန်… စာရေးထားခဲ့… အများကြီး ဝမ်းနည်း… အများကြီးကိုယ်ချင်းစာ…'

ဘာစကားတွေမှန်းမသိ၊ လုံးဝအဓိပ္ပာယ်မရှိတဲ့စကားတွေ…။

'မစ္စက်ဟားရစ်…'

*အဲဒီနေ့ကျရင် အလှဆုံးဝတ်စုံကိုဝတ်နော်… အချစ်၊ ကိုယ်တို့သွားမယ့်နေရာကို အချစ် အရမ်းသဘောကျမှာပါ…*

မတ် နောက်ဆုံးပြောခဲ့သည့်စကားကို ကယ်လီ ကြားယောင်မိသည်။

'ဒါ… ဒါ… တစ်ခုခုတော့ မှားနေပြီ' ကယ်လီ ပြောလိုက်သည်။ 'မတ် လုံးဝ… လုံးဝ…'

'စိတ်မကောင်းပါဘူး မစ္စက်ဟားရစ်၊ ဒါနဲ့ နေလို့တော့ ကောင်းပါတယ်နော်'

'ကောင်းပါတယ်' စိတ်ထဲကတော့ ငါ့ဘဝ နိဂုံးချုပ်ပါပြီဟု တွေးနေမိ၏။

ထိုအခိုက် ပီယာ ပျာယာခတ်ရောက်ရှိလာပြီး ဘီကီနီဝတ်စုံသစ်တစ်ထည်ကို ကယ်လီ့လက်ထဲ ထိုးပေးရင်း…

'ကယ်လီ… ရှေ့ဒီမှာ… မြန်မြန်လဲစမ်းပါ၊ အချိန်မရှိတော့ဘူး၊ မြန်မြန် မြန်မြန်'

ကယ်လီက ဘီကီနီကို ကြမ်းပြင်ပေါ်လွှတ်ချလိုက်ပြီး… 'ပီယာ…'

ပီယာက ဘုမသိဘမသိနှင့်… 'အင်…'

'အဲဒါကို ရှင်ပဲဝတ်တော့'

○

ကယ်လီ တိုက်ခန်းသို့ တန်းပြန်လာခဲ့သည်။ မန်နေဂျာက စိတ်မချမ်းလူတစ်ယောက် ထည့်ပေးလိုက်ရမလားဟု

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သေးသည်။ သို့သော်လည်း သူလက်မခံဘဲ ငြင်းပစ်ခဲ့သည်။ သည်အချိန်တွင် သူတစ်ယောက်တည်းသာ နေချင်သည်။ သူ တိုက်ခန်းရှေ့ရောက်သွားတော့ အဆောက်အအုံမှူးအပြင် စက်မှုလုပ်သားဝတ်စုံဝတ်လူတစ်ယောက်နှင့် တိုက်ခန်းငှားတစ်စု ဝိုင်းအုံနေတာကိုတွေ့ရသည်။

'မစွက်လာပ္ပိုင်တေခမျာ သနားစရာကောင်းလိုက်တာနော်၊ တော်တော်ဆိုးတဲ့ မတော်တဆဖြစ်မှုဘဲနော်' တိုက်ခန်းငှားတစ်ဦးက ပြောလိုက်တာဖြစ်သည်။

ဤတွင် စက်မှုလုပ်သားကြီးက ကြေးနန်းကြိုးကြီးတစ်ချောင်း၏ အစွန်းနှစ်ဖက်ကို ကိုင်မြှောက်ပြရင်း…

'ဒါဟာ မတော်တဆဖြစ်မှု မဟုတ်ဘူး မဒမ်၊ တစ်ယောက်ယောက်က ဓာတ်လှေကားလုံခြုံရေးဘရိတ်ကြိုးကို တမင် ဖြတ်ပစ်လိုက်တာပါ…'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၇

နံနက်လေးနာရီတွင် ကယ်လီသည် ကုလားထိုင်မှာထိုင်ကာ ပြတင်းပေါက်အပြင်ဘက်ကို တွေတွေဝေဝေ ငေးကြည့်ရင်း ဗလုံးဗထွေးပြောသံတွေကို ပြန်လည်ကြားယောင်နေ၏။ 'ရဲစခန်းကပါ… စကားပြောချင်ပါတယ်… အီဖယ်မျှော်စင်… စာရေးထားခဲ့တယ်…' မတ် သေသွားပြီ… သူသေသွားပြီ… သေသွားပြီ…။

မျှော်စင်ပေါ်မှ မတ်၏ ကိုယ်ခန္ဓာထိုးကျသွားပုံကို စိတ်မျက်စိထဲ မြင်ယောင်မိသည်။ ပလက်ဖောင်းပေါ်သို့ ဝုန်းခနဲမကျခင်အချိန်မှီ ဖမ်းထားလိုက်နိုင်အောင် ကယ်လီက သူ့လက်နှစ်ဖက်ကို ဆန့်တန်းလိုက်သည်။

*ငါ့ကြောင့် သူသေရတာလား၊ ငါတစ်ခုခုလုပ်မိလို့လား၊ ငါတစ်ခုခု မလုပ်မိလို့လား၊ ငါ တစ်ခုခုပြောမိလို့လား၊ ငါ တစ်ခုခုမပြောမိလို့လား၊ မောင်ထွက်သွားတော့ ကျွန်မအိပ်ကျန်ရစ်တယ်မောင်၊ မောင့်ကိုနှုတ်ဆက်ခွင့် မရလိုက်ပါဘူး၊ မောင့်ကို နမ်းခွင့်မရလိုက်ပါဘူး၊ မောင့်ကို ကျွန်မဘယ်လောက်ချစ်ပါတယ်ဆိုတာ ပြောခွင့်မရလိုက်ပါဘူး၊ မောင်မရှိရင် ကျွန်မဘယ်လိုရပ်တည်နိုင်ပါတော့မလဲ၊ ကျွန်မကို ကူညီပါ၊ ကျွန်မကို ကူညီပါ၊ ကျွန်မကို မောင် အမြဲတမ်းကူညီခဲ့သလို ကူညီလှဲ့ပါဦး မောင်ရယ်…* ယင်းသို့တွေးရင်း မတ်နှင့်မတွေ့ခင်နေ့ရက်များကို ပြန်လည်သတိရနေမိလေသည်။

၀

ကယ်လီ့ကို ဖီလာဒဲလဖီးယားမြို့တွင် မွေးဖွားပြီး အက်သယ်ဟက်ခ်ဝါ့သ်၏ လက်မထပ်ဘဲ မွေးဖွားထားသောသမီး ဖြစ်သည်။ အက်သယ်က မြို့ရှက်နှာဖုံး လူမြ

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီး တာနာ၏အိမ်တွင် အလုပ်လုပ်သည့် လူမည်းမိန်းကလေး။ အသက် ၁၇နှစ်၊ ရုပ်ရည်ချောမောသည်။ တရားသူကြီး၏သား ပီတာကလည်း အသက်၂၀အရွယ် လူချောလူလုကလေး၊ သူက အက်သယ်ကို ဖြားယောင်းသွေးဆောင်ပြီး ခြေတော်တင်သည်။ တစ်လလောက်ကြာတော့ သူမှာကိုယ်ဝန်ရှိနေပြီ ဆိုတာ အက်သယ် သိရသည်။

အက်သယ်က ပီတာကိုဖွင့်ပြောတော့ ပီတာအံ့သြနေသည်။ သို့သော် ချက်ချင်းပင် ဖခင်အခန်းထဲပြေးသွားပြီး သတင်းဆိုးကို အစီရင်ခံသည်။ တရားသူကြီးတာနာက နောက်နေ့နံနက်တွင် သူ့အခန်းသို့ အက်သယ်ကိုခေါ်၍ပြောသည်။

'မင်းလို ပြည့်တန်ဆာမကို ငါ့အိမ်မှာ အလုပ်ပေးမထားနိုင်ဘူး၊ မင်းကို အလုပ်ဖြုတ်လိုက်ပြီ'

ပိုက်ဆံလည်းမရှိ၊ ပညာလည်းမရှိ၊ ကျွမ်းကျင်မှုလည်း မည်မည်ရရမရှိသောကြောင့် အက်သယ်သည် စက်မှုလုပ်ငန်း အဆောက်အအုံတစ်ခုတွင် သန့်ရှင်းရေးအလုပ်သမဝင်လုပ်သည်။ မွေးလာသည့်သမီးကလေးကို ပြုစုစောင့်ရှောက်နိုင်ရန်အတွက် အချိန်ပိုဆင်း၍ လုပ်ကိုင်သည်။ ငါးနှစ်ကြာတော့ ပိုက်ဆံအတန်အသင့်စုမိသည်။ သစ်သားအိမ်အဟောင်းအမြင်းတစ်လုံးဝယ်ပြီး အမျိုးသားဘော်ဒါဆောင်ဖွင့်သည်။

ထိုအချိန်မှစ၍ သူ့အိမ်သို့ ယောကျ်ားတွေဝင်လိုက်ထွက်လိုက်ဖြင့် ခြေရာချင်းထပ်နေတော့သည်။

'ဒီလူတွေဟာ သမီးရဲ့ဦးလေးတွေပဲ' အက်သယ်က သမီးလေးကို ပြောပြသည်။ 'သူတို့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်နဲ့'

ပထမတော့ မိသားစုတွေအများကြီးနှင့်နေရလို့ ကယ်လီပျော်နေသည်။ နောက်တော့မှ ထိုလူတွေမှာ သူ့ဦးလေးတွေမဟုတ်ဘဲ ဘာမှမတော်သည့် လူစိမ်းတွေဖြစ်ကြောင်းသိရသည်။

○

ကယ်လီ ရှစ်နှစ်သမီးအရွယ် တစ်ညမှာ 'ရှီး... တိတ်တိတ်နေ၊ အသံမထွက်နဲ့' ဟူသော အာခေါင်သံကြီးကြောင့် လန့်နိုးလာသည်။

ထို့နောက် မှောင်မှောင်မည်းမည်းထဲတွင် မမြင်ရသောတစ်စုံတစ်ယောက်က ကယ်လီ၏ ညအိပ်ဝတ်ရုံကို ဆွဲချွတ်သည်။ သူဘယ်လိုမှ မခုခံနိုင်မီမှာပင် သူ၏ 'ဦးလေး'တစ်ယောက်က သူ့အပေါ်တက်စီးပြီး သူ့ပါးစပ်ကို လက်နှင့်ဖိပိတ်ထားသည်။ ပြီးတော့ ကယ်လီကိုဖမ်းချုပ်ပြီး အဓမ္မပြုကျင့်သည်။

'ငါသွားတော့မယ်၊ ဒီကိစ္စ နင့်အမေကိုပြန်ပြောရင် ငါပြန်လာပြီး သူ့ကိုသတ်ပစ်မယ်' ဟု တိုးတိုးပြောပြီးနောက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့ယုတ်မာ ပြန်ထွက်သွားသည်။ နောက်တစ်ပတ်လုံးလုံး ကယ်လီမှာ အကြီးအကျယ် ဝေဒနာခံစားရသည်။ သို့သော်လည်း သူ့ဝေဒနာကို သူအတတ်နိုင်ဆုံး ကြိတ်မှိတ်ကာစားသည်။ သည်လိုနှင့် နာကျင်မှု တဖြည်းဖြည်း သက်သာသွားသည်။ သူ့အဖြစ်ကို အမေ့အား ဖွင့်ပြောချင်သည်။ သို့သော်လည်း အမေအသတ်ခံရမှာကြောက်၍ ဖွင့်မပြောရဲ။

ကယ်လီ၏ အနိဋ္ဌာရုံအဖြစ်ဆိုးသည် မိနစ်ပိုင်းလောက်သာကြာသည်။ သို့သော်လည်း ထိုမိနစ်ပိုင်းအဖြစ်ဆိုးသည် ကယ်လီ၏ဘဝကို လုံးဝပြောင်းလဲပစ်လိုက်၏။ သူသည် လင်ကောင်းလင်မွန်ရပြီး ချစ်စရာသားသမီးကလေးတွေနှင့် ပျော်ပျော်ရွှင်ရွှင် နေထိုင်ချင်သည့် မိန်းကလေးတစ်ယောက်ဘဝကနေပြီး ဘဝပျက်အရှက်ရသော မိန်းကလေးဘဝသို့ ပြောင်းလဲသွားသည်။ ထို့ကြောင့် တစ်သက်တွင် ဘယ်ယောကျ်ားကိုမှ ဘယ်တော့မှ သူ့အနားအကပ်မခံတော့ဟု ဆုံးဖြတ်လိုက်သည်။

ကယ်လီ့အနေနှင့် ပြောင်းလဲသွားတာ နောက်တစ်ခုရှိသေးသည်။ အဖြစ်ဆိုးကြုံရသည့်ညမှစ၍ ညအမှောင်တိုင်းကို ကြောက်နေခြင်းပင်ဖြစ်သည်။

■

www.burmeseclassic.com

# အခန်း-၈

ကယ်လီ ဆယ်နှစ်သမီးအရွယ်သို့ ရောက်လာပြီ။ သူ့အမေက သူ့ကို လက်တို လက်တောင်း လုပ်ခိုင်းသည်။ နေ့တိုင်း မနက်ဈေးရှိမှာထ၍ အိမ်သာဆေးရသည်။ မီးဖိုချောင်ကြမ်းတိုက်ရသည်၊ အခန်းငှားတွေအတွက် မနက်စာပြင်ရာတွင် ကူညီရသည်။ ညနေကျောင်းက ပြန်လာလျှင်လည်း အဝတ်လျှော်ရသည်၊ သန့်ရှင်းရေးလုပ်ရသည်၊ ညစာပြင်ပေးရသည်။ သည်အလုပ်တွေကို သူငြီးငွေ့လာသည်။

သူ့အမေကို သူ အလွန်ကူညီချင်သည်။ ချီးကျူးလည်းခံချင်သည်။ သို့သော်လည်း ဘယ်တော့မှ ချီးကျူးမခံရ။ သူ့အမေမှာ အခန်းငှားတွေနှင့် အလုပ်များနေလို့ သမီးငယ်ကို ဂရုစိုက်ဖို့အချိန်မရ။

တစ်ခါတုန်းက စိတ်ကောင်းရှိသည့် အခန်းငှားတစ်ယောက်က ကယ်လီ့ကို ပုံဝတ္ထုတစ်ပုဒ်ဖတ်ပြဖူးသည်။ ဝတ္ထုနာမည်က 'အံ့ဖွယ်ကမ္ဘာဝယ် အဲလစ်မယ်' တဲ့။ ဝတ္ထုထဲတွင် ဇာတ်ဆောင်မိန်းကလေး အဲလစ် အံ့ဖွယ်ယုန်တွင်းထဲ ဝင်ပြေးသွားတာကို ကယ်လီလေး အလွန်သဘောကျမိသည်။ *ငါလည်း သူ့လိုပဲ ထွက်ပြေးရမယ်၊ တစ်သက်လုံး ဒီလိုပဲ အိမ်သာဆေး၊ ကြမ်းတိုက်လုပ်နေလို့ မဖြစ်တော့ဘူး။*

တစ်နေ့မှာတော့ သူ၏ 'အံ့ဖွယ်ယုန်တွင်း'ကို ကယ်လီတွေ့ရှိတော့သည်။ ယင်းမှာ တခြားမဟုတ်၊ သူ၏ 'စိတ်ကူး' ဖြစ်၏။ စိတ်ကူးဖြင့် သူသွားချင်ရာ သွားနိုင်သည်၊ လုပ်ချင်ရာကို လုပ်နိုင်သည်။ သို့နှင့် သူ့ဘဝကိုသူ စိတ်ကူးဖြင့် အသစ်ဖန်တီးသည်။

သူ့မှာ အဖေရှိသည်။ သူ့အဖေနှင့်အမေတို့မှာ အရောင်တူလူမည်းများ ဖြစ်ကြသည်။ အဖေနှင့်အမေတို့က သူ့ကိုဘယ်တော့မှ စိတ်မဆိုးကြ၊ ဆော်ဟောက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဝေါက်ငန်းခြင်းပင် မပြုကြ။ သူတို့ အိမ်ကလည်း အလွန်လုသည်။ အဖေနှင့်အမေတို့က သူ့ကို အလွန်ချစ်ကြသည်။ သူ့ကို အလွန်ချစ်ကြသည်။ အလွန်ချစ်ကြသည်…

○

ကယ်လီ ၁၄နှစ်အရွယ်ရောက်တော့ သူ့အမေ အခန်းငှားတစ်ယောက်နှင့် အိမ်ထောင်ပြုသည်။ သူ့နာမည်က ဒန်ဘာကေး။ အရက်ဆိုင် စားပွဲထိုး။ အသက် ၅၀ခန့်။ လူရိုင်းလူကြမ်း၊ အရာရာကို မကောင်းမြင်သူ။ အက်သယ်က ဘယ်လိုပင်ပြုစုပြုစု တစ်ခါမှ ကျေနပ်သည်ဟူ၍မရှိ။ သူ့စိတ်နှင့်မတွေ့တိုင်း အက်သယ်ကိုရော၊ ကယ်လီ့ကိုပါ အမြဲတမ်းလိုလို အော်ငေါက်နေတတ်သည်။

ကယ့်လီပထွေးက အရက်သမား၊ မူးလာလျှင် ညတိုင်းလိုလို လင်မယားရန်ဖြစ်ကြသည်။ မနက်ကျတော့ အက်သယ်မှာ မျက်နှာပေါ်က ဒဏ်ရာတွေကို မိတ်ကပ်နှင့် ဖုံးဖိရသည်။ သည်အဖြစ်တွေကို နိစ္စဓူဝလိုလို ကြုံနေရတော့ ကယ်လီ အရမ်းစိတ်ညစ်လာသည်။ ထွက်ပြေးချင်စိတ်ပေါက်လာသည်။ သူတို့သားအမိက တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြသည်။ တစ်ညမှာ ကယ်လီ အိပ်မပျော်တပျော်ရှိနေတုန်း တစ်ဖက်ခန်းမှ အကျယ်ကြီးပြောနေသံကို ကြားရသည်။ 'ဒါနဲ့ ဒီကလေးမကို မမွေးခင်ကတည်းက မင်းဘာလို့ ဖျက်ချမပစ်တာလဲ'

'ကျွန်မ ဖျက်ချပါတယ်၊ ဒါပေမဲ့ မပျက်ကျဘူး'

ကြားလိုက်ရတဲ့စကားကြောင့် ကယ်လီ့အနေနှင့် ဝမ်းဗိုက်ကို ဆောင့်ကန်ခံလိုက်ရသလို ခံစားရသည်။ ဪ… *အမေကလည်း ငါ့ကိုမလိုချင်ပါလား၊ ဘယ်သူမှလည်း မလိုချင်ပါလား။*

○

ကယ်လီ ၁၇နှစ်သမီးအရွယ်ရောက်တော့ သူ့အမေလိုပဲ အလုပိုင်ရှင်မကလေး ဖြစ်လာသည်။ ကျောင်းတွင် ယောကျာ်းကလေးတွေက အပြင်တွဲထွက်ဖို့ သူ့ကိုခေါ်ကြသည်။ ကယ်လီက အားလုံးကို အပြတ်ငြင်းပစ်လိုက်သည်။

ကျောင်းပိတ်သည့် စနေနေ့တွေမှာ အိမ်မှုကိစ္စတွေလုပ်ပြီးသောအခါ စာကြည့်တိုက်သို့သွားပြီး တစ်ညနေလုံး စာထိုင်ဖတ်သည်။ စာကြည့်တိုက်မှူး မစ္စက်လီစာမာရီဟူစတန်က စိတ်ကောင်းရှိပြီး ဖော်ရွေသည်။ ကယ်လီ့ကို စာကြည့်

the bookhouse we bring your books
www.burmeseclassic.com

www.burmeseclassic.com



တိုက်တွင် မကြာခဏမြင်နေရတော့ မစ္စက်ဟူစတန်က စိတ်ဝင်စားမိသည်။ တစ်နေ့တွင် သူကပြောသည်။ 'မိန်းကလေးတစ်ယောက် အခုလို စာကြည့်တိုက်လာပြီး စွဲစွဲမြဲမြဲ စာဖတ်တာ မြင်ရတာ ဝမ်းသာစရာပဲ'

ထိုနေ့မှစ၍ သူတို့နှစ်ယောက် ခင်မင်သွားကြသည်။ ရက်အတန်ကြာတော့ ကယ်လီက သူ၏ကြောက်စိတ်နှင့် မျှော်လင့်ချက်များကို စာကြည့်တိုက်မှူးအား ရင်ဖွင့်ပြောပြသည်။

'မင်းဘဝမှာ ဘာဖြစ်ချင်သလဲ ကယ်လီ'

'ကျောင်းဆရာမဖြစ်ချင်ပါတယ် အန်တီ'

'မင်း တကယ်တော်တဲ့ ဆရာမတစ်ယောက် ဖြစ်နိုင်တယ်လို့ ငါယုံကြည်ပါတယ်၊ ဒီအလုပ်ဟာ လောကမှာ အမွန်မြတ်ဆုံး သမ္မာအာဇီဝအလုပ်ပဲ'

ကယ်လီက စကားပြောဖို့ ပါးစပ်ဟလိုက်ပြီးမှ ပြန်ပိတ်လိုက်သည်။ လွန်ခဲ့သည့်တစ်ပတ်လောက်က ထမင်းစားဝိုင်းတွင် သူ့အမေနှင့် သူ့ပထွေးတို့ ပြောသည့်စကားကို သတိရမိသောကြောင့်ဖြစ်၏။

'ကျွန်မ ကောလိပ်တက်ချင်တယ်၊ ကျောင်းဆရာမလုပ်ချင်လို့' ကယ်လီက ပြောသည်။

'ကျောင်းဆရာမ ဟုတ်လား' ပထွေးက သရော်သံနှင့် ရယ်ပြီးပြောသည်။ 'တော်တော်တုံးတဲ့စိတ်ကူးပဲ၊ ကျောင်းဆရာတွေက ဘာမှအလုပ်မဖြစ်ဘူး၊ ငါပြောတာကြားလား၊ ကြမ်းတိုက်တာကတောင် ပိုပြီးပိုက်ဆံရဦးမယ်၊ ဘာပဲဖြစ်ဖြစ် နင့်ကိုကောလိပ်ပို့ဖို့ ငါတို့လင်မယားမှာ ပိုက်ဆံမရှိဘူး'

'ဒါပေမဲ့ ကျွန်မက ပညာသင်ထောက်ပံ့ကြေး ရထားတာပဲ'

'အဲဒီတော့ဘာဖြစ်လဲ၊ လေးနှစ်လုံးလုံး အလကားအချိန်ဖြုန်းတာပဲ အဖတ်တင်မယ်၊ ဒီကိစ္စမေ့လိုက်တော့၊ နင့်ရုပ်ရည်နဲ့ဆိုရင် ဖာသည်လုပ်ဖို့တောင်ကောင်းတယ်'

ကယ်လီ စားပွဲမှထလာခဲ့သည်။ အဲဒါက အတိတ်က ဖြစ်ရပ်…။

ယခုတော့ သူက မစ္စက်ဟူစတန်ကိုပြောပြသည်။ 'သူတို့က ကျွန်မကို ကောလိပ်မပို့ဘူး အန်တီ၊ ကျွန်မတော့ ဒီလိုနဲ့ပဲ ဘဝတုံးရတော့မှာပဲ' သူ့အသံ တိမ်ဝင်သွားသည်။

'မတုံးနိုင်ပါဘူးကွယ်' မစ္စက်ဟူစတန်၏အသံက အားရှိသည်။ 'ဒါနဲ့ မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'နောက်သုံးလဆိုရင် ၁၈နှစ်ပြည့်ပြီ'

'ဒါဆိုရင် မကြာခင်မှာ မင်းဘဝမင်း ဆုံးဖြတ်လို့ရတော့မယ်၊ မင်းကရုပ်ချောတဲ့မိန်းကလေးပဲ၊ အဲဒါကို မင်းသတိထားမိရဲ့လား'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… သတိမထားမိဘူး' ငါ့ကိုယ်ငါတော့လှတယ်လို့ မထင်ပါဘူးဟု တွေးလိုက်မိသည်။ 'ကျွန်မဘဝကို ကျွန်မမုန်းတယ် အန်တီ၊ ကျွန်မဘာမှမဖြစ်ချင်ဘူး၊ ဒီမြို့ကပဲ ထွက်ပြေးချင်တယ်၊ ကျွန်မ ဘယ်သူနဲ့မှမတူချင်ဘူး၊ သူများတွေနဲ့ တခြားစီဖြစ်ချင်တယ်၊ ဒါပေမဲ့ ဖြစ်မလာဘူး၊ ကျွန်မ တစ်ခုခုလုပ်နိုင်တဲ့ အခွင့်အရေးကို ဘယ်တော့မှ မရခဲ့ဘူး၊ ကိုယ့်ဟာကိုယ် ရပ်တည်နိုင်တဲ့အခွင့်အရေးကို ဘယ်တော့မှမရခဲ့ဘူး'

'ကယ်လီ…'

'အဲဒီစာအုပ်တွေကို ကျွန်မဖတ်ခဲ့တာမှားတယ်' သူ့အသံက နာကျည်းသံပါနေသည်။

'ဘာဖြစ်လို့တုန်း'

'အဲဒီစာအုပ်တွေမှာ အလိမ်အညာတွေနဲ့ပြည့်နေလို့၊ အဲဒီချောမောလှပတဲ့လူတွေ… အဲဒီ ခမ်းနားကြီးကျယ်တဲ့နေရာတွေ… စေတစ်လုံးပညာတွေ… အားလုံးအလိမ်အညာတွေချည်းပဲ' သူဦးခေါင်းကို ခါယမ်းရင်း 'တကယ်တော့ စေတစ်လုံးပညာဆိုတာ လုံးဝမရှိပါဘူး'

မစ္စက်ဟူစတန်က ကယ်လီ့ကို အတန်ကြာအကဲခတ်နေသည်။ ကယ်လီ့မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတော့တာ သိသာသည်။ 'ကယ်လီ… စေတစ်လုံးအတတ်ပညာဆိုတာ တကယ်ရှိပါတယ်၊ မင်းအနေနဲ့ စေတစ်လုံးပိုင်ရှင်ဖြစ်ဖို့သာ အရေးကြီးတယ်၊ စေတစ်လုံးပိုင်ရှင်ဖြစ်အောင် ကြိုးစားရမယ်'

'တကယ်လား' သူက မယုံချင်သေး။ 'အဲဒီလိုဖြစ်အောင် ကျွန်မဘာလုပ်ရမလဲ'

'ပထမဆုံးလုပ်ရမှာက မင်းဘာဖြစ်ချင်တယ်ဆိုတာကို သိအောင်လုပ်ရမယ်၊ မင်းဘဝဟာ ထင်ပေါ်ကျော်ကြားတဲ့လူတွေ၊ ခမ်းနားကြီးကျယ်တဲ့နေရာတွေနဲ့ ပြည့်နှက်နေရမယ်။ နောက်တစ်ကြိမ် ငါ့ဆီလာခဲ့ဦး၊ အဲဒီတော့မှ မင်းဖြစ်ချင်တာကို ဖြစ်အောင်လုပ်နည်းကို ငါပြောပြမယ်'

*အလကားညာတာ* ဟု ကယ်လီတွေးလိုက်မိသည်။

○

ကယ်လီ အထက်တန်းအောင်ပြီးနောက် စာကြည့်တိုက်သို့ ထပ်သွားသည်။ မစ္စက်ဟူစတန်က သူ့ကိုခေါ်သည်။

'ကယ်လီ… စေတစ်လုံးပိုင်ရှင်ဖြစ်အောင်လုပ်ဖို့ ငါပြောခဲ့တာကို မှတ်မိရဲ့လား'

'ဟုတ်ကဲ့' သို့သော်လည်း သံသယစိတ်ကတော့ ရှိနေသေးသည်။

bookhouse
www.burmeseclassic.com

www.burmeseclassic.com



မစ္စက်ဟူစတန် စားပွဲနောက်သွားပြီး အမျိုးသမီးမဂ္ဂဇင်းတွေ တစ်ထပ်ကြီးဆွဲထုတ်လိုက်သည်။ *ကော့စမိုဂါးလ်… ဆက်ဗင်းတီးန်… ဂလဲမားရ်… မဒမ်မွာဆယ်… အက်ဆင့်စ်… အလူးယားရ်…*

ကယ်လီက မစ္စက်ဟူစတန်ကမ်းပေးသည့် မဂ္ဂဇင်းတွေကို လှမ်းယူရင်း… 'ဒါတွေနဲ့ ကျွန်မဘာလုပ်ရမလဲ'

'မင်း မော်ဒယ်ဖြစ်ချင်တယ် မဟုတ်လား'

'ဟင့်အင်း…'

'ဘာပဲဖြစ်ဖြစ် ဒီမဂ္ဂဇင်းတွေကို ဖတ်ကြည့်စမ်းပါ၊ ပြီးတော့ မင်းကိုစေတစ်လုံးပိုင်ရှင်ဖြစ်စေနိုင်တဲ့ စိတ်ကူး တစ်ခုခုရသလားဆိုတာ ငါ့ကိုပြန်ပြောပါ'

သူ တကယ်စေတနာနဲ့ပြောတာပဲဟု ကယ်လီ တွေးမိသည်။ သို့သော်လည်း ကယ်လီသဘောတော့ မပေါက်သေး။

'ကျေးဇူးတင်ပါတယ် အန်တီ၊ ကျွန်မဖတ်ကြည့်ပါ့မယ်'

*ငါ နောက်အပတ်အတွင်း အလုပ်တစ်ခုတော့ ရအောင်ရှာမယ်။*

○

ကယ်လီသည် မဂ္ဂဇင်းတွေယူပြီး အိမ်သို့ပြန်လာသည်။ တစ်စောင်မှလှန်မဖတ်ဘဲ အခန်းထောင့်ပုံထားလိုက် သည်။ ထို့နောက် အိမ်မှုကိစ္စတွေကို လုပ်သည်။

ညအိပ်ရာဝင်တော့ မဂ္ဂဇင်းတွေကို သတိရသည်။ တစ်စောင်ပြီးတစ်စောင်လှန်ဖတ်ရင်း ကယ်လီသည် ကမ္ဘာ သစ်တစ်ခုသို့ ရောက်သွားတော့သည်။ လန်ဒန်၊ ပါရီနှင့် အခြားကမ္ဘာ့ဒေသအသီးသီးမှ အချောအလှမော်ဒယ်ကလေးတွေက ခေတ်ပေါ်ဖက်ရှင်ဝတ်စုံတွေဝတ်ပြီး ခန့်ချောချောသည့် အမျိုးသားတွေနှင့် ဓာတ်ပုံတွဲရိုက်ထားကြသည်။ ကယ်လီ့ရင်ထဲ မော်ဒယ်ဖြစ်ချင်စိတ် ရုတ်တရက်ဖြစ်ပေါ်လာသည်။ သူသည် ညအိပ်ဝတ်ရုံကို ချက်ချင်းပြန်ချွတ်ပြီး ရေချိုးခန်းသို့ လာသည်။

သူ့ရုပ်ကိုသူ ကိုယ်လုံးပေါ်မှန်ထဲမှာ ကြည့်သည်။ သူ့ကိုယ်သူ တကယ်လည်း ဆွဲဆောင်မှုရှိသည်ဟု ထင်မိသည်။ လူတိုင်းကလည်း အဲသလိုပြောခဲ့ကြသည်။ သို့သော်လည်း သူ့မှာက အတွေ့အကြုံမရှိ၊ သူ၏ အနာဂတ်ဘဝကို တွေးကြည့် သည်။ မှန်ထဲကို ပြန်ကြည့်လိုက်ပြန်သည်။ ကြီးပွားချင်လျှင် လူတိုင်း တစ်နေရာရာမှ စတင်ရမည်။ ငါလည်း စေတစ်လုံးပိုင် ရှင်ဖြစ်ချင်ရင် ကိုယ်တိုင်ဖန်တီးရမှာပဲဟု ကယ်လီတွေးမိသည်။

the bookhouse

www.burmeseclassic.com



နောက်နေ့နံနက်တွင် ကယ်လီ မစ္စက်ဟူစတန်နှင့်တွေ့ရန် စာကြည့်တိုက်သို့လာသည်။ အစောကြီးလာလို့ မစ္စက်ဟူစတန် အံ့သြနေသည်။

'မင်္ဂလာပါ ကယ်လီ၊ မဂ္ဂဇင်းတွေ ကြည့်ဖြစ်သေးလား'

'ဟုတ်ကဲ့' သူ ပင့်သက်ရှူလိုက်သည်။

'ကျွန်မ မော်ဒယ်လုပ်ဖို့ ကြိုးစားကြည့်ချင်တယ် အန်တီ၊ ဒါပေမဲ့ ဘယ်ကစလုပ်ရမယ်ဆိုတာမသိလို့ ခက်နေပါတယ်'

မစ္စက်ဟူစတန်က ပြုံးလိုက်ပြီး… 'ငါသိပါတယ်၊ ငါ နယူးယောက် တယ်လီဖုန်းလမ်းညွှန်စာအုပ် ကြည့်ပြီးပြီ၊ မင်းက ဒီမြို့မှာ မနေချင်တော့ဘူးဆို' သူက လက်ကိုင်အိတ်ထဲမှ စာရွက်တစ်ရွက်ထုတ်ယူပြီး ကယ်လီ့ကိုကမ်းပေးရင်း… 'ဒါ မင်ဟက်တန်မြို့နယ်က ထိပ်တန်းမော်ဒယ်အေဂျင်စီတွေစာရင်းပဲ၊ လိပ်စာနဲ့ဖုန်းနံပတ် အပြည့်အစုံပါတယ်' ကယ်လီ့လက်ကို ဆုပ်ကိုင်ပြီး… 'ဒီတော့ ထိပ်ဆုံးကသာ စတင်ပေတော့'

ကယ်လီ အံ့အားသင့်လျက်…'ကျွန်မ… ကျွန်မ ဘယ်လိုကျေးဇူးတင်ရမှန်းတောင်…'

'ဘယ်လိုကျေးဇူးတင်ရမယ်ဆိုတာ ငါပြောမယ်၊ တစ်နေ့မှာ မင်းရဲ့ဓာတ်ပုံကို အဲဒီမဂ္ဂဇင်းတွေထဲမှာ မြင်ပါရစေ'

○

'ကျွန်မ မော်ဒယ်လုပ်ဖို့ ဆုံးဖြတ်လိုက်ပြီ'

ထိုညနေ ထမင်းဝိုင်းတွင် ကယ်လီက ကြေညာလိုက်ခြင်းဖြစ်၏။ သူ့ပထွေးက တစ်အားအော်ပြောသည်။

'ဟာ… သောက်သုံးမကျဆုံးတဲ့ စိတ်ကူးဘဲ၊ မင်းဘာဖြစ်ချင်လို့လဲ၊ မော်ဒယ်အားလုံး ဖာသည်မတွေချည်း ပဲကွ… သိရဲ့လား'

ကယ်လီ့အမေက သက်မကြီးချလိုက်သည်။ 'ကယ်လီ… မမိုက်စမ်းပါနဲ့၊ ငါလည်း အမှားတွေလုပ်ခဲ့မိတာပဲ၊ သူတို့က နင့်ကိုသတ်ကြလိမ့်မယ်၊ နင်က လူမည်းလူမွဲ၊ နင်ဘယ်မှ သွားလို့မရဘူး'

သို့သော်လည်း ကယ်လီကတော့ ဆုံးဖြတ်ချက်ကို တုံးတုံးချလိုက်ပြီးပြီ။

○

the bookhouse we bring you culture
www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ မနက်၅နာရီတွင် ကယ်လီ အဝတ်သေတ္တာဆွဲ၍ ကားဂိတ်သို့ ထွက်လာခဲ့သည်။ ကလေးထိန်း၍ရသည့် ဒေါ်လာ၂၀၀ လက်ကိုင်အိတ်ထဲတွင်ပါလာသည်။ မင်ဟတ်တန်သို့ ဘတ်စကားခရီး နှစ်နာရီကြာသည်။ ခရီးတစ်လျှောက်လုံး သူ၏ အနာဂတ်ဘဝကို မျှော်တွေးရင်း ပျော်နေသည်။ သူ ပညာသည်မော်ဒယ် ဖြစ်တော့မည်။ 'ကယ်လီဟက်ခ်ဝါ့သ်' ဆိုသည့် နာမည်က ပညာသည်မဆန်၊ သူဘာလုပ်ရမည်ဆိုတာ သူသိသည်။ ပထမနာမည် တစ်လုံးကိုပဲသုံးမည်။ 'ကယ်လီ… ကယ်လီ…' စိတ်ထဲက ထပ်တလဲလဲရွတ်ကြည့်နေသည်။ 'ဒါ ကျွန်မတို့ရဲ့ ထိပ်တန်းမော်ဒယ် ကယ်လီပေါ့' ဟူ၍ မိတ်ဆက်ပေးသံတွေကို ကြားယောင်မိသည်။

နံနက် ၉နာရီတွင် မင်ဟတ်တန်သို့ရောက်သည်။ ဈေးသက်သာသည့်ဟိုတယ်တစ်ခုတွင် တည်းသည်။ ထို့နောက် သူ့စာရင်းတွင် ထိပ်ဆုံးကပါသည့် မော်ဒယ်အေဂျင်စီသို့ လာခဲ့သည်။ သူ့မျက်နှာတွင် မိတ်ကပ်မရှိ၊ အဝတ်အစားကလည်း ကားစီးလာရ၍ ရှုံ့တွန့်နေသည်။

မော်ဒယ်အေဂျင်စီဧည့်ခန်းတွင် ဧည့်ကြိုစာရေးမတွေ မတွေ့ရ။ ခပ်လှမ်းလှမ်း စားပွဲတစ်လုံးတွင် လူတစ်ယောက် ထိုင်ပြီး စာရေးနေသည်။ ကယ်လီ သူ့ဆီ လျှောက်သွားသည်။

'ခွင့်ပြုပါရှင်' ကယ်လီက ပြောလိုက်သည်။

စားပွဲမှလူက မော့မကြည့်ဘဲ တစ်စုံတစ်ရာပြောသည်။ ကယ်လီ တုံ့ဆိုင်းဆိုင်းဖြစ်နေသည်။

'လူကြီးမင်းတို့အေဂျင်စီမှာ မော်ဒယ်လျှောက်လို့ရပါသလားရှင်'

'မရဘူး၊ တို့က မော်ဒယ်မခေါ်ဘူး'

ကယ်လီ သက်မချလိုက်ပြီး… 'ကျေးဇူးတင်ပါတယ်ရှင်' ဟုပြောကာ ပြန်လှည့်လိုက်သည်။

စားပွဲမှလူက မျက်နှာမော်ကြည့်သည်။ သူ့အမူအရာ ပြောင်းသွားသည်။

'နေပါဦး၊ ခဏနေပါဦး' သူ ဇတ်ခနဲထရပ်လိုက်သည်။ 'ဒါနဲ့ မင်း ဘယ်က လာတာလဲ'

ကယ်လီ ကြောင်သွားပြီး… 'ဖီလာဒဲလဖီးယားက လာတာပါရှင်'

'အရင်က မော်ဒယ်လုပ်ဖူးသလား'

'မလုပ်ဖူးပါဘူးရှင်'

'ကိစ္စမရှိဘူး၊ အလုပ်ခွင်မှာ လေ့လာလို့ရပါတယ်'

ကယ်လီ လည်ချောင်းခြောက်သွားပြီး… 'ကျွန်မ… ကျွန်မ မော်ဒယ်လုပ်လို့ရမှာလားရှင်'

ထိုလူက ပြုံးလိုက်ပြီး… 'ငါပြောမယ်၊ တို့မှာ ဖောက်သည်တွေရှိတယ်၊ မင်းကိုမြင်ရင် သူတို့ အရမ်းကြိုက်မှာပဲ'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ သူ့နားကိုသူ မယုံနိုင်ဖြစ်နေသည်။ ယခုအေဂျင်စီမှာ အကြီးဆုံးမော်ဒယ်အေဂျင်စီ ဖြစ်သည်။ သူတို့…

'ငါ့နာမည်က ဘီလ်လားနား၊ ဒါ ငါ့အေဂျင်စီပဲ၊ မင်းနာမည်ပြောပါဦး'

ကယ်လီ အိပ်မက်မက်ခဲ့သည့် အချိန်သို့ရောက်လာပြီ။ တစ်လုံးတည်းသော သူ့နာမည်ကို ပညာသည်မော်ဒယ်နာမည်အဖြစ် သုံးရတော့မည့်အချိန်ဖြစ်သည်။

'မင်း ကိုယ့်နာမည်ကိုယ်မသိဘူးလား'

ကယ်လီက သူ့ကိုယ်သူ မတ်မတ်ရပ်ကာ ယုံကြည်မှုအပြည့်ဖြင့် ပြောလိုက်လေ၏။

'သိပါတယ်ရှင့်၊ ကျွန်မနာမည် ကယ်လီပါရှင့်'

■

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၉

ခပ်နိမ့်နိမ့်ပျံ့သန်းလာသည့် လေယာဉ်သံကို ကြားရတော့ လူဝစ်ရေနီး၏ မျက်နှာမှာ ပြုံးရောင်သမ်းသွားသည်။ သူ့မောင်လေး ဂယ်ရီ…၊ သူနောက်ကျနေသည်။ လူဝစ်က သူ့ကို လေဆိပ်မှာလာကြိုရမလားဟု မေးခဲ့သေးသည်။ သို့သော်လည်း ဂယ်ရီက 'နေပါစေ မမ၊ ကျွန်တော် တက္ကစီငှားလာခဲ့ပါ့မယ်' ဟု ပြန်ပြောသည်။

'ဒါပေမဲ့ကွယ် မမက…'

'ရပါတယ် မမ၊ မမက အိမ်ကပဲစောင့်နေပါ၊ ကျွန်တော့်ဘာသာ လာခဲ့ပါ့မယ်'

'အေးလေ… မောင်လေးသဘော… မောင်လေးသဘော…'

○

လူဝစ်၏ဘဝတွင် သူ့မောင်လေးဂယ်ရီသည် အရေးအကြီးဆုံး ပုဂ္ဂိုလ်ဖြစ်၏။ ကယ်လိုနာမြို့တွင် ကြီးပြင်းခဲ့သည့် သူ့ဘဝသည် တကယ့်အိပ်မက်ဆိုးပါပေ။ လူဝစ် အပို့ဖော်ဝင်စအရွယ်မှစ၍ တစ်လောကလုံးက သူ့ကို ဆန့်ကျင်နေကြသလို ခံစားခဲ့ရသည်။ အမျိုးသမီးမဂ္ဂဇင်းပေါင်းစုံမှာ ဝေဝေဆာဆာပါလာသည့် ဖက်ရှင်အလှမယ်များနှင့် ရုပ်ရှင်မင်းသမီးများ၏ ဓာတ်ပုံတွေကိုကြည့်ပြီး သူ့ကိုယ်သူ အရှက်ကြီးရှက်ခဲ့ရသည်။ သူက သာမာန်ထက်ပို၍ ဝနေခြင်းကြောင့်ဖြစ်၏။

ကျောင်းနေဘက်တွေက သူ့ကို 'ဝက်မ'၊ 'စည်ပိုင်းမ'၊ 'ဖက်တီးမ' စသည်ဖြင့် ခေါ်ကြတော့ သူ့ခမျာ တော်တော်ခံစားရသည်။ သို့သော်လည်း ဂယ်ရီကတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က အမြဲတမ်းရပ်တည်၍ အကာအကွယ်ပေးခဲ့၏။ တိုရွန်တိုတက္ကသိုလ်မှ ဘွဲ့ရပြီးသည့်နောက်မှာတော့ လူဝစ်ကို စမည့် နောက်မည့်သူ မရှိတော့။ ထိုအချိန်တွင် လူဝစ်အနေဖြင့် အပြင်းပြဆုံး တောင့်တတာကတော့ ဘဝကြင်ဖော်ပင်ဖြစ်၏။

ကံအားလျော်စွာပင် တစ်နေ့တွင် မမျှော်လင့်ဘဲနှင့် ဘဝကြင်ဖော်ကို တွေ့ရ၏။ သူ့နာမည်က ဟာင်နရီလောဆင်။ ဘုရားကျောင်းလူမှုရေးပါတီတစ်ခုတွင် တွေ့ကြခြင်းဖြစ်သည်။ လူဝစ်က လောဆင်ကို မြင်မြင်ချင်းစွဲလမ်းသွားမိသည်။ အရပ်သွယ်သွယ်နှင့် အမြဲတမ်းပြုံးနေသူ။ သူ့အဖေက ဘုရားကျောင်းအုပ်ချုပ်ရေးမှူး။ လူဝစ်သည် လောဆင်နှင့် ပါတီပွဲတွေ တက်ရင်း အချိန်ကုန်နေ၏။ နောက်တော့သိရသည်မှာ လောဆင်သည် သဘာဝကို ချစ်မြတ်နိုးသူဖြစ်ပြီး သစ်ပင်ပန်းမန် ဥယျာဉ် တည်ထောင်ထားသည် ဆို၏။

သူတို့နှစ်ယောက် တွေ့ဆုံပြီး တစ်လမပြည့်မီမှာပင် လောဆင်က ချစ်ခွင့်ပန်တော့သည်။

'လူဝစ်… မင်းကို ကိုယ်ချစ်နေပြီ၊ ကိုယ်တို့ လက်ထပ်ကြရအောင်'

လူဝစ် ဘယ်တုန်းကမှ မကြားဖူးသောစကား ဖြစ်၏။ သူက လောဆင်အား သိုင်းဖက်လိုက်ရင်း… 'ကျွန်မက လည်း မောင့်ကိုချစ်ပါတယ်၊ မောင့်ကို ကျွန်မ လက်ထပ်ပါ့မယ်'

နောက်ငါးရက်ကြာတော့ သူတို့စတွေ့ခဲ့ကြသည့် ဘုရားကျောင်းမှာပင် လက်ထပ်ကြသည်။ ဂယ်ရီနှင့် လူဝစ်တို့၏ မိတ်ဆွေဆယ်ကိုးယောက်လောက်သာ ဖိတ်သည်။ လောဆင်၏အဖေက မင်္ဂလာပွဲအခမ်းအနားကို ကြီးကြပ်စီစဉ်ပေးသည်။ လူဝစ်၏ တစ်သက်တာတွင် အပျော်ဆုံးနေ့ဖြစ်၏။

'မင်းတို့ ပျားရည်ဆမ်းခရီး ဘယ်ကိုသွားကြမလဲ' လောဆင်၏အဖေက မေးသည်။

'လူဝီကန်သာယာ' လောဆင်က ပြောသည်။ 'သိပ်စိတ်ကူးယဉ်စရာကောင်းတဲ့ နေရာပဲ'

'ကောင်းပါဗျာ… ကောင်းပါ့…'

လောဆင်က လူဝစ့်ကိုလှမ်းဖက်ရင်း… 'တို့ဘဝမှာ နေ့တိုင်းဟာ ပျားရည်ဆမ်းခရီး ဖြစ်နေမှာပါ'

လူဝစ်မှာ ပျော်လို့မဆုံးတော့။

○

သူတို့ လက်ထပ်ပြီး ချက်ချင်း 'လူဝီကန်သာယာ'သို့ ထွက်ခွာလာခဲ့ကြသည်။ လူဝီကန်သာယာမှာ ကနေဒီယန်ရှေ့ကီးတောင်စဉ်တောင်တန်းအလယ်ရှိ ''ဘနေးဖ်''အမျိုးသားဥယျာဉ်ထဲက ခမ်းနားကြီးကျယ်သည့် အိုအေစစ်ဖြစ်၏။ သူတို့ရောက်သွားချိန်တွင် ကန်ရေပြင်ပေါ်မှာ နေရောင်လွှမ်းနေဆဲရှိသေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လောဆင်က လူဝစ်ကို သိုင်းဖက်လိုက်ပြီး ''ဒါလင် ထမင်းဆာနေပြီလား''

လူဝစ်က လောဆင့်မျက်နှာကို စေ့စေ့ကြည့်ကာပြုံးလျက်… 'ဟင့်အင်း… မဆာဘူး မောင်'

'ကိုယ်လည်း မဆာဘူး ဒါလင်၊ ဒါဆို စောစောအိပ်ရာဝင်ရင် မကောင်းဘူးလား'

'ကောင်းတာပေါ့ မောင်ရယ်'

○

'အို… မောင်၊ မောင့်ကို သိပ်ချစ်တာပဲ မောင်ရယ်'

'ကိုယ်လည်း ဒါလင့်ကို အများကြီးချစ်ပါတယ်ကွယ်' ထို့နောက် လောဆင် ရုတ်တရက်မတ်တတ်ထရပ်လိုက်ပြီး 'ကဲ… ဒီတော့ ကိုယ်တို့ ရမ္မက်စိတ် တိုက်ဖျက်ကြရအောင်'

'မောင် ဘာပြောတာလဲဟင်' လူဝစ် ဇဝေဇဝါဖြစ်နေသည်။

'ဒူးထောက်ထိုင်'

လူဝစ်ကရယ်လျက်… 'ကောင်းပါပြီ'

သူ ဒူးထောက်ထိုင်သည်။ ကြောင်အမ်းအမ်းနှင့် စောင့်ကြည့်နေသည်။ လောဆင်က ဘောင်းဘီမှခါးပတ်ကြိုးကို ဖြုတ်ယူပြီး လူဝစ်ဆီသို့လျှောက်လာသည်။ ထို့နောက် ဗလာကျင်းနေသည့် လူဝစ်၏တင်ပါးကို ခါးပတ်ကြိုးနှင့် တစ်အားရိုက်တော့သည်။

လူဝစ် နာလွန်း၍အော်သည်။ ပြန်ထမလို့လုပ်သည်။ 'မောင်… မောင်… ဘာလုပ်…'

လောဆင်က အတင်းပြန်တွန်းချပြီး… 'ကိုယ် ပြောတယ်မဟုတ်လား ဒါလင်၊ ဒါ ရမ္မက်စိတ်ကို တိုက်ဖျက်တာလေ' ပြီးတော့ နောက်ထပ်ရိုက်ပြန်သည်။

'တော်ပါတော့… တော်ပါတော့…'

'နေ… ဒီအတိုင်းပဲနေ…' သူ့အသံက ကြောက်စရာကြီး။

လူဝစ်က အတင်းရုန်းထရန် ကြိုးစားသည်။ လောဆင်က လက်တစ်ဖက်ဖြင့် တစ်အားပြန်တွန်းချပြီး တစ်ဖက်လက်ဖြင့် ထပ်ရိုက်ပြန်သည်။

'ရမ္မက်စိတ်ဟာ မကောင်းမှုဘဲ၊ အဲဒါကို တိုက်ထုတ်ပစ်ရမယ်၊ ကမ္ဘာဦးလူသားတွေဖြစ်တဲ့ အာဒမ်နဲ့ဧဝကို ကြည့်ပါလား၊ သူတို့ကြောင့် လူ့လောကကြီး စပြီးပျက်စီးခဲ့ရတာပေါ့'

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



လူဝစ်က ဘာမှပြန်မပြောဘဲ ငိုပဲငိုနေသည်။

'ကဲပါ… မငိုပါနဲ့၊ ကိုယ်တို့ ရုမ္မက်စိတ်ကို အနိုင်ယူလိုက်ပြီပဲ'

○

ထိုနေ့ညသန်းခေါင်လောက်တွင် လောဆင်အိပ်ပျော်နေစဉ် လူဝစ် အဝတ်အစားသေတ္တာကိုဆွဲပြီး ထွက်ပြေးလာခဲ့သည်။ ဖန်ကူးဗားသို့ လေယာဉ်စီးသည်။ ဂယ်ရီကို ဖုန်းဆက်ခေါ်လိုက်ပြီး နေ့လယ်စာစားကြသည်။ လူဝစ်က ဖြစ်ကြောင်းကုန်စင်ကို ဂယ်ရီအားပြောပြသည်။

'ဒီလူက ပုံမှန်မဟုတ်ဘူး မောင်လေး၊ စိတ်ရူးပေါက်နေတဲ့လူ၊ ငါ သူ့ကို တရားဝင်ကွာရှင်းပစ်မယ်၊ ဒါပေမဲ့ ငါ လောလောဆယ် ဒီမြို့က ထွက်သွားမှဖြစ်မယ်'

ဂယ်ရီ ခေတ္တစဉ်းစားနေပြီးတော့မှ 'ကျွန်တော့်မှာ မိတ်ဆွေတစ်ယောက်တော့ ရှိတယ်၊ အသက် အာမခံကုမ္ပဏီပိုင်ရှင်ပဲ၊ အဲဒါ ဒင်းဗားမှာ၊ မိုင် ၁၅၀၀လောက်ဝေးတယ်'

'သိပ်ကောင်းတာပေါ့'

'ကျွန်တော် သူ့ဆီ ဖုန်းဆက်လိုက်မယ်'

○

နောက် ရက်သတ္တနှစ်ပတ်အကြာတွင် လူဝစ်သည် အသက်အာမခံကုမ္ပဏီတွင် စီမံခန့်ခွဲရေးဌာန၌ အလုပ်ရသည်။ သူတို့မောင်နှမ အဆက်အသွယ်မပြတ်ရှိသည်။ လူဝစ်က ဘန်ဂလိုကလေးတစ်လုံး ဝယ်သည်။ အဝေးတွင် ရော့ကီးတောင်စဉ်တန်းကို လှမ်းမြင်နေရသည်။ ဂယ်ရီလာလည်လျှင် နှစ်ယောက်သား စကီတ်စီးကြသည်၊ ငါးမျှားကြသည်။ ဘာမှမလုပ်လျှင် ခေည့်ခန်းတွင်ထိုင်ရင်း စကားပြောကြသည်။ 'အစ်မအတွက် ကျွန်တော် ဂုဏ်ယူပါတယ်' ဟု ဂယ်ရီကပြောသည်။ လူဝစ်ကလည်း သူ့မောင်၏ အောင်မြင်မှုအတွက် ဂုဏ်ယူသည်။ ဂယ်ရီက သိပ္ပံဘာသာဖြင့် ပါရဂူဘွဲ့ရသည်။ နိုင်ငံတကာ လေယာဉ်ပိုင်ရှင်ကြီးတစ်ခုတွင် အလုပ်လုပ်နေသည်။ အပျော်တမ်း ဝါသနာအလုပ်မှာ လေယာဉ်မောင်းခြင်း ဖြစ်သည်။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဂယ်ရီအကြောင်းကို ထိုင်တွေးနေစဉ် အိမ်ရှေ့မှ တံခါးခေါက်သံ ပေါ်ထွက်လာသည်။ ဘယ်သူပါလိမ့်ဟု ပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ဂယ်ရီ၏မိတ်ဆွေ တွမ်ဟူးဘနား ဖြစ်နေသည်။

လှူဝစ်က တံခါးဖွင့်ပေးသည်။ တွမ်ဟူးဘနား ဝင်လာသည်။

'ဟိုင်း… တွမ်'

'လှူဝစ်'

'ဂယ်ရီ မရောက်သေးဘူး၊ တော်လောက်ကတော့ သူ့လေယာဉ်ပျံအသံ ကြားလိုက်သလိုပဲ၊ သူ မကြာခင် ရောက်လာမှာပါ၊ စောင့်နေမှာလား ဒါမှမဟုတ်…'

တွမ်က လှူဝစ်အား ကြောင်ကြောင်ကြီးကြည့်ရင်း 'မမ သတင်းကြေညာချက် နားမထောင်လိုက်ဘူးထင်တယ်'

လှူဝစ်က ခေါင်းခါပြရင်း 'ဟင့်အင်း… ဘာဖြစ်နေလို့လဲ၊ နောက်ထပ် စစ်ပွဲတစ်ပွဲတော့ မဖြစ်သေးပါဘူးနော်'

'မမ… သတင်းဆိုးပြောရမှာ စိတ်မကောင်းပါဘူး၊ တကယ့် သတင်းဆိုးပါ' သူ့အသံ ထစ်နေသည်။ 'ဂယ်ရီ့ သတင်းပါ'

လှူဝစ် မျက်နှာပျက်သွားပြီး

'ဟင်… ဂယ်ရီ ဘာဖြစ်လို့လဲ'

'သူ မမဆီလာရင်း လမ်းမှာ သေဆုံးသွားတယ်၊ ကျွန်တော် သိပ်ကို စိတ်မကောင်းဖြစ်မိပါတယ် မမ၊ မမတို့ မောင်နှစ်မ တစ်ယောက်ကိုတစ်ယောက် ဘယ်လောက်ချစ်ကြတယ်ဆိုတာ ကျွန်တော် သိပါတယ်'

လှူဝစ် စကားပြောဖို့ ကြိုးစားသည်။ သို့သော်လည်း သူ အသက်ရှူအလွန်မြန်နေသည်။

'ဘယ်လို… ဘယ်လို… ဘယ်လို'

တွမ်ဟူးဘနားက လှူဝစ်၏လက်ကိုကိုင်ပြီး ဆိုဖာဆီသို့ ညင်သာစွာ ခေါ်လာသည်။

လှူဝစ် ဆိုဖာပေါ်ထိုင်ကာ အသက်ပြင်းပြင်း ရှူထုတ်လိုက်သည်။

'ဘာ… ဘာဖြစ်တာလဲ၊ ဘယ်လို ဖြစ်တာလဲ'

'ဂယ်ရီ မောင်းလာတဲ့လေယာဉ် တောင်နံရံကို ဝင်တိုက်တာ၊ ဒင်းဗားမြို့ပြင်က သုံးလေးမိုင်လောက် အကွာမှာ'

လှူဝစ် ပျော့ခွေသွားသည်။

'တွမ်… ငါ တစ်ယောက်တည်း နေနေပါရစေ'

'မမ ဖြစ်ပါ့မလား၊ ကျွန်တော် နေပေးလို့ရပါတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'နေပါစေ၊ ကျေးဇူးတင်ပါတယ်၊ သွားသာ သွားပါ'

တွမ်ဟူးဘနား ရပ်ပြီးတွေနေသည်။ ထို့နောက် ခေါင်းညိတ်လိုက်ပြီး 'ကောင်းပြီလေ၊ ဒါပေမဲ့ လိုအပ်ရင်တော့ ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ'

တွမ်ဟူးဘနား ပြန်ထွက်သွားသံကို လူဝစ် မကြားလိုက်။ သူသည် ခေတ်လိုက်ခံရသူလို ဖြစ်နေသည်။ သူ သေသွားပြီဟု တစ်ယောက်ယောက်က လာပြောသလို ခံစားရသည်။ သူ့စိတ်သည် ကလေးဘဝသို့ ပြန်ရောက်သွားသည်။ သူ့ကို ရိသဲ့သဲ့လုပ်သည့် ကောင်လေးတွေ၏ အန္တရာယ်မှ ဂယ်ရီက အမြဲတမ်း ကာကွယ်ပေးခဲ့သည်။ အားကစားပွဲ၊ ရုပ်ရှင်ပွဲ၊ ပါတီပွဲ သွားလေရာတွင် ဂယ်ရီ အမြဲတမ်းပါခဲ့သည်။ လွန်ခဲ့သည့် တစ်ပတ်လောက်က သူတို့မောင်နှမ အတူတကွ ရှိခဲ့သည့် မြင်ကွင်းကို ရုပ်ရှင်ဝိတ်ကားပေါ်တွင် ကြည့်ရသလို မြင်ယောင်လာသည်။

သူတို့နှစ်ယောက် ညစာစားပွဲတွင် ထိုင်နေကြသည်။

'ဘာမှလည်း မစားပါလား ဂယ်ရီ'

'ဟင်းတွေက ကောင်းပါတယ်၊ ကျွန်တော် သိပ်မဆာလို့ပါ မမ'

လူဝစ်က ခေတ္တအကဲခတ်နေပြီးတော့မှ 'မင်း တစ်ခုခု ပြောချင်နေတယ်ထင်တယ်'

'မမက အမြဲတမ်း သိနေတာပဲနော်'

'မင်းရဲ့ အလုပ်ကိစ္စနဲ့ ပတ်သတ်နေလို့လား'

'ဟုတ်ပါတယ်' သူ ပန်းကန်ပြားကို တွန်းဖယ်လိုက်ပြီးနောက် 'ကျွန်တော် အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ် ထင်တယ်'

လူဝစ် မျက်လုံးပြူးသွားပြီး 'ဘာ…'

'မမ… လောလောဆယ် ဘာဖြစ်နေတယ်ဆိုတာကို ဒီကမ္ဘာမှာ လူခြောက်ယောက်လောက်ပဲ သိတယ်၊ အနှလ်ာနေ့ကျရင် ကျွန်တော် ဒီကိုပြန်လာပြီး ညအိပ်ရမယ်၊ အင်္ဂါနေ့မနက်ကျတော့ ဝါရှင်တန်ကို သွားရမယ်'

လူဝစ် တွေဝေသွားသည်။ 'ဝါရှင်တန်ကို ဘာကြောင့် သွားရမလဲ'

'ပရိုင်မာအကြောင်းကို ပြောပြဖို့'

ထို့နောက် ဂယ်ရီက အသေးစိတ် ပြောပြသည်။

ဝ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ဂယ်ရီသေသွားပြီ။ 'ကျွန်တော် အန္တရာယ်နဲ့ ရင်ဆိုင်နေရတယ် ထင်တယ်' ဟု သူပြောခဲ့သည်။ သူ မတော်တဆ အန္တရာယ်ကြောင့် သေရတာမဟုတ်၊ သူ တမင် အသတ်ခံရတာ ဖြစ်သည်။

လူဝစ် လက်ပတ်နာရီကို ကြည့်လိုက်သည်။ လောလောဆယ် တော်တော့်ကို နောက်ကျသွားပြီ။ သို့သော်လည်း သူမောင်အတွက် လက်စားချေနိုင်ရန် မနက်ကျတော့မှ ဖုန်းဆက်တော့မည်။ ဂယ်ရီလုပ်ရန် စီစဉ်ထားသည့် ကိစ္စများကို သူကိုယ်တိုင် အပြီးသတ်လုပ်ရမည်။ လူဝစ် စိတ်မောလူမော ခံစားရသည်။ ဆိုဖာကုလားထိုင်မှ မနည်းအားယူပြီး ထရသည်။ သူ ညစာမစားရသေး၊ သို့သော်လည်း စားစရာကို တွေးလိုက်သည်နှင့် ရင်ထဲက ပျို့တက်လာသည်။

သူ အိပ်ခန်းသို့ လာခဲ့သည်။ အိပ်ရာပေါ် လှဲလိုက်သည်။ အဝတ်ပင် မလဲနိုင်တော့၊ သူသည် နောက်ဆုံးတွင် တွေတွေဝေဝေနှင့် အိပ်ပျော်သွားလေ၏။

○

လူဝစ် အိပ်မက်မက်သည်။ အိပ်မက်ထဲတွင် သူနှင့်ဂယ်ရီတို့ မီးရထားပေါ် ရောက်နေကြသည်။ ရထားက အရှိန်နှင့် ခုတ်မောင်းနေသည်။ တွဲထဲက ခရီးသည်အားလုံး ဆေးလိပ်သောက်နေကြသည်။ ရာသီဥတုကလည်း ပူသည်။ ဆေးလိပ်မီးခိုးမွှန်၍ လူဝစ် ချောင်းဆိုးသည်။ သူ ချောင်းဆိုးသံကြောင့် သူ လန့်နိုးလာသည်။ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ သူ မျက်ကလူးဆန်ပျာ ဖြစ်သွားသည်။ သူ့အိပ်ခန်းကို မီးလောင်နေသည်။ မီးညွန့်က ခန်းဆီးတွေအပေါ် ရောက်နေသည်။ တစ်ခန်းလုံး မီးခိုးတွေနှင့် ပြည့်နှက်နေသည်။ လူဝစ် ခုတင်ပေါ်မှ ခုန်ဆင်းလိုက်သည်။ သူ အသက်ရှူကျပ်နေ သည်။ အသက် ကြိုးစားရှူရင်း ဧည့်ခန်းသို့ ပြေးလာခဲ့သည်။ ဧည့်ခန်း တစ်ခုလုံးကိုလည်း မီးတောက်မီးလျှံတွေက ဝါးမျိုနေပြီး မီးခိုးတွေနှင့် လှောင်ပိတ်နေသည်။ အားတင်းပြီး တံခါးဆီသို့ ပြေးထွက်လာသည်။ ခြေထောက်တွေ ခွေယိုင်ပြီး လဲကျသွားသည်။

မီးညွန့် မီးစွယ်တွေ သူ့ဆီသို့ အငမ်းမရ ဦးတည်လာနေသည်ကိုသာ လူဝစ်ရေနိုး နောက်ဆုံးမှတ်မိလိုက်တော့သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၀

ကယ်လီအဖို့ အရာရာတိုင်းသည် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲဖြစ်ပေါ်နေသည်။ သူသည် အလုပ်ပြမော်ဒယ်ပညာရပ်၏ အရေးအကြီးဆုံး နည်းစနစ်များကို ထင်တာထက် မြန်မြန်ဆန်ဆန် သင်ယူတတ်ကျွမ်းသည်။ မော်ဒယ်အေဂျင်စီက လည်း ရုပ်သွင်ဖော်နည်း၊ အမူအရာလုပ်နည်းနှင့် ကိုယ်ဟန်ပြနည်းများကို အပြည့်အဝ သင်ပြသည်။ မော်ဒယ်လုပ်ငန်း၏ အဓိကအချက်သည် ကိုယ်နေဟန်ထား ဖြစ်သည်။ သို့ပေမယ့် ကယ်လီကတော့ အမူအရာသာ အဓိကဟု ထင်သည်။ ဘာကြောင့်လဲဆိုတော့ သူက သူ့ကိုယ်သူ ချောမောလှပပြီး ဆွဲဆောင်မှုရှိသည်ဟု မထင်သောကြောင့် ဖြစ်သည်။

ဘယ်လိုပင်ထင်ထင် ကယ်လီတစ်ယောက် နေ့ချင်းညချင်း ထင်ပေါ်ကျော်ကြားလာတာကတော့ အမှန်ပင်။ နှစ်နှစ်တာကာလအတွင်းမှာ ထိပ်တန်းစာရင်းဝင် မော်ဒယ်တစ်ဦး ဖြစ်လာခဲ့သည်။ နိုင်ငံပေါင်း တစ်ဒါဇင်ခန့်တွင် ကုန်ပစ္စည်းကြော်ငြာ ရိုက်ရသည်။ အများအားဖြင့် သူ့အလုပ်လုပ်သော မော်ဒယ်အေဂျင်စီ၏ အဓိက ဖောက်သည်များရှိရာ ပြင်သစ်နိုင်ငံ၊ ပါရီမြို့တော်တွင် အချိန်ကုန်သည်။

တစ်ခါက အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှာ ဖက်ရှင်ပြပွဲကြီး ပြုလုပ်ပြီးသည့်နောက် ပါရီမြို့သို့ မပြန်မီ သူ့အမေနှင့် သွားတွေ့သည်။ မိခင်ကြီးမှာ တော်တော်လည်း အိုစာသွားပြီ၊ သောကဖိစီး၍ တော်တော်လည်း နွမ်းလျနေပြီ။ ငါ သူ့ကို ဒီနေရာက ခေါ်ထုတ်သွားရမယ်၊ တိုက်ခန်းကောင်းကောင်း ဝယ်ပေးပြီး ကောင်းကောင်း မွန်မွန် စောင့်ရှောက်ထားမယ်ဟု ကယ်လီ စိတ်ကူးမိသည်။

သမီးကိုမြင်လိုက်ရတော့ မိခင်ကြီး အလွန်ဝမ်းသာသွားသည်။

the bookhouse
we bring you future
www.burmeseclassic.com

www.burmeseclassic.com



'အခုလို သမီးရောက်လာတော့ မေမေ သိပ်ပြီးဝမ်းသာမိတယ် သမီးရယ်၊ လစဉ် ပိုက်ဆံပို့ပေးတဲ့အတွက်လည်း အများကြီး ကျေးဇူးတင်ပါတယ်ကွယ်'

'မေမေ့ကို သမီး ပြောစရာရှိတယ်၊ သမီး အစီအစဉ်တစ်ခု လုပ်ထားတယ်၊ မေမေ့ကို ဒီနေရာက…'

'အလို… ဘယ်က ညှော်သည့်လဲ အောက်မေ့တယ်၊ လက်စသတ်တော့ နာမည်ကျော် မော်ဒယ်သခင်မကြီး ပါလား' ကယ်လီ၏ ပထွေးဖြစ်သူ ဝင်လာပြီး ပြောလိုက်တာဖြစ်သည်။ 'ဒါနဲ့ မင်းက ဒီကို ဘာလာလုပ်တာတုန်း၊ ကိုယ်လုံးပေါ် အဝတ်အစားတွေဝတ်ပြီး လူတွေရှေ့မှာ လမ်းလျှောက်မပြဘူးလား'

နောက်တစ်ကြိမ်ကျတော့ ပြမှာပါဟု ကယ်လီက စိတ်ထဲမှ ပြောလိုက်သည်။

○

ကယ်လီမှာ နောက်တစ်နေရာ ဝင်စရာရှိသေးသည်။ တစ်ခါတုန်းက သူ အချိန်တွေ အများကြီးဖြုန်းခဲ့ဖူးသည့် စာကြည့်တိုက်။ မဂ္ဂဇင်းလေးငါးခြောက်စောင်ကို ရင်မှာပိုက်ပြီး စာကြည့်တိုက်ထဲဝင်လာတော့ ကယ်လီစိတ်ထဲတွင် အတိတ်က ဖြစ်စဉ်တွေ ကခုန်နေကြသည်။

မစ္စက်ပာူစတန် သူ့စားပွဲမှာ မရှိ။ ကယ်လီ အထဲဝင်လာသည်။ မစ္စက်ပာူစတန် တစ်နေရာတွင် စာအုပ်စင်တွေနား ရပ်ပြီး စာအုပ်တွေနှင့် အလုပ်များနေသည်။

တံခါးဖွင့်သံကြားတော့ 'ခဏကြာ ငါလာခဲ့မယ်' ဟု ပြောလိုက်ပြီး လှမ်းကြည့်လိုက်ရာ 'ဟင်… ကယ်လီ'

နှစ်ယောက်သား အပြေးကလေး ပွေ့ဖက်လိုက်ကြသည်။

မစ္စက်ပာူစတန်က ကိုယ်ကို ပြန်ခွာပြီး ကယ်လီ့ကို စေ့စေ့ကြည့်ရင်း…

'ငါ ယုံတောင်မယုံဘူးကွယ်၊ ဒါနဲ့ ဒီကို မင်း ဘာလာလုပ်တာလဲဟင်'

'မေမေ့ကို လာတွေ့တာ၊ အန်တီ့ကိုလည်း တွေ့ချင်လို့'

'မင်းအတွက် အန်တီအများကြီး ဂုဏ်ယူပါတယ် ကယ်လီ၊ မင်းကတော့ သဘောပေါက်မှာ မဟုတ်ဘူး'

'ဒါနဲ့ ကျွန်မက အန်တီ့ကို ကျေးဇူးတင်ပါတယ်လို့ပြောတော့ အန်တီက မင်းရုပ်ပုံကို ဖက်ရှင်မဂ္ဂဇင်းထဲမှာ ငါမြင်ပါရစေလို့ပြောတာကို မှတ်မိသေးလား၊ ဟောဒီမှာ ကြည့်ပါ' ဟု ပြောရင်း ကယ်လီက မစ္စက်ပာူစတန်လက်ထဲ မဂ္ဂဇင်းတွေ တစ်ထပ်ကြီး ထိုးပေးလိုက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂဇင်းတွေက 'အယ်လီ' (Elle)၊ 'ခေါ့စ်မော့ပေါ်လီတန်' (Cosmopolitan)၊ 'ဗင်နတီဖဲယား' (Vanity Fair) နှင့် 'ဗော့ဂ်' (Vogue)။ လေးစောင်စလုံး၏ အဖုံးတွင် ကယ်လီ့ပုံကို အသားပေး ဖော်ပြထားသည်။

'လှလိုက်တာကွယ်' မစ္စက်ဟူစတန်က ပြုံးပြုံးကြီးပြောရင်း 'ငါလည်း ပြရဦးမယ်' ဟု ဆိုပြီး စားပွဲနောက်ဘက် လျှောက်သွားကာ အလားတူ မဂ္ဂဇင်းတွေ တစ်ထပ်ကြီး သယ်ယူလာသည်။

ကယ်လီသည် အခိုက်အတန့်အားဖြင့် စကားမပြောနိုင်အောင် ဖြစ်နေမိသည်။

'ကျွန်မတော့ အန်တီ့ကို ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး၊ အန်တီ ကျေးဇူးကြောင့် ကျွန်မ ဘဝ ပြောင်းလဲခဲ့ရတာပါ'

'မဟုတ်ဘူး ကယ်လီ၊ မင်းဘဝကို မင်းကိုယ်တိုင် ပြောင်းလဲခဲ့တာပါ၊ ငါက မင်းကို နည်းနည်းလေး တွန်း ပေးခဲ့ရုံလောက်ပါ၊ ပြီးတော့ ကယ်လီ…'

'ဟုတ်ကဲ့၊ ပြောပါ အန်တီ'

'ငါလည်း ဖက်ရှင်ကျကျ ဝတ်စားတတ်လာတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်'

○

ကယ်လီသည် တစ်ကိုယ်တည်း သီးသန့်နေထိုင်တတ်သောကြောင့် သူ၏ ထင်ပေါ်ကျော်ကြားမှုမှာ တစ်ခါတလေ သူ့အတွက် အနှောက်အယှက် ဖြစ်နေတတ်သည်။ ဓာတ်ပုံသတင်းထောက်တွေက ခဏခဏ လာပြီး အနှောက်အယှက်ပေးကြ သည်။ သူ မသိတဲ့လူတွေနှင့် တွေ့ရတော့ သူ့မှာ ကြောက်စိတ်ဝင်လာတတ်သည်။ သူက တစ်ယောက်တည်း နေရတာကို နှစ်သက်သည်။ မတ်အကြောင်းတွေးတောရင်း၊ အတိတ်ကို ပြန်ပြောင်းတွေးတောရင်း တစ်ကိုယ်တည်းသာ နေချင်သည်။ သည်လိုနှင့် ပထမဆုံးအကြိမ်ကို သတိရလာမိသည်…

'ပဋ္ဌမကျော့ဘုရင်' ဟိုတယ်၊ စားသောက်ခန်းတွင် သူ နေ့လယ်စာစားနေစဉ် အဝတ်အစား ဖိုသီဖတ်သီ ဝတ်ထားသည့် လူတစ်ယောက်ဖြတ်သွားရင်း သူ့အနားရောက်တော့ ရုတ်တရက်ရပ်ပြီး သူ့ကို စိုက်ကြည့်နေသည်။ တစ်ချိန်လုံး အိမ်တွင်းအောင်းနေသူလို သူ့ အသားအရေက ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ လက်ထဲမှာတော့ 'အယ်လီ' မဂ္ဂဇင်းကိုင်လို့၊ ကယ်လီ၏ ဓာတ်ပုံပါသည့် စာမျက်နှာကို လှန်ထားသည်။

'ခွင့်ပြုပါခင်ဗျာ' ထိုသူက ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ အနှောက်အယှက်ဖြစ်သွားပြီး 'အဲဒီတော့...'

'ခင်ဗျားဓာတ်ပုံကို ကျွန်တော်မြင်... အဲ... ဒီဆောင်းပါးထဲမှာ ခင်ဗျားအကြောင်း ဖတ်ရတော့ ခင်ဗျားကို ဖီလာဒဲလဖီးယားမှာ မွေးတယ်ဆိုတာ သိရတယ်' သူ့အသံက အားပါလာသည်။ 'ကျွန်တော်လည်း အဲဒီမှာပဲ မွေးတာ၊ ခင်ဗျားပုံတွေကို မြင်ရတော့ ခင်ဗျားကို ကျွန်တော်သိသလို ခံစားရတယ်၊ ပြီးတော့လည်း...'

ကယ်လီက အသက်မပါသည့်အသံဖြင့်... 'ရှင် ကျွန်မကို မသိပါဘူး၊ လူစိမ်းတွေ အနှောက်အယှက်လုပ်တာကို ကျွန်မ မကြိုက်ဘူး'

'အို... စိတ်မရှိပါနဲ့ဗျာ' သူ တံတွေးမျိုချလိုက်ပြီး 'ကျွန်တော်က နှောက်ယှက်ဖို့ မရည်ရွယ်ပါဘူး၊ သူစိမ်းလူလည်း မဟုတ်ပါဘူး၊ ကျွန်တော့်နာမည် မတ်ဟားရစ်ပါ၊ ကင်စလေ နိုင်ငံတကာအုပ်စု ကုမ္ပဏီမှာ လုပ်ပါတယ်၊ ခင်ဗျားတစ်ယောက်တည်း နေ့လယ်စာစားနေတာမြင်တော့ ကျွန်တော်နဲ့အတူတူ...'

ကယ်လီက တူးတူးခါးခါး ကြည့်လိုက်ပြီး...

'ရှင့်စိတ်ကူး လုံးဝမှားတယ်၊ ရှင် ခုချက်ချင်း ထွက်သွားစေချင်တယ်'

ထိုသူ ပျာယီးပျာယာဖြစ်သွားပြီး 'ကျွန်... ကျွန်တော် အနှောက်အယှက်ပေးဖို့ မရည်ရွယ်ပါဘူး၊ ကျွန်တော်... ကျွန်တော်က...' ကယ်လီ၏ မျက်နှာပေးကိုမြင်ပြီး 'ကျွန်... ကျွန်တော် သွားပါတော့မယ်'

သူ မဂ္ဂဇင်းကိုင်ပြီး လှည့်ထွက်သွားသည်။ အဲဒါ ကောင်းတယ်ဟု ကယ်လီ တွေးလိုက်မိသည်။

○

ကယ်လီသည် ဖက်ရှင်မဂ္ဂဇင်း တော်တော်များအတွက် တစ်ပတ်ကြာ အပြင်အဆင်လုပ်ရန် စာချုပ်လက်မှတ်ထိုးရသည်။ မတ်ဟားရစ်နှင့်တွေ့ပြီး နောက်တစ်နေ့တွင် မော်ဒယ်များ အဝတ်အစားလဲခန်း၌ အဝတ်အစားလဲနေစဉ် နှင်းဆီပန်းသုံးဒါဇင် လက်ဆောင်ရောက်လာသည်။ ကတ်ပြားပေါ်တွင် 'နှောင့်ယှက်မိခြင်းအတွက် ခွင့်လွှတ်ပါခင်ဗျား... မတ်ဟားရစ်' ဟူ၍ ရေးထားသည်။

ကယ်လီက ကတ်ပြားကို ဆွဲဖြုတ်လိုက်ပြီး... 'ပန်းတွေကို ကလေးဆေးရုံကြီး ပို့လိုက်'

နောက်နေ့မနက်ကျတော့ အဝတ်အစားခန်း အကူမိန်းကလေး အဝတ်လဲခန်းထဲဝင်လာပြီး အထုပ်တစ်ထုပ်ကို ပေးရင်း...

'လူတစ်ယောက်လာပြီး ထားသွားတာ မမ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကို ဖွင့်လိုက်တော့ သစ်ခွပန်းတစ်ပွင့်…။ ကတ်ပြားမှာ ရေးထားတာက *'ကျွန်တော့်ကို ခွင့်လွှတ်မယ်လို့ မျှော်လင့်ပါတယ်… မတ်ဟားရစ်'*

ကယ်လီက ကတ်ပြားကိုဆွဲဆုတ်ပြီး… 'ပန်းကို သိမ်းထားလိုက်'

○

အဲသည်နောက်တော့ မတ်ဟားရစ်ထံမှ လက်ဆောင်တွေ နေ့တိုင်းလိုလို ရောက်လာသည်။ သစ်သီးခြင်းကလေး တစ်ခြင်း၊ အမျိုးသမီးသုံး ကွန်ဒုံး၊ ကစားစရာ စန်တာကလော့ အရုပ်ကလေးတစ်ရုပ်… စတာတွေ၊ အဲဒါတွေ အားလုံးကို ကယ်လီက လွှင့်ပစ်လိုက်သည်။ နောက်ထပ်ရောက်လာတဲ့ လက်ဆောင်ကတော့ အရင်လက်ဆောင်တွေနှင့် မတူ တစ်မူ ထူးသည်။ ချစ်စရာ အမွေးပွား ပြင်သစ်ခွေးမလေး…။ လည်ပတ်အနီကလေးမှာ ချိတ်ထားတဲ့ကတ်ပြားတွင် *'သူ့နာမည်က "အိန်ဂျယ်" တဲ့၊ သူကလေးကို ကျွန်တော်ချစ်သလို ခင်ဗျားလည်း ချစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်… မတ်ဟားရစ်'* ဟု ရေးထားသည်။

ကယ်လီက 'စုံစမ်းရေး' ဒိုင်ခွက်ကို လှည့်လိုက်သည်။ 'ကင်စလေ နိုင်ငံတကာအုပ်စု ကုမ္ပဏီ' ဖုန်းနံပါတ်ကို ရသည်။ တစ်ဖက်မှ ဖုန်းကိုကိုင်တော့ 'ရှင်တို့ ကုမ္ပဏီမှာ မတ်ဟားရစ်ဆိုတဲ့လူ ရှိပါသလား' ဟု မေးလိုက်သည်။

'ဟုတ်ကဲ့… ရှိပါတယ် *မဒမ်မွာဆယ်' ဟု ပြင်သစ်လို ပြန်ပြောသည်။

'ကျေးဇူးပြုပြီး သူ့နဲ့ ပြောပါရစေရှင်'

'ခဏလေးနော်'

တစ်မိနစ်ခန့်ကြာတော့ သူ မှတ်မိတဲ့အသံကို ကယ်လီ ကြားရသည်။

'ဟဲလို'

'မစ္စတာဟားရစ်…'

'ဟုတ်ပါတယ်'

---

*Mademoiselle (ပြင်သစ်စကား)=Miss (မစ္စ) သို့မဟုတ် Madam (မဲဒမ်)= အမျိုးသမီးအား ယဉ်ကျေးစွာ ခေါ်သည့် အာလုပ်စကား။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကယ်လီပါ၊ နေ့လယ်စာကျွေးဖို့ ဖိတ်တာကို ကျွန်မ လက်ခံပါတယ်'

တစ်ဖက်မှ ပိတ်ပိတ်သား တိတ်ဆိတ်သွားသည်။ ပြီးတော့မှ…

'တကယ်…၊ အံ့ဩစရာပါပဲ' သူ့အသံက မြူးရွှင်နေသလို ထင်ရသည်။

'ဒီနေ့ တစ်နာရီ "လောရင့်" မှာ ဆုံမယ်'

'အဲဒါ သိပ်ကောင်းတယ်၊ အများကြီး ကျေးဇူးတင်ပါတယ်၊ ကျွန်တော်…'

'ကျွန်မ ဖုန်းဆက်ထားလိမ့်မယ်၊ ဒါပဲနော်'

၀

ခွေးမကလေးကို ရင်မှာပိုက်ပြီး ကယ်လီ ဝင်လာတော့ မတ်ဟားရစ် စားပွဲဘေးတွင် ရပ်စောင့်နေသည်။ သူ့မျက်နှာ ထိန်လင်းသွားသည်။

'ခင်ဗျား… ခင်ဗျား… တကယ် လာတယ်နော်၊ ကျွန်တော် ထင်ကိုမထင်ဘူး၊ အိန်ဂျယ်ကိုပါ ခေါ်လာတယ်နော်'

'ဟုတ်တယ်' ခွေးမလေးကို မတ်ရင်ခွင်ထဲ ထိုးပေးလိုက်ပြီး 'သူ ရှင်နဲ့အတူ နေ့လယ်စာ စားလိမ့်မယ်' ဟု အေးစက်စက်ပြောကာ ကျော့ခိုင်းလိုက်သည်။

'ဟာ… ဘယ့်နှယ်ပါလိမ့်… ကျွန်တော် ဘယ်လိုမှ နားမလည်တော့ဘူး'

'ကောင်းပြီ၊ ရှင် နားလည်အောင် ကျွန်မ နောက်ဆုံး ရှင်းပြခဲ့မယ်၊ ကျွန်မကို နောက်ထပ် လုံးဝ မနှောက်ယှက်ပါနဲ့တော့၊ သဘောပေါက်တယ် မဟုတ်လား'

မတ်ဟားရစ်၏ မျက်နှာတစ်ပြင်လုံး တွတ်တွတ်နီသွားသည်။

'ဟုတ်… ဟုတ်…ကဲ့၊ စိတ်မရှိပါနဲ့၊ ကျွန်တော်… ကျွန်တော် နှောက်ယှက်ဖို့ မရည်ရွယ်ပါဘူး၊ ဘယ်လို… ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်တော် ရှင်းပြပါရစေ၊ ကျေးဇူးပြုပြီး ခဏလောက် ထိုင်… ထိုင်ပါဦး'

ကယ်လီက ငြင်းမလို့လုပ်ပြီးမှ ထိုင်ချလိုက်ပြီး…

'ကဲ… ဆိုစမ်းပါဦး'

မတ်ဟားရစ် သက်မ တစ်ချက်ချလိုက်ပြီးမှ…

'ကျွန်တော် အရမ်းစိတ်မကောင်းပါဘူး၊ ကျွန်တော် ခင်ဗျားကို နှောက်ယှက်ဖို့ လုံးဝ စိတ်မကူးခဲ့ပါဘူး၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တွေပေးတာလည်း နောက်ယှက်မိတဲ့အတွက် ခွင့်လွှတ်စေချင်လို့ပါ၊ ခင်ဗျားစာတ်ပုံတွေ မြင်ရတော့ ကျွန်တော် တစ်သက်လုံးသိထားတဲ့ လူတစ်ယောက်လို ခံစားမိပါတယ်၊ အဲဒီနောက် လူကိုယ်တိုင် မြင်ရတော့ ကျွန်တော်··· ကျွန်တော် သိပ်ပြီး စိတ်လှုပ်ရှားမိပါတယ်။ တကယ်တော့ ကျွန်တော်··· ကျွန်တော်···' သူ့အသံ အရှမ်းတုန်နေသည်။ 'ကျွန်တော် မနူးမနပ် ကျောင်းသားကလေးတစ်ယောက်လို ပြုမူမိပါတယ်၊ ရှက်လည်း အရှမ်းရှက်မိပါတယ်၊ ဘယ်လို ပြောရမှန်းတောင် မသိတော့ပါဘူး၊ ကျွန်တော့် ခံစားချက်ကို ရှင်းမပြတတ်တော့ပါဘူး၊ တကယ်တော့ ကျွန်တော်က အထီးကျန်တစ်ကောင်ကြွက်ပါ၊ ကျွန်တော် ခြောက်နှစ်သားကတည်းက မိဘတွေ ကွဲကွာသွားကြပါတယ်၊ ကျွန်တော့်ကို အဖေရော အမေရော ဘယ်သူမှ မလိုချင်ကြပါဘူး'

ကယ်လီ တစ်ခွန်းမှ ပြန်မပြောဘဲ နားထောင်နေသည်။ မတ်ဟားရစ်၏ စကားတွေက ကယ်လီ၏ နားထဲသို့ ဟိန်းသံပေးကာ ဆောင့်ဝင်နေသည်။ တစ်ချိန်တည်းတွင် အတိတ်ကာလက အကြာကြီးတိမ်မြုပ်နေခဲ့သည့် စကားသံတွေကို ကြားယောင်လာသည်။

*'ဒီသတ္တဝါမလေး မမွေးခင်ကတည်းက မင်း ဘာဖြစ်လို့ မဖျောက်ဖျက်ပစ်ခဲ့တာလဲ'၊ 'ကျွန်မ ကြိုးစားခဲ့ပါတယ်၊ မအောင်မြင်ခဲ့ပါဘူး'*

မတ်ဟားရစ်က ဆက်ပြောသည်။ 'ဒီလိုနဲ့ ကျွန်တော်ဟာ မွေးစားမိဘ ခြောက်ဦးပြောင်းပြီး ကြီးပြင်းခဲ့ရပါတယ်၊ ကျွန်တော့်ကို ဘယ်သူမှ ဂရုမစိုက်···'

*'ဒါ မင်းရဲ့ ဦးလေးတွေပဲ၊ သူတို့ စိတ်ညစ်အောင် မလုပ်နဲ့'* သူ့အမေ၏ အသံကို ကယ်လီ ကြားယောင်မိသည်။

'ကျွန်တော် ဘာပဲလုပ်ပေးလုပ်ပေး အကောင်းမထင်ကြဘူး' မတ်က ဆက်ပြောသည်။ ကယ်လီ၏ နားထဲသို့ ပထွေးဖြစ်သူ၏ စကား ဝင်ရောက်လာပြန်သည်။ *'ညစာချက်ထားတာကလည်း ခွေးစားဖို့တောင် မကောင်းဘူး··· အဲဒီဝတ်စုံက မင်းရုပ်နဲ့ တခြားစီပဲ··· သန့်စင်ခန်း မဆေးသေးဘူး မဟုတ်လား···'*

'သူတို့က ကျွန်တော့်ကို ကျောင်းထွက်ပြီး ကားဝပ်ရှော့မှာ လုပ်စေချင်တယ်၊ ဒါပေမဲ့··· ကျွန်တော်က သိပ္ပံပညာရှင်ပဲ ဖြစ်ချင်တာ၊ သူတို့က ကျွန်တော့်ကို ငတုံးတဲ့···'

ကယ်လီက မတ် စကားတွေကို ပို၍ပို၍ စိတ်ဝင်စားလာသည်နှင့်အမျှ သူကိုယ်တိုင်၏ အတိတ်ဖြစ်စဉ်တွေကို လည်း ပို၍ပို၍ မှတ်မိလာသည်။

*'ကျွန်မက မော်ဒယ်ပဲ လုပ်ချင်တယ်'*

*'မော်ဒယ်တွေအားလုံး အပျက်မတွေပဲ'*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က တက္ကသိုလ်တက်ချင်တယ်၊ ဒါပေမဲ့ ကျွန်တော် လုပ်ရမယ့်အလုပ်က ပညာတတ်စရာ မလိုဘူးတဲ့'

*'နင်က ဘာလို့ ကျောင်းတက်စရာလိုလဲ၊ နင့်ရုပ်ရည်နဲ့ဆို ဟိုဒင်းကို ရောင်းစားလို့ရတယ်...'*

'ဒီလိုနဲ့ ကျွန်တော် မက်ဆာချူးဆက် စက်မှုသိပ္ပံကို စကောလားရှစ်ကျောင်းသားအဖြစ် တက်ရတော့လည်း မွေးစားမိဘတွေက ကျွန်တော် စာမေးပွဲကျလိမ့်မယ်၊ ဒါကြောင့် ဝပ်ရှော့မှာပဲ သွားလုပ်ဆိုပြီး ပြောကြတယ်'

*'ကောလိပ် တက်ချင်တယ်... ဟုတ်လား၊ ဘာလုပ်ဖို့လဲ၊ လေးနှစ်လုံးလုံး အလကား အချိန်သွားဖြုန်းချင်လို့လား...'* ဆိုသည့် ပထွေး၏စကားကို ကယ်လီ ကြားယောင်မိပြန်သည်။

ကယ်လီသည် မတ် ရင်ဖွင့်ပြောပြသည်ကို လေးလေးနက်နက် နားထောင်နေသည်။ မတ် ခံစားရသလို သူလည်း ခံစားရသည်။

'ကျွန်တော် ကျောင်းပြီးသွားတော့ ဒီကိုရောက်လာပြီး ကင်စလေ နိုင်ငံတကာအုပ်စု ကုမ္ပဏီခွဲတစ်ခုမှာ အလုပ်ရတယ်၊ ဒါပေမဲ့ ကျွန်တော် စိတ်မချမ်းသာဘူး၊ အထီးကျန်တစ်ယောက်လိုပဲ ခံစားနေရတယ်၊ တော်တော်ကြာကြာတုန်းက စာအုပ်တစ်အုပ်မှာ ကျွန်တော် ဖတ်ခဲ့ရဖူးတယ်၊ ဘဝမှာ အကောင်းဆုံးအရာဟာ ကိုယ့်ကို ချစ်မြတ်နိုးတဲ့ ချစ်သူကို တွေ့ရှိဖို့ပဲတဲ့၊ အဲဒီ အဆိုကို ကျွန်တော် ယုံကြည်တယ်'

ကယ်လီက ဘာမှ ပြန်မပြော။ မတ် ထစ်ထစ်ငေါ့ငေါ့နှင့် ဆက်ပြောပြန်သည်။

'ဒါပေမဲ့ အဲဒီချစ်သူကို ကျွန်တော် ဘယ်တော့မှ မတွေ့ခဲ့ပါဘူး၊ ကျွန်တော် လုံးဝ လက်လျှော့လိုက်ဖို့ အသင့်ဖြစ်နေပြီ၊ ဒါပေမဲ့ တမြန်နေ့က ခင်ဗျားကို တွေ့လိုက်ရတဲ့အခါမှာတော့...' သူ့စကား ရပ်သွားသည်။

သူ အိန္ဒိဂျယ်ကို ရင်မှာပိုက်ရင်း မတ်တပ်ထရပ်လိုက်ပြီးနောက်... 'ဒါတွေ အားလုံးအတွက် ကျွန်တော် သိပ်ပြီး ရှက်မိပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ နောင် ကျွန်တော် ဘယ်တော့မှ မနှောက်ယှက်တော့ပါဘူး၊ သွားလိုက်ပါဦးမယ်'

သူ လျှောက်ထွက်သွားတော့ ကယ်လီက လှမ်းမေးလိုက်သည်။

'ရှင် ကျွန်မခွေးလေးယူပြီး ဘယ်သွားမလို့လဲ'

မတ် ပြန်လှည့်ပြီး ကြောင်နေသည်။

'ဝမ်းနည်းပါတယ်'

'အိန္ဒိဂျယ်လေးက ကျွန်မခွေးလေ၊ ရှင်ပဲ ပေးတယ်မဟုတ်လား'

မတ် တွေတွေကြီး ရပ်နေသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့ ခင်ဗျားကပဲ ပြော...'

'ဒီမှာ မစ္စတာဟားရစ်၊ ကျွန်မ ရှင်နဲ့ သဘောတူညီချက်တစ်ခု လုပ်မယ်၊ ခွေးမလေးကို ကျွန်မ ယူထားမယ်၊ ဒါပေမဲ့ ရှင် လာလည်နိုင်တယ်'

ခဏ ငြိမ်နေသည်။ ပြီးတော့ မတ်၏ အပြုံးကြောင့် တစ်ခန်းလုံး ထိန်လင်းသွားသည်။ 'တကယ်... ကျွန်တော် လာနိုင်...'

'ဒီကိစ္စ ဒီနေ့ ညစာစားရင်း ဆွေးနွေးကြရင် မကောင်းဘူးလား'

လုပ်ကြံမှု၏ ပစ်မှတ်အဖြစ် သူ့ကိုယ်သူ ရွေးချယ်လိုက်ကြောင်း ကယ်လီ လုံးဝ မတွေးမိပါချေ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၁

## ပြင်သစ်၊ ပါရီမြို့

***အီဖယ်မျှော်စင်ပေါ်မှ ကိုယ့်ကိုယ်ကိုယ်သတ်သေမှု စစ်ဆေးခြင်း***

ပါရီမြို့၊ ၁၂ရပ်ကွက်၊ ဟဲနာ့ဒ်လမ်း၊ ရီယယ်လီ ရဲတပ်ဖွဲ့ဌာနချုပ်တွင် အမှုစစ်ဆေးနေသည်။ အီဖယ်မျှော်စင်အုပ်ချုပ်ရေးမှူးကို ရဲစုံထောက် အွန်ဒရေဘဲလ်မွန်ဒီနှင့် ပီယာမာရေ့စ်တို့က မေးမြန်းစစ်ဆေးနေကြသည်။

*မေလ ၆ရက်၊ တနင်္လာနေ့*

*နံနက် ၁၀နာရီ*

*အကြောင်းအရာ။ ။ တိုနီပါစကယ်*

ဘဲလ်မွန်ဒီ - *မွန်စီယာပါစကယ်... အီဖယ်မျှော်စင် လေ့လာရေးဆောင်က လိမ့်ကျတယ်လို့ ဆိုတဲ့လူဟာ အသတ်ခံရလို့ သေဆုံးတာလို့ ယုံကြည်စရာအကြောင်း ရှိနေတယ်။

ပါစကယ် - အသတ်ခံရလို့ ဟုတ်လား၊ ဒါပေမဲ့ ကျွန်တော့်ကို ပြောတာက တော့ မတော်တဆဖြစ်မှုဆို...၊ ပြီးတော့...။

မာရေ့စ် - သူ အဲဒီ လက်ရန်းတန်းပေါ်က လိမ့်ကျတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ လက်ရန်းတန်းက တော်တော်မြင့်တာ။

ဘဲလ်မွန်ဒီ - ကျုပ်တို့ကတော့ သူ သတ်သေတာ မဟုတ်ဘူးလို့ ယူဆထားတယ်၊

---

*Monsieur (ပြင်သစ်စကား)= Mr (မစ္စတာ)= ဦး

the bookhouse
we bring your favorite

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူက အားလပ်ရက်မှာ သူ့ဇနီးနဲ့အတူ ပျော်ပွဲစားထွက်ဖို့ စီစဉ်ထားတယ်၊ သူ့ဇနီးက ကယ်လီ၊ မော်ဒယ်အမျိုးသမီး။

**ပါစကယ်** - ဝမ်းနည်းပါတယ် ခင်ဗျား၊ ဒါနဲ့ ကျွန်တော့်ကို ဒီနေရာကို ဘာကြောင့် ခေါ်ရတာပါလိမ့်။

**မာရေ့စ်** - မရှင်းမလင်းတာလေးတွေ ရှင်းလင်းသွားအောင် ကူညီစေချင်လို့ပါ၊ ဒီတော့ အဲဒီညက စားသောက်ဆိုင် ဘယ်အချိန်ပိတ်သလဲ။

**ပါစကယ်** - ဆယ်နာရီပါ၊ လေမုန်တိုင်းကြောင့် ဂျူးလ်စ်ဘန်းစားသောက်ဆိုင်မှာ လူမရှိသလောက်ပဲ၊ ဒါကြောင့် ကျွန်တော်...။

**မာရေ့စ်** - ဓာတ်လှေကားတွေကိုရော ဘယ်အချိန်မှာ ပိတ်သလဲ။

**ပါစကယ်** - ပုံမှန်က သန်းခေါင်ချိန်အထိ ဖွင့်ပါတယ်၊ ဒါပေမဲ့ အဲဒီညမှာတော့ ရှုခင်းကြည့်သူနဲ့ ညစာ စားသူတွေ မရှိတာကြောင့် ဆယ်နာရီမှာ ကျွန်တော် ပိတ်လိုက်ပါတယ်။

**ဘဲလ်မွန်ဒို** - လေ့လာရေးဆောင်ကို သွားတဲ့ ဓာတ်လှေကား အပါအဝင်ပေါ့။

**ပါစကယ်** - ဟုတ်ပါတယ်၊ အားလုံး အပါအဝင်ပဲ။

**မာရေ့စ်** - တစ်ယောက်ယောက်က ဓာတ်လှေကားမသုံးဘဲနဲ့ လေ့လာရေးဆောင်ကို ရောက်နိုင်သလား။

**ပါစကယ်** - မရောက်နိုင်ပါဘူး၊ အဲဒီညက အားလုံး ပိတ်ထားပါတယ်၊ ဒါက ဘာဆိုင်လို့ မေးတာလဲ။

**ဘဲလ်မွန်ဒို** - ဘာဆိုင်လို့ မေးတယ်ဆိုတာ ခင်ဗျားကို ကျုပ်ပြောပြမယ်၊ မွန်စီယာ ဟားရစ်ဟာ လေ့လာရေး ဆောင်က ပစ်ချခံရတယ်၊ လက်ရန်းတန်းကို စစ်ကြည့်တော့ အပေါ်မှာ ပွန်းခြစ်ရာ တွေ့ရတယ်၊ ရှူးဖိနပ်အောက်ခုံမှာ ကပ်နေတဲ့ ဘီလပ်မြေမှုန့်တွေဟာ လက်ရန်းတန်း ပွန်းခြစ်ရာက ဘီလပ်မြေမှုန့်နဲ့ အတူတူဖြစ်နေတယ်၊ မျှော်စင်အထပ်ကို သော့ခတ်ထားပြီး ဓာတ်လှေကားတွေကိုလည်း ပိတ်ထားပါရက်နဲ့ ညကြီးသန်းခေါင် အချိန်မှာ အပေါ်ကို သူ ဘယ်လိုလုပ်ပြီး တက်တာလဲ။

**ပါစကယ်** - အဲဒါတော့ ကျွန်တော် မသိဘူး၊ ဓာတ်လှေကားနဲ့ မဟုတ်ရင်တော့ အပေါ်ကိုတက်ဖို့ မဖြစ်နိုင်ပါဘူး။

**မာရေ့စ်** - ဒါပေမဲ့ မွန်စီယာ ဟားရစ်ကို လေ့လာရေးဆောင်တင်ပေးဖို့နဲ့ သူ့ကိုလုပ်ကြံသူ ဒါမှမဟုတ် လုပ်ကြံသူတွေကို တင်ပေးဖို့အတွက် ဓာတ်လှေကားတစ်စင်း အသုံးပြုတာတော့ သေချာတယ်။

**ဘဲလ်မွန်ဒို** - ဓာတ်လှေကားတွေကို သူစိမ်းလူတစ်ယောက် မောင်းလို့ရနိုင်သလား။

**ပါစကယ်** - မရနိုင်ပါဘူး၊ အော်ပရေတာတွေက တာဝန်ချိန်မှာ ဓာတ်လှေကားနားက ဘယ်မှထွက်မသွားကြပါဘူး။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ညပိုင်းမှာ ခတ်လှေကားတွေကို စပယ်ရှယ်သော့နဲ့ ပိတ်ထားပါတယ်။

**မာရေ့စ်** - သော့ ဘယ်နှစ်ချောင်းရှိသလဲ။

**ပါစကယ်** - သုံးချောင်းပါ၊ တစ်ချောင်းကို ကျွန်တော် ယူထားပါတယ်၊ ကျန်တဲ့ နှစ်ချောင်းကို ဒီမှာ သိမ်းထားပါတယ်။

**ဘဲလ်မွန်ဒို** - နောက်ဆုံး ခတ်လှေကား ဆယ်နာရီမှာ ပိတ်တယ်ဆိုတာ သေချာရဲ့လား။

**ပါစကယ်** - ဟုတ်ကဲ့။

**မာရေ့စ်** - ဘယ်သူ မောင်းသလဲ။

**ပါစကယ်** - တိုးသ်၊ ဂျုရတ်တိုးသ်။

**မာရေ့စ်** - သူနဲ့ စကားပြောချင်တယ်။

**ပါစကယ်** - ကျွန်တော်နဲ့လည်း ဖြစ်တာပဲ။

**မာရေ့စ်** - တောင်းပန်ပါတယ်၊ သူနဲ့ပဲ ပြောချင်တယ်။

**ပါစကယ်** - အဲညကတည်းက တိုးသ် အလုပ်ကို ပေါ်မလာပါဘူး၊ ကျွန်တော် သူ့အခန်းကို ခေါ်ပါတယ်၊ အဖြေမရပါဘူး၊ အိမ်ရှင်ကို ဆက်ကြည့်တော့ တိုးသ် ပြောင်းသွားပြီလို့ ပြောပါတယ်။

**မာရေ့စ်** - လိပ်စာတွေဘာတွေ ပေးမသွားဘူးလား။

**ပါစကယ်** - ပေးမသွားပါဘူး၊ သူ ဘယ်ကို ထွက်သွားမှန်း ဘယ်သူမှ မသိပါဘူး။

၀

'ဘယ်ကို ထွက်သွားမှန်း ဘယ်သူမှ မသိဘူး' ဆိုတော့ ကျုပ်တို့က ကမ္ဘာကျော် မျက်လှည့်ဆရာကြီးဟောင်ဒီနီ အကြောင်း ပြောနေကြတာလား၊ ဒါမှမဟုတ် သာမန် ခတ်လှေကားမောင်း တစ်ယောက်အကြောင်း ပြောနေကြတာလား'

ထိုစကားကို ပြောသူမှာ နိုင်ငံတကာရဲတပ်ဖွဲ့(အင်တာပိုလ်) ဌာနချုပ်အကြီးအကဲ ကလောဒီရီနောက် ဖြစ်သည်။ ရီနောက်မှာ အသက် ၅၀ကျော်ခန့်ရှိပြီး အရုပ်ပုသော်လည်း အားမာန်ရှိသူ ဖြစ်သည်။ ရဲတပ်ဖွဲ့တွင် အမှုထမ်းလာခဲ့သည်မှာ လုပ်သက် ၂၀ကျော်ခဲ့ပြီ။

ရီနောက်သည် ခုနစ်ထပ်ရှိ အင်တာပိုလ်ဌာနချုပ်၏ ဗဟိုစည်းဝေးခန်းမတွင် ကျင်းပသည့် အစည်းအဝေးကို ဦးဆောင်ကျင်းပနေသည်။ အင်တာပိုလ်ဌာနချုပ်သည် နိုင်ငံပေါင်း ၇၈ နိုင်ငံရှိ ရဲတပ်ဖွဲ့ပေါင်း ၁၂၆ဖွဲ့အတွက် သတင်းအ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ချက်အလက်ရယူရာ ဗဟိုဌာနဖြစ်သည်။ ဌာနချုပ် အဆောက်အအုံသည် ပါရီမြို့၏ အနောက်ဘက် ခြောက်မိုင်အကွာ စိန့်ကလောက်မြို့နယ်တွင် တည်ရှိသည်။ အမျိုးသားလုံခြုံရေးတပ်ဖွဲ့နှင့် ပါရီရဲဌာနချုပ်တို့မှ ဝါရင့်စုံထောက်ဟောင်းများဖြင့် ဖွဲ့စည်းထားသည်။

အစည်းအဝေးစားပွဲကြီးတွင် လူပေါင်း ၁၂ယောက်ထိုင်နေကြသည်။ သူတို့သည် ရဲစုံထောက်ဘဲလ်မွန်ဒီကို စစ်မေးနေကြခြင်းဖြစ်သည်။ အင်တာပိုလ်အကြီးအကဲ ရီနောက်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

'အဲဒီတော့ သူ ရှိမနေနိုင်တဲ့နေရာ၊ သူ့ကို လုပ်ကြံတဲ့လူတွေ မရောက်နိုင်တဲ့နေရာ၊ ရောက်နိုင်တောင်မှ ထွက်မပြေးနိုင်တဲ့နေရာမှာ အသတ်ခံရတဲ့လူနဲ့ ပတ်သက်ပြီး မင်းတို့နှစ်ယောက်အနေနဲ့ ဘာသတင်းအချက်အလက်မှ မရနိုင်ဘူး မဟုတ်လား၊ ဒီလိုပဲ မင်းပြောချင်တယ် မဟုတ်လား'

'မာရေ့စ်နဲ့ ကျွန်တော်တို့နှစ်ယောက် လူတိုင်းကို စစ်မေး…'

'တော်တော့၊ မင်းသွားနိုင်ပြီ'

'ဟုတ်ကဲ့ ခင်ဗျား'

သူတို့က စုံထောက်ဘဲလ်မွန်ဒီ ပြန်ထွက်သွားသည်ကို လှမ်းကြည့်နေကြသည်။ ထို့နောက် တစ်ယောက်က ပြောလိုက်သည်။

'ဒီလူနဲ့ အလုပ်မဖြစ်ပါဘူး'

ရီနောက်က အဖွဲ့ဝင်များဘက်သို့ ပြန်လှည့်ရင်း…

'လူကြီးမင်းတို့အနေနဲ့ စုံစမ်းထောက်လှမ်းရေးကာလအတွင်း "ပရိုင်မာ" ဆိုတဲ့ လူတစ်ယောက်နဲ့များ ဆုံဖူးတာ ရှိကြသလား'

သူတို့က ခေတ္တ စဉ်းစားနေကြသည်။

ထို့နောက် ဦးခေါင်းကို ခါယမ်းလိုက်ကြသည်။

'မဆုံဖူးပါဘူး၊ "ပရိုင်မာ" ဆိုတာ ဘယ်သူလဲ'

'ဘယ်သူမှန်း မသိရသေးဘူး၊ နယူးယောက်က လူသေအလောင်းရဲ့ အင်္ကျီအိတ်ထဲမှာ တွေ့ရတဲ့ မှတ်စုစာရွက်လေးမှာ အဲဒီနာမည် ရေးထားတယ်၊ အဆက်အစပ်ရှိတယ်လို့ ထင်ရတယ်'

သူက သက်မ တစ်ချက်ချလိုက်ပြီး…

'လူကြီးမင်းများခင်ဗျား… ပြောရမယ်ဆိုရင် ကျုပ်တို့ဟာ ပဟေဠိထဲက လျှို့ဝှက်စကားထာတစ်ခုနဲ့ ရင်ဆိုင်နေ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရပြီ၊ ကျုပ်ရဲ့လုပ်သက် ၂၀ကာလအတွင်း မှုခင်းအမျိုးအစားပေါင်းစုံ ကြုံခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒီအမှုမျိုးတော့ တစ်ခါမှ မကြုံခဲ့ဖူးပါဘူး၊ နယူးယောက်ရဲဌာနချုပ်ကို ကျုပ် အကြောင်းကြားစာ ပို့လိုက်ပါ့မယ်'

○

***နယူးယောက်မြို့၊ မင်ဟတ်တန်မြို့နယ်***

အင်တာပိုလ်ရဲအဖွဲ့အကြီးအကဲ ရီနောက် ပို့လိုက်သည့်ဖိုင်တွဲကို မင်ဟတ်တန်ရဲမှူးကြီး ဖရန့်ဘစ်ဂလေ ဖတ်နေစဉ် ရဲစုံထောက် အားလ်ဂရင်းဘတ်နှင့် ရောဘတ်ပရေဂျစ်ဇာတို့ ဝင်လာကြသည်။

'ဆရာ… ကျွန်တော်တို့ကို တွေ့ချင်တယ်ဆို'

'ဟုတ်တယ်၊ ထိုင်ကြပါ'

သူတို့ ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

ရဲမှူးကြီးက စာရွက်တစ်ရွက်ကို မြှောက်ပြပြီး…

'ဒါ ဒီနေ့မနက် အင်တာပိုလ်က ပို့လိုက်တဲ့ အကြောင်းကြားစာပဲ'

သူက ဖတ်ပြသည်။

'*လွန်ခဲ့သော ခြောက်နှစ်က အကီရအီဆိုဟုခေါ်သည့် ဂျပန်သိပ္ပံပညာရှင်တစ်ယောက် တိုကျိုမြို့ထဲက ဟိုတယ်ခန်းထဲမှာ ကြိုးဆွဲချသတ်သေသွားခဲ့သည်။ မစ္စတာအီဆိုသည် ကျန်းမာရေး အလွန်ကောင်းသည်၊ ရာထူးလည်း တက်ခါစဖြစ်သည်။ စိတ်ဓာတ်လည်း အလွန်ခိုင်မာသည်ဟု ဆိုသည်*'

'ဂျပန်မှာဖြစ်တာ ဒီကအမှုနဲ့ ဘယ်လိုပတ်သက်လို့လဲ'

'ပြောပြမယ်၊ လွန်ခဲ့တဲ့ သုံးနှစ်က အသက် ၃၂နှစ်အရွယ် မက်ဒလိန်းစမစ်ဆိုတဲ့ ဆွစ်သိပ္ပံပညာရှင် အမျိုးသမီး တစ်ယောက် ဇူးရစ်မြို့က သူ့တိုက်ခန်းထဲမှာ ဓာတ်ငွေ့ပိုက်ဖွင့်ပြီး သူ့ကိုယ်သူ သတ်သေသွားတယ်၊ သူ့မှာ ကိုယ်ဝန်ရှိနေတယ်၊ ကလေးအဖေနဲ့ လက်ထပ်မယ့်ဆဲဆဲပဲ၊ သူသိပ်ပြီး ပျော်နေတယ်လို့ မိတ်ဆွေတွေက ပြောကြတယ်' သူက စုံထောက်များကို ကြည့်လိုက်ပြီး…

'လွန်ခဲ့တဲ့သုံးရက်က ဘာလင်မြို့သူ ဆွန်ဂျာဗားဘရပ်ဟာ ရေချိုးကန်ထဲမှာ သူ့ကိုယ်သူ သတ်သေသွားတယ်။ အဲဒီညမှာပဲ အမေရိကန်သိပ္ပံပညာရှင် မတ်ဟားရစ်ဟာ အီဖယ်မျှော်စင် လေ့လာရေးဆောင်ပေါ်က ကျပြီး သေဆုံးသွားတယ်၊

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ ဂယ်ရီရေနိုးလို့ခေါ်တဲ့ ကနေဒါသားတစ်ယောက် ဒင်းဗားမြို့ပြင်က တောင်ကို သူ့ရဲ့စက်စနှာလေယာဉ်ကလေးနဲ့ ဝင်တိုက်ပြီး သေဆုံးသွားတယ်'

ဂရင်းဘတ်နှင့် ပရေဂျစ်ဇာတို့မှာ နားထောင်နေရင်း ပို၍ပို၍ ဇဝေဇဝါဖြစ်လာသည်။

'အဲဒီနောက် မနေ့ကပဲ အရှေ့မြစ်ကမ်းစပ်မှာ ရစ်ချတ်စတီဗင်ရဲ့ အလောင်းကို ခင်ဗျားတို့နှစ်ယောက် တွေ့ခဲ့ကြတယ် မဟုတ်လား'

'အဲဒါတွေအားလုံး ကျွန်တော်တို့နဲ့ ဘယ်လို ဆက်စပ်သလဲ' ဟု ဂရင်းဘတ်က မေးလိုက်သည်။

'အဲဒါတွေအားလုံး အတူတူပဲ'

ဂရင်းဘတ်က တွေဝေသွားပြီး…

'ဘာ… ဘယ်လို…၊ လွန်ခဲ့တဲ့ ခြောက်နှစ်က ဂျပန်တစ်ယောက်၊ သုံးနှစ်က ဆွစ်တစ်ယောက်၊ ပြီးတော့ မကြာခင်က ဂျာမန်တစ်ယောက်၊ ကနေဒီယန်တစ်ယောက်နဲ့ အမေရိကန်နှစ်ယောက်၊ သူတို့တွေ ဘယ်လို ဆက်စပ်နေလို့လဲ'

ရဲမှူးကြီးဘစ်ဂလေက အင်တာပိုလ်အကြောင်းကြားစာကို ဂရင်းဘတ်အား ကမ်းပေးသည်။

ဂရင်းဘတ် ဖတ်ကြည့်သည်။ သူ့မျက်လုံးတွေ ပြူးကျယ်သွားသည်။ သူ မျက်နှာမော့ကြည့်ပြီး ဖြည်းဖြည်းပြောသည်။

'ဒီ လူသတ်မှုတွေရဲ့ နောက်ကွယ်မှာ ကင်စလေနိုင်ငံတကာအုပ်စု ပါဝင်နေတယ်လို့ အင်တာပိုလ်က ယူဆတာကိုး၊ တော်တော် ရယ်စရာကောင်းတာပဲ'

ပရေဂျစ်ဇာကလည်း… 'ဆရာ… ကျွန်တော်တို့ အခုပြောနေတာက ကမ္ဘာပေါ်မှာ အကြီးဆုံး သိပ္ပံသုတေသနလုပ်ငန်းကြီး ဖြစ်နေတယ်နော်'

'ဒီလူတွေအားလုံး အသတ်ခံရတယ်၊ သူတို့အားလုံး ကင်စလေအုပ်စုနဲ့ ဆက်စပ်နေတယ်၊ ဒီကုမ္ပဏီပိုင်ရှင်က တန်နာကင်စလေ၊ ကင်စလေအုပ်စုကုမ္ပဏီရဲ့ ဥက္ကဋ္ဌလည်းဖြစ်တယ်၊ အမှုဆောင်အရာရှိချုပ်လည်း ဖြစ်တယ်၊ ပြီးတော့ သမ္မတအိမ်တော်သိပ္ပံပညာကော်မတီရဲ့ ဥက္ကဋ္ဌ၊ အမျိုးသားအဆင့်မြင့်စီမံကိန်းသိပ္ပံရဲ့ အကြီးအကဲ၊ ပင်တဂွန်စစ်ဌာနချုပ်ထောက်ခံရေးမူဝါဒဘုတ်အဖွဲ့ဝင်၊ အဲဒီတော့ ခင်ဗျားတို့နှစ်ယောက် မစ္စတာကင်စလေနဲ့တွေ့ပြီး တီးခေါက်ကြည့်ဖို့ကောင်းတယ်'

အားလ်ဂရင်းဘတ် တံတွေးမျိုချလိုက်ပြီး…

'ဟုတ်ကဲ့၊ ကောင်းပါတယ်ဆရာ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမဲ့… အား…'

'အမိန့်ရှိပါ ဆရာ'

'ဖြည်းဖြည်းလျှောက်ပြီး တုတ်ကလေး တစ်ချောင်းတော့ ယူသွားပါ'

○

နောက်ငါးမိနစ်အကြာတွင် အားလ်ဂရင်းဘတ်သည် မစ္စတာကင်စလေ၏ အတွင်းရေးမှူးနှင့် ဖုန်းဆက်စကား ပြောနေသည်။ ထို့နောက် ဂရင်းဘတ်က ပရေဂျစ်ဇာဘက်သို့ လှည့်၍ပြောသည်။

'ကျွန်တော်တို့ အင်္ဂါနေ့ မနက် ၁၀နာရီမှာ ဆုံဖို့ ချိန်းလိုက်တယ်၊ မစ္စတာကင်စလေက လောလောဆယ် လွှတ်တော်ကော်မတီ ရှေ့မှောက်မှာ ကြားနာ စစ်ဆေးခံနေတယ်တဲ့'

○

*ကိုလံဘီယာခရိုင်၊ ဝါရှင်တန်မြို့*

အထက်လွှတ်တော် ကော်မတီဝင်ခြောက်ဦး၊ ပြင်ပ ပရိသတ်နှင့် သတင်းထောက် ၃၆ဦးတို့သည် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အထက်လွှတ်တော်ကော်မတီရှေ့မှောက်တွင် တန်နာကင်စလေ၏ ထွက်ဆိုချက်ကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

တန်နာကင်စလေမှာ အသက် ၄၀ကျော်အရွယ်ဖြစ်ပြီး အရပ်သွယ်သွယ်နှင့် ရုပ်ရည်ချောမောသည်။ အပြာရောင် တောက်နေသည့် မျက်လုံးများက ဉာဏ်ထက်မည့်လက္ခဏာကို ဖော်ပြနေသည်။ နှာခေါင်းချွန်ပြီး မေးရိုးကားသည်။ ငွေဒင်္ဂါးတွင် ဖော်ပြလောက်သည့် ဥပမိရုပ်မျိုးဖြစ်သည်။

ကော်မတီဥက္ကဋ္ဌမှာ ဝါရှင်တန်အမျိုးသမီး အထက်လွှတ်တော်အမတ် ပေါလင်းမေရီဗန်လူဗင် ဖြစ်ပြီး ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့်ရှိသည့်ဟန်ဖြင့် ခန့်ခန့်ကြီး ထိုင်နေသည်။ သူက တန်နာကိုကြည့်ပြီး ကြည်လင်ပြတ်သားသော အသံဖြင့် ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… မစ္စတာကင်စလေ… အခုအချိန်မှစပြီး ထွက်ဆိုနိုင်ပါပြီ'

တန်နာက ခေါင်းညိတ်လိုက်ပြီး…

'ကျေးဇူးတင်ပါတယ်… ဥက္ကဋ္ဌကြီးခင်ဗျား' ဟု ပြောရင်း အခြားကော်မတီဝင်များဘက်သို့ လှည့်ကြည့်လိုက်သည်။ ပြီးတော့ အားတက်သရောအသံဖြင့်… 'ကမ္ဘာကြီးပူနွေးလာမှုနဲ့ ဖန်လုံအိမ် အကျိုးသက်ရောက်မှုနဲ့ ပတ်သက်ပြီး တချို့နိုင်ငံရေးသမားတွေ ကတ်တီးကတ်ဖဲ့ ငြင်းခုန်ပြောဆိုနေကြချိန်မှာ အိုဇုန်းလွှာအပေါက်ကြီးဟာ အမြန်နှုန်းနဲ့ ကြီးထွားလာနေပါတယ်၊ အဲဒါကြောင့်မို့လို့ ကမ္ဘာတစ်ခြမ်းမှာ မိုးခေါင်ပြီး အခြားတစ်ခြမ်းက ရေကြီးနေပါတယ်၊ ရော့စ်ပင်လယ်ထဲက ဂျမေကာနိုင်ငံအရွယ်လောက်ရှိတဲ့ ရေခဲတောင်ကြီးဟာ ကမ္ဘာမြေပူနွေးမှုကြောင့် အရည်ပျော် ပြိုကျသွားခဲ့တယ်၊ တောင်ဝင်ရိုးစွန်းက အိုဇုန်းလွှာအပေါက်ကြီးဟာလည်း စတုရန်းမိုင်ဆယ်သန်းအရွယ် ရောက်ရှိလာခဲ့ပြီ' သူက ခဏ ရပ်လိုက်ပြီးတော့မှ… 'စတုရန်းမိုင်ဆယ်သန်းအရွယ် ရောက်ရှိလာခဲ့ပြီ'

'လောလောဆယ်မှာ ဥရောပနိုင်ငံတချို့ဟာ ဟာရီကိန်း၊ ဆိုင်ကလုန်း၊ တိုင်ဖုန်းစတဲ့ မုန်တိုင်းအန္တရာယ်တွေကို အလူးအလဲ ခံစားနေရတာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ပဲ၊ ထူးထူးခြားခြား ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာ လူတွေ သန်းနဲ့ချီပြီး အငတ်ဘေးကြုံနေကြရတယ်၊ သေဘေးကြုံနေကြရတယ်၊ အငတ်ဘေးတို့ သေဘေးတို့ဆိုတာ စကားလုံးဝေါဟာရတွေပါ၊ ဒါပေမဲ့ အဲဒါတွေကို စကားလုံးဝေါဟာရအနေနဲ့ မတွေးပါနဲ့၊ အဲဒီ စကားလုံးတွေရဲ့ အဓိပ္ပာယ်ကိုပဲ တွေးကြည့်ပါ၊ ယောကျ်ားတွေ၊ မိန်းမတွေနဲ့ ကလေးတွေ အစာငတ်နေကြတယ်၊ အိုးမဲ့ အိမ်မဲ့ဖြစ်နေကြတယ်၊ သေဆုံးနေကြတယ် ဆိုတဲ့ အဓိပ္ပာယ်ကို တွေးကြည့်ပါ။

'လွန်ခဲ့တဲ့နွေရာသီက အပူလှိုင်းဖြတ်တာကြောင့် ဥရောပတိုက်မှာ လူပေါင်း ၂၀,၀၀၀ကျော် သေဆုံးခဲ့တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘာလုပ်ခဲ့သလဲ၊ တိုကျိုမှာကျင်းပတဲ့ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာချုပ်မူကြမ်းကို ကျွန်တော်တို့အစိုးရက လက်မှတ်ထိုးဖို့ ငြင်းဆန်တယ်၊ အဲဒီတော့ သဘောက တခြားကမ္ဘာ့နိုင်ငံတွေမှာ ဘာပဲဖြစ်နေဖြစ်နေ ကျွန်တော်တို့က အရေးမစိုက်ဘူးဆိုတဲ့သဘော သက်ရောက်နေတယ်၊ ကျွန်တော်တို့က ကိုယ်ဘာလုပ်နေတယ်ဆိုတာ မသိလောက်အောင် ကိုယ့်ကိစ္စဘဲကိုယ် စိတ်ဝင်စားနေကြတယ်'

ဥက္ကဋ္ဌဗန်လူဗင်က ကြားဖြတ်ပြီး…

'မစ္စတာကင်စလေ… ဒီအစည်းအဝေးဟာ စကားရည်လုပွဲ မဟုတ်ပါဘူး၊ စကားကို နည်းနည်း လျှော့လျှော့ ပေါ့ပေါ့ ပြောစေချင်တယ်'

တန်နာက သက်မ တစ်ချက်ချပြီး ခေါင်းညိတ်သည်။ ပြီးတော့ နည်းနည်းအားပျော့သွားသံဖြင့် ဆက်ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့အားလုံး သိကြတဲ့အတိုင်း ကျွန်တော်တို့ရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာနဲ့ အခြားဆက်စပ်တဲ့ အရာဝတ္ထုတွေရဲ့ လောင်ကျွမ်းမှုကြောင့် ဖန်လုံအိမ်အကျိုးသက်ရောက်မှု ဖြစ်ရတာ၊ အဲဒါတွေရဲ့ ထုတ်လွှင့်ပြန့်နှံ့မှုဟာ နှစ်ပေါင်း တစ်သန်းဝက်အတွင်းမှာ အမြင့်ဆုံးအဆင့်ကို ရောက်လာခဲ့တယ်၊ အဲဒါတွေဟာ ကျွန်တော်တို့ သားသမီးတွေနဲ့ မြေးမြစ်တွေ ရှူရှိုက်နေတဲ့လေထုကို ညစ်ညမ်းစေတယ်၊ လေထုညစ်ညမ်းတာကို တားဆီးလို့ရပါတယ်၊ ဒီတော့ ဘာဖြစ်လို့ မတားကြတာလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ပိုက်ဆံအများကြီး ကုန်ကျလို့ပဲ' သူက အသံကိုမြှင့်ပြီး… 'ပိုက်ဆံ… ပိုက်ဆံ… လူတစ်ယောက်ရဲ့ အသက်နဲ့ယှဉ်ရင် လေသန့်တစ်ရှိုက်စာဟာ ဘယ်လောက်တန်သလဲ၊ ဓာတ်ငွေ့တစ်ဂါလံလား၊ ဓာတ်ငွေ့နှစ်ဂါလံလား' သူ့အသံက ပို၍အားပြည့်လာသည်။ 'ကျွန်တော်တို့ သိရသလောက်ဆိုရင် ဒီကမ္ဘာမြေသာလျှင် ကျွန်တော်တို့လူသားတွေ သက်ရှင်နေထိုင်လို့ရနိုင်တဲ့ တစ်ခုတည်းသော နေရာဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့ ကုန်းမြေတွေ၊ သမုဒ္ဒရာတွေနဲ့ ကျွန်တော်တို့ ရှူရှိုက်လိုက်တဲ့ လေထုတွေကို တတ်နိုင်သလောက် အဆိပ်ခပ်နေကြပါတယ်၊ ဒီလုပ်ရပ်ကို ရပ်တန့်က မရပ်ရင်…'

ဥက္ကဋ္ဌဗန်လူဗင်က ဖြတ်ပြောလိုက်ပြန်သည်။

'မစ္စတာ ကင်စလေ…'

'ကျွန်တော် တောင်းပန်ပါတယ်ခင်ဗျား၊ ကျွန်တော်သိပ်ပြီး ဒေါသထွက်နေလို့ပါ၊ ကျွန်တော်တို့ ကမ္ဘာကြီး ပျက်စီးနေတာကို မကာကွယ်ဘဲ ကျွန်တော် ဒီအတိုင်း ထိုင်ကြည့်မနေနိုင်ဘူး'

သူ နောက်ထပ် နာရီဝက်ခန့် ဆက်ပြောသည်။ သူပြောပြီးသွားတော့ ဥက္ကဋ္ဌဗန်လူဗင်က…

'မစ္စတာကင်စလေ… ကျေးဇူးပြုပြီး ကျွန်မရုံးခန်းမှာ စကားပြောကြရအောင်၊ အစုထွက်ဆိုချက်ကို ဒီလောက်နဲ့ပဲ ရပ်လိုက်ပြီ'

○

အထက်လွှတ်တော်အမတ် ဗန်လူဗင်၏ရုံးခန်းမှာ စားပွဲခေါင်းတစ်လုံး၊ ရုံးခန်းစားပွဲတစ်လုံး၊ ကုလားထိုင်ခြောက်လုံးနှင့် ဖိုင်တွဲထည့်ကက်ဘိနက်ဗီရိုတန်းများ ခင်းကျင်းထားသည့် သာမန်ရုံးခန်းသာဖြစ်သည်။ သို့သော်လည်း ရောင်စုံခန်းဆီးများ၊ ပန်းချီကားများနှင့် ဓာတ်ပုံများဖြင့် တတ်နိုင်သလောက် အလှဆင်ထားသည်။

ရုံးခန်းထဲ တန်နာ ဝင်လာတော့ ဗန်လူဗင်အပြင် အခြားနှစ်ယောက်ကိုလည်း တွေ့ရသည်။

'သူတို့က ကျွန်မရဲ့ လက်ထောက်တွေပါ၊ ကော်ရက်မာဖီနဲ့ ကရိုလီထရော့စ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကော်ရနီမာဖီက ဆံပင်နီညိုရောင်နှင့် ဆွဲဆောင်မှုရှိသည့် ရုပ်ရည်ပိုင်ရှင်ဖြစ်ပြီး၊ ကရိုလီထရော့စ်ကတော့ ရွှေရောင်ဆံပင်နှင့် ငါးရံ့ကိုယ်ကလေး။ နှစ်ယောက်စလုံး ၂၀ကျော်အရွယ်တွေဖြစ်သည်။ သူတို့ကို မြင်မြင်ချင်း တန်နာဘဝင် ခွေ့သွားသည်။

'ထိုင်ပါ မစ္စတာကင်စလေ' ဗန်လူဗင်က ပြောသည်။

တန်နာကင်စလေ ဝင်ထိုင်သည်။ ဗန်လူဗင်က ခေတ္တအကဲခတ်နေပြီးတော့မှ…

'ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မတော့ ရှင့်ကို နားမလည်ဘူး မစ္စတာကင်စလေ'

'သြော်… ဟုတ်လား၊ အံ့သြစရာပဲခင်ဗျား၊ ကျွန်တော်ကတော့ ကျွန်တော်တင်ပြတာ ရှင်းနေတယ်လို့ ထင်ပါတယ်၊ ကျွန်တော်ခံစားရတာက…'

'ရှင့်ခံစားချက်ကို ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ရှင့်ကုမ္ပဏီမှာက အစိုးရနဲ့ ကန်ထရိုက်လုပ်ထားတဲ့ လုပ်ငန်းတွေ အများကြီးရှိနေတယ်၊ ဒါနဲ့တောင်မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စနဲ့ ပတ်သက်ပြီး အစိုးရကို ရှင်က စိန်ခေါ်နေတယ်၊ အဲဒါဟာ လုပ်ငန်းအတွက် သိပ်ဆိုးမနေဘူးလား'

ကင်စလေက အေးစက်စက်လေသံဖြင့်…

'အဲဒါက လုပ်ငန်းနဲ့ မဆိုင်ဘူးခင်ဗျ၊ လူသားမျိုးနွယ်နဲ့ ဆိုင်တဲ့ကိစ္စပါ၊ ကမ္ဘာကြီးတစ်ခုလုံး ကြောက်စရာအန္တရာယ်နဲ့ ရင်ဆိုင်နေရပြီဆိုတာ ကျွန်တော်တို့ မြင်နေကြရတယ်၊ ဒီအန္တရာယ်ကြီးကို အချိန်မီတားဆီးနိုင်ရေးအတွက် ရန်ပုံငွေ ခွဲဝေ သတ်မှတ်ပေးဖို့ အထက်လွှတ်တော်ကို အဆိုပြုဖို့ ကျွန်တော် ကြိုးစားနေပါတယ်'

'အဲဒီ ရန်ပုံငွေတချို့က ရှင့်ကုမ္ပဏီ ရောက်သွားနိုင်တယ် မဟုတ်လား'

'အဲဒီ ပိုက်ဆံကို ဘယ်သူရရ ကျွန်တော် ဂရုမစိုက်ဘူး၊ ကျွန်တော်က သိပ်ပြီးနောက်ကျမသွားခင် အလုပ်စတင်ဖြစ်တာကို မြင်ချင်တယ်'

ကော်ရနီမာဖီက နွေးထွေးစွာဖြင့်… 'လေးစားစရာ စိတ်ကူးပါပဲ၊ မစ္စတာကင်စလေက တစ်မူထူးခြားတဲ့ ပုဂ္ဂိုလ်ပဲနော်'

ကင်စလေက သူ့ဘက်လှည့်ပြီး… 'မစ္စက်မာဖီ… လူများစုအနေနဲ့ ပိုက်ဆံက ကိုယ်ကျင့်သိက္ခာထက် အရေးကြီးတယ်လို့ ယုံကြည်တာကို ခင်ဗျား လက်ခံရင် ခင်ဗျားမှန်ပါတယ်လို့ ပြောရမှာကို ကျွန်တော် ဝမ်းနည်းပါတယ်'

ဤတွင် ကရိုလီထရော့စ်က ဖြတ်ပြီး…

'ရှင် ကြိုးစားနေတဲ့လုပ်ရပ်ဟာ သိပ်ကောင်းတယ်လို့ ကျွန်မ ထင်ပါတယ်'

www.burmeseclassic.com
the bookhouse we bring your future

www.burmeseclassic.com



ဇန်လူဇင်က လက်ထောက်နှစ်ယောက်ကို မျက်စောင်းထိုးကြည့်လိုက်ပြီးနောက် ကင်စလေဘက်သို့လှည့်၍…

'ကျွန်မအနေနဲ့တော့ ဘာကတိမှ မပေးနိုင်ဘူး၊ ဒါပေမဲ့ ကျွန်မရဲ့ လုပ်ဖော်ကိုင်ဖက်တွေနဲ့ တိုင်ပင်ကြည့်ပါဦးမယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ပြီး သူတို့ရဲ့ထင်မြင်ချက်ကို တောင်းခံမယ်၊ ပြီးတော့ ကျွန်မ ရှင့်ကို အကြောင်းပြန်ပါ့မယ်'

'ကျေးဇူးတင်ပါတယ်ခင်ဗျား၊ ဒါနဲ့ မင်ဟတ်တန်မြို့နယ်ဘက်ရောက်ရင် ကျွန်တော်တို့ကုမ္ပဏီကို ဝင်ကြည့်စေချင်ပါတယ်၊ ကျွန်တော် လုပ်ကိုင်နေတာတွေကို ပြချင်လို့ပါ၊ အများကြီး စိတ်ဝင်စားပါလိမ့်မယ်'

ဇန်လူဇင်က တာဝန်ကျေ ခေါင်းညိတ်လိုက်ပြီး…

'လိုအပ်ရင် ကျွန်မ ပြောပါ့မယ်…'

ဤတွင် တွေ့ဆုံပွဲ ပြီးဆုံးသွားလေ၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၂

**ပြင်သစ်နိုင်ငံ၊ ပါရီမြို့**

မတ်ဟားရစ် သေဆုံးကြောင်း သတင်းပြန့်သွားချိန်မှစ၍ ကယ်လီဟားရစ်ထံသို့ ဖုန်းဆက်သူ၊ ပန်းစည်းပို့သူနှင့် အီးမေးလ်ပို့သူတွေ ဆက်တိုက်ဖြစ်နေသည်။ ပထမဆုံး ဖုန်းဆက်သူမှာ မတ်၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်း ဆမ်မဲဒေါဖြစ်သည်။

'ကယ်လီ··· ကြားရတာ ယုံနိုင်စရာတောင် မရှိပါလား၊ ငါ ဘာစကားပြောရမှန်းတောင် မသိတော့ဘူး၊ ရင်ထဲမှာ တော်တော် ခံစားနေရတယ်၊ ငါ လှည့်ကြည့်လိုက်တဲ့နေရာတိုင်းမှာ မတ်ကိုပဲ မြင်နေရတယ်၊ ငါ ဘယ်လို ကူညီရမှာလဲ··· ကယ်လီ'

'မလိုပါဘူး··· ဆမ်၊ ကျေးဇူးတင်ပါတယ်'

'ဒါပေမဲ့ အဆက်တော့ မပြတ်ပါစေနဲ့ ကယ်လီ၊ ငါ တတ်နိုင်တဲ့ဘက်က ကူညီချင်လို့ပါ' ဆမ်မဲဒေါဆက်ပြီးနောက် မတ်၏ မိတ်ဆွေနှင့် ကယ်လီ၏ မော်ဒယ်မိတ်ဆွေတစ်ဒါဇင်လောက်က ထပ်ဆက်ကြသည်။ မော်ဒယ်အေဂျင်စီ အကြီးအကဲ ဘီလ်လားနားကလည်း ဆက်သည်။

'ကယ်လီ··· ငါ တော်တော် စိတ်မကောင်းပါဘူး၊ ဒီအချိန်မျိုးမှာ ပြောသင့်တဲ့စကားတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်းအနေနဲ့ အလုပ်ခွင်ပြန်ဝင်တာ အကောင်းဆုံးပဲလို့ ငါထင်တယ်၊ အဲဒီတော့ အလုပ်ကို ဘယ်တော့လောက် လာနိုင်မှာလဲ'

'မတ် ပြန်ရောက်လာတဲ့နေ့ကျမှ···' ကယ်လီ ဖုန်းကိုပြန်ချလိုက်သည်။

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်နေပြန်ပြီ။ ကယ်လီ ဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဟုတ်ကဲ့… ပြောပါ'

'မစ္စတာဟားရစ်ပါလား'

သူ ဟားရစ်၏ ဇနီးမယား ဖြစ်နေတုန်းပဲလား၊ ဟားရစ်ကတော့ မရှိတော့ဘူး၊ ဒါပေမဲ့ သူ ဟားရစ်၏ဇနီးမယားကတော့ အမြဲတမ်း… အမြဲတမ်း ဖြစ်နေဦးမှာပါ။

ကယ်လီ အသံခပ်မာမာဖြင့်…

'ဟုတ်ကဲ့… ကျွန်မ မစ္စက်မတ်ဟားရစ်ပါ'

'အခုဆက်နေတာ တန်နာကင်စလေရဲ့ ရုံးခန်းကပါ'

မတ် အလုပ်လုပ်သည့် ကုမ္ပဏီပိုင်ရှင်ဖြစ်မည်ဟု ကယ်လီ ထင်မိသည်။

'ဟုတ်ကဲ့… ပြောပါ'

'မစ္စတာကင်စလေက မစ္စက်ဟားရစ်နဲ့ တွေ့ချင်ပါတယ်တဲ့၊ မင်ဟတ်တန်မြို့နယ်က ကုမ္ပဏီရုံးချုပ်မှာပါ၊ အဲဒါ မစ္စက်ဟားရစ် အားပါသလား'

ကယ်လီ အားပါသည်။ သူနှင့်ပတ်သက်သည့် ဖောက်သည်တွေအား ကြိုတင်စာရင်းပေးခြင်းကို ရပ်ဆိုင်းထားရန် အေဂျင်စီသို့ သူ ပြောထားပြီးဖြစ်သည်။ သို့သော်လည်း သူ အံ့သြနေသည်။ သူ့ကို ကုမ္ပဏီသူဌေးကြီးက ဘာကြောင့် တွေ့ချင်ရသလဲ။ သူ မစဉ်းစားတတ်အောင် ဖြစ်နေသည်။ သို့သော်လည်း သူ ပြောလိုက်ပါသည်။

'ဟုတ်ကဲ့… အားပါတယ်'

'ဒါဆို သောကြာနေ့မှာ ပါရီက ထွက်လာနိုင်ပါသလား'

'သောကြာနေ့… ဟုတ်ကဲ့… ထွက်လာနိုင်ပါတယ်'

'ကောင်းပါပြီ၊ ချားဒီဂေါလေဆိပ်မှာ ယူနိုက်တက်လေကြောင်းလိုင်းလက်မှတ် အဆင်သင့် ရှိနေပါလိမ့်မယ်' သူက လေယာဉ်ခရီးစဉ်နံပါတ်ကို ပြောပြီးတော့ 'နယူးယောက်လေဆိပ်မှာ ကြိုတဲ့ကား စောင့်နေပါလိမ့်မယ်'

○

တန်နာကင်စလေအကြောင်း မတ်က ပြောပြဖူးသည်။ မတ်က တန်နာကိုတွေ့တော့ တကယ့်ပါရမီရှင်တစ်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟု ထင်မိသည်။ သို့နှင့် သူ့ကုမ္ပဏီမှာ ဝင်လုပ်ဖြစ်ခဲ့သည်။ တန်နာနှင့်တွေ့လျှင် မတ်အကြောင်း ပြန်ပြောင်း ပြောကြရင်း မျှဝေခံစားနိုင်စရာရှိသည်။ သည်အတွေးကြောင့် ကယ်လီ စိတ်ကြည်သွားသည်။

ခွေးမကလေး အိန်ဂျယ် ပြေးလာပြီး ကယ်လီ၏ ရင်ခွင်ပေါ်တက်သည်။ ကယ်လီက ခွေးမကလေးကို ထွေး ပိုက်ရင်း...

'ငါ ခရီးထွက်နေတုန်း မင်းဘယ်လိုနေကျန်ရစ်မှာလဲ၊ မေမေက မင်းကို ပြုစုစောင့်ရှောက်မှာပါ၊ ငါက ကြာလှ နှစ်ရက်သုံးရက်ပါ'

ပြောလိုက်ပြီးတော့မှ အိန်ဂျယ်ကို တကယ် ပြုစုစောင့်ရှောက်သင့်တဲ့သူကို ရုတ်တရက်သွားသတိရသည်။

သူ အဆောက်အအုံမှူးရုံးခန်းသို့ ဆင်းလာခဲ့သည်။ အလုပ်သမားတွေ ဓာတ်လှေကားအသစ် တပ်ဆင်နေကြသည်။ သူတို့အနားမှ ဖြတ်လျှောက်လာရင်း တွေ့တဲ့လူတိုင်းကို ကယ်လီ နှုတ်ခေါင်းရှုံ့ပြလာခဲ့သည်။

အဆောက်အအုံမှူး ဖိလစ်စင်ဒါသည် အရပ်ရှည်ရှည်နှင့် ရုပ်ဖြောင့်သည်။ သူ့ဇနီးနှင့် သမီးတို့ကလည်း လူမှုဆက်ဆံရေး ကောင်းကြသည်။ မတ်သတင်းကို ကြားရင်တော့ သူတို့တွေ တော်တော် စိတ်မကောင်းဖြစ်ကြသည်။ ဓာတ်ကို ပီယာလာရှေးစ် သုသာန်မှာ သင်္ဂြိုဟ်တော့လည်း ကယ်လီက စင်ဒါတို့မိသားစုကို ဖိတ်သည်။

ကယ်လီသည် ဖိလစ်၏ ရုံးခန်းသို့လျှောက်လာပြီး တံခါးခေါက်လိုက်သည်။ ဖိလစ် တံခါးလာဖွင့်သည်။

'ကျွန်မ အကူအညီ တစ်ခုလောက် တောင်းချင်လို့ပါ'

'ဝင်ပါ၊ ရပါတယ်၊ ဘာပဲဖြစ်ဖြစ် ကူညီပါ့မယ် မဒမ်ဟားရစ်'

'ကျွန်မ နယူးယောက်ကို သုံးလေးရက်လောက် သွားစရာရှိပါတယ်၊ အဲဒီ အတောအတွင်း ခွေးမလေးကို စောင့်ရှောက်ပေးထားနိုင်မှာလား'

'အား... ရပါတယ်၊ ရပါတယ်၊ အန်နာမာရီယာနဲ့ ကျွန်တော်တို့ ကောင်းကောင်း စောင့်ရှောက်ထားပါ့မယ်'

'အများကြီး ကျေးဇူးတင်ပါတယ်'

'ခွေးမလေးကို အကျင့်ပျက်အောင် ကျွန်တော် နည်းပေါင်းစုံနဲ့ ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်'

ကယ်လီက ပြုံးပြီး...

'ကျွန်မ ဖျက်ဆီးထားလို့ ပျက်စီးနေပါပြီ'

'ဒါနဲ့ သွားမှာက ဘယ်တော့လဲ'

'သောကြာနေ့ပါ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ၊ စိတ်ချလက်ချသာ သွားပါ၊ ဒါနဲ့ ကျွန်တော့်သမီးကို ဆော်ဘွန်းတက္ကသိုလ်က လက်ခံလိုက်ပြီ ဆိုတာ ကျွန်တော် မပြောရသေးဘူးနော်'

'ဟင့်အင်း… မပြောသေးပါဘူး၊ ဝမ်းသာပါတယ်၊ ဂုဏ်ယူစရာပါပဲ'

'ဟုတ်ကဲ့၊ နောက်နှစ်ပတ်အကြာဆိုရင် ကျောင်းဝင်ရတော့မှာ၊ ကျွန်တော်တို့ သိပ်ဝမ်းသာနေကြတယ်၊ ဒါဟာ အိပ်မက်ကြီးတစ်ခု တကယ်ဖြစ်လာတာပါပဲ'

○

သောကြာနေ့မနက်တွင် ကယ်လီသည် အိန်ဂျယ်ကိုခေါ်ပြီး ဖိလစ်စင်ဒါ၏ အခန်းသို့ ဆင်းလာခဲ့သည်။ သူက ဖိလစ်အား စက္ကူအိတ်တချို့ ကမ်းပေးရင်း… 'ဒါတွေက အိန်ဂျယ်ကြိုက်တဲ့ အစာတွေနဲ့ ကစားစရာတွေပါ'

ဖိလစ် နောက်သို့ဆုတ်လိုက်တော့ သူ့နောက်မှာ ကစားစရာတွေတစ်ပုံကြီး…။ ကယ်လီ ရယ်လျက်…

'အိန်ဂျယ်… ညည်းတော့ သိပ်ကံကောင်းတာပဲ' ခွေးမကလေးကို နောက်ဆုံးပွေ့ဖက်ရင်း 'ကဲ… သွားတော့မယ်၊ အိန်ဂျယ်၊ အများကြီး ကျေးဇူးတင်ပါတယ် ဖိလစ်'

ကယ်လီထွက်သွားတော့ တိုက်ခန်းလျှပ်စစ်အော်ပရေတာအမျိုးသမီးကြီးနီကိုးလ်ပါရာဒစ် နှုတ်ဆက်ရန် တံခါးနားမှာ ရပ်နေသည်။

သူကပြုံးလျက်…

'အန်တီတို့တော့ အောက်မေ့နေတော့မှာပဲ၊ မြန်မြန်ပြန်လာပါနော်…မလေး'

ကယ်လီက လက်ကမ်းပေးရင်း…

'ကျေးဇူးပဲ… အန်တီ၊ ကျွန်မ မကြာခင် ပြန်လာခဲ့ပါမယ်'

နောက် မိနစ်အနည်းငယ်အကြာမှာတော့ ကယ်လီသည် လေဆိပ်သို့သွားသည့် ကားပေါ်သို့ ရောက်နေပြီ။

○

ချားဒီဂေါလေဆိပ်တွင် ခရီးသည်တွေ အမြဲတမ်း ပြွတ်သိပ်နေသည်။ လက်မှတ်ကောင်တာတွေ၊ ဆိုင်ခန်းတွေ၊

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်တွေ၊ ရိုးရိုးလှေကားတွေနှင့် သမိုင်းမတင်မီခေတ်က တိရစ္ဆာန်ကြီးတွေလို အထက်အောက် အဆက်မပြတ် တွားသွားနေသည့် စက်လှေကားတွေဖြင့် ဒဏ္ဍာရီထဲက ဝင်္ကပါကြီးတစ်ခုနှင့် တူနေသည်။

ကယ်လီ ရောက်သွားတော့ လေဆိပ်မန်နေဂျာက သီးသန့်ဧည့်ခန်းသို့ ခေါ်လာသည်။ နောက်ငါးမိနစ်အကြာတွင် မကြာမီ လေယာဉ်ထွက်တော့မည့်အကြောင်း ကြေညာသည်။ လေယာဉ်ဆီသို့ ကယ်လီလျှောက်လာစဉ် အနီးအနားတွင် ရပ်နေသည့် အမျိုးသမီးတစ်ယောက် ကယ်လီ့ကို မျက်ခြည်မပြတ် စောင့်ကြည့်နေသည်။ ကယ်လီ လေယာဉ်ပေါ်တက်သွားပြီးသောအခါ ထိုအမျိုးသမီးက သူ့လက်ကိုင်ဖုန်းဖြင့် တစ်စုံတစ်ယောက်ဆီ လှမ်းဆက်လိုက်သည်။

ဝ

ကယ်လီ သူ့ကုလားထိုင်တွင် ဝင်ထိုင်သည်။ မတ် အကြောင်းကို တွေးနေမိသည်။ အမျိုးသားနှင့် အမျိုးသမီး ခရီးသည်အများစုက သူ့ကို မသိမသာကြည့်နေကြတာကိုပင် သတိမထားမိ။

*အီဖယ်မျှော်စင်ပေါ်က လေ့လာရေးအဆောင်မှာ ညကြီးသန်းခေါင် မတ် ဘာသွားလုပ်နေတာလဲ၊ သူ ဘယ်သူနဲ့ သွားတွေ့တာလဲ၊ ဘာကြောင့် သွားတွေ့တာလဲ။ အဓိကအချက်က သူ ဘာကြောင့် သူ့ကိုယ်သူ သတ်သေရတာလဲ။ ငါတို့လင်မယားက သိပ်ချစ်ကြတာ၊ အရမ်းကို ချစ်ကြတာ၊ သူ့ကိုယ်သူသတ်သေတာကို ငါ လုံးဝ မယုံဘူး၊ မတ် သူ့ကိုယ်သူ မသတ်ဘူး… မသတ်ဘူး… မသတ်ဘူး။*

ကယ်လီ မျက်စိမှိတ်ထားလိုက်သည်။ စိတ်က အတိတ်ဆီသို့ လွင့်မျောသွားသည်…။

ဝ

သူတို့နှစ်ယောက် ပထမဆုံး ချိန်းတွေ့သည့်နေ့ ဖြစ်သည်။ သူက အနက်ရောင်စကပ်နှင့် လည်ပင်းမြင့်အဖြူရောင် အလောက်စ်ကို ဝတ်ထားသည်။ မတ်က သူ့ကို မြူဆွယ်ချင်လို့ဟု မထင်ရအောင် တမင်ရွေးဝတ်လာခြင်း ဖြစ်သည်။ ကယ်လီ စိတ်လှုပ်ရှားနေသည်။ သူ ကလေးဘဝတုန်းက ကြုံခဲ့ရသည့် အနိဋ္ဌာရုံဖြစ်ရပ်ကြောင့် ယောကျ်ားတွေကို ကြောက်နေသည်။ အလုပ်ကိစ္စ၊ အလှူအတန်းကိစ္စများမှတစ်ပါး အခြားဘယ်ကိစ္စတွင်မဆို ယောကျ်ားတွေနှင့် လုံးဝ တွေ့ဘဲ နေနေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



*မတ်က ငါ့ရည်းစား မဟုတ်ပါဘူး၊ သူနဲ့ငါက မိတ်ဆွေတွေပါ။ သူက ငါ့ကို မြို့ထဲလှည့်ပတ်ပြီး လိုက်ပြရုံပဲ၊ ဒီထက်ပိုပြီး ဘာမှ မဖြစ်စေရ။* ကယ်လီ အတွေးမပြတ်ခင် ခေါင်းလောင်းသံ မြည်လာသည်။

ကယ်လီ အသက်တစ်ချက် ရှူလိုက်ပြီးတော့မှ တံခါးကို ဖွင့်လိုက်သည်။ မတ် ပြုံးပြီး ရပ်နေသည်။ လက်ထဲမှာတော့ ဘူးတစ်ဘူးနှင့် စက္ကူအိတ်တစ်အိတ်…။ သူ မီးခိုးရောင် ပုံပျက်ပန်းပျက် ဝတ်စုံကို ဝတ်လာသည်။ အစိမ်းရောင် ရှပ်အင်္ကျီ၊ အနီရောင်လည်စည်းနှင့် အညိုရောင်ရှူးဖိနပ်။ ကယ်လီက သူ့ပုံပန်းကိုကြည့်ပြီး အကျယ်ကြီးရယ်သည်။ မတ်က သူ့ကိုယ်သူလှအောင် စတိုင်မထုတ်တတ်၊ အဲဒါသည်ပင် တစ်မျိုး ချစ်စရာကောင်းနေသည်။

'ဝင်ပါ' ကယ်လီက ပြောလိုက်သည်။

'ကျွန်တော် နောက်မကျပါဘူးနော်'

'မကျပါဘူး၊ နောက်မကျပါဘူး' သူ ၂၅မိနစ်စောင် စောနေသေးသည်။

မတ်က ဘူးကို ကမ်းပေးရင်း… 'ဒါ ခင်ဗျားအတွက်…'

အဲဒါ ငါးပေါင်ဝင် ချော့ကလက်ဘူးဖြစ်သည်။ အခြားလူတွေက ကယ်လီအား စိန်တွေ၊ သားမွေးအင်္ကျီတွေနှင့် မိုးထိတိုက်ခန်းတွေကိုသာ လက်ဆောင်ပေးလေ့ရှိကြသည်။ အခုလို ချော့ကလက်ဘူးလက်ဆောင်မျိုး ဘယ်တုန်းကမှ မရခဲ့ဖူး။ ငါ့ဘော်ဒါ မော်ဒယ်တွေကတော့ ကြိုက်ကြမှာပဲဟု တွေးပြီး ကယ်လီ ရွှင်မြူးသွားသည်။ ပြီးတော့ ပြုံးပြီး ပြောလိုက်သည်။

'ကျေးဇူးတင်ပါတယ်'

မတ်က စက္ကူအိတ်ကို ကမ်းပေးပြီး… 'ဒါက အိန်ဂျယ်အတွက် အစာတွေ…'

အရိပ်ပြလိုက်သည့်အလား အိန်ဂျယ် အခန်းထဲပြေးဝင်လာပြီး အမြီးတယမ်းယမ်းနှင့် မတ်အပေါ် ချိတ်တက်နေသည်။ မတ်က အိန်ဂျယ်ကို ကောက်ချီပြီး ပွတ်သပ်ပေးသည်။

'သူ ကျွန်တော့်ကို မှတ်မိနေတယ်'

'အိန်ဂျယ်ကိုပေးတဲ့အတွက် ရှင့်ကို ကျွန်မ တကယ် ကျေးဇူးတင်ပါတယ်၊ သူက သိပ်တော်တဲ့ အဖော်ကောင်းပဲ၊ ကျွန်မမှာ အရင်က အဖော်မရှိခဲ့ဘူး'

မတ်က ကယ်လီ့ကို စေ့စေ့ကြည့်နေသည်။ သူ့မျက်လုံးတွေက စကားပြောနေသည်။

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်းသည် မှောင်လင့်တာထက် ပိုလှနေသည်။ မတ်က တကယ့်အဖော်ကောင်းပဲ။ သူက အသိဉာဏ်လည်း ရှိသည်။ စကားပြောရတာလည်း အဆင်ပြေသည်။ ညနေခင်းသည် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

'ကျွန်တော်တို့ ဒီလိုပဲ နောက်ထပ် တွေ့ကြရအောင်လား'

'ဟုတ်ကဲ့… ကောင်းပါတယ်'

'ဒါနဲ့ ခင်ဗျား အကြိုက်ဆုံးအရာက ဘာလဲ… ဟင်'

'ဘောလုံး…၊ ရှင်ရော ဘောလုံးပွဲ ကြိုက်သလား'

မတ် ခပ်ကြောင်ကြောင် ဖြစ်သွားပြီးတော့မှ… 'သြော်… အင်း… ဟုတ်ကဲ့… ကြိုက်… ကြိုက်ပါတယ်'

သနားစရာကောင်းတဲ့ လူညာဟု ကယ်လီ တွေးလိုက်မိသည်။ နောက်ပြောင်ချင်တဲ့ စိတ်ကူးတစ်ခု ရုတ်တရက် ပေါ်လာသောကြောင့်…

'စနေနေ့ညမှာ မိုလ်လုပွဲရှိတယ်၊ ရှင် လိုက်မလား'

မတ် တံတွေးမျိုချလိုက်ပြီးနောက် အသံပျော့ပျော့ဖြင့်…

'လိုက်မယ်'

○

မိုးချုပ်ခါနီးတော့ ကယ်လီ၏တိုက်ခန်းသို့ ပြန်လာခဲ့ကြသည်။ မတ်က တံခါးဝတွင်ရပ်ပြီး ကယ်လီ၏ မျက်နှာကို စိုက်ကြည့်ရင်း…

'ခင်ဗျားကိုတွေ့တော့ ကျွန်တော် ပထမဆုံး သတိထားမိတာကို သိသလား'

'မသိဘူး၊ ဘာကို သတိထားမိသလဲ'

'မျက်လုံးထဲက ဝေဒနာ'

ကယ်လီ ဘာမှ ပြန်မပြောခင် မတ်က 'ကဲ… ပြန်လိုက်ဦးမယ်' ဟု နှုတ်ဆက်ပြီး ပြန်သွားသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၃

ချိန်းထားသည့်အတိုင်း စနေနေ့တွင် ကယ်လီတိုက်ခန်းသို့ မတ်လာခဲ့သည်။ ချောကလက်တစ်ဘူးနှင့် စက္ကူအိတ်ကြီး တစ်အိတ်လည်း ပါလာသည်။

'သကြားလုံးဘူးက ခင်ဗျားအတွက်၊ စက္ကူအိတ်က အိန်ဂျယ့်အတွက်'

'ကျွန်မရော၊ အိန်ဂျယ်ရော အများကြီး ကျေးဇူးတင်ပါတယ်'

မတ်က အိန်ဂျယ်ကို ပွတ်သပ်ပေးနေသည်။ ကယ်လီက အမှတ်မထင် မေးလိုက်သည်။

'ဒါနဲ့ ရှင်က ဘောလုံးပွဲကို မျှော်နေမိမှာပေါ့နော်'

မတ်က အားတက်သရော ခေါင်းညိတ်လိုက်ရင်း… 'သြော်… ဟုတ်ကဲ့… ဟုတ်ကဲ့'

ကယ်လီက ပြုံးပြီး… 'ကောင်းတယ်… ကျွန်မလည်း မျှော်နေတာပဲ'

မတ်အနေဖြင့် ဘောလုံးပွဲ ဘယ်တော့မှ မကြည့်ဖူးကြောင်း ကယ်လီ အကဲခတ်မိသည်။

○

ပါရီမြို့၊ စိန့်ဂျာမိန် အားကစားကွင်း၌ ကျင်းပသည့် လိုင်ယွန်အသင်းနှင့် မာဆေးအသင်းတို့၏ ဗိုလ်လုပွဲကို ပရိသတ်ပေါင်း ခြောက်သောင်းခုနစ်ထောင်တို့က တစ်ခဲနက် လာရောက်အားပေးကြသည်။

ကယ်လီနှင့် မတ်တို့အား အလယ်တန်းရှေ့က ထိုင်ခုံတွင် နေရာပေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'တော်တော်နိုပ်တာပဲ၊ ဒီအတန်းရဖို့ မလွယ်ဘူး' ကယ်လီက ပြောသည်။ မတ်က ပြုံးပြီး…

'ကျွန်တော်ရော၊ ခင်ဗျားရော ဘောလုံးဝါသနာအိုးတွေဆိုတော့ အားလုံး အဆင်ချောတာပေါ့'

ကယ်လီ မရယ်မိအောင် နှုတ်ခမ်းကိုက်ထားသည်။ သူ ဘောလုံးပွဲစမည့် အချိန်ကိုစိတ်စောနေသည်။

၀

နှစ်နာရီထိုးတော့ နှစ်သင်းစလုံး ကွင်းထဲဝင်လာကြသည်။ ပြင်သစ်နိုင်ငံ အမျိုးသားသီချင်းကို တီးဝိုင်းက သီဆိုတီးမှုတ်နေစဉ် နှစ်သင်းစလုံး သတိအနေအထားဖြင့် ရပ်နေကြသည်။ ထို့နောက် မိတ်ဆက်ပေးရန်အတွက် နှစ်သင်းခွဲပြီး ပရိသတ်ဘက် မျက်နှာမူကာ တန်းစီကြသည်။ အပြာနှင့် အဖြူရောင်ဝတ်ထားသော လိုင်ယွန်အသင်းမှ ကစားသမား တစ်ယောက် ရှေ့သို့ထွက်လာသည်။

ကယ်လီက မတ်အနေဖြင့် ဘောပွဲနှင့် သဟဇာတဖြစ်သွားအောင်ဆိုပြီး ကိုယ်ကို ကိုင်းလျက် ခပ်တိုးတိုး ပြောလိုက်သည်။

'အဲဒါ ဂိုးသမားပေါ့၊ သူ့နာမည်က…'

'ကျွန်တော် သိပါတယ်၊ ဂရီဂေါ်ရီကူဖက်၊ သူ့အသင်းမှာ အကောင်းဆုံး ဂိုးသမားပဲ၊ ပြီးခဲ့တဲ့ ဧပြီလက ဘောဒူးအသင်းနဲ့ ကစားတဲ့ပွဲမှာ ချန်ပီယံဆုရခဲ့တယ်၊ ပိုတစ်နှစ်တုန်းကလည်း ဥရောပဘောလုံးအသင်းနဲ့ ချန်ပီယံလိဂ်ဆုတွေကို ရခဲ့သေးတယ်၊ သူ့အသက်က ၃၁နှစ်၊ အရပ်က ခြောက်ပေ၊ ကိုယ်အလေးချိန်… ပေါင် ၁၈၀'

ကယ်လီက မတ်အား တအံ့တသြ ကြည့်နေသည်။

ကျေညာသံ ဆက်တိုက် ထွက်ပေါ်နေသည်။ 'ရှေ့တန်းက ကစားတဲ့လူက ဆစ်ဒနီဂိုဗို…'

'နံပါတ် ၁၄' မတ်က ဖြတ်ပြောသည်။ 'သိပ်တော်တဲ့လူ…၊ ပြီးခဲ့တဲ့အပတ်က အောဇီးယားအသင်းနဲ့ ကစားတဲ့ပွဲမှာ နောက်ဆုံး တစ်မိနစ်အတွင်း တစ်ဂိုးသွင်းလိုက်တာ… သူပေါ့'

အခြားကစားသမားတွေအကြောင်း မတ် ဆက်ပြောတော့ ကယ်လီ မျက်လုံးအဝိုင်းသားဖြင့် နားထောင်နေသည်။

ဘောလုံးပွဲ စတင်ကစားပြီ။ ပရိသတ် အားပေးသံ သောင်းသောင်းညံသွားသည်။

'တွေ့လား၊ သူ စကန်လိုက်တာ ဘယ်လောက်လှသလဲ' မတ် အော်ပြောလိုက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို သက်စွန့်ဆံဖျားပွဲပါပဲ။ နှစ်ဖက်စလုံးက ဂိုးသမားတွေကလည်း တော်လိုက်တာ မပြောပါနဲ့တော့။ ပိုက်ကွင်းထဲ ဝင်လာတဲ့ ဘောလုံးတိုင်းကို အမိအရ ဖမ်းထားနိုင်ကြသည်။ ကယ်လီ ဂနာမငြိမ် ဖြစ်နေသည်။ စိတ်အာရုံ ဟိုရောက်ဒီရောက် ဖြစ်နေသည်။ သူ မတ် မျက်နှာကိုပဲ တအံ့တသြ ကြည့်နေသည်။ သူ့ကို ငါ လျှော့တွက်ခဲ့တာ အမှားကြီးမှားတာပဲဟု ကယ်လီ တွေးမိသည်။

ပွဲတစ်ဝက်လောက်ရောက်တော့ မတ်က အော်ပြောလိုက်သည်။

'ဂိုဗိုက ဖလစ်ကစ်နဲ့ ဂိုးသွင်းဖို့ ကြိုးစားနေတယ်၊ ဟာ… တကယ် သွင်းလိုက်ပြီ၊ တော်လိုက်တဲ့လူ…'

ခဏကြာတော့ မတ်က ပြောပြန်သည်။

'ကြည့်နေ…၊ ဘောလုံးကို လက်နဲ့ထိလို့ ကာရီယား "ဖိုင်း" ထိလိမ့်မယ်'

သူပြောတဲ့အတိုင်း တကယ်လည်း မှန်နေသည်။

လိုင်ယွန်အသင်း နိုင်သွားတော့ မတ် မြောက်ကြွမြောက်ကြွ ဖြစ်နေသည်။

'တကယ်တော်တဲ့ အသင်းပဲကွာ'

အားကစားကွင်းမှ ပြန်ထွက်လာတော့ ကယ်လီက မေးသည်။

'ရှင် ဘောလုံး စိတ်ဝင်စားတာ ဘယ်လောက်ကြာပြီလဲဟင်'

မတ်က ကယ်လီ့ကို ရှက်ကိုးရှက်ကန်း ကြည့်လိုက်ပြီး…

'သိပ်မကြာသေးဘူး၊ သုံးရက်လောက်ပဲ ရှိသေးတယ်၊ ကွန်ပျူတာမှာ ကြည့်ပြီး လေ့လာတာ၊ ခင်ဗျားက ဘောလုံးကို သိပ်ပြီး စိတ်ဝင်စားတော့ ကျွန်တော်လည်း သင်ထားသင့်တယ် ထင်လို့ပါ'

ကယ်လီ ဘဝင်ခိုက်သွားသည်။ သူ ဝါသနာပါတာကြောင့် မတ်အနေဖြင့် အချိန်ကုန် လူပန်းခံပြီး လေ့လာခဲ့တာကို မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

နောက်နေ့တွင် ကယ်လီ အလုပ်ချိန်ပြီးသည့်နောက် ထပ်တွေ့ရန် ချိန်းသည်။

'ကျွန်တော် ခင်ဗျားကို အဝတ်လဲခန်းမှာ လာခေါ်မယ်'

'မဖြစ်ဘူး' ကယ်လီက မတ်အား အခြားမော်ဒယ်များနှင့် ပေးမတွေ့စေချင်။

မတ် ကြောင်တောင်တောင်နှင့် ကြည့်နေသည်။

'အဝတ်လဲခန်းထဲ အမျိုးသားတွေ မဝင်ရလို့ စည်းကမ်းထုတ်ထားလို့ပါ'

'ဪ… ဟုတ်လား'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အခြားဘယ်သူနဲ့မှ ပေးမတွေ့စေချင်ဘူးဟု ကယ်လီ ကျိတ်ပြီး တွေးလိုက်မိသည်။

၀

'လေယာဉ်စီးခရီးသည်များရှင့်… ကျေးဇူးပြု၍ ခါးပတ်ပတ်ထားကြပါရှင်၊ ကျွန်မတို့ ကနေဒီလေဆိပ်နဲ့ သိပ်မဝေးတော့ပါဘူး၊ မိနစ်အနည်းငယ်အကြာမှာ လေယာဉ် ဆင်းသက်ပါတော့မယ်'

သည်တော့မှ ကယ်လီသည် ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်လာခဲ့သည်။ သူ နယူးယောက်မြို့သို့ ရောက်လာပြီ။ မတ်၏ အလုပ်ရှင်သူဌေးကြီး တန်နာကင်စလေနှင့် တွေ့ရတော့မည်။

တစ်စုံတစ်ယောက်က စာနယ်ဇင်းဆရာတွေကို သတင်းပို့လိုက်ဟန်တူသည်။ ကယ်လီ လေယာဉ်ပေါ်မှ ဆင်းလိုက်တာနှင့် သူတို့က အသင့်စောင့်နေကြသည်။ ရုပ်သံကင်မရာတွေ၊ မိုက္ကရိုဖုန်းတွေ တကားကားဖြင့် သတင်းထောက်တွေက ကယ်လီ့ကို ဝိုင်းအုံပိတ်ဆီးထားကြသည်။

'ကယ်လီ… ကျေးဇူးပြုပြီး ဒီဘက်လှည့်ပေးပါ'

'ခင်ဗျားရဲ့ခင်ပွန်း ဘယ်လိုကြောင့် သေဆုံးရပါသလဲ'

'ရဲက စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးပြီလား'

'ခင်ဗျား အမေရိကကို ပြန်ပြောင်းလာတာလား'

'သတင်းဆိုးကို ကြားရတဲ့အချိန်မှာ ဘယ်လိုခံစားရသလဲ'

မေးခွန်းအားလုံးထဲမှာ ကိုယ်ချင်းမစာဆုံးမေးခွန်းပဲဟု ကယ်လီ ထင်လိုက်သည်။

နောက်ဘက်တွင် မျက်နှာ ရွှင်ရွှင်လန်းလန်းနှင့် လူတစ်ယောက် ရပ်နေတာကို လှမ်းမြင်မိသည်။ သူက ပြုံးပြီး လက်ကို ဝှေ့ရမ်းပြသည်။ ကယ်လီက မျက်ရိပ်ပြ၍ ခေါ်လိုက်သည်။

ဘင်ရောဘတ်… ဖြစ်သည်။ နာမည်ကျော် ရုပ်သံအစီအစဉ် တင်ဆက်သူ။ ကယ်လီ့ကို အင်တာဗျူး တင်ဆက်ဖူးသည်။ သူတို့နှစ်ယောက် ခင်မင်ရင်းနှီးသည်။ ဘင်က သတင်းထောက်တွေကြားထဲက တိုးဝှေ့လာသည်။ သူ့ကို သူတို့အားလုံး သိကြသည်။

'ဟေး… ဘင်၊ ခင်ဗျားက ကယ်လီ့ကို အင်တာဗျူးဦးမလို့လား'

'သူက ဖြစ်ရပ်အားလုံး ပြောပြမယ်ထင်သလား'

the bookhouse we bring your...
www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားနဲ့ ကယ်လီကို တစ်ပုံလောက် ရိုက်ပါရစေ'

ထိုအခိုက် ဘင်က ကယ်လီ့ဘေးသို့ ရောက်လာသည်။ သတင်းထောက်တွေ ကယ်လီနှင့် ဘင်တို့ကို ဝန်းရံထားသည်။ ဘင်က အော်ပြောလိုက်သည်။

'ဒီမယ် ကိုယ့်လူတို့… သူ့ ခဏ နားပါရစေဦး၊ နောက်တော့မှ မေးကြမြန်းကြစေချင်တယ်'

သည်တော့မှ သတင်းထောက်တွေ အင်တင်တင်နှင့် ရှဲသွားကြသည်။ ဘင်က ကယ်လီ၏လက်ကို ဆုပ်ကိုင်ပြီး…

'ငါ ဘယ်လောက်ထိ စိတ်မကောင်းဖြစ်မိတယ်ဆိုတာ မင်းကို မပြောချင်ဘူး၊ ငါက မတ်ကို သိပ်ပြီးခင်တာ'

'အတူတူပါပဲ… ဘင်'

ကယ်လီနှင့် ဘင်တို့ ထွက်ပေါက်သို့ လျှောက်လာကြသည်။

'ဒါနဲ့ အလွတ်သဘော မေးပါရစေ၊ မင်းက နယူးယောက်မှာ ဘာလာလုပ်တာလဲ'

'တန်နာကင်စလေနဲ့ တွေ့ဖို့လာတာ'

ဘင်က ခေါင်းညိတ်သည်။ 'သူက သိပ်ပြီး သြဇာကြီးတဲ့ပုဂ္ဂိုလ်၊ မင်းအနေနဲ့ သတိတော့ရှိလိမ့်မယ်လို့ ငါ ယုံပါတယ်'

သူတို့ ပစ္စည်းရွေးကောင်တာသို့ ရောက်လာကြသည်။

'မစ္စက်ဟားရစ်ပါလား၊ ကျွန်တော်က ကော်လင်ပါ၊ အပြင်ဘက်မှာ ကား အသင့်ရှိနေပါတယ်၊ မစ္စတာကင်စလေက ပင်နင်ဆူလာဟိုတယ်မှာ အခန်း ယူထားပြီးပါပြီ၊ ကျွန်တော့်ကို လက်မှတ်တွေ ပေးပါလား၊ ပစ္စည်းတွေ ရွေးယူလိုက်ပါမယ်'

ကယ်လီက ဘင်ကို လှည့်ကြည့်ပြီး…

'ကျွန်မဆီ ဖုန်းဆက်မှာလား'

'ဆက်မှာပေါ့'

○

နောက်ဆယ်မိနစ်လောက်မှာ ကယ်လီသည် ဟိုတယ်သို့သွားရာ လမ်းမကြီးပေါ်ရောက်နေပြီ။

'မစ္စတာကင်စလေရဲ့ အတွင်းရေးမှူးက မဒမ့်ကို ဖုန်းဆက်ပြီး ရက်ချိန်းပေးပါလိမ့်မယ်၊ လိုအပ်ရင် အချိန်မရွေး သုံးနိုင်အောင် ကားလည်း အဆင်သင့်ပေးထားပါတယ်' ဟု ဒရိုင်ဘာကော်လင်က ပြောသည်။

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်'

ငါ ဒီမှာ ဘာလာလုပ်တာပါလိမ့်ဟု ကယ်လီ တွေးလိုက်သည်။

အဖြေကို သူ မကြာခင် သိရပါလိမ့်မည်။

■

www.burmeseclassic.com

the bookhouse

www.burmeseclassic.com

# အခန်း-၁၄

*မင်ဟာတ်တန်မြို့နယ်၊ နယူးယောက်မြို့*

တန်နာကင်စလေသည် နေ့လယ်ပိုင်းထုတ် သတင်းစာပါ သတင်းတစ်ပုဒ်၏ ခေါင်းစီးစာတန်းကို ဖတ်လိုက်သည်။ ***မိုးသီးမုန်တိုင်း အီရန်ကို တိုက်ခတ်***…။ သတင်းအကျယ်တွင် ဤဖြစ်ရပ်ကို အလွန်ထူးဆန်းသော ဖြစ်ရပ်အဖြစ် ရေးသားထားသည်။ ပူအိုက်သော နွေရာသီတွင် မိုးသီးမုန်တိုင်း တိုက်ခတ်ခြင်းမှာ အံ့ဩဖွယ်ဖြစ်နေသည်။

တန်နာက သူ၏ အတွင်းရေးမှူးကို ရုံးတွင်းဖုန်းဖြင့် လှမ်းခေါ်လိုက်သည်။ အတွင်းရေးမှူးအမျိုးသမီးကလေး ရုံးခန်းထဲ ဝင်လာသည်။

'ဒီသတင်းကို ဖြတ်ညှပ်ပြီး အထက်လွှတ်တော်အမတ် ဗန်လူဗင်ဆီကို ပို့လိုက်၊ "ကမ္ဘာကြီးပူနွေးလာခြင်း နောက်ဆုံးရသတင်း…" ဆိုပြီး မှတ်ချက်ရေးပေးလိုက်'

'ဟုတ်ကဲ့၊ အခုချက်ချင်း ပို့လိုက်ပါ့မယ်'

တန်နာက လက်ပတ်နာရီကို စောင်းကြည့်လိုက်သည်။ နောက် နာရီဝက်အတွင်း 'ကင်စလေ နိုင်ငံတကာအုပ်စု' (KIG)ဌာနချုပ်သို့ စုံထောက်အရာရှိနှစ်ဦး ရောက်လာဖို့ရှိသည်။ ရုံးခန်းကျယ်ကြီးကို မျက်လုံးကစားကြည့်လိုက်သည်။ သည်အရာတွေအားလုံးကို သူ ကိုယ်တိုင် ဖန်တီးခဲ့ခြင်းဖြစ်သည်။

'KIG' တည်းဟူသော အတိုကောက် အက္ခရာသုံးလုံး၏ နောက်ကွယ်တွင် သြဇာအာဏာတွေ အများကြီးရှိနေသည်ကို တွေးမိသည်။ လွန်ခဲ့သော ခုနှစ်နှစ်ကာလကမှ စတင်ခဲ့သည့် 'KIG'ကုမ္ပဏီ၏ သမိုင်းကြောင်းကို သိရလျှင် လူတွေ အံ့ဩနေကြပေလိမ့်မည်။ တန်နာ၏ အတွေးသည် အတိတ်ကာလသို့ ပြန်လည် လွင့်မျောသွားသည်…။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'KIG' ကုမ္ပဏီအတွက် 'လိုဂို' အမှတ်တံဆိပ် ရေးဆွဲသတ်မှတ်တဲ့နေ့ကို ပြန်လည် သတိရမိသည်။ 'ဘာမဟုတ်တဲ့ ကုမ္ပဏီစုတ်ကလေးနဲ့ မလိုက်ဖက်တဲ့ အမှတ်တံဆိပ်ပဲဗျ' ဟု တစ်စုံတစ်ယောက်က ဝေဖန်သည်။ သို့ပေမယ့် သူသည် ဘာမဟုတ်တဲ့ ကုမ္ပဏီစုတ်ကလေးကို ကမ္ဘာကျော် ကုမ္ပဏီကြီးအဖြစ် ဖန်တီးနိုင်ခဲ့သည်။ တည်ထောင်ခါစ အခြေအနေကို တွေးမိတော့ သူ့အနေဖြင့် မဖြစ်နိုင်သည့် အံ့ဖွယ်ဖြစ်ရပ်တစ်ခုကို ဖန်တီးနိုင်ခဲ့သလို ထင်မိသည်။

○

တန်နာကင်စလေသည် သူ့အစ်ကို အန်ဒရူးကင်စလေထက် ငါးနှစ်ငယ်သည်။ သို့သော်လည်း သူသည် သူ့ဘဝသူ ကိုယ်ထူးကိုယ်ချွန် ပုံသွင်းတည်ဆောက်နိုင်ခဲ့သည်။ မိဘနှစ်ပါး ကွာရှင်းပြတ်စဲပြီး အမေဖြစ်သူက နောက်အိမ်ထောင်နှင့် တစ်နေရာသို့ ပြောင်းရွှေ့သွားသည်။ အဖေက သိပ္ပံပညာရှင်၊ သားနှစ်ယောက်ကလည်း အဖေ့ခြေရာနင်းကြသည်။ သိပ္ပံပညာ ထူးချွန်ကြသည်။ အဖေသည် အသက် ၄၀အရွယ်မှာ နှလုံးရောဂါနှင့် ဆုံးသွားသည်။

အန်ဒရူးထက် ငါးနှစ်ငယ်တဲ့အတွက် တန်နာ မကြာခဏ စိတ်ညစ်ရသည်။ အတန်းထဲတွင် သိပ္ပံဘာသာရပ် ပထမဆုကို တန်နာရတော့ 'လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက အန်ဒရူး ရခဲ့ပြီးသားပါ' ဟု အပြောခံရသည်။

စကားပြောပြိုင်ပွဲတွင် တန်နာဆုရတော့ 'ဂုဏ်ယူပါတယ် တန်နာ၊ ဒီဆုကိုရတာ မင်းက ဒုတိယမြောက် ကင်စလေ မိသားစုဝင်ပဲ' ဟု ပါမောက္ခက ပြောသည်။ တင်းနစ် ကစားပြန်တော့လည်း 'မင်းက မင်းအစ်ကိုလိုပဲ တော်သားပဲ' ဟု ပြောကြပြန်သည်။

အထက်တန်းအောင်ပြီးလို့ အိမ်ပြန်ခါနီး နှုတ်ဆက်ပွဲ လုပ်တဲ့အခါမှာလည်း 'မင်းပြောတဲ့ စကားတွေက ဓရိုသတ်ကို တော်တော် "ထိ" တယ်၊ ငါ အန်ဒရူးကို သွားသတိရမိတယ်' ဟု အပြောခံရပြန်သည်။

သူက အဲသလို အစ်ကိုဖြစ်သူ၏ အရိပ်မည်းကြီးအောက်မှာ ကြီးပြင်းလာခဲ့ရသူ။ အရာရာတွင် အန်ဒရူးက ပထမ၊ သူက ဒုတိယအဖြစ် သတ်မှတ်ခံရတာကို သူ တော်တော် အခံရခက်သည်။ မကျေမချမ်းဖြစ်ရသည်။

○

သူတို့ ညီအစ်ကိုနှစ်ယောက်မှာ တူညီတဲ့ လက္ခဏာတွေတော့ ရှိကြသည်။ နှစ်ယောက်စလုံး ရုပ်ချောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကောင်းသည်၊ ထက်မြက်သည်။ သို့သော်လည်း အရွယ်ရောက်လို့ ကြီးပြင်းလာတဲ့အခါမှာတော့ မတူညီတဲ့ အဓိက ကွာခြားချက်တွေ သိသိသာသာ ပေါ်လာသည်။ အန်ဒရူးက ကိုယ်ကျိုးမကြည့်၊ အများအကျိုး ဦးစားပေးသည်။ လူသိများဖို့ မကြိုးစား။ တန်နာကတော့ ဖော်ရွေပွင့်လင်းသည်၊ အပေါင်းအသင်း မက်သည်၊ ကြီးပွားချင်စိတ် ပြင်းပြသည်။ မိန်းမနှင့် ပတ်သတ်လျှင် အန်ဒရူးက အရှက်အကြောက်ကြီးသည်။ တန်နာကတော့ ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်။

ညီအစ်ကိုနှစ်ယောက်၏ အရေးအကြီးဆုံး မတူကွဲပြားချက်က သူတို့၏ ဘဝရည်မှန်းချက် ဖြစ်သည်။ အန်ဒရူးက စေတနာရှင်အသင်းဖွဲ့ပြီး အများအကျိုးသယ်ပိုးချင်သည်။ တန်နာက ပိုက်ဆံချမ်းသာပြီး သြဇာအာဏာရှိချင်သည်။

၀

အန်ဒရူး ဂုဏ်ထူးနှင့် ဘွဲ့ရပြီးနောက် မကြာခင်မှာ အကြံပေးအတိုင်ပင်ခံ 'ဉာဏ်ကြီးရှင်' ကုမ္ပဏီတစ်ခုမှာ အလုပ်ရသည်။ သည်လို ကုမ္ပဏီတစ်ခုအနေဖြင့် လောက ကောင်းကျိုးအတွက် ဘာတွေ လုပ်ပေးနိုင်မလဲဆိုတာကို သူ တွေးတောသည်၊ ကြံဆသည်၊ ဆည်းပူးသည်။ နောက်ငါးနှစ်အကြာမှာ အလုပ်မှထွက်ပြီး ကိုယ်ပိုင် 'ဉာဏ်ကြီးရှင်' ကုမ္ပဏီကလေးတစ်ခု တည်ထောင်ဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။

သူ့စိတ်ကူးကို ညီတော်မောင်ကို ပြောပြသည်။ ညီတော်မောင် တော်တော် စိတ်ဝင်စားသည်။

'သိပ်ကောင်းတဲ့ စိတ်ကူးပဲ ကိုကို၊ ''ဉာဏ်ကြီးရှင်'' ကုမ္ပဏီတွေကို အစိုးရက သန်းပေါင်းများစွာတန်တဲ့ ကန်ထရိုက်လုပ်ငန်းတွေ ချပေးတယ်၊ ဒါဆိုရင် ပုဂ္ဂလိက ကော်ပိုရေးရှင်းတွေကို ထည့်တွက်စရာ မလိုတော့ဘူး'

'ငါ့စိတ်ကူးက အဲဒီလို မဟုတ်ဘူး ညီလေး၊ ငါက ပြည်သူတွေကို အကူအညီပေးတဲ့ ကုမ္ပဏီမျိုးပဲ ထောင်ချင်တာ'

တန်နာ အံ့အားသင့်သွားပြီး…

'ဘာ… ပြည်သူတွေကို အကူအညီပေးမယ် ဟုတ်လား'

'ဟုတ်တယ် ညီလေး၊ ခေတ်မီ လယ်ယာစိုက်ပျိုးရေးနဲ့ ကုန်ထုတ်လုပ်ရေး နည်းသစ်တွေ မရရှိသေးတဲ့ တတိယကမ္ဘာနိုင်ငံတွေ အများကြီး ရှိနေသေးတယ်၊ ဟိုစကားပုံရှိတယ် မဟုတ်လား၊ ''ငါးပေးရင် တစ်နပ်ပဲ စားရမယ်၊ ငါးမျှားနည်းပေးရင် တစ်သက်စားရမယ်'' ဆိုတာလေ'

'အဲဒီလို နိုင်ငံမျိုးတွေက ကျွန်တော်တို့ကို ပိုက်ဆံမပေးနိုင်ဘူး ကိုကို'

'ကိစ္စမရှိဘူး၊ အဲဒီနိုင်ငံတွေကို ဘဝပြောင်းစေနိုင်တဲ့ နည်းပညာသစ်တွေ သင်ပေးမယ့် ပါရဂူတွေ ပို့ပေးမယ်၊

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ညီလေးကိုလည်း စပ်တူအဖြစ် ပါဝင်ခွင့်ပေးမယ်၊ တို့ရဲ့ကုမ္ပဏီကို ''ကင်စလေအုပ်စု'' လို့ နာမည်ပေးမယ်၊ ညီလေး ဘယ်လို သဘောရလဲ' တန်နှာ ခေတ္တစဉ်းစားနေပြီးတော့မှ ခေါင်းညိတ်သည်။

'တကယ်တော့ ကိုကို့စိတ်ကူး မဆိုးပါဘူး၊ ကျွန်တော်တို့ ကိုကိုပြောတဲ့ နိုင်ငံတွေနဲ့ စတင်မယ်၊ အဲဒီနောက် အစိုးရကန်ထရိုက်လုပ်ငန်းတွေ ရအောင်လုပ်မယ်၊ ပြီးတော့...'

'ညီလေး... ပိုပြီး နေချင်စရာကောင်းတဲ့ ကမ္ဘာကြီးဖြစ်အောင် လုပ်ဖို့ကိုပဲ အာရုံစိုက်ကြရအောင်'

တန်နှာ ပြုံးနေသည်။ အပေးအယူတော့ လုပ်ရမည်။ ပထမဦးစွာ အန်ဒရူးလုပ်ချင်တာနှင့် စတင်လုပ်၊ ထို့နောက် ဩဇာတိက္ကမကြီးမားသည့် ကုမ္ပဏီဖြစ်လာအောင် တဖြည်းဖြည်း ကြိုးစားသွားမည်။

'ဘယ်လိုလဲ' အန်ဒရူးက မေးလိုက်သည်။

တန်နှာက လက်ကို ဆန့်တန်းလိုက်ပြီး 'ကဲ... ကျွန်တော်တို့ရဲ့ အနာဂတ်အတွက်...'

○

နောက် ခြောက်လအကြာတွင် 'ကင်စလေအုပ်စု' ဟူ၍ မထင်မရှား ဆိုင်းဘုတ်ကလေး ချိတ်ထားသော အုတ်နီတိုက်ကလေး၏ အပြင်ဘက် မိုးရေထဲတွင် ညီအစ်ကိုနှစ်ယောက် ရပ်နေကြသည်။

'ဘယ့်နှယ်လဲ... မလှဘူးလား' အန်ဒရူးက ဂုဏ်ယူစွာဖြင့် မေးလိုက်သည်။

'လှပါ့ဗျာ' တန်နှာက သရော်သံမပါအောင် သူ့အသံကို မနည်းထိန်းထားလိုက်ရသည်။

'ဒီဆိုင်းဘုတ်က ကမ္ဘာတစ်ဝန်းက လူသားတွေကို စိတ်ချမ်းသာအောင် လုပ်ပေးမှာ... ညီလေး၊ တတိယကမ္ဘာ နိုင်ငံတွေကို လွှတ်ဖို့ ပါရဂူတွေကို ငါ စတင်ငှားရမ်းနေပြီ'

တန်နှာက ကန့်ကွက်မလို့ လုပ်ပြီးမှ ပြန်ထိန်းထားလိုက်သည်။ သူ့အစ်ကိုက ခေါင်းမာသည်။ သူ့ကို အားနှင့် ပြော၍မရ။ သို့သော် ကိစ္စမရှိ၊ တစ်နေ့မှာတော့ အချိန်ရောက်လာမှာပေါ့။ သူက ဆိုင်းဘုတ်ကလေးကို ပြန်ကြည့်ရင်း 'တစ်နေ့ကျ တော့ ''ကင်စလေ နိုင်ငံတကာ အုပ်စု'' (KIG)ဆိုတဲ့ ဆိုင်းဘုတ်ကို မြင်ကြရမှာပေါ့' ဟု တွေးမိသည်။

○

ကောလိပ်တက်တုန်းက အန်ဒရူး၏ မိတ်ဆွေဖြစ်သူ ဂျွန်ဟာစ်ယော့က ဒေါ်လာတစ်သိန်း မြှုပ်နှံပြီး 'ကင်စလေကရ

www.burmeseclassic.com



ဉာဏ်ကြီးရှင်ကုမ္ပဏီကို စတင်တည်ထောင်သည်။ ကျွန်အရင်းအနှီးကို အန်ဒရူးက ထည့်ဝင်သည်။ ပါရဂူခြောက်ယောက် ငှားရမ်းပြီး ကင်ညာ၊ ဆိုမာလီယာနှင့် ဆူဒန်နိုင်ငံများသို့ ပို့လွှတ်သည်။ တောင်သူလယ်သမားများအား ဘဝအခြေအနေ တိုးတက်ရေးသင်တန်းများပေးရန် ဖြစ်သည်။ သို့သော်လည်း ယင်းလုပ်ငန်းများမှ ဝင်ငွေ လုံးဝမရရှိ။

ဒါကို တန်နာကမကျေနပ်။ 'ကိုကို…ကျွန်တော်တို့မှာ ကုမ္ပဏီကြီးတွေဆီက ကန်ထရိုက်လုပ်ငန်းရမှဖြစ်တော့မယ်'

'အဲဒါ ငါတို့ အလုပ်မဟုတ်ဘူး ညီလေး'

ဒါဆို ကျူပ်တို့က ဘာကိုလုပ်ရမှာလဲ၊ တန်နာ တွေးမိသည်။

'ခရိုက်စလာ ကော်ပိုရေးရှင်းက ကန်ထရိုက်လုပ်ငန်းတွေခေါ်…'

အန်ဒရူးက ပြုံးလျက် 'ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ကြရအောင် ညီလေး'

တန်နာ သူ့စိတ်ကို မနည်းထိန်းထားလိုက်ရသည်။

o

'ကင်စလေကရ' ကုမ္ပဏီတွင် အန်ဒရူးနှင့် တန်နာတို့မှာ ကိုယ်ပိုင်စာတိုက်ခွဲခန်း ကိုယ်စီ ရှိကြသည်။ ကိုယ့်အလုပ်တွင် ကိုယ် နှစ်မြှုပ်ထားကြသည်။ အန်ဒရူးက ညဉ့်နက်သန်းခေါင်အထိ အလုပ်လုပ်သည်။ တစ်နေ့နံနက်တွင် စက်ရုံသို့ တန်နာ ရောက်လာတော့ အန်ဒရူး ရောက်နှင့်နေပြီ။ တန်နာ ဝင်လာတော့ အန်ဒရူးက ထရပ်လိုက်ပြီး…

'အငယ်စားပြု စက်မှုနည်းပညာ (nanotechnology) အရ စမ်းသပ်မှုတွေဟာ သိပ်ပြီး စိတ်ဝင်စားစရာ ကောင်းတယ် ညီလေး၊ အခု ငါ အဲဒီနည်းပညာနဲ့ တီထွင်မှုတစ်ခုကို စမ်းသပ်ရှာဖွေနေတယ်'

တန်နာ၏စိတ်က အဲဒါထက် အရေးကြီးတဲ့ အရာဆီကို ရောက်နေသည်။ ညတုန်းက တွေ့ခဲ့သည့် နီညိုရောင်ဆံပင်နှင့် အပျိုစားမလေး ဖြစ်သည်။ သူ အရက်ဆိုင်တွင် တန်နာ့ကို လာမိတ်ဆက်သည်။ အရက်အတူတူသောက်သည်၊ ပြီးနောက် တန်နာ့ကို သူ့တိုက်ခန်းသို့ ခေါ်သွားသည်။ ကလေးမက သူ့ကို သိုင်းဖက်လိုက်တော့…

'အဲဒီတော့ တစ်ခုခုတော့ ထူးထူးခြားခြား ဖြစ်လာမယ်လို့ ငါထင်တယ်၊ မင်းရော ဘယ်လိုထင်သလဲ ညီလေး'

တန်နာ ရုတ်တရက် လန့်ဖျပ်သွားပြီး 'အို… အေး… သိပ်ကောင်းတာပေါ့ ကိုကို'

အန်ဒရူးက ပြုံးလျက် 'မင်း မြင်ရရင် တကယ်ဖြစ်နိုင်တယ်ဆိုတာ ယုံမှာပါ'

သို့သော်လည်း တန်နာကတော့ သူ၏ လျှို့ဝှက်စမ်းသပ်ချက်ကိုသာ ပိုပြီး စိတ်ဝင်စားနေသည်။ ငါ့စမ်းသပ်ချက်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်ရင် တစ်ကမ္ဘာလုံးကို ငါပိုင်မှာ သေချာတယ်ဟု သူက ကြိတ်ပြီးတွေးလိုက်မိသည်။

○

သူ ဘွဲ့ယူပြီးနောက် တစ်ညနေတွင် တန်နှာ ကောက်တေးပါတီတစ်ခုသို့ ရောက်နေစဉ် သူ့နောက်ဘက်မှ နားဝင်ယီယံ မိန်းမသံ ထွက်ပေါ်လာသည်။

'ရှင့်အကြောင်း ကျွန်မ အများကြီး ကြားဖူးတယ် မစ္စတာကင်စလေ'

တန်နှာ လှည့်ကြည့်လိုက်တော့ စာမဖွဲ့လောက်သည့် အမျိုးသမီးကလေးတစ်ယောက်၊ သာမန်ထက်ပိုပြီး ထူးခြားတာကတော့ တောက်ပသည့် အညိုရောင်မျက်လုံးအစုံနှင့် မချိုမချဉ်အပြုံး။ တန်နှာအဖို့ မိန်းမတစ်ယောက်ကို တန်ဖိုးဖြတ်တာက ဆွဲဆောင်မှုရှိသည့်အလှ။ အခု ကောင်မလေးက သူ့စိတ်ကြိုက် အမျိုးအစားမျိုး မဟုတ်။ ဒါပေမဲ့ သူက 'ဘယ်အရာမှ သိပ်တော့ မဆိုးပါဘူး' ဟု ပြောပြီး လှည့်ထွက်သွားမည်လုပ်တော့ ကောင်မလေးက…

'ကျွန်မနာမည် ပေါလင်းကူးပါးပါ၊ သူငယ်ချင်းတွေကတော့ ပေါလာလို့ပဲ ခေါ်ကြတယ်၊ ကောလိပ်တုန်းက ရှင် ကျွန်မအစ်မ ဂျင်နီနဲ့တွဲခဲ့တယ်ဆို၊ သူက ရှင့်ဆို အရူးအမူးပဲ…'

ဂျင်နီ… ဂျင်နီ… ဟုတ်တယ်၊ အတိုကောက်ခေါ်တာ ဖြစ်မယ်၊ အရပ်သွယ်သွယ် ရွှေရောင်ဆံပင်နှင့် ထင်တာပဲ၊ တန်နှာပြုံးပြီး ရပ်နေသည်။ သူ ပြန်တွေးနေသည်။ တွဲဖူးတာတွေက များလွန်းတော့ ချက်ချင်း မမှတ်မိနိုင်။

'ဂျင်နီက ရှင့်ကို လက်ထပ်ချင်တယ်'

ဘယ်တတ်နိုင်မလဲ၊ တခြား မိန်းကလေးတွေ အများအပြားလည်း သည်အတိုင်းပါပဲ။

'ခင်ဗျားအစ်မက သိပ်တော်ပါတယ်'

ပေါလာက သရော်ကြည့်ကြည့်ရင်း 'ရှင် သူ့ကို မမှတ်မိပါဘူး'

'ဩော်… အင်း'

'ထားလိုက်ပါတော့၊ ကျွန်မ ခုနကပဲ သူ့မင်္ဂလာပွဲကို တက်လာခဲ့တယ်'

တန်နှာ ရင်အေးသွားပြီး 'ဩော်… ဟုတ်လား၊ သူ လက်ထပ်လိုက်ပြီကိုး'

'ဟုတ်တယ်၊ သူ လက်ထပ်လိုက်ပြီ၊ ဒါပေမဲ့ ကျွန်မက လက်မထပ်ရသေးဘူး၊ မနက်ဖြန်ည ညနေစာ ရှင် လက်ခံနိုင်မလား'

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



တန်နာက ကလေးမကို အနီးကပ်ကြည့်လိုက်သည်။ သူ၏ စံနှုန်းနှင့် မကိုက်ညီပေမယ့် ကလေးမက ကိုယ်လုံးကိုယ်ပေါက်လှသည်။

'ကျွန်မက ဒကာခံမှာပါ'

တန်နာက ရယ်လိုက်ပြီး 'ကျွန်တော်ပဲ ကျွေးပါ့မယ်ဗျာ၊ ခင်ဗျား သိပ်ပြီး အစားမကြူးရင်ပေါ့လေ'

'အဲဒါတော့ ရှင် စမ်းကြည့်ပေါ့'

တန်နာက ပေါ်လင်း၏ မျက်လုံးကို စေ့စေ့ကြည့်ရင်း 'စမ်းကြည့်ပါ့မယ်ဗျာ'

○

နောက်နေ့ညနေတွင် မြို့ထဲက ခေတ်မီ စားသောက်ဆိုင်တစ်ဆိုင်မှာ သူတို့နှစ်ယောက် ညစာစားကြသည်။ ပေါ်လာသည် အဖြူရောင် ရင်ဟိုက်ပိုးသားဘလောက်စ်အင်္ကျီနှင့် အနက်ရောင်စကပ်တို့ကို ဝတ်ပြီး ဒေါက်မြင့် ရှူးဖိနပ်ကို စီးလာသည်။ စားသောက်ဆိုင်ထဲသို့ ပေါ်လာ ဝင်လာတော့ အရင်ထက် ပိုချောလာသလို တန်နာက ထင်မိ၏။ တကယ်တော့ ပေါ်လာသည် နိုင်ငံခြားသူ မင်းသမီးကလေးတစ်ယောက်နှင့် တူနေသည်။

တန်နာ ထိုင်ရာမှ ထရပ်လိုက်ပြီး…

'မင်္ဂလာ ညချမ်းပါ'

ပေါ်လာက တန်နာ့လက်ကို လှမ်းဆုပ်ရင်း… 'မင်္ဂလာ ညချမ်းပါ'

နှစ်ယောက်စလုံး စားပွဲတွင် ဝင်ထိုင်ပြီးသောအခါ ပေါ်လာက…

'ကျွန်မတို့ အစက ပြန်စရအောင်၊ ကျွန်မမှာ အစ်မ မရှိပါဘူး'

တန်နာ ခပ်ကြောင်ကြောင် ဖြစ်သွားပြီး… 'ဒါပေမဲ့ မင်းကပဲ ပြော…'

ပေါ်လာက ပြုံးရင်း… 'ရှင် ဘယ်လိုတုံ့ပြန်မလဲဆိုတာ သိချင်လို့ ကျွန်မ စမ်းသပ်ကြည့်တာပါ၊ ရှင့်အကြောင်း အပေါင်းအသင်းတွေကတစ်ဆင့် ကျွန်မ အများကြီးသိထားတယ်၊ ကျွန်မ တော်တော် စိတ်ဝင်စားမိတယ်'

သူ လိင်ကိစ္စကို ပြောတာလား။ သူ ဘယ်သူတွေနှင့် စကားပြောဖြစ်တာလဲ၊ လူတွေ အများကြီးနှင့် ပြောဖြစ်မှာပဲ။

'အရမ်း ကောက်ချက်မဆွဲပါနဲ့၊ ကျွန်မက ရှင်မြာစွံတဲ့အကြောင်း ပြောနေတာ မဟုတ်ဘူး၊ ရှင်ရဲ့ စိတ်ဓာတ်ကို ပြောနေတာ'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူ ငါ့စိတ်ကူးကို သိနေသလိုပါပဲလား။

'ဒါဆို မင်းက စိတ်ဓာတ်ကို စိတ်ဝင်စားတာပေါ့ ··· ဟုတ်လား'

'အခြားဟာတွေကိုလည်း စိတ်ဝင်စားပါတယ်' သူ့အသံက ညှို့သံပါနေသလို ထင်ရသည်။

တန်နှာက ပေါ်လာ၏ လက်ကို လှမ်းဆုပ်ရင်း··· 'မင်းက တကယ်ထူးခြားတဲ့ မိန်းကလေးပဲ' ပေါ်လာ၏ လက်မောင်းကို ပွတ်သပ်ကစားနေသည်။ ပြီးတော့မှ 'အဟုတ်ကို ထူးခြားပါတယ်၊ တို့နှစ်ယောက် ဒီညတော့ အရမ်းကို ပျော်ရမှာပဲ'

ပေါ်လာကပြုံးပြီး··· 'ရှင် တကယ် မအောင့်နိုင်တော့ဘူးလား'

ပေါ်လာ၏ ပွင့်လင်းမှုကြောင့် တန်နှာ တုံ့ခနဲ ဖြစ်သွားမိ၏။ တော်တော် စိတ်အားထက်သန်တဲ့ မိန်းကလေးပဲ၊ တန်နှာ ခေါင်းညိတ်လိုက်ပြီး··· 'ဟုတ်တယ်၊ အမြဲတမ်းပါပဲ မင်းသမီးကလေးရေ···'

ပေါ်လာက ပြုံးသည်။ ပြီးတော့မှ··· 'ကောင်းပြီ၊ ကဲ··· ရှင့်ရဲ့ တွဲဖော်တွဲဖက် မိန်းကလေးတွေရဲ့ ဖုန်းနံပါတ် စာအုပ်ကို ထုတ်လိုက်စမ်း၊ ဒီညအတွက် ရှင်နဲ့ အသင့်တော်ဆုံး ကောင်မလေးကို ရှာကြည့်ကြရအောင်'

တန်နှာ တစ်ကိုယ်လုံး အေးစက်သွားသည်။ သူက မိန်းကလေးတွေကို အရုပ်လို ကစားခဲ့သည်။ သို့သော်လည်း ပေါ်လာလို သူ့ကို တစ်ယောက်မှ သရော်ပြောင်လှောင် မလုပ်ခဲ့စဖူး။ တန်နှာက ပေါ်လာ့မျက်နှာကို စေ့စေ့ကြည့်လိုက်ပြီး···

'မင်း ဘာစကားပြောနေတာလဲ'

'ရှင့်ကို လိုင်းပြောင်းပြီး အဆင့်မြှင့်ပေးဖို့ ပြောနေတာ၊ ရှင်လုပ်နေတာတွေက ရိုးအီနေပြီလို့ မထင်မိဘူးလား'

တန်နှာ မျက်နှာ နီရဲသွားသည်။

'မင်းက ဒီလို ဘာလို့ပြောရတာလဲ'

'ရှင်က ကျွန်မကို စကားပြောတဲ့အခါ တခြားမိန်းကလေးတွေကို ဘယ်တုန်းကမှ မပြောဖူးတဲ့ စကားမျိုးကိုပဲ ကျွန်မ ကြားချင်တယ်'

တန်နှာက ပေါ်လာ့မျက်နှာကို တည့်တည့်ကြည့်ပြီး ဒေါသစိတ်ကို မျိုသိပ်ထားလိုက်သည်။ ဒီမိန်းမ ငါ့ကိုများ အထက်တန်းကျောင်းသားကလေး အောက်မေ့နေသလား မသိဘူး။ တန်နှာ သူ့ကိုယ်သူ တော်တော် ဒေါသထွက်မိသည်။ တော်တော်ရိုင်းတဲ့ မိန်းမ။

ပေါ်လာ ပြန်ထွက်သွားလေ၏။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၅

'ကင်စလေ နိုင်ငံတကာအုပ်စု'၏ ဌာနချုပ်သည် မင်ဟတ်တန်မြို့နယ် အောက်ပိုင်းတွင် တည်ရှိပြီး 'အရှေ့မြစ်'နှင့် နှစ်ပြကွာဝေးသည်။

ခြံဝင်းမှာ ငါးမိုင်ရှိပြီး ကွန်ဂရီအဆောက်အအုံကြီးလေးခုအပြင် အမှုထမ်း နေအိမ်နှစ်လုံး ပါဝင်သည်။ ခြံဝင်းကြီးတစ်ခုလုံးကို အလုံအခြုံ ကာရံထားပြီး အီလက် ထရောနစ်စနစ်ဖြင့် လုံခြုံရေး ချထားသည်။

နံနက် ဖုနာရီတွင် စုံထောက်အရာရှိ အားလ်ဂရင်းဘတ်နှင့် ရောဘတ်ပရေဂျစ်ဇာ တို့သည် ပင်မအဆောက်အအုံကြီး၏ ဆင်ဝင်ခန်းမထဲသို့ ဝင်လာကြသည်။ အခန်းကြီးက ကျယ်ဝန်းပြီး ခေတ်မီသည်။ ခေတ်မီအကောင်းစား စားပွဲကုလားထိုင်များနှင့် ခင်းကျင်း ထားသည်။

အနီးကပ်စားပွဲပေါ်မှ မဂ္ဂဇင်းများကို ဂရင်းဘတ် စောင်းကြည့်လိုက်သည်။

'*ဗာကျူးယယ်ရီယေးလ်တီ*'၊ '*နျူကလီယနှင့် ရေဒီယိုလော်ဂျီကယ်တာရာ ရစ်ဇင်း*'၊ '*ရိုးဘော့တစ်ဝါးလ်ဒ်*'၊ '*ဂျင်းနက်တစ် အင်ဂျင်နီယာရင်း နယူးစ်*'... စသည် များ...

'*ဂျင်းနက်တစ် အင်ဂျင်နီယာရင်း နယူးစ်*' မဂ္ဂဇင်းကို ကောက်ယူပြီး ပရေဂျစ် ဇာအား မေးလိုက်သည်။

'ခင်ဗျားရဲ့ ရုံးခန်းကျဉ်းကလေးထဲမှာ ဒါတွေ ဖတ်နေရရင် မငြီးငွေ့ဘူးလား'

'ဘယ်နှယ်ပြောပါလိမ့်၊ သိပ်ငြီးငွေ့တာပေါ့ဗျာ'

နှစ်ယောက်သား ဧည့်ကြိုစာရေးမအနား လျှောက်လာပြီး သူတို့ ဘယ်သူ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဝါဆိုတာ ပြောပြလိုက်သည်။

'မစ္စတာတန်နာကင်စလေနဲ့ ချိန်းထားလို့ပါ'

'သူ ရှင်တို့ကို မျှော်နေပါတယ်၊ ကျွန်မ တစ်ယောက်ယောက်ကို ရုံးခန်း လိုက်ပြခိုင်းလိုက်မယ်' ဟု ပြောပြီး လူမွှေးစက်တံဆိပ် ရင်ထိုးတွေ ထုတ်ပေးသည်။ 'ပြန်ထွက်လာတော့ ဒါတွေ ပြန်ပေးခဲ့ပါရှင်'

'ရပါတယ်၊ ပြဿနာ မရှိပါဘူး'

ဧည့်ကြိုစာရေးမက စက်ခလုတ်နှိပ်လိုက်သည်။ ခဏကြာတော့ ခပ်ချောချော အမျိုးသမီးတစ်ယောက် ရောက်လာသည်။

'ဒီ လူကြီးမင်းတွေက မစ္စတာကင်စလေနဲ့ တွေ့ဖို့ ချိန်းထားတယ်'

'ဟုတ်ကဲ့၊ ကျွန်မက ရီတာတိုင်လာပါ၊ မစ္စတာကင်စလေရဲ့ လက်ထောက်ပါ၊ ကျွန်မနဲ့ လိုက်ခဲ့ပါ'

စုံထောက်နှစ်ယောက် စင်္ကြံလမ်းရှည်ကြီးအတိုင်း လျှောက်ရင်း လိုက်ပါသွားကြသည်။ တစ်ဖက်တစ်ခြမ်းတွင် တံခါးပိတ်အခန်းတွေ ရှိကြသည်။ စင်္ကြံလမ်းအစွန်ဆုံးမှာတော့ မစ္စတာကင်စလေ၏ ရုံးခန်း။

ဧည့်ခန်းစားပွဲတွင် အတွင်းရေးမှူး အမျိုးသမီး ထိုင်နေသည်။ ကြည့်ရတာ တော်တော် သွက်ပုံရသည်။

'မင်္ဂလာနံနက်ခင်းပါရှင်၊ တစ်ခါတည်း ဝင်သွားလို့ရပါတယ်'

သူထရပ်ပြီး မစ္စတာတန်နာ၏ သီးသန့်ရုံးခန်းတံခါးကို ဖွင့်ပေးသည်။

စုံထောက်နှစ်ယောက် အထဲကို လှမ်းဝင်လိုက်တော့ မမျှော်လင့်သည့် မြင်ကွင်းကြောင့် အံ့အားသင့်ပြီး တံ့ခနဲ ရပ်လိုက်ကြသည်။

ဧရာမအခန်းကျယ်ကြီးထဲတွင် လှို့ဝှက် အီလက်ထရောနစ်ကရိယာများ ပြွတ်သိပ်ပြည့်နှက်နေသည်။ အသံလုံနံရံများတွင် ရုပ်သံစက် ပါးပါးကလေးတွေကို တန်းစီတပ်ဆင်ထားပြီး ကမ္ဘာတစ်ဝန်းမှ အဖြစ်အပျက်များနှင့် မြို့ကြီးတွေ၏ မြင်ကွင်းများကို တိုက်ရိုက်ထုတ်လွှင့် ပြသနေသည်။ အချို့မြင်ကွင်းများမှာ အစည်းအဝေးခန်းများ၊ ရုံးခန်းများနှင့် ဓာတ်ခွဲခန်းများဖြစ်ပြီး တချို့ကတော့ အစည်းအဝေးလုပ်နေသော ဟိုတယ်ခန်းများ ဖြစ်သည်။ ရုပ်သံစက်အသီးသီးက ဘာသာစကားတစ်မျိုးစီဖြင့် တစ်ပြိုင်နက်တည်း ထုတ်လွှင့်နေရာ မီလန်… ဂျိုဟန်နက်စဘတ်… ဗူးရစ်… မဒရစ်… ဆိုင်… စသည့် မြို့ကြီးများ၏ မြင်ကွင်းများကို မြင်နေရသည်။ ခပ်လှမ်းလှမ်းမှ ရှစ်ဆင့်တပ် နံရံကပ် စာအုပ်စင်တွင် ဘာသာရေးဖုံးစာအုပ်တွေ အစီအရီ ပြည့်နှက်နေသည်။

တန်နာကင်စလေသည် မဟော်ဂနီစားပွဲနောက်တွင် ထိုင်နေသည်။ စားပွဲပေါ်တွင် စက်ခလုတ်ခုံတစ်ခု တပ်ဆင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ထားပြီး စက်ခလုတ်ခြောက်ခုကို အရောင်တစ်မျိုးစီ ချယ်ထားသည်။ မစ္စတာတန်နာသည် မီးခိုးရောင်ဘောင်းဘီနှင့် ကုတ်အင်္ကျီ၊ အပြာနုရောင်ရှပ်အင်္ကျီနှင့် အကွက်ဆင် လည်စည်းတို့ကို အချိုးကျကျ ဝတ်ဆင်ထားသည်။

စုံထောက်နှစ်ယောက် ဝင်လာတော့ တန်နာက ထရပ်လိုက်ပြီး…

'မင်္ဂလာနံနက်ခင်းပါ လူကြီးမင်းတို့' ဟု နှုတ်ခွန်းဆက်လိုက်သည်။

'မင်္ဂလာနံနက်ခင်းပါ' ဂရင်းဘတ်က ပြန်လည် နှုတ်ဆက်လိုက်သည်။

'ကျွန်တော်တို့က…'

'ဟုတ်ပါတယ်၊ စုံထောက်အရာရှိ အားလ်ဂရင်းဘတ်နဲ့ ရောဘတ်ပရေဂျစ်ဇာဆိုတာ ကျုပ်သိပါတယ်'

စုံထောက်နှစ်ယောက် ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

စီတန်းနေသည့် ရုပ်သံစက်တွေ၏ ဖန်သားပြင်များပေါ်တွင် ကမ္ဘာတစ်ဝန်းမှ ဖြစ်ရပ်များ တစ်ခုပြီးတစ်ခု လျှင်မြန်စွာ ပြောင်းလဲ ဖြစ်ပေါ်နေကြသည်ကို ပရေဂျစ်ဇာက ငေးကြည့်နေသည်။ သူက ခေါင်းတညိတ်ညိတ်ဖြင့် သဘောကျနေသည်။

'ယနေ့ ခေတ်ပေါ်အဆင့်မြင့် စက်မှုနည်းပညာ အကြောင်းကို ဆွေးနွေးတင်ပြရလျှင်…' ဟု ရုပ်သံစက်တစ်ခုမှ အသံထွက်ပေါ်လာသည်။

ဤတွင် တန်နာက လက်ကိုမြှောက်လိုက်ပြီး… 'ကျုပ်တို့က ဒီနေ့ အဆင့်မြင့် စက်မှုနည်းပညာ အကြောင်းကို ပြောမှာမဟုတ်ဘူးဗျ၊ ပြောရရင် ဒီနည်းပညာက လာမယ့်နှစ်နှစ် သုံးနှစ်အတွင်း ဈေးကွက်ကို ရောက်နိုင်မှာ မဟုတ်သေးဘူး၊ ဒီနည်းပညာ အောင်မြင်ရင် နိုင်ငံပေါင်းတစ်ဒါဇင်လောက်မှာ တစ်ပြိုင်နက်တည်း ကျင်းပနေတဲ့ ကွန်ဖရင့်တွေကို ထိုင်ရာမထ ကြည့်လို့ရတယ်၊ ကျုပ်တို့ရုံးခန်းတွေဆီကို ကမ္ဘာတစ်ဝန်းက ဝင်လာတဲ့ သတင်းအချက်အလက်တွေကို ဒီ ကွန်ပျူတာတွေက အမျိုးအစား ခွဲခြားပြီး မှတ်တမ်းတင်မယ်'

ထို့နောက် ပရေဂျစ်ဇာက မေးလိုက်သည်။

'အလွန် ရိုးစင်းတဲ့ မေးခွန်းတစ်ခု မေးခွင့်ပြုပါ မစ္စတာတန်နာ အကြံပေးပါရဂူအဖွဲ့ (Think-Tank) က ဘာတွေကို လုပ်ပါသလဲ'

'အခြေခံကျကျပြောရရင် ကျုပ်တို့ဟာ ပြဿနာဖြေရှင်းပေးသူတွေပဲ၊ ကျုပ်တို့က ရှေ့မှာရှိနေတဲ့၊ ရှေ့မှာကြုံတွေ့ရမယ့် တဲ့ အခက်အခဲတွေနဲ့ ပြဿနာတွေရဲ့ အဖြေကို ဖော်ထုတ်တယ်၊ တချို့ အကြံပေးပါရဂူအဖွဲ့တွေက စစ်ရေး ဒါမှမဟုတ် စီးပွားရေး ဒါမှမဟုတ် နိုင်ငံရေးစသဖြင့် ကိစ္စတစ်ရပ်တည်းကိုသာ အာရုံစိုက်လုပ်ဆောင်ကြတယ်၊ ကျုပ်တို့ကတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားလုံခြုံရေး၊ ဆက်သွယ်ရေး၊ အနုဇီဝဗေဒ (microbiology)၊ ပတ်ဝန်းကျင်သန့်ရှင်းရေး… စတဲ့ ကိစ္စတွေကို အလေးထားပြီး ဆောင်ရွက်တယ်၊ ကျုပ်တို့ "ကေအိုင်ဂျီ" ကုမ္ပဏီဟာ အစိုးရအဖွဲ့ပေါင်းများစွာရဲ့ ကမ္ဘာနဲ့ချီတဲ့ ရေရှည်ပြဿနာတွေနဲ့ အကျိုးဆက်တွေကို အလွတ်သဘော ဆန်းစစ်ဝေဖန်တဲ့ ကုမ္ပဏီပဲ'

'အလွန် စိတ်ဝင်စားဖို့ ကောင်းပါတယ်'

'ကျုပ်တို့ရဲ့ သုတေသနလုပ်ငန်း အမှုထမ်း ၈၅ရာခိုင်နှုန်းက အဆင့်မြင့်ဘွဲ့တွေ ရကြတယ်၊ ၆၅ ရာခိုင်နှုန်းကျော် ကျော်က ပါရဂူဘွဲ့တွေ ရထားကြတယ်'

'ချီးကျူးလောက်ပါတယ်'

'တတိယကမ္ဘာနိုင်ငံတွေကို ကူညီဖို့အတွက် ကျုပ်အစ်ကို အန်ဒရူးကင်စလေက "ကေအိုင်ဂျီ" ကုမ္ပဏီကို တည်ထောင်ခဲ့တာပါ၊ ဒါကြောင့် ကျွန်တော်တို့က ကမ္ဘာတစ်ဝန်းက ဆင်းရဲသားနိုင်ငံတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း တွေကို ဖိဖိစီးစီး အကူအညီပေးနေပါတယ်'

ထိုအခိုက် ရုတ်တရက် မိုးခြိမ်းသံနှင့်အတူ ရုပ်သံစက်တစ်လုံး၏ ဖန်သားပြင်ပေါ်တွင် လျှပ်တစ်ပြက် အလင်းရောင် ပေါ်ထွက်လာသည်။ သုံးယောက်စလုံး ရုပ်သံစက်ကို လှည့်ကြည့်လိုက်ကြသည်။

'ဒါနဲ့… မိုးလေဝသနဲ့ ပတ်သတ်တဲ့ လက်တွေ့စမ်းသပ်မှုတွေ "ကေအိုင်ဂျီ" ကုမ္ပဏီက လုပ်နေတယ်ဆိုပြီး တစ်နေရာရာမှာ ကျွန်တော် ဖတ်လိုက်မိသလားလို့' ဟု ဂရင်းဘတ်က မေးလိုက်သည်။

တန်နာက မဲ့ပြုံးပြုံးရင်း 'ဟုတ်ပါတယ်၊ အဲဒါကို ကေအိုင်ဂျီ ကုမ္ပဏီရဲ့ မိုက်ရူးရဲလုပ်ရပ်လို့ ပြောနေကြတယ်၊ အဲဒါဟာ ကျုပ်တို့ရဲ့ အမှားကြီးတွေ နည်းနည်းအထဲက အမှားကြီးတစ်ခုပဲ၊ ဒီလုပ်ရပ်ကို ကျုပ်တော်တော် အားကိုးခဲ့တယ်၊ အောင်မြင်မယ်လို့ တစ်ထစ်ကျ ယုံကြည်ခဲ့တယ်၊ ဒါပေမဲ့ မအောင်မြင်ဘူး၊ လက်လွှတ်လိုက်ရတယ်'

'မိုးလေဝသကို တကယ်ရော ထိန်းချုပ်လို့ ရနိုင်ပါ့မလား' ဟု ပရေရှစ်ဇာက မေးခွန်းထုတ်သည်။

တန်နာက ဦးခေါင်းကို ခါယမ်းလိုက်ပြီးတော့မှ…

'အတိုင်းအတာတစ်ခုအထိတော့ အကန့်အသတ်နဲ့ ထိန်းချုပ်နိုင်လိမ့်မယ်၊ ဒီကိစ္စကို လူတွေ တော်တော်များများ ကြိုးစားခဲ့ပြီးပြီ၊ ၁၉၀၀ပြည့်နှစ်ကဆိုရင် နီကိုလာတေဆလာက မိုးလေဝသ စမ်းသပ်မှုတွေ လုပ်ခဲ့တယ်၊ ကမ္ဘာ့လေထုရဲ့ အိုင်ယွန်းလွှာအဖြစ် ပြောင်းလဲခြင်းကို ရေဒီယိုလှိုင်းနဲ့ ပြုလုပ်နိုင်တယ်ဆိုတာကို တေဆလာက ရှာဖွေတွေ့ရှိခဲ့တယ်၊ ၁၉၅၈ခုနှစ်မှာ ကျုပ်တို့ အစိုးရကာကွယ်ရေးဌာနကလည်း အိုင်ယွန်းလွှာရှိတဲ့ လေထုအလွှာထဲကို ကြေးနီအပ်ချောင်းတွေသွင်း ပြီး စမ်းသပ်မှုလုပ်ခဲ့တယ်၊ နောက်ဆယ်နှစ်ကြာတော့ "ပိုပီယီ" စီမံကိန်းဆိုပြီး လုပ်ပြန်တယ်၊ ရည်ရွယ်ချက်ကတော့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



လာအိုနိုင်ငံမှာ မုတ်သုံရာသီကို ဆွဲဆန့်ဖို့ပဲ၊ အဲဒီလိုလုပ်ခြင်းအားဖြင့် ဟိုချီမင်းလမ်းမကြီးပေါ်မှာ ရွှံ့ဗွက်တွေ တိုးပွားလာမှာဖြစ်တယ်၊ သူတို့က ငွေရောင်အိုင်အိုဒင်းနျူကလေးအေးဂျင့်ကို သုံးတယ်၊ ပြီးတော့ ဂျုံနှံရေတာတွေက ငွေရောင်အိုင်အိုဒင်းတိမ်တွေကို တိမ်လွှာတွေထဲ ပစ်သွင်းတယ်၊ အဲဒီလိုနဲ့ မိုးသီးမိုးပေါက်တွေ ဖြစ်လာတယ်'

'ဒီတော့ အဲဒါ အလုပ်ဖြစ်သလား'

'ဟုတ်ကဲ့၊ ဒါပေမဲ့ အကန့်အသတ်နဲ့ပဲ အလုပ်ဖြစ်တယ်၊ မိုးလေဝသကို မထိန်းချုပ်နိုင်သေးတာ အကြောင်းရင်းတွေ အများကြီးရှိတယ်၊ အကြောင်းတစ်ချက်က ဘာလဲဆိုရင် အယ်နီညိုအပူလှိုင်းကြောင့် ပစိဖိတ်သမုဒ္ဒရာထဲမှာ ပူနွေးလာတယ်၊ အဲဒါကြောင့် ကမ္ဘာတစ်ဝန်းလုံးရဲ့ ဂေဟစနစ်ကို ကမောက်ကမ ဖြစ်စေတယ်၊ ပြီးတော့ လာနီညာအအေးလှိုင်းကြောင့် ပစိဖိတ်သမုဒ္ဒရာထဲမှာ အအေးဓာတ်ပိုလာတယ်၊ အဲဒီလှိုင်းနှစ်ခုကြောင့် မိုးလေဝသထိန်းချုပ်ရေး လုပ်ငန်းတွေ မအောင်မြင်ဘဲဖြစ်နေတယ်၊ နောက်ပြီး ပစိဖိတ်သမုဒ္ဒရာရဲ့ စဝရာခိုင်နှုန်းက တောင်ဘက်ကမ္ဘာခြမ်းဖြစ်ပြီး ၆ဝရာခိုင်နှုန်းက မြောက်ဘက်ကမ္ဘာခြမ်းဖြစ်နေတယ်၊ အဲဒီလို မညီမျှခြင်းဟာလည်း အကြောင်းတစ်ချက်ဘဲ၊ ဒါ့အပြင် လေပြင်းလေစီးကြောင်းတွေကလည်း မုန်တိုင်းလမ်းကြောင်းကို ဖန်တီးကြတယ်၊ အဲဒါကို ကျုပ်တို့ ဘယ်လိုမှ မထိန်းချုပ်နိုင်သေးဘူး'

ဂရင်းဘတ်က ခေါင်းညိတ်လိုက်ပြီး ခပ်ဆိုင်းဆိုင်းလုပ်နေသည်။ ပြီးတော့မှ 'မစ္စတာတန်နာ၊ ကျွန်တော်တို့ဒီကို ဘာကြောင့်လာတယ်ဆိုတာ သိပါသလား' ဟု မေးလိုက်သည်။

တန်နာက ဂရင်းဘတ်ကို ခဏ္တ အကဲခတ်နေပြီးနောက်…

'ကျုပ်က ဒီမေးခွန်းကို တမင်တကာ စကားလှအောင် မေးတဲ့မေးခွန်းလို့ ယူဆတယ်၊ အဲဒီလိုမှ မဟုတ်ရင်တော့ ရန်စတဲ့မေးခွန်းလို့ ယူဆမိလိမ့်မယ်၊ ကေအိုင်ဂျီက အကြံပေးပါရဂူကုမ္ပဏီပါ၊ ကျုပ်တို့ကုမ္ပဏီက အမှုထမ်းလေးယောက်ဟာ ၂၄နာရီအတွင်း ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားခဲ့တယ်၊ ဒါမှမဟုတ် သေဆုံးသွားခဲ့တယ်၊ ကျုပ်တို့ စုံစမ်းစစ်ဆေးရေး စလုပ်နေပါပြီ၊ ကျုပ်တို့မှာ ကမ္ဘာတစ်ဝန်းက အဓိကမြို့ကြီးတွေမှာ အမှုထမ်းပေါင်း ၁၈ဝဝ လုပ်ကိုင်နေတဲ့ ရုံးခွဲတွေရှိတယ်၊ ဒါပေမဲ့ လောလောဆယ် သိရသလောက်တော့ အမှုထမ်းနှစ်ယောက်ဟာ ဥပဒေနဲ့ဆန့်ကျင်တဲ့ လုပ်ရပ်တွေကြောင့် အသတ်ခံရတယ်ဆိုတာ ထင်ရှားနေတယ်၊ သူတို့ရဲ့ လုပ်ရပ်ကြောင့် သူတို့ရဲ့အသက်ကို ပေးဆပ်ခဲ့ကြရတာ၊ ဒါပေမဲ့ အဲဒီကိစ္စကြောင့် ကေအိုင်ဂျီကုမ္ပဏီရဲ့ ဂုဏ်သိက္ခာကိုတော့ လုံးဝ မထိခိုက်နိုင်ပါဘူး၊ ဒီပြဿနာကို ကျုပ်တို့လူတွေ အမြန်ဆုံး ဖြေရှင်းနိုင်လိမ့်မယ်လို့ ကျုပ်မျှော်လင့်ပါတယ်'

'မစ္စတာတန်နာ' ဂရင်းဘတ်က ပြောသည်။ 'ဒီပြဿနာအပြင် တခြားပြဿနာလည်း ရှိပါသေးတယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က အကိရလို့ခေါ်တဲ့ ဂျပန်သိပ္ပံပညာရှင်တစ်ယောက် တိုကျိုမြို့မှာ ကိုယ့်ကိုယ်ကိုယ် သတ်

the bookhouse
we bring your tales
www.burmeseclassic.com

www.burmeseclassic.com



သေသွားတယ်ဆိုတာ ကျွန်တော်တို့ သိရတယ်၊ ပြီးတော့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကလည်း မက်ဒလိန်းစမစ်ဆိုတဲ့ ဆွစ်ဇာလန်နိုင်ငံသူ အမျိုးသမီး သိပ္ပံပညာရှင်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်'

တန်နာက ကြားဖြတ်ပြီး… 'ဇူးရစ်မြို့မှာပါ၊ ဒါပေမဲ့ သူတို့နှစ်ယောက်စလုံး ကိုယ့်ကိုယ်ကိုယ် သတ်သေတာ မဟုတ်ဘူး၊ အသတ်ခံရတာပါ'

စုံထောက်နှစ်ယောက်က တန်နာ့ကို တအံ့တသြ ကြည့်လိုက်ကြသည်။

ပရေဂျစ်ဇာက မေးလိုက်သည်။

'အဲဒါကို မစ္စတာတန်နာ ဘယ်လိုလုပ် သိတာလဲ'

'သူတို့က ကျုပ်အတွက်ကြောင့် အသတ်ခံရတာ' တန်နာ၏ အသံ နည်းနည်းမာသည်။

'ပြောပါဦး'

'အကိရအီဆိုက သိပ်တော်တဲ့ ဂျပန်သိပ္ပံပညာရှင်တစ်ယောက်ပဲ၊ "တိုကျို ပထမစက်မှုလုပ်ငန်းအုပ်စု" ဆိုတဲ့ အီလက်ထရောနစ်ကုမ္ပဏီကြီးမှာ အလုပ်လုပ်တယ်၊ ကျုပ်က အီဆိုကို တိုကျိုမှာပြုလုပ်တဲ့ နိုင်ငံတကာစက်မှုလုပ်ငန်း ညီလာခံတစ်ခုမှာ စပြီး တွေ့ရတာ၊ သူ့ကိုတွေ့ရတော့ လက်ရှိကုမ္ပဏီထက် လခပိုပေးပြီး ကျုပ်တို့ကုမ္ပဏီမှာ လုပ်စေချင်တယ်၊ ဒါနဲ့ ကျုပ်က ကမ်းလှမ်းကြည့်တော့ သူ လက်ခံတယ်၊ တကယ်တော့ သူ တော်တော် စိတ်လှုပ်ရှားနေတယ်' တန်နာက လေသံလျော့ပြီး ဆက်ပြောသည်။

'သူ လက်ရှိ ကုမ္ပဏီက ထွက်လာတဲ့အချိန်အထိ ဒီကိစ္စကို လျှို့ဝှက်ထားဖို့ ကျုပ်တို့ သဘောတူကြတယ်၊ ဒါပေမဲ့ သူက တစ်ယောက်ယောက်ကို ထုတ်ဖော်ပြောပြလိုက်ပုံရတယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီအကြောင်း သတင်းစာထဲမှာ တစ်စွန်းတစ်စ ပါလာလို့ပဲ'

သူက စကားကို ရပ်လိုက်သည်။ တော်တော်ကြာတော့မှ ဆက်လက်၍ 'နောက်တစ်နေ့ကျတော့ ဟိုတယ်ခန်းထဲမှာ အီဆိုရဲ့ အလောင်း တွေ့ရတော့တာပဲ'

'သူ အသတ်ခံရတာ အခြားအကြောင်း တစ်ခုခုကြောင့်ရော မဖြစ်နိုင်ဘူးလား' ပရေဂျစ်ဇာက မေးသည်။

တန်နာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး 'မဖြစ်နိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေတာလို့ ကျုပ်မယုံဘူး၊ ကျုပ် အလွတ်စုံထောက်တွေငှားပြီး ကျုပ်တို့ လူတွေနဲ့အတူ ဂျပန်ကို လွှတ်ထားတယ်၊ သူတို့ ထောက်လှမ်းသိရှိရသမျှ ဆိုရင် အသတ်ခံရတဲ့ အထောက်အထား ဘာမှမတွေ့ရသေးဘူး၊ ကျုပ်ထင်တာ မှားချင်လည်းမှားမှာပါ၊ အီဆိုနဲ့ ပတ်သတ်ပြီး ကျုပ်မသိတဲ့ ကြေကွဲစရာ ဖြစ်ရပ်ဆိုးတွေ ရှိကောင်းရှိနိုင်တယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် သူ အသတ်ခံရတာလို့ မစ္စတာတန်နာက ဘာကြောင့် သေချာပေါက် ပြောရတာလဲ' ဂရင်းဘတ်က ဖြတ်မေးလိုက်သည်။

'ခင်ဗျားတို့ ပြောတဲ့အတိုင်း မက်ဒလိန်းစမစ်ဆိုတဲ့ သိပ္ပံပညာရှင် အမျိုးသမီးဟာ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဇူးရစ်မြို့မှာ ကိုယ့်ကိုယ်ကိုယ် သတ်သေခဲ့တယ်လို့ ဆိုတယ်၊ ခင်ဗျားတို့ မသိသေးတဲ့အချက်က သူလည်းပဲ လက်ရှိ အလုပ်ကထွက်ပြီး ကျုပ်တို့ ကုမ္ပဏီကို လာမလို့ပဲ'

ဂရင်းဘတ် မျက်မှောင်ကြုတ်လိုက်ပြီး… 'ဒီ လူသေမှုနှစ်ခု ဆက်စပ် ပတ်သတ်နေတယ်လို့ ဘာကြောင့် ထင်တာလဲ'

တန်နာ မျက်နှာတင်းမာသွားပြီး‥ 'ဘာကြောင့်လဲဆိုတော့ မက်ဒလိန်းစမစ်လုပ်နေတဲ့ ကုမ္ပဏီက "တိုကျို ပထမစက်မှုလုပ်ငန်းအုပ်စု"ရဲ့ ကုမ္ပဏီခွဲ ဖြစ်နေလို့ပဲ'

တစ်ခန်းလုံး ပိတ်ပိတ်သား တိတ်ဆိတ်သွားသည်။ အတော်ကြီးကြာတော့မှ ပရေဂျစ်ဇာက စ ပြောသည်။

'ကျွန်တော် နားမလည်တာ တစ်ချက်ရှိတယ်၊ အမှုထမ်းတစ်ယောက် အလုပ်ထွက်ချင်တာနဲ့ပဲ သူတို့က ဘာကြောင့် သတ်ရတာလဲ၊ တကယ်လို့…'

'မက်ဒလိန်းစမစ်က ရိုးရိုးအမှုထမ်းတစ်ယောက် မဟုတ်ဘူးဗျ၊ အလွန်တော်တဲ့ ရူပဗေဒသိပ္ပံပညာရှင်တစ်ယောက်၊ အကိုရအီဆိုလည်း အတူတူပဲ၊ သူတို့က သူတို့လုပ်နေတဲ့ ကုမ္ပဏီအတွက် ဒေါ်လာငွေတွေ ဒလဟောဝင်လာမယ့် တီထွင်မှုတွေကို ဖော်ထုတ်ဖို့ စမ်းသပ်ကြိုးစားနေကြတာ၊ ဒါကြောင့် သူတို့ နှစ်ယောက်စလုံးကို ကျုပ်တို့ဆီ လက်လွှတ်မခံနိုင်တာပေါ့'

'မက်ဒလိန်းစမစ် အသတ်ခံရမှုကို ဆွစ်ဇာလန်ရဲအဖွဲ့က စုံစမ်းစစ်ဆေးခဲ့သလား'

'စစ်ဆေးခဲ့တယ်၊ ကျုပ်တို့လည်း စုံစမ်းစစ်ဆေးခဲ့တယ်၊ ဒါပေမဲ့ ဘာသက်သေခံ အထောက်အထားမှ မရခဲ့ဘူး၊ တကယ်တော့ ကျုပ်တို့က ဒီအမှုတွေအားလုံးကို စုံစမ်းထောက်လှမ်းနေပါတယ်၊ အနေးနဲ့အမြန် ဖြေရှင်းနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်၊ ကျုပ်တို့ ကေအိုင်ဂျီ ကုမ္ပဏီမှာက ကမ္ဘာတစ်ဝန်းလုံး ဖြန့်ကြက်ထားတဲ့ အဆက်အသွယ်တွေ ရှိပါတယ်၊ အသုံးကျတဲ့ သတင်းအချက်အလက်ရရင် ခင်ဗျားတို့ကိုလည်း ချက်ချင်း အကြောင်းကြားပါမယ်၊ ခင်ဗျားတို့ဘက်ကလည်း လိုအပ်သလို တုံ့ပြန်လိမ့်မယ်လို့ မျှော်လင့်ပါတယ်'

'အဲဒါ ကောင်းပါတယ်' ဂရင်းဘတ်က ထောက်ခံလိုက်သည်။

ထိုအခိုက် စားပွဲပေါ်မှ တယ်လီဖုန်းမြည်သံ ပေါ်ထွက်လာသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တန်နာက ဖုန်းကို ကောက်ကိုင်ပြီး…

'ဟဲလို… ဟုတ်ပါတယ်၊ စုံစမ်းထောက်လှမ်းရေး လုပ်ငန်းတွေ အခြေအနေ ကောင်းပါတယ်၊ လောလောဆယ် စုံထောက်နှစ်ယောက် ကျုပ်ရုံးခန်းထဲ ရောက်နေတယ်၊ သူတို့က ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူတယ်' သူက စုံထောက်နှစ်ယောက်ကို စောင်းကြည့်လိုက်ရင်း 'ကောင်းပါပြီ… သတင်းထပ်ရရင် အကြောင်းကြားပါ့မယ်' သူ ဖုန်းပြန်ချလိုက်သည်။

'မစ္စတာတန်နာ၊ ကေအိုင်ဂျီကုမ္ပဏီက အရေးကြီးတဲ့ တီထွင်မှုတစ်ခုခုများ လုပ်နေပါသလား' ဂရင်းဘတ်က မေးလိုက်သည်။

'ဘာလဲ၊ ကျုပ်တို့က လူခြောက်ယောက် အသတ်ခံရလောက်အောင် အရေးကြီးတဲ့ အရာတစ်ခုခုလုပ်နေတယ်လို့ ခင်ဗျားဆိုလိုတာလား၊ ဒီမယ်… ကျုပ်ပြောမယ်၊ တစ်ကမ္ဘာလုံးမှာ အကြံပေးပါရဂူကုမ္ပဏီတွေ တစ်ရာကျော်ရှိပါတယ်၊ တချို့ကုမ္ပဏီတွေလည်း ကျုပ်တို့လုပ်သလို ထပ်တူထပ်မျှ လုပ်နေကြတာပဲ။ ဒါပေမဲ့ ကျုပ်တို့က အနုမြူဗုံး လုပ်နေတာတော့ မဟုတ်ဘူးဗျ၊ အဲဒီတော့ ခင်ဗျားရဲ့ မေးခွန်းကို ''မဟုတ်ဘူး''လို့ပဲ ဖြေရမှာပဲ'

တံခါးပွင့်သွားသည်။ လက်ထဲမှာ စာရွက်တွေ တစ်ထပ်ကြီးပိုက်ပြီး အန်ဒရူး ဝင်လာသည်။ သူ့ညီနှင့် နည်းနည်းတော့ ဆင်သည်။ သို့သော်လည်း သူ့ညီက ထက်မြက်သလောက် သူက ထုံထိုင်းသည်။ စကားပြောလျှင်လည်း ဝါကျဖွဲ့ခက်နေသလို ပြတ်တောင်း ပြတ်တောင်း ပြောသည်။

'ရှော့… ဒီမှာ… တန်နာ… မင်းတောင်းတဲ့ မှတ်စုတွေ၊ ငါ အချိန်မီ စောစောမပြီးတာ တောင်းပန်ပါတယ်'

'ရပါတယ်… ကိုကို' သူက စုံထောက်တွေဘက်လှည့်ပြီး 'ဒါ ကျုပ်အစ်ကို အန်ဒရူးကင်စလေ၊ သူတို့က စုံထောက်တွေ… ဂရင်းဘတ်နဲ့ ပရေဂျစ်ဇာ'

အန်ဒရူးက စုံထောက်တွေကို မျက်တောင်ပုတ်ခတ်ပုတ်ခတ်ဖြင့် ကြည့်နေသည်။

'ကိုကို… ကိုကို နိုဘယ်ဆုရတဲ့အကြောင်း သူတို့ကို ပြောပြလိုက်ပါလား'

အန်ဒရူးက တန်နာကိုကြည့်ပြီး မပွင့်တပွင့် ပြောသည်။

'ဟုတ်တယ်… နိုဘယ်ဆု… နိုဘယ်ဆု'

ထို့နောက် အန်ဒရူး အခန်းထဲမှ ပြန်ထွက်သွားသည်။

တန်နာက သက်မချလိုက်ပြီး 'ကျုပ်ပြောခဲ့တဲ့အတိုင်း အန်ဒရူးက ဒီကုမ္ပဏီရဲ့ တည်ထောင်သူပဲ၊ တကယ်တော်တဲ့ ပုဂ္ဂိုလ်၊ လွန်ခဲ့တဲ့ ၇နှစ်က သူ့ရဲ့ ရှာဖွေတွေ့ရှိမှုတစ်ခုအတွက် နိုဘယ်ဆုရရှိခဲ့တယ်၊ ဒါပေမဲ့ ကံဆိုးချင်တော့ နောက်

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ထပ် စမ်းသပ်မှုတစ်ခု မှားယွင်းလို့ မအောင်မြင်ခဲ့ဘူး၊ အဲဒါကြောင့် သူ့ဘဝ ပြောင်းလဲသွားခဲ့တယ်' သူ့အသံက စိတ်မကောင်းသံပါသည်။

'သူက တကယ် ထူးခြားတဲ့ပုဂ္ဂိုလ်ပဲ'

ထို့နောက် ဂရင်းဘတ်က ထိုင်ရာမှထရပ်ပြီး တန်နာနှင့် လက်ဆွဲနှုတ်ဆက်ရင်း…

'ကိုင်း… ကျွန်တော်တို့အနေနဲ့ ဒီထက်ပိုပြီး အချိန်မယူသင့်တော့ပါဘူး၊ လိုအပ်ရင် နောက်ထပ် ဆက်သွယ်ပါမယ်'

'ကောင်းပါပြီ၊ ကျုပ်တို့ ဒီအမှုတွေကို အမြန်ဆုံးပေါ်အောင် လုပ်ကြစို့'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၆

တန်နုသည် ပေါ်လာနှင့်တွဲခဲ့သည့် ညနေခင်းကို မတွေးဘဲ မနေနိုင်အောင် ဖြစ်နေသည်။ ပေါ်လာက သူ့ကို မခန့်လေးစားဖြင့် ပြောင်လှောင်လိုက်တာကို တွေးမိလေလေ ပို၍ ဒေါသထွက်မိလေလေဖြစ်၏။ ပေါ်လာ့စကားကို သူ မှတ်မိနေသေးသည်။

'ရှင့်ကို လိုင်းပြောင်းပစ်ရမယ်၊ ရှင့်နည်းလမ်းက ရိုးအီနေပါပြီ၊ ဒါနဲ့… ရှင် ခဏလေးတောင် မအောင့်နိုင်တော့ဘူးလား… ရှင့်ရဲ့ မိန်းကလေးတွဲဖော် မှတ်တမ်းကို ထုတ်လိုက်ပါ၊ ဒီနေ့ည ရှင်နဲ့ အသင့်တော်ဆုံးတစ်ယောက်ကို ရှာကြည့်ရအောင်…' တဲ့။ သည်ကောင်မကို မကောင်းဆိုးဝါးလို မောင်းထုတ်ပစ်လိုက်ချင်သည်။

သူနှင့် နောက်တစ်ကြိမ်ထပ်တွေ့ပြီး သူ့အပြစ်နှင့် ထိုက်တန်တဲ့ပြစ်ဒဏ်ကို ပေးလိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် သူ့အကြောင်း မေ့ပစ်လိုက်သည်။

○

တန်နု သုံးရက်စောင့်ပြီးနောက် ဖုန်းဆက်သည်။

'ထိပ်ထားလား'

'ဘယ်သူပါလိမ့်'

ဖုန်းကို ပြန်ချပစ်လိုက်ချင်စိတ်ပင် ပေါက်မိသည်။ သူ့ကို 'ထိပ်ထား'လို့ ခေါ်တဲ့လူ ဘယ်နှစ်ယောက်တောင် ရှိပါလိမ့်။ သို့သော်လည်း စိတ်ကိုထိန်းပြီး ပြောလိုက်သည်။

'တန်နုကင်စလေပါ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဩော်… ဟုတ်လား၊ နေကောင်းတယ်နော်' သူ့အသံက စိတ်မပါသည့် အသံ။

ငါ ဖုန်းဆက်မိတာ မှားသွားပြီဟု တန်နှာ တွေးမိသည်။

'တို့နှစ်ယောက် တစ်နေ့နေ့မှာ ညစာအတူ စားကြရင် ကောင်းမလားလို့ပါ၊ ဒါပေမဲ့ မင်းအလုပ်များလို့ အချိန်ပေးနိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့… ဒီကိစ္စ မေ့ထား…'

'မလုပ်ပါနဲ့၊ ဒီနေ့ည တွေ့ကြရအောင်လေ'

တန်နှာ ဘာမှ မတတ်နိုင်တော့။ ဒီကောင်မကို သင်ခန်းစာ ကောင်းကောင်းပေးလိုက်မည်ဟုသာ ဆုံးဖြတ်လိုက်တော့သည်။

○

နောက်လေးနာရီအကြာတွင် တန်နှာသည် လက်ဇင်တန်ရိပ်သာလမ်းက ပြင်သစ်စားသောက်ဆိုင်ကလေး တစ်ဆိုင်မှာ ပေါ်လာကူးပါးနှင့် မျက်နှာချင်းဆိုင် ထိုင်နေ၏။ ပေါ်လာ့ကို ပြန်တွေ့ရတော့ တန်နှာ အလွန်ဝမ်းသာနေသည်။ ယင်းအတွက် သူ့ကိုယ်သူ အံ့ဩမိသည်။ တကယ်တော့ ပေါ်လာ၏ ထက်မြက်တက်ကြွမှုကို သူ မေ့နေခဲ့ခြင်းဖြစ်၏။

'ထိပ်ထားကို ကိုယ်သိပ်သတိရတာပဲ'

ပေါ်လာက ပြုံးသည်။ 'ကျွန်မလည်း ရှင့်ကို သတိရနေပါတယ်၊ တကယ်… ရှင်က တစ်မျိုးတော့ တစ်မျိုးပဲ၊ လူထူးလူဆန်းတစ်ယောက်ပဲ'

ယနေ့ညတွေ့ဆုံပွဲမှာလည်း ယခင်တွေ့ဆုံပွဲအတိုင်းပင် ဖြစ်နေသည်။ အခြားအမျိုးသမီးတွေနှင့် တွဲခဲ့တုန်းက ဆိုလျှင် စကားပြောရာတွင် တန်နှာကသာ အမြဲတမ်း ဦးဆောင်ရသည်။ ယခု ပေါ်လာနှင့်ကျတော့ ဘာအကြောင်းပဲပြောပြော သူ့ထက် တစ်ကွက်သာနေတာကြောင့် တန်နှာမှာ အောင့်သက်သက် ခံစားနေရသည်။ ပေါ်လာက ဉာဏ်ထက်သလောက် စကားပြောလည်း ကောင်းသည်။ တခြားအမျိုးသမီးတွေက အလွန်အညာလွယ်သည်။ စိန်ခေါ်မှု လုံးဝမရှိ၊ ပေါ်လာကျတော့ သူတို့နှင့် လုံးဝ ကွာခြားသည်။

'မင်းအကြောင်း ပြောပြပါလား' တန်နှာက စိန်ခေါ်လိုက်သည်။

ပေါ်လာ ပခုံးတစ်ချက် တွန့်လိုက်သည်။ 'ကျွန်မအဖေက ချမ်းသာတယ်၊ ဩဇာရှိတယ်၊ ကျွန်မက အလိုလိုက်ခံရလို့ အရိုင်းမလေးဖြစ်နေတယ်၊ အိမ်ဖော်တွေ၊ ထမင်းချက်တွေရှိတယ်၊ ရေကူးကန်တွေ၊ ပန်းဥယျာဉ်တွေရှိတယ်၊ အထက်တန်းလွှာ မိန်းကလေးအထက်တန်းကျောင်းနဲ့ ကောလိပ်ကို တက်ရတယ်၊ နောက်တော့ အဲဒါတွေအားလုံး ဆုံးရှုံးသွားပြီး

the bookhouse
we bring your books

www.burmeseclassic.com

www.burmeseclassic.com



အဖေလည်း ကွယ်လွန်သွားတယ်၊ အဲဒီကတည်းက ကျွန်မ နိုင်ငံရေးသမားတစ်ယောက်ဆီမှာ လက်ထောက် အမှုဆောင် အဖြစ်ဝင်လုပ်ခဲ့တယ်'

'အဲဒီအလုပ်မှာ ပျော်ရဲ့လား'

'မပျော်ဘူး၊ အဲဒီလူကြီးက သိပ်ပြီး ငြီးငွေ့စရာကောင်းတာပဲ၊ ဒါကြောင့် ပိုပြီး စိတ်ဝင်စားစရာကောင်းတာ တစ်ခုခုကို ကျွန်မ တောင့်တနေတယ်'

○

နောက်နေ့မှာ တန်နာက ပေါ်လာ့ကို ထပ်ခေါ်သည်။

'ထိပ်ထားလား'

'ရှင်ခေါ်မှာကို ကျွန်မ မျှော်နေတယ်' သူ့အသံက ချိုလွင်နေသည်။

တန်နာ ရင်တဖိုဖို ခံစားရသည်။ 'တကယ်လား'

'တကယ်…၊ ဒီည ကျွန်မကို ညစာ ကျွေးမှာလား'

တန်နာ ရယ်လိုက်သည်။ 'ကြိုက်တဲ့နေရာပြော'

'ပါရီက မက်ဇင်ဆိုင်ကို ကြိုက်တယ်၊ ဒါပေမဲ့ ရှင်နဲ့လိုက်ရရင် ဘယ်နေရာသွားသွား ကျွန်မရှင်းပါ့မယ်'

သည်တစ်ကြိမ်မှာလည်း ပေါ်လာက အမှတ်ယူသွားပြန်ပြီ။ သို့သော်လည်း သူ့အသံက နွေးထွေးသည်။

○

သူတို့နှစ်ယောက် ၅၅လမ်းက 'လာကိုတေဘက်စကျူ' ဆိုင်မှာ ညစာစားကြသည်။ စားရင်းသောက်ရင်း တစ်လျှောက်လုံး တန်နာက ပေါ်လာ့မျက်နှာကိုသာ စူးစိုက်ကြည့်နေသည်။ ဒီကလေးမကို ငါဘာဖြစ်လို့ ဒီလောက်တောင် တန်းတန်းစွဲနေရတာပါလိမ့်ဟု သူ တွေးနေသည်။ သူ စွဲနေတာ ရုပ်ရည်ကြောင့်မဟုတ်၊ စိတ်ဓာတ်နှင့် ကိုယ်ရည်ကိုယ်သွေး ကြောင့်ဖြစ်သည်။ ပေါ်လာ၏ အနှစ်သာရသည် ဉာဏ်ထက်ခြင်းနှင့် မိမိကိုယ်ကို ယုံကြည်ခြင်းဖြစ်သည်။ တန်နာ တွေ့ဖူးသမျှ မိန်းမတွေအနက် အလွတ်လပ်ဆုံး၊ ကိုယ့်အားကိုယ်အကိုးဆုံး မိန်းမဖြစ်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား သောင်းပြောင်းထွေလာ စကားလက်ဆုံကျပြီး အပေးအယူမျှနေကြသည်။ ပေါ်လာက တော်တော် ဗဟုသုတရှိတဲ့ မိန်းကလေးပဲဟု တန်နှာတွေးမိသည်။

'မင်းဘဝမှာ ဘာကို အလိုချင်ဆုံးလဲ ထိပ်ထား'

ပေါ်လာက တန်နှာ့မျက်နှာကို စိုက်ကြည့်နေသည်။ ပြီးတော့မှ…

'ကျွန်မက အာဏာလိုချင်တယ်၊ အရာရာကို ဖန်တီးနိုင်တဲ့ အာဏာကို လိုချင်တယ်'

တန်နှာက ပြုံးသည်။

'ဒါဆို တို့နှစ်ယောက် ရည်မှန်းချက် တူတာပေါ့'

'ဒီစကားကို ရှင် မိန်းမဘယ်နှစ်ယောက်ကို ပြောခဲ့ပြီးပြီလဲ'

တန်နှာ စိတ်ပေါက်သွားသည်။ 'မင်း ဒီလို စကားမျိုး ထပ်မပြောပါနဲ့၊ ငါတွေ့ဖူးတဲ့ မိန်းမတွေနဲ့ မတူဘူးလို့ မင်းကို ငါပြောခဲ့တုန်းက…'

'ဘာ မတူတာလဲ'

'မင်းကငါ့ကို မချင့်မရဲဖြစ်အောင် လုပ်တယ်'

'သြော်… သနားစရာကောင်းလိုက်တဲ့ မောင်ရယ်၊ မချင့်မရဲဖြစ်ရင် ရေပန်းဖွားမှာ ရေသွားချိုးလိုက်ပါတော့လား'

တန်နှာ ပိုလို့ စိတ်တိုလာပြီ။ ထိုင်ရာမှ ထရပ်လိုက်သည်။

'တော်ပြီ၊ ပြန်တော့မယ်၊ ဆက်ထိုင်နေလို့ အလကားပဲ'

'ဘယ်ကိုပြန်မှာလဲ၊ ကျွန်မ နေရာကို ပြန်ပါလား'

တန်နှာ သူ့နားသူ မယုံနိုင်ဖြစ်သွားသည်။

'ဟင်… မင်းနေရာကို ဟုတ်လား'

'ဟုတ်တယ်၊ ပန်းခြံရိပ်သာလမ်းမှာ ကျွန်မရဲ့ သီးသန့်အိမ်ကလေးရှိတယ်လေ၊ ရှင် လိုက်ပို့ပါနော်'

ထို့နောက် သူတို့ အချိုပွဲကို ဆက်မစားခဲ့ကြတော့။

○

သူတို့ ညနေတိုင်း ဆုံဖြစ်ကြသည်။ ပေါ်လာ့မှာ အသိဉာဏ်သာမက ဟာသဉာဏ်ပါရှိတာကို သိရတော့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တင်နှာက အံ့သြမိသည်။ ဒီလိုနှင့် သူ့မျက်လုံးတွင် ပေါ်လာသည် တစ်နေ့တစ်နေ့ ပိုလှလာတော့သည်။

တစ်နေ့နံနက် အန်ဒရူးကမေးသည်။

'ညီလေး… မင်းမျက်နှာ ပြုံးလှချည်လား၊ ဘာလဲ၊ ချစ်သူ ရှိနေပြီလား'

တန်နှာက ဦးခေါင်းညိတ်သည်။ 'ဟုတ်ကဲ့'

'အလေးအနက်လား၊ သူ့ကို လက်ထပ်မှာလား'

'ကျွန်တော် အဲဒါကို စဉ်းစားနေတယ်ကိုကို'

'ဒါဆို သူ့ကို ဖွင့်ပြောလိုက်ပေါ့'

'ဟုတ်ကဲ့… ဖွင့်ပြောလိုက်မယ် ကိုကို'

တန်နှာ သူ့အစ်ကို၏လက်ကို ဆုပ်ညှစ်လိုက်သည်။

○

နောက်နေ့ညတွင် ပေါ်လာ၏ တိုက်ခန်း၌ သူတို့ နှစ်ယောက်တည်း ရှိ၏။ တန်နှာက စပြောသည်။

'ထိပ်ထား… အရင်တုန်းက ကိုယ် ဘယ်မိန်းမကိုမှ မပြောဖူးတဲ့ တစ်စုံတစ်ရာကို မင်းကိုပြောပါ ဆိုတာလေ'

'ဟုတ်တယ်လေ'

'အဲဒါကို အခုပြောမယ်၊ မင်းကို ကိုယ်လက်ထပ်ချင်တယ်'

ပေါ်လာ ခေတ္တ စဉ်းစားနေသည်။ ပြီးတော့ ပြုံးလာသည်။ ထို့နောက် တန်နှာ့ရင်ခွင်ထဲ ဝင်ခွေလိုက်သည်။

'သြော်… ဒါလင်ရယ်'

တန်နှာက ပေါ်လာ့မျက်နှာကို စေ့စေ့ကြည့်ရင်း…

'ဒါက သဘောတူတာလား'

'ကျွန်မ ရှင့်ကို လက်ထပ်ချင်ပါတယ် ဒါလင်၊ ဒါပေမဲ့ ပြဿနာတစ်ခုရှိနေတယ်'

'ဘာပြဿနာလဲ'

'ကျွန်မ ပြောဖူးပါတယ်၊ ကျွန်မက တစ်ခုခုကို ကြီးကြီးကျယ်ကျယ် လုပ်ချင်တယ်၊ ကြီးကြီးကျယ်ကျယ် အပြောင်းအလဲ လုပ်နိုင်တဲ့ အာဏာလိုချင်တယ်၊ အာဏာရဲ့ အရင်းအမြစ်က အသပြာပဲ၊ အဲဒီတော့ ရှင့်မှာ အနာဂတ်မရှိရင်

the bookhouse we bring you culture
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့နှစ်ယောက်အတွက် ဘယ်လိုလုပ်ပြီး အနာဂတ်ရှိနိုင်ပါ့မလဲ' တန်နှာက ပေါ်လာ့လက်ကို ဆုပ်ကိုင်ပြီး…

'ဒါက ပြဿနာ မဟုတ်ပါဘူး၊ ကိုယ်က အရေးပါတဲ့ စီးပွားရေးလုပ်ငန်းကြီးကို တစ်ဝက်ပိုင်တယ် ထိပ်ထား၊ တစ်နေ့ကျတော့ မင်းလိုချင်တာအားလုံး ပေးနိုင်အောင် ကိုယ် ပိုက်ဆံတွေ အများကြီး ချမ်းသာလာလိမ့်မယ်'

ပေါ်လာက ဦးခေါင်းကို ခါယမ်းလိုက်သည်။

'ရှင် ပြောသလို မဟုတ်ပါဘူး၊ ရှင့်အစ်ကိုက ရှင့်ကို အမိန့်ပေးနေတယ်၊ ရှင်တို့ ညီအစ်ကိုအကြောင်း ကျွန်မ ကောင်းကောင်းသိပါတယ်၊ ရှင့်အစ်ကိုက ကုမ္ပဏီကြီးထွားအောင် မလုပ်ချင်ဘူး၊ ကျွန်မက ရှင်အခုပေးနိုင်တာထက် ပိုပြီးလိုချင်တာ'

'မင်ထင်သလို မဟုတ်ဘူး' တန်နှာ ခဏ စဉ်းစားနေသည်။ ပြီးတော့မှ

'မင်းကို ငါ့အစ်ကိုနဲ့ တွေ့ပေးချင်တယ်'

○

နောက်နေ့တွင် သုံးယောက်သား နေ့လယ်စာ အတူစားကြသည်။ ပေါ်လာက ဆွဲဆောင်မှုအပြည့် ရှိနေသည်။ မြင်မြင်ချင်း အန်ဒရူးသဘောကျသွားသည်မှာ သိသာသည်။ အန်ဒရူးက သူ့ညီ အရင်တုန်းက တွဲခဲ့သည့် မိန်းမတွေကို ကြည့်ပြီး သူ့ညီအတွက် စိုးရိမ်မိခဲ့သည်။ သည်ကလေးမကတော့ တစ်မူထူးခြားသည်။ ရုပ်ရည်ချောမောသည်၊ အသိဉာဏ် ရှိသည်၊ အာဝဇ္ဇန်းရွှင်သည်။ အန်ဒရူးက သူ့ညီကို မော်ကြည့်ပြီး မသိမသာ ခေါင်းညိတ်သည်။ 'မင်းရွေးတာ တော်တယ်' ဆိုသည့် သဘော။ ပေါ်လာက ပြောသည်။

'ကေအိုင်ဂျီကုမ္ပဏီက ကမ္ဘာတစ်ဝန်းက လူတွေ အများကြီးကို အကူအညီပေးနေတာ တကယ့်ကို အံ့သြစရာပဲ၊ တန်နှာပြောပြလို့ ကျွန်မ အားလုံးသိရပါတယ်'

'အဲဒီလို လုပ်နိုင်တဲ့အတွက် ငါတို့ အများကြီး ဝမ်းသာဂုဏ်ယူတယ်၊ ရှေ့ကိုလည်း ဆက်ပြီး အများကြီး လုပ်သွားဦးမယ်'

'ကုမ္ပဏီကို တိုးချဲ့သွားမယ်ဆိုတဲ့ သဘောလား'

'အဲဒီသဘောမဟုတ်ပါဘူး၊ နောက်ထပ် အကူအညီလိုအပ်နေတဲ့ နိုင်ငံတွေဆီကို ငါတို့လူတွေ ထိုးပြီး ပို့ပေးသွားမယ်လို့ ပြောလိုတာပါ'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တန်နာက ကြားဖြတ်ပြီး… ‘ဒါဆို ဒီကလုပ်ငန်းတွေအတွက် ကန်ထရိုက်ရအောင် စတင်ကြတော့မယ်လေ’

အန်ဒရူးက ပြုံးလျက်… ‘ညီလေးက စိတ်မရှည်ဘူး၊ အလောတကြီး လုပ်စရာမလိုပါဘူးညီလေး၊ ပထမဆုံး လုပ်ရမယ့်အလုပ်ကို အရင်လုပ်ကြမယ်၊ တခြားသူတွေကို ကူညီပါ’

တန်နာက ပေါ်လာ့မျက်နှာကို ကြည့်လိုက်သည်။ ဘာထင်မြင်ချက်မှ မပေးသည့် မျက်နှာမျိုး။

○

နောက်နေ့တွင် တန်နာက ပေါ်လာ့ကို ဖုန်းဆက်သည်။

‘ဟိုင်း… ထိပ်ထား၊ ကိုယ် ဘယ်အချိန်လာခေါ်ရမှာလဲ’

ခဏ ငြိမ်နေပြီးတော့မှ… ‘ဒါလင်… စိတ်မရှိပါနဲ့၊ ကျွန်မ ဒီည မလိုက်နိုင်လို့ပါ’

တန်နာ အံ့သြသွားသည်။ ‘ဘာ အမှားအယွင်းများရှိလို့လဲ’

‘ဘာ အမှားမှ မရှိပါဘူး၊ ကျွန်မ မိတ်ဆွေတစ်ယောက် ရောက်လာလို့ပါ၊ အဲဒါ အဲဒီလူကို မြို့ထဲမှာ သွားတွေ့ရမယ်’

အဲဒီလူတဲ့လား၊ တန်နာ မနာလိုဖြစ်သွားမိသည်။ ‘ကောင်းပြီလေ၊ ဒါဆို မနက်ဖြန်ည ဟုတ်လား’

‘ဟင့်အင်း… မနက်ဖြန်လည်း ကျွန်မ မအားဘူး၊ တနင်္လာနေ့ဆို မကောင်းဘူးလား’

*ကေန္တတော့ စနေ၊ တနင်္ဂနွေရက်အားမှာ ပေါ်လာ တစ်ယောက်ယောက်နဲ့ တွဲဖို့ ချိန်းထားတာ ဖြစ်မှာပဲ။*

တန်နာ ဖုန်းကို ပြန်ချလိုက်သည်။ စိုးလည်း စိုးရိမ်မိသည်၊ စိတ်ဓာတ်လည်း ကျမိသည်။

○

တနင်္လာနေ့ညမှာ တွေ့ကြတော့ ပေါ်လာက တောင်းပန်သည်။

‘စနေ၊ တနင်္ဂနွေမှာ ကျွန်မ မအားတာ ခွင့်လွှတ်ပါ ဒါလင်၊ ကျွန်မရဲ့ မိတ်ဆွေဟောင်းတစ်ယောက် ရောက်လာလို့ပါ’ တန်နာ၏ မျက်စိထဲတွင် ပေါ်လာ၏ ကျယ်ဝန်းလှပသော တိုက်ခန်းကို မြင်ယောင်လာသည်။ သူလခလောက်နှင့် တော့သည်လို တိုက်ခန်းမျိုးကို ဘယ်လိုမှ မှန်းနိုင်မည်မဟုတ်။

the bookhouse we bring your dreams
www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူက ဘယ်သူလဲ'

'စိတ်မရှိပါနဲ့၊ သူ့နာမည် ပြောလို့မဖြစ်ဘူး၊ သူ… သူက သိပ်ပြီး လူသိများတဲ့လူ၊ သူ့ကို လူသိများမှာ သိပ်ကြောက်တဲ့လူ'

'မင်း သူ့ကို ချစ်နေသလား'

ပေါ်လာက တန်နှာ၏လက်ကို ရှရှကလေး ဆုပ်ကိုင်လိုက်သည်။

'ဒါလင်… ကျွန်မက ဒါလင့်ကိုပဲချစ်တာ၊ ဒါလင့်တစ်ယောက်တည်းကိုပဲ ချစ်တာ'

'ဒါဆို သူကရော မင်းကို ချစ်နေသလား'

ပေါ်လာ တုံ့ဆိုင်းဆိုင်း ဖြစ်နေပြီးတော့မှ… 'ဟုတ်ကဲ့'

တန်နှာ ချက်ချင်း ဆုံးဖြတ်ချက်ချလိုက်သည်။ သူ လိုချင်တာမှန်သမျှ ပေးနိုင်အောင် ငါနည်းလမ်းရှာရမယ်၊ ငါ သူ့ကို လက်လွှတ်မခံနိုင်ဘူး။

○

နောက်နေ့ နံနက် ၄း၅၈နာရီတွင် တယ်လီဖုန်းမြည်သံကြောင့် အန်ဒရူးကင်စလေ အိပ်ရာမှ လန့်နိုးလာသည်။

'ဆွီဒင်က ဖုန်းဝင်လာပါတယ်၊ ကျေးဇူးပြုပြီး ကိုင်ထားပါရှင်'

ခဏကြာတော့ ဆွီဒင်သံဝဲဝဲဖြင့် စကားပြောသံ ထွက်ပေါ်လာသည်။

'ဂုဏ်ယူပါတယ် မစ္စတာကင်စလေ၊ နိုဘယ်ကော်မီတီက လူကြီးမင်းကို ဒီနှစ်အတွက် နိုဘယ်ဆု ချီးမြှင့်ဖို့ ရွေးချယ်လိုက်ပါတယ်၊ နာနိုတက္ကနိုလိုဂျီဘာသာရပ်မှာ မွမ်းမံပြုပြင်တီထွင်မှု ပြုလုပ်နိုင်ခဲ့တဲ့အတွက် ဖြစ်ပါတယ်'

စကားပြောပြီးတာနှင့် တစ်ပြိုင်နက် အန်ဒရူးအဝတ်အစားလဲပြီး ရုံးခန်းသို့ ကမန်းကတန်းထွက်လာခဲ့သည်။ တန်နှာရောက်လာတော့ ချက်ချင်း ပြေးသွားပြီး မင်္ဂလာသတင်းကို ပြောပြသည်။

တန်နှာက အန်ဒရူးအား အားပါးတရ သိုင်းဖက်လိုက်ရင်း…

'ဝမ်းသာလိုက်တာ ကိုကိုရယ်၊ ဝမ်းသာလိုက်တာ…'

ဝမ်းသာမှာပေါ့၊ ဘာကြောင့်လဲဆိုတော့ သည်အချိန်မှာ သူ့ပြဿနာတွေအားလုံး ဖြေရှင်းနိုင်တော့မည်လေ။ နောက် ငါးမိနစ်ခန့်တွင် တန်နှာက ပေါ်လာ့ကို လှမ်းဆက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါဟာ ဘာလဲဆိုတာ မင်းသိလား ထိပ်ထား၊ အခု ကိုယ်တို့ ကေအိုင်ဂျီကုမ္ပဏီက နိုဘယ်ဆုကြီး ဆွတ်ခူးလိုက်ပြီလေ၊ ဒီတော့ ကိုယ်တို့ စွမ်းဆောင်နိုင်တဲ့ စီးပွားရေးလုပ်ငန်းအားလုံးကို လုပ်ပိုင်ခွင့်ရတော့မှာပေါ့၊ အစိုးရဌာနတွေနဲ့ ကော်ပိုရေးရှင်းကြီးတွေဆီက ကန်ထရိုက်လုပ်ငန်းကြီးတွေ ရမှာကိုပြောတာ၊ အဲဒါဆိုရင် ဒီကမ္ဘာမှာ မင်းလိုချင်တာမှန်သမျှ ကိုယ်ပေးနိုင်ပြီ'

'ဝမ်းသာလိုက်တာ ဒါလင်ရယ်'

'ဒါဆို ကိုယ့်ကို လက်ထပ်မှာလား'

'ဒါလင်… ဒီကမ္ဘာမှာ ဒါလင့်ကိုသာ ကျွန်မ လက်ထပ်ချင်တာပါ'

ဖုန်းကို ပြန်ချလိုက်ပြီးနောက် တန်နှာ အလွန်ဝမ်းသာနေသည်။ အန်ဒရူး၏ ရုံးခန်းသို့ ပြေးလာခဲ့သည်။

'ကိုကို… ကိုကို… ကျွန်တော် လက်ထပ်တော့မယ်'

'ဟင်… ဟုတ်လား၊ ဒါ မင်္ဂလာသတင်းကောင်းကြီးပဲ၊ ဘယ်တော့လဲ'

'ဖြစ်နိုင်သမျှ မြန်မြန်ပဲ၊ ကုမ္ပဏီအမှုထမ်းတွေ တစ်ယောက်မကျန် ဖိတ်မယ်'

○

နောက်နေ့နံနက် တန်နှာ သူ့ရုံးခန်းထဲဝင်သွားတော့ အန်ဒရူး ထိုင်စောင့်နေတာကို တွေ့ရသည်။ အန်ဒရူးသည် မင်္ဂလာဆောင်ပန်းပွင့်ထိုးရန် ကြယ်သီးပေါက်ပါသည့် အပေါ်အင်္ကျီကို ဝတ်ထားသည်။

'ဒါက ဘာအတွက်လဲ' တန်နှာက မေးသည်။

အန်ဒရူးက ပြုံးလျက်… 'မင်းရဲ့မင်္ဂလာပွဲအတွက် အဆင်သင့်ပြင်ထားတာလေ၊ မင်းအတွက် ငါ သိပ်ပြီး ဝမ်းသာပါတယ် ညီလေး'

'ကျေးဇူးတင်ပါတယ် ကိုကို'

သတင်းက ချက်ချင်း ပြန့်သွားသည်။ မင်္ဂလာပွဲသတင်းကို တရားဝင် မထုတ်ပြန်သေးခြင်းကြောင့် တန်နှာ့အား ညီသူမျှ မေးမြန်းခြင်းမပြုကြ၊ သို့သော်လည်း မျက်နှာတွေမှာတော့ သိပြီးပါပြီဆိုသည့် အပြုံးတွေနှင့်။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် တန်နှာသည် အန်ဒရူး၏ ရုံးခန်းထဲဝင်လာပြီး…

'ကိုကို…၊ နိုဘယ်ဆုရလိုက်တာကြောင့် ကျွန်တော်တို့ဆီ လူတိုင်း ရောက်လာတော့မှာပဲ၊ ပြီးတော့ ဆုငွေကိုလည်း…'

အန်ဒရူးက ကြားဖြတ်ပြီး… 'ဆုငွေက အီရိတရီးယားနဲ့ ယူဂန်ဒါနိုင်ငံတွေကို ပို့မယ့် ပညာရှင်တွေ ငှားရမ်းတာမှာ သုံးစွဲရမယ်'

'ဒီငွေကို လုပ်ငန်းတိုးချဲ့တာမှာလည်း သုံးစွဲရမှာပေါ့ ကိုကို'

'တို့က ကိုယ်လုပ်နေတဲ့အလုပ်ကိုပဲ ဆက်လုပ်ရမယ် ညီလေး'

တန်နှာက အန်ဒရူး၏ မျက်နှာကို အကြာကြီး ကြည့်နေပြီးတော့မှ…

'အေးလေ… ကိုကို့ ကုမ္ပဏီပဲ၊ ကြိုက်သလိုလုပ်ပါ'

○

တန်နှာက သူ ဆုံးဖြတ်ချက်ချပြီးလျှင်ပြီးချင်း ပေါ်လာ့ထံဖုန်းဆက်သည်။ 'ထိပ်ထား… ကိုယ် အလုပ်ကိစ္စနဲ့ ဝါရှင်တန်ကို သွားရမယ်၊ တစ်ရက်နှစ်ရက်လောက်တော့ ကိုယ်တို့ ခွဲကြရလိမ့်မယ်'

'အချောအလှကောင်မလေးတော့ မပါပါဘူးနော်'

'ပါစရာမရှိဘူး၊ ဒီကမ္ဘာမှာ ထိပ်ထားတစ်ယောက်တည်းပဲ ရှိတယ်၊ ထိပ်ထားကို ကိုယ်သိပ်ချစ်ပါတယ်'

'ကျွန်မလည်း မောင့်ကို ချစ်ပါသတဲ့ရှင်'

○

နောက်နေ့နံနက်တွင် တန်နှာကင်စလေသည် ပင်တဂွန်စစ်ဌာနချုပ်သို့ သွားရောက်ကာ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အလန်ဘာတန်နှင့် တွေ့ဆုံသည်။

'ခင်ဗျားရဲ့ အဆိုပြုချက်ဟာ အလွန် စိတ်ဝင်စားစရာကောင်းတယ်လို့ ကျုပ်ယူဆပါတယ်' ဗိုလ်ချုပ်ကြီးက ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'စမ်းသပ်မှုမှာ ဘယ်သူ့ကို အသုံးပြုမလဲဆိုတာ ကျုပ်တို့ လောလောဆယ် ဆွေးနွေးနေပါတယ်'

'စမ်းသပ်မှုမှာ မိုက္ကရိုနာနိုတက္ကနိုလိုဂျီ ပါဝင်နေပါတယ်၊ ကျွန်တော့်အစ်ကိုက ဒီဘာသာရပ်နဲ့ ပတ်သတ်တဲ့ သူ့လုပ်ရပ်အတွက် နိုဘယ်ဆုရထားပါတယ်'

'အဲဒါကို ကျုပ်တို့ ကောင်းကောင်းကြီး သိထားပြီးပါပြီ'

'ဒီကိစ္စနဲ့ ပတ်သတ်ပြီး နိုင်ငံတော် အကျိုးအတွက် စေတနာနဲ့ ကူညီဖို့ သူက သိပ်ပြီး စိတ်အားထက်သန်နေပါတယ်'

'အများကြီး ဝမ်းသာပါတယ်၊ အခုလို စေတနာနဲ့ ဝန်ဆောင်မှုပေးတဲ့ နိုဘယ်ဆုရှင်တွေ ကျုပ်တို့မှာ များများစားစား မရှိသေးပါဘူး' သူက တံခါးကို ပိတ်ထားမထား သေချာအောင် စောင်းကြည့်လိုက်ပြီးတော့မှ 'ဒါက ထိပ်တန်းလျှို့ဝှက်ချက်ပဲ၊ ဒီလုပ်ငန်း အောင်မြင်ရင် အဲဒါဟာ ကျုပ်တို့ရဲ့ တပ်မတော် စစ်လက်နက်တပ်ဆင်ရေးမှာ အရေးအပါဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မယ်။ မော်လီကျူလာ နာနိုတက္ကနိုလိုဂျီဟာ အဏုမြူဗုံးတစ်လုံးချင်းစီရဲ့ အဆင့်မျိုးနဲ့ ရှုပ် ကမ္ဘာကို ထိန်းချုပ်နိုင်တယ်။ ကျုပ်တို့ စမ်းသပ်မှု အောင်မြင်ရင် ထူးခြားပြောင်မြောက်တဲ့ ကာကွယ်ရေးနဲ့ တိုက်ခိုက်ရေး လက်နက်သစ်ကို တီထွင်အောင်မြင်ခြင်းပဲ'

'ဒါနဲ့ ဒီစမ်းသပ်မှုမှာ တစ်စုံတစ်ရာ အန္တရာယ်တော့ မရှိနိုင်ပါဘူးနော် ဗိုလ်ချုပ်ကြီး၊ ကျွန်တော်က ကျွန်တော့်အစ်ကိုအတွက် တစ်ခုခုဖြစ်မှာ စိုးရိမ်လို့ပါ'

'စိုးရိမ်စရာမရှိပါဘူး၊ ခင်ဗျားတို့ လိုအပ်တဲ့ ပစ္စည်းတွေအားလုံး ကျုပ်တို့ ပို့ပေးပါ့မယ်၊ လုံခြုံရေးဝတ်စုံတွေနဲ့ အတူ ခင်ဗျားအစ်ကိုနဲ့ ပူးတွဲလုပ်ကိုင်မယ့် သိပ္ပံပညာရှင်နှစ်ယောက်ကိုပါ လွှတ်လိုက်မှာပါ'

'ဒါဆို ကျွန်တော်တို့ ရှေ့ဆက်လုပ်ဖို့ပဲ ရှိတော့တာပေါ့'

'ဒါပေါ့… ဒါပေါ့'

○

နယူးယောက်သို့ အပြန်ခရီးတွင် 'ငါ့အနေနဲ့ လုပ်စရာရှိတာက အန်ဒရူးကို လက်ခံအောင် စည်းရုံးဖို့သာ ရှိတော့တာပေါ့' ဟု တွေးမိသည်။

■

the bookhouse
we bring your ... stars
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၇

အန်ဒရူးသည် နိဘယ်ကော်မတီက ပို့လိုက်သည့် ရောင်စုံစာစောင်ကလေးကို ရုံးခန်းထဲတွင် ဖတ်ရှုနေသည်။

စာစောင်ကလေးနှင့်အတူ

'ဆုယူရန် လူကြီးမင်း လာရောက်မည့်ရက်ကို စောင့်မျှော်နေပါသည်' ဟူသော စာတိုကလေးလည်း ပါလာသည်။

တံခါးပွင့်လာပြီး တန်နှာ ဝင်လာသည်။

'စကားပြောစရာရှိတယ် ကိုကို'

အန်ဒရူးက စာစောင်ကို ဘေးသို့ ချထားလိုက်ပြီး...

'အေး... ပြော'

တန်နှာက အသက်တစ်ချက် ရှိုက်လိုက်ပြီးနောက်...

'တပ်မတော်က လုပ်နေတဲ့ စမ်းသပ်မှုမှာ ကေအိုင်ဂျီကုမ္ပဏီက ပါဝင်ကူညီဖို့ ကျွန်တော် သဘောတူခဲ့ပြီးပြီ... ကိုကို'

'ဘာ... ဘာပြောတယ်'

'စမ်းသပ်မှုမှာ ခရိုင်ယိုဂျင်းနစ် ပါဝင်တယ်၊ သူတို့က ကိုကိုရဲ့ အကူအညီကို လိုအပ်နေတယ်'

အန်ဒရူးက ဦးခေါင်းကို ခါယမ်းလိုက်ပြီး...

'ဟင့်အင်း... အဲဒီကိစ္စမှာ ငါ မပါဝင်နိုင်ဘူး၊ ဒါဟာ တို့ဒီမှာ လုပ်နေတဲ့ အလုပ်မျိုး မဟုတ်ဘူး'

'ဒါက ငွေကြေးကိစ္စမဟုတ်ဘူး ကိုကို၊ အမေရိကန်ပြည်ထောင်စု ကာကွယ်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စပါ၊ ဒါဟာ တပ်မတော်အတွက် သိပ်ပြီး အရေးကြီးတယ်၊ ကိုယ့်တိုင်းပြည်အတွက် ကိုကို လုပ်ရလိမ့်မယ်၊ ကိုကို့ အကူအညီကို သူတို့ လိုအပ်နေတယ်'

တန်နာက နောက်ထပ်တစ်နာရီလောက် ဖျောင်းဖျပြောပြတော့မှ နောက်ဆုံးတွင် အန်ဒရူးက လက်ခံသည်။

'ကောင်းပြီ၊ ဒါပေမဲ့ ဒါဟာ တို့က တို့သွားနေတဲ့ လမ်းကြောင်းကနေပြီး လမ်းလွှဲပေးရတဲ့ နောက်ဆုံးအကြိမ်ပဲ ဖြစ်ရမယ်၊ မင်း သဘောတူရဲ့လား'

တန်နာက ပြုံးလျက် 'တူပါတယ် ကိုကို၊ ကိုကို့အတွက် ကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူး'

○

တန်နာက ပေါ်လာ့ထံ ဖုန်းဆက်သည်။

'ကိုယ် ပြန်ရောက်ပြီ ထိပ်ထား၊ ကိုယ်တို့သိပ်ပြီး အရေးကြီးတဲ့ စမ်းသပ်မှုတစ်ခုလုပ်ဖို့ စီစဉ်နေတယ်၊ လုပ်ပြီးရင် လက်ထပ်မယ်၊ မင်းကို သိပ်ချစ်တယ်'

○

လက်ရှိ သူတို့ လုပ်ပြီးသမျှ တိုးတက်မှုအခြေအနေကို အန်ဒရူးအား ရှင်းလင်းပြောပြရန် စစ်ဘက်ဆိုင်ရာ တော်မှုပညာရှင် နှစ်ဦးရောက်လာသည်။ အစတွင် အန်ဒရူးက ဆုတ်ဆိုင်းဆိုင်း လုပ်နေသည်။ သို့သော်လည်း ဆက်လက်ပြီး အသေးစိတ် ဆွေးနွေးတော့မှ အန်ဒရူးက ပိုပြီး စိတ်ဝင်စားလာသည်။ သည်လုပ်ငန်းအောင်မြင်လျှင် ကြီးကျယ်သော တီထွင်မှုတစ်ခုကို ရရှိခြင်းဖြစ်ကြောင်းကိုလည်း သဘောပေါက်မိသည်။

နောက်တစ်နာရီခန့်အကြာတွင် လက်နက်ကိုင် စစ်သားများကို တင်ဆောင်လာသည့် စစ်တပ်ကားနှစ်စီး အစောင့်အကြပ်ဖြင့် စစ်တပ်ထရပ်ကားတစ်စီး ကေအိုင်ဂျီကုမ္ပဏီခြံဝင်းထဲသို့ မောင်းဝင်လာသည်။ အန်ဒရူးက တာဝန်ခံဗိုလ်မှူးနှင့် သွားတွေ့သည်။

'အဲဒါပဲ မစ္စတာကင်စလေ၊ ဒါကို ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲ'

'ဒီမှာပဲ လုပ်ပါမယ်၊ ပစ္စည်းကိုချပါ၊ ကျွန်တော်တို့ လွှဲပြောင်းယူပါမယ်'

the bookhouse we bring you the book
www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပါပြီ' ဗိုလ်မှူးက ထရပ်ကားနောက်မှာ ရပ်နေသည့် စစ်သားနှစ်ယောက်ဘက် လှည့်ပြီး 'ဟေ့… ကားပေါ်ကပစ္စည်းချ၊ သတိထားပြီး ဖြည်းဖြည်းချ'

စစ်သားနှစ်ယောက် ကားပေါ်တက်ပြီး အကြမ်းခံ သံသေတ္တာကလေးတစ်လုံး သယ်ယူလာကြသည်။ ထို့နောက် အန်ဒရူး၏ကြီးကြပ်မှုဖြင့် ယင်းသံသေတ္တာလေးကို သယ်ချလာသည်။ ရုံးဝန်ထမ်းနှစ်ယောက်က ဓာတ်ခွဲခန်းထဲသို့ ထပ်ဆင့် သယ်ယူခဲ့ကြသည်။

'စားပွဲပေါ်ချ၊ အသာချ၊ အေး… ဟုတ်ပြီ'

'ပေါ့ပေါ့လေးပါ၊ တစ်ယောက်တည်း သယ်လာရင်တောင် ရပါတယ်' ဟု ဝန်ထမ်းတစ်ယောက်က ပြောတော့ အန်ဒရူးက…

'ဒီသေတ္တာကလေး ဘယ်လောက်အထိ လေးတယ်ဆိုတာ ပြောရင် မင်းတို့ ယုံမှာ မဟုတ်ဘူး'

ဝန်ထမ်းနှစ်ယောက် တွေဝေသွားဟန်ဖြင့်…

'ဘာ…' 'ဘယ်လို…'

အန်ဒရူးက ဦးခေါင်းခါယမ်းလိုက်ပြီး…

'အို… ဘာမှ မဟုတ်ပါဘူး'

၀

အန်ဒရူးနှင့်ပူးတွဲ လုပ်ကိုင်ရန် ဓာတုဗေဒပါရဂူများဖြစ်သည့် ပယ်ရီစတန်ဖို့နှင့် ဟာဗေးဝေါ့ကားတို့ကို ရွေးချယ်ထားသည်။ ပါရဂူများက စမ်းသပ်မှုအတွက် လိုအပ်သော ကာကွယ်ရေးဝတ်စုံများ ဝတ်ထားကြပြီးပြီ။

'ကျွန်တော် ဝတ်စုံသွားဝတ်လိုက်ဦးမယ်၊ ပြန်လာခဲ့မယ်'

အန်ဒရူးသည် စင်္ကြံလမ်းအတိုင်း လျှောက်လာပြီး ပိတ်ထားသော တံခါးကိုဖွင့်သည်။ အခန်းထဲမှ စင်များပေါ်တွင် အာကာသသူရဲကောင်းဝတ်စုံနှင့်ဆင်သည့် ဓာတုဗေဒဝတ်စုံများအပြင် ဓာတ်ငွေ့ကာ မျက်နှာဖုံး၊ လေကာရေကာမျက်မှန် အထူးချုပ်ရှူးဖိနပ်နှင့် လက်အိတ်ထူများဖြင့် ပြည့်နှက်နေသည်။

အန်ဒရူး အခန်းထဲဝင်လာတော့ တန်နာစောင့်နေတာကို တွေ့ရသည်။ အန်ဒရူး ဝတ်စုံဝတ်ပြီးသောအခါ တန်နာက 'ကံကောင်းပါစေ' ဟု ဆုတောင်းပေးသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အန်ဒရူး ခတ်ခွဲခန်းသို့ ပြန်လာတော့ စတန်ဖို့နှင့် ဝေါ့ကားတို့ စောင့်နေကြသည်။ သုံးယောက်သား သတိကြီးစွာ၊ ဇွဲစပ်သေချာစွာ အခန်းတံခါးကို လေလုံအောင် ပိတ်ကြသည်။ လေထဲရောက်နေသလို စိတ်လှုပ်ရှားမှုကို ခံစားကြရသည်။

'အားလုံး တပ်ဆင်ပြီးပြီလား'

'အားလုံး အဆင်သင့်' စတန်ဖို့က ခေါင်းညိတ်၍ပြောသည်။

'အားလုံး အဆင်သင့်' ဝေါ့ကားက အတည်ပြုသည်။

'မျက်နှာဖုံး'

ခတ်ဌေ့ကာ မျက်နှာဖုံးတွေ စွပ်လိုက်ကြသည်။

'ကဲ… စမယ်' အန်ဒရူးကပြောသည်။ ထို့နောက် သံသေတ္တာအဖုံးကို သတိနှင့်ဖွင့်သည်။ အထဲတွင် ခွက်ကလေး ခြောက်ခွက်ကို အောက်က ကူရှင်ခံပြီး အသေအချာ အထိုင်ချထားသည်။ 'သတိထား' သူက သတိပေးသည်။ 'ဒီဂျိုးနီးတွေက သုညအောက် ၂၂ဒီဂရီရှိတယ်' မျက်နှာဖုံးကြောင့် သူ့အသံက ဝါးနေသည်။

အန်ဒရူးက ပထမခွက်ကလေးကို အသာယူပြီးဖွင့်သည်။ စတန်ဖို့နှင့် ဝေါ့ကားတို့က မျက်တောင်မခတ် စောင့်ကြည့်နေကြသည်။ ရှူးရှူးရှဲရှဲအသံ မြည်လာသည်။ ခွက်ကလေးထဲမှ ရေနွေးငွေ့တွေ ထွက်လာပြီး မိုးတိမ်အဖြစ် ပြောင်းလဲကာ တစ်ခန်းလုံး ပြည့်သွားသလို ထင်ရသည်။

'ဟုတ်ပြီ' အန်ဒရူးက ပြောလိုက်သည်။ 'အခု ကျွန်တော်တို့ ပထမဆုံးလုပ်ရမှာက… ပထမဆုံးလုပ်…' သူ့ မျက်လုံးတွေ ပြူးသွားသည်။ အသက်ရှူ ကျပ်လာသည်။ မျက်နှာတစ်ပြင်လုံး ဆွတ်ဆွတ်ဖြူသွားသည်။ စကားပြောဖို့ ကြိုးစားသည်။ သို့သော် ပါးစပ်ကို လုံးဝ ဖွင့်၍မရ။

အန်ဒရူး ကြမ်းပြင်ပေါ် ယိုင်လဲသွားသည်။ စတန်ဖို့နှင့် ဝေါ့ကားတို့ အလန့်တကြား ကြည့်နေကြသည်။ ဝေါ့ကားက ခွက်ကလေးကို ကမန်းကတန်း ပြန်ဖုံးပြီး သေတ္တာကလေးကို ပြန်ပိတ်လိုက်သည်။ စတန်ဖို့က နံရံဆီပြေးသွားပြီး ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ရောမပန်ကာကြီး လည်လာသည်။ မကြာခင်မှာပင် အခန်းထဲမှ ခတ်ငွေ့တွေ လွင့်ပြယ်သွားသည်။

သိပ္ပံပညာရှင်နှစ်ယောက်က အန်ဒရူးကို အပြင်သို့ သယ်ထုတ်လာကြသည်။ စင်္ကြံလမ်းအတိုင်း လျှောက်လာသည့် တန်နာနှင့် ပက်ပင်းတိုးသည်။ ရုတ်တရက်မြင်လိုက်ရသည့် မြင်ကွင်းကြောင့် တန်နာ့မျက်နှာ ပြူးတူးကြောင်တောင် ဖြစ်သွားသည်။ သူ သွေးရူးသွေးတန်း ပြေးလိုက်သွားပြီး အန်ဒရူးကို ကြည့်လိုက်သည်။

'ဘာဖြစ်သွားတာလဲ… ဘာဖြစ်တာလဲ'

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



'မတော်တဆ အန္တရာယ်တစ်ခု ဖြစ်သွားလို့ပါ' စတန်ဖို့က ပြောသည်။

'ဘယ်လို အန္တရာယ်လဲ' သူက သွေးရူးသွေးတန်းအော်၍ မေးသည်။ 'ခင်ဗျားတို့ ကျွန်တော့်အစ်ကိုကို ဘာလုပ်လိုက်ကြတာလဲ'လူတွေ ဝိုင်းအုံလာကြသည်။ 'ဧဒဘကို အမြန်ခေါ်၊ အို… မခေါ်နဲ့၊ မခေါ်နဲ့၊ အချိန်မရှိဘူး၊ အလုပ်ကကားနဲ့ ဆေးရုံကို အမြန်ပို့ရမယ်'

○

နောက်မိနစ် ၂၀ခန့် အကြာမှာတော့ အန်ဒရူးသည် မင်ဟတ်တန်မြို့နယ်၊ စိန့်ဗင်းဆင့်ဆေးရုံ အရေးပေါ်လူနာခန်းထဲမှ ခုတင်ပေါ်တွင် လဲလျောင်းလျက်ရှိနေ၏။ မျက်နှာဖုံးစွပ်ပြီး အောက်စီဂျင် ပေးထားသည်။ လက်မောင်းမှာလည်း ပိုက်တပ်ပြီး ဆေးသွင်းထားသည်။ ဆရာဝန်နှစ်ယောက်က အနီးကပ် ကြပ်မတ်နေ၏။

တန်နာမှာ ကယောင်ချောက်ချားဖြင့် ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ…

'လိုအပ်သလို အထူးဂရုစိုက်ပြီး အခုချက်ချင်း ကုပေးပါ' ဟု ဆရာဝန်တွေကို အော်ပြောနေသည်။

ဆရာဝန်တစ်ယောက်က 'မစ္စတာကင်စလေ… အခန်းထဲက ထွက်သွားပေးပါ'

'မထွက်ဘူး' သူက ပြန်အော်သည်။ 'ကျွန်တော့်အစ်ကိုနဲ့ အတူနေမယ်'

သူ လူနာခုတင်နား လျှောက်သွားပြီး အန်ဒရူး၏ လက်ကို ဆုပ်ကိုင်ရင်း…

'ကိုကို… အားတင်းထားပါ၊ မျက်စိဖွင့်ကြည့်ပါ၊ ကိုကို ဘာမှ မဖြစ်နိုင်ဘူး၊ ကျွန်တော်တို့အတွက် ကိုကို ရှိနေမှ ဖြစ်မယ်'အန်ဒရူးက မေ့မျောနေသည်။ ဘာမှ မတုံ့ပြန်နိုင်။ တန်နာ့မျက်လုံးအစုံတွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

'ကိုကို… ဘာမှမပူနဲ့၊ ပြန်ကောင်းလာမှာပါ၊ ကမ္ဘာမှာ အတော်ဆုံးဆရာဝန်တွေဆီ သွားကုမယ်၊ ကိုကို ပြန်ပြီး ကျန်းမာလာမှာပါ' သူ ဆရာဝန်တွေဘက်လှည့်ပြီး 'သီးသန့်တစ်ခန်းနဲ့ ၂၄နာရီ ပြုစုမယ့် သူနာပြုဆရာမတွေ လိုချင်တယ်၊ ပြီးတော့ အပိုခုတင်တစ်လုံးလည်း ထားပေးပါ၊ ကျွန်တော် သူနဲ့အတူနေမယ်'

'မစ္စတာကင်စလေ… လူနာကို ကျွန်တော်တို့ စမ်းသပ်စစ်ဆေးရဦးမယ်'

'ကောင်းပြီ၊ ဒါဆို ကျွန်တော် ခန်းမထဲက စောင့်နေမယ်'

○

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



အန်ဒရူးအား အရေးပေါ်လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ကြသည်။ ဦးခေါင်းနှင့် ရင်ဘတ်အပါအဝင် တစ်ကိုယ်လုံး ခေတ်မီအီလက်ထရောနစ် စက်ကရိယာများဖြင့် အမ်အာအိုင်၊ စီအေတီနှင့် ပီအီးတီ စစ်ဆေးမှုများ ပြုလုပ်ကြသည်။ ထို့နောက် သီးသန့်ခန်းသို့ ပြောင်းရွှေ့လာခဲ့သည်။ ဆရာဝန်သုံးယောက်က အထူးကြပ်မတ် ကုသပေးသည်။

တန်နှာက စင်္ကြံလမ်းမှ ကုလားထိုင်မှာ ထိုင်ကာ ရင်တဖိုဖိုနှင့်စောင့်နေသည်။ လူနာခန်းမှ ဆရာဝန်တစ်ယောက် ထွက်လာသည်။ တန်နှာ ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။

'သူ့အခြေအနေ ကောင်းပါတယ်နော် ဒေါက်တာ'

ဒေါက်တာက ခဏတုံ့ဆိုင်းနေပြီးတော့မှ… 'သူ့ကို ဝါရှင်တန်က ဝေါလတာရိ(ဒ်)ဆေးရုံကို အမြန်ဆုံး ပို့ဖို့ လုပ်နေတယ်၊ သေချာအောင် ထပ်ပြီး စမ်းသပ်စစ်ဆေးရဦးမယ်၊ ဒါပေမဲ့ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့အနေနဲ့ သိပ်ပြီး မျှော်လင့်ချက်မထားဘူး မစ္စတာကင်စလေ'

'ဒေါက်တာက ဘာတွေ လျှောက်ပြောနေတာလဲ' တန်နှာက အော်ကြီးဟစ်ကျယ် ပြောသည်။ 'တကယ်တော့ သူ ပြန်ကောင်းကို ကောင်းလာမှာပါ၊ ခေတ်ခွဲခန်းမှာက မိနစ်ပိုင်းကလေးပဲ ကြာတာပါ'

ဒေါက်တာက တန်နှာအား ဟောက်ထုတ်ပစ်လိုက်ရန် စိတ်ကူးမိသေးသည်။ သို့သော်လည်း မျက်ရည်တွေ သွန်ချနေသည့် တန်နှာ့ကိုကြည့်ပြီး သူ ဘာစကားမှ ပြောမထွက်တော့။

○

တန်နှာသည် မေ့မြောနေသည့် သူ့အစ်ကိုနှင့်အတူ သူနာပြုလေယာဉ်ဖြင့် ဝါရှင်တန်မြို့သို့ လိုက်ပါလာသည်။ ခရီးစဉ်တစ်လျှောက်လုံးတွင်လည်း အစ်ကိုဖြစ်သူအား အဆက်မပြတ် တတွတ်တွတ်ဖြင့် နှစ်သိမ့်စကားတွေ ပြောလာခဲ့သည်။

'ကိုကို… ဘာမှမပူပါနဲ့၊ အခြေအနေကောင်းတယ်လို့ ဒေါက်တာတွေက ပြောတယ်… ကိုကို ကျန်းမာလာအောင် သူတို့က အကောင်းဆုံး ကုထုံးတွေနဲ့ ကုသပေးလိမ့်မယ်… ကိုကိုအနေနဲ့ လိုအပ်တာက သက်တောင့်သက်သာ အနားယူဖို့ပဲ' သူက လက်နှစ်ဖက်ကို သူ့အစ်ကို၏ ရင်ဘတ်ပေါ်တင်လိုက်ပြီး 'နိုဘယ်ဆုယူဖို့ ဆွီဒင်ကို သွားရမှာ၊ အဲဒီအချိန်မှာ ကိုကို လုံးဝ နေကောင်းနေပြီဖြစ်မှာ သေချာတယ်'

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တန်နှာသည် နောက်သုံးရက်လုံးလုံး အန်ဒရူး၏အခန်းထဲက ခေါက်ခုတင်ပေါ်မှာ အိပ်ရင်း အစ်ကိုဖြစ်သူ၏ အခြေအနေကို မျက်ခြည်မပြတ် အနီးကပ်စောင့်ကြည့်နေသည်။

ဝေါလတာရိ(ဒ်)ဆေးရုံမှ လူနာစောင့်အခန်းတွင် တန်နှာထိုင်နေတုန်း တာဝန်ကျဆရာဝန်တစ်ယောက် တန်နှာ့ဆီ လျှောက်လာသည်။

'အခြေအနေဘယ်လိုလဲ ဒေါက်တာ' တန်နှာက မေးလိုက်သည်။ 'သူ… သူ…' ဒေါက်တာ့မျက်နှာအမူအရာကို မြင်တော့ 'ဘယ်လို… ဘယ်လိုဖြစ်နေလို့လဲ'

'ပြောရမှာ စိတ်မကောင်းပါဘူး မစ္စတာကင်စလေ၊ အခြေအနေက တော်တော်ကိုဆိုးတယ်၊ ခင်ဗျားအစ်ကို အသက်ရှင်တာ တော်တော်ကံကောင်းတယ်၊ စမ်းသပ်တဲ့ ဓာတ်ငွေ့က သိပ်ပြီးအဆိပ်ပြင်းတဲ့ ဓာတ်ငွေ့ပဲ'

'ကျွန်တော်တို့ အတော်ဆုံး ဆရာဝန်ကြီးတွေ ခေါ်ယူ…'

'ခေါ်ယူလည်း အလကားပဲ၊ ဓာတ်ငွေ့အဆိပ်က ခင်ဗျားအစ်ကိုရဲ့ ဦးနှောက်ထဲက ဆဲလ်တွေကို စားပစ်လိုက်ပြီ'

တန်နှာ့မျက်နှာ ရှုံ့မဲ့သွားပြီး… 'ဒါဆို ဘယ်လိုလုပ်မလဲ၊ ရောဂါသိရင် ဆေးရှိရမှာပေါ့'

'မစ္စတာကင်စလေ၊ အမှန်အတိုင်းပြောရရင် ဆေးရုံအနေနဲ့ ဒီရောဂါကို ဘယ်လိုရောဂါမျိုးဆိုတာတောင် နာမည် ပေးလို့ မရသေးပါဘူး၊ ပြောရတာ စိတ်မကောင်းပါဘူး၊ သူ ဘယ်တော့မှ ပုံမှန်လူကောင်းအတိုင်း ပြန်မဖြစ်နိုင်တော့ ပါဘူး'

တန်နှာ မတ်တပ်ရပ်နေသည်။ လက်သီးနှစ်ဖက် တင်းတင်းဆုပ်ထားသည်။ မျက်နှာတစ်ပြင်လုံးလည်း ဖြူရော်သွားသည်။

'အခု ခင်ဗျားအစ်ကို သတိရနေပြီ၊ ဝင်သွားပါ၊ ဒါပေမဲ့ မကြာပါစေနဲ့'

တန်နှာ အခန်းထဲဝင်သွားတော့ အန်ဒရူး မျက်လုံးဖွင့်ထားသည်။ သူ့စည့်သည်ကို စေ့စေ့စပ်စပ်ကြည့်သည်။ သူ့မျက်နှာ အမူအရာက ကွဲကွဲပြားပြား မမြင်ရသည့် အမူအရာမျိုး။

တယ်လီဖုန်းမြည်လာသည်။ တန်နှာလျှောက်သွားပြီး ကောက်ကိုင်လိုက်သည်။ ဗိုလ်ချုပ်ကြီး အလန်ဘာတန် ထံမှ ဖြစ်သည်။

'ဖြစ်ပျက်ခဲ့တာနဲ့ ပတ်သတ်ပြီး ကျွန်တော် အကြီးအကျယ် စိတ်မချမ်းမသာ…'

'ခင်ဗျား အလကားလူပဲ၊ ဘာအန္တရာယ်မှ မရှိပါဘူးဆို'

'ဘယ်လို ဖြစ်သွားမှန်း ကျွန်တော်လည်း မပြောတတ်တော့ဘူး၊ ကျွန်တော် ပြော…'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တန်နှာ ဖုန်းကို ပစ်ချလိုက်သည်။ အန်ဒရူး စကားပြောသံကြား၍ လှည့်ကြည့်လိုက်သည်။

'ငါ... ငါဘယ်မှာ... ဘယ်မှာလဲ' သူ့အသံ ဝါးနေသည်။

'ဝါရှင်တန်က ဝေါလတာရိ(ဒ်)ဆေးရုံ မှာပါ'

'ဘာဖြစ်လို့လဲ၊ ဘယ်သူ နေမကောင်းလို့လဲ'

'ကိုကို နေမကောင်းလို့ပါ'

'ဘာဖြစ်လို့လဲ'

'စမ်းသပ်ရင်း တစ်ခုခု မှားသွားလို့'

'ငါ မမှတ်မိဘူး'

'ရပါတယ်၊ ဘာမှ မပူပါနဲ့၊ ဂရုစိုက်ပြီး ကုသပေးမှာပါ၊ ကျွန်တော် ကြည့်လုပ်ပါ့မယ်'

အန်ဒရူး မျက်စေ့ပြန်မှိတ်သွားသည်။ တန်နှာသည် သူ့အစ်ကိုကို နောက်ဆုံးတစ်ချက်ကြည့်ပြီးနောက် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။

ဝ

ပေါ်လာက ဆေးရုံသို့ ပန်းစည်းတွေပို့သည်။ တန်နှာက လှမ်းခေါ်ဖို့ စိတ်ကူးသည်။ သို့သော်လည်း တန်နှာ၏ အတွင်းရေးမှူး စာရေးမက‌ပြောသည်။

'မစ္စပေါ်လာဆီက ဖုန်းဆက်ပါတယ်၊ သူ မြို့ထဲထွက်စရာရှိတယ်တဲ့၊ သူ ပြန်ရောက်ရောက်ချင်း ပြန်ဆက်ပါ့မယ် တဲ့၊ သူ ချစ်တဲ့အကြောင်း ပြောပေးပါတဲ့'

နောက်တစ်ပတ်ကြာတော့ အန်ဒရူးနှင့် တန်နှာတို့ နယူးယောက်သို့ ပြန်ရောက်နေကြပြီ။ အန်ဒရူး ဘာဖြစ်ကြောင်း ဆေးအိုင်ကိုဝန်ထမ်းတွေ အားလုံး သိကုန်ကြပြီ။ သူမရှိလျှင် ကေအိုင်ဂျီ ကုမ္ပဏီကြီး ဆက်လက်တည်ရှိနိုင်ပါဦးမလား။ သည်အကြောင်း တစ်ပြည်လုံးသိသွားလျှင် ကုမ္ပဏီ၏ ကျော်ကြားမှုကို ထိခိုက်နိုင်သည်မှာ သေချာသည်။

ကိစ္စမရှိဘူး၊ တန်နှာက တွေးသည်။ ကမ္ဘာမှာအကြီးဆုံး အကြံပေးပါရဂူအဖွဲ့ ကုမ္ပဏီဖြစ်အောင် ငါကြိုးစားမယ်။ အခုဆိုရင် ငါ့ချစ်သူထိပ်ထား လိုချင်တာအားလုံးကို ပေးနိုင်တော့မယ်၊ သုံးလေးနှစ်အတွင်းမှာ...

အတွင်းရေးမှူးစာရေးမက စက်ခလုတ်နှိပ်၍ ဖုန်းဆက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဗိမ်ခံကား ဒရိုင်ဘာတစ်ယောက်က တွေ့ချင်လို့ပါတဲ့ မစ္စတာကင်စလေ'

သူ နည်းနည်းတွေနေပြီးတော့မှ 'လွှတ်လိုက်ပါ'

လက်ထဲတွင် စာအိတ်တစ်အိတ်ကိုင်ပြီး ယူနီဖောင်းဝတ် ဒရိုင်ဘာ လျှောက်ဝင်လာသည်။

'မစ္စတာကင်စလေပါလား'

'ဟုတ်ပါတယ်'

'ဒီစာကို ကိုယ်တိုင်ပေးခိုင်းလိုက်လို့ပါ'

သူက စာအိတ်ကို ကမ်းပေးပြီးနောက် ပြန်ထွက်သွားသည်။

တန်နာက စာအိတ်ကိုကြည့်ပြီး ပြုံးလိုက်သည်။ ပေါ်လာ့ လက်ရေးကို သူ မှတ်မိသည်။ ပေါ်လာက အံ့သြစရာ တစ်ခုခု လုပ်လိုက်တာဖြစ်မည်။ စာအိတ်ကို အားတက်သရော ဖောက်ဖွင့်လိုက်သည်။ ရေးထားသည်မှာ...

*'အချစ်ဆုံးဒါလင်ရေ... ကျွန်မတို့ မျှော်လင့်ထားသလို*
*မဖြစ်တော့ပါဘူး။ လောလောဆယ်မှာ ကျွန်မက ရှင်*
*ပေးနိုင်တာထက် ပိုပြီးလိုအပ်နေတယ်။ ဒါကြောင့်*
*ကျွန်မရဲ့ လိုအင်ကို ဖြည့်ပေးနိုင်တဲ့ လူတစ်ယောက်ကို*
*လက်ထပ်တော့မယ်။ ရှင့်အနေနဲ့ ယုံဖို့ခက်လိမ့်မယ်*
*ဆိုတာ ကျွန်မ တွေးမိပါတယ်။ ဒါပေမဲ့ ကျွန်မ ဒီလို*
*လုပ်တာဟာ ကျွန်မတို့ နှစ်ယောက်စလုံး ကောင်းဖို့အတွက်ပါ'*

တန်နာ့မျက်နှာ သွေးဆုတ်သွားသည်။ စာရွက်ကို အကြာကြီး စိုက်ကြည့်နေသည်။ ထို့နောက် သွေးရူးသွေးတန်း လုံးခြေပြီး အမှိုက်ခြင်းထဲ ပစ်ထည့်လိုက်သည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၈

နောက်တစ်နေ့ တန်နှာ ရုံးခန်းစားပွဲတွင် ထိုင်နေစဉ် ရုံးတွင်း ဖုန်းမှ သတင်းပို့သည်။

'မစ္စတာကင်စလေ… ကော်မီတီတစ်ခုက တွေ့ချင်လို့ပါတဲ့'

'ကော်မီတီတစ်ခု… ဟုတ်လား'

'ဟုတ်ပါတယ်ရှင့်'

'လွှတ်လိုက်ပါ'

ကေအိုင်ဂျီကုမ္ပဏီ၏ ဌာနခွဲအသီးသီးမှ ကြီးကြပ်ရေးမှူးတွေ ရုံးခန်းထဲ ဝင်လာကြသည်။

'ကျွန်တော်တို့ စကားပြောစရာရှိလို့ပါ မစ္စတာကင်စလေ'

'ထိုင်ကြပါ'

သူတို့ အသီးသီး ဝင်ထိုင်ကြသည်။

'ဘာပြဿနာရှိလို့လဲ'

ကြီးကြပ်ရေးမှူးတစ်ယောက်က ပြောသည်။ 'ဟုတ်ကဲ့… ကျွန်တော်တို့က စိုးရိမ်လို့ပါ၊ မစ္စတာကင်စလေရဲ့ အစ်ကို အခုလိုဖြစ်သွားတော့ ကေအိုင်ဂျီအနေနဲ့ ဆက်လက် ရပ်တည်နိုင်ပါဦးမလား'

တန်နှာက ဦးခေါင်းကို ခါယမ်းလိုက်ပြီး… 'ကျုပ် မသိဘူး၊ လောလောဆယ်မှာ ကျုပ် အထိတ်တလန့် ခံစားနေရတယ်၊ ကျုပ်အစ်ကို ဒီလိုဖြစ်သွားတာ မယုံနိုင်အောင်ဖြစ်နေတယ်' ခဏ စဉ်းစားနေပြီးတော့မှ 'ကျုပ်ဘာလုပ်မယ်ဆိုတာ ခင်ဗျားတို့ကို ပြောမယ်၊ ကျုပ်တို့ရဲ့ အခွင့်အလမ်းကို ကျုပ် ကြိုတင်မပြောနိုင်ဘူး၊ ဒါပေမဲ့ ကျုပ်တို့

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကျူပ် အစွမ်းကုန်ကြိုးစားမယ်၊ ဒါ ကတိပေးတာပဲ၊ ခင်ဗျားတို့ကို ထပ်ပြီး အကြောင်းပြန်မယ်'

○

အန်ဒရူးဆေးရုံမှ ဆင်းသည့်နေ့မှာပင် ကုမ္ပဏီခြံဝင်းထဲက အမှုထမ်းအိမ်ကလေးတစ်ဆောင်တွင် တန်နာက နေရာချပေးထားသည်။ သီးသန့်ပြုစုနိုင်ရန် ဖြစ်သည်။ တန်နာ့ရုံးခန်းနှင့် ဘေးချင်းကပ်၍ သီးသန့်ရုံးခန်းလည်း စီစဉ်ပေးထားသည်။ အန်ဒရူး၏အဖြစ်ကိုကြည့်ပြီး အမှုထမ်းတွေက မယုံနိုင်အောင် ဖြစ်နေကြသည်။ သူသည် အလွန်တော်သော သိပ္ပံပညာရှင်ဘဝမှ စက်ရုပ်ဘဝသို့ ပြောင်းလဲသွားသည်။ တစ်ချိန်လုံးလိုလို အိပ်ချင်ငိုက်မြည်းဖြင့် ကုလားထိုင်တွင်ထိုင်ရင်း ပြတင်းပေါက်ကို ကြည့်နေတတ်သည်။ သို့သော်လည်း ပတ်ဝန်းကျင်တွင် ဘာတွေဖြစ်နေမှန်း လုံးဝ သိပုံမရသည့်တိုင် ကုမ္ပဏီရုံးခန်းထဲ ပြန်ရောက်နေသည့်အတွက်တော့ သူဝမ်းသာနေပုံရသည်။ တန်နာက အစ်ကိုအား တယုတယ တရိုတသေ ဂရုတစိုက် ပြုစုဆက်ဆံပုံကိုကြည့်ပြီး ဝန်ထမ်းအားလုံးက မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်နေကြသည်။

○

ကေအိုင်ဂျီကုမ္ပဏီ၏ အခြေအနေလည်း နေ့ချင်းညချင်း လုံးဝပြောင်းလဲသွားသည်။ အန်ဒရူး ဦးဆောင်တုန်းက အပျင်းပြေ၊ အပျော်တမ်းလုပ်နေသလို ထင်ရသည်။ ယခု တန်နာလက်ထက်ကျတော့ စည်းကမ်းတကျနှင့် အလုပ်သဘော ဆန်လာသည်။ တန်နာက ကုမ္ပဏီလုပ်ငန်း တိုးတက်ရေးအတွက် ဖောက်သည်တွေထံ ကိုယ်စားလှယ်ဝန်ထမ်းတွေလွှတ်ပြီး ကန်ထရိုက်စာချုပ်တွေ ချုပ်ဆိုခိုင်းသည်။ သည်လိုနှင့် ကုမ္ပဏီလုပ်ငန်း တစ်နေ့တခြား ကြီးပွားတိုးတက်လာခဲ့သည်။

○

ပေါ်လာ၏ 'နောက်ဆုံးနှုတ်ဆက်စာ'အကြောင်း ကေအိုင်ဂျီကုမ္ပဏီအတွင်း တစ်မုဟုတ်ချင်း သတင်းပြန့်သွားသည်။ ပွဲကြီးပွဲကောင်း ပျော်ပျော်ကြီး နွှဲလိုက်မည်ဟု အားခဲထားသည့်ဝန်ထမ်းတွေ အကြီးအကျယ် စိတ်ပျက်သွားကြသည်။

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ချစ်သူက စွန့်ပစ်ခံရပြီးနောက် သည်ဝေဒနာကို သူဘယ်လိုခံစားပြီး ဘာတွေဆက်လုပ်မှာလဲဟု ဝန်ထမ်းအများစုက စိတ်ဝင်တစား တွက်ဆနေကြသည်။

တန်နာ၏ သတို့သမီးလောင်းသည် ဘီလုံနာမီဒီယာသူဌေးကြီး အက်ဒမွန်ဘာကလေနှင့် လက်ထပ်ပြီးကြောင်း ပေါ်လာ့ထ်မှစာကို ရရှိပြီးနောက် နှစ်ရက်မြောက်တွင် သတင်းစာမှာ ပါလာသည်။ တန်နာ၏ပြောင်းလဲမှုတွေကတော့ ယခင်ကထက်ပိုပြီး စိတ်တိုလာခြင်းနှင့် အလုပ်ပိုလုပ်လာခြင်းတို့ပင် ဖြစ်သည်။ လူမသိသော လျှို့ဝှက်လုပ်ငန်းတစ်ခုကို နေ့စဉ် နံနက်နှစ်နာရီအထိ မထတမ်းလုပ်နေ၏။

○

တစ်ညနေတွင် 'မင်ဆာ' (MENSA)ခေါ် ထိပ်တန်းပညာရှင်အဖွဲ့တွင် ဟောပြောရန် တန်နာအား ဖိတ်ကြားသည်။ ကေအိုင်ကိုကုမ္ပဏီဝန်ထမ်းအများစုမှာ 'မင်ဆာ' အဖွဲ့ဝင်တွေ ဖြစ်သောကြောင့် တန်နာက လက်ခံလိုက်သည်။

နောက်တစ်နေ့နံနက် ကုမ္ပဏီရုံးချုပ်သို့ တန်နာလာသောအခါ သူနှင့်အတူ အမျိုးသမီးတစ်ယောက်လည်း ပါလာသည်။ ကုမ္ပဏီဝန်ထမ်းတွေ မြင်ဖူးသမျှ အချောဆုံးအလှဆုံး အမျိုးသမီးဖြစ်သည်။ ဥရောပတောင်ပိုင်းသူ ဖြစ်ပုံရသည်။ မျက်ဝန်းနက်နက်၊ သံလွင်ရောင်အသားအရေနှင့် ညို့မောတ်အပြည့်ပါသော ရုပ်သွင်ရှိသည်။

တန်နာက ထိုအမျိုးသမီးကို ဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးသည်။

'သူက ဆေဘက်စတီယာနာကော်တက်၊ သူ မနေ့ညက ''မင်ဆာ''မှာ ဟောပြောတယ်၊ အရမ်းတော်တယ်'

တန်နာ၏ အပြောအဆို၊ အပြုအမူတွေ ယခင်နှင့်မတူ အတော်ကလေး ပြောင်းလဲသွားသလို ထင်ရသည်။ တန်နာက ဆေဘက်စတီယာနာအား သူ့ရုံးခန်းထဲသို့ ခေါ်သွားသည်။ တစ်နာရီကျော်ကျော်ကြာပြီးမှ ပြန်ထွက်လာကြသည်။ ထို့နောက် တန်နာ၏ သီးသန့်စားသောက်ခန်းတွင် နေ့လယ်စာစားကြသည်။

စပ်စုသော ကုမ္ပဏီဝန်ထမ်းတစ်ယောက်က ဆေဘက်စတီယာနာကော်တက်အကြောင်းကို အင်တာနက်မှာ ရှာကြည့်သည်။ ယခင်က အာဂျင်တီးနားမယ်ဖြစ်ခဲ့ပြီး အိုဟိုင်ယိုပြည်နယ်၊ စင်စင်နာတီမြို့တွင် နေထိုင်ပြီး နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်တစ်ဦး၏ ဇနီးဖြစ်ကြောင်း သိရှိရသည်။

နေ့လယ်စာစားသောက်ပြီးနောက် ရုံးခန်းထဲ ပြန်ဝင်လာကြသည်။ တန်နာ၏ စကားသံကို အမှတ်မထင်ဖွင့်ထားသော ဧည့်ကြိုခန်းရုံးတွင်း ဖုန်းမှတစ်ဆင့် အတိုင်းသားကြားနေရသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မစိုးရိမ်ပါနဲ့ ဒါလင်၊ ကိုယ်တို့ဖြစ်နိုင်တဲ့ နည်းလမ်းရှာလို့ ရနိုင်မှာပါ'

အတွင်းရေးမှူး စာရေးမတွေ ရုံးတွင်းဖုန်းနား ဝိုင်းအုံလာပြီး ရုံးခန်းထဲက စကားပြောသံကို စိတ်ပါလက်ပါ နားထောင်ကြသည်။

'ကျွန်မတို့ သတိထားဖို့တော့ လိုတယ်၊ ကျွန်မ ယောကျ်ားက သိပ်ပြီး သဝန်တိုတတ်တယ်'

'ပြဿနာမရှိပါဘူး၊ ကိုယ်တို့နှစ်ယောက် အဆက်အသွယ်မပြတ်အောင် ကိုယ်ကြည့်စီစဉ်ပါ့မယ်'

'ဒါလင် အခုချက်ချင်း အိမ်ပြန်သွားမှာကို ကိုယ် တော်တော် စိတ်မကောင်းဖြစ်မိတယ်'

'ကျွန်မလည်း အတူတူပါပဲ၊ ကျွန်မ သိပ်ပြီး နေချင်တာပေါ့၊ ဒါပေမဲ့ မဖြစ်နိုင်လို့ပါ'

ထို့နောက် သူတို့နှစ်ယောက် ရုံးခန်းထဲမှ ဟန်မပျက် ပြန်ထွက်သွားကြသည်။ ဝန်ထမ်းတွေကတော့ သူတို့ ချောင်းနားထောင်နေသည်ကို တန်နှာ လုံးဝ သတိထားမိပုံ မရသောကြောင့် ကြိတ်ပြီး ဝမ်းသာနေကြသည်။

○

ဆေးဘက်စဝီယာနာ ပြန်သွားပြီးနောက် တန်နှာက သူ့ရုံးခန်းတွင် အသံဖျက်ကရိယာပါသော ရွှေကြွပ်တယ်လီဖုန်း တပ်ဆင်လိုက်သည်။ သူ၏ အတွင်းရေးမှူးစာရေးမနှင့် လက်ထောက်အမှုထမ်းတွေကိုလည်း ယင်းတယ်လီဖုန်းကို လုံးဝ နားမထောင်ရန် အမိန့်ထုတ်လိုက်၏။

ထိုနေ့မှစ၍ တန်နှာသည် ရွှေတယ်လီဖုန်းဖြင့် နေ့တိုင်းစကားပြောသည်။ လကုန်ရက်တိုင်းမှာလည်း လေးငါးရက် လောက် ပုံမှန်ခရီးထွက်သည်။ ပြန်ရောက်လာတော့ သူ့ပုံပန်းက လန်းဆန်းနေ၏။ သူ ဘယ်ကိုသွားနေကြောင်း ဝန်ထမ်းတွေကို ဘယ်တော့မှ မပြောပြ၊ သို့ပေမယ့် ဝန်ထမ်းတွေက အလိုအလျောက် သိနေကြ၏။

ထို့ကြောင့် တန်နှာ၏လက်ထောက်က ပျက်လုံးထုတ်သည်မှာ…

' "ဆုံစည်းရာ" ဆိုတဲ့ စကားလုံးက ခေါင်းလောင်းထိုးတတ်ပါသလား ခင်ဗျား' တဲ့။

တန်နှာ၏ အချစ်ရေးရာဘဝကား အသစ်တစ်ဖန် ရှင်သန်လာခဲ့ပြန်ပြီ။ သူ့ဘဝ ပြောင်းလဲမှုမှာ မှတ်လောက်သား လောက် ထူးခြားလှသည်။ ကုမ္ပဏီဝန်ထမ်းအားလုံး ပျော်တပြုံးပြုံး ဖြစ်နေကြလေ၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၁၉

ဒိန်းစတီဗင်၏ ဦးနှောက်ထဲတွင် ရေခဲတိုက်အုပ်ချုပ်ရေးမှူး၏ စကားသံက ပဲ့တင်ရိုက်ခတ်နေသည်။

'ကျွန်တော် ရှက်ဂုန်းစ်ပါ၊ မစ္စတာစတီဗင်ရဲ့ အတွင်းရေးမှူးပြောတဲ့အတိုင်း မစ္စတာစတီဗင်ရဲ့ နောက်ထပ်အသစ် ညွှန်ကြားချက်အရ ကျွန်တော်တို့ ဆောင်ရွက်ပြီးပြီ ဆိုတာကို အကြောင်းကြားတာပါ၊ လွန်ခဲ့တဲ့ တစ်နာရီလောက်က မစ္စတာစတီဗင်ခင်ပွန်းရဲ့ အလောင်းကို ကျွန်တော်တို့ မီးသဂြိုဟ်လိုက်ပြီးပါပြီ'

ရေခဲတိုက်က ယခုလိုဘာကြောင့် မှားမှားယွင်းယွင်း လုပ်ရတာလဲ။ သောက စိတ်ကြောင့် ကယောင်ကတမ်းဖြစ်ပြီး ရစ်ချတ်စတီဗင်အလောင်းကို မီးသဂြိုဟ်လိုက်ပါတော့ဟု ဆက်ပြောလိုက်မိလေသလား။ မဖြစ်နိုင်၊ ဘယ်တော့မှ မဖြစ်နိုင်။ ပြီးတော့ ဒိန်းစတီဗင်မှာ အတွင်းရေးမှူးလည်း လုံးဝမရှိ။ ဖြစ်ရပ်တစ်ခုလုံးက လုံးဝအဓိပ္ပာယ်မရှိ။ ရေခဲတိုက်မှ တစ်ယောက်ယောက် နားကြားလွဲသွားတာ ဖြစ်နိုင်သည်။ ရစ်ချတ်စတီဗင်၏ နာမည်နှင့်ဆင်တူ အခြားအလောင်းတစ်လောင်းနှင့် ရောထွေးသွားတာ ဖြစ်နိုင်သည်။

ရေခဲတိုက်က အရိုးပြာအိုးပေးသည်။ ဒိန်းက အရိုးအိုးကို စိုက်ကြည့်နေသည်။ ဒီအထဲမှာ ရစ်ချတ် တကယ်ရှိသလား၊ သူ့ရယ်မောသံတွေ… ငါ့ကို ဖက်ထားတဲ့ သူ့လက်တွေ… နွေးထွေးတဲ့သူ့နှုတ်ခမ်းတွေ… ချစ်ပါတယ် အချစ်ရယ်လို့ ပြောတဲ့ သူ့အသံတွေ… ဒီအိုးထဲမှာ တကယ်ရှိနေသလား…။

တယ်လီဖုန်းမြည်သံကြောင့် ဒိန်း အတွေးပြတ်သွားသည်။

'မစ္စတာစတီဗင်ပါလား''

'ဟုတ်ကဲ့'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'အခုပြောနေတာ တန်နာကင်စလေရဲ့ ရုံးခန်းကပါ၊ မစ္စတာကင်စလေက မစ္စက်စတီဗင် သူ့ဆီလာတွေ့မယ်ဆိုရင် အများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောပါတယ်'

○

အဲဒါက လွန်ခဲ့သည့် နှစ်ရက်ကဖြစ်သည်။ ယခုတော့ ဒိန်းသည် ကေအိုင်ဂျီကုမ္ပဏီဝင်းထဲသို့ ဝင်လာပြီးနောက် ဧည့်ကြိုစားပွဲသို့ လျှောက်လာသည်။

'ဘာအကူအညီ လိုအပ်ပါသလဲရှင်' ဧည့်ကြိုစာရေးမလေးက မေးသည်။

'ကျွန်မ ဒိန်းစတီဗင်ပါ၊ မစ္စတာကင်စလေနဲ့ ချိန်းထားလို့ပါ'

'အို… မစ္စက်စတီဗင်ကိုး၊ မစ္စတာစတီဗင်အကြောင်း သိရတာ စိတ်မကောင်းပါဘူးရှင်၊ ကြောက်စရာကောင်းလိုက်တာနော်…'

ဒိန်းက လည်ချောင်းထဲ တစ်ဆို့နေသည့် အလုံးကြီးကိုမျိုချလိုက်ပြီး…

'ဟုတ်ကဲ့'

○

တန်နာက လက်ထောက်ဝန်ထမ်း ရီထရာတိုင်လာ့ကို ပြောနေသည်။

'ဒီနေ့ စည်းဝေးပွဲနှစ်ခု လုပ်စရာရှိတယ်၊ နှစ်ခုစလုံးကို ရက်ရွှေ့လိုက်ပါ'

'ကောင်းပါပြီရှင့်'

တိုင်လာ ပြန်ထွက်သွားသည်။ ရုံးတွင်းဖုန်းမှ စကားပြောသံ ပေါ်ထွက်လာသည်။

'မစ္စက်စတီဗင် ရောက်နေပါ ပြီရှင့်'

တန်နာက စားပွဲပေါ်ရှိ အီလက်ထရောနစ်ပင်နယ်ပေါ်မှ ခလုတ်တစ်ခုကိုနှိပ်လိုက်ရာ နံရံပေါ်က ရုပ်မြင်သံကြားဖန်သားပြင်တွင် မစ္စက်စတီဗင် ပေါ်လာသည်။ ရွှေရောင်ဆံပင်ကို နောက်ဘက်မှာ စုထုံးထားသည်။ ဖြူပြာရောင်အစင်းစကပ်နှင့် အဖြူရောင်ဘလောက်စ်အင်္ကျီ ဝတ်ထားသည်။ မျက်နှာက ဖြူရော်ရော်။

'သူ့ကို အထဲကို လွှတ်လိုက်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒိန်း တံခါးဝမှ လျှောက်ဝင်လာတော့ တန်နှာ ထိုင်ရာမှထရပ်ပြီး…

'အခုလို လာတဲ့အတွက် ကျေးဇူးတင်ပါတယ် မစ္စက်စတီဗင်'

ဒိန်းက ခေါင်းညိတ်ပြီး 'မင်္ဂလာပါ'

'ထိုင်ပါ'

ဒိန်းက တန်နှာနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။

'အထူးပြောနေစရာ မလိုပါဘူး၊ ခင်ဗျားခင်ပွန်းရဲ့ အဖြစ်ဆိုးကြောင့် ကျွန်တော်တို့အားလုံး တုန်လှုပ်ချောက်ချား ဖြစ်သွားကြရပါတယ်၊ ဘယ်သူ့မှာ တာဝန်ရှိတယ်ဆိုတာကို ခင်ဗျားတင်ပြနိုင်ရင် တရားဥပဒေအတိုင်း အမြန်ဆုံး ဆောင်ရွက်နိုင်မှာပဲ'

*အင်း… အရိုးပြာတွေပဲ ကျန်တော့တယ်လေ…။*

'ခင်ဗျား စိတ်မရှိဘူးဆိုရင် ကျွန်တော် နည်းနည်းမေးချင်တယ်'

'မေးပါ'

'ခင်ဗျားယောကျ်ားက သူ့အလုပ်အကြောင်းကို ခင်ဗျားနဲ့ မကြာခဏ ဆွေးနွေးလေ့ရှိသလား'

ဒိန်းက ခေါင်းခါလိုက်သည်။ 'မဆွေးနွေးပါဘူး၊ သူ့အလုပ်က စက်မှုလုပ်ငန်းဖြစ်တော့ ကျွန်မတို့ဘဝနဲ့ တခြားစီပါ' ထောက်လှမ်းရေးအခန်းတွင် ရီတာတိုင်လာက အသံမှတ်စက်၊ အသံထိန်းစက်နှင့် ရုပ်သံစက်များကို ဖွင့်လိုက်သည်။ တန်နှာ၏ရုံးခန်းထဲမှ မြင်ကွင်းကို အသံထွက်မြင်နေရသည်။

'ဒီကိစ္စနဲ့ပတ်သတ်ပြီး ပြောဆိုဆွေးနွေးရတာ ခင်ဗျားအဖို့ တော်တော် ခက်ခဲလိမ့်မယ်၊ ဒါပေမဲ့ ခင်ဗျား ယောကျ်ားက မူးယစ်ဆေးဝါးနဲ့ ပတ်သတ်နေတယ်ဆိုတာ ခင်ဗျား ဘယ်လောက်သိသလဲ'

ဒိန်း မှင်တက်မိပြီး ကြက်သေသေသွားသည်။ အတော်ကြာတော့မှ အားယူပြီး စကားပြောနိုင်သည်။

'ရှင်… ရှင် ဘာစကားပြောလိုက်တာလဲ၊ ရစ်ချတ်က မူးယစ်ဆေးဝါးနဲ့ ဘယ်တော့မှ မပတ်သတ်ခဲ့ဖူးဘူး'

'ဒါပေမဲ့ မာဖီးယားဂိုဏ်းကပေးတဲ့ ငြိမ်းခြောက်စာတစ်စောင် သူ့အင်္ကျီအိတ်ထဲမှာ ရဲက ရထားတယ် မစ္စက်စတီဗင်'

ရစ်ချတ်အနေနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်၊ ဒါပေမဲ့ သူက ငါ မသိအောင် လျှို့ဝှက်လုပ်ကိုင်နေတာများလား…၊ အို… မဖြစ်နိုင်… ဘယ်လိုမှမဖြစ်နိုင်…။

ဒိန်း နှလုံးတွေ တဒိန်းဒိန်း ခုန်နေသည်။ မျက်နှာတစ်ပြင်လုံး နီရဲလာသလို ထင်ရသည်။ သူတို့က ငါ့ကို အဆင်ခတ်ချင်လို့ ရစ်ချတ်ကိုသတ်တာ ဖြစ်ရမယ်ဟုတွေးမိသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာကာင်စလေ…၊ ရစ်ချတ်ဟာ ဘယ်တော့မှ…'

တန်နာက ဒိန်းကိုကြည့်ပြီး သနားမိသည်။ သို့သော်လည်း သူ့အသံက ပြတ်သားသည်။

'ကျွန်တော် စိတ်မကောင်းဖြစ်မိတာ တကယ်ပါ မစ္စက်စတီဗင်၊ ဒါပေမဲ့ ကျွန်တော် ကတိပေးပါတယ်၊ ဒီကိစ္စကို အောက်ခြေကစပြီး အတိအကျ သိရအောင် ကျွန်တော် ကြိုးစားပါမယ်'

*အောက်ခြေဟာ ကျွန်မပါပဲ၊ ရှင် လိုက်ရှာနေတဲ့လူလည်း ကျွန်မပါပဲ၊ အော်တယ်ရီကို ဆန့်ကျင်ပြီး သက်သေထွက်ဆိုတာကြောင့် ရစ်ချတ်အသတ်ခံရတာ။* ဒိန်း အသက်ရှူအရမ်း မြန်လာသည်။

'ကဲ… ဒီလောက်ဆို တော်လောက်ပါပြီ၊ ခင်ဗျားလည်း တော်တော်ပင်ပန်းသွားပြီ၊ နောက်တော့မှ ထပ်ပြီး တွေ့ကြသေးတာပေါ့၊ ခင်ဗျား မှတ်မိတာ တစ်ခုခုတော့ ရှိမှာပေါ့၊ အထောက်အကူပြုနိုင်တဲ့ တစ်ခုခုကို စဉ်းစားလို့ရရင် ကျွန်တော့်ကို ဖုန်းဆက်ပါ' သူက စားပွဲအံဆွဲထဲမှ အလုပ်လိပ်စာကတ်ကို ထုတ်ယူပြီး ဒိန်းဆီကမ်းပေးရင်း 'အဲဒီမှာ ကျွန်တော့်ကိုယ်ပိုင် သီးသန့်ဖုန်းနံပါတ်ပါတယ်၊ အချိန်မရွေးဆက်နိုင်တယ်'

ဒိန်း မတ်တပ်ရပ်လိုက်သည်။ ခြေထောက်တွေ တဆတ်ဆတ်တုန်နေသည်။ ကျေးဇူးတင်စကားပြောပြီးနောက် ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ တစ်ကိုယ်လုံး ထုံကျဉ်နေသလို ခံစားရသည်။

ဧည့်ကြိုခန်းနားရောက်လာတော့ စားပွဲနောက်မှ အမျိုးသမီးပြောသည့်စကားကို အမှတ်မထင်ကြားလိုက်မိသည်။

'ကျွန်မသာ အယူသည်းတတ်သူဖြစ်ရင် ကေအိုင်ဂျီကုမ္ပဏီကို တစ်ယောက်ယောက်က ကျိန်စာတိုက်ထားတယ်လို့ ထင်မိမှာပဲ၊ အခုလည်း ရှင့်ယောက်ျားဖြစ်ပြန်ပြီ၊ အခုလို အသေဆိုးနဲ့သေရတာ မယုံကြည်နိုင်စရာဘဲ မစ္စက်ဟားရစ်'

ကြားလိုက်ရသည့်စကားမှာ သူနှင့်လည်း ဆက်စပ်နေသလို ဒိန်း ထင်လိုက်မိသည်။ ဒီမိန်းမ သူ့ယောက်ျားဘာများဖြစ်သလဲ။ ဒိန်းက ဧည့်ကြိုစာရေးမ ဘယ်သူနှင့် စကားပြောနေသလဲဟု လှည့်ကြည့်လိုက်သည်။ ငေးကြည့်ရလောက်အောင် ဆွဲဆောင်မှုရှိသည့် အာဖရိကန်-အမေရိကန်ကပြား အမျိုးသမီးကလေး…။ အနက်ရောင်ဘောင်းဘီရှည်နှင့် ပိုးသားဆွယ်တာအင်္ကျီကို ဝတ်ထားသည်။ စိန်နှင့်မြ မင်္ဂလာလက်စွပ်များက တဖိတ်ဖိတ်တောက်နေသည်။ ဒိန်းက သူနှင့် စကားပြောကြည့်ချင်စိတ် ဖြစ်ပေါ်လာမိသည်။

ဒိန်း သူ့အနားကပ်သွားတော့ တန်နာ၏အတွင်းရေးမှူး ရောက်လာပြီး 'မစ္စတာကာင်စလေက တွေ့နိုင်ပါပြီတဲ့' တန်နာ၏ရုံးခန်းထဲဝင်သွားသော ကယ်လီဟားရစ်ကို ဒိန်းက ရပ်ကြည့်ကျန်ရစ်၏။

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တန်နှာက ထိုင်ရာမှထ၍ ကယ်လီ့ကို နှုတ်ဆက်သည်။

'အခုလိုလာရောက်တာ ကျေးဇူးတင်ပါတယ်… မစ္စက်ဟားရစ်၊ လေယာဉ်စီးရတာ အဆင်ပြေပါရဲ့လား'

'ပြေပါတယ်ရှင့်'

'တစ်ခုခုသောက်ပါလား၊ ကော်ဖီ ဒါမှမဟုတ်…'

ကယ်လီက ခေါင်းခါပြသည်။

'ဒီအချိန်မှာ မစ္စက်ဟားရစ် ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်တော်နားလည်ပါတယ်၊ ဒါပေမဲ့ မေးစရာရှိတာတော့ မေးပါရစေ'

ထောက်လှမ်းရေးအခန်းတွင် ရီတာတိုင်လာက ကယ်လီ့ကို ရုပ်သံဖန်သားပြင်ပေါ်တွင် မြင်နေရသည်။

'ခင်ဗျားတို့ ဇနီးမောင်နှံတစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရေးနီးစပ်မှုရှိရဲ့လား'

'အများကြီး နီးစပ်မှုရှိပါတယ်'

'ခင်ဗျားအပေါ်မှာ သူ ရိုးသားမှုရှိတယ်လို့ ပြောနိုင်မလား'

ကယ်လီ နည်းနည်းတွေဝေသွားသည်။ 'ကျွန်မတို့မှာ လျှို့ဝှက်ချက် မရှိပါဘူး၊ မတ်က အရိုးသားဆုံး လူသားတစ်ယောက်ပါ၊ ပွင့်လင်းမှုအရှိဆုံးလူသားပါ'

'သူ့အလုပ်ကိစ္စကို ခင်ဗျားနဲ့ မကြာခဏ ဆွေးနွေးလေ့ရှိသလား'

'မရှိပါဘူး၊ မတ် လုပ်တဲ့အလုပ်က သိပ်ပြီး ရှုပ်ထွေးပါတယ်၊ အလုပ်အကြောင်း ကျွန်မတို့ မပြောဖြစ်သလောက်ပါဘဲ'

'ခင်ဗျားတို့မှာ ရုရှားမိတ်ဆွေတွေများ ရှိသလား'

ကယ်လီက ကြောင်ကြောင်ကြီး ကြည့်ပြီး 'မစ္စတာကင်စလေ… ရှင်မေးနေတာတွေ ကျွန်မ ဘယ်လို နားလည်ရမှာလဲ'

'ခင်ဗျားယောကျ်ားက သူ လုပ်ငန်းကြီးတစ်ခု လုပ်နေတယ်၊ ပိုက်ဆံ အများကြီးရလိမ့်မယ်လို့ ပြောဖူးသလား'

ကယ်လီ စိတ်ညစ်လာပြီ။ 'မပြောဖူးဘူး၊ အဲဒီအတိုင်း တကယ်မှန်ရင် သူ ကျွန်မကို ပြောမှာပေါ့'

'မတ်က "အော်လဂါ" အကြောင်းကို ပြောပြဖူးသလား'

ကယ်လီ ရုတ်တရက် တွေးကြောက်လာမိသည်။

'မစ္စတာကင်စလေ… ရှင် ဘာတွေလျှောက်ပြောနေတာလဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ပါရီရဲတပ်ဖွဲ့က ခင်ဗျားယောက်ျားရဲ့ အိတ်ထဲမှာ စာတစ်စောင်တွေ့တယ်၊ သတင်းတစ်ခုခုအတွက် ဆုငွေပေးမယ်လို့ ရေးထားတယ်။ အဆုံးမှာ "ချစ်တဲ့ အော်လဂါ" လို့ လက်မှတ်ထိုးထားတယ်'

ကယ်လီ ကြောင်အမ်းအမ်းကြီး ဖြစ်နေသည်။ 'ကျွန်မ··· ကျွန်မဘာမှ··· ဘာမှမသိဘူး'

'ဒါပေမဲ့ ခင်ဗျားပြောတော့ သူက ဘာမဆိုပွင့်ပွင့်လင်းလင်း ပြောတတ်တယ်ဆို'

'ဟုတ်ပါတယ်၊ ဒါပေမဲ့···'

'ကျွန်တော်တို့ သိရှိရသလောက် ပြောရရင်တော့ ခင်ဗျားယောက်ျားဟာ အဲဒီမိန်းမနဲ့ ပတ်သတ်နေတယ်'

'ဟင့်အင်း···' ကယ်လီ မတ်တပ်ရပ်လိုက်သည်။ 'အခု ကျွန်မတို့ ပြောနေတာ ကျွန်မယောက်ျား မတ်အကြောင်း မဟုတ်ဘူး၊ ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး'

'ဒါပေမဲ့ ခင်ဗျားယောက်ျား သေဆုံးရတာကိုက လျှို့ဝှက်ချက်တစ်ခုခုကြောင့်ပဲ'

ကယ်လီ ရုတ်တရက် မိန်းမောသွားသလို ခံစားရသည်။ 'ကျွန်မကို ခွင့်ပြုပါရှင်၊ ကျွန်မသိပ်ပြီး နေမကောင်းလို့ပါ'

တန်နာက တောင်းပန်သည်။ 'ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော် အတတ်နိုင်ဆုံး ကူညီပါ့မယ်' သူက လိပ်စာကတ်ထုတ်ပေးသည်။ 'ဒီနံပါတ်ကို ဘယ်အချိန်မဆို ဆက်နိုင်ပါတယ်'

ကယ်လီက ခေါင်းတစ်ချက်ညိတ်ပြခဲ့ပြီး ကမန်းကတန်း ပြန်ထွက်လာခဲ့သည်။

○

ကုမ္ပဏီအဆောက်အအုံထဲမှ ပြန်ထွက်လာစဉ် ကယ်လီ၏ဦးနှောက်သည် ချာချာလည်နေသည်။ အော်လဂါဆိုတာ ဘယ်သူလဲ၊ သူ့ဘာကြောင့် ရုရှတွေနဲ့ အဆက်အသွယ်လုပ်ရတာလဲ၊ သူ··· သူ··· ဘာဖြစ်လို့···

'ကျွန်မကို ခွင့်ပြုပါ မစ္စက်ဟားရစ်'

ကယ်လီက လှည့်ကြည့်ပြီး···

'ဟုတ်ကဲ့'

အဆောက်အအုံ အပြင်ဘက်တွင် ရပ်နေသည့် ရုပ်ချောချော အမျိုးသမီးတစ်ယောက်။ 'ကျွန်မနာမည် ဒိန်းစတီဗင်ပါ၊ ရှင်နဲ့ စကားပြောချင်ပါတယ်၊ လမ်းဟိုဘက်မှာ ကော်ဖီဆိုင်ရှိပါတယ်၊ ကျွန်မတို့ အဲဒီမှာ···'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းနည်းပါတယ်ရှင်… ကျွန်မ အခု ဘာစကားမှ မပြောချင်ပါဘူး'

ကယ်လီ လှည့်ထွက်သွားရန် ခြေလှမ်းသည်။

'ရှင့်ယောက်ျားအကြောင်း ပြောမလို့ပါ'

ကယ်လီ ခြေလှမ်းတုံ့သွားပြီး… 'ဟင်… မတ်အကြောင်းလား၊ သူ့အကြောင်း ဘာပြောမလို့လဲ'

'တစ်နေရာသွားပြီး နှစ်ယောက်ချင်းပြောတာ ပိုကောင်းပါတယ်'

၀

တန်နာ၏ ရုံးတွင်းဖုန်းမှ စကားပြောသံ ပေါ်ထွက်လာသည်။

'မစ္စတာဟစ်ဂဟော့ ရောက်လာပါတယ်ရှင်'

'လွှတ်လိုက်ပါ' ခဏကြာတော့ ဂျွန်ဟစ်ဂဟော့ ဝင်လာသည်။

'မင်္ဂလာပါ… ဂျွန်'

'မင်္ဂလာတဲ့လား၊ ဘယ်ကလာ မင်္ဂလာရမှာလဲ… တန်နာ၊ တို့ကုမ္ပဏီဝန်ထမ်းတိုင်း အသတ်ခံရတော့မယ့် ကိန်းဆိုက် နေပြီ၊ ဘာတွေ၊ ဘယ်လိုဖြစ်လို့ ဒီလိုဖြစ်နေရတာလဲ'

'အဲဒါကို သိရအောင် အခုကျုပ်တို့ ကြိုးစားနေတာပေါ့၊ အခုလို ကျုပ်တို့ အမှုထမ်းသုံးယောက် ရုတ်တရက် သေဆုံးသွားတာဟာ မတော်တဆတိုက်ဆိုင်မှုလို့ ကျုပ်မယူဆဘူး၊ တစ်ယောက်ယောက်က ကျုပ်တို့ကုမ္ပဏီကို သိက္ခာချဖို့ ကြံစည်နေတာ ဖြစ်နိုင်တယ်၊ ဒါကို ကျုပ်သိအောင် လုပ်ရမယ်၊ ရပ်တန့်က ရပ်သွားအောင်လုပ်ရမယ်၊ ရဲအဖွဲ့ကလည်း ကျုပ်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူတယ်၊ အသတ်ခံရတဲ့ အမှုထမ်းတွေရဲ့ နောက်ဆုံးလှုပ်ရှားမှုတွေကို သိအောင် ထောက်လှမ်းဖို့ ကျုပ်တို့လူတွေ လွှတ်ထားတယ်၊ ခုနကပဲ အသံသွင်းယူလိုက်တဲ့ အင်တာဗျူးနှစ်ခုကို ခင်ဗျား နားထောင်ကြည့်စမ်းပါ၊ ရစ်ချက်စတီဗင့်မိန်းမနဲ့ မတ်ဟားရစ်မိန်းမ…'

ထို့နောက် ရုပ်မြင်သံကြား အင်တာဗျူးနှစ်ခုကို တစ်လှည့်စီဖွင့်ပြသည်။ အင်တာဗျူးနှစ်ခုစလုံး ပြီးဆုံးသွားသော အခါ ဖန်သားပြင်တွင် ရုပ်ပုံတွေ ပျောက်သွားသည်။ သို့သော်လည်း ဂရပ်ပုံပြဇယားပေါ်က မျဉ်းကြောင်းတွေတော့ ပေါ်နေသေးသည်။

'အဲဒီ မျဉ်းကြောင်းတွေက ဘာတွေလဲ' ဂျွန်ဟစ်ဂဟော့က မေးသည်။

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'အဲဒါက အသံဖိအားကို စစ်ဆေးတာ၊ စီဗွီအက်စ်အေလို့ ခေါ်တယ်၊ စကားပြောသံထဲက အနိမ့်ဆုံးတုန်ခါမှုကို မှတ်တမ်းတင်တယ်၊ အစစ်ဆေးခံရသူက အမှန်အတိုင်း မပြောဘဲ လိမ်ညာပြောရင် အသံလှိုင်းရဲ့ မော်ဂျူလေးရှင်းတွေ တိုးမြင့်လာတယ်။ ဒါက မုသားစမ်းစက်လို ဝါယာကြိုးတွေ ဘာတွေ မလိုဘူး၊ ကျုပ်ကတော့ ဒီအမျိုးသမီးနှစ်ယောက်စလုံး အမှန်ကိုပြောတယ်လို့ ယုံကြည်တယ်၊ သူတို့ကို အကာအကွယ် ပေးရမယ်'

ဂျွန်ဟစ်ဂယော့က မျက်မှောင်ကြုတ်လိုက်ပြီး... 'ဘာအတွက် အကာအကွယ်ပေးရမှာလဲ'

'သူတို့မှာ အန္တရာယ်ရှိနေတယ်လို့ ကျုပ်ထင်တယ်၊ ဒီပြဿနာနဲ့ ပတ်သတ်ပြီး သူတို့မှာ သတင်းအချက်အလက်တွေ ရှိနေတယ်၊ အဲဒါကို သူတို့က အတိအကျ မသိဘူး၊ သူတို့ နှစ်ယောက်စလုံးက သူတို့ယောကျ်ားတွေနဲ့ နီးနီးကပ်ကပ် ဆက်ဆံမှုရှိကြတယ်၊ သူတို့ရဲ့ မှတ်ဉာဏ်ထဲမှာ မြုပ်နေတဲ့ တစ်ခုခုရှိနေတယ်၊ အဲဒါကိုမှတ်မိရင် သူတို့အတွက် အန္တရာယ်ရှိတယ်၊ သူတို့ယောကျ်ားတွေကို သတ်တဲ့လူက သူတို့ကို သတ်ဖို့ကြိုးစားနိုင်တယ်၊ ဒါကြောင့် သူတို့ကို အန္တရာယ်ကင်းအောင် ကာကွယ်ပေးရမယ်'

'သူတို့နောက်က လိုက်ကြည့်ပြီး ကာကွယ်မှာလား'

'အဲဒီနည်းက ခေတ်ကုန်သွားပြီ... ဂျွန်၊ အခုနည်းက အီလက်ထရောနစ်ကရိယာနဲ့ ကာကွယ်တဲ့နည်း၊ စတီဗင်တို့ တိုက်ခန်းမှာ ကင်မရာ၊ တယ်လီဖုန်းနဲ့ မိုက္ကရိုဖုန်းတွေ လျှို့ဝှက်တပ်ဆင်ထားပြီးပြီ၊ သူတို့ကို ကာကွယ်ဖို့အတွက် ကျုပ်တို့က စက်မှုနည်းပညာမျိုးစုံ သုံးမယ်၊ မစ္စက်စတီဗင်ကို ရန်ပြုမယ့်လူပေါ်လာရင် ကျုပ်တို့အနေနဲ့ ချက်ချင်းသိမယ်'

'ဒါဆို ကယ်လီဟားရစ်အတွက်ရော ဘယ်လို ကာကွယ်မလဲ'

'သူက ဟိုတယ်မှာနေတာ၊ သူ့အခန်းမှာ လျှို့ဝှက်ကရိယာတပ်ဖို့ အခက်အခဲရှိတယ်၊ ဒါပေမဲ့ ဆင်ဝင်ခန်းကို ၂၄နာရီ မပြတ်စောင့်ကြည့်နေဖို့ ကျုပ်တို့လူတွေကို တာဝန်ပေးထားပြီးပြီ၊ ပြဿနာတစ်ခုခုပေါ်လာရင် သူတို့ကြည့်ရှင်းလိမ့်မယ်၊ ကျုပ်ကတော့ တရားခံကို ဖမ်းမိအောင် သတင်းပေးနိုင်သူကို ကေအိုင်ဂျီကုမ္ပဏီက ဆုငွေ ဒေါ်လာငါးသန်းပေးစေချင်တယ်'

'ခဏစောင့်ပါဦး၊ လောလောဆယ် မလိုအပ်သေးပါဘူးဗျ၊ မကြာခင်မှာ ကျွန်တော်တို့ ဖြေရှင်းနိုင်ပါလိမ့်မယ်'

'ကောင်းပြီလေ၊ ဒါပေမဲ့ ကေအိုင်ဂျီအနေနဲ့ မပေးနိုင်ရင် ကျုပ်က ပုဂ္ဂလိကအနေနဲ့ ပေးမယ်ဗျာ၊ ကေအိုင်ဂျီလည်း ကျုပ်၊ ကျုပ်လည်း ကေအိုင်ဂျီပါပဲ၊ ဒီမှုခင်းတွေရဲ့ နောက်ကွယ်မှာ ဘယ်သူပဲရှိရှိ ကျုပ်မိအောင် ဖမ်းမယ်ဗျာ'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၀

'ကေအိုင်ဂျီ' ကုမ္ပဏီဌာနချုပ်နှင့် မျက်နှာချင်းဆိုင် လမ်းတစ်ဖက်က ကော်ဖီဆိုင် ထောင့်စွန်းစားပွဲမှာ ဒိန်းစတီဗင်နှင့် ကယ်လီဟားရစ်တို့ ထိုင်နေကြသည်။ ကယ်လီက ဒိန်းစကားပြောမှာကို စောင့်နေသည်။

ဒိန်းက ဘယ်က စပြောရမှန်းမသိ ဖြစ်နေသည်။ ကယ်လီ စိတ်မရှည်တော့။ 'ကဲ… ပြောလေ၊ ကျွန်မယောကျ်ားအကြောင်း ပြောပြမယ်ဆို၊ ရှင်က မတ်ကို ဘယ်လိုလုပ် သိတာလဲ'

'ကျွန်မ သူ့ကို မသိပါဘူး၊ ဒါပေမဲ့…'

ကယ်လီစိတ်တိုလာပြီး… 'ဒါနဲ့ ရှင်ပဲပြောပြီး…'

'ဟုတ်ပါတယ်၊ ကျွန်မက သူ့အကြောင်းပြောချင်တယ်လို့ ပြောတာပါ'

ကယ်လီ ထရပ်လိုက်သည်။ 'ကျွန်မ အချိန်မရှိဘူး' ထွက်သွားရန် ခြေလှမ်းပြင်သည်။

'နေပါဦး၊ ကျွန်မတို့နှစ်ယောက်က ဘဝတူတွေဖြစ်မှာပါ၊ နှစ်ယောက်ပေါင်းပြီး ဖြေရှင်းရင် ရနိုင်မယ်ထင်လို့ပါ'

ကယ်လီ ပြန်ရပ်လိုက်ပြီး… 'ရှင် ဘာစကားတွေ ပြောနေတာလဲ'

'ကျေးဇူးပြုပြီး ခဏထိုင်ပါဦး'

ကယ်လီ မထိုင်ချင်ထိုင်ချင် ပြန်ထိုင်သည်။

'ကဲ… ဘာပြောမလဲ၊ ပြော'

'ကျွန်မ မေးချင်တာက…'

စားပွဲထိုး ရောက်လာပြီး… 'ဘာ သုံးဆောင်မှာလဲ ခင်ဗျား'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကော်ဖီနှစ်ခွက်' ဒိန်းက ပြောလိုက်သည်။

'ကျွန်မအတွက် လက်ဖက်ရည်လုပ်ပါ' ကယ်လီက ထပ်မှာလိုက်သည်။

'ရှင်နဲ့ကျွန်မနဲ့က…' ဒိန်းက စကားဆက်မလို့လုပ်တော့ မိန်းကလေးတစ်ယောက် ရောက်လာပြီး ကယ်လီ့ကို ပြောသည်။

'ကျွန်မကို အော်တိုလက်မှတ်ကလေး ထိုးပေးပါလားမမ'

ကယ်လီက မိန်းကလေးကိုကြည့်ပြီး…

'ငါ ဘယ်သူဆိုတာ မင်းသိလား'

'မသိပါဘူး၊ အမေပြောလို့ပါ၊ မမက နာမည်ကျော်တဲ့'

'ငါ နာမည်မကျော်ပါဘူး'

'အို… တောင်းပန်ပါတယ်'

မိန်းကလေး ပြန်ထွက်သွားတော့ ဒိန်းက ကယ်လီ့ကို မေးလိုက်သည်။

'ရှင်ဘယ်သူလဲဆိုတာ ပြောပြနိုင်မလား'

'မပြောနိုင်ဘူး၊ ကျွန်မက ဒီလို သူများဘဝထဲဝင်ပြီး စပ်စုတဲ့ လူရှုပ်တွေကို မကြိုက်ဘူး မစ္စက်စတီဗင်'

'ထားလိုက်ပါတော့၊ ဒါနဲ့ ရှင့်ယောက်ျားအကြောင်း ကြားရတာ…'

'ဟုတ်တယ်၊ သူ အသတ်ခံရတယ်'

'ကျွန်မယောက်ျားလည်း အသတ်ခံရတယ်၊ နှစ်လောက်လုံး ကေအိုင်ဂျီ ဝန်ထမ်းတွေပဲ'

ထိုအခိုက် ကော်ဖီဆိုင်ထဲမှ ပွဲတင်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

*'အခန်းထဲမှာ စုစုပေါင်း လူလေးယောက်ရှိနေပါတယ်…'*

ဒိန်းနှင့်ကယ်လီတို့ ရုတ်တရက်လန့်သွားပြီး အသံလာရာဆီသို့ လှည့်ကြည့်လိုက်ကြသည်။ ဒိန်း၏အသံသည် နံရံပေါ်က ရုပ်သံစက်မှ ပေါ်ထွက်လာသည်။ ဒိန်းသည် တရားရုံးထဲက သက်သေခံခုံထဲ ရောက်နေသည်။

*'… တစ်ယောက်က ကုလားထိုင်ပေါ်မှာ၊ ကြိုးနဲ့ချည်ထားတယ်၊ မစ္စတာအော်တယ်ရီက သူ့ကို စစ်မေးနေပုံရတယ်၊ နောက်နှစ်ယောက်က မစ္စတာအော်တယ်ရီဘေးမှာ ရပ်နေတယ်၊ မစ္စတာအော်တယ်ရီက သေနတ်ဆွဲထုတ်ပြီး အော်လိုက်တယ်၊ ပြီးတော့ ဟိုလူရဲ့ နောက်စေ့ကို ပစ်ထည့်လိုက်တယ်'*

ဖန်သားပြင်ပေါ်တွင် သတင်းကြေညာသူ ပေါ်လာသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ လူသတ်မှုနဲ့ တရားစွဲခံရတဲ့ မာဖီးယားခေါင်းဆောင် အန်တိုနီအော်တယ်ရီရဲ့ အမှုမှာ ဒီန်းစတီဗင် အစစ်ဆေးခံနေတာ ဖြစ်ပါတယ်။ တရားခံမှာ အပြစ်မရှိကြောင်း ဂျူရီအဖွဲ့က စီရင်ချက်ချလိုက်ပါတယ်'

ဒီန်း ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး

' "အပြစ်မရှိကြောင်း" တဲ့လား'

'လူသတ်မှုမှာ လွှန်ခဲ့တဲ့ နှစ်နှစ်ခန့်က ပေါ်ပေါက်ခဲ့ပြီး သူ့အမှုထမ်းတစ်ယောက်ကိုသတ်မှုနဲ့ အန်တိုနီအော်တယ်ရီကို တရားစွဲဆိုခဲ့ပါတယ်၊ ဒီန်းစတီဗင်ရဲ့ ထွက်ဆိုချက်ဟာ အခြားသက်သေတွေရဲ့ ထွက်ဆိုချက်တွေနဲ့ ဆန့်ကျင်နေတယ်လို့ ဂျူရီအဖွဲ့က ယုံကြည်ပါတယ်'

ကယ်လီက ရုပ်မြင်သံကြားစက်ကို မျက်လုံးပြူးကြီးနှင့် စိုက်ကြည့်နေသည်။ နောက်ထပ် သက်သေတစ်ယောက် ပေါ်လာသည်။

အော်တယ်ရီ၏ ရှေ့နေဂျိတ်ခ်ရှုဘင်စတိန်းက မေးခွန်းထုတ်သည်။

'ဒေါက်တာရုပ်ဆဲ… ဒေါက်တာက နယူးယောက်မှာ ဆေးခန်းဖွင့်ထားသလား'

'မဟုတ်ပါဘူး၊ ဘော့စတွန်မှာပါ'

'ပြဿနာဖြစ်တဲ့နေ့မှာ ဒေါက်တာက မစ္စတာအော်တယ်ရီကို နှလုံးရောဂါ ကုပေးသလား'

'ဟုတ်ကဲ့၊ မနက် ၉နာရီလောက်မှာပါ၊ ကျွန်တော် သူ့ကို တစ်နေ့လုံး စောင့်ကြည့်နေပါတယ်'

'ဒါဆို အောက်တိုဘာ ၁၄ရက်နေ့က သူ နယူးယောက်မှာ မရှိဘူးပေါ့'

'မရှိပါဘူး'

ဖန်သားပြင်တွင် နောက်ထပ် သက်သေတစ်ယောက် ပေါ်လာပြန်သည်။

'ခင်ဗျားရဲ့ အလုပ်ကို ပြောပါ'

'ဘော့စတွန်ပါတ်ခ်ဟိုတယ် မန်နေဂျာပါ'

'အောက်တိုဘာ ၁၄ရက်နေ့က အလုပ်တာဝန်ကျသလား'

'ဟုတ်ကဲ့… တာဝန်ကျပါတယ်'

'အဲဒီနေ့က ထူးထူးခြားခြား ဖြစ်တာရှိသလား'

'ရှိပါတယ်၊ ဆရာဝန်တစ်ယောက် ချက်ချင်းခေါ်လာဖို့ အပေါ်ဆုံး အထူးခန်းက ကျွန်တော့်ဆီ ဖုန်းဆက်ပါတယ်'

'နောက်ထပ် ဘာဖြစ်သလဲ'

the bookhouse we bring you future
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် ဒေါက်တာရပ်ဆဲကို ခေါ်လိုက်ပါတယ်၊ သူ ချက်ချင်းရောက်လာပါတယ်၊ ညှိသည် အန်တိုနီ အော်တယ်ရီကို စမ်းသပ်စစ်ဆေးဖို့ ကျွန်တော်တို့ အထူးခန်းကို တက်သွားပါတယ်'

'ရောက်သွားတော့ ဘာတွေ့ရသလဲ'

'ကြမ်းပြင်ပေါ်မှာ မစ္စတာအော်တယ်ရီ လဲနေပါတယ်၊ သူတော့ ဟိုတယ်ထဲမှာ သေတော့မှာပဲလို့ ကျွန်တော် တွေးလိုက်မိပါတယ်'

ဒိန်း မျက်နှာ သွေးဆုတ်သွားသည်။ 'သူတို့ လိမ်ပြောတာ' အသံက မာသည်။ 'နှစ်ယောက်စလုံး လိမ်ပြောတာ' တရားခံ အန်တိုနီအော်တယ်ရီကို စစ်မေးသည်။ သူ အားနည်းပြီး မောပန်းနေသည်။

'မဝေးတဲ့ အနာဂတ်ကာလအတွင်းမှာ ဘာလုပ်ဖို့ စိတ်ကူးထားသလဲ မစ္စတာအော်တယ်ရီ'

'အခုတော့ တရားစီးရင်မှုလည်း ပြီးဆုံးသွားပြီ၊ ခဏတော့ အေးအေးဆေးဆေး နေလိုက်ဦးမယ်' သူက ယဲ့ယဲ့ပြုံးရင်း 'အကြွေးဟောင်း နည်းနည်းတော့ ရှင်းစရာရှိသေးတယ်'

ကယ်လီ အံ့အားကြီးသင့်ပြီး အာစေးမိသွားသည်။ ခဏနေပြီးတော့မှ··· 'ရှင်က သူ့ကို ဆန့်ကျင်ပြီး ထွက်ဆိုခဲ့ သလား'

'ဟုတ်တယ်၊ သူ ပစ်သတ်လိုက်တာကို ကျွန်မ···'

ကယ်လီ လက်တွေတုန်ပြီး လက်ဖက်ရည်တွေ ဖိတ်ကျသွားသည်။

'ကျွန်မ ဒီနေရာက ထွက်သွားတော့မယ်'

'ရှင် ဘာကို ကြောက်နေရတာလဲ'

'ဘာကို ကြောက်နေရတာလဲ··· ဟုတ်လား၊ ရှင်က မာဖီးယားခေါင်းဆောင်ကို ထောင်ထဲသွင်းဖို့ လုပ်ခဲ့တယ်၊ အခု သူ လွတ်သွားပြီ၊ သူအကြွေးဟောင်းတွေကို ရှင်းတော့မယ်' ကယ်လီ ထရပ်လိုက်ပြီး စားပွဲပေါ် ပိုက်ဆံပစ်တင် လိုက်သည်။ 'ရှင့်ပိုက်ဆံ ခရီးစရိတ်အတွက်သိမ်းထားပါ မစ္စက်စတီဗင်'

'နေပါဦး၊ ကျွန်မတို့ ယောကျ်ားတွေအကြောင်း မပြောရသေးဘူး'

'အဲဒါ မေ့လိုက်တော့' ကယ်လီ တံခါးဆီသို့ လျှောက်သွားသည်။

'ရှင် အကြောက်လွန်ပြီထင်တယ်'

'ဟုတ်လား'

တံခါးဝသို့ရောက်တော့ ကယ်လီက···

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဒီလောက်မိုက်မဲမယ်လို့ ကျွန်မ မထင်ဘူး'

ထိုအခိုက် ဂျိုင်းထောက်နှင့် လူကြီးတစ်ယောက် ဝင်လာပြီး တံခါးဝတွင်ချော်လဲသည်။ ထိုအချိန်တွင် ကယ်လီသည် ပါရီသို့ရောက်သွားပြီး ချော်လဲသူမှာ သူ့ယောက်ျား မတ် ဖြစ်သွားသည်။ သူက မတ်ကိုထူရန် ဒူးထောက်ထိုင်ချလိုက်သည်။ ဒိန်းလည်း အနီးသို့ကပ်လာသည်။ တစ်ချိန်တည်းမှာ လမ်းတစ်ဖက်မှ သေနတ်သံနှစ်ချက် ပေါ်ထွက်လာသည်။ ကျည်ဆံတွေက အမျိုးသမီးနှစ်ယောက်အပေါ်မှ နံရံကို ဖောက်ခွဲသွားသည်။ သေနတ်သံကြောင့် ကယ်လီ ဘဝမှန်သို့ ပြန်ရောက်လာသည်။ သူ မင်ဟာတ်တန်တွင် ရောက်နေပြီး စောစောကပဲ စိတ်ဖောက်နေသည့် မိန်းမတစ်ယောက်နှင့်လက်ဖက်ရည် သောက်ခဲ့သေးသည်။

'ဘုရားရေ…' ဒိန်းက လန့်အော်သည်။ 'ကျွန်မတို့…'

'ဘုရားတနေဖို့ အချိန်မဟုတ်ဘူး၊ ဒီနေရာက အမြန်ပြေးမှ'

ကယ်လီက ဒိန်းကို ကားရပ်ထားသည့်နေရာသို့ တွဲခေါ်လာခဲ့သည်။ ဒရိုင်ဘာကော်လင် ရပ်စောင့်နေသည်။ သူက ကားတံခါးကို ဆွဲဖွင့်သည်။ ကယ်လီနှင့်ဒိန်း နောက်ခုံတွင် ဝင်ထိုင်လိုက်ကြသည်။

'ခုနက အသံက ဘာအသံလဲ' ကော်လင်က မေးသည်။

မိန်းမနှစ်ယောက်မှာ အကြောက်လွန်ပြီး စကားမပြောနိုင်အောင် ဖြစ်နေကြသည်။ ခဏကြာတော့မှ ကယ်လီက ပြောသည်။

'အဲဒါ… အဲဒါ ကားအိတ်ဇော့ပိုက် ပေါက်တာ ဖြစ်မယ်'

သူက အကြောက်လွန်နေသည့် ဒိန်းကိုကြည့်ပြီး

'ကျွန်မက အကြောက်မလွန်ပါဘူးနော်' ဟု စောင်းပြောလိုက်သည်။

'ရှင့်ကို ကျွန်မ ချပေးခဲ့မယ်၊ ရှင်ဘယ်မှာနေသလဲ'

ဒိန်းက သက်မကြီးချလိုက်ပြီး ကော်လင်ကို သူ့တိုက်ခန်းလိပ်စာ ပြောလိုက်သည်။

o

တိုက်ခန်းရှေ့ ကားထိုးရပ်လိုက်တော့ ဒိန်းက ကယ်လီကို ပြောလိုက်သည်။

'ခဏဝင်ပါဦးလား၊ ကျွန်မ အကြောက် မပြေသေးဘူး၊ တစ်ခုခုထပ်ဖြစ်ဦးမလို ထင်နေမိတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း အဲဒီလို ထင်နေတယ်၊ ဒါပေမဲ့ ကျွန်မအနေနဲ့ ဘာမှမဖြစ်နိုင်ပါဘူး၊ ကဲ… သွားဦးမယ် မစ္စက်စတီဗင်'

ကယ်လီက ဒိန်း ပထမထပ် သူ့တိုက်ခန်းသို့ တက်သွားသည်အထိ စောင့်ကြည့်နေပြီးတော့မှ သက်မတစ်ချက်ချလိုက်သည်။

'ဘယ်သွားဦးမလဲ မစ္စက်ဟားရစ်' ကော်လင်က မေးသည်။

'ဟိုတယ်ကိုပြန်မယ်… ကော်လင်၊ ပြီးတော့…'

တိုက်ခန်းအဆောက်အအုံပေါ်မှ ကျယ်လောင်သော အော်သံကြီးပေါ်ထွက်လာသည်။ ကယ်လီ ခဏတုံ့ဆိုင်းနေပြီး နောက် ကားပေါ်ကဆင်းပြီး တိုက်ခန်းပေါ် ပြေးတက်လာခဲ့သည်။ ဒိန်းက အခန်းတံခါးကို ပြန်မပိတ်ခဲ့။ သူ နိုက်ခိုက်တုန်ပြီး အခန်းအလယ်တွင် ရပ်နေသည်။

'ဘာဖြစ်တာလဲ… ဟင်'

ကယ်လီက မေးလိုက်သည်။

'တစ်ယောက်ယောက်… တစ်ယောက်ယောက်က တိုက်ခန်းကိုဖောက်ဝင်တာ၊ ဒီစားပွဲပေါ်မှာ ရစ်ချက်ရဲ့ လက်ဆွဲအိတ်တင်ထားတာ၊ အခု မရှိတော့ဘူး၊ အိတ်ထဲမှာ စာရွက်စာတမ်းတွေ အပြည့်ထည့်ထားတယ်၊ သူတို့က သူ့မင်္ဂလာလက်စွပ်ကိုတော့ ယူမသွားကြဘူး'

ကယ်လီက ဘေးဘီကို ပျာပျာသလဲ ကြည့်လိုက်ပြီး…'ရဲကို အကြောင်းကြားရင် ကောင်းမယ်'

'ဟုတ်ကဲ့' ရဲစုံထောက် ဂရင်းဘတ်ပေးခဲ့သည့် လိပ်စာကတ်ကို သတိရသည်။ ခန်းမစားပွဲပေါ်က လိပ်စာကတ် သွားယူပြီး ဖုန်းဆက်သည်။ 'ရဲစုံထောက်အရာရှိ အားလ်ဂရင်းဘတ်နဲ့ ပြောပါရစေ'

ခဏအကြာတွင်

'ဂရင်းဘတ် ပြောနေပါတယ်'

'ကျွန်မ ဒိန်းစတီဗင်ပါဆရာ၊ ကျွန်မ တိုက်ခန်းမှာ တစ်ခုခုဖြစ်နေလို့ပါ၊ ဖြစ်နိုင်ရင်… ဟုတ်ကဲ့… ဟုတ်ကဲ့… ကျေးဇူးတင်ပါတယ်ဆရာ'

ဒိန်း သက်မချပြီး ကယ်လီကို ပြောလိုက်သည်။ 'သူလာနေပြီ၊ ကျေးဇူးပြုပြီး သူရောက်တဲ့အထိ…'

'အို… မဖြစ်ဘူး၊ ဒါက ရှင့်ကိစ္စပဲ၊ ကျွန်မ မပတ်သက်ချင်ဘူး၊ ရှင့်ကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားတယ်လို့ ပြောပြလိုက်ပေါ့၊ ကျွန်မ ပါရီကိုသွားရမယ်၊ ကဲ… သွားလိုက်ဦးမယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ ကားဆီသို့ ပြန်လာခဲ့သည်။

'ဘယ်သွားမလဲ' ကော်လင်က မေးသည်။

'ဟိုတယ်ကို ပြန်မယ်'

အဲဒါ သူ့အတွက် အလုံခြုံဆုံးနေရာပဲပေါ့။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၁

ကယ်လီ ဟိုတယ်သို့ ပြန်ရောက်လာသောအခါ စောစောက ဖြစ်ပျက်ခဲ့တာတွေကို မယုံနိုင်အောင်ဖြစ်နေဆဲ ဖြစ်သည်။ အသတ်ခံရတော့မလို အဖြစ်မျိုးကြုံရသောကြောင့် ကြောက်လန့်နေဆဲဖြစ်သည်။

ဆိုဖာ ကုလားထိုင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး မျက်စိမှိတ်၍ စိတ်ငြိမ်အောင် ထိန်းသည်။ သို့သော်လည်း ထိန်းလို့မရ၊ တစ်ကိုယ်လုံး တုန်နေသည်။ အထီးကျန်အဖော်မဲ့ပြီး ရင်ထဲတွင် ဘာမှမရှိသလို ခံစားရသည်။

စကြိုလမ်းမှ အစားအသောက်လှည်း တွန်းသွားသံကြားရတော့မှ သူတစ်နေ့လုံး ဘာမှ မစားရသေးတာကို သတိရမိသည်။ ဆာတော့မဆာ၊ သို့ပေမယ့် အားရှိအောင် တစ်ခုခုတော့ စားရမည်။ အခန်းတွင်းအရောက် အစားအသောက်ပို့ဌာနသို့ ဖုန်းဆက်သည်။

'ကျေးဇူးပြုပြီး ပုစွန်ဆိတ်သုပ်နဲ့ ရေနွေးကြမ်းပူပူလေး ကျွန်မအခန်းကို ပို့ပေးပါရှင်'

'၁၅မိနစ်နဲ့ မိနစ်၃၀အတွင်း ရောက်လာပါလိမ့်မယ် မစ္စက်ဟားရစ်'

'ကောင်းပါပြီရှင်'

ဖုန်း ပြန်ချလိုက်သည်။ တန်နှာကင်စလေနှင့် သွားတွေ့ခဲ့တာကို ပြန်တွေးမိသည်။ ကြောက်စရာကောင်းတဲ့ ချောက်အိပ်မက်ကြီးထဲ ကျရောက်ခဲ့သလို ခံစားရသည်။ နောက်ထပ် ဘာတွေ ဖြစ်လာဦးမှာလဲ။

မတ်က အော်လဂါအကြောင်း ဘာလို့ မပြောခဲ့တာလဲ။ အဲဒါ စီးပွားရေး လုပ်ငန်းဆက်ဆံရေးမျိုးလား။ အချစ်ရေးကိစ္စလား။ မတ်… ဒါလင်…၊ အချစ်ကိစ္စဆိုရင် ကျွန်မသိချင်တယ်၊ မောင့်ကိုချစ်လို့ ကျွန်မ ခွင့်လွှတ်ပါတယ်။

BURMESE CLASSIC

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ဒိန်းအကြောင်း သွားတွေးမိပြန်သည်။ ဒီအရွယ်မ ငါ့ကို ဒုက္ခပေးဖို့လုပ်တယ်။ သူ့ကို အဝေးက ရှောင်မှဖြစ်မှာ။ အဲဒါ မခက်ပါဘူး။ မနက်ဖြန်ဆို အိန္ဒိယကလေးနဲ့ အတူ ပါရီရောက်သွားတော့မှာပဲ။

တံခါးခေါက်သံ ထွက်ပေါ်လာသည်။

'အစားအသောက် လာပို့တာပါ'

'လာပါပြီ'

တံခါးဆီသို့လာရင်း ခြေလှမ်းရပ်သွားသည်။ သူ တွေဝေနေသည်။ အစားအသောက်မှာလိုက်တာ မိနစ်ပိုင်းပဲ ရှိသေးသည်။ သိပ်မြန်လွန်းနေသည်။ သူ စဉ်းစားသည်။

'ခဏလေးနော်'

'ဟုတ်ကဲ့… မဒမ်'

ကယ်လီ ဖုန်းကောက်ကိုင်ပြီး အခန်းတွင်းအစားအသောက်ပို့ဌာနသို့ ဆက်သည်။

'ကျွန်မ မှာထားတာ မရောက်သေးလို့ပါ'

'လုပ်နေဆဲပါ မစ္စက်ဟားရစ်၊ ၁၅မိနစ်၊ မိနစ် ၂၀အတွင်း ရောက်လာပါလိမ့်မယ်'

ဖုန်းကို ပြန်ချလိုက်သည်။ ရင်တွေ တဒိန်းဒိန်း ခုန်နေသည်။ ပင်မစားပွဲကို ဖုန်းဆက်သည်။

'ကျွန်မအခန်းထဲ လူ… လူတစ်ယောက် ဝင်ဖို့ ကြိုးစားနေပါတယ်'

'လုံခြုံရေးမှူးကို ခုချက်ချင်းလွှတ်လိုက်ပါ့မယ် မစ္စက်ဟားရစ်'

နှစ်မိနစ်လောက်အကြာတွင် တံခါးခေါက်သံ ကြားရပြန်သည်။

'ဘယ်သူလဲ'

'လုံခြုံရေး'

နာရီကြည့်လိုက်သည်။ သိပ်မြန်လွန်းနေသည်။ ပင်မစားပွဲသို့ ဖုန်းထပ်ဆက်ပြန်သည်။

'ကျွန်မ လုံခြုံရေး ခေါ်ထားပါတယ်'

'သူ လာနေပါပြီ မစ္စက်ဟားရစ်၊ တစ်မိနစ် နှစ်မိနစ်အတွင်း ရောက်လာပါလိမ့်မယ်'

'သူ့နာမည်ဘယ်သူလဲ'

'သောမတ်'

အသံကို သဲ့သဲ့ကလေးကြားရသည်။ တံခါးနားကပ်ပြီး မနည်းနားထောင်ရသည်။ တံခါးခေါက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူလဲ'

'လုံခြုံရေး'

'ဘီလ် လား' ကယ်လီ အသက်အောင့်ထားသည်။

'မဟုတ်ပါဘူး မစ္စက်ဟားရစ်၊ သောမတ်ပါ'

ကယ်လီ တံခါးမြန်မြန်ဖွင့်သည်။ သောမတ် ဝင်လာသည်။ နောက်ကျသွားသည့်အတွက် တောင်းပန်သည်။

'ပြောပါဦး၊ ဘယ်လိုဖြစ်တာလဲ'

'တစ်ယောက်ယောက်က ကျွန်မအခန်းထဲဝင်ဖို့ ကြိုးစားတယ်'

'မြင်လိုက်ရသလား'

'မြင်တော့ မမြင်လိုက်ဘူး၊ အသံကြားရတယ်၊ ဒါနဲ့ ရှင် ကျွန်မကို တက္ကစီဂိတ် လိုက်ပို့ပေးပါလား'

'ရပါတယ် မစ္စက်ဟားရစ်'

ကယ်လီ စိတ်ကိုကြိုးစားပြီး ငြိမ်အောင် ထိန်းသည်။ အဖြစ်အပျက်တွေ မြန်ဆန်လွန်းလှသည်။ သောမတ်က ကယ်လီ့ဘေးနား ကပ်လိုက်လာပြီး ဓာတ်လှေကားထဲ ဝင်ကြသည်။

ဆင်ဝင်ခန်းရောက်တော့ ကယ်လီဘေးဘီကို မျက်လုံးကစားကြည့်လိုက်သည်။ သံသယဖြစ်စရာ ဘာမှမတွေ့ရ။ ကယ်လီနှင့် သောမတ်တို့ အပြင်ဘက်ထွက်လာကြသည်။ တက္ကစီဂိတ်ရောက်တော့ ကယ်လီက ပြောသည်။

'ကျေးဇူးအများကြီးတင်ပါတယ်ရှင်'

'မစ္စက်ဟားရစ်ပြန်လာတဲ့အခါ စိတ်ချရအောင် ကျွန်တော်အားလုံး စစ်ဆေးထားလိုက်ပါမယ်၊ ဒါပေမဲ့ အခန်းထဲဝင်ဖို့ ကြိုးစားတဲ့အကောင်တော့ အခုလောက်ဆို ပြန်လစ်သွားပါပြီ'

ကယ်လီ တက္ကစီပေါ် တက်လိုက်သည်။ ကားနောက်တံခါးပေါက်မှ အပြင်လှမ်းကြည့်လိုက်တော့ ရပ်ထားသည့် ဇိမ်ခံကားဆီသို့ လူနှစ်ယောက်ပြေးသွားသည်ကို မြင်လိုက်သည်။

'ဘယ်သွားမလဲ' တက္ကစီဒရိုင်ဘာ မေးသည်။ ဇိမ်ခံကားက တက္ကစီနောက်မှ လိုက်လာသည်။ အရှေ့ဘက် လမ်းထောင့်တွင် ယာဉ်ထိန်းရဲတစ်ယောက် လမ်းပြနေသည်။

'တည့်တည့်သာ မောင်းပါ' ကယ်လီ ပြောလိုက်သည်။

'အိုကေ'

မီးစိမ်းနားရောက်သောအခါ ကယ်လီက မြန်မြန်ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဖြေးဖြေးမောင်း၊ အဝါရောင်ပြောင်းတော့မှ ဘယ်ဘက်ကို မြန်မြန်ကွေ့လိုက်'

ဒရိုင်ဘာက နောက်ကြည့်မှန်မှနေပြီး ကယ်လီ့ကို စောင်းကြည့်လိုက်ပြီး…

'ဘာ…'

'အဝါရောင်မလာမချင်း မီးစိမ်းကိုမဖြတ်နဲ့'

ဒရိုင်ဘာမျက်နှာ ဇဝေဇဝါဖြစ်သွားသည်။ ကယ်လီ ပြုံးလိုက်ပြီး…

'ကျွန်မက အလောင်းအစားပြိုင်နေတာ'

'အိုကေ'

ဒရိုင်ဘာကတော့ ငါ့ကို အရူးမလို့ ထင်မှာပဲဟု ကယ်လီ တွေးလိုက်မိသည်။

မီးစိမ်းမှ မီးဝါပြောင်းတော့ ကယ်လီပြောလိုက်သည်။

'ကဲ…'

တက္ကစီကား ဘယ်ဘက်သို့ အမြန်ချိုးကွေ့လိုက်သည်။ နောက်မှကားတွေကို ရဲသားက တားထားသည်။ ဖိမ်ခံကားပေါ်က လူနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်လှည့်ကြည့်ပြီး စိတ်ပျက်သွားကြသည်။

တက္ကစီကား နောက်လမ်းဆုံတစ်ခုသို့ ရောက်လာသည်။

BURMESE CLASSIC

'အို… ကျွန်မတစ်ခု မေ့ကျန်ရစ်လို့၊ ဒီကပဲ ဆင်းတော့မယ်'

တက္ကစီကား လမ်းဘေးထိုးရပ်သွားသည်။ ကယ်လီ ကားပေါ်မှဆင်းပြီး ကားခပေးသည်။ ကယ်လီ ဆေးခန်းတစ်ခုထဲ ဝင်သွားသည်။ ဆရာဝန်မ ထင်ပါရဲ့ဟု ဒရိုင်ဘာက တွေးလိုက်သည်။ လမ်းထောင့်တွင် မီးစိမ်းပြောင်းတော့ ဇိမ်ခံကား ဘယ်ဘက်ချိုးလိုက်သည်။ တက္ကစီကားက ရှေ့သို့ နှစ်ပြလောက် ရောက်သွားပြီ။ ဇိမ်ခံကား ရှေ့ဆက်လိုက်သွားသည်။ နောက်ငါးမိနစ်အကြာတွင် ကယ်လီသည် အခြားတက္ကစီတစ်စီးပေါ် ရောက်နေပြီ။

○

ဒိန်းစတီဗင်၏တိုက်ခန်းသို့ စုံထောက်အရာရှိ ဂရင်းဘတ်လာရောက်ပြီး မေးမြန်းစုံစမ်းသည်။ 'မစ္စတ်စတီဗင်… ခင်ဗျားကို သေနတ်နဲ့ပစ်တဲ့လူကို မြင်လိုက်ရသလား'

ဒိန်းက ဦးခေါင်းခါယမ်းပြီး 'ဟင့်အင်း… အဖြစ်အပျက်က သိပ်ပြီး မြန်လွန်းတော့…'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူပဲဖြစ်ဖြစ် အန္တရာယ်တော့ရှိတယ်ဗျ၊ ကျည်ဆံက နံရံကိုဖောက်သွားတယ်၊ ပိုင့် ၄၅ကလစ်ဘာအား ဆိုတော့ သံချပ်ကာအင်္ကျီကိုတောင် အစိတ်စိတ်အမွှာမွှာဖြစ်သွားနိုင်တယ်၊ ခင်ဗျား တော်တော်ကံကောင်းတယ်၊ ခင်ဗျားကို သတ်ဖို့ကြံတာ ဘယ်သူဖြစ်နိုင်တယ်ဆိုတာ နည်းနည်းလေးတောင် စဉ်းစားလို့မရဘူးလား'

ဒိန်း အော်တယ်ရီ၏ စကားကို သွားပြီး သတိရမိသည်။

*'ခဏတော့ အေးအေးဆေးဆေး နေလိုက်ဦးမယ်၊ အကြွေးဟောင်း နည်းနည်းတော့ ရှင်းစရာရှိသေးတယ်'*

ဂရင်းဘတ် ဒိန်း၏အဖြေကို စောင့်နေသည်။ ဒိန်း မတင်မကျဖြစ်နေသည်။ အတန်ကြာတော့မှ 'ကျွန်မ တွေးလို့ရသမျှတော့ အန်တိုနီအော်တယ်ရီပဲ ဖြစ်မယ်ထင်ပါတယ်'

ဂရင်းဘတ်က ချင့်ချင့်ချိန်ချိန်ဖြင့် 'ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်တို့ စစ်ဆေးကြည့်လိုက်ပါ့မယ်၊ ပျောက်သွားတဲ့ လက်ဆွဲအိတ်ထဲမှာ ဘာတွေ ရှိမယ်ထင်သလဲ'

'ကျွန်မ အတိအကျတော့ မသိဘူး၊ ရစ်ချတ်က အဲဒီအိတ်ကို မနက်တိုင်းခတ်ခွဲခန်းကို ယူသွားပြီး ညတိုင်း ပြန်ယူလာတယ်၊ တချို့ စာရွက်စာတမ်းတွေ ကျွန်မကြည့်ဖူးတယ်၊ သိပ်ပြီး ပညာရပ်ဆန်တယ်၊ ကျွန်မ ဘာမှနားမလည်ဘူး'

ဂရင်းဘတ်က စားပွဲပေါ်မှ မဂ်လာလက်စွပ်ကို ကောက်ယူလိုက်သည်။

'ဒီလက်စွပ်ကို ခင်ဗျားယောကျ်ား ဘယ်တော့မှ မချွတ်ဘူးလို့ ခင်ဗျားပြောခဲ့တယ်နော်'

'ဟုတ်ပါတယ်'

'မသေခင်နေ့တွေက သူ့ ခါတိုင်းနဲ့မတူဘဲ အပြုအမူပြောင်းလဲမှုတွေ ရှိသလား၊ တစ်ခုခုကို စိုးရိမ်နေတာမျိုး ပေါ့၊ သူ့ကို နောက်ဆုံးတွေ့လိုက်တဲ့အချိန်မှာ ထူးထူးခြားခြားပြောတာ၊ လုပ်တာမျိုး ရှိသလား'

ဒိန်း ပြန်တွေးကြည့်သည်။ မနက်အစောကြီး ဖြစ်သည်။ သူတို့ အိပ်ရာထဲမှာပဲ ရှိနေသေးသည်။ ရစ်ချတ်က ဒိန်းကို ပွတ်သပ်ပြီးပြောသည်။ 'ကိုယ် ဒီည နောက်ကျမယ်၊ ဒါပေမဲ့ ကိုယ်အိမ်ပြန်ရောက်တဲ့အခါ တစ်နာရီ၊ နှစ်နာရီလောက်တော့ ချန်ထားပါ အချစ်ရယ်'

ဒိန်း ရစ်ချတ်ကို ပြန်ပွတ်သပ်ပြီး... 'လူဆိုး၊ သူတော်တော်ကဲတယ်'

'မစ္စက်စတီဗင်' ဂရင်းဘတ်က ခေါ်လိုက်သည်။

သည်တော့မှ ဒိန်း အတွေးပြတ်သွားသည်။

'ဟင့်အင်း... ဘာမှ ထူးခြားတာ မရှိပါဘူး'

'ခင်ဗျားအတွက် လုံခြုံရေး စီစဉ်ပေးမယ်၊ ပြီးတော့...'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝမှ ခေါင်းလောင်းမြည်သံ ပေါ်ထွက်လာသည်။

'တစ်ယောက်ယောက် လာဖို့ရှိသလား'

'မရှိပါဘူး'

ဂရင်းဘတ် ခေါင်းညိတ်ပြီး… 'ကျွန်တော် ကြည့်လိုက်မယ်'

သူ ထသွားပြီး တံခါးဖွင့်လိုက်သည်။ ကယ်လီဟားရစ် သူ့ကိုတွန်းတိုးပြီး အခန်းထဲ အတင်းဝင်လာသည်။

'ကျွန်မတို့ စကားပြောစရာရှိတယ်'

'ကျွန်မက ရှင် ပါရီကိုသွားနေပြီလို့ ထင်တာ'

'မသွားဘူး၊ ကျွန်မ လမ်းလွှဲပစ်လိုက်တာ'

ဒိန်းက ဂရင်းဘတ်နှင့် မိတ်ဆက်ပေးသည်။ ကယ်လီက ဂရင်းဘတ်ဘက်လှည့်ပြီး… 'ကျွန်မရဲ့ ဟိုတယ်ခန်းကို တစ်ယောက်ယောက် ဝင်ဖို့ ကြိုးစားတယ်ရှင့်'

'ဟိုတယ် လုံခြုံရေးဌာနကို သတင်းပို့သလား'

'ပို့ပါတယ်၊ လုံခြုံရေးဝန်ထမ်း ရောက်လာချိန်မှာ ဟိုလူတွေက ထွက်ပြေးသွားပြီ'

'ဘယ်သူတွေ ဖြစ်မယ်ထင်သလဲ'

'ကျွန်မ မပြောတတ်ဘူး'

'သူတို့က တံခါးကို အတင်းတွန်းဖွင့်ဖို့ ကြိုးစားတာလား'

'မဟုတ်ဘူး၊ သူတို့က အပြင်မှာရပ်နေတယ်၊ အစားအသောက် လာပို့ယောင်ဆောင်တယ်'

'ခင်ဗျားက အစားအသောက်ကို အခန်းထဲလာပို့ဖို့ မှာသလား'

'ဟုတ်ကဲ့၊ ဒါပေမဲ့… ကျွန်မ…'

ဒိန်းက ကြားဝင်ပြီး… 'ဒါဆို ရှင်က ဒီနေ့မနက်က အဖြစ်အပျက်တွေကိုတွေးပြီး ထင်ယောင်ထင်မှား ဖြစ်နေတာ ဖြစ်မယ်'

ကယ်လီက ပြန်ပက်လိုက်သည်။ 'မဟုတ်ဘူး၊ နားထောင်၊ ရှင့်ကို ကျွန်မပြောပြီးသားပဲ၊ ဒီကိစ္စမှာ ကျွန်မ လုံးဝ မပတ်သက်ဘူး၊ ကျွန်မ ဒီညနေမှာပဲ ပါရီပြန်တော့မယ်၊ ရှင့်ရဲ့ မာဖီးယားမိတ်ဆွေတွေကို ပြောလိုက်ပါ၊ ကျွန်မတို့ ခနှောင့်ယှက်ပါနဲ့လို့'

ထို့နောက် ကယ်လီ လှည့်ထွက်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဘာလဲဗျ' ဂရင်းဘတ်က မေးလိုက်သည်။

'သူ့ယောက်ျားလည်း အသတ်ခံရတယ်၊ ရစ်ချတ်နဲ့ တစ်ကုမ္ပဏီတည်းလုပ်တာ၊ ကေအိုင်ဂျီကုမ္ပဏီမှာ'

○

ဟိုတယ် ဧည့်ကြိုခန်းစားပွဲသို့ ကယ်လီ လျှောက်လာသည်။

'ကျွန်မ ပြန်တော့မယ်၊ ကျေးဇူးပြုပြီး ပါရီကို နောက်တစ်ခေါက်ထွက်မယ့် လေယာဉ်လက်မှတ် ကြိုတင်မှာပေးပါ'

'ရပါတယ်၊ ဘယ်လေယာဉ်လိုင်း လိုချင်ပါသလဲ'

'ဘာလိုင်းပဲရရ၊ ဒီနေရာက အမြန်ဆုံးထွက်ရရင် ပြီးပြီ'

ကယ်လီ ဓာတ်လှေကားသို့ လျှောက်လာသည်။ လေးထပ်ခလုတ် နှိပ်လိုက်သည်။ ဓာတ်လှေကားတံခါး ပိတ်ခါနီးဆဲဆဲတွင် လူနှစ်ယောက် အတင်းတိုးဝင်လာသည်။ ကယ်လီ မသိမသာ အကဲခတ်ကြည့်လိုက်သည်။ ထို့နောက် ဓာတ်လှေကားထဲမှ အမြန်ပြန်ထွက်လိုက်သည်။ ဓာတ်လှေကားတံခါး ပြန်ပိတ်သွားသည်။ ကယ်လီ လှေကားဆီသို့ လျှောက်လာပြီး အပေါ်သို့ တက်လာသည်။ လေးထပ်ရောက်တော့ လူသန်ကြီးတစ်ယောက်က လမ်းပိတ်ရပ်နေသည်။

'ကျွန်မကို ခွင့်ပြုပါ' ဟုပြောပြီး လူသန်ကြီးကို ရှောင်သွားမည်လုပ်သည်။

'ဟိတ်…' ထိုလူက ကယ်လီ့ကို အသံတိတ်သေနတ်နှင့် ချိန်လိုက်သည်။

ကယ်လီ မျက်နှာဖြူဖတ်ဖြူရော်ဖြင့်… 'ရှင် ဘာလုပ်…'

'တိတ်တိတ်နေ၊ ငြိမ်ငြိမ်နေ၊ အောက်ဆင်းကြမယ်၊ ကဲ… ဆင်း'

'နေပါဦး၊ ရှင်လူမှား…'

ကယ်လီ့နံကြားကို သေနတ်ပြောင်း ခပ်ပြင်းပြင်း လာထောက်သည်။

'စကားမပြောနဲ့၊ အောက်ဆင်းမယ်' လူသန်ကြီးက ကယ်လီ၏လက်ကို တစ်အားဆုပ်ညှစ်ထားသည်။ သေနတ်ကို ကယ်လီ့နောက်ကျောနှင့် ကွယ်ထားသည်။

သူတို့ ဆင်ဝင်ခန်းသို့ ရောက်လာသည်။ လူတွေ ပြွတ်သိပ်နေသည်။ ကယ်လီက အော်ပြီးအကူအညီတောင်းရကောင်းမလားဟု စဉ်းစားနေတုန်း လူသန်ကြီးက 'လုံးဝ စိတ်မကူးနဲ့' ဟု တိုးတိုး သတိပေးသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အပြင်သို့ ရောက်လာကြသည်။ လမ်းဘေးတွင် စတေရှင်ဝက်ဂွန်းတစ်စီး ရပ်ထားသည်။ ရှေ့မှာ ကားနှစ်စီး၊ ယာဉ်ထိန်းရဲက ကားရပ်လက်မှတ်ဖြတ်နေသည်။ လူသန်ကြီးက ကယ်လီအား စတေရှင်ဝက်ဂွန်းဆီသို့ ခေါ်လာသည်။ 'ကားပေါ်တက်'

ကယ်လီက ရှေ့မှ ရဲသားကို တစ်ချက်ကြည့်လိုက်ပြီး 'ကောင်းပြီ၊ တက်ပါ့မယ်၊ ဒါပေမဲ့… ရှင်လိုချင်တဲ့ပုံစံမျိုး ဆိုရင် ကျွန်မကို နောက်ထပ်ဒေါ်လာတစ်ရာ ထပ်ပေးရမယ်' ဟု ဒေါသသံဖြင့် အကျယ်ကြီး အော်ပြောလိုက်သည်။ ရဲသားက သူတို့ဘက် လှည့်ကြည့်သည်။

လူသန်ကြီး ကြောင်အမ်းအမ်းဖြစ်သွားပြီး 'မင်း… မင်းဘာတွေ လျှောက်ပြောနေတာလဲ'

'ရှင် မပေးနိုင်ဘူးလား၊ မပေးနိုင်ရင် မေ့လိုက်တော့၊ အလကားအပေါစား တိရစ္ဆာန်ကြီး'

ကယ်လီ ရဲသားဆီသို့ အမြန်လျှောက်သွားသည်။ ဟိုလူကြီးက ရပ်ကြည့်ကျန်ရစ်သည်။ နှုတ်ခမ်းတွေက ပြဲလျက်၊ မျက်လုံးတွေက ပြူးလျက်။

ကယ်လီက သူ့ကို လက်ညှိုးထိုးပြရင်း… 'အဲဒီ အကောင်ကြီးက ကျွန်မ လိုက်နှောက်ယှက်နေတယ်'

ရဲသားက ထိုသူ့ဆီ လျှောက်သွားသည်။ ကယ်လီက လူစောင့်နေသည့် တက္ကစီပေါ် တက်လိုက်သည်။ လူသန်ကြီးက စတေရှင်ဝက်ဂွန်းပေါ် ပြန်တက်မလို့လုပ်တုန်း ရဲသားက ပြောလိုက်သည်။

'ခဏနေပါဦးဗျ၊ ဒီပြည်နယ်မှာ ပြည့်တန်ဆာရှာတာ ဥပဒေနဲ့ ဆန့်ကျင်တယ်ခင်ဗျာ'

'ကျွန်တော် မ… မဟုတ်…'

'နည်းနည်းစစ်ဆေးပါရစေဦး၊ နာမည်ပြောပါ'

'ဟယ်ရီဖလင့်'

ကယ်လီ တက္ကစီနှင့် မောင်းထွက်သွားသည်ကို ဟယ်ရီဖလင့် လှမ်းကြည့်ကျန်ရစ်သည်။

အပျက်မ၊ မင်းကို ငါသတ်မယ်ဟု ကြိတ်ပြီး အဓိဋ္ဌာန်ပြုလိုက်သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၂

ကယ်လီသည် ဒိန်း၏တိုက်ခန်းရှေ့တွင် တက္ကစီကားပေါ်မှ ဒုတိယအကြိမ် ဆင်းလိုက်ပြီး တံခါးဆီသို့ ပြေးသွားကာ လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။

စုံထောက်အရာရှိဂရင်းဘတ်က တံခါးလာဖွင့်ပြီး…

'ကျွန်တော် ဘာအကူအညီ…'

ကယ်လီက ညှော်ခန်းထဲမှ ဒိန်းကို လှမ်းမြင်၍ ဂရင်းဘတ်ရှေ့မှ ဖြတ်ပြီး ဒိန်းအနီးသို့ လျှောက်လာသည်။

'ရှင် ဘာတွေဖြစ်နေတာလဲ' ဒိန်းက မေးလိုက်သည်။

'ရှင်ပြောတော့…'

'ဘာဖြစ်နေတယ်ဆိုတာ ရှင်သိမှာပေါ့၊ သူတို့ ကျွန်မနောက်လိုက်နေကြတယ်၊ ရှင့်ရဲ့ မာဖီးယားမိတ်ဆွေတွေက ကျွန်မကို သတ်ဖို့ ကြံစည်နေကြတယ်'

'ကျွန်မ… ကျွန်မ ဘာမှမသိဘူး၊ သူတို့က ကျွန်မနဲ့ရှင်နဲ့ကို အတူတူမြင်တာနဲ့ မိတ်ဆွေတွေလို့ ထင်တာဖြစ်မယ်'

'ကျွန်မတို့က မိတ်ဆွေတွေ မဟုတ်ဘူး မစ္စက်စတီဗင်၊ ကျွန်မကို ဒီအရှုပ်ထုပ်ထဲက ဆွဲထုတ်ပေးပါ'

'ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မ ဘယ်လိုလုပ်…'

'ရှင့်မိတ်ဆွေ အော်တယ်ရီကို ပြောပေးပါ၊ ရှင်နဲ့ကျွန်မ တွေ့ရုံတွေ့ကြတာပါ၊ မိတ်ဆွေတွေမဟုတ်ဘူးလို့ ပြောပေးပါ၊ ကျွန်မ ဘာမှမသိတဲ့ကိစ္စကြောင့် ကျွန်မ အသေ မခံနိုင်ဘူး'

'ကျွန်မ ဘာမှမတတ်နိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'အို… ရှင်တတ်နိုင်ပါတယ်၊ အော်တယ်ရီကို ရှင်ပြောပြပါ၊ ခုချက်ချင်း ပြောပြပါ၊ ရှင်မပြောမချင်း ကျွန်မ မပြန်ဘူး'

'ရှင်ပြောတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီဇာတ်ရှုပ်ထဲ ရှင့်ကိုကျွန်မ ဆွဲသွင်းမိရင် တောင်းပန်ပါတယ်' သူက ဂရင်းဘတ်ဘက်လှည့်ပြီး 'ကျွန်မတို့နှစ်ယောက် အသက်ကို ချမ်းသာပေးဖို့ အော်တယ်ရီကို ကျွန်မပြောရင်ကောင်းမလား'

'အင်း… ဒါစိတ်ဝင်စားစရာပဲ၊ သူ့ကို ကျွန်တော်တို့က မျက်ချည်မပြတ် စောင့်ကြည့်နေတယ်ဆိုတာ သူ သတိထားမိရင် အလုပ်ဖြစ်နိုင်တယ်၊ ဒါနဲ့ ခင်ဗျားက သူ့ဆီ ကိုယ်တိုင်သွားပြောမှာလား'

'ဟင့်အင်း…'

'သူက ''အင်း…''လို့ ပြောတာပါ' ဟု ကယ်လီက ဖြတ်ပြောလိုက်သည်။

○

နယူးဂျာစီပြည်နယ်၊ ဟန်တာဒန်ခရိုင်တွင် အန်တိုနီအော်တယ်ရီ၏ ကိုလိုနီခေတ်ပုံစံ ဂဠုဝင်ကျောက်သားစံအိမ်ကြီး တည်ရှိသည်။ ၁၅ဧကကျယ်ဝန်းသော ဝန်းခြံကြီးကို သံထည်ခြံစည်းရိုးအမြင့်ကြီးဖြင့် ကာရံထားသည်။ ခြံဝင်းထဲတွင် စိမ်းစိုလန်းဆန်းသော အရိပ်ရပင်များ၊ ရေကန်ငယ်များနှင့် ရောင်မျိုးစုံပန်းများဖြင့် ဝေဆာနေသည့် ဥယျာဉ်ကြီးရှိသည်။

ခြံဝတံခါးဂိတ်အဆောက်အအုံထဲတွင် အစောင့်တစ်ယောက် ထိုင်နေသည်။ ဂရင်းဘတ်၊ ကယ်လီနှင့် ဒိန်းတို့လိုက်ပါလာသည့်ကား ဂိတ်ဝတွင် ရပ်သွားသောအခါ ဂိတ်စောင့်ထွက်လျှောက်လာသည်။ သူက ဂရင်းဘတ်ကို မှတ်မိသည်။

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါ ဆီဇာ၊ မစ္စတာအော်တယ်ရီနဲ့ တွေ့မလို့ပါ'

'ဝရန်းပါပါသလား'

'အဲဒီ ကိစ္စမျိုးမဟုတ်ဘူး၊ အလည်အပတ်လာတာပါ'

ဆီဇာက အမျိုးသမီးနှစ်ယောက်ကို အကဲခတ်ကြည့်လိုက်ပြီးတော့မှ… 'ခဏစောင့်ပါ'

သူ အထဲပြန်ဝင်သွားသည်။ မိနစ်အနည်းငယ်အကြာတွင် ပြန်ထွက်လာပြီး တံခါးဖွင့်ပေးသည်။ 'ဝင်နိုင်ပါပြီ ခင်ဗျာ'

the bookhouse we bring your future
www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ'

ကားကို အိမ်ရှေ့အထိ မောင်းဝင်လာသည်။ သုံးယောက်သား ကားပေါ်မှဆင်းတော့ အစောင့်တစ်ယောက် ရောက်လာပြီး...

'ကျွန်တော်နဲ့ လိုက်ခဲ့ကြပါ'

အိမ်ကြီးထဲ ဝင်လာကြသည်။ ဧည့်ခန်းက အကျယ်ကြီး၊ ခေတ်ဟောင်းနှင့် ခေတ်သစ်ပရိဘောဂများဖြင့် အလှဆင်ထားသည်။ ရာသီဥတုက နွေးထွေးသော်လည်း ကျောက်တုံးမီးဖိုကြီးကို မီးထိုးထားသည်။ ဧည့်ခန်းကို ဖြတ်ကျော်ပြီး မှောင်မည်းနေသည့် အိပ်ခန်းကြီးထဲသို့ ရောက်လာကြသည်။ အော်တယ်ရီသည် ခုတင်ပေါ်တွင် ပက်လက်လဲလျောင်းနေသည်။ အသက်ရှူပိုက် တပ်ဆင်ပေးထားသည်။ ပါးချောင်၊ နားချောင်ကျပြီး မျက်နှာဖြူရော်နေသည်။ တရားရုံးတွင် စစ်ဆေးခံခဲ့ရပြီးနောက် အချိန်တိုကလေးအတွင်း တော်တော် အိုစာသွားသည်။ သူ့ဘေးတွင် ဘုန်းကြီးတစ်ပါးနှင့် သူနာပြု ဆရာမတစ်ဦးရှိသည်။

သူက ဝင်လာသူသုံးယောက်ကို တစ်ယောက်ချင်းကြည့်ပြီးနောက် နောက်ဆုံးတွင် ဒိန်းဘက်ကို လှည့်လိုက်သည်။

'မင်းက ဘာလိုချင်လို့လဲ' သူ့အသံက မာကျောနေသည်။

'မစ္စတာ အော်တယ်ရီ၊ မစ္စက်ဟားရစ်နဲ့ ကျွန်မတို့ကို ချမ်းသာပေးပါ၊ ရှင့်လူတွေကို ပြန်ခေါ်ပါ၊ ကျွန်မတို့ယောက်ျားတွေကို သတ်ပြီးရင် ကျေနပ်သင့်ပါပြီ'

'မင်း ဘာတွေပြောနေတာလဲ၊ မင်းယောက်ျားကို ငါ ဘယ်တုန်းကမှ ကြားတောင်မကြားဖူးဘူး၊ သူ့အလောင်းပေါ်မှာ တွေ့တဲ့စာအကြောင်း သတင်းထဲမှာ ငါဖတ်ရတာ၊ ဘာတဲ့' သူက သရော်ပြုံးပြုံးလိုက်ပြီး ' "ငါးတွေနဲ့အတူ ရေကူးရလိမ့်မယ်" တဲ့လား၊ ဒီမှာ... ငါပြောမယ်၊ အဲဒီစာကို ဘယ်အီတလီလူမျိုးမှ မရေးဘူး၊ မင်းတို့ကိုလည်း ငါ နောက်ယောင်ခံ မလိုက်ခိုင်းဘူး၊ မင်းတို့သေတာ ရှင်တာကိုလည်း ငါစိတ်မဝင်စားဘူး၊ ငါ ဘယ်သူ့ကိုမှ နောက်ယောင်ခံလိုက်မနေဘူး၊ ငါ... ကျွတ်... ကျွတ်... ကျွတ်' သူ ဝေဒနာကြောင့် မျက်နှာရှုံ့မဲ့သွားသည်။ 'ဒီအချိန်မှာ ဘုရားသခင်နဲ့ပဲအတူနေတော့မယ်၊ ငါ' သူ အသက်ရှူကျပ်နေသည်။

ဘုန်းကြီးက ဒိန်းကိုကြည့်ပြီး...

'ကိုင်း... ဒီလောက်ဆို မင်းတို့ ပြန်ဖို့ကောင်းပြီ'

'သူ ဘာဖြစ်တာလဲ' ဂရင်းဘတ်က မေးလိုက်သည်။

'ကင်ဆာ' ဘုန်းကြီးက ပြောသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒိန်းက ခုတင်ပေါ်မှ လူကိုကြည့်လိုက်သည်။ သူပြောခဲ့သည့် စကားကိုသတိရသည်။ '... ငါ ဘယ်သူ့ကိုမှ နောက်ယောင်ခံလိုက်မနေဘူး၊ ... ဒီအချိန်မှာ ဘုရားသခင်နဲ့ပဲ အတူနေတော့မယ်' သူ့ အမှန်အတိုင်းပြောခြင်း ဖြစ်သည်။

ဘာမှန်းမသိဘဲနှင့် ဒိန်း ရုတ်တရက် ကျောစိမ့်သွားမိသည်။

ဝ

အော်တယ်ရီအိမ်မှ ပြန်လာတော့ ဂရင်းဘတ်က ပြောသည်။

"ကျွန်တော်တော့ အော်တယ်ရီ အမှန်ကို ပြောတယ်လို့ ယူဆတယ်"

ကယ်လီက ခေါင်းညိတ်ရင်း "ကျွန်မလည်း အဲဒီလိုပဲ ယူဆတယ်။ သူ့ခမြာ သေတော့မယ်"

"ဒီတော့ ခင်ဗျားတို့နှစ်ယောက်ကို သတ်ချင်နေတာ ဘယ်သူလဲ၊ ခင်ဗျားတို့ နည်းနည်းစဉ်းစားလို့မရဘူးလား"

"မရဘူး"ဒိန်းက ပြောသည်။ "အော်တယ်ရီမဟုတ်ရင်..."ဦးခေါင်းခါးယမ်းရင်း "ကျွန်မတော့ လုံးဝ မတွေးတတ်တော့ဘူး"

"ကျွန်မလည်း မတွေးတတ်တော့ဘူး"ဟု ပြောပြီး ကယ်လီ တံတွေးမျိုချလိုက်သည်။

ဝ

ဂရင်းဘတ်က ဒိန်းနှင့်ကယ်လီတို့အား ဒိန်း၏တိုက်ခန်းသို့ လိုက်ပို့သည်။

'ကျွန်တော် အလုပ်ပြန်ပြီး ဒီကိစ္စကို ဆက်လက်ဆောင်ရွက်မယ်၊ ခင်ဗျားတို့ ဒီမှာပဲ အေးအေးဆေးဆေး နေပါ၊ ၁၅မိနစ်အတွင်းမှာ ရဲကားတစ်စီးလွှတ်လိုက်မယ်၊ တိုက်ခန်းအပြင်ဘက်မှာ ၂၄နာရီ စောင့်ကြည့်နေလိမ့်မယ်၊ အဲဒီနောက် ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့၊ ဒီကြားထဲ လိုအပ်ရင် ကျွန်တော့်ကို ဖုန်းဆက်ပါ'

ထို့နောက် သူပြန်သွားသည်။ ဒိန်းနှင့်ကယ်လီတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ငြိမ်သက်နေကြသည်။

'လက်ဖက်ရည်သောက်မလား' ဒိန်းက မေးသည်။

'ကော်ဖီလုပ်ပါ'

ဒိန်း မီးဖိုချောင်သွားပြီး ကော်ဖီအိုးတည်နေစဉ် ကယ်လီက တစ်ခန်းလုံး မျက်လုံးကစားကြည့်လိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နံရံတွင် ပန်းချီကားတွေအပြည့် ချိတ်ဆွဲထားသည်။ ဒိန်း ပြန်ထွက်လာတော့ ကယ်လီသည် ပန်းချီကားတစ်ကားကို စိတ်ဝင်စားစွာ ကြည့်နေသည်။ 'စတီဗင်' ဟု လက်မှတ်ထိုးထားသည်။ ကယ်လီက ဒိန်းဘက်လှည့်ပြီး…

'ဒီကား ရှင်ဆွဲတာလား'

'ဟုတ်ကဲ့'

'သိပ်လှတာပဲ'

'ဟုတ်လား၊ ရှင်က ပန်းချီအကြောင်း တော်တော်သိသလား'

'သိပ်မသိပါဘူး'

'ရှင် ဘယ်သူ့ကို ကြိုက်သလဲ၊ ဂရင်းမာမော့ဆက်စ်ကို ကြိုက်သလား'

'သူက စိတ်ဝင်စားဖို့ကောင်းတယ်'

'တခြား ဘယ်ရှေးခေတ်ဦး ပန်းချီဆရာတွေကို ကြိုက်သေးသလဲ'

'အမှန်အတိုင်းပြောရရင် ကျွန်မက မျက်မြင်အတိုင်း မဟုတ်ဘဲ မျဉ်းကွေးတွေနဲ့ ဆွဲတဲ့ပုံစံကို ပိုကြိုက်တယ်၊ ဒါပေမဲ့ ခြွင်းချက်တော့ ရှိတာပေါ့၊ ဥပမာ… တီရှန်ရဲ့ "ဗီးနပ်စ်အော့ဖ်ရော်ဘင်" ကားမျိုး၊ ဗီးနပ်စ်ပုံကို ထောင့်ဖြတ်ဆွဲထားတာ အသက်ရှုမှားလောက်တယ်'

'ကဲ… လာ၊ ကော်ဖီနပ်ပြီ'

○

ကော်ဖီခွက်တွေ ရှေ့မှာချပြီး နှစ်ယောက်သား ငြိမ်သက်နေကြသည်။ အတော်ကြာတော့မှ ဒိန်းက မေးလိုက်သည်။

'ဒါနဲ့… ရှင် ဘယ်လိုတွေးသလဲ၊ ကျွန်မတို့ကို တစ်ယောက်ယောက်က ဘာဖြစ်လို့ သတ်ချင်တာလဲ'

'ကျွန်မ ဘယ်လိုမှ မတွေးတတ်ဘူး၊ ရှင်နဲ့ကျွန်မနဲ့ ဆက်စပ်တာက ကျွန်မတို့ ယောက်ျားတွေ ကေအိုင်ဂျီမှာ အတူတူ လုပ်နေကြတဲ့အတွက်ပဲ၊ သူတို့က ထိပ်တန်းလျှို့ဝှက်လုပ်ငန်း တစ်ခုခုကို လုပ်နေကြပုံရတယ်၊ သူတို့ကို သတ်တဲ့လူတွေက အဲဒီလုပ်ငန်းကို ကျွန်မတို့နှစ်ယောက်လည်း သိနိုင်တယ်လို့ ယူဆပုံရတယ်'

'ဖြစ်နိုင်တယ်' နှစ်ယောက်သား စိတ်ပျက်ပျက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တန်နာသည် သူ့ရုံးခန်းတွင်ထိုင်ရင်း ရုပ်မြင်သံကြား ကြည့်နေသည်။ ဖန်သားပြင်ပေါ်မှ မြင်ကွင်းမှာ ဒိန်း၏ တိုက်ခန်းထဲတွင် စကားပြောနေကြပုံ ဖြစ်၏။ 'ရှင်နဲ့ ကျွန်မနဲ့ ဆက်စပ်တာက ကျွန်မတို့ ယောက်ျားတွေ ကေအိုင်ဂျီမှာ အတူတူလုပ်နေကြတဲ့ အတွက်ပဲ၊ သူတို့က ထိပ်တန်းလျှို့ဝှက်လုပ်ငန်း တစ်ခုခုကို လုပ်နေကြပုံရတယ်၊ သူတို့ကို သတ်တဲ့ လူတွေက အဲဒီလုပ်ငန်းကို ကျွန်မတို့နှစ်ယောက်လည်း သိနိုင်မယ်လို့ ယူဆပုံရတယ်'

'ဖြစ်နိုင်တယ်'

တန်နာ၏ လုံခြုံရေးမှူးက သူ့ဘေးမှာ ထိုင်နေသည်။

မစ္စက်စတီဗင်၏ တိုက်ခန်းကို နောက်ဆုံးပေါ် ခေတ်မီရုပ်သံစက်နှင့် ဆက်သွယ်ထားသည်။

၀

ဒိန်းက ကယ်လီကို ပြောသည်။

'ရှင် ဒီည ဒီမှာအိပ်နိုင်တယ်၊ ကြောက်စရာမရှိနိုင်ဘူး၊ ရဲက အစောင့်ကား ချထားမှာပါ' သူ ပြတင်းပေါက်နား လျှောက်လာပြီး လိုက်ကာ ဆွဲရုပ်လိုက်သည်။ အပြင်မှာ ဘာကားမှမရှိ။

သူ အကြာကြီး တွေကြည့်နေသည်။ ကြောက်စိတ်ဝင်လာသည်။

'တော်တော် ထူးဆန်းတာပဲ၊ ကင်းလှည့်ရဲကား ဒီမှာရှိနေရမှာ၊ ဖုန်းဆက်ကြည့်လိုက်ဦးမယ်'

ဂရင်းဘတ်၏ လိပ်စာကတ်ကို လက်ဆွဲအိတ်ထဲမှ ထုတ်ယူပြီး တယ်လီဖုန်းခေါ်သည်။

'စုံထောက်အရာရှိ ဂရင်းဘတ်ကို ပေးပါ' ခဏ နားထောင်နေလိုက်သည်။ 'ဟင်··· ဟုတ်လား၊ ဒါဆို စုံထောက်အရာရှိ ပရေဂျစ်ဇာနဲ့ ပြောပါရစေ' ခဏစောင့်နေပြီးတော့မှ 'သြော်··· ဟုတ်ကဲ့၊ ကျေးဇူးပါပဲ' ဖုန်းကို ပြန်ချလိုက်သည်။

'ဘာဖြစ်လို့လဲ' ကယ်လီက မေးလိုက်သည်။

'စုံထောက်အရာရှိ နှစ်ယောက်စလုံး စခန်းပြောင်းသွားကြပြီတဲ့'

ကယ်လီ တံတွေးမျိုချလိုက်ပြီး···

'ဒါ တကယ့်တိုက်ဆိုင်မှုပဲ'

'ကျွန်မ ခုမှ သတိသွားရတယ်'

'ဘာကိုလဲ'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'စုံထောက်အရာရှိ ဂရင်းဘတ်က ကျွန်မကိုမေးတယ်၊ ရစ်ချတ်က ထူးထူးခြားခြား ပြောတာ၊ လုပ်တာတွေ သတိထားမိတာ ရှိသလားတဲ့၊ ကျွန်မပြောဖို့ မေ့နေတာတစ်ခုရှိတယ်၊ ရစ်ချတ်က လူတစ်ယောက်ကို ဝါရှင်တန်မှာ သွားတွေ့ရမယ်၊ တစ်ခါတလေ ကျွန်မပါ လိုက်သွားတယ်၊ ဒါပေမဲ့ ဒီတစ်ကြိမ်မှာတော့ ကျွန်မ မလိုက်တာ ပိုကောင်းတယ်လို့ သူက ပြောတယ်'

ကယ်လီက တအံ့တသြနှင့် ကြည့်နေပြီးတော့မှ…

'အဲဒါ ထူးဆန်းတာပဲ၊ မတ်ကလည်း သူ ဝါရှင်တန် သွားရမယ်လို့ ပြောတယ်၊ သူတစ်ယောက်တည်း သွားရမယ်တဲ့'

'အဲဒါ ဘာကြောင့်လဲ၊ ကျွန်မတို့ သိရအောင်လုပ်ရမယ်'

ကယ်လီ ပြတင်းပေါက်သို့ လျှောက်သွားပြီး လိုက်ကာကို ဆွဲရုပ်လိုက်သည်။ 'ကား မလာသေးဘူး' သူ ဒိန်းဘက်လှည့်ပြီး 'ကျွန်မတို့ ဒီနေရာက ထွက်သွားကြရအောင်'

'ကောင်းပြီ' ဒိန်းက ပြောသည်။ 'တရုတ်တန်းမှာ ချောင်ကျကျ ဟိုတယ်ကလေးတစ်ခု ရှိတယ်၊ ''မန်ဒါရင်'' တဲ့၊ အဲဒီမှာဆိုရင် ကျွန်မတို့ကို ဘယ်သူမှ လိုက်ရှာမှာမဟုတ်ဘူး၊ အခန်းထဲရောက်တော့မှ မစ္စတာကင်စလေကို ဖုန်းဆက်လိုက်မယ်'

○

တန်နာကင်စလေက အမြဲတမ်း တစ်ဝက်ပြုံးနေလေ့ရှိသည့် လုံခြုံရေးမှူး လူဆိုးကြီးဟယ်ရီဖလင့်ဘက် လှည့်ပြီး အမိန့်ပေးလိုက်သည်။

'နှစ်ယောက်စလုံးကို ''ဖြောင်'' ပစ်လိုက်'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၃

ကယ်လီနှင့် ဒိန်းတို့ကို ဟယ်ရီဖလင့် ကြည့်ပြီး ရှင်းလိမ့်မည်ဆိုပြီး တန်နာ အလွန်ကျေနပ်နေသည်။ သူ ခိုင်းသည့်အလုပ်တိုင်း ဖလင့်က ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့သည်ချည်းပင်။ သူ့ထံသို့ ဖလင့်ရောက်လာပုံကို သတိရပြီး သူဝမ်းသာမိသည်။ လွန်ခဲ့သည့် နှစ်ပေါင်းတော်တော်ကြာကြာက သူ့အစ်ကို အန်ဒရူးသည် ထောင်ထွက်များအတွက် စာရိတ္တပြုပြင်ရေးရိပ်သာတစ်ခု ဖွင့်ခဲ့သည်။ ကျေနပ်လောက်အောင် စာရိတ္တကောင်းလာသောအခါ သူတို့ကို အလုပ်အကိုင် ရှာပေးသည်။

တန်နာကတော့ သူ့အစ်ကိုလိုမဟုတ်၊ လုံးဝ ဆန့်ကျင်ဘက်ဖြစ်သည်။ ထောင်ထွက်တွေကို သူ့ကိုယ်ကျိုးအတွက် အသုံးချသည်။ သူ၏ ခါးပိုင်ဆောင် လူယုံတွေမှတစ်ဆင့် ထောင်ထွက်တွေ၏ နောက်ကြောင်းရာဇဝင်ကို ထောက်လှမ်းစုံစမ်းသည်။ သူ လိုချင်သည့် အရည်အချင်းနှင့် ပြည့်စုံသော ထောင်ထွက်တွေကို လခမက်လောက်အောင် ပေး၍ ခေါ်ယူပြီး သူ၏ 'သိမ်မွေ့သော ပုဂ္ဂလိကလုပ်ငန်းများ' အတွက် အသုံးချသည်။

ဟယ်ရီဖလင့်သည် ဤနည်းဖြင့် တန်နာ့ဆီသို့ ရောက်လာခြင်းဖြစ်၏။

ဖလင့်က အိမ်ပြေး၊ ကျောင်းပြေး။ ငယ်စဉ်ကတည်းက စရိုက်ကြမ်းသည်။ တိရစ္ဆာန်တွေကို ညှင်းပန်းသတ်ဖြတ်ရန် ဝါသနာပါသည်။ ကျောင်းသားဘဝတွင် ခဏ ခဏ ရန်ဖြစ်သည်။ တစ်ကြိမ်တွင် ရန်ဖြစ်ပြီး ဓားထိုးခံရလို့ နှုတ်ခမ်းကွဲသွားသည်။ ယင်းဒဏ်ရာကြောင့် သူ့နှုတ်ခမ်းမှာ အမြဲတမ်း တစ်ဝက်ပြုံးဘဝသို့ ရောက်ခဲ့ရသည်။

နောက်ပိုင်းတွင် ကျောင်းကထွက်ပြီး လမ်းပေါ်ရောက်လာသည်။ ဘဝတူတွေနှင့် ပေါင်း၍ ခါးပိုက်နှိုက်သည်။ ဈေးဆိုင် အလစ်သုတ်သည်။ ခိုးသည်၊ ဖောက်ထွင်းသည်။ ထောင်အကြိမ်ကြိမ်ကျသည်။ ပြန်ထွက်လာပြီး ပြန်ဝင်သည်။ ဈေးဆိုင်

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



စားပြတိုက်မှုတစ်ခုတွင် ဆိုင်ရှင်အသတ်ခံရသောကြောင့် ဖလင့် ထောင်ဒဏ်ဆယ်နှစ်ကျသည်။ အနေအထိုင်ကောင်း၍ လျှော့ရက်နှင့် ပြန်လွတ်လာသောအခါ အန်ဒရူး၏ ပြုပြင်ရေးရိပ်သာသို့ ရောက်လာသည်။ ဖလင့်၏ နောက်ကြောင်းရာဇဝင်ကို ထောက်လှမ်းကြည့်ရာ သူ့လုပ်ငန်းအတွက် အသင့်တော်ဆုံး လူအဖြစ် တန်နာက ဖလင့်ကို ရွေးချယ်လိုက်သည်။ ဖလင့်နှင့်ပတ်သက်၍ တန်နာ အကြိုက်ဆုံးအရည်အချင်းမှာ သူ့အလုပ်ကိုသူ အလွန်နှစ်သက်ခြင်းပင် ဖြစ်သည်။ သူ့အရည်အချင်းကို ဖလင့် ပထမဆုံးအကြိမ် ပြသောဖြစ်ရပ်ကို တန်နာ ပြန်လည် သတိရသည်။ တိုကျိုမြို့သို့ အရေးပေါ် ခရီးထွက်စဉ်က ဖြစ်သည်။

○

'လေယာဉ်ကို စက်နှိုးပါလို့ လေယာဉ်မှူးကို ပြောလိုက်၊ ဂျပန်ကိုသွားမယ်၊ တို့နှစ်ယောက်တည်းပဲ'

သတင်းက အချိန်ကပ်ပြီးမှ ရောက်လာသည်။ သို့သော်လည်း သတိထားပြီး ချက်ချင်းလုပ်မှ ဖြစ်မည်။ အလွန်အရေးကြီးသောကြောင့် လူတိုင်းကို ယုံလို့မဖြစ်။ အကိုရအီဆိုအား တိုကျိုတွင် တွေ့ဆုံရန်နှင့် အိုကုရဟိုတယ်တွင် အခန်းငှားထားရန် ကြိုတင်မှာထားပြီ ဖြစ်သည်။

လေယာဉ်သည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းလျက် ရှိသည်။ တန်နာသည် သူ၏ မဟာဗျူဟာကို စိတ်မှန်းနှင့် ရေးဆွဲနေသည်။ လေယာဉ်ဆိုက်ချိန်တွင် သူက ရာနှုန်းပြည့်အောင်မြင်မှုကို ခန့်မှန်းပြီးဖြစ်၏။

နရိတာလေယာဉ်ကွင်းမှ တိုကျိုသို့ ကားဖြင့် တစ်နာရီကြာသည်။ တိုကျိုမြို့ကို အပြောင်းအလဲမရှိ ပကတိအတိုင်း မြင်ရ၍ တန်နာ အံ့သြနေသည်။ စီးပွားတက်ချိန်မှာရော၊ စီးပွားပျက်ချိန်မှာပါ တိုကျိုမြို့သည် ပကတိတည်ငြိမ်သော အသွင်ကိုဆောင်နေသည်။

○

အကိုရအီဆိုသည် ဖူမိကိမရှိမှိ စားတော်ဆက်တွင် တန်နာ့ကို ထိုင်စောင့်နေ၏။ အီဆိုမှာ အသက် ၅၀ ခန့်ရှိပြီး ခန္ဓာကိုယ် ပိန်ပိန်ပါးပါးနှင့် ဆံပင်ဖြူပြီး တောက်ပသော အညိုရောင်မျက်လုံးပိုင်ရှင် ဖြစ်သည်။ တန်နာ ဝင်လာတော့ သူက မတ်တတ်ရပ်ပြီး ကြိုဆိုနှုတ်ဆက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရတာ ဂုဏ်ယူပါတယ် မစ္စတာကင်စလေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျား ဖုန်းဆက်တော့ ကျွန်တော် အံ့သြနေမိတယ်၊ ကျွန်တော့်ကို အခုလို အရေးပေါ်တွေ့ချင်တာကို ဘယ်လိုမှ စဉ်းစားလို့မရဘူး'

တန်နာကပြုံးလျက်··· 'ဖုန်းနဲ့ ပြောလို့ မကောင်းဘူးလို့ထင်တဲ့ သတင်းကောင်းကို ကျွန်တော် ယူဆောင်လာပါတယ်၊ ကျွန်တော်က ခင်ဗျားကို အချမ်းသာဆုံးနဲ့ အပျော်ရွှင်ဆုံး လူတစ်ယောက်ဖြစ်အောင် လုပ်ပေးနိုင်မှာပါ'

တန်နာ့ကို အကီရ တအံ့တသြကြည့်နေသည်။ 'ဟုတ်လား'

ဂျက်ကက်အဖြူဝတ် စားပွဲထိုး ရောက်လာသည်။

'အလုပ်စကားပြောပြီးမှ မှာရင် မကောင်းဘူးလား'

'ကြိုက်သလိုလုပ်ပါ၊ ဂျပန်အစားအစာနဲ့ ရင်းနှီးရဲ့လား၊ ကျွန်တော်မှာပေးရမလား'

'ကျေးဇူးပဲ၊ ကျွန်တော် မှာတတ်ပါတယ်၊ ဆူရှီကို ကြိုက်သလား'

'ဟုတ်ကဲ့'

တန်နာ စားပွဲထိုးဘက်လှည့်ပြီး··· 'ဟာမချီတေမကီ၊ ဘာအိဘာရှီရု၊ ပြီးတော့ အမ-အောဘိ'

အကီရ ပြုံးလျက်··· 'အဲဒါ ကောင်းတယ်' စားပွဲထိုးကိုကြည့်ပြီး 'အဲဒါပဲလုပ်ပါ'

စားသောက်ရင်း တန်နာက ပြောသည်။ 'ခင်ဗျား အခုလုပ်နေတဲ့ "တိုကျိုပထမစက်မှုလက်မှုအုပ်စု" ကုမ္ပဏီက နာမည်ကြီးပဲ'

'ကျေးဇူးပါပဲ'

'လုပ်နေတာ ဘယ်လောက်ကြာပြီလဲ'

'ဆယ်နှစ်'

'ကြာပြီပဲ' သူက အကီရ၏မျက်နှာကို စေ့စေ့ကြည့်လျက် 'တကယ်တော့ အလုပ်ပြောင်းဖို့ အချိန်ကောင်းပဲ'

'ဘာဖြစ်လို့ ပြောင်းရမှာလဲ'

'ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ခင်ဗျားမငြင်းနိုင်တဲ့ ကမ်းလှမ်းချက်တစ်ခု လုပ်မလို့၊ ခင်ဗျား လခဘယ်လောက်ရတယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမဲ့ ခင်ဗျား လက်ရှိအလုပ်ကထွက်ပြီး ကေအိုင်ဂျီမှာ လုပ်ရင် နှစ်ဆတိုးပေးမယ်'

'မဖြစ်နိုင်ပါဘူး မစ္စတာကင်စလေ'

'ဘာဖြစ်လို့လဲ၊ စာချုပ်နဲ့လုပ်ထားရင် ကျွန်တော် ကြည့်လုပ်နိုင်···'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အကိရ လက်ထဲမှ တူနှစ်ချောင်းကို ပစ်ချလိုက်ပြီး…

'မစ္စတာကင်စလေ၊ ဂျပန်မှာ ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်ရင် မိသားစုအလုပ်လို သဘောထားပါတယ်၊ ကျွန်တော်တို့ အလုပ်မလုပ်နိုင်တဲ့အခါမှာလည်း ကုမ္ပဏီက ထောက်ပံ့တယ်'

'ဒါပေမဲ့… ကျွန်တော်ပေးတဲ့ ပိုက်ဆံက…'

'အဲဒီလို မဟုတ်ဘူး၊ အေအိ-ရှယ-ဆေအိ-ရှင်'

'အဲဒါက ဘာလဲ'

'ပိုက်ဆံထက် သစ္စာရှိမှုကို အလေးထားတယ်လို့ ပြောတာ' သူက တအံ့တသြကြည့်ရင်း 'ခင်ဗျားက ကျွန်တော့်ကို ဘာဖြစ်လို့ ရွေးတာလဲ'

'ခင်ဗျား အလွန်တော်ကြောင်း သတင်းကောင်းတွေ ကြားရလို့ပါ'

'အကျိုးမရှိတဲ့ ခရီးရှည်ကြီး ထွက်လာတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး မစ္စတာကင်စလေ၊ ကျွန်တော် လက်ရှိကုမ္ပဏီက ဘယ်တော့မှ ထွက်မှာမဟုတ်ပါဘူး'

'ကြိုးစားကြည့်ပါဦး'

'စိတ်မပါပါဘူး'

တန်နာက ကိုယ်ကိုနောက်သို့မှီရင်း ရယ်ပြီး… 'ကောင်းပါတယ်၊ ကျွန်တော့် အမှုထမ်းအားလုံးလည်း ခင်ဗျားလိုပဲ သစ္စာရှိစေချင်ပါတယ်'

သူတစ်ခုခုကို သတိရပြီး 'ဒါနဲ့ စကားမစပ်၊ ခင်ဗျားနဲ့ ခင်ဗျားမိသားစုအတွက် ကျွန်တော် လက်ဆောင်ကလေး တစ်ခု ယူလာပါတယ်၊ ကျွန်တော့် လက်ထောက်က ခင်ဗျားကို ပေးလိမ့်မယ်၊ နောက်တစ်နာရီအတွင်း သူ ခင်ဗျားဟိုတယ်ကို ရောက်လာပါလိမ့်မယ်၊ သူ့နာမည်က ဟယ်ရီဖလင့်တဲ့'

○

အဝတ်အစားဗီရိုကြီးထဲမှ ချိတ်တစ်ခုတွင် တွဲလောင်းကြီးကျနေသော အကိရအီဆိုး၏ အလောင်းကို ဟိုတယ်မယ် တစ်ယောက်က တွေ့ရလေ၏။ တရားဝင်ဆုံးဖြတ်ချက်က 'ကိုယ့်ကိုယ်ကိုယ် သတ်သေမှု' ဟူ၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၄

တရုတ်တန်းအလယ်က မန်ဒါရင်ဟိုတယ်မှာ နှစ်ထပ်တိုက် အပေါ်စားဟိုတယ်ဖြစ်သည်။

ကယ်လီနှင့် ဒိန်း တက္ကစီကားပေါ်မှ ဆင်းကြသည်။ ဒိန်းက လမ်းတစ်ဖက်မှ ကြော်ငြာဆိုင်းဘုတ်ကြီး လှမ်းမြင်သည်။ လှပသော ဝတ်စုံကိုဝတ်ပြီး ရေမွှေးပုလင်းကိုင်ထားသည့် ကယ်လီ့ပုံဖြစ်သည်။ ဒိန်းက တအံ့တသြကြည့်ပြီး 'အဲဒါ ရှင်လား'

'ကျွန်မ မဟုတ်ဘူး၊ ကျွန်မလုပ်တဲ့အလုပ်' ဟု ကယ်လီက ပြောပြီး ဟိုတယ်ဧည့်ခန်းသို့ လျှောက်လာသည်။ ဒိန်းက ကြောင်တောင်တောင်နှင့် နောက်မှ လိုက်လာသည်။

ဧည့်ကြိုစားပွဲတွင် တရုတ်လူငယ်တစ်ယောက် 'ချိုင်းနားပို့စ်' သတင်းစာ ဖတ်နေသည်။

'တစ်ညတာအတွက် အခန်းတစ်ခန်း ရမလား' ဒိန်းက မေးလိုက်သည်။

တရုတ်လူငယ်က ဝတ်ကောင်းစားလှဝတ်ထားသော အမျိုးသမီးနှစ်ယောက်အား မျက်နှာမော့ကြည့်ပြီး 'အား... ရပါတယ်' သူက အမျိုးသမီးများ၏ အဝတ်အစား ဒီဇိုင်းပုံစံတွေကို သတိထားမိသောကြောင့် 'တစ်ညအတွက် ဒေါ်လာတစ်ရာ ပေးရပါမယ်'

ကယ်လီ မျက်လုံးပြူးသွားပြီး 'ဘုရားရေ... တစ်ရာ...'

ဒိန်းက ဖြတ်ပြီး 'ထားလိုက်ပါ၊ ရပါတယ်'

'စရန်ပေးပါ'

ဒိန်းက ပိုက်ဆံအိတ်ဖွင့်ပြီး စရန်ငွေ ထုတ်ပေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူငယ်က အခန်းသော့ပေးသည်။

'အခန်း ၁၀၊ တည့်တည့်လျှောက်သွားပြီး ဘယ်ဘက်ချိုးလိုက်ပါ၊ အထုတ်အပိုးတွေ ပါသေးသလား'

'နောက်မှ လာလိမ့်မယ်'

'လိုအပ်တာရှိရင် လင်းကိုပြောပါ'

'လင်းဆိုတာ…'

'သန့်ရှင်းရေး အမျိုးသမီးပါ'

'ကောင်းပါပြီ'

အမျိုးသမီးနှစ်ယောက် အခန်း-၁၀ သို့ လျှောက်လာကြသည်။

'ရှင်ပေးတာ သိပ်များတယ်' ကယ်လီက ပြောသည်။

'ပိုက်ဆံထက် အသက်အန္တရာယ်လုံခြုံမှုက ပိုပြီးအရေးကြီးတယ်'

'ကျွန်မတော့ ဒီနေရာကို သိပ်မကြိုက်ဘူး'

'နောက်ထပ် ပိုကောင်းတဲ့နေရာ ရှာကြတာပေါ့၊ မပူပါနဲ့၊ မစ္စတာကင်စလေက ကျွန်မတို့ကို ပစ်မထားပါဘူး'

အခန်း-၁၀ကို သော့ဖွင့်ပြီး ဝင်လာကြသည်။ အခန်းက ကျဉ်းကျဉ်း၊ အနံ့အသက်ကလည်း မကောင်း။ အသုံးမပြုတာ အတော်ကြာပြီနှင့်တူသည်။ ပရိဘောဂတွေကလည်း အဟောင်းအမြင်းတွေချည်း ဖြစ်သည်။ နှစ်ယောက်အိပ် ခုတင်တစ်လုံး၊ ကုလားထိုင်နှစ်လုံးနှင့် စားပွဲတစ်လုံး။

'ကိစ္စမရှိဘူး' ဒိန်းက ပြောသည်။ 'တစ်ညပဲ တည်းမှာပဲဟာ၊ အခုပဲ ကျွန်မ မစ္စတာကင်စလေကို ဆက်လိုက်မယ်'

ဒိန်း တယ်လီဖုန်းစားပွဲသို့ လျှောက်လာပြီး မစ္စတာကင်စလေပေးထားသည့် လိပ်စာကတ်ပေါ်က နံပါတ်ကို ဆက်သည်။ ချက်ချင်းပင် အဆက်အသွယ်ရသည်။ 'တန်နာကင်စလေပါ'

ဒိန်း သက်မချလိုက်ပြီး… 'မစ္စတာကင်စလေ၊ ကျွန်မ ဒိန်းစတီဗင်ပါ၊ အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်ပါ၊ မစ္စက်ဟားရစ်နဲ့ ကျွန်မတို့ အန္တရာယ်ကြုံနေရလို့ပါ၊ တစ်စုံတစ်ယောက်က ကျွန်မတို့ကို သတ်ဖို့ကြံစည်နေပါတယ်၊ ဘာတွေ ဘယ်လိုဖြစ်နေမှန်း မပြောတတ်တော့ပါဘူး၊ လောလောဆယ် ကျွန်မတို့ ထွက်ပြေးနေရပါတယ်'

'ကျွန်တော့်ကိုဆက်တာ ဝမ်းသာပါတယ်၊ အေးအေးဆေးဆေးသာ နေပါ၊ အဖြစ်မှန်ဖော်ထုတ်နိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ်၊ ခင်ဗျားတို့ နှစ်ယောက်အတွက် နောက်ထပ်အန္တရာယ် တစ်စုံတစ်ရာ မရှိစေရတော့ပါဘူး'

'ဘယ်သူတွေလဲဆိုတာ…'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နဲ့တွေ့တော့မှ ပြောမယ်၊ အခုရှိနေတဲ့နေရာမှာပဲ နေပါ၊ မိနစ် ၃၀အတွင်း တစ်ယောက်ယောက်ကို အခေါ်လွှတ်လိုက်ပါ့မယ်'

'အဲဒါ…' အဆက်အသွယ် ပြတ်သွားသည်။ ဒိန်း ဖုန်းပြန်ချပြီး ကယ်လီ့ကို ပြောလိုက်သည်။ 'သတင်းကောင်းပဲ၊ ကျွန်မတို့ ပြဿနာ ရှင်းသွားပြီ'

'သူ ဘာပြောသလဲ'

'သူ အားလုံးသိတယ်၊ အခုအချိန်ကစပြီး ကျွန်မတို့နှစ်ယောက် အန္တရာယ်ကင်းပြီတဲ့'

ကယ်လီ သက်မချလိုက်ပြီး 'တော်ပါသေးရဲ့၊ ကျွန်မပါရီပြန်လို့ရပြီ၊ ဘဝသစ်ပြန်စရတော့မယ်'

'နောက်နာရီဝက်အတွင်းမှာ ကျွန်မတို့ကိုခေါ်ဖို့ တစ်ယောက်ယောက် လွှတ်လိုက်မယ်တဲ့'

○

မန်ဒါရင်ဟိုတယ် ဧည့်ခန်းသို့ ဟယ်ရီဖလင့် ဝင်လာတော့ ဧည့်ကြိုစာရေးက မေးလိုက်သည်။ 'ဘာ ကူညီရမလဲ ခင်ဗျား' ဖလင့်ပြုံးတာမြင်လို့ စာရေးက ပြန်ပြုံးပြလိုက်သည်။

'ကျုပ်မိန်းမနဲ့ သူ့မိတ်ဆွေ မကြာခင်ကဘဲ ဒီမှာ တည်းနေတယ်၊ ကျုပ်မိန်းမက ရွှေရောင်ဆံပင်နဲ့၊ သူ့မိတ်ဆွေက အသားမည်းမည်း၊ သူတို့ ဘယ်အခန်းမှာလဲ'

'အခန်း-၁၀၊ ဒါပေမဲ့ ဒါရိုက်သွားလို့မရဘူး ခင်ဗျားအရင်ဖုန်းဆက်…'

ဖလင့်က ပွိုင့် ၄၅ကာလစ်ဘာ အသံတိတ်ပစ္စတိုသေနတ်ကို မြှောက်ကိုင်ပြီး ဧည့်ကြိုစာရေး၏ နဖူးတည့်တည့်ကို ပစ်ထည့်လိုက်သည်။ အလောင်းကို စားပွဲနောက်သို့ ရွှေ့ထားခဲ့ပြီး ဆက်လျှောက်လာခဲ့သည်။ အခန်း-၁၀ရှေ့ ရောက်တော့ နောက်ပြန်ဆုတ်ပြီး ရှေ့သို့ နှစ်လမ်းတိုးကာ တံခါးကို ပခုံးဖြင့် တွန်းဖွင့်လိုက်သည်။

အခန်းထဲမှာ ဗလာ၊ ဘယ်သူမှ မရှိ။ သို့သော်လည်း ကပ်လျက်ရေချိုးခန်းထဲတွင် ရေတွေပန်းကျနေသံ ကြားရသည်။ ရေချိုးခန်းတံခါးသို့လျှောက်လာသည်။ တံခါးကို တစ်အားတွန်းဖွင့်လိုက်သည်။ ရေ ဒလဟော ပန်းကျနေသည်။ ရေပန်းကို ခန်းဆီးကာထားသည်။ လေးချက်ဆက်တိုက်ပစ်ထည့်လိုက်သည်။ ထို့နောက် ခန်းဆီးကို ဆွဲရုပ်လိုက်သည်။

တစ်ယောက်မှမရှိ။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖလင့်၏ စတေရှင်ဝက်ဂွန်းကား ရောက်လာတာကို ဒိန်းနှင့် ကယ်လီတို့က လမ်းတစ်ဖက်ရှိ စားသောက်ဆိုင်ကလေးထဲမှ လှမ်းကြည့်နေသည်။ ဖလင့် ဟိုတယ်ထဲ ဝင်သွားပြီ။

'ဘုရားရေ…' ကယ်လီက ပြောလိုက်သည်။ 'အဲဒီလူဟာ ကျွန်မကို ပြန်ပေးဆွဲဖို့ လုပ်တဲ့လူပဲ'

သူတို့ စောင့်ကြည့်နေကြသည်။ သိပ်မကြာခင်မှာ ဖလင့် ပြန်ထွက်လာသည်။ သူ့နှုတ်ခမ်းက ထုံးစံအတိုင်း ပြုံးလျက်၊ သို့သော်လည်း မျက်နှာကတော့ ဒေါသမျက်နှာ။

ကယ်လီက ဒိန်းဘက်လှည့်ပြီး…

'ဂေါ်ဇီလာကြီးတော့ ထွက်သွားပြီ၊ နောက်ထပ် ကျွန်မတို့ ဘယ်လိုလှည့်ကွက်ဆင်ကြမလဲ'

'ဒီနေရာက ထွက်သွားရမှာပေါ့'

'ဘယ်ကို သွားမှာလဲ၊ သူတို့က လေဆိပ်၊ ကားဂိတ်၊ ရထားဘူတာတွေမှာ စောင့်ကြည့်နေကြမှာ'

ဒိန်း စဉ်းစားနေသည်။ ပြီးတော့မှ… 'သူတို့မရောက်နိုင်တဲ့ တစ်နေရာ ကျွန်မသိတယ်'

'ကျွန်မ မှန်းကြည့်မယ်၊ ရှင့်ကို ဒီနေရာ သယ်လာတဲ့အာကာသယာဉ် မဟုတ်လား'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၅

မနက်ပိုင်းထုတ် သတင်းစာတိုင်းတွင် အတူတူသတင်း တစ်ပုဒ်တည်းကိုပဲ အသားပေး ဖော်ပြကြသည်။ ဂျာမနီတွင် မိုးခေါင်သည့် သတင်းဖြစ်သည်။ လူပေါင်း တစ်ရာခန့် သေဆုံးပြီး ကောက်ပဲသီးနှံတွေ အများအပြား ပျက်စီးသည်။

တန်နာက သူ့လက်ထောက် ကာသီအား ရုံးတွင်းဖုန်းဖြင့် ပြောသည်။

'ဒီသတင်းကို အထက်လွှတ်တော်အမတ် ဗန်လူဗင်ဆီသို့ ချက်ချင်းပို့လိုက်၊ "ကမ္ဘာကြီး ပူနွေးမှုသတင်း နောက်ထပ်တစ်ခု··· လေးစားစွာဖြင့်··· တန်နာ" ဆိုပြီး စာတိုကလေး တစ်စောင်ပါ ပူးတွဲပို့လိုက်'

○

'ဗီလတန်အမျိုးသမီးဟိုတယ်' သို့ ကားနှင့်သွားလျှင် မန်ဒါရင်ဟိုတယ်မှ ၃၅မိနစ် ခရီးဖြစ်သည်။ ငါးထပ်တိုက်ဖြစ်သည်။ ခေတ်မီ သန့်ရှင်းသည်။

ကယ်လီနှင့် ဒိန်းတို့ နာမည်လိမ်ဖြင့် မှတ်ပုံတင်ကြသည်။ စာရေးမက အခန်းသော့ ထုတ်ပေးသည်။ 'အထူးခန်း-၄၂၄၊ ပစ္စည်းတွေပါသလား'

'ဟင့်အင်း··· ကျွန်မတို့···'

'ပျောက်သွားလို့ပါ' ဒိန်းက ဖြတ်ပြောသည်။ 'မနက်ကျတော့မှ ရောက်လာလိမ့်မယ်၊ ဒါနဲ့··· ကျွန်မတို့ယောကျ်ားတွေ တော်တော်ကြာ ကျွန်မတို့ကိုလာခေါ်မယ်၊ သူတို့လာရင် အခန်းကို လွှတ်လိုက်ပါနော်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စာရေးမက ခေါင်းကိုခါယမ်းပြီး… 'ဝမ်းနည်းပါတယ်ရှင်၊ ယောကျ်ားတွေ အပေါ်ထပ် တက်ခွင့်မရှိလို့ပါ'

'သြော်… ဟုတ်လား' ကယ်လီက ကျေနပ်ပြုံးဖြင့် ပြန်ပြောလိုက်သည်။

'တွေ့ချင်ရင်တော့ အောက်ထပ်မှာ တွေ့လို့ရပါတယ်'

'ကိစ္စမရှိပါဘူး၊ ကျွန်မတို့ မပါဘဲ သူတို့ ဒုက္ခခံကြပါစေ'

○

အခန်း-၄၂၄ကို ခေတ်မီ လှပသောပရိဘောဂများဖြင့် အလှဆင်ထားသည်။ ဒိန်းက တစ်ခန်းလုံးကို ဝေ့ကြည့်လိုက်ပြီး…

'ခမ်းနားတယ်နော်'

ကယ်လီက မျက်နှာရှုံ့မဲ့လျက်…

'နာရီဝက်တိုင်း ဟိုတယ်တစ်ခု ပြောင်းနေရတော့ "ဂင်းနက်မှတ်တမ်း" စာအုပ်ထဲ သွင်းရတော့မလို ဖြစ်နေပြီ'

'ဒါဖြင့် ရှင့်မှာ ဒီထက်ပိုကောင်းတဲ့ စိတ်ကူး ရှိသလား'

'ဒါ စိတ်ကူးမဟုတ်ဘူးရှင့်၊ ကြောင်နဲ့ကြွက်ပြိုင်ပွဲ၊ ကျွန်မတို့က ကြွက်'

'ကမ္ဘာပေါ်မှာ အကြီးဆုံး အကြံပေးပါရဂူအဖွဲ့က လူတွေက ကျွန်မတို့ကို သတ်ဖို့ကြံစည်နေတာ အရမ်းကို ထူးဆန်းတာပဲ'

'ဒါဆို မေ့ထားလိုက်တော့'

'ပြောတာလွယ်တယ်၊ လုပ်တာခက်တယ်၊ ကင်ဆက်ပြည်နယ်လောက်ကြီးတဲ့ ကြက်ဥကြော်ကို လုပ်နိုင်တဲ့ပညာရှင်တွေ ကေအိုင်ဂျီမှာ တစ်ပုံကြီးရှိတယ်'

'ကောင်းပြီ၊ သူတို့ကို ကျွန်မတို့ ကျော်တက်ရမယ်၊ လက်နက်တစ်မျိုးမျိုးတော့ လိုအပ်တယ်၊ ရှင်သေနတ်ပစ်တတ်သလား'

'ဟင့်အင်း…'

'သေလိုက်ပါတော့၊ ကျွန်မလည်း မတတ်ဘူး'

'ဒါဖြင့် ကရာတေးကော'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'မတတ်ဘူး၊ ဒါပေမဲ့ ကောလိပ်တုန်းက စကားရည်လုပွဲ ဝင်ပြောဖူးတယ်၊ သူတို့ ကျွန်မတို့ကို မသတ်အောင် စကားပြောပြီး စည်းရုံးမယ်'

'ဟုတ်ပြီ'

ဒီနိုး ပြတင်းပေါက်သို့ လျှောက်သွားပြီး ၃၄လမ်းပေါ် လှမ်းကြည့်လိုက်သည်။ ရုတ်တရက် မျက်လုံးပြူးသွားပြီး အော်ပြောလိုက်သည်။

'ဘုရားရေ' ကယ်လီ ပြေးလိုက်သွားပြီး…

'ဘာလဲ၊ ဘာတွေ့လို့လဲ'

'လူ… လူတစ်ယောက် လျှောက်သွားတယ်၊ ရစ်ချတ်နဲ့ တစ်ထေရာတည်းပဲ၊ ကျွန်မ ခဏလောက်…'

ဒီနီ ပြတင်းပေါက်နားမှ ပြန်လှည့်လာသည်။

ကယ်လီက စိတ်ပျက်လက်ပျက် အမူအရာဖြင့်…

'ဒါဆို ရှင်က ကျွန်မကို လူလွှတ်ပြီး တချွေဖမ်းခိုင်းစေချင်သလား'

ဒီနီးက ပြန်ပက်မလို့လုပ်ပြီးမှ ပြန်ထိန်းလိုက်သည်။ ဘာထူးမလဲ၊ မကြာခင် ဒီနေရာက ထွက်သွားရတော့မှာပဲဟု တွေးမိသည်။

ကယ်လီက ဒီနီးကိုကြည့်ပြီး 'ပါးစပ်ပိတ်ပြီး ပန်းချီပဲ ဆွဲနေပါတော့လား' ဟု စိတ်ထဲက ပြောလိုက်သည်။

○

ဖလင့်က ဒေါသူပုန်ထနေသော တန်နာ့ကို လက်ကိုင်ဖုန်းဖြင့် စကားပြောနေသည်။

'စိတ်မကောင်းပါဘူး ဆရာ၊ သူတို့ မန်ဒါရင်ဟိုတယ်မှာ မရှိဘူး၊ ထွက်သွားကြပြီ၊ ကျွန်တော် လာနေတာကို သိသွားတာဖြစ်မယ် ဆရာ'

တန်နာက ဒေါသတကြီးဖြင့် 'ဒီကောင်မတွေ ငါ့ကို ပညာစမ်းတာပေါ့လေ၊ ကောင်းပြီ၊ တွေ့ကြသေးတာပေါ့၊ မင်းကို ငါပြန်ဆက်မယ်' သူ ဖုန်းကို ပြန်ချလိုက်သည်။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အန်ဒရူး သူ့ရုံးခန်းထဲက ဆိုဖာပေါ်မှာ လှဲနေသည်။ သူ့စိတ်က စတော့ဟုမ်းမြို့က နိုဘယ်ဆုပေးပွဲသို့ ရောက်နေသည်။ ပရိသတ်က လှိုက်လှဲဝမ်းသာ အော်ဟစ်နေကြသည်။

'အန်ဒရူး… အန်ဒရူး…'

ခန်းမတစ်ခုလုံး သူ့နာမည် ပဲ့တင်ထပ်သွားသည်။ ဆွီဒင်နိုင်ငံဘုရင် ဒဖြဆက်မြောက် ကားလ်ဂတ်စတပ်ထံမှ နိုဘယ်ဆုကို ယူရန် လျှောက်လာစဉ် ပရိသတ်က တစ်ခဲနက်သြဘာပေးသံကို အန်ဒရူးကြားနေရသည်။ သူ ဆုယူရန် လက်လှမ်းလိုက်စဉ် တစ်စုံတစ်ယောက်က အော်ပြောလိုက်သည်။

'ဟေ့လူ… ဘာအရူးထနေတာလဲ'

ဆုပေးပွဲခန်းမကြီးတစ်ခုလုံး ပျောက်ကွယ်သွားသည်။ အန်ဒရူးလည်း သူ့ရုံးခန်းထဲ ပြန်ရောက်နေသည်။ တန်နာက သူ့ကို ခေါ်နေသည်။

ကိစ္စရှိလို့နဲ့တူတယ် ဟုတွေးပြီး သူညီရုံးခန်းထဲ ဝင်လာသည်။

'ငါရောက်ပြီ ညီလေး'

'ကျွန်တော်မြင်တယ်၊ ထိုင်ပါ' တန်နာက ခပ်မာမာ ပြောလိုက်သည်။

အန်ဒရူး ကုလားထိုင်တွင် ဝင်ထိုင်သည်။

'ကျွန်တော်တို့မှာ ဖြေရှင်းစရာ ပြဿနာတစ်ခုရှိနေတယ် ကိုကို၊ မိန်းမနှစ်ယောက် ပျောက်နေတယ်၊ သူတို့ကို သတ်ဖို့ ကျွန်တော်တို့ လိုက်ရှာနေတယ်ဆိုတာ သူတို့သိတယ်၊ သူတို့က ကျွန်တော်တို့ ရှာမတွေ့အောင် ရှောင်တိမ်းနေကြတယ်၊ အဲဒီတော့ သူတို့ ဘယ်မှာပုန်းမယ် ထင်သလဲ ကိုကို'

'ငါ… ငါဘယ်သိမလဲ'

'ရှာတွေ့နိုင်တဲ့ နည်းလမ်းနှစ်လမ်းရှိတယ်၊ ပထမဆုံး ကျွန်တော်တို့ ကာတေရှန်တက္ကဗေဒနည်းလမ်းကိုသုံးပြီး တစ်ချိန်မှာ တစ်ဆင့်စီ အဖြေရှာကြည့်မယ်၊ ကျွန်တော်တို့ စဉ်းစားကြည့်ကြရအောင်'

'မင်းကြိုက်သလို လုပ်ပါ'

'သူတို့ စတီဗင်တို့ရဲ့ တိုက်ခန်းကို မပြန်နိုင်ဘူး၊ ဘာကြောင့်ဆို ကျွန်တော်တို့က စောင့်ကြည့်နေမယ်လို့ သူတို့ တွေးဆနိုင်တယ်၊ ကယ်လီဟားရစ်မှာ အမေရိကန်ပြည်ထောင်စုမှာ ရင်းနှီးတဲ့ မိတ်ဆွေမရှိဘူး၊ သူက ပါရီမှာ အကြာကြီးနေနေတာ၊ ဒါကြောင့် သူ့အနေနဲ့ ဒီမှာ ဘယ်သူ့ကိုမှ ယုံမှာမဟုတ်ဘူး၊ ကျွန်တော် ပြောတာ သဘောပေါက်လား'

'ဟုတ်… ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ ဒိန်းစတီဗင်ကရော ဘာလုပ်မလဲ၊ မိတ်ဆွေတွေဆီသွားမလား၊ ကျွန်တော်တော့ မထင်ဘူး၊ အဲဒီလူတွေအတွက် အန္တရာယ်ရှိနိုင်တယ်၊ နောက်တစ်လမ်းကတော့ ရဲစခန်းသွားတိုင်မယ်၊ ဒါပေမဲ့ ရဲက သူတို့ကို ဟားလွှတ်လိုက်မယ်ဆိုတာ သူတို့သိတယ်။ အဲဒါဆို သူတို့ နောက်တစ်ဆင့်ခြေလှမ်းက ဘာဖြစ်နိုင်မလဲ' သူ အတန်ကြာကြာ စဉ်းစားနေပြီးတော့မှ 'လေဆိပ်၊ ကားဂိတ်နဲ့ ဘူတာရုံတွေ ဖြစ်နိုင်တယ်၊ ဒါပေမဲ့ အဲဒီနေရာတွေမှာ ကျွန်တော်တို့လူတွေ ရှိနိုင်တယ်လို့ သူတို့တွေးထင်နိုင်တယ်၊ အဲဒီတော့ ကျွန်တော်တို့ စဉ်းစားစရာ ဘာကျန်သေးသလဲ'

'မင်း... မင်းပဲ စဉ်းစားကြည့်ပါ'

'ကျွန်တော်တို့ စဉ်းစားစရာက ဟိုတယ်ပဲ ကျွန်တော့တယ်၊ သူတို့ ဟိုတယ်မှာပုန်းမှာ၊ ဘယ်ဟိုတယ်မျိုးမှာလဲ၊ သူတို့က အသက်အန္တရာယ်ကြောင့် သွေးရူးသွေးတန်း ပြေးနေကြသူတွေဖြစ်တယ်၊ သူတို့ ဘယ်ဟိုတယ်မျိုးမှာ ပုန်းနေပုန်းနေ ကျွန်တော်တို့မှာ အဆက်အသွယ်ရှိလိမ့်မယ်ဆိုတာ သူတို့ တွေးမိမှာပဲ၊ သူတို့အဖို့ လုံခြုံမှု မရှိနိုင်ဘူး၊ ဘာလင်က ဆွန်ဂျာဗားဘရပ်ကို မှတ်မိတယ် မဟုတ်လား၊ ကျွန်တော်က ပရိယာယ်သုံးပြီး သူ့ကျွန်ပျူတာကို မက်ဆေ့ဂျ်ပို့တယ်၊ သူက အာတေမီရှားဟိုတယ်ကိုသွားတယ်၊ အဲဒီမှာ အမျိုးသမီးတွေပဲ တည်းလို့ရတယ်၊ ဒါကြောင့် အဲဒီမှာ အန္တရာယ်ကင်းမယ်လို့ သူထင်တယ်၊ အဲဒီတော့ မစ္စတာစတီဗင်နဲ့ မစ္စက်ဟားရစ်တို့လည်း အဲဒီလိုပဲ တွေးကြလိမ့်မယ်လို့ ကျွန်တော်ယူဆ တယ်၊ အဲဒီတော့ ကျွန်တော်တို့ ဘယ်ကို သွားရှာကြမလဲ'

အန်ဒရူးကို လှည့်ကြည့်လိုက်တော့ မျက်လုံးမှိတ်ပြီး အိပ်ပျော်နေသည်။ တန်နာ ဒေါသထွက်ပြီး အန်ဒရူး၏ ပါးကို ခပ်ဆတ်ဆတ်လေး ရိုက်လိုက်သည်။ အန်ဒရူး လန့်နိုးသွားသည်။

'ဘာ...'

'ကျွန်တော် ပြောနေတာ ဂရုစိုက်ပြီး နားထောင်စမ်းပါဗျ'

'ဆောရီး... ဆောရီး... ငါ... ခဏ... အိပ်ပျော်...'

'ကဲ... ဒီတော့ မင်ဟတ်တန်မြို့နယ်မှာ ဘယ်မိန်းမဟိုတယ်တွေ ရှိသလဲဆိုတာ ကြည့်ကြရအောင်'

သူက ကွန်ပျူတာဘက်လှည့်လိုက်ပြီး အင်တာနက်မှာ အမြန်ရှာသည်။ ထို့နောက် ပရင့်အောက် စာရွက်ထုတ် လိုက်သည်။ နာမည်တွေကို အသံထွက်ဖတ်သည်။ အနောက် ၁၄လမ်းက အယ်ကာမီလို ရက်စိဒင့်၊ အနောက် ၅၄လမ်းက စင်ထရီမာရီယာ၊ တောင်ကရာမာစီလမ်းက ပါ့ခ်ဆိုက်အဗေင်ဂျယ်လိန်း၊ ပြီးတော့ ဝီလတန် အမျိုးသမီးဟိုတယ်' သူက ဦးခေါင်းဖော်ပြီး ပြုံးလိုက်သည်။ 'ဒါပေါ့ ကာတေရှန်တက္ကဗေဒက ပြောတာ၊ သူတို့ရှိနိုင်တဲ့နေရာ၊ ဒီတော့ စက်မှုနည်းပညာက ဘာပြောမလဲ၊ ကြည့်ကြရအောင်'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



နံရံပေါ်က ရှခင်းသာပန်းချီကားရှေ့သို့ လျှောက်လာသည်။ နောက်ဘက်သို့ လက်သွင်းပြီး လျှို့ဝှက်ခလုတ်ကို နှိပ်လိုက်သည်။ နံရံတစ်ခန်း ဟင်းလင်းပွင့်သွားပြီး မင်ဟတ်တန်မြို့နယ်၏ ကွန်ပျူတာမြေပုံကြီး တီဗွီဖန်သားပြင်ပေါ်တွင် အထင်းသား ပေါ်လာသည်။

'ဒါ ဘာလဲသိလား၊ ကိုကိုပဲ လုပ်နေတာလေ၊ တကယ်တော့ ဒါကို ကိုကိုပဲ အကျွမ်းဆုံး မဟုတ်လား၊ ကျွန်တော် မနာလိုတောင် ဖြစ်မိခဲ့တယ်။ ဒါ ကမ္ဘာတစ်ဝန်း ဖြန့်ကြည့်တဲ့စနစ်ပဲ၊ တစ်ကမ္ဘာလုံးမှာ ဘယ်သူ့ကိုမဆို ဒါနဲ့ ရှာလို့ရတယ်' အန်ဒရူး အိပ်ချင်မူးတူးဖြင့် ခေါင်းညိတ်သည်။

'အဲဒီ မိန်းမတွေ ကျွန်တော့်ရုံးခန်းက ထွက်သွားတော့ နှစ်ယောက်စလုံးကို ကျွန်တော့်လိပ်စာကတ် ပေးလိုက်တယ်၊ ကတ်ထဲမှာ သဲမှုန့်လောက်ရှိတဲ့ မိုက္ကရိုဒေါ့ထ်ကွန်ပျူတာချစ်ပ်ကလေး မြုပ်ထားတယ်၊ အချက်ပြကို ဂြိုဟ်တုက ဖမ်းယူပြီး ကမ္ဘာတစ်ဝန်းဖြန့်ကြည့်တဲ့စနစ် တက်ကြွလှုပ်ရှားတဲ့အခါ အပ်ဖျားကလေးတွေက လိုအပ်တဲ့နေရာကို အတိအကျ ညွှန်ပြတယ်၊ ကျွန်တော်ပြောတာ သဘောပေါက်လား'

အန်ဒရူး တံတွေးမျိုချလိုက်ပြီး 'ပေါက်… ပေါက်ပါတယ်'

တန်နာ တီဗွီဘက် မျက်နှာမူလိုက်သည်။ ဒုတိယခလုတ်ကို နှိပ်လိုက်သည်။ မြေပုံပေါ်မှာ အလင်းရောင်သေးသေး လေး တစ်ကွက်ပေါ်လာပြီး အောက်ဘက် ရွေ့ဆင်းသွားသည်။ တစ်နေရာတွင် နေးသွားပြီး ရှေ့ကို ဆက်ရွေ့သွားသည်။ အနီရောင် အပ်ဖျားကလေးသည် လမ်တစ်လမ်းကို ဖြတ်ကျော်ပြီး ဖြည်းဖြည်းကလေး ရွေ့သွားနေသည်။ စီးပွားရေးလုပ်ငန်း နာမည်တွေ ထင်ထင်ရှားရှား ပေါ်လာသည်။

တန်နာက လက်ညှိုးထိုးပြီး 'အဲဒါ အနောက် ၁၄လမ်းပဲပေါ့' အနီရောင်စက်ကလေး ဆက်ရွေ့သွားသည်။ 'ဒါက ဇေကျွာလာစားသောက်ဆိုင်… ဆေးဆိုင်… စိန့်ဗင်းဆင့်ဆေးရုံ… ကွာဒလုပ်ဘုရားကျောင်း' အနီရောင်စက်ကလေး ရပ်သွားသည်။ တန်နာ ဝမ်းသာအားရ အော်ပြောလိုက်သည်။ 'အဲဒါ ဝီလတန် အမျိုးသမီးဟိုတယ်ပဲပေါ့၊ ကျွန်တော့် တက္ကဗေဒနည်း မှန်နေပြီ၊ မြင်တယ်မဟုတ်လား'

အန်ဒရူး နှုတ်ခမ်းကို လျှာနှင့်လျက်လိုက်ပြီး 'ဟုတ်ပါတယ်၊ မင်း မှန်ပါတယ်'

'ကဲ… ကိုကို ပြန်နိုင်ပြီ'

ထို့နောက် လက်ကိုင်ဖုန်းဖြင့် ဖလင့်ကို လှမ်းဆက်သည်။ 'သူတို့ အနောက် ၃၄လမ်းက ဝီလတန်ဟိုတယ်မှာ ရှိနေတယ်' ဖုန်းကို ပြန်ပိတ်လိုက်သည်။ တံခါးဝကို လှမ်းကြည့်လိုက်သည်။ အန်ဒရူး တံခါးပေါက်တွင်ရပ်ပြီး နောက်ပြန် လှည့်ကြည့်နေသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ဘာလုပ်နေတာလဲ' တန်နာ စိတ်တိုနေသည်။

'ငါ… ငါ… ဆွီဒင်ကို သွားရမလား၊ နိဘယ်ဆုယူဖို့လေ'

'သွားဖို့မလိုတော့ဘူး၊ အဲဒါ လွန်ခဲ့တဲ့ ခုနစ်နှစ်က ပြီးသွားပြီ'

'ဩော်… ဟုတ်လား' အန်ဒရူး သူ့ရုံးခန်းဘက် ပြန်ကူးသွားသည်။

တန်နာ စားပွဲမှာ ပြန်ထိုင်သည်။ လွန်ခဲ့သည့် ခုနစ်နှစ်က ဖြစ်ပျက်ခဲ့တာတွေကို ပြန်တွေးနေသည်။ သူ့စိတ်သည် လွန်ခဲ့သည့်သုံးနှစ်က ဆွစ်ဇလန်သို့ သွားခဲ့သော ခရီးဆီသို့ ပြန်ရောက်သွားသည်။ ဖြစ်ရပ်က တယ်လီဖုန်းခေါ်သံဖြင့် စတင်သည်…

o

တန်နာ အရေးကြီးသည့် စမ်းသပ်လွှဲမှုတစ်ခုအတွက် အလုပ်ရှုပ်နေစဉ် ရုံးတွင်းဖုန်း မြည်လာသည်။

'ဇူးရစ်က ဖုန်းခေါ်နေပါတယ်'

'ငါ သိပ်အလုပ်များနေတယ်၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ငါ ပြောလိုက်မယ်'

သူ ဖုန်းကောက်ကိုင်လိုက်သည်။ 'ဟုတ်ကဲ့၊ ပြောပါ' သူ့မျက်နှာ တင်းမာသွားသည်။ စိတ်မရှည်ဟန်ဖြင့် 'ဟုတ်ပြီ… သေချာတယ်နော်… ဟင့်အင်း… ကိစ္စမရှိဘူး၊ ငါ ကိုယ်တိုင် ကိုင်မယ်'

သူ ရုံးတွင်းဖုန်းခလုတ် နှိပ်လိုက်သည်။ 'မစ္စတာအော်ဒိုနက်… လေယာဉ်မှူးကို လေယာဉ်အသင့်ပြင်ထားလို့ ပြောလိုက်၊ ဇူးရစ်ကို သွားမယ်၊ ခရီးသည်နှစ်ယောက် ပါမယ်'

o

မက်ဒလိန်းသည် ဇူးရစ်မြို့ထဲမှ အကောင်းဆုံး စားသောက်ဆိုင်တစ်ဆိုင်ဖြစ်သည့် 'ဂရင်းဗီရန်ဒါ' တွင် ထိုင်နေ သည်။ အသက် ၃၀ ဝန်းကျင်၊ ဘဲဥပုံမျက်နှာ၊ ဆံပင်ဂုတ်ဝဲနှင့် အသားအရေ တော်တော်လှသည်။ သုံးလေးလသား ကိုယ်ဝန် ရှိနေပုံရသည်။

တန်နာ စားပွဲသို့ လျှောက်လာသည်။ မက်ဒလိန်းက မတ်တတ်ထရပ်သည်။ တန်နာက လက်ကို ကမ်းပေးရင်း

the bookhouse www.burmeseclassic.com

www.burmeseclassic.com



'ထိုင်ပါ'

သူ မက်ဒလိန်းနှင့် မျက်နှာချင်းဆိုင်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်' ဆွစ်ဇာလန်သံ နည်းနည်းဝဲသည်။ 'ကျွန်မကို ဖုန်းခေါ်တော့ အလကား နောက်ပြောင်တာလို့ ထင်မိတယ်'

'ဘာကြောင့်လဲ'

'ရှင်က အရေးပါတဲ့ ပုဂ္ဂိုလ်မဟုတ်လား၊ ရှင့်လိုပုဂ္ဂိုလ်က ကျွန်မနဲ့တွေ့ဖို့ ဖူးရစ်ကိုလာမယ်ဆိုတော့ ကျွန်မ မယုံနိုင်အောင်…'

'ကျုပ် ဘာကြောင့်လာတယ်ဆိုတာ ပြောပြမယ်' သူက ပြုံးပြီး ပြောသည်။ 'ဘာကြောင့်လဲဆိုတော့ ခင်ဗျားက သိပ်ပြီးထူးချွန်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ဆိုတာ သိရလို့ပဲ၊ မက်ဒလိန်းလို့ပဲ ခေါ်ပါရစေနော်'

'ဟုတ်ကဲ့၊ ခေါ်ပါ မစ္စတာကင်စလေ'

'ကျွန်တော်တို့ ကေအိုင်ဂျီကုမ္ပဏီဟာ ပင်ကိုအရည်အချင်းရှိတဲ့ လူတွေကို သိပ်ပြီး တန်ဖိုးထားတယ်၊ ခင်ဗျားက ကျွန်တော်တို့ကုမ္ပဏီမှာ လုပ်သင့်တဲ့ပုဂ္ဂိုလ်ပဲ၊ အခုလက်ရှိ ကုမ္ပဏီမှာလုပ်နေတာ ဘယ်လောက်ကြာပြီလဲ'

'ခုနှစ်နှစ်ပါ'

'ခုနှစ်ဆိုတာ ကံကောင်းတဲ့ဂဏန်းပဲ၊ ဘာဖြစ်လို့လဲဆိုရင် ကေအိုင်ဂျီမှာလုပ်ရင် ရနေတဲ့လခထက် နှစ်ဆတိုးပေးမယ်၊ ဌာနတစ်ခုလုံးကို ခင်ဗျား ကြီးကြပ်အုပ်ချုပ်ရမယ်'

'အို… မစ္စတာကင်စလေ' သူက ပြုံးပြီး ပြောသည်။

'စိတ်ဝင်စားသလား'

'အို… ဟုတ်ကဲ့၊ အများကြီး စိတ်ဝင်စားပါတယ်၊ ဒါပေမဲ့ ကျွန်မ အခုတော့ ဘယ်လိုမှ မတတ်နိုင်သေးပါဘူး'

'ဘာကို ဆိုလိုတာလဲ'

'ကျွန်မမှာ ကိုယ်ဝန်ရှိနေတယ်၊ ပြီးတော့ ကျွန်မချစ်သူနဲ့ တရားဝင်လက်ထပ်ရဦးမယ်'

တန်နာ ပြုံးလိုက်ပြီး 'ဒါက ပြဿနာ မဟုတ်ပါဘူး၊ အားလုံး အဆင်ပြေအောင် ကျွန်တော်တို့ စီစဉ်ပေးပါ့မယ်'

'ဒါပေမဲ့ ကျွန်မ အခုချက်ချင်း အလုပ်မထွက်နိုင်တဲ့ အခြားအကြောင်းတစ်ခု ရှိသေးတယ်၊ ကျွန်မတို့ ဓာတ်ခွဲခန်းမှာ အရေးကြီးတဲ့ စီမံကိန်းတစ်ခုကို လုပ်နေတယ်၊ ပြီးခါနီးနေပါပြီ'

'ဒီမှာ မက်ဒလိန်း၊ ခင်ဗျားရဲ့ စီမံကိန်းကို ကျွန်တော် မသိဘူး၊ ဂရုလည်းမစိုက်ဘူး၊ ကျွန်တော်ပြောချင်တာက

the bookhouse
we bring your future
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကမ်းလှမ်းချက်ကို ချက်ချင်းလက်ခံဖို့ပဲ၊ တကယ်တော့ ကျွန်တော်က ခင်ဗျားနဲ့ ခင်ဗျားရဲ့ ခင်ပွန်းလောင်းကို ကျွန်တော်နဲ့အတူ တစ်ပါတည်းခေါ်သွားချင်တာ' သူက ပြုံးပြီး ပြောသည်။

'စီမံကိန်းပြီးရင် ကျွန်မချက်ချင်းလာနိုင်ပါတယ်၊ နောက်ခြောက်လ ဒါမှမဟုတ် တစ်နှစ်လောက်ဆိုပါတော့'

တန်နာ အတန်ကြာ ငြိမ်နေသည်။ ပြီးတော့မှ 'ဒါဆို အခုလောလောဆယ် လုံးဝ မလိုက်ဘူးပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မက စီမံကိန်း ခေါင်းဆောင်ဖြစ်နေတယ်၊ မပြီးခင်ထွက်သွားရင် မတရားရာကျနေမှာစိုးလို့ပါ၊ ဒီတော့ နောက်နှစ်မှ…'

တန်နာ ပြုံးပြီး 'ဟုတ်ပါပြီ'

'အဝေးကြီးကလာပြီး ဒီအတိုင်း ပြန်သွားရတာကို ကျွန်မသိပ်ပြီး စိတ်မကောင်းပါဘူး မစ္စတာကင်စလေ'

တန်နာကပြုံးလျက် 'ကျွန်တော်လာတာ အလကားမဖြစ်ပါဘူး မက်ဒလိန်း၊ ခင်ဗျားနဲ့တွေ့ရတာ အမြတ်ပါပဲ'

မက်ဒလိန်းမျက်နှာ ရှက်သွေးဖျန်းသွားပြီး 'မစ္စတာကင်စလေက သိပ်ပြီး သဘောထားကြီးတာပဲနော်'

'ဒါနဲ့ စကားမစပ်၊ ကျွန်တော် လက်ဆောင်တစ်ခု ယူလာတယ်၊ ကျွန်တော့်လက်ထောက်က ညနေခြောက်နာရီမှာ ခင်ဗျားအခန်းကို လာပေးလိမ့်မယ်၊ သူ့နာမည်က ဟယ်ရီဖလင့်'

○

နောက်နေ့နံနက်တွင် မက်ဒလိန်းစမစ်၏ အလောင်းကို မီးဖိုဆောင်ကြမ်းပြင်ပေါ်မှာ တွေ့ရှိရသည်။ အလုံပိတ် မီးဖိုကို ဖွင့်ထားပြီး တစ်ခန်းလုံး ဓာတ်ငွေ့တွေ ပြည့်နေသည်။

○

တန်နာ၏ အတွေးသည် ပစ္စုပ္ပန်ကာလသို့ ပြန်ရောက်လာသည်။ ဖလင့်က သူ့အပေါ် အမြဲတမ်းသစ္စာရှိသည်။ မကြာခင်မှာ ဒိန်းစတီဗင်နှင့် ကယ်လီဟားရစ်တို့ကိုလည်း ရှင်းပစ်လိုက်တော့မည်။ သူတို့မရှိတော့သည့်နောက်တွင် စီမံကိန်းကို ဆက်လက် အကောင်အထည် ဖော်နိုင်တော့မည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၆

ဟယ်ရီဖလင့် ဝီလတန်ဟိုတယ် ဧည့်ကြိုခန်းသို့ လျှောက်ဝင်လာသည်။

'ဟဲလို…'

'ဟဲလို' ဧည့်ကြိုစာရေးမက ဖလင့်၏ နှုတ်ခမ်းပေါ်မှ အပြုံးကို သတိထားမိသည်။ 'ဘာ အကူအညီပေးရပါမလဲရှင်'

'ဟုတ်ကဲ့၊ ကျွန်တော့်ဇနီး ဒိန်းစတီဗင်နဲ့ သူ့မိတ်ဆွေတို့ စောစောကလေးကပဲ ဒီမှာ တည်းနေကြတယ်၊ ကျွန်တော် အပေါ်ထပ်တက်သွားပြီး သူတို့ အံ့ဩသွားအောင် ကျီစားချင်လို့၊ အခန်းနံပါတ် ဘယ်လောက်လဲ'

'တောင်းပန်ပါတယ်ရှင်၊ ဒါက အမျိုးသမီး ဟိုတယ်ပါ၊ ယောကျ်ားတွေကို ခွင့်မပြုပါဘူး၊ ဒါပေမဲ့ ဖုန်းဆက်လို့တော့…'

ဖလင့်က ဧည့်ဆောင်ကို လှည့်ကြည့်လိုက်သည်။ အခန်းထဲတွင် လူတွေ ပြည့်ကျပ်နေသည်။ 'ကိစ္စမရှိပါဘူး၊ သူတို့ မကြာခင် ဆင်းလာကြမှာပါ'

ဖလင့် အပြင်သို့ ပြန်ထွက်လာပြီး လက်ကိုင်ဖုန်းဖြင့် ဆက်သည်။

'သူတို့အပေါ်ထပ်မှာ ရှိနေကြတယ် မစ္စတာကင်စလေ၊ ကျွန်တော် တက်လို့ မရဘူး'

တန်နာ ခဏစဉ်းစားနေပြီးတော့မှ 'ဒီမှာ ဖလင့်၊ သူတို့နှစ်ယောက် လမ်းခွဲကြလိမ့်မယ်၊ ငါ့ရဲ့တက္ကဗေဒ ဆင်ခြင်ဉာဏ်ကပြောတာ၊ ဒီတော့ မင်းကို ကူညီဖို့ ကာဘာလိုကို လွှတ်လိုက်မယ်၊ မင်းတို့လုပ်ရမှာက…'

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ ရေဒီယိုအကျယ်ကြီးဖွင့်ပြီး ခေတ်ပေါ်သီချင်းတွေ နားထောင်နေသည်။ ဒိန်းက ရေဒီယိုကို သွားပိတ်လိုက်သည်။

'ကျွန်မတို့ ဒီဟိုတယ်က ထွက်ရင် ဘယ်ကိုသွားမလဲ' ကယ်လီက မေးလိုက်သည်။ 'အကူအညီပေးနိုင်မယ့် လူတစ်ယောက်ယောက်များ ရှိသလား'

ဒိန်း ခေါင်းခါပြသည်။ 'ရစ်ချတ်ရဲ့မိတ်ဆွေ အားလုံးလိုလိုက ကေအိုင်ဂျီမှာပဲလုပ်ကြတာ၊ ကျွန်မတို့ရဲ့တခြားမိတ်ဆွေတွေရှိပေမယ့် ဒီပြဿနာမှာ သူတို့ကို ဆွဲမသွင်းချင်ဘူး၊ ရှင့်မှာရော ကူညီမယ့်လူ မရှိဘူးလား'

ကယ်လီ ပခုံးတွန့်လိုက်ပြီး 'ကျွန်မတို့က ပါရီမှာနေတာ သုံးနှစ်တောင် ရှိနေပြီ၊ မော်ဒယ်အေဂျင်စီက လူတွေကလွဲပြီး ဒီမှာ ကျွန်မ ဘယ်သူ့မှမသိဘူး၊ မော်ဒယ်အေဂျင်စီက လူတွေက အကူအညီရနိုင်မယ် မထင်ဘူး'

'ဝါရှင်တန်ကို သူဘာကြောင့် သွားမယ်ဆိုတာ မတ်က ပြောသေးသလား'

'မပြောဘူး'

'ရစ်ချတ်ကလည်း မပြောဘူး၊ အဲဒါဟာ သူတို့ အသတ်ခံရတဲ့ အကြောင်းရင်း သော့ချက်ပဲလို့ ကျွန်မထင်တယ်'

'ဟုတ်ပြီ၊ ကျွန်မတို့ သော့ကိုရပြီ၊ အဲဒီတော့ ဘယ်မှာလဲ ဖွင့်ရမယ့်တံခါး'

'အဲဒါတော့ ရှာရမှာပေါ့' ဒိန်း စဉ်းစားနေသည်။ ပြီးတော့မှ 'နေဦး၊ အကူအညီရနိုင်မယ့် လူတစ်ယောက်ရှိတယ်' သူ တယ်လီဖုန်းစားပွဲသို့ လျှောက်သွားသည်။

'ရှင် ဘယ်သူ့ကို ခေါ်မလို့လဲ' ကယ်လီက မေးလိုက်သည်။

'ရစ်ချတ်ရဲ့ အတွင်းရေးမှူး၊ ဒီဖြစ်စဉ်တွေကို သူ သိနိုင်တယ်'

တစ်ဖက်မှ အသံပေါ်ထွက်လာသည်။ 'ကေအိုင်ဂျီကပါ'

'ကျွန်မ ဘက်တီဘာကာနဲ့ ပြောချင်လို့ပါ'

○

တန်နာ သူ့ရုံးခန်းထဲတွင် အသံစစ်သည့် အပြာရောင် အလင်းစက်ကလေးကို တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်နေသည်။ သူ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ဖုန်းအော်ပရေတာ ပြန်ပြောသည့် စကားကို ကြားရသည်။

'မစ္စဘာကာ သူ့စားပွဲမှာ မရှိပါဘူးရှင်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သူနဲ့ ဘယ်လို ဆက်သွယ်လို့ရနိုင်ပါ့မလဲ'

'ဝမ်းနည်းပါတယ်ရှင်၊ နာမည်နဲ့ ဖုန်းနံပါတ်ပေးထားရင်တော့ ကျွန်မ သူ့ကို…'

'ကိစ္စမရှိပါဘူး' ဒိန်း ဖုန်းပြန်ချလိုက်သည်။

အပြာရောင်စက်ကလေး ပျောက်ကွယ်သွားသည်။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၇

နံနက်တွင် ဒိန်း အိပ်ရာမှနိုးလာတော့ ကယ်လီသည် နံရံကို မျက်နှာမူကာ ကုလားထိုင်တွင် ထိုင်နေသည်။

'မင်္ဂလာပါ' ဒိန်းက ပြောသည်။

'ညက အိပ်ပျော်ရဲ့လား'

ဘာမှ စကားပြန်မရ။

'ကျွန်မတို့ နောက်ထပ် ဘယ်ကိုရွှေ့မလဲဆိုတာ စဉ်းစားရမယ်၊ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး'

ကယ်လီ ဘာမှပြန်မပြော။

ဒိန်း စိတ်တိုတိုနှင့် အော်၍ မေးလိုက်သည်။

'ကယ်လီ… ရှင် နားပင်းနေသလား… ဟင်'

ကယ်လီ သမင်လည်ပြန်ကြည့်လိုက်ပြီး…

'ရှင် မမြင်ဘူးလား၊ ကျွန်မ ဂါထာရွတ်နေတာ'

'အို… ဆောရီး၊ ကျွန်မ မသိ…'

ကယ်လီ တယ်လီဗွီးရှင်းဆီသို့ လျှောက်လာပြီး ခလုတ်ကို နှိပ်လိုက်သည်။ 'ကဲ… ကမ္ဘာကြီးမှာ ဘာတွေဖြစ်နေသလဲဆိုတာ ကြည့်ရအောင်'

တီဗွီမှ သတင်းလာနေသည်။ သတင်းကြေညာသူက ဘင်ရောဘတ်။

'ဟာ… အဲဒါ ဘင်လေ… ဘင်' ကယ်လီ အော်ပြောလိုက်သည်။

'ဘင်ဆိုတာ ဘယ်သူလဲ'

'ဘင်ရောဘတ်လေ၊ သူက သတင်းလည်း ကြေညာတယ်၊ အင်တာဗျူးလည်း

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com



လုပ်တယ်၊ သူ့အင်တာဗျူးတွေကို ကျွန်မ သိပ်ကြိုက်တာပဲ၊ သူနဲ့ မတ်နဲ့က သိပ်ပြီး ခင်ကြတာ၊ တစ်နေ့မှာ…' ကယ်လီ ရုတ်တရက် စကားရပ်သွားသည်။ ဘင်ရောဘတ်၏ သတင်းကြေညာသံ ထွက်ပေါ်လာသည်။

*'… လူသတ်မှုနဲ့ တရားစွဲခံနေရရာက မကြာမီက ကင်းလွတ်ခွင့်ရသွားတဲ့ မာဖီးယားခေါင်းဆောင်ဆိုသူ အန်တိုနီအော်တယ်ရီဟာ ဒီနေ့မနက်မှာ ကင်ဆာရောဂါနဲ့ သေဆုံးသွားပါတယ်၊ သူဟာ…'*

ကယ်လီက ဒိန်းဘက်လှည့်ပြီး… 'ရှင်ကြားတယ် မဟုတ်လား၊ အော်တယ်ရီ သေပြီတဲ့'

ဒိန်းက ဘယ်လိုမှ မခံစားရ၊ ထိုသတင်းမှာ တခြားကမ္ဘာ၊ တခြားကာလမှ သတင်းဖြစ်သည်။ သူက ကယ်လီ့ကို ပြောလိုက်သည်။

'ကျွန်မတို့နှစ်ယောက် လမ်းခွဲတာ ပိုကောင်းမယ်ထင်တယ်၊ နှစ်ယောက်တစ်တွဲတွဲ လုပ်နေတော့ သတိထားမိဖို့ လွယ်တယ်လေ'

'ဟုတ်တယ်၊ ဒါ သိပ်ကောင်းတဲ့ စိတ်ကူးပဲ'

'ဒါဆို ကျွန်မတို့ ပြန်ထွက်ကြစို့'

○

ခန်းမထဲတွင် ဝင်လာသည့် အမျိုးသမီးတွေနှင့် ပြည့်ကျပ်နေသည်။ ဒါဇင်ဝက်လောက်က ပြန်ထွက်ရန် တန်းစီနေကြသည်။ ကယ်လီနှင့် ဒိန်းတို့လည်း ဝင်၍တန်းစီလိုက်သည်။

အပြင်လမ်းမတစ်နေရာမှ စောင့်ကြည့်နေသည့် ဟယ်ရီဖလင့်က ကယ်လီနှင့် ဒိန်းတို့ကို မြင်သည်။ တစ်နေရာတွင် ကွယ်နေလိုက်သည်။ ပြီးတော့ ဖုန်းဆက်သည်။ 'သူတို့ ဟိုတယ်ခန်းမထဲ ဆင်းလာကြပြီ'

'ဟုတ်ပြီ၊ ကာဘာလို အဲဒီကို ရောက်ပြီလား'

'ရောက်ပါပြီ'

'ဒါဆို ငါပြောသလို အတိအကျလုပ်၊ သူတို့ ဘယ်ကိုပဲသွားသွား ဟိုတယ်အဝင်ဝကို ထောင့်နှစ်ထောင့်စလုံးက ပိတ်ဆို့ထား၊ ပြီးတော့ ခြေရာလက်ရာမထင်အောင် ရှင်းပစ်လိုက်'

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် ကယ်လီနှင့် ဒိန်းတို့ ညေ့ကြိုစားပွဲသို့ ရောက်လာကြသည်။

စားပွဲနောက်မှ အမျိုးသမီးက ပြုံးပြီး…

'ဒီမှာတည်းခိုရတာ စိတ်ချမ်းသာပါတယ်နော်'

'အများကြီး စိတ်ချမ်းသာပါတယ်' ဒိန်းကပြောသည်။ 'ကျေးဇူးပါပဲ'

ခန်းမဝင်ပေါက်ဆီသို့ လျှောက်လာရင်း ကယ်လီက မေးလိုက်သည်။

'အခု ကျွန်မတို့ဘယ်သွားကြမလဲ မစ္စတာစတီဗင်'

'မသိဘူး၊ ကျွန်မက မင်ဟတ်တန်နယ်မြေက ထွက်သွားဖို့ပဲ စိတ်စောနေတာ၊ ရှင်ကရော ဘယ်လို စိတ်ကူးသလဲ'

ကျွန်မက ရှင်နဲ့ဝေးရာသွားဖို့ပဲ စိတ်ကူးနေတာဟု အသံတိတ်ပြောလိုက်ပြီးတော့မှ… 'ကျွန်မက ပါရီပြန်မယ်'

နှစ်ယောက်သား အပြင်ထွက်လာကြသည်။ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ကြသည်။ ကားတွေ လူတွေ ခါတိုင်းလိုပဲ သွားလာနေကြသည်။

ဘာမှ ထူးခြားမှုမရှိ။

'ကဲ… သွားတော့မယ် မစ္စတာစတီဗင်' သူ အတွင်းကျိတ် ဝမ်းသာနေသည်။

'ကောင်းပြီ… ကယ်လီ'

ကယ်လီ လက်ဝဲဘက်လှည့်ပြီး လမ်းထောင့်သို့ လျှောက်သွားသည်။ ဒိန်းက ခဏရပ်ကြည့်နေပြီးနောက် လက်ယာဖက်လှည့်ကာ အခြားတစ်ဖက်သို့ လျှောက်သွားသည်။ သူတို့ ခြေလှမ်းခြောက်လှမ်းလောက် လှမ်းပြီးချိန်မှာ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းတွင် ဖလင့်နှင့် ကာဘာလိုတို့ ရုတ်တရက် ပေါ်ထွက်လာကြသည်။ ကာဘာလို၏ မျက်နှာက ပုတ်သိုးနေသည်။ ဖလင့်ကတော့ ထုံးစံအတိုင်း နှုတ်ခမ်းပေါ်တွင် တစ်ဝက်ပြုံးနှင့်။

သူတို့နှစ်ယောက် ခရီးသွားလူအုပ်ထဲမှ ဖြတ်ဝင်လာပြီး အမျိုးသမီးနှစ်ယောက်ကို ပိတ်ညှပ်ထားရန် စိတ်ကူးသည်။ ကယ်လီနှင့် ဒိန်းတို့ မျက်ကလူးဆန်ပျာနှင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့ ဟိုတယ် အဝင်ဝသို့ အတင်းပြန်ပြေးလာကြသည်။ အဝတွင် လူတွေပိတ်ဆို့နေသည်။ ဘယ်လိုမှ အထဲဝင်လို့မရ။ ဟို လူနှစ်ယောက်က လည်း နီးကပ်လာပြီ။

ဤတွင် ဒိန်းက ဖလင့်နှင့် ကာဘာလိုတို့အား ရှင်မြူးစွာဖြင့် လက်ကိုမြှောက်ပြီး ဝှေ့ယမ်းပြလိုက်သည်။

'ရှင် ရူးနေပြီလား' ကယ်လီက တိုးတိုးပြောလိုက်သည်။

ဒိန်းက အပြုံးမပျက် လက်ကိုင်ဖုန်းထုတ်ပြီး မြန်မြန်ပြောလိုက်သည်။ 'ကျွန်မတို့အခု ဟိုတယ်ရှေ့မှာ

www.burmeseclassic.com



ရောက်နေတယ်… ဩော်… ဟုတ်ကဲ့၊ ရှင်တို့ လမ်းထောင့်ရောက်နေပြီပေါ့' သူက ကယ်လီ့ကို ပြုံးပြရင်း 'သူတို့ ခုပဲ ရောက်လာတော့မယ်' ဟု အကျယ်ကြီးပြောလိုက်သည်။

ထို့နောက် ဖလင့်နှင့်ကာဘာလိုတို့ကို လှမ်းကြည့်ရင်း ဖုန်းနှင့်ပြောသည်။

'ဟင့်အင်း… သူတို့က နှစ်ယောက်တည်းပဲ' ခဏ နားထောင်နေသည်။ ထို့နောက်ရယ်လိုက်ပြီး 'ကောင်းပြီ… သူတို့ရောက်နေပြီ၊ အိုကေ'

ကယ်လီနှင့် လူဆိုးနှစ်ယောက်တို့ ရပ်ကြည့်နေစဉ်မှာပင် ဒိန်းသည် လမ်းဘေးပလက်ဖောင်းပေါ် ပြေးတက်ပြီး လက်ကိုမြှောက်ကာ ကားတွေကို လိုက်တားနေသည်။ ဖလင့်နှင့် ကာဘာလိုတို့မှာ အံ့အားသင့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။

ဒိန်းက ဖလင့်နှင့် ကာဘာလိုတို့အား လက်ညှိုးထိုးလျက် 'အဲဒီမှာ… အဲဒီမှာ… သူတို့ပဲ… သူတို့ပဲ' ဟု သွေးရူးသွေးတန်း အော်ပြောနေသည်။

ဖလင့်နှင့် ကာလာလိုတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး နောက်ပြန်လှည့်ပြေးသွားကြတော့သည်။

ကယ်လီက ဒိန်းကို ငေးကြည့်နေသည်။ သူ့ရင်ဘတ် တဒိန်းဒိန်းခုန်နေသည်။ 'သူတို့ ပြေးသွားပြီ၊ ဒါနဲ့ ရှင်ဖုန်းဆက်တာ ဘယ်သူ့ကိုလဲ'

ဒိန်းက သက်မချကာ စိတ်ငြိမ်အောင် ထိန်းလိုက်ပြီးတော့မှ…

'ဘယ်သူမှ မဟုတ်ဘူး၊ ဖုန်းက အားကုန်နေပြီ'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၈

ကယ်လီက ဒိန်းအား ပါးစပ်ဟောင်းလောင်းနှင့် ကြည့်နေသည်။

'သိပ်ကောင်းတယ်၊ ကျွန်မလည်း အဲဒီလို တွေးတတ်ချင်လိုက်တာ'

'နောက်တစ်ခါကျတော့ လုပ်ပေါ့'

'ဒီတော့ အခု ဘယ်သွားကြမလဲ'

'မင်ဟတ်တန်နယ်မြေက ထွက်ပြေးမယ်'

'ဘယ်ကို ပြေးမှာလဲ' ကယ်လီ မေးလိုက်သည်။ 'သူတို့က လေဆိပ်၊ ဘတ်စ်ကားဂိတ်၊ ဘူတာရုံ၊ အငှားကားဂိတ်တွေက ကြိုပြီးစောင့်နေမှာ'

ဒိန်း ခဏစဉ်းစားနေပြီးတော့မှ 'ဒါဆို ဘရွတ်ကလင်းကို သွားကြမယ်၊ အဲဒီကို သူတို့ မရောက်နိုင်လောက်ဘူး'

'ကောင်းတယ်' ကယ်လီက ပြောသည်။ 'ဒါဆို သွားပေတော့'

'ဘာပြောတာလဲ'

'ကျွန်မ ရှင်နဲ့ မလိုက်ဘူး'

ဒိန်းက တစ်ခုခုပြောမလို့ ကြံသည်၊နောက်မှ စိတ်ပြောင်းသွားပြီး...

'တကယ်ပြောတာလား'

'ဟုတ်တယ် မစ္စတ်စတီဗင်'

'ကဲ... ဒါဖြင့်... ဂွတ်ဘိုင်'

'ဂွတ်ဘိုင်'

ဒိန်း တက္ကစီကားပေါ်တက်သည်။ ကယ်လီ ရပ်ကြည့်နေသည်။ ဆုံးဖြတ်ချက်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



မချနိုင်ဖြစ်နေသည်။ ဘယ်သွားရမှန်းမသိ ဖြစ်နေသည်။ တက္ကစီ စထွက်သည်။

'ခဏနေဦး' ကယ်လီ လှမ်းအော်လိုက်သည်။

တက္ကစီရပ်သွားသည်။ ကယ်လီ အပြေးကလေး လိုက်သွားသည်။ ဒိန်းက ကားတံခါးဖွင့်ပေးသည်။ ကယ်လီ နောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

'ရှင် ဘယ်လိုလုပ် စိတ်ပြောင်းသွားတာလဲ'

'ကျွန်မ ဘရွတ်ကလင်းကို တစ်ခါမှ မရောက်ဖူးဘူး'

ဒိန်းက ကယ်လီ့ကိုကြည့်ပြီး ဦးခေါင်းကို ခါယမ်းလိုက်သည်။

'ဘယ်သွားမလဲ' ဒရိုင်ဘာက မေးသည်။

'ဘရွတ်ကလင်းကို မောင်း' ဒိန်းက ပြောလိုက်သည်။

'ဘရွတ်ကလင်းက ဘယ်နေရာကိုလဲ'

'လျှောက်ပတ်ပြီးသာ မောင်းပါ'

ကယ်လီက ဒိန်းကို လှည့်ကြည့်ပြီး 'ရှင်သွားမယ့်နေရာ ရှင်မသိဘူးလား'

'ရောက်တော့ သိလိမ့်မယ်'

ငါ လိုက်လာတာ မှားပြီထင်တယ်ဟု ကယ်လီ တွေးလိုက်မိသည်။

နှစ်ယောက်သား သောချင်းကပ်ထိုင်ပြီး လိုက်ပါလာကြသည်။ မိနစ် ၂၀လောက်ကြာတော့ ဘရွတ်ကလင်းတံတားကို ဖြတ်ကျော်လာသည်။

'ကျွန်မတို့ ဟိုတယ်မှာ တည်းချင်တယ်' ဒိန်းက ဒရိုင်ဘာကို ပြောလိုက်သည်။ 'ဘယ်ဟိုတယ် ကောင်းမလဲ'

'အကောင်းစားဟိုတယ်လား၊ ကျွန်တော်က တစ်ခုပဲသိတယ်၊ "အဒမ်" ဟိုတယ်၊ ခင်ဗျားတို့ ကြိုက်မှာပါ'

၀

'အဒမ်' ဟိုတယ်မှာ ငါးထပ်အုတ်တိုက် အဆောက်အအုံဖြစ်သည်။ ဂိတ်ဝတွင် အစောင့်ရှိသည်။

'မင်္ဂလာပါခင်ဗျား၊ ဒီမှာ တည်းမှာပါလား' အစောင့်က မေးသည်။

'ဟုတ်ပါတယ်' ဒိန်းက ခေါင်းညိတ်ပြလိုက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'သေတ္တာတွေ၊ အိတ်တွေ ပါသေးသလား'

'လေဆိပ်မှာ ပျောက်သွားလို့၊ ဒီအနီးအနားမှာ အဝတ်အစားဆိုင် ရှိသလား'

'ဆိုင်ကောင်းကောင်း ရှိပါတယ်၊ ပထမဆုံး ဟိုတယ်မှာ စာရင်းသွင်းပါဦး'

'ကောင်းပြီ၊ အခန်းလွတ်ရှိတာ သေချာပါတယ်နော်'

'ဒီရာသီမှာတော့ သေချာပါတယ်'

○

ကယ်လီနှင့် ဒိန်း အဝတ်အထည်နှင့် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းတွေ သွားဝယ်ပြီးနောက် ဟိုတယ်သို့ ပြန်ရောက်လာကြသည်။ အဝတ်အစားလဲပြီး အမောအပန်းဖြေနေကြစဉ် တံခါးခေါက်ပြီး ယူနီဖောင်းဝတ် ရုပ်ချောချော မိန်းကလေးတစ်ယောက် အခန်းထဲ ဝင်လာသည်။ လက်ထဲမှာတော့ မျက်နှာသုတ်ပုဝါတွေ တစ်ပွေ့တစ်ပိုက်နှင့်။

'မင်္ဂလာပါ၊ လိုအပ်တာရှိရင် ကျွန်မကို ဖုန်းနဲ့ လှမ်းခေါ်လိုက်ပါနော်'

'ကျေးဇူးတင်ပါတယ်' ကယ်လီက ပြန်ထွက်သွားသော မိန်းကလေးကို အကဲခတ်ရင်း ပြန်ပြောလိုက်သည်။ ဒိန်းက ဟိုတယ်မှပေးသော လက်ကမ်းကြော်ငြာစာစောင် လှန်လှောနေရင်းမှ...

'ဒီဟိုတယ် ဘယ်တုန်းက စဆောက်သလဲ၊ ရှင် သိသလား'

'ကဲ... အဝတ်လဲ' ကယ်လီက ပြောလိုက်သည်။ 'ဟိုတယ်က ထွက်မယ်'

'ဒီဟိုတယ်ကို စဆောက်တာက...'

'ကဲ... မြန်မြန် အဝတ်လဲစမ်းပါ၊ ဒီက ထွက်သွားကြတော့မယ်'

'ရှင် နောက်နေတာလား'

'မဟုတ်ဘူး၊ အန္တရာယ်တစ်ခုခု ဖြစ်တော့မယ်' သူ့အသံ တုန်နေသည်။

ဒိန်းက ပျာပျာသလဲနှင့် 'ဘာအန္တရာယ်လဲဟင်'

'ဘာအန္တရာယ်မှန်းတော့ မသိဘူး၊ ဒါပေမဲ့ ကျွန်မတို့ ဒီနေရာက အမြန်ထွက်သွားမှ ဖြစ်တော့မယ်၊ နို့မဟုတ်ရင် အဆောက်စလုံး သေမှာပဲ'

'ဒါဆို အဝတ်အစားတွေ ထုပ်ပိုး...'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'လုပ်မနေနဲ့၊ အားလုံး ထားပစ်ခဲ့'

'ဟင်… ကျွန်မတို့ ဝယ်လာခါစပဲရှိသေးတာ'

'မြန်မြန်လုပ်လို့ ပြောနေတယ်၊ ကဲ… ထွက်မယ်… လာ'

ဒိန်းမှာ ဘုမသိဘမသိနှင့် ကယ်လီနောက်သို့ အပြေးကလေး လိုက်လာခဲ့သည်။ အပြင်ရောက်တော့ ကယ်လီ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

'ဟိုဘက်အခြမ်းမှာ ပန်းခြံရှိတယ်၊ အဲဒီမှာ သွားထိုင်ကြမယ်'

လမ်းတစ်ဖက်က ပန်းခြံထဲ မြန်မြန်လျှောက်လာကြသည်။ ခုံတန်းလျားမှာ ဝင်ထိုင်ကြသည်။

'ရှင် ဘာတွေလုပ်နေမှန်း ကျွန်မတော့ စဉ်းစားလို့တောင် မရဘူး'

ထိုအခိုက် ဟိုတယ်ထဲမှ ရောမပေါက်ကွဲသံကြီး ပေါ်ထွက်လာသည်။ လေးထပ်အခန်းမှ ပြတင်းပေါက်များ ပြုတ်ထွက်သွားပြီး လေထဲတွင် လွင့်ပါသွားကြသည်။

ဒိန်းမှာ မျက်လုံးမျက်ဆန်ပြူးပြီး 'အဲဒါ ဗုံးပေါက်ကွဲတာ၊ ကျွန်မတို့အခန်းမှာ ပေါက်ကွဲတာ၊ အဲဒါ ရှင် ဘယ် လိုလုပ်ပြီး သိတာလဲဟင်'

'ဟိုကောင်မလေးပေါ့'

'သူ ဘာဖြစ်လို့လဲ'

'ရိုးရိုးဟိုတယ်မယ်တွေက ဒေါ်လာသုံးရာတန် "မနိုလိုဘလာနစ်" ရှူးဖိနပ် မစီးနိုင်ဘူး'

ဒိန်းမှာ အန္တရာယ်ကိုတွေးပြီး အသက်မရှူနိုင်အောင် ဖြစ်နေသည်။

'သူတို့… သူတို့… ကျွန်မတို့ကို ဘယ်လိုလုပ် သိသွားတာလဲ'

'အဲဒါတော့ မသိဘူး၊ ဒါပေမဲ့ ကျွန်မတို့နဲ့ ပတ်သတ်နေတဲ့လူ ဘယ်သူဆိုတာ သိတယ်မဟုတ်လား၊ ဒါနဲ့ ကျွန်မတို့ တန်နာကင်စလေနဲ့ သွားတွေ့တုန်းက သူ ဘာပေးလိုက်သေးသလဲ'

'လိပ်စာကတ်ပေးလိုက်တယ်'

နှစ်ယောက်စလုံး လက်ကိုင်အိတ်တွေကိုဖွင့်ပြီး လိပ်စာကတ်ကို ထုတ်ယူလိုက်ကြသည်။ ဒိန်းက သူ့ကတ်ကို နှစ်ပိုင်းချိုးကြည့်သည်၊ ချိုးလို့မရ။

'အထဲမှာ မိုက္ကရိုချစ်ပ် ထည့်ထားတယ်'

ကယ်လီကလည်း သူ့ကတ်ကို ချိုးကြည့်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကတ်မှာလည်း ထည့်ထားတယ်၊ ဒါကြောင့်မို့ ဒီကောင်တွေ ကျွန်မတို့ကို ခြေရာခံလိုက်နိုင်တာပေါ့'

ဒိန်းက ကယ်လီ့လက်ထဲမှ ကတ်ကိုဆွဲယူပြီး နှစ်ကတ်လုံးကို အောက်သို့ပစ်ချလိုက်သည်။ မိနစ်ပိုင်းအတွင်း သူတို့နှစ်ယောက် လမ်းမပေါ်သို့ ရောက်လာကြသည်။ အဝေးမှ အချက်ပေးဥဩသံတွေ ကြားရသည်။

ကယ်လီ ရုတ်တရက် ရပ်လိုက်ပြီး 'ကျွန်မတို့ ဒီနေရာက အမြန်ထွက်သွားတာ ပိုကောင်းမယ်၊ အခုဆိုရင် သူတို့က ကျွန်မတို့ကို ခြေရာခံလို့ မရတော့ဘူး၊ ကျွန်မတို့ အန္တရာယ်ကင်းသွားပြီ၊ ကျွန်မတော့ ပါရီကိုပြန်သွားတော့မယ်၊ ရှင်က ဘာလုပ်မလဲ'

'ဒီဖြစ်ရပ်ရဲ့ အကြောင်းရင်းကို စုံစမ်းမယ်'

'သတိတော့ ထားပါနော်'

'ရှင်လည်း သတိထားပါ'

ဒိန်းက ခဏငြိမ်နေပြီးတော့မှ 'ကယ်လီ··· အများကြီးကျေးဇူးတင်ပါတယ်၊ ကျွန်မအသက်ကို ရှင်ကယ်လိုက်တာ'

ထို့နောက် နှစ်ယောက်သား ပွေ့ဖက်လိုက်ကြသည်။ လမ်းခွဲကြရမှာကို ဝန်လေးနေကြသည်။

'ဒါနဲ့ ကျွန်မ အကြံတစ်ခုရတယ်' ဒိန်းက ပြောသည်။ 'အကြောင်းတစ်ခုခုရှိရင် ကျွန်မကို ဖုန်းဆက်ပါ' သူက စာရွက်မှာ ဖုန်းနံပါတ်ရေးပေးသည်။ ကယ်လီကလည်း သူ့ဖုန်းနံပါတ် ရေးပေးလိုက်သည်။

'ကဲ··· သွားတော့မယ်နော်··· ဂွတ်ဘိုင်'

ဒိန်း ခဏနှုတ်ဆိတ်နေပြီးမှ 'ကောင်းပြီ၊ ဂွတ်ဘိုင် ကယ်လီ'

ကယ်လီ လျှောက်ထွက်သွားသည်။ ဒိန်း ရပ်ကြည့်ကျန်ရစ်သည်။ လမ်းထောင့်ရောက်တော့ ကယ်လီ နောက်ပြန်လှည့်ပြီး လက်ကိုဝှေ့ယမ်းပြသည်။ ဒိန်းကလည်း ပြန်၍ဝှေ့ယမ်းပြသည်။ ကယ်လီ မျက်စိအောက်မှ ပျောက်သွားသောအခါ ဒိန်းက ဟိုတယ်လေးထပ်ခန်းဆီသို့ မော်ကြည့်လိုက်သည်။ မည်းတူးနေသော အပေါက်ကြီးကို ကြည့်ပြီး ကြက်သီးဖြန်းဖြန်း ထသွားမိသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၂၉

ကသီအော်ဒိုနက် သတင်းစာတွေကိုင်ပြီး တန်နှာကင်စလေ၏ ရုံးခန်းထဲသို့ ဝင်လာသည်။ 'ဟိုသတင်းတွေ နောက်ထပ် ပါလာပြန်ပြီ' ဟုပြောရင်း သတင်းစာတွေကို ကမ်းပေးသည်။ အားလုံး မျက်နှာဖုံးသတင်းတွေ ဖြစ်နေသည်။

*ဂျာမနီမြို့ကြီးတွေမှာ မြူနှင်းတွေပိတ်ဆို့။ မြူနှင်းကြောင့် ဂျာမနီလေဆိပ်တွေ အားလုံးပိတ်ထားရ။ ဂျာမနီမှာ မြူနှင်းကြောင့် လူအသေအပျောက် များပြား။*

'အထက်လွှတ်တော်အမတ် ဗန်လူဗင်ဆီကို ပို့လိုက်ရဦးမှာလား'

'အေး··· ခုချက်ချင်း ပို့လိုက်'

ကသီ ရုံးခန်းထဲမှ ပြန်ထွက်သွားသည်။

တန်နှာက လက်ပတ်နာရီကိုကြည့်ပြီး ပြုံးလိုက်သည်။ ဒီလောက်ဆို ဗုံးပေါက်ကွဲပြီးဖြစ်မယ်၊ ဟိုအကောင်မနှစ်ယောက်လည်း မလကိရျောင်းပြီ။

ရုံးတွင်းဖုန်းမှ အတွင်းရေးမှူးအသံ ပေါ်ထွက်လာသည်။

'အထက်လွှတ်တော်အမတ် ဗန်လူဗင်ဆီက ဖုန်းဝင်လာပါတယ်၊ သူ့နဲ့ ပြောချင်ပါသလား'

'ပြောမယ်' တန်နှာ ဖုန်းကို ကောက်ကိုင်ပြီး 'တန်နှာကင်စလေပါ'

'ဟဲလို··· မစ္စတာကင်စလေ၊ ကျွန်မ ဗန်လူဗင်ပါ'

'မင်္ဂလာပါ ခင်ဗျား'

'ကျွန်မရဲ့ လက်ထောက်တွေနဲ့ ကျွန်မတို့ ရှင်တို့ရုံးချုပ်နား ရောက်နေပါတယ်၊ အဆင်ပြေမယ်ဆိုရင် ဝင်ကြည့်ချင်လို့ပါ'

'ဟုတ်ကဲ့၊ အဆင်ပြေပါတယ်ခင်ဗျာ၊ ကျွန်တော် စုံစုံလင်လင် ကြိုဆိုပါမယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ၊ မကြာခင် ရောက်လာမှာပါ'

တန်နှာ ရုံးတွင်းဖုန်းခလုတ်နှိပ်ပြီး ပြောလိုက်သည်။

'ခဏနေရင် ဧည့်သည်တွေ လာဖို့ရှိတယ်၊ ငါ့ဆီလာတဲ့ ဖုန်းတွေကို ဖြတ်ထားလိုက်ပါ'

မကြာခင်ကလေးက သတင်းစာများတွင် ပါလာသည့် အသုဘသတင်းကို သတိရသည်။ အထက်လွှတ်တော်အမတ် ဗန်လူဗင်၏ခင်ပွန်း အက်ဒမွန်ဘာကလေ နှလုံးရောဂါဖြင့် ကွယ်လွန်သွားသည့် သတင်းဖြစ်သည်။ မိသားစုနဲ့ ထပ်တူ ကြေကွဲဝမ်းနည်းမိပါကြောင်း ပြောရမည်ဟု တန်နှာတွေးမိသည်။

○

နောက် ၁၅မိနစ်အကြာတွင် ဗန်လူဗင်နှင့် သူ၏လက်ထောက် အမျိုးသမီးနှစ်ယောက် ရောက်လာကြသည်။

တန်နှာ ထိုင်ရာမှထသွားပြီး ကြိုဆိုနှုတ်ဆက်သည်။

'အခုလို လာရောက်တာ အများကြီး ဝမ်းသာပါတယ်ခင်ဗျား'

ဗန်လူဗင် ခေါင်းညိတ်ပြီး 'သူတို့က ကော်ရန်မာဖီနဲ့ ကရိုလီထရော့စ်'

တန်နှာက ပြုံးလျက် 'ဟုတ်ကဲ့… နှစ်ယောက်စလုံးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်' ဗန်လူဗင်ဘက်လှည့်ပြီး 'စေ့တာဘာကလေ ကွယ်လွန်သွားတဲ့အတွက် အများကြီး ဝမ်းနည်းမိပါတယ်'

ဗန်လူဗင်က ခေါင်းညိတ်ပြီး 'ကျေးဇူးတင်ပါတယ်၊ သူက နာတာရှည်ဖြစ်နေတာပါ၊ နောက်ဆုံးသုံးလေးပတ်လောက်ကမှ…' အားတင်းပြီးပြုံးရင်း 'ဒါနဲ့ စကားမစပ်၊ ကမ္ဘာကြီးပူနွေးလာတာနဲ့ ပတ်သတ်တဲ့ သတင်းပို့ပေးလိုက်တာ အများကြီး အကျိုးရှိပါတယ်'

'ကျေးဇူးတင်ပါတယ်'

'ဒီမှာ ဘာတွေလုပ်နေတယ်ဆိုတာ ကျွန်မတို့ ကြည့်ပါရစေလား'

'ဟုတ်ကဲ့၊ ရပါတယ်ခင်ဗျား၊ ဘယ်လိုကြည့်မှာလဲခင်ဗျာ၊ ၅ရက်လား၊ ၄ရက်လား၊ ဒါမှမဟုတ် တစ်နာရီခွဲလား'

'တစ်နာရီခွဲပဲလုပ်ပါ'

'ကောင်းပါပြီ'

'ကေအိုင်ဂျီမှာ အမှုထမ်း ဘယ်လောက်ရှိပါသလဲ'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'နှစ်ထောင်လောက်ရှိပါတယ်၊ တစ်ကမ္ဘာလုံးမှာ ကေအိုင်ဂျီရုံးခွဲ တစ်ဒါဇင်လောက်ရှိပါတယ်၊ အခု ဒီရုံးချုပ်အဆောက်အအုံတွေမှာတော့ အမှုထမ်း ၅၀၀ ရှိပါတယ်၊ ရုံးအမှုထမ်းတွေနဲ့ သုတေသနအမှုထမ်းတွေကို သီးခြား ရုံးခန်းအိမ်ခန်းတွေနဲ့ ခွဲထားပါတယ်၊ ဒီမှာ အမှုထမ်းနေတဲ့ သိပ္ပံပညာရှင်တွေဟာ အနိမ့်ဆုံး ဉာဏ်ရည်အချိုး ၁၆၀ရှိကြပါတယ်'

'တကယ့်ပါရမီရှင်တွေပဲနော်' ကော်ရန်နီမာဗီက ချီးကျူးလိုက်သည်။

'ကဲ… ကျွန်တော့်နောက် လိုက်ခဲ့ကြပါ'

ရုံးခန်းနှင့်ကပ်လျက် အဆောက်အအုံတစ်ခုထဲ ဝင်လာကြသည်။ အဆင့်မြင့်ပညာရှင်များသာ နားလည်မည့် အီလက်ထရောနစ်ကရိယာများဖြင့် ပြည့်သိပ်နေသော အခန်းတစ်ခန်းထဲ ရောက်လာကြသည်။

'ဒါက ဘာလုပ်တဲ့ပစ္စည်းလဲ' ဇန်လူဗင်က ထူးထူးဆန်းဆန်းပုံစံရှိသည့် စက်တစ်ခုကို ကြည့်၍မေးလိုက်သည်။

'အဲဒါ "ဆောင်းစပက်ထရိုဂရမ်"ပါ၊ သူက အသံကို "ဗွိုက်စ်ပရင့်" ထဲကို ပြောင်းပေးတယ်၊ ဒီစက်က အသံအမျိုးအစားပေါင်း ထောင်သောင်းချီပြီး မှတ်မိနိုင်တယ်'

'အဲဒီစက်က ဘယ်လို အလုပ်လုပ်သလဲ' ထရော့က မေးလိုက်သည်။

'ဩော်… ဒီလိုပါ၊ လူတစ်ယောက်က အခြားတစ်ယောက်ကို ဖုန်းခေါ်ရင် တစ်ဖက်လူရဲ့အသံကို ဖုန်းခေါ်တဲ့လူက ချက်ချင်းမှတ်မိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အသံရဲ့ပုံစံကို တစ်ဖက်လူရဲ့ ဦးနှောက်ထဲမှာ ပုံသွင်းထားလိုက်လို့ပဲ၊ ဒီစက်ကို အဲဒီနည်းနဲ့ စီစဉ်ထားပါတယ်၊ လူတစ်ဦးချင်းစီရဲ့ အသံကို ခွဲခြားသိနိုင်တဲ့ အီလက်ထရောနစ်ကရိယာ တပ်ဆင်ထားပါတယ်'

လေ့လာရေးအဖွဲ့ဝင်တွေ နောက်ထပ်တွေ့မြင်ရတာတွေကတော့ ရောမစက်ယန္တရားများ၊ အသေးစားအနုကြည့်မှန်ဘီလူးများ၊ ဓာတုဗေဒ ဓာတ်ခွဲခန်းများ၊ အဆန်းတကြယ်သင်္ကေတတွေ ရေးသားထားသော ဘုတ်ပြားတွေချိတ်ထားသည့် အခန်းများ၊ သိပ္ပံပညာရှင် တစ်ဒါဇင်ခန့် စုပေါင်းလုပ်ကိုင်နေသည့် ဓာတ်ခွဲခန်းများနှင့် လျှို့ဝှက်ပြဿနာအတွက် တစ်ယောက်တည်း အဖြေရှာနေသည့် သိပ္ပံပညာရှင်၏အခန်းတို့ ဖြစ်၏။

တံခါးကို သော့ခလောက်နှစ်ထပ်ခတ်ထားသည့် အနီရောင်အုတ်တိုက် အဆောက်အအုံကို ဖြတ်လာကြသည်။

'အဲဒီထဲမှာ ဘာတွေရှိသလဲ'

ဇန်လူဗင်က မေးလိုက်သည်။

'အစိုးရရဲ့ လျှို့ဝှက်သုတေသနလုပ်ငန်းတွေပါ၊ ဝမ်းနည်းပါတယ်ခင်ဗျား၊ မဆိုင်သူ ဝင်ခွင့်မရှိပါဘူး'

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီအကြာတွင် လျှောက်ကြည့်လေ့လာချိန် ပြီးဆုံးသွားသောအခါ တန်နာက အမျိုးသမီးသုံးဦးတို့ကို သူ့ရုံးခန်းသို့ ပြန်ခေါ်လာခဲ့သည်။

'လေ့လာရတာ ကျေနပ်လိမ့်မယ် ထင်ပါတယ်' တန်နာက ပြောသည်။

ဗန်လူဗင်က ခေါင်းညိတ်လျက် 'စိတ်ဝင်စားစရာ ကောင်းပါတယ်'

'သိပ်ပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်' မာဇီက ပြုံးပြီးပြောသည်။ သူ့မျက်လုံးတွေက တန်နာ့အပေါ် ရောက်နေသည်။

'ကျွန်မလည်း သိပ်ပြီး သဘောကျပါတယ်' ထရေ့စ်က အားတက်သရော ပြောသည်။

တန်နာက ဗန်လူဗင်ဘက်သို့လှည့်ပြီး 'ဒါနဲ့ စကားမစပ် ကျွန်တော်တို့ပြောတဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးပြဿနာကို လုပ်ဖော်ကိုင်ဖက်တွေနဲ့ ဆွေးနွေးဖြစ်ပါသေးသလား'

ဗန်လူဗင်က ခပ်ပေါ့ပေါ့ပင် 'ဟုတ်ကဲ့'

'အခြေအနေကို ထင်မြင်ချက်ကလေး ပေးပါဦး'

'ဒါက ထင်မြင်ချက်ကစားပွဲ မဟုတ်ဘူး မစ္စတာကင်စလေ၊ ထပ်ပြီး ဆွေးနွေးစရာတွေ အများကြီး ရှိပါသေးတယ်၊ ဆုံးဖြတ်ချက်ချပြီးတဲ့အခါ ရှင့်ကို အသိပေးပါမယ်'

'ကျေးဇူးပါပဲ၊ အခုလို ကျွန်တော်တို့ဆီ ဝင်လာတာကို အများကြီး ကျေးဇူးတင်ပါတယ်'

ထို့နောက် ဧည့်သည့်အမျိုးသမီး သုံးယောက် ပြန်ထွက်သွားကြသည်။ သူတို့ နောက်မှ တံခါးပြန်ပိတ်သွားတော့ မိုက်ခွင်းဖုန်းမှ ကသီအော်ဒိုနက်၏ အသံ ပေါ်ထွက်လာသည်။

'မစ္စတာကင်စလေ၊ ဆယ်ဒါဟာနန်ဒက်ဆီက ဖုန်းဝင်လာပါတယ်၊ အရေးပေါ်ကိစ္စလို့ ပြောပါတယ်၊ ဖြတ်လိုက်ရမှာလား၊ ပြောမှာလား'

'ပြောမယ်၊ ပြောမယ်'

ဆယ်ဒါဟာနန်ဒက်မှာ ဗုံးထောင်ရန် 'အဒမ်' ဟိုတယ်သို့ စေလွှတ်လိုက်သည့် အမျိုးသမီးဖြစ်သည်။

တန်နာက သတင်းကောင်းကို မျှော်လင့်လျက် ဖုန်းကို ကောက်ကိုင်လိုက်သည်။

'အဆင်ပြေတယ်မဟုတ်လား ဆယ်ဒါ'

'ဝမ်းနည်းပါတယ် မစ္စတာကင်စလေ' သူ့အသံ တုန်နေသည်။ 'သူတို့ လွတ်ထွက်သွားပါတယ်'

'ဟင်… ဘယ်လို… ဘာဖြစ်တယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဗုံးမကွဲခင် သူတို့ ထွက်ပြေးသွားကြပါတယ်၊ သူတို့နှစ်ယောက် ဟိုတယ်ညှော်ခန်းမထဲက ထွက်သွားတာကို တံခါးစောင့်လူငယ်က မြင်လိုက်ပါတယ်'

တန်နှာ ဖုန်းကို ပစ်ချလိုက်သည်။ အတွင်းရေးမှူးဆီ ဖုန်းဆက်သည်။

'ဖလင့်နဲ့ ကာဘာလိုတို့ကို ငါ့ဆီလွှတ်လိုက်'

တစ်မိနစ်အကြာတွင် ဖလင့်နှင့်ကာဘာလိုတို့ တန်နှာ့ရုံးခန်းထဲ ဝင်လာကြသည်။ တန်နှာ အကြီးအကျယ် ဒေါကန်နေသည်။

'ဟို ခွေးတိရစ္ဆာန်မနှစ်ကောင် လွတ်သွားပြန်ပြီ၊ ဒါ နောက်ဆုံးအကြိမ်ပဲလို့မှတ်၊ နောက်တစ်ကြိမ်လွတ်ရင် ငါ လုံးဝ ခွင့်လွှတ်မှာမဟုတ်ဘူး၊ နားလည်တယ်မဟုတ်လား၊ သူတို့ရှိတဲ့နေရာကို ငါပြောမယ်၊ မင်းတို့က အပြတ်သွားရှင်း၊ ဘာမေးချင်သေးလဲ'

ဖလင့်နှင့် ကာဘာလိုတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး…

'မေးစရာမရှိပါဘူး ခင်ဗျား'

တန်နှာက ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အီလက်ထရောနစ် တပ်ဆင်ထားသည့် မြို့တော်မြေပုံ ပေါ်လာသည်။ 'သူတို့ဆီမှာ ငါ့လိပ်စာကတ်ရှိနေသမျှ သူတို့ကို ခြေရာခံလို့ရတယ်'

တီဗွီဖန်သားပြင်ပေါ်မှ မြေပုံပေါ်တွင် အီလက်ထရောနစ် အလင်းရောင်တွေ ပေါ်လာသည်။ တန်နှာ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ အလင်းရောင်တွေ ရွေ့လျားသွားနေသည်။ တန်နှာ အံကြိတ်ပြီး ပြောလိုက်သည်။

'ကတ်တွေကို သူတို့ လွှင့်ပစ်လိုက်ပြီ' သူ့မျက်နှာ နီရဲလာသည်။ သူ့လူနှစ်ယောက်ကို စေ့စေ့ကြည့်ပြီး ပြောလိုက်သည်။ 'သူတို့ ဒီနေ့ သေတာကို ငါလိုချင်တယ်'

ဖလင့်က တန်နှာ့ကို ကြောင်ကြောင်ကြီးကြည့်ပြီး 'သူတို့ ဘယ်မှာရှိတယ်ဆိုတာ မသိဘဲနဲ့…'

တန်နှာက ဖြတ်ပြီး 'ဟေ့… မိန်းမတစ်ယောက်က တစ်ပတ်ရိုက်ကျော်တက်တာကို ငါက ဒီအတိုင်း ငုံ့ခံနေမယ် ထင်သလား၊ သူတို့မှာ လက်ကိုင်ဖုန်းရှိနေသမျှ ငါတို့ကို မပြောဘဲနဲ့ သူတို့ ဘယ်မှ သွားလို့မရဘူး'

'မစ္စတာကင်စလေက သူတို့ ဖုန်းနံပါတ်ကို သိလို့လား'

တန်နှာ ဘာမှ ပြန်မပြော၊ သူ မြေပုံကို ကြည့်နေသည်။ 'အခုဆို သူတို့နှစ်ယောက် လူချင်းကွဲသွားပြီ' နောက်ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ 'ဒိန်းစတီဗင်ကို ပထမဆုံး ကိုင်မယ်' နံပါတ်တစ်ခုကို ထည့်သွင်းလိုက်သည်။

မြေပုံပေါ်က အလင်းစက်တွေ ရွေ့သွားပြီး မင်ဟတ်တန်နယ်မြေမှလမ်းတွေကို ညွှန်ပြသည်။ ဟိုတယ်တွေ၊

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဈေးဆိုင်တွေနှင့် ကုန်တိုက်တွေကို မြင်ရသည်။ နောက်ဆုံး၌ 'အားလုံးအတွက် ကုန်ပဒေသာစတိုး' ဟု ဆိုင်းဘုတ်တပ်ထားသည့် အဆောက်အအုံပေါ်တွင် အလင်းစက် ရပ်သွားသည်။

'ဒိန်းစတီဗင် အဲဒီအထဲမှာ ရှိနေတယ်' တန်နှာ နောက်ထပ်ခလုတ်တစ်ခုကို နှိပ်ပြန်သည်။ 'ကယ်လီဟားရစ် ဘယ်ရောက်နေလဲ ကြည့်ရအောင်' တန်နှာ ခလုတ်တစ်ခုကို ထပ်နှိပ်ပြန်သည်။ အလင်းစက်ရွေ့လျားပြီး မြို့တော်တစ်ခွင် တစ်ပြင်လုံးကို အလင်းကွက်ထိုးပြသည်။ အဝတ်အထည်ဆိုင်၊ စားသောက်ဆိုင်၊ ဆေးဆိုင်နှင့် ဘတ်စကားဂိတ်တို့ကို မြင်ရသည်။ အလင်းစက်သည် ဖြည်းဖြည်းကလေး ရွေ့လျားနေရာမှ ဟာလာဟင်းလင်း အဆောက်အအုံကြီးတစ်ခုရှေ့တွင် ရုတ်တရက် ရပ်တန့်သွားသည်။

'ကယ်လီဟားရစ် ဘတ်စကားဂိတ်မှာ ရှိနေတယ်' တန်နှာ ပြောလိုက်သည်။

'နှစ်ယောက်စလုံးကို အမြန်မိအောင် လုပ်ရမယ်'

'ဘယ်လိုလုပ်မလဲ' ကာဘာလိုက မေးလိုက်သည်။ 'သူတို့က မြို့စွန်မြို့ဖျား ဆန့်ကျင်ဘက်မှာ ရောက်နေတာ၊ ကျွန်တော်တို့ ရောက်သွားချိန်မှာ သူတို့က ထွက်ပြေးသွားပြီး ဖြစ်နေမှာ'

'လာ… လိုက်ခဲ့' တန်နှာ ကပ်လျက်အခန်းသို့ လာခဲ့သည်။ သူ့လူနှစ်ယောက်က သူ့နောက်မှ လိုက်လာကြသည်။ သူတို့ဝင်လာသည့် အခန်းထဲတွင် မော်နီတာတွေ၊ ကွန်ပျူတာတွေ၊ သင်္ကေတအရောင်မျိုးစုံပါသည့် သော့များချိတ်ထားသော အီလက်ထရောနစ်ကီးဘုတ်တွေနှင့် ပြည့်နှက်နေသည်။ နံရံကပ်စင်ပေါ်တွင် စီဒီနှင့် ဒီဗွီဒီထည့်ထားသည့် စက်ကလေးတစ်လုံး ရှိသည်။ တန်နှာက စက်ထဲသို့ 'ဒိန်းစတီဗင်' နာမည်ကို ထည့်လိုက်သည်။

'ဒါက ဖွိုက်စ်ဆင်သက်ဆိုက်ဇာ၊ အသံအမျိုးမျိုးထွက်စေတဲ့ အီလက်ထရောနစ် ကီးဘုတ်ကရိယာ၊ မစ္စက်စတီဗင်နဲ့ မစ္စက်ဟားရစ်တို့ရဲ့အသံတွေကို အရင်ကတည်းက ကိန်းဂဏန်းအဖြစ် ပြောင်းလဲထားပြီးပြီ၊ သူတို့ရဲ့ စကားသံတွေကို မှတ်တမ်းတင်ပြီး စစ်ဆေးတယ်၊ ခလုတ်ကိုနှိပ်လိုက်တာနဲ့ ငါပြောတဲ့ စကားလုံးတိုင်းကို သူတို့အသံနဲ့ မှတ်တမ်းတင်တယ်' သူက လက်ကိုင်ဖုန်းကိုထုတ်ပြီး နံပါတ်တချို့ကို နှိပ်သည်။

''ဟဲလို'' ကယ်လီဟားရစ်၏ အသံဖြစ်သည်။

'ကယ်လီ… မင်းကိုတွေ့တာ ငါသိပ်ပြီးဝမ်းသာတယ်' စကားပြောတာက တန်နှာ၊ သို့သော် ကြားရတာက ဒိန်းစတီဗင်၏အသံ။

'ဒိန်း… ရှင် ကျွန်မကို ဖမ်းမိတာ အချိန်ကိုက်ပဲ၊ ကျွန်မ အခု ဒီနေရာက ထွက်လာပြီ'

ဖလင့်နှင့် ကာဘာလိုတို့ တအံ့တသြ နားထောင်နေကြသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်သွားမလို့လဲ ကယ်လီ'

'ရှီကာဂိုသွားမယ်၊ အဲဒီကမှ လေယာဉ်နဲ့ အိမ်ပြန်မယ်၊ အိုဟဲယားလေဆိပ်က ထွက်မယ်'

'ကယ်လီ··· ရှင် အခု ထွက်သွားလို့မရသေးဘူး'

ခဏငြိမ်နေပြီးတော့မှ 'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆိုတော့ အဖြစ်အပျက်အမှန်ကို ကျွန်မသိရပြီ၊ ကျွန်မတို့ ယောက်ျားတွေကို ဘယ်သူသတ်တယ်၊ ဘာကြောင့်သတ်တယ်ဆိုတာ ကျွန်မသိရပြီ'

'အို··· ဘုရားသခင်၊ ဘယ်လို··· ဘယ်လို··· ရှင်ပြောတာ တကယ်လား'

'တကယ်ပေါ့၊ သက်သေအထောက်အထားတွေ အားလုံး ရထားပြီးပြီ'

'ဒိန်း··· တကယ့်အံ့သြစရာပါပဲ'

'သက်သေခံ အထောက်အထားက ကျွန်မဆီမှာ ရှိနေတယ်၊ ကျွန်မ ဒယ်လမွန့်ဟိုတယ် အပေါ်ဆုံးထပ်(အေ)မှာ၊ ကျွန်မ ဒီကနေပြီး အက်ဖ်ဘီအိုင်ကို သွားမယ်၊ ရှင်ပါလိုက်ခဲ့စေချင်တယ်၊ ဒါပေမဲ့ ရှင်က အိမ်ပြန်မယ်ဆိုတော့···'

'မပြန်ဘူး၊ မပြန်ဘူး၊ မတ် ကြိုးစားလုပ်ခဲ့တာကို ပြီးစီးတဲ့အထိ ကျွန်မ ကူညီချင်တယ်'

ဖလင့်နှင့်ကာဘာလိုတို့က စကားလုံးတိုင်းကို အထူးအာရုံစိုက်၍ နားထောင်နေကြသည်။ နောက်ဘက်မှာတော့ ရှီကာဂိုသို့ ဘတ်စကားထွက်တော့မည့် ကြော်ငြာသံကို သူတို့ ကြားရသည်။

'ကျွန်မ ရှင်နဲ့ လိုက်ခဲ့မယ် ဒိန်း၊ ရှင်ပြောတာ ဒယ်လမွန့်ဟိုတယ်နော်'

'ဟုတ်တယ်၊ စဖလမ်း၊ အပေါ်ဆုံးထပ်(အေ)'

'ကျွန်မ လာနေပြီ၊ မကြာခင် တွေ့မယ်' အဆက်အသွယ် ပြတ်တောက်သွားသည်။

တန်နာက ဖလင့်နှင့် ကာဘာလိုတို့ဘက်လှည့်ပြီး 'ပြဿနာတစ်ဝက်တော့ ဖြေရှင်းပြီးသွားပြီ၊ အခြားတစ်ဝက်ကို အခုဆက်ပြီး ဖြေရှင်းကြမယ်'

ထို့နောက် သူက 'ကယ်လီဟားရစ်' ဟူ၍ နာမည်ရေးထားသော စီဒီတစ်ချပ်ကို ဆင်သက်ဆိုက်ဇားစက်ထဲ ထည့်လိုက်သည်။ ပြီးတော့ လက်ကိုင်ဖုန်းဖွင့်ပြီး နံပါတ်တချို့ နှိပ်သည်။

ချက်ချင်းပင် ဒိန်း၏အသံ ထွက်ပေါ်လာသည်။

'ဟဲလို'

တန်နာ ဖုန်းနှင့် စကားပြောသည်။ သို့သော်လည်း သူတို့ကြားရတာက ကယ်လီ၏အသံ။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒိန်း'

'ကယ်လီ… အခြေအနေဘယ်လိုလဲ'

'အံ့ဩစရာပဲ၊ ကျွန်မ သတင်းထူးရထားတယ်၊ လူသတ်ကောင် ဘယ်သူဘယ်ဝါဆိုတာနဲ့ ဘာကြောင့်သတ်တယ်ဆိုတာ ကျွန်မသိထားပြီ'

'တကယ်… ဒါဆို… အဲဒါ ဘယ်သူ… ဘယ်သူလဲ'

'ဖုန်းနဲ့ပြောလို့မဖြစ်ဘူး ဒိန်း၊ ကျွန်မ ဒယ်လမွန်ဟိုတယ်မှာ ရှိနေတယ်၊ စဖြလမ်း၊ အပေါ်ဆုံးထပ်(အေ)၊ ရှင်လာမှာလား'

'လာမယ်၊ ခုချက်ချင်း လာခဲ့မယ်'

'ကောင်းပြီ၊ ကျွန်မ စောင့်နေမယ်'

တန်နာ စက်ကို ပြန်ပိတ်လိုက်ပြီး ဖလင့်ဘက်လှည့်လျက် 'မင်းသွားပြီး စောင့်နေ' သော့တစ်ချောင်း ကမ်းပေးရင်း

'ဒါ အခန်းသော့၊ အဲဒီကိုသွား၊ သူတို့ကို စောင့်နေ၊ တံခါးဝ ဝင်လာတာနဲ့ တစ်ပြိုင်နက် နှစ်ယောက်စလုံး အပြတ်ရှင်းပစ်လိုက်၊ အလောင်းတွေကိစ္စကိုတော့ ငါကြည့်လုပ်မယ်'

ဖလင့် အခန်းထဲမှ အမြန်ထွက်သွားသည်။

'ကျွန်တော်က ဘာလုပ်ရမှာလဲ မစ္စတာကင်စလေ' ကာဘာလိုက မေးလိုက်သည်။

'ဆယ်ဒါပဟာနန်ဒက်ကို ကြည့်ရှင်းလိုက်'

○

အပေါ်ဆုံးထပ်(အေ) အခန်းထဲတွင် ထိုင်စောင့်ရင်း ဒီအချိန်မှာတော့ လုံးဝ… လုံးဝအပြတ်ပဲဟု ဖလင့်က ဆုံးဖြတ်ချက်ချလိုက်သည်။ အရင်တုန်းက ခိုင်းသည့်အတိုင်း 'အပြတ်' မလုပ်နိုင်ခဲ့သူများကို တန်နာက 'အပြတ်ရှင်းပစ်' ခဲ့ကြောင်း သူကြားဖူးသည်။ 'ငါ့ကိုတော့ အပြတ်မရှင်းစေရဘူး' ဟု သူကိုယ်သူ ကတိပြုလိုက်သည်။ ပြီးတော့ သေနတ်ကို ဆွဲထုတ်လိုက်သည်။ ပြောင်းကို စစ်ဆေးကြည့်သည်။ အသံတိတ်ကရိယာကို တပ်သည်။ နောက်ထပ်လုပ်စရာက ထိုင်စောင့်ရုံပဲ။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒယ်လမွန်ဟိုတယ်မှ ခြောက်ပြခန်းအကွာ တက္ကစီကားပေါ်တွင် ပါလာသည့် ကယ်လီဟားရစ်သည် ဒိန်းပြောတာတွေကို ပြန်သတိရပြီး အလွန်စိတ်လှုပ်ရှားနေသည်။

*ကျွန်မတို့ယောက်ျားတွေကို ဘယ်သူသတ်တယ်၊ ဘာကြောင့်သတ်တယ်ဆိုတာ ကျွန်မသိရပြီ၊ ...သက်သေခံအထောက်အထားက ကျွန်မဆီမှာ ရှိနေတယ်။*

မတ်... မောင့်ကိုသတ်တဲ့လူတွေက ပြန်လည်ဂလုံစားချေဖို့ ကျွန်မကြိုးစားနေပြီဟု ကယ်လီ စိတ်ထဲက ပြောလိုက်သည်။

○

ဒိန်းသည် အလွန်စိတ်စောနေသည်။ ခြောက်အိပ်မက်ကြီးကတော့ နိဂုံးချုပ်တော့မည်။ သူတို့ကို သတ်ရန်ကြံစည်နေသူတွေကို ကယ်လီ သိထားပြီ။ အထောက်အထားတွေ သူ ရထားပြီ။

ရစ်ချတ်... ကျွန်မအတွက် မောင်ဂုဏ်ယူရမယ့်အလုပ်ကို ကျွန်မ လုပ်ပြမယ်၊ ကျွန်မအနားမှာ မောင်ရှိနေသလိုပဲ ခံစားရတယ်...

'ကဲ ရောက်ပါပြီခင်ဗျာ၊ ဒယ်လမွန်ဟိုတယ်'

တက္ကစီဒရိုင်ဘာ၏ စကားကြောင့် ဒိန်း အတွေးပြတ်သွားသည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၀

ဒိန်းသည် ဟိုတယ်ဧည့်ခန်းမကို ဖြတ်၍ ဓာတ်လှေကားသို့ လျှောက်လာသည်။ ရင်ကလည်း တဒိန်းဒိန်း ခုန်နေသည်။ ကယ်လီနှင့် အမြန်တွေ့ပြီး သူပြောပြတာတွေကို သိချင်လှပြီ။

ဓာတ်လှေကား ပွင့်လာပြီး ခရီးသည်တွေ ထွက်လာကြသည်။

'အပေါ်တက်မှာလား'

'ဟုတ်ကဲ့' ဒိန်း ဓာတ်လှေကားထဲ ဝင်လိုက်သည်။ 'အပေါ်ဆုံးထပ်'

သူ အလွန်စိတ်လှုပ်ရှားနေသည်။ သူတို့ယောကျ်ားတွေ အသတ်ခံရလောက်အောင် ဘယ်လို လျှို့ဝှက်အလုပ်တွေ လုပ်နေခဲ့ကြသလဲ၊ ကယ်လီက ဘယ်လိုလုပ်ပြီး သိရတာလဲ။

ဓာတ်လှေကား လှုပြည့်သွားပြီ။ တံခါးပြန်ပိတ်သွားပြီး အပေါ်တက်လာသည်။ ဒိန်းသည် ကယ်လီ့ကို နာရီပိုင်းကလေးကမှ တွေ့ခဲ့သေးသည်။ သို့သော်လည်း အောင့်မေ့သလိုလို ခံစားရတော့ သူ့ကိုယ်သူ အံ့ဩမိသည်။

ဓာတ်လှေကား ခြောက်ကြိမ်ရပ်ခဲ့ပြီးနောက် တံခါးပွင့်သွားသည်။

'အပေါ်ဆုံးထပ်ရောက်ပြီ' အော်ပရေတာ ပြောလိုက်သည်။

○

အပေါ်ဆုံးထပ်(အေ) အခန်းထဲတွင် အပြင်မှအသံဗလံကို နားစွင့်ရင်း တံခါးနားကပ်ပြီး ဖလင့် စောင့်နေသည်။ ပြဿနာမှာ တံခါးက သာမာန်ထက် အလွန်ထူထပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဘာကြောင့်ဆိုတာကို ဖလင့် သိသည်။ အပြင်က အသံကိုမကြားအောင် လုပ်ထားခြင်းမဟုတ်၊ အတွင်းမှ အသံကိုမကြားအောင် လုပ်ထားခြင်း ဖြစ်၏။

○

ဒိန်း ဓာတ်လှေကား အပြင်သို့ ထွက်လိုက်သည်။

'အပေါ်ဆုံးထပ်(အေ) ဘယ်မှာလဲ'

'လက်ဝဲဘက်မှာ၊ စင်္ကြံလမ်းအဆုံးခန်းပဲ၊ ဒါပေမဲ့ အဲဒီမှာ ဘယ်သူမှ မရှိဘူး'

ဒိန်းက ပြန်လှည့်ပြီး 'ဘာ...'

'အပေါ်ဆုံးထပ်အခန်းက အစည်းအဝေးတွေအတွက်ပဲ အသုံးပြုတာ၊ နောက်အစည်းအဝေးက စက်တင်ဘာလမှ လုပ်မယ်'

ဒိန်းက ပြုံးပြီး... 'ကျွန်မ အစည်းအဝေး လာတက်တာမဟုတ်ဘူး၊ ကျွန်မကိုစောင့်နေတဲ့ မိတ်ဆွေတစ်ယောက်ကို လာတွေ့တာပါ'

ဒိန်း ဘယ်ဘက်ကွေ့ပြီ အခန်း(အေ)ဆီသို့ လျှောက်သွားတာကို ဓာတ်လှေကားအော်ပရေတာက ရပ်ကြည့်ကျန် ရစ်သည်။ သူ ပခုံးတစ်ချက်တွန့်ပြပြီး တံခါးပြန်ပိတ်လိုက်သည်။

ထို့နောက် ပြန်ဆင်းသွားသည်။

ဒိန်း အခန်း(အေ)တံခါးဆီသို့ သွက်သွက်ကလေး လျှောက်လာသည်။ စိတ်လည်း အလွန်လှုပ်ရှားနေသည်။

○

အခန်း(အေ)ထဲတွင် တံခါးခေါက်သံကို နားစွင့်ရင်း ဖလင့်စောင့်နေသည်။

ဘယ်သူ အရင်လာမလဲ... အဖြူမလေးလား၊ အမည်းမလေးလား၊ ကိစ္စမရှိပါဘူး၊ ငါက ဘက်မလိုက်တတ်ပါ ဘူး... တံခါးဆီသို့ လျှောက်လာသည့် ခြေသံကြားသည့်အတွက် ဖလင့် အတွေးပြတ်သွားသည်။ သူ သေနတ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်သို့ မြန်မြန်ရောက်ချင်စိတ်ကို ကယ်လီ မနည်းထိန်းထားရသည်။ တစ်လျှောက်လုံးတွင် နှောင့်နှေးမှုတွေနှင့် ကြုံရသည်။ ယာဉ်ကျောပိတ်ဆို့မှုတွေ၊ မီးနီတွေ၊ လမ်းပြင်နေတာတွေ…။ သူ နောက်ကျနေပြီ။ ဟိုတယ်ခန်းမကြီးကို ကျော်ဖြတ်ပြီး ဓာတ်လှေကားထဲ ဝင်လိုက်သည်။ 'အပေါ်ဆုံးထပ်'

○

ဒိန်း အပေါ်ဆုံးထပ်(အေ)ခန်း အနီးသို့ ရောက်လာသည်။ အနီးအနားအခန်းမှ တံခါးပွင့်လာပြီး ဟိုတယ်လုပ်သား တစ်ယောက်ထွက်လာသည်။ အထုပ်အပိုးတွေ အပြည့်တင်ထားသည့် တွန်းလှည်းကြီးကို တွန်းလျက် စင်္ကြံလမ်းသို့ မြန်ထွက်လာသည်။ ဒိန်း သွားမည့်လမ်းကို ပိတ်ဆီးထားသည်။

ဟိုတယ်လုပ်သားက 'စိတ်မရှိပါနဲ့ခင်ဗျာ' ဟု တောင်းပန်ကာ လှည်းကြီးကို ဆက်တွန်းသွားသည်။

ဒိန်း (အေ)ခန်းသို့ ဆက်လျှောက်လာပြီး တံခါးခေါက်ရန် လက်ကိုမြှောက်လိုက်စဉ် ခန်းမထဲမှ လှမ်းခေါ်သံ ကြားလိုက်ရသည်။

'ဟေ့… ဒိန်း'

ဒိန်း လှည့်ကြည့်လိုက်သည်။ ကယ်လီ ဓာတ်လှေကားထဲမှ ထွက်နေပြီ။

'ကယ်လီ'

ဒိန်း ကယ်လီ့ဆီ ပြေးလိုက်သွားသည်။

○

အခန်း(အေ)ထဲတွင် ဖလင့်နားစွင့်ပြီး စောင့်နေသည်။ အပြင်ဘက်မှာ ဘယ်သူပါလိမ့်၊ တံခါးဖွင့်ကြည့်ရ ကောင်းမလား၊ ဒါပေမဲ့ မဖြစ်ဘူး၊ စီမံကိန်း ပျက်သွားနိုင်တယ်။ 'သူတို့ဝင်လာတာနဲ့ တစ်ပြိုင်နက် အပြတ်ရှင်းပစ်လိုက်' ဟု သူ့ဆရာ ပြောထားသည်။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စကြီးလမ်းတွင် ကယ်လီနှင့် ဒိန်းတို့နှစ်ယောက်သား ပွေ့ဖက်ရင်း ကမန်းကတန်း ပြောနေကြသည်။

'ဆောရီးပဲ ဒိန်း၊ ကားလမ်းပိတ်ဆို့နေလို့ နောက်ကျသွားတာ၊ ရှီကာဂိုကို ကားထွက်တော့မယ့်ဆဲဆဲ ရှင်ကျွန်မကို ဖမ်းမိတာ'

'ကျွန်မက ဖမ်းမိတယ်'

'ဟုတ်တယ်လေ၊ ရှင် ဖုန်းခေါ်တော့ ကျွန်မက ကားပေါ်တက်နေပြီလေ'

ခဏ ငြိမ်နေသည်။ 'ကယ်လီ… ရှင့်ကို ကျွန်မ ဖုန်းမဆက်ပါဘူး၊ ရှင်ကသာ ကျွန်မကို ဆက်တာ၊ အထောက်အထားတွေ ရှင်ရထားပြီလို့ ပြောတယ်လေ' ကယ်လီ့မျက်နှာ ကြောက်စိတ်လွှမ်းသွားသည်။

'ဟင့်အင်း… ကျွန်မ မပြော…'

နှစ်ယောက်စလုံး အခန်း(အေ)ကို လှမ်းကြည့်လိုက်ကြသည်။

ဒိန်းက သက်မတစ်ချက်ချလိုက်ပြီး 'လာ… သွားစို့'

'ကောင်းတယ်'

သူတို့ လှေကားမှ အမြန်ပြန်ဆင်းလာပြီး ဓာတ်လှေကားထဲ ဝင်ကြသည်။ မိနစ်ပိုင်းအတွင်း ဟိုတယ် အပြင်ဘက်သို့ ပြန်ရောက်လာကြသည်။

○

အခန်း(အေ)ထဲတွင် ဖလင့် လက်ပတ်နာရီကို ကြည့်လိုက်သည်။ ဒီကောင်မတွေ ဘာကြောင့် နောက်ကျနေတာပါလိမ့်။

○

ဒိန်းနှင့် ကယ်လီတို့ လူစည်ကားသော မြေအောက်ရထားပေါ်တွင် ထိုင်နေကြသည်။

'ဘယ်လိုဖြစ်မှန်း ကျွန်မတော့ မစဉ်းစားတတ်တော့ဘူး' ဒိန်းက ပြောသည်။ 'ကျွန်မကိုဆက်တာ ရှင့်အသံမှ ရှင့်အသံပဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို ဆက်တာလည်း ရှင့်အသံပဲ၊ သူတို့ကတော့ ကျွန်မတို့ကို သတ်ရမှ ရပ်တော့မှာ၊ ကျွန်မတို့ကို ရေဘဝဲ လက်တံပေါင်းတစ်ထောင်နဲ့ လိုက်ဖမ်းသလို သူတို့က မရပ်တမ်း လိုက်ဖမ်းနေတယ်'

'သူတို့ ဒီတစ်ကြိမ်မှာ ကျွန်မတို့ကို ဘယ်လိုလုပ်ပြီး တွေ့သွားတာလဲ၊ ကျွန်မတို့က တန်နာပေးတဲ့ လိပ်စာကတ်တွေကို လွှင့်ပစ်လိုက်ပြီပဲဥစ္စာ၊ ကျွန်မတို့ကို ခြေရာခံနိုင်စရာ မရှိတော့ပါဘူး'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။ ပြီးတော့ သူတို့၏ လက်ကိုင်ဖုန်းတွေကို ကြည့်လိုက်ကြသည်။

ကယ်လီက စဉ်းစဉ်းစားစားပြောသည်။ 'ဒါပေမဲ့ သူတို့က ကျွန်မတို့ ဖုန်းနံပါတ်တွေကို ဘယ်လိုလုပ်သိတာလဲ'

'တန်နာဟာ ဘယ်လို လူစားမျိုးလဲဆိုတာလည်း သတိရပါဦး၊ ဘာပဲဖြစ်ဖြစ်လေ၊ နယူးယောက်မြို့က အလုံခြုံဆုံးနေရာ ဖြစ်နိုင်တယ်၊ ကျွန်မတို့ ဒီမြေအောက်ရထားထဲမှာပဲ… 'ဒိန်း တစ်နေရာလှမ်းကြည့်လိုက်ပြီး မျက်နှာပျက်သွားသည်။ 'ဒီနေရာက အမြန်ထွက်မှ ဖြစ်မယ်၊ နောက်ဘူတာမှာ ဆင်းမယ်'

'ဘာ… ဘာဖြစ်လို့လဲ'

ကယ်လီက ဒိန်း စူးစိုက်ကြည့်နေသည့် နေရာသို့ လှမ်းကြည့်လိုက်သည်။ ရထားတွဲနံရံပေါ်က ကုန်ပစ္စည်းအမျိုးမျိုး ကြော်ငြာတစ်ခုတွင် မိန်းမဝတ်နာရီလှလှကလေးကို ပြုံးလျက်ကိုင်ထားသည့် ကယ်လီ၏ ဓာတ်ပုံကို မြင်ရသည်။

'အို… ဘုရားသခင်'

နှစ်ယောက်သား တစ်ပြိုင်တည်းထပြီး တံခါးဝသို့ ပြေးလာကြသည်။ လာမည့်ဘူတာမှာဆင်းရန် အဆင်သင့်ရပ်နေကြသည်။ အနီးမှ ထိုင်ခုံတွင် ထိုင်နေသည့် ရေတပ်သားနှစ်ယောက်က မြူဆွယ်သည့်အမူအရာ လုပ်ပြသည်။

ကယ်လီက ပြန်လည်ပြုံးပြရင်း ဒိန်း၏ လက်ကိုင်ဖုန်းကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ပြီးတော့ သူ့ဖုန်းကိုရော၊ ဒိန်း၏ဖုန်းကိုပါ ရေတပ်သားနှစ်ယောက်အား ဖုန်းတစ်လုံးစီ ကမ်းပေးလိုက်သည်။

'ကျွန်မတို့ကို ခေါ်လို့ရတယ်'

ထို့နောက် ကယ်လီနှင့်ဒိန်း ရထားပေါ်မှ ဆင်းလိုက်ကြသည်။

○

ဟိုတယ်ခန်းထဲမှ ဖုန်းမြည်လာသည်။ ဖလင့်က ကမန်းကတန်း ကောက်ကိုင်လိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဟော့… တစ်နာရီတောင် ကျော်သွားပြီ' တန်နာက ပြောသည်။ 'ဘယ်လိုဖြစ်နေလဲ'

'သူတို့ ပေါ်ကိုမလာဘူး'

'ဘာ…'

'ကျွန်တော် ဒီမှာ တစ်ချိန်လုံး စောင့်နေတာ'

'ရုံးခန်း ပြန်လာခဲ့' တန်နာ ဖုန်း ပြန်ချလိုက်သည်။

ထို့နောက် သူ့လက်ကိုင်ဖုန်းဖြင့် ဒိန်း၏နံပါတ်ကို လှည့်လိုက်သည်။

'ဟေး… ဒါလင်၊ မင်းတို့ ဘယ်မှာလဲ' ရေတပ်သားတစ်ယောက်က ပြန်မေးသည်။

'ဒီနေ့ည ပွဲကြီးပွဲကောင်း ဆုံကြမယ်နော်'

ခွေးတိရစ္ဆာန်မတွေ… သူတို့ဖုန်း လွှင့်ပစ်သွားကြပြီ၊ တန်နာ ကျိန်ဆဲလိုက်သည်။

○

အနောက်ဘက်အခြမ်းရှိ အပေါ်စား လမ်းဘေးတည်းခိုခန်းတစ်ခုမှ 'အခန်းအားသည်' ဟူသော ဆိုင်းဘုတ်ကို တက္ကစီကားပေါ်မှ လှမ်းမြင်လိုက်သည်။

'ဒရိုင်ဘာ… ခဏရပ်ပါဦး' ဒိန်းက ပြောလိုက်သည်။

ကားပေါ်မှဆင်းပြီး တည်းခိုခန်းရှေ့သို့ လျှောက်လာကြသည်။ လူလတ်ပိုင်းအရွယ် အမျိုးသမီးတစ်ယောက် တံခါးလာဖွင့်သည်။

'ကျွန်မ အဲလစ်ဖင်လေပါ၊ အခန်းကောင်းကောင်းရမယ်၊ မနက်စာ ကျွေးတယ်၊ တစ်ည ဒေါ်လာလေးဆယ်ပါ'

'ကောင်းတယ်' ဒိန်းက ပြောလိုက်သည်။

ကယ်လီ မျက်နှာပျက်သွားတာကို မြင်ပြီး 'ဘာဖြစ်တာလဲ'

'ဘာမှ မဖြစ်ပါဘူး' ကယ်လီ မျက်စိမှိတ်ထားလိုက်သည်။ သူကြီးပြင်းလာခဲ့ရသည့် တည်းခိုခန်းကို သွားပြီး သတိရသည်။ သူ့အမေနှင့် ပထွေးတို့ကို မြင်ယောင်လာသည်။ အားတင်းပြုံးပြီး ပြောလိုက်သည်။ 'ကောင်းပါတယ်'

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့နံနက်တွင် တန်နှာက ဖလင့်နှင့် ကာဘာလိုတို့ကို အစည်းအဝေးခေါ်သည်။

'သူတို့က ငါ့လိပ်စာကတ်တွေကိုရော၊ သူတို့ လက်ကိုင်ဖုန်းတွေကိုပါ လွှင့်ပစ်လိုက်ကြပြီ' တန်နှာက ပြောသည်။

'ဒါဆို သူတို့ ပျောက်သွားကြပြီပေါ့' ဖလင့်က မေးလိုက်သည်။

'မပျောက်ဘူး၊ ငါအသက်ရှိနေသမျှ သူတို့ မပျောက်သေးဘူး၊ ဒီအချိန်ကစပြီး သူတို့နောက်ကို ငါတို့ မလိုက်တော့ဘူး၊ သူတို့က ငါတို့ဆီ လာရမယ်'

ဖလင့်နှင့် ကာဘာလိုတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးတော့ တန်နှာ့ မျက်နှာကို ကြည့်ပြီး…

'ဘာ…'

'ဘယ်လို…'

'မနက်ဖြန် မနက် ၁၁း၁၅နာရီမှာ ကယ်လီနဲ့ဒိန်း ကေအိုင်ကျီရုံးချုပ်ကို ရောက်လာကြလိမ့်မယ်'

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၁

ကယ်လီနှင့်ဒိန်း တစ်ချိန်တည်း နိုးလာကြသည်။ ကယ်လီ ခုတင်ပေါ်တွင် ထိုင်ကာ ဒိန်းကို ကြည့်လိုက်သည်။

'မင်္ဂလာပါ၊ ဒိန်း အိပ်ပျော်ရဲ့လား'

'ပျော်လိုက်တာမှ အိပ်မက်ဆိုးတွေချည်း မက်တာပဲ'

'ကျွန်မလည်း အတူတူပဲ၊ ဒါနဲ့ကယ်လီ၊ ရှင် ဟိုတယ်ဓာတ်လှေကားထဲက စထွက်တော့ ကျွန်မ အခန်းတံခါးခေါက်ဖို့လုပ်တာဟာ တိုက်ဆိုင်မှုလို့ထင်သလား'

'ဒါပေါ့၊ ကျွန်မတို့ ကံကောင်းတယ်လို့ ဆိုရမှာပဲ၊ ဟုတ်တယ်၊ သိပ်ကိုကံကောင်းတယ်။ ဒါဟာ တစ်စုံတစ်ယောက်က ဒါမှမဟုတ် တစ်စုံတစ်ခုက ကျွန်မတို့ကို ကူညီနေတာ၊ စောင့်ရှောက်နေတာ ဖြစ်နိုင်တယ်'

'သူတော်ကောင်း နတ်ကောင်းမတယ်လို့ ရှင်ဆိုလိုတာလား'

'ဟုတ်တယ်'

'ရှင်က ဒါတွေကို ယုံတယ်၊ ကျွန်မတော့ မယုံဘူး၊ ကျွန်မတော့ နတ်ကောင်းမတယ်လို့ မထင်ပါဘူး'

'ရှင်က မမြင်ရသေးလို့ပါ'

'ဟုတ်မှာပေါ့'

'ကဲ··· ဒါ ထားလိုက်ပါတော့၊ မနက်စာစားကြရအောင်၊ ဒီမှာ လုံခြုံပါတယ်၊ ကျွန်မကတော့ အန္တရာယ်ကင်းပြီလို့ ထင်တယ်'

'ဟုတ်ပါပြီ၊ ကဲ··· အဝတ်အစားလဲ၊ အပြင်သွားစားမယ်၊ လမ်းထောင့်မှာ ထမင်းဆိုင်တွေ့ခဲ့တယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ခဏနေပါဦး၊ ကျွန်မ ဖုန်းခေါ်ချင်သေးတယ်' ဒိန်း တယ်လီဖုန်းစားပွဲသို့ လျှောက်သွားပြီး နံပါတ်တစ်ခုကို ဆက်သည်။

အော်ပရေတာအသံ 'ကေအိုင်ဂျီကပါ'

'ဘက်တီဘာကာနဲ့ ပြောပါရစေ'

'ခဏစောင့်ပါနော်'

○

တန်နာက တီဗွီမှန်သားပြင်ပေါ်မှ အပြာရောင် အလင်းစက်ကလေးကို ကြည့်နေသည်။ ပြီးတော့ ဖုန်းနှင့် နားထောင်နေသည်။

'မစ္စဘာကာ သူ့စားပွဲမှာ မရှိပါဘူးရှင်၊ မှာထားခဲ့လို့ရပါတယ်'

'အို… နေပါစေ၊ ကျေးဇူးပါပဲ'

တန်နာ မျက်မှောင်ကြုတ်သွားသည်။ ဖုန်းဆက်တာကလည်း မြန်လိုက်တာ၊ ဘာမှ ခြေရာခံလို့မရလိုက်ဘူးဟု တန်နာ တွေးလိုက်သည်။

○

ဒိန်းက ကယ်လီ့ဘက်လှည့်ပြီး 'ဘက်တီဘာကာက ကေအိုင်ဂျီမှာ လုပ်နေတုန်းပဲ၊ ဒါကြောင့် ကျွန်မတို့ သူနဲ့ ဆက်မိအောင် နည်းလမ်းရှာရမယ်'

'တယ်လီဖုန်းလမ်းညွှန်ထဲမှာ သူ့အိမ်ဖုန်းနံပါတ်ရှိမှာပေါ့'

'ရှိမှာပေါ့၊ ဒါပေမဲ့ ဖြတ်နားထောင်တဲ့ ကရိယာ တပ်ထားနိုင်တယ်' ဒိန်း ဘေးနားမှ လမ်းညွှန်စာအုပ်ကောက်လှန်ပြီး ဘက်တီဘာကာနံပါတ်ကို ရှာသည်။ 'တွေ့တယ်'

ဒိန်း နံပါတ်ကို လှည့်သည်။ နားထောင်သည်။ ဖုန်းကိုပြန်ချလိုက်သည်။

ကယ်လီ မေးလိုက်သည်။ 'ဘာဖြစ်တာလဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'သူ့ ဖုန်းကို ဖြတ်ထားတယ်'

ကယ်လီ သက်မချလိုက်ပြီး 'ကျွန်မ ရေချိုးချင်လိုက်တာ'

၀

သူတို့နှစ်ယောက် စားသောက်ဆိုင်သို့ လျှောက်လာကြသည်။ ရာသီဥတုသာယာပြီး ကောင်းကင်တစ်ခုလုံး ကြည်လင်နေသည်။

'မိုးပြာရောင်ကောင်းကင်' ဒိန်းက ပြောသည်။ 'ကံကောင်းတဲ့ နိမိတ်ပဲ'

ကယ်လီ မရယ်မိအောင် နှုတ်ခမ်းကိုက်ထားရသည်။ ဒိန်း အယူသည်းတာက ချစ်စရာတော့ ကောင်းသည်ဟု တွေးမိသည်။

စတိုးဆိုင်ကလေးတစ်ခုရှေ့က ဖြတ်လျှောက်လာတော့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးလိုက်ကြသည်။ ပြီးတော့ ဆိုင်ထဲ ဝင်လာကြသည်။

အရောင်းစာရေးမထွက်လာပြီး 'ဘာလိုချင်ပါသလဲရှင်'

'ကြည့်ပါဦးမယ်' ကယ်လီက ပြောလိုက်သည်။

'သိပ်လည်း မလုပ်နဲ့ဦး' ဒိန်းက သတိပေးသည်။

'အရင်ဝယ်ခဲ့တာတွေ ဘယ်လိုဖြစ်ကုန်သလဲ'

'ဟုတ်ပါပြီ၊ ပိုက်ဆံ မဖြုန်းပါဘူး'

ထို့နောက် ဆိုင်ထဲ လျှောက်ကြည့်ပြီး မရှိမဖြစ် လိုအပ်တာလောက်သာ ဝယ်ကြသည်။ အဝတ်အစား လဲဝတ်ပြီး နောက် အဝတ်ဟောင်းတွေကို အဝတ်လဲခန်းထဲ ထားပစ်ခဲ့ကြသည်။

'ဒါတွေ ပြန်မယူတော့ဘူးလား'

စာရေးမက မေးသည်။

'မယူတော့ဘူး၊ စေတနာရှင်အသင်းကို လှူလိုက်ပါ'

၀

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လမ်းထောင့်က အဟောင်းပစ္စည်း အရောင်းဆိုင်သို့ ဝင်ကာ လက်ကိုင်ဖုန်းအဟောင်း နှစ်လုံးဝယ်ကြသည်။

'ကျွန်မတို့နှစ်ယောက် နံပါတ်ပြောင်းထည့်ကြရအောင်'

'သိပ်ကောင်းတယ်'

နံပါတ်ပြောင်းထည့်တာ စက္ကန့်ပိုင်းအတွင်း ပြီးသွားသည်။ ဒိန်းက ငွေချေကောင်တာရှေ့တွင် ပိုက်ဆံအိတ်နှိုက်ရင်း...

'ကျွန်မမှာ ပိုက်ဆံ ကုန်ခါနီးပြီ'

'ကျွန်မလည်း အတူတူပဲ'

'အကြွေးကတ် သုံးရတော့မယ် ထင်တယ်'

'နေပါဦး၊ လိုတရငွေတွင်းတွေ့တဲ့အထိ စောင့်ပါဦး'

'ဘာ...'

'ဘာမှ မဟုတ်ဘူး'

○

ကယ်လီနှင့်ဒိန်း နံနက်စာ စားသောက်ပြီးနောက် ဆိုင်ထဲမှ ပြန်ထွက်လာတော့ တံခါးနားတွင် သတင်းစာတွေ ခင်တင်ရောင်းနေတာကို တွေ့ရသည်။

ကယ်လီက ဆက်လျှောက်သွားသော ဒိန်းအား 'ခဏနေဦး' ဟု ပြောပြီး သတင်းစာတစ်စောင် ဝယ်ယူလိုက်သည်။

'တွေ့လား... ဒီမှာ'

မျက်နှာဖုံးသတင်းခေါင်းစီးကိုကြည့်ပြီး ကယ်လီက ဒိန်းအား ပြောလိုက်ခြင်းဖြစ်သည်။

*မကြာသေးမီက ကွယ်လွန်သွားခဲ့ကြသည့် 'ကင်စလေနိုင်ငံတကာ အုပ်စု' ကုမ္ပဏီအမှုထမ်းများအား အောက်မေ့ဖွယ်ပြပွဲကို မင်ဟက်တန်မြို့နယ်၊ ကုမ္ပဏီဌာနချုပ်၌ တနင်္လာနေ့ နံနက် ၁၁း၁၅နာရီတွင် ပြုလုပ်မည်ဟု သတင်းရရှိသည်။*

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ မနက်ဖြန်ပေါ့' ကယ်လီက ဒိန်းကို ခဏ စွေကြည့်နေပြီးမှ 'သူတို့ ဒီလို ဘာကြောင့်လုပ်တယ် ထင်သလဲ'

'ကျွန်မတို့ကို အမိဖမ်းဖို့ ထောင်ချောက်ဆင်တာ ဖြစ်မယ်ထင်တယ်'

ကယ်လီ ခေါင်းညိတ်သည်။ 'ကျွန်မလည်း အဲဒီအတိုင်းပဲထင်တယ်၊ တန်နာကင်စလေက ကျွန်မတို့ကို အဲဒီလောက်တောင် အ,တယ် ထင်တာပေါ့လေ' ဒိန်း၏ မျက်နှာအမူအရာကို အကဲခတ်ရင်း 'အဲဒီတော့ သွားမှာလား'

ဒိန်း ခေါင်းညိတ်ပြသည်။

'မသွားသင့်ဘူး'

'သွားသင့်တယ်၊ အဲဒီမှာ ဘက်တီဘာကာရှိမှာ သေချာတယ်၊ ကျွန်မ သူနဲ့ စကားပြောချင်တယ်'

'ဒါပေမဲ့… ကျွန်မတို့ အဲဒီနေရာက အသက်နဲ့ဘယ်လို ပြန်ထွက်မှာလဲ'

'နည်းလမ်းရှာမယ်' ကယ်လီ့ကို ပြုံးကြည့်ပြီး 'ကျွန်မကို အားကိုးပါ'

ကယ်လီခေါင်းခါလိုက်သည်။' "ငါ့ကို အားကိုးပါ" လို့ တစ်ယောက်ယောက်က ပြောရင် ကျွန်မသိပ်ပြီး ကြောက်မိတယ်' ခဏ စဉ်းစားနေသည်။ မျက်နှာလင်းသွားပြီး 'ကျွန်မ အကြံရပြီ၊ ဒီကိစ္စ ကျွန်မ ရှင်းနိုင်တယ်'

'ဘယ်လို အကြံလဲ'

'အံ့အားသင့်သွားစေရမယ်'

ဒိန်းက စိုးရိမ်မျက်နှာဖြင့် 'ရှင် တကယ် ထွက်ပေါက်ရှာနိုင်မယ်ဆိုတာ သေချာသလား'

'ကျွန်မကို အားကိုးပါ'

ဝ

တည်းခိုခန်းသို့ ပြန်ရောက်သောအခါ ကယ်လီဖုန်းဆက်သည်။

ဝ

နှစ်ယောက်စလုံး အိပ်မပျော်ကြ။ ကယ်လီ အိပ်ရာထဲလဲရင်း တွေးကြောက်နေသည်။ ငါ့အကြံ မအောင်မြင်ရင်

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ငါတို့နှစ်ယောက်စလုံး သေမယ်။ ခဏအိပ်ပျော်သွားတော့ တန်နာ၏မျက်နှာကြီးကို မြင်ရသည်။ သူက ကယ်လီ့ကို ပြုံးဖြဲဖြဲကြီး စိုက်ကြည့်နေသည်။

ဒိန်းက ဆုတောင်းနေသည်။ မျက်စေ့ကို တင်းတင်းမှိတ်ထားသည်။ ဒါလင်··· ဒါဟာ ဒါလင်နဲ့စကားပြောရတာ နောက်ဆုံးအကြိမ် ဖြစ်ကောင်းဖြစ်နိုင်တယ်၊ ဒါလင့်ကို ကြိုဆိုနှုတ်ဆက်ရမလား၊ နောက်ဆုံး နှုတ်ဆက်ရမလား၊ ကျွန်မ မသိတော့ဘူး၊ မနက်ဖြန် ကယ်လီနဲ့ကျွန်မ ကေအိုင်ဂျီပွဲကို တက်မယ်၊ ပြန်ထွက်လာဖို့အခွင့်အရေး သိပ်ကောင်းမယ်လို့တော့ မထင်ဘူး၊ ဒါပေမဲ့ ကျွန်မသွားမယ်၊ ဒါလင့်ကို ကြိုးစားပြီး ကူညီမယ်၊ သိပ်နောက်မကျသေးခင် ဒါလင့်ကို တစ်ခုတော့ ထပ်ပြောချင်တယ်၊ 'မောင့်ကို ကျွန်မ ချစ်ပါတယ်' လို့၊ မင်္ဂလာရှိတဲ့ည ဖြစ်ပါစေ··· အချစ်ဆုံးမောင်ရယ်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၂

အောက်မေ့ဂုဏ်ပြုပွဲကို ကေအိုင်ဂျီရုံးချုပ်နောက်ဘက်ရှိ အမှုထမ်းများ အပန်းဖြေရာ ကေအိုင်ဂျီပန်းခြံတွင် ပြုလုပ်သည်။

ပရိသတ်တစ်ရာခန့် တက်ရောက်သည်။ ပန်းခြံထဲသို့ ဂိတ်ပေါက်နှစ်ပေါက်မှ အဝင်အထွက်လုပ်နိုင်သည်။

ပန်းခြံအလယ်တွင် ခပ်နိမ့်နိမ့် စင်ကြီးစင်လုပ်ထားပြီး ထိုစင်ပေါ်တွင် ကေအိုင်ဂျီ အမှုဆောင်အရာရှိများ ထိုင်ကြသည်။ အစွန်ဆုံးတွင် ရစ်ချတ်စတီဗင်၏ အတွင်းရေးမှူး ဘက်တီဘာကကာ ထိုင်နေသည်။ အသက်သုံးဆယ်ဝန်းကျင်အရွယ် ရုပ်ရည်ချောမောသူ ဖြစ်သည်။

တန်နာက မိုက္ကရိုဖုန်းဖြင့် စကားပြောသည်။

'… ပြောရရင် ဒီကုမ္ပဏီကို အမှုထမ်းတွေရဲ့ စေတနာနဲ့ သစ္စာတရားနဲ့ တည်ထောင်ထားတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့က အမှုထမ်းတွေအားလုံးကို ကျေးဇူးလည်းတင်ပါတယ်၊ အလေးလည်းပြုပါတယ်၊ ကျွန်တော်ကတော့ ကျွန်တော်တို့ကုမ္ပဏီကြီးကို မိသားစုကုမ္ပဏီလို့ပဲ အမြဲတမ်းခံယူထားပါတယ်၊ အမှုထမ်းအားလုံး ရည်မှန်းချက်တစ်ခုတည်းအတွက် အတူတကွ စုပေါင်းလုပ်ကိုင်နေကြတာဖြစ်ပါတယ်'

သူက ပရိသတ်ကို အကဲခတ်ကြည့်ရင်း 'ကျွန်တော်တို့ ကေအိုင်ဂျီ အမှုထမ်းတွေဟာ ပိုပြီးနေချင့်စဖွယ် သာယာအေးချမ်းတဲ့ ကမ္ဘာကြီးကို ဖန်တီးပေးမယ့် စိတ်ကူး စိတ်သန်းတွေကို အကောင်အထည်ဖော် လုပ်ဆောင်နေကြပါတယ်၊ ပြဿနာတွေကို ဖြေရှင်း…'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီနှင့်ဒိန်း ပန်းခြံထဲသို့ ဝင်လာကြသည်။ တန်နာက လက်ပတ်နာရီကို ကြည့်လိုက်သည်။ ၁၁း၄၀နာရီ။ သူ ကျေနပ်ပြုံး ပြုံးလိုက်သည်။ ဆက်ပြီး စကားပြောသည်။

'... ကုမ္ပဏီရဲ့ အောင်မြင်မှုမှန်သမျှဟာ အမှုထမ်းအားလုံးရဲ့ ကြိုးစားလုပ်ဆောင်မှုရဲ့ ရလဒ်ဖြစ်ပါတယ်...'

ဒိန်း စကြီစင်ပေါ်သို့ လှမ်းကြည့်လိုက်ပြီး ကယ်လီ့ကို တံတောင်နှင့်တွက်၍ ပြောလိုက်သည်။

'ဟိုမှာ တွေ့လား၊ ဘက်တီဘာကာ၊ ကျွန်မ သူနဲ့စကားပြောချင်တယ်'

'သတိထားနော်'

ဒိန်း ဘေးဘီကို လှည့်ကြည့်လိုက်ပြီး 'မခက်ပါဘူး၊ လွယ်ပါတယ်၊ ကျွန်မ...' သူနောက်သို့ လှည့်ကြည့်ရင်း အသက်ရှူရပ်သွားသည်။ ပန်းခြံဂိတ်ဝတွင် ဖလင့်နှင့် သူ့လူနှစ်ယောက်ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ နောက်တစ်ဂိတ်မှာတော့ ကာဘာလိုနှင့် အခြားနှစ်ယောက် ရပ်နေကြသည်။

'ဟိုမှာ... ကြည့်လိုက်' ဒိန်းက ပြောသည်။

ကယ်လီ လှည့်ကြည့်လိုက်တော့ လူခြောက်ယောက်က ဂိတ်ဝနှစ်ခုကို ပိတ်ဆို့ထားမှန်း သိလိုက်သည်။ 'တခြားထွက်ပေါက် မရှိဘူးလား'

'ရှိမယ် မထင်ဘူး'

တန်နာ စကားဆက်ပြောသည်။ '... ဝမ်းနည်းစရာကောင်းတာကတော့ ကျွန်တော်တို့မိသားစု အမှုထမ်း တော်တော်များများ ကြမ္မာဆိုးနဲ့ကြုံကြရတာပဲ ဖြစ်ပါတယ်၊ မိသားစုထဲက တစ်ယောက်ယောက် ကြေကွဲစရာ အဖြစ်ဆိုးနဲ့ ကြုံရရင် ကျွန်တော်တို့အားလုံးလည်း ကြေကွဲကြရပါတယ်၊ ဒီအဖြစ်ဆိုးရဲ့တရားခံကို ဖော်ထုတ်နိုင်တဲ့သူကို ကေအိုင်ဂျီက ဆုငွေဒေါ်လာငါးသန်း ချီးမြှင့်မှာဖြစ်ပါတယ်'

တန်နာက ပရိသတ်ကြားမှ ကယ်လီနှင့်ဒိန်းတို့ကို လှမ်းကြည့်လိုက်ပြီး...

'အခု ပရိသတ်တွေထဲမှာ ကြေကွဲစရာကြုံရတဲ့ ပုဂ္ဂိုလ်နှစ်ယောက် ရှိနေပါတယ်၊ မစ္စက်မတ်ဟားရစ်နဲ့ မစ္စက်ရစ်ချတ် စတီဗင်တို့ဖြစ်ပါတယ်၊ သူတို့နှစ်ယောက်ကို စကြီစင်ပေါ်သို့ တက်လာဖို့ ဖိတ်ခေါ်ပါတယ်'

'တက်လို့ မဖြစ်ဘူး' ကယ်လီက ပြောလိုက်သည်။ 'ပရိသတ်ထဲမှာပဲနေမယ်၊ ကဲ... အခု ကျွန်မတို့ ဘာဆက်လုပ်ကြမလဲ'

ဒိန်းက အံ့သြသွားဟန်ဖြင့် 'ရှင်က ဘာပြောတာလဲ၊ ရှင်ပဲ ထွက်ပေါက်သိတယ်ဆို၊ ဒီတော့ ရှင့်လုပ်ငန်း လုပ်တော့လေ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်မယ် မထင်ဘူး'

'ဒါဆို နောက်တစ်မျိုး စဉ်းစားကြည့်ပေါ့'

တန်နာ၏အသံ အသံချဲ့စက်မှ အကျယ်ကြီး ပေါ်ထွက်လာသည်။

'မစ္စက်စတီဗင်နဲ့ မစ္စက်ဟားရစ်··· ကျေးဇူးပြုပြီး ဒီကိုကြွကြပါ'

ကယ်လီက ဒိန်းဘက်လှည့်လျက် 'ကျွန်မ··· ကျွန်မ စိတ်မကောင်းပါဘူး'

'ကျွန်မ အမှားပါ၊ ဒီကို လုံးဝ မလာသင့်ဘူး'

ပရိသတ်တွေက သူတို့နှစ်ယောက်ကို လိုက်ကြည့်နေကြသည်။ သူတို့နှစ်ယောက် ထောင်ချောက်ထဲ ပိတ်မိနေပြီ။

'မစ္စက်စတီဗင်နဲ့ မစ္စက်ဟားရစ်···'

ကယ်လီက လေသံဖြင့် 'ကျွန်မတို့ ဘာလုပ်ကြမလဲ'

'ရွေးစရာလမ်းမရှိတော့ဘူး၊ တက်သွားရုံပဲ၊ လာ သွားမယ်'

နှစ်ယောက်သား တုံ့နှေးစွာဖြင့် စင်္ကြံစင်သို့ လျှောက်လာကြသည်။

ဒိန်းက ဘက်တီဘာကာကို လှမ်းကြည့်လိုက်သည်။ ဘက်တီကလည်း စိုးရိမ်မျက်နှာဖြင့် ပြန်ကြည့်သည်။

ကယ်လီနှင့်ဒိန်း စင်္ကြံအနီးသို့ရောက်လာသည်။

ရင်တွေ တဒိန်းဒိန်းခုန်နေသည်။

ထိုအခိုက် ပန်းခြံနောက်ဘက်မှ ရုတ်ရုတ်သဲသဲ ကျယ်ကျယ်လောင်လောင် အသံတွေ ရုတ်တရက် ထွက်ပေါ်လာသည်။

လူတွေက ဘာဖြစ်တာပါလိမ့်ဆိုပြီး လည်တဆန့်ဆန့်နှင့် လှမ်းကြည့်နေကြသည်။

ဘင်ရောဘတ် ပန်းခြံဂိတ်ဝမှ ဝင်လာသည်။ သူ့နောက်တွင် ကင်မရာမင်းတွေနှင့် လက်ထောက်တွေ တစ်အုပ်ကြီး လိုက်ပါလာကြသည်။

ကယ်လီနှင့် ဒိန်း လှည့်ကြည့်လိုက်ကြသည်။ ကယ်လီက ဒိန်း၏လက်မောင်းကို ဆုပ်ကိုင်ပြီး ပြုံးပြုံးကြီးဖြင့် ပြောလိုက်သည်။

'စီမံချက် (၁)တော့ စပြီ၊ ဘင် ရောက်လာပြီ၊ လာ··· သွားကြမယ်၊ သူ ကျွန်မတို့ကို စောင့်နေတယ်'

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တန်နှာ မြင်ကွင်းကို စောင့်ကြည့်နေသည်။ သူ့မျက်နှာ တင်းမာနေသည်။ သူ လှမ်းအော်ပြောသည်။ 'မစ္စတာရော ဘတ်··· ဒါ ပုဂ္ဂလိကအောက်မေ့ဖွယ်ပွဲပါ၊ ခင်ဗျားနဲ့ ခင်ဗျားလူတွေ ထွက်သွားပါလို့ ကျွန်တော် တောင်းဆိုပါတယ်'

'မင်္ဂလာပါ မစ္စတာကင်စလေ' ဘင်ရောဘတ်က ပြန်ပြောလိုက်သည်။ 'မစ္စက်ဟားရစ်၊ မစ္စက်စတီဗင်တို့နဲ့ တီဗွီရိုးပွဲလုပ်ဖို့ စတူဒီယိုမှာ ချိန်းထားပေမယ့် ဒီမှာ သူတို့ရောက်နေတုန်း အမှတ်တရ ဖြစ်သွားအောင်လို့ပါ'

တန်နှာ ခေါင်းခါပြီး 'မဖြစ်ဘူး၊ ခင်ဗျားတို့ကို ဒီမှာ ကျွန်တော် ခွင့်မပြုနိုင်ဘူး'

'ဟာ··· တော်တော်ဆိုးတာပဲ၊ ဒါပေမဲ့··· ရတယ်၊ သူတို့နှစ်ယောက်ကို ကျွန်တော် စတူဒီယိုကို ခေါ်သွားမယ်'

'မရဘူး'

'ဘာဖြစ်လို့ မရရမှာလဲ'

တန်နှာ ဒေါသကြောင့် တစ်ကိုယ်လုံး တုန်နေသည်။ 'ကျွန်တော်··· ကျွန်တော်··· အို··· ဘာမှ မဟုတ်ဘူး'

အမျိုးသမီးနှစ်ယောက် ဘင်ရောဘတ်အနားသို့ ပြေးကပ်သွားကြသည်။

'ဆောရီး၊ ကျွန်တော် နောက်ကျသွားတယ်' ဘင်ရောဘတ် ပြောသည်။ 'လူသတ်မှုသတင်းတစ်ခု သွားပြီး ရိုက်ကူးနေခဲ့ရလို့'

'နောက်ထပ် နှစ်ခု ရှိသေးတယ်' ကယ်လီက ပြောလိုက်သည်။ 'ကဲ··· ဒီနေရာက ထွက်ကြရအောင်'

ဘင်ရောဘတ်အဖွဲ့သားများနှင့် အမျိုးသမီးနှစ်ယောက်တို့သည် တန်နှာ၏လူတွေကို ကျော်ဖြတ်ပြီး ပန်းခြံထဲမှ လျှောက်ထွက်သွားကြသည်။ တန်နှာမှာ တောက်တစ်ခေါက်ခေါက်နှင့် မကျေမချမ်း ဖြစ်ကျန်ရစ်သည်။

ဟယ်ရီဖလင့်က သူ့ဆရာကိုကြည့်ပြီး ထပ်ဆင့်အမိန့်ကို မျှော်နေသည်။ တန်နှာက ဦးခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းလိုက်သည်။ *ခွေးတိရစ္ဆာန်မတွေ··· နေနှင့်ကြဦးပေါ့ကွာ။*

o

ကယ်လီနှင့်ဒိုန်းတို့ ဘင်ရောဘတ်၏ကားနှင့် လိုက်ပါလာကြသည်။ ရုပ်သံအဖွဲ့သားတွေက ကားနှစ်စီးဖြင့် နောက်မှ လိုက်လာကြသည်။

ရောဘတ်က ကယ်လီ့ကိုမေးလိုက်သည်။

'ဘယ်လိုဖြစ်ကြတာလဲ၊ ပြောပြစမ်းပါဦး'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ပြောပြချင်ပါတယ်၊ ဒါပေမဲ့ အခု မပြောသေးဘူး၊ ကျွန်မ ဘာပြောရမယ်ဆိုတာကို ကျွန်မသိတဲ့အခါကျမှ ပြောမယ်၊ ကျွန်မ ကတိပေးပါတယ်··· ဘင်'

'ကယ်လီ··· ကျွန်တော်က သတင်းထောက်ပါ၊ ကျွန်တော် သိချင်···'

'ဒီနေ့ ရှင်လာတာ မိတ်ဆွေတစ်ယောက်အနေနဲ့ လာတာပါ'

ရောဘတ် သက်မချလိုက်ပြီး 'ကောင်းပြီလေ၊ ဒါဆို ခင်ဗျားတို့ကို ဘယ်ကိုပို့ပေးရမလဲ'

ဒိန်းက ဖြတ်ပြီး '၄၂လမ်းနဲ့ တိုင်းစကွဲယားနားမှာ ချထားခဲ့ပါ'

○

နောက်မိနစ် ၂၀အကြာတွင် ကယ်လီနှင့်ဒိန်း ကားပေါ်မှ ဆင်းကြသည်။

ကယ်လီက ဘင်ရောဘတ်၏ပါးကို နမ်းပြီး 'ကျေးဇူးတင်ပါတယ်··· ဘင်၊ ဘယ်တော့မှ မမေ့ပါဘူး၊ ကျွန်မတို့ အဆက်အသွယ် မပြတ်ပါစေနဲ့'

'အန္တရာယ်ကင်းပါစေ'

သူတို့ လက်ပြနှုတ်ဆက်ပြီး လျှောက်ထွက်လာခဲ့ကြသည်။

'ကျွန်မတော့ ကိုယ့်ကိုယ်ကိုယ် အဝတ်မရှိသလို ခံစားမိတယ်' ကယ်လီက ပြောသည်။

'ဘာဖြစ်လို့လဲ'

'ဒိန်း··· တို့မှာ ဘာလက်နက်မှ မရှိဘူး၊ သေနတ်တစ်လက်လောက် လိုချင်လိုက်တာ'

'ကျွန်မတို့မှာ ဦးနှောက်ရှိပါတယ်'

'ကျွန်မက သေနတ်ပဲလိုချင်တယ်၊ ဒီနေရာကို ဘာကြောင့် ရောက်နေတာလဲ၊ အခု ဘာဆက်ပြီး လုပ်ကြမလဲ'

'ပြေးတာကို ရပ်ကြတော့မယ်၊ ဒီအချိန်ကစပြီး ထိုးစစ်ဆင်တော့မယ်'

ကယ်လီ အံ့အားသင့်လျက် 'ရှင် ဘာပြောတာလဲ'

'ကျွန်မ ပင်ပန်းနေပြီ၊ ပြေးနေရတာကို ငြီးငွေ့လှပြီ၊ ဒါကြောင့် သူတို့ကို ငါတို့ကပဲ ပြန်လိုက်တော့မယ်··· ကယ်လီ'

'ကေအိုင်ဂျီကို ကျွန်မတို့က ထိုးစစ်ဆင်မလို့လား'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့'

'ရှင်က လျှို့ဝှက်သည်းဖိုဝတ္ထုတွေ အများကြီးဖတ်ထားပြီး စိတ်ကူးယဉ်နေတာလား၊ ကမ္ဘာမှာအကြီးဆုံးဖြစ်တဲ့ ကေအိုင်ဂျီလို ဉာဏ်ကြီးရှင်ပါရဂူ အဖွဲ့အစည်းကြီးကို ကျွန်မတို့ မိန်းမနှစ်ယောက်က အပြုတ်တိုက်နိုင်မှာတဲ့လား'

'မကြာခင်က သေသွားကြတဲ့ သူတို့ အမှုထမ်းတွေအားလုံးရဲ့ စာရင်းကို ရအောင် ယူရမယ်'

'မတ်နဲ့ ရစ်ချတ်တို့အပြင် တခြားအသတ်ခံရတဲ့လူတွေ ရှိသေးလို့လား'

'ရှိသေးတယ်၊ "အမှုထမ်းတွေ"... လို့ သတင်းစာမှာ ဖော်ပြထားတော့ နှစ်ယောက်ထက်မက အသတ်ခံရတာ ဖြစ်နိုင်တယ်'

'ဒါနဲ့... အဲဒီ အသတ်ခံရတဲ့လူတွေရဲ့ စာရင်းကို ဘယ်လို ရနိုင်မှာလဲ'

'ကျွန်မပြမယ်' ဒိန်းက ပြောလိုက်သည်။

○

'အလွယ်သုံး အင်တာနက်ကဖေး' ဆိုင်သည် တစ်ကိုယ်ရေသုံး ကွန်ပျူတာအလုံးရေ ၄၀၀ တပ်ဆင်ထားသည့် သီးသန့်အခန်းကလေး တစ်ဒါဇင်ကျော် ပါဝင်သော ခန်းမကျယ်ကြီးဖြစ်သည်။ ကမ္ဘာတစ်ဝန်းမှ သတင်းအချက်တွေကို တစ်ထိုင်တည်းနှင့် မြန်မြန်ဆန်ဆန် ဆက်သွယ်ရယူနိုင်သည်။

ဆိုင်ထဲဝင်လာတော့ ကယ်လီက မေးလိုက်သည်။

'ဘာ စလုပ်မလဲ'

'ကွန်ပျူတာကို မေးကြည့်မယ်'

ထို့နောက် အားလပ်နေသည့် သီးသန့်ခန်းကလေးတွင် ဝင်ထိုင်ကြသည်။

'အခုဘာဖြစ်နေသလဲ' ဒိန်း အင်တာနက်တွင် ရေးသွင်းနေတာကို ကယ်လီက ဘေးမှ ထိုင်ကြည့်နေသည်။

'ပထမဆုံး တခြား အသတ်ခံရသူတွေရဲ့ နာမည်တွေကို ရှာရမယ်၊ အဲဒီလူတွေလည်း ကေအိုင်ဂျီ အမှုထမ်းတွေပဲ'

ဒိန်းက 'နာရေးကြော်ငြာ' နှင့် 'ကေအိုင်ဂျီ'ကို ရိုက်ထည့်လိုက်သည်။ ကွင်းဆက်တွေကို ဖြည်းဖြည်းရှာရင်း နောက်ဆုံးတွင် သူလိုချင်သည့် 'ကေအိုင်ဂျီ၊ ဘာလင်' သို့ ရောက်လာသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



'စိတ်ဝင်စားစရာပဲ… **ဖရန့်ဗားဘရပ်ဂျ်**'

'သူ ဘယ်သူလဲ'

'အရေးကြီးတာက "သူဘယ်မှာရှိလဲ" ဆိုတာပဲ၊ သူလည်း ပျောက်သွားပုံရတယ်၊ သူ ဘာလင်က ကေအိုင်ဂျီရုံးခွဲမှာ လုပ်တယ်၊ သူ့မိန်းမ ဆွန်ဂျာက တရားခံမပေါ်ဘဲ အသတ်ခံရတယ်'

ဒိန်း နောက်ထပ် ကွင်းဆက်တစ်ခုကို ရွှေ့လိုက်သည်။

'ပြင်သစ်မှာ… **မတ်ဟားရစ်**'

ကယ်လီ အသက်ရှိုက်လိုက်ပြီး ခေါင်းညိတ်သည်။ 'ဆက်လုပ်ပါ'

ဒိန်း ခလုတ်တွေ ထပ်နှိပ်သည်။ 'ဒင်းဗားမှာ… **ဂယ်ရီရေနိုး**၊ ပြီးတော့… မင်ဟတ်တန်မှာ…' ဒိန်း အသံအက်သွားသည်။ '… **ရစ်ချတ်**'

ဒိန်း ထရပ်လိုက်သည်။ 'အဲဒါပဲ'

'အဲဒီတော့ အခု ဘာလုပ်မှာလဲ'

'ဒါတွေအားလုံး စုပေါင်းပြီး ဘယ်လိုဆက်လုပ်မယ်ဆိုတာ စဉ်းစားမယ်'

၀

လမ်းတစ်ဝက်လောက်တွင် ကွန်ပျူတာဆိုင်တစ်ဆိုင် တွေ့သည်။

'ခဏလေး…' ကယ်လီက ဆိုင်ထဲဝင်လာပြီး မန်နေဂျာကို ပြောလိုက်သည်။

'ကျွန်မ ကယ်လီဟားရစ်ပါ၊ တန်နာကင်စလေရဲ့ လက်ထောက်အရာရှိပါ၊ ဒီညနေမှာ အကောင်းဆုံးနဲ့ ဈေးအများဆုံး ကွန်ပျူတာ သုံးဒါဇင်လောက် လိုချင်ပါတယ်၊ ဖြစ်နိုင်မလား'

မန်နေဂျာ မျက်နှာဝင်းလက်သွားပြီး 'ဖြစ်ပါတယ်၊ သိပ်ဖြစ်တာပေါ့ မစ္စက်ဟားရစ်၊ မစ္စတာကင်စလေအတွက်ဆိုရင် ဘာမဆိုဖြစ်ပါတယ်၊ ဒီမှာတော့ အကုန်မရှိဘူး၊ ဒါပေမဲ့ ဂိုဒေါင်မှာ သွားယူပေးပါမယ်၊ ကျွန်တော်ကိုယ်တိုင် သွားယူပါမယ်၊ လက်ငင်းလား၊ အကြွေးလားခင်ဗျာ'

'ကုန်ရောက်ငွေချေစနစ်ပေါ့'

မန်နေဂျာ ပျာပျာသလဲ ထွက်သွားသည်။ ဒိန်းက ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မလည်း အဲဒီလို စိတ်ကူးမိခဲ့ချင်လိုက်တာ'

'နောက်တော့ စိတ်ကူးမိရမှာပါ' ကယ်လီက ပြောလိုက်သည်။

၀

ကသီအော်ဒိုနက်က တန်နာ့ကို သတင်းစာယူလာပေးသည်။ တန်နာ သတင်းခေါင်းစီးကို ဖတ်သည်။

*ဩစတေးလျကို လေဆင်နှာမောင်း မွှေသွားခြင်း*

*ဩစတေးလျနိုင်ငံကို ပထမဆုံးအကြိမ် လေဆင်နှာမောင်းတိုက်ခတ်ခဲ့ရာ ကျေးရွာပေါင်းခြောက်ရွာ ပျက်စီးသွားခဲ့သည်။ လူအသေအပျောက်စာရင်းကို မသိရသေး။*

*ကမ္ဘာ့မိုးလေဝသ ပုံစံအသစ် ဖြစ်ပေါ်လာမှုကြောင့် မိုးလေဝသပညာရှင်များ ဦးနှောက်ခြောက်နေကြသည်။ ၎င်းတို့က အိုဇုန်းလွှာပေါက်ကွဲမှုကို အပြစ်ပုံချနေကြသည်။*

'ဒီသတင်းကို မိတ္တူကူးခွဲပြီး ဗန်လူဗင်ဆီကို ပို့လိုက်' တန်နာက ပြောသည်။

'ပြီးတော့ *အထက်လွှတ်တော်အမတ် မင်းခင်ဗျား၊ အချိန်တွေ ကုန်လွန်နေပါပြီ၊ ကျန်းမာပါစေ၊ တန်နာကင်စလေ'* ဆိုပြီး စာတစ်စောင်ပါ ပူးတွဲထည့်ပေးလိုက်'

'ကောင်းပါပြီရှင်' ကသီ ပြန်ထွက်သွားသည်။

ရုံးတွင်းဖုန်း မြည်လာသည်။

'ကွန်ပျူတာတွေ ရောက်လာပါပြီရှင်'

'ဘာကွန်ပျူတာလဲ'

'မစ္စတာကင်စလေ မှာထားတာတွေပါ'

တန်နာ ဇဝေဇဝါဖြင့် ညှော်ကြိုခန်းသို့ လျှောက်လာခဲ့သည်။ လက်တွန်းစင်နှင့် တင်ယူလာသည့် ကွန်ပျူတာ အလုံးရေ သုံးဒါဇင်…။ ဆိုင်မန်နေဂျာနှင့် လူသုံးယောက်က စင်နားမှာရပ်လျှင်"

www.burmeseclassic.com



တန်နှာကိုမြင်တော့ မန်နေဂျာမျက်နှာ ရွှန်းလက်သွားပြီး 'မှာတဲ့အတိုင်း အဆင့်မြင့် အကောင်းဆုံးတွေကို ယူလာခဲ့ပါတယ်ခင်ဗျား၊ နောက်လည်း လိုအပ်ရင် ကူညီဖို့အသင့်ပါ မစ္စတာကင်စလေ'

တန်နှာက ကွန်ပျူတာတွေကိုကြည့်ပြီး 'ဒါတွေ ဘယ်သူမှာသလဲ'

'မစ္စတာကင်စလေရဲ့ လက်ထောက် ကယ်လီဟားရစ်ပါ၊ သူက အခုချက်ချင်း ပို့ပေးပါဆိုလို့'

'အကုန်ပြန်ယူသွား၊ သူ ဘယ်သွားနေလဲ၊ ဒါတွေ မလိုတော့ဘူး'

တန်နှာ ပြန်လှည့်ပြီး ရုံးခန်းထဲ ဝင်သွားသည်။ ထို့နောက်မှာတော့ ကယ်လီနှင့်ဒိန်းတို့၏ ဘဏ်စာရင်းနှင့် အကြွေးကတ်တွေကို အသုံးမဝင်အောင် လုပ်ဖို့အတွက် နောက်ဆုံးပေါ် အဆင့်မြင့် ကွန်ပျူတာတွေနှင့် အလုပ်ရှုပ်နေတော့သည်။

○

ဆယ်မိနစ်ခန့်အကြာတွင် တန်နှာ၏ အတွင်းရေးမှူး ရုံးခန်းထဲ ပြန်ဝင်လာသည်။

'သတင်းကောင်းပဲ မစ္စတာကင်စလေ၊ ဗန်လူဗင်ဆီက "ဖက်စ်" ပို့လိုက်တာပါ'

'ကဲ... ပေးစမ်း' သူ ဖက်စ်ကို လှမ်းယူလိုက်သည်။

*'မစ္စတာကင်စလေရှင့်... ကမ္ဘာကြီးပူနွေးလာမှု အကြောင်းရင်းကို တိုးမြှင့်စုံစမ်းစစ်ဆေးမှု အလျှင်အမြန် ပြုလုပ်ရန်နှင့် ကမ္ဘာကြီးပူနွေးလာမှုကို ကာကွယ်တိုက်ဖျက်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေကို ခွင့်ပြုရန် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထက်လွှတ်တော်ကော်မတီက သဘောတူဆုံးဖြတ်ကြောင်း အကြောင်းကြားပါသည်။ လေးစားစွာဖြင့်... အထက်လွှတ်တော်အမတ် ဗန်လူဗင်'*

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၃

'ရှင့်မှာ ပတ်စ်ပို့ ပါသလား' ဒိန်းက ကယ်လီကို မေးလိုက်သည်။

'ကျွန်မ သူစိမ်းနိုင်ငံမှာ အမြဲတမ်း ဆောင်ထားတယ်'

ဒိန်း ခေါင်းညိတ်ပြီး 'ကျွန်မ ပတ်စ်ပို့က ဘဏ်မှာရှိတယ်၊ သွားယူမယ်၊ ပြီးတော့ ကျွန်မတို့ ပိုက်ဆံလည်း လိုသေးတယ်'

○

ဘဏ်တိုက်ရောက်တော့ ဒိန်းက မြေအောက်ခန်းသို့ ဆင်းလာပြီး သူ၏ လုံခြုံခန်းငွေစုသေတ္တာကို ဖွင့်သည်။ ပတ်စ်ပို့ကို ထုတ်ယူ၍ လက်ကိုင်အိတ်ထဲထည့်သည်။ ပြီးနောက် ပြန်တက်လာပြီး ငွေကိုင်စားပွဲသို့ လျှောက်လာသည်။

'ကျွန်မစုငွေစာရင်း ပိတ်ချင်လို့ပါ'

'ရပါတယ်၊ နာမည် တဆိတ်လောက်'

'ဒိန်း စတီဗင်'

ငွေကိုင် ခေါင်းညိတ်ပြီး 'ခဏစောင့်ပါနော်' သူ ကက်ဘိနက်ဗီရိုတန်းဆီသို့ လျှောက်လာပြီး အံဆွဲကိုဖွင့်သည်။ စာရင်းကတ်ပြားများကို မွှေနှောက်ရှာဖွေပြီး ကတ်ပြား တစ်ခုကို ရွေးထုတ်လိုက်သည်။ ကတ်ပြားကို ခဏကြည့်နေပြီးနောက် ဒိန်းဆီသို့ လျှောက် လာသည်။

'ခင်ဗျားရဲ့ စုငွေစာရင်း ပိတ်သွားပါပြီ မစ္စက်စတီဗင်'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



ဒိန်း ဦးခေါင်းခါယမ်းလိုက်ပြီး 'မဟုတ်ဘူး၊ တစ်ခုခုမှားနေတာဖြစ်မယ်၊ ကျွန်မ…'

ငွေကိုင်က ကတ်ပြားကို ဒိန်းရှေ့မှာချလိုက်သည်။ 'စာရင်းပိတ်၊ အကြောင်း… ကွယ်လွန်'

ဒိန်း မယုံကြည်နိုင်အောင် ကြောင်တောင်တောင် ဖြစ်နေသည်။ ငွေကိုင်ကိုကြည့်ပြီး ပြောလိုက်သည်။ 'ကျွန်မ သေတဲ့ရုပ်ပေါက်နေလို့လား'

'မပေါက်ပါဘူး၊ စိတ်မရှိပါနဲ့၊ မန်နေဂျာနဲ့ တွေ့ချင်သလား'

'မတွေ့ပါဘူး' အကြောင်းရင်းကို သူ ချက်ချင်း သတိရပြီး ရင်ထဲ ထိတ်ခနဲ ဖြစ်သွားမိသည်။ 'ကျေးဇူးတင်ပါတယ်'

ထို့နောက် ကယ်လီ စောင့်နေသည့် တံခါးဝသို့ ပြေးလာခဲ့သည်။

'အဆင်ပြေသလား'

'ပတ်စ်ပို့တော့ ရတယ်၊ ဒါပေမဲ့ ငွေစုစာရင်းကိုတော့ ဟိုခွေးမသားတွေ ပိတ်ပစ်လိုက်ပြီ'

'သူတို့ ဘယ်လိုလုပ်ပြီး…'

'သိပ်လွယ်တာပေါ့၊ သူတို့က ''ကေအိုင်ဂျီ''လေ၊ ကျွန်မတို့က ဘာမှ မဟုတ်ဘူး'

'ဒီတော့ အခု ဘာဆက်လုပ်မလဲ'

'ကျွန်မ ဖုန်းဆက်မယ်' ဒိန်း အများသုံးဖုန်းရုံးသို့ ပြေးလာပြီး နံပါတ်တစ်ခုကို နှိပ်သည်။ အကြွေးကတ်ကို အိတ်ထဲမှ ထုတ်လိုက်သည်။ ခဏစောင့်နေပြီးမှ ဖုန်းထဲသို့ ပြောလိုက်သည်။

'ဒိန်းစတီဗင်နာမည်နဲ့ ဖွင့်ထားတဲ့ ငွေစုစာရင်းကိစ္စပါ၊ ဒီစာရင်းက စာရင်းရှင်ပါ၊ စာရင်းသေ မဟုတ်ပါဘူး'

'ဝမ်းနည်းပါတယ် မစ္စက်စတီဗင်၊ ကျွန်တော်တို့ မှတ်တမ်းအရ ခင်ဗျားရဲ့ကတ်ပြား အခိုးခံရတယ်လို့ မှတ်ချက်ရေးထားပါတယ်၊ ခင်ဗျားအနေနဲ့ လျှောက်လွှာရေးတင်ရင် တစ်ရက်နှစ်ရက်အတွင်း ကတ်ပြားသစ် ထုတ်ပေးပါမယ်'

'ကိစ္စမရှိဘူး' ဒိန်း ဖုန်းကို ပြန်ချပြီး ကယ်လီ့ဆီ လျှောက်လာသည်။ 'သူတို့က ကျွန်မရဲ့ အကြွေးကတ်တွေကို စာရင်းပယ်ဖျက်လိုက်ပြီ'

ကယ်လီ သက်မချလိုက်ပြီး 'ကျွန်မလည်း ဖုန်းခေါ်ကြည့်ဦးမယ်'

သူ နာရီဝက်လောက် ဖုန်းသွားဆက်ပြီး ဒိန်းဆီ ပြန်လာသည်။ သူ အလွန် ဒေါကန်နေသည်။ 'ရောဝဲလ်ကတော့ တိုက်နိုက်လိုက်ပြန်ပြီ၊ ဒါပေမဲ့ ကိစ္စမရှိဘူး၊ ပါရီမှာ ကျွန်မ ဘဏ်စုငွေ ရှိသေးတယ်၊ ဒါဆို…'

'အချိန်မရှိတော့ဘူး ကယ်လီ၊ ဒီက ထွက်သွားမှ ဖြစ်မယ်၊ ရှင့်မှာ ပိုက်ဆံ ဘယ်လောက်ရှိသေးလဲ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဘာရွတ်ကလင်းလောက်တော့ ရောက်နိုင်သေးတယ်၊ ရှင့်မှာကော…'

'နယူးဂျာစီလောက်တော့ ရောက်နိုင်တယ်'

'ဒါဖြင့် ကျွန်မတို့ ထောင်ချောက်မိနေပြီ၊ သူတို့ ဒီလို ဘာကြောင့်လုပ်တာလဲ… သိလား၊ ကျွန်မတို့ ဥရောပကို ထွက်မသွားနိုင်အောင်လို့၊ အမှန်တရားပေါ်မှာ ကြောက်လို့လုပ်တာ'

'သူတို့ဘက်က နိုင်နေသလို ဖြစ်နေပြီ'

'မဟုတ်ဘူး၊ မနိုင်ဘူး၊ ကျွန်မတို့ ဆက်လုပ်မယ်'

'ဘယ်လိုလုပ်မလဲ၊ ရှင့်ရဲ့ အာကာသယာဉ်နဲ့ သွားမှာလား'

'ဟုတ်တယ်'

○

ပဉ္စမရိပ်သာလမ်းမှ ကျောက်မျက်ရတနာဆိုင်ထဲသို့ ကယ်လီနှင့်ဒိန်းတို့ ဝင်လာကြသည်။ မန်နေဂျာ ဂျုံးဆက်ဘာရီက ပြုံးပြီး မေးလိုက်သည်။

'ဘာ ကူညီရမှာလဲ ခင်ဗျား'

'လက်စွပ်ရောင်းချင်လို့ပါ' ကယ်လီက ပြောလိုက်သည်။

'စိတ်မရှိပါနဲ့၊ ကျွန်တော်တို့က ကျောက်မျက်ရတနာ မဝယ်ပါဘူး'

ဂျုံးဆက်ဘာရီ လှည့်ထွက်သွားမည်လုပ်တော့ ကယ်လီ လက်ဝါးဖြန့်ပြလိုက်သည်။ အစိမ်းရောင် မြလက်စွပ်ကြီး။ 'ဒါက ခုနစ်ကာရက်မြလက်စွပ်၊ သုံးကာရက်စိန်တွေရံပြီး ပလက်တီနံနဲ့ ကွင်းထားတာ'

ဂျုံးဆက်ဘာရီ စိတ်ဝင်စားသွားသည်။ လက်စွပ်ကို ကြည့်သည်။ ကျောက်ကြည့်မှန်ဘီလူးသေးသေးလေးကို ချပြီး မျက်စိမှာတပ်သည်။

'တကယ်လှတာပဲ၊ ဒါပေမဲ့ ကျွန်တော်တို့ဆိုင် စည်းကမ်းအရဆိုရင်…'

'ကျွန်မ ဒေါ်လာနှစ်သောင်း လိုချင်ပါတယ်'

'ဒေါ်လာနှစ်သောင်း… ဟုတ်လား'

'ဟုတ်တယ်၊ လက်ငင်းငွေချေ'

www.burmeseclassic.com

www.burmeseclassic.com



ဒိန်းက ကယ်လီကို ငေးကြည့်ပြီး ‘ကယ်လီ…’

ဘာရီက လက်ဖွပ်ကို နောက်တစ်ကြိမ်ထပ်ကြည့်ပြီး ခေါင်းညိတ်သည်။

‘အင်း… ဖြစ်နိုင်မယ်ထင်တယ်၊ ခဏလေးနော်’

သူ ဆိုင်နောက်ခန်းထဲ ပြန်ဝင်သွားသည်။

ဒိန်းက ကယ်လီကိုပြောသည်။ ‘ရှင် ရူးနေပြီလား၊ သူတို့က ရှင့်ကို ဓားပြတိုက်နေတာ’

‘ဟုတ်လို့လား၊ ကျွန်မတို့ ဒီမှာဆက်နေရင် အသတ်ခံရလိမ့်မယ်၊ အသက်ထက်ပိုပြီး တန်ဖိုးရှိတာ ရှိသေးလို့လား’

ဒိန်း ဘာမှ ပြန်မပြောနိုင်တော့။

ဂျူးဆက်ဘာရီ ဆိုင်နောက်ခန်းမှ ပြန်ထွက်လာသည်။

‘လမ်းဟိုဘက်က ဘဏ်တိုက်ကို ငွေထုတ်ဖို့ တစ်ယောက်လွှတ်လိုက်တယ်၊ လက်ငင်း ငွေချေလိုက်ပါမယ်’

○

ကယ်လီက စာအိတ်ဖွင့်ပြီး ဒေါ်လာတစ်သောင်း ထုတ်ယူကာ ဒိန်းအား ပေးသည်။

ဒိန်း ဇဝေဇဝါဖြစ်သွားပြီး ‘ဒါက ဘာလဲ’

‘ရှင့်အတွက် တစ်ဝက်လေ’

‘ဘာလုပ်ဖို့လဲ၊ ကျွန်မ မ…’

‘နောက်မှပြန်ပေးလို့ရတယ်’ ကယ်လီ ပခုံးတွန့်လိုက်ပြီး ‘ကျွန်မတို့ နီးစပ်မှုရှိနေသေးရင်ပေါ့လေ၊ နီးစပ်မှုမရှိရင်တော့ ပြန်မပေးပါနဲ့တော့၊ ကဲ… ကျွန်မတို့ ဒီနေရာက ထွက်လို့ရမလား ကြိုးစားကြည့်ကြရအောင်’

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၄

လက်ဇင်တန်ရိပ်သာလမ်းတွင် ဒိန်း တက္ကစီငှားသည်။

'ဘယ်သွားမလဲ'

'လာဂွါဒီယား လေဆိပ်'

ကယ်လီက ဒိန်းအား တအံ့တသြကြည့်ပြီး 'လေဆိပ်တိုင်းမှာ သူတို့ စောင့်နေကြမယ်ဆိုတာ ရှင်မသိဘူးလား'

'သိပါတယ်'

'ဒါဖြင့် ဘာဖြစ်လို့၊ ရှင့်မှာ စီမံကိန်းရှိလို့လား'

ဒိန်းက ပြုံးပြီး ကယ်လီ့လက်ကို ပုတ်လိုက်သည်။

'ရှိလို့ ပြောတာပေါ့'

○

လာဂွါဒီယားလေဆိပ်အဆောက်အအုံထဲတွင် ကယ်လီနှင့်ဒိန်းတို့ အေလီတာလီယ လေကြောင်းလိုင်း လက်မှတ်ကောင်တာသို့ လျှောက်လာကြသည်။

'မင်္ဂလာ နံနက်ခင်းပါ၊ ဘာကူညီရပါမလဲခင်ဗျာ' ကောင်တာနောက်မှ လက်မှတ်ကိုယ်စားလှယ်က မေးလိုက်သည်။

ဒိန်းကပြုံးလျက် 'ရောမ့်စ်အိန်ဂျဲလိကို လက်မှတ်နှစ်စောင်ပေးပါ'

'ဘယ်အချိန် လိုချင်ပါသလဲ'

'ပထမဆုံးထွက်တဲ့ အခေါက်ပါ၊ နာမည်က ဒိန်းစတီဗင်နဲ့ ကယ်လီဟာရစ်'

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ မျက်နှာရှုံ့လိုက်သည်။

လက်မှတ်ကိုယ်စားလှယ်က ခရီးစဉ်ဇယားကိုကြည့်ပြီး…

'နောက်လေယာဉ် ၂း၁၅မှာ ထွက်မယ်'

'ကောင်းတယ်' ဒိန်းက ကယ်လီ့ကို ကြည့်လိုက်သည်။

ကယ်လီက ယှဲ့ယှဲ့ကလေးပြုံးပြီး 'ကောင်းပါတယ်'

'လက်ငင်းငွေချေမှာလား၊ အကြွေးကတ်နဲ့ ဝယ်မှာလား'

'လက်ငင်း' ဒိန်းက ပိုက်ဆံ ကမ်းပေးလိုက်သည်။

'ကျွန်မတို့ဘယ်မှာ ရှိတယ်ဆိုတာကို ကင်စလေသိအောင် နီယွန်မီးချောင်းနဲ့ ဆိုင်းဘုတ်ထောင်ပေးလိုက်ပါလား' ကယ်လီက ပြောသည်။

'သိပ်လည်း မစိုးရိမ်ပါနဲ့လေ'

ဒိန်းက ပြောလိုက်သည်။

လျှောက်လာရင်း အမေရိကန်လေကြောင်း ကောင်တာရှေ့ရောက်တော့ ဒိန်းက ရပ်လိုက်ပြီး…

'နောက်ထွက်မယ့်လေယာဉ်နဲ့ မီယာမီကို လက်မှတ်နှစ်စောင်ပေးပါ'

'ရပါတယ်' လက်မှတ်ကိုယ်စားလှယ်က ခရီးစဉ်ဇယားကိုကြည့်ရင်း

'နောက်လေယာဉ်က သုံးနာရီအတွင်း ထွက်မယ်'

'ဟုတ်ပြီ၊ ကျွန်မတို့နာမည်က ဒိန်းစတီဗင်နဲ့ ကယ်လီဟားရစ်'

ကယ်လီ မျက်စိမှိတ်ထားလိုက်သည်။

'အကြွေးကတ်လား၊ လက်ငင်းလား'

'လက်ငင်း'

ဒိန်းက ပိုက်ဆံချေသည်။ လက်မှတ်နှစ်စောင်ရသည်။

လျှောက်လာရင်း ကယ်လီကမေးလိုက်သည်။

'အဲဒီ ဉာဏ်ကြီးရှင်တွေကို ဒီနည်းနဲ့ အနိုင်ယူမှာတဲ့လား၊ ဆယ်နှစ်သားကလေးကိုတောင် ဒီနည်းနဲ့ အရူး မလုပ်နိုင်ပါဘူး'

ဒိန်းက လေဆိပ်ထွက်ပေါက်ဆီသို့ လျှောက်သွားသည်။ ကယ်လီအပြေးကလေး လိုက်သွားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဘယ်ကို သွားမလို့လဲ'

'တစ်နေရာကို…'

'ကဲ… လုပ်ချင်သလိုသာ လုပ်ပါတော့၊ ကျွန်မတော့ ဘာမှ မသိချင်တော့ဘူး'

လေဆိပ်ရှေ့မှာ တက္ကစီကားတွေ တန်းစီနေသည်။ နှစ်ယောက်စလုံး ကားတစ်စီးပေါ် တက်လိုက်ကြသည်။

'ဘယ်သွားမလဲ'

'ကနေဒီလေဆိပ်'

'သူတို့ကိုတော့ မပြောတတ်ဘူး' ကယ်လီက ပြောသည်။ 'ကျွန်မတော့ မျက်စေ့လည်သွားပြီ၊ ကိုယ်တို့ကို ကာကွယ်ဖို့ လက်နက်တစ်ခုခုပဲ လိုချင်တော့တယ်'

'အသေးစား အမြောက်ကလေးတစ်လက် ဘယ်မှာ သွားဝယ်ရမှာလဲ၊ ကျွန်မ မသိဘူး'

ဒိန်းက တက္ကစီဒက်ရှ်ဘုတ်ပေါ်က လိုင်စင်ပလိပ်ကို ကြည့်လိုက်သည်။

ဒရိုင်ဘာနာမည် 'မာရီယို ဆီးလဗား'

'မစ္စတာဆီးလဗား… ကျွန်မတို့ကို ဘယ်သူမှ နောက်ယောင်ခံလိုက်လို့မရဘဲ ကနေဒီလေဆိပ်ကို မောင်းလို့ ရနိုင်မလား'

ဒရိုင်ဘာ၏အပြုံးကို မှန်ထဲမှာ မြင်ရသည်။ 'ခင်ဗျားတို့ လူမှန်နဲ့ တွေ့တာပဲ'

သူ ကားကို တစ်ပတ်ပြန်ကွေ့လိုက်သည်။ ပြီးတော့ လမ်းကျဉ်းကလေးထဲ ချိုးဝင်ပြီး ဆက်မောင်းလာခဲ့သည်။ သူတို့နောက်တွင် ဘာကားမှ မရှိ။

'ဖြစ်တယ်နော်' ဒရိုင်ဘာက မေးသည်။

'ဖြစ်တယ်' ကယ်လီက ပြန်ပြောလိုက်သည်။

မာရီယိုဆီးလဗားသည် နောက်မိနစ် ၃၀ခန့် လှည့်ပတ်မောင်းသည်။ နောက်ဆုံးတွင် ကနေဒီလေဆိပ် ပင်မ ဝင်ပေါက်ရှေ့တွင် ရပ်လိုက်သည်။

'ကဲ… ရောက်ပါပြီ ခင်ဗျား' သူက မြူးရွှင်စွာ ပြောလိုက်သည်။

ဒိန်းက ပိုက်ဆံအိတ်မှ ပိုက်ဆံထုတ်ပြီး 'ရော့… ရှင့်အတွက် အပိုလက်ဆောင်ပါ ပါတယ်'

ဒရိုင်ဘာက ပြုံးပြုံးကြီးလုပ်ပြီး 'ကျေးဇူးတင်ပါတယ်ခင်ဗျား'

အမျိုးသမီးနှစ်ယောက် လေဆိပ်ခန်းမထဲ လျှောက်ဝင်သွားပြီး မြင်ကွင်းမှပျောက်သွားသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာက ကားထဲမှာထိုင်ရင်း လက်ကိုင်ဖုန်းဖြင့် ဆက်လိုက်သည်။

'တန်နာ့ကင်စလေနဲ့ ပြောပါရစေ'

○

'ဒဲလ်တာ လေကြောင်းလိုင်း' ကောင်တာတွင် လက်မှတ်ကိုယ်စားလှယ်က ခရီးစဉ်ဇယားကြောညာဆိုင်းဘုတ်ကို လှမ်းကြည့်လိုက်ပြီး…

'ဟုတ်ကဲ့၊ လိုချင်တဲ့ ခရီးစဉ်အတွက် လက်မှတ်နှစ်စောင် ရနိုင်ပါတယ်၊ ညနေ ၅း၅၀မှာ ထွက်ခွာပါမယ်၊ မဒရစ်မှာ တစ်နာရီရပ်နားပြီး နောက်နေ့မနက် ၉း၂၀မှာ ဘာစီလိုနာကို ရောက်ပါမယ်'

'ကောင်းပါပြီ' ဒိန်းက ပြောလိုက်သည်။

'အကြွေးကတ်လား၊ လက်ငင်းလား'

'လက်ငင်း'

ဒိန်း ပိုက်ဆံ ထုတ်ပေးလိုက်သည်။ ပြီးတော့ ကယ်လီဘက်လှည့်ပြီး…

'ဧည့်သည်ဆောင်မှာ ထိုင်စောင့်မယ်'

○

နောက်နာရီဝက်အကြာတွင် ဖလင့်က လက်ကိုင်ဖုန်းဖြင့် တန်နာ့ဆီကို ဆက်သည်။

'မစ္စတာကင်စလေ ပြောတဲ့သတင်း ကျွန်တော်ရတယ်၊ သူတို့ ဒဲလ်တာလိုင်းနဲ့ ဘာစီလိုနာကိုစီးမယ်၊ သူတို့ လေယာဉ်က ၅း၅၀မှာ ကနေဒီလေဆိပ်က ထွက်ခွာမယ်၊ မဒရစ်မှာ တစ်နာရီနားပြီး ဘာစီလိုနာကို မနက် ၉း၂၀မှာရောက်မယ်'

'ကောင်းပြီ၊ ကုမ္ပဏီဂျက်လေယာဉ်နဲ့ ဘာစီလိုနာကို လိုက်သွား၊ သူတို့ရောက်ချိန်မှာ သွားတွေ့၊ ပြီးတော့ လုလုပပကြီး ကြိုဆိုနှုတ်ဆက်လိုက်၊ စိတ်ချမယ်နော်'

'စိတ်ချ'

တန်နာ ဖုန်းပြန်ချလိုက်သည်။ အန်ဒရူးဝင်လာသည်။ သူ့ ကုတ်အင်္ကျီရင်ဘတ်ဖုံးတွင် မင်္ဂလာဆောင်ပန်း ထိုးထားသည်။ 'ဟောဒီမှာ အစီအစဉ်…'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက ဘာလဲ'

'မင်း တောင်းထားတဲ့ဟာ…'

'အဲဒါ ပြောတာမဟုတ်ဘူး၊ ခင်ဗျားအင်္ကျီမှာ ပန်းထိုးထားတာကို ပြောတာ'

အန်ဒရူး မျက်နှာလန်းသွားပြီး…

'မင်းတို့ မင်္ဂလာဆောင်အတွက် ပန်းထိုးထားတာလေ၊ ငါက သတို့သားအရံလေ'

တန်နာ မျက်မှောင်ကြုတ်လိုက်ပြီး 'ခင်ဗျားကြီး ဘာတွေလျှောက်ပြောနေတာလဲ' နောက်မှ ရုတ်တရက်သတိရပြီး 'အဲဒါက လွန်ခဲ့တဲ့ ခုနစ်နှစ်က ကိစ္စဗျ၊ မင်္ဂလာဆောင် မရှိတော့ဘူး၊ ကဲ… မြန်မြန် ထွက်သွားစမ်းပါဗျာ'

အန်ဒရူး အံ့အားသင့်ပြီး ရပ်နေသည်။ သူ ဘာကိုမှ နားမလည်တော့သလို ဖြစ်နေသည်။

'ထွက်သွားပါဆို'

အန်ဒရူး ထွက်သွားသည်ကို တန်နာ စောင့်ကြည့်နေသည်။ ဒီလူ့ကို တစ်နေရာပို့ထားလိုက်မှ ဖြစ်တော့မည်ဟု တွေးမိသည်။ အချိန်တန်ပြီ။

○

ဘာစီလိုနာသို့ လေယာဉ် စတင်ထွက်ခွာပြီ။ အားလုံးအဆင်ပြေ ချောမောသည်။

ကယ်လီက နယူးယောက်မြို့ကို ပြတင်းပေါက်မှ လှမ်းကြည့်လိုက်သည်။ ဟိုအဝေးတွင် မှိန်မှေးမှေးသာ မြင်ရတော့သည်။ 'ကျွန်မတို့ အန္တရာယ်ကင်းပြီလို့ ထင်သလား'

ဒိုင်းက ခေါင်းခါပြရင်း 'မထင်ပါဘူး၊ သူတို့ အနေးနဲ့အမြန် လိုက်လာကြဦးမှာပဲ၊ ဒါပေမဲ့ ကျွန်မတို့ အဲဒီကိုတော့ ရောက်သွားကြမှာပါ' လက်ကိုင်အိတ်ထဲမှ ကွန်ပျူတာ မိတ္တူစာရွက်ကို ထုတ်၍ ဖတ်ကြည့်သည်။ 'ဆွန်ဂျာဗားဘရပ်… ဘာလင်မှာ အသတ်ခံရသည်။ သူ့ယောကျ်ား ပျောက်ဆုံးနေသည်။ …ဒင်းဗားမှာ ဂယ်ရီရေးနိုးလ်…' ခဏ ရပ်နေသည်။ 'ဓာတ်နှင့် ရစ်ချတ်…'

ကယ်လီက စာရွက်ကိုလှမ်းကြည့်ပြီး 'ဒါဆို ကျွန်မတို့ ပါရီ၊ ဘာလင်၊ ဒင်းဗားသွားပြီး နယူးယောက်ပြန်ရမှာပေါ့'

'ဟုတ်တယ်၊ ကျွန်မတို့ ဆန်ဆေဘက်စတီယံဘက်က နယ်စပ်ဖြတ်ပြီး ပြင်သစ်ကိုဝင်မယ်'

○

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီသည် ပြင်သစ်ကို ရောက်ချင်စိတ်စောနေသည်။ ဆမ်မဲဒိုးနှင့် စကားပြောချင်သည်။ အကူအညီ ရလိမ့်မည်ဟု ယူဆသည်။ ပြီးတော့ ခွေးမကလေး အိန်ဂျယ်ကိုလည်း အောက်မေ့နေသည်။

'စပိန်ကို ရောက်ဖူးလား' ဒိန်းက မေးသည်။

'မတ်ခေါ်သွားလို့ တစ်ခေါက်ရောက်ဖူးတယ်၊ သိပ်ပြီး…' အကြာကြီး ငြိမ်နေပြီးတော့မှ 'အနာဂတ်မှာ ကျွန်မရင်ဆိုင်ရမယ့် ပြဿနာကိုသိသလား… ဒိန်း၊ တစ်လောကလုံးမှာ မတ်လိုလူတစ်ယောက်မှ မရှိဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ချစ်မိကြပြီး ရှုတ်တရက် လောကနတ်ဘုံရောက်သွားကြတဲ့ ဇာတ်လမ်းတွေ ရှင်ဖတ်ဖူးမှာပါ၊ ကျွန်မနဲ့ မတ်တို့ရဲ့ဘဝလည်း အဲဒီအတိုင်းပါပဲ၊ ရှင်နဲ့ရစ်ချတ်တို့လည်း ဒီအတိုင်းပဲလား'

'ဟုတ်တယ်' ဒိန်း တိုးတိုးပြောသည်။ 'မတ်က ဘယ်ကို လူစားမျိုးလဲ'

ကယ်လီပြုံးလျက် 'အံ့သြရလောက်အောင် ကလေးဆန်တယ်၊ ကလေးစိတ်ဓာတ်နဲ့ ပညာရှင်ဦးနှောက်ပိုင်ရှင် တစ်ယောက်လို့ ကျွန်မထင်မိတယ်' ကယ်လီ ပြောပြီး ခစ်ခနဲရယ်လိုက်သည်။

'ဘာရယ်တာလဲ'

'သူ ဝတ်စားပုံကို သတိရလို့၊ ကျွန်မတို့ ပထမဆုံး ချိန်းတွေ့တော့ သူဝတ်လာပုံကိုကြည့်ပါဦး၊ ပုံပျက်ပန်းပျက် မီးခိုးရောင်ရှပ်အင်္ကျီ၊ အနီရဲရဲလည်စီး။ အိမ်ထောင်ပြုပြီးတော့မှ အချိုးကျကျဝတ်စားလာတာ၊ သူက ကျွန်မ အံ့သြရတဲ့ လက်ဆောင်လေးတွေ ပေးတတ်တယ်၊ အကြီးကျယ်ဆုံး လက်ဆောင်ကတော့ အချစ်ပဲ' ကယ်လီ လက်ကိုင်ပုဝါထုတ်ပြီး မျက်ရည်သုတ်သည်။

'ရစ်ချတ်အကြောင်းလည်း ပြောပါဦး'

ဒိန်း ပြုံးသည်။ 'သူက စိတ်ကူးယဉ်သမား၊ အိပ်ရာဝင်ရင် သူကပြောတယ်၊ "ကိုယ့်ရဲ့ခလုတ်ကို နှိပ်ပါ"တဲ့၊ ကျွန်မက ရယ်ပြီးပြန်ပြောလိုက်တယ်၊ "ဒီခလုတ်ကို ဘယ်သူမှ မနှိပ်တာ ဝမ်းသာပါတယ်"လို့၊ သူ့ရဲ့လျှို့ဝှက်ခလုတ်ကတော့ တယ်လီဖုန်းပေါ်က "မနှောင့်ယှက်ပါနဲ့" ခလုတ်ပဲ၊ သူကပြောတယ်၊ ကျွန်မတို့ဟာ ရဲတိုက်ထဲရောက်နေကြတယ်၊ နှစ်ယောက်တည်းပဲ၊ ဘယ်သူမှမရှိဘူး၊ ဖုန်းပေါ်ကခလုတ်ဟာ ကမ္ဘာကြီးကို အန္တရာယ်ကင်းအောင် ကာကွယ်ထားတဲ့ ကျုံးပဲတဲ့' သူက တစ်စုံတစ်ရာကို သတိရပြီး ပြုံးသည်။ 'ရစ်ချတ်ဟာ အလွန်တော်တဲ့ သိပ္ပံပညာရှင်ပါ၊ အိမ်ကပစ္စည်းအပျက်တွေကို ပြန်ပြင်တာ ဝါသနာပါတယ်၊ ဒါပေမဲ့ သူပြင်ပြီးရင် ကျွန်မက ကျွမ်းကျင်သူခေါ်ပြီး အမြဲတမ်း ပြန်ပြင်ခိုင်းရတယ်၊ သူ့ကို ကျွန်မ ဘယ်တော့မှ မပြောဘူး'

နှစ်ယောက်သား ညဉ့်နက်သည်အထိ စကားပြောကြသည်။ သူတို့ ယောကျ်ားတွေအကြောင်း ပထမဆုံး

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြောဖြစ်ကြခြင်းဖြစ်သည်။ နှစ်ယောက်သားကြားတွင် မမြင်ရသော အတားအဆီးတစ်ခု ပျောက်ပြယ်သွားသလို ခံစားကြရသည်။

ကယ်လီ သမ်းဝေလိုက်သည်။ 'နည်းနည်းတော့ အိပ်လိုက်မှ ကောင်းမယ်၊ မနက်ဖြန်ဟာ စိတ်လှုပ်ရှားရတဲ့နေ့ ဖြစ်လိမ့်မယ်ထင်တယ်'

ဘယ်လို စိတ်လှုပ်ရှားရမည်ဆိုတာတော့ သူ မပြောတတ်ပါချေ။

○

ဟယ်ရီဖလင့်သည် ဘာစီလိုနာမြို့၊ အယ်ပရတ်လေဆိပ်တွင် လူအုပ်ထဲ တံတောင်နှင့်တွက်၍ လျှောက်ဝင်လာပြီး လေယာဉ်အဝင်နှင့်အထွက် ခရီးစဉ်ဇယား ဆိုင်းဘုတ်ကြီးကို မော်ကြည့်လိုက်သည်။ နယူးယောက်မှ ပျံသန်းလာသည့် လေယာဉ်သည် နာရီဝက်အတွင်းဆိုက်တော့မည်။ အားလုံး အစီအစဉ်အတိုင်း အဆင်ပြေချောမောနေသည်။ ဖလင့် အေးအေးဆေးဆေး ထိုင်စောင့်နေသည်။

○

မိနစ်သုံးဆယ်အကြာတွင် နယူးယောက်မှ ခရီးသည်များ လေယာဉ်ပေါ်မှ ဆင်းလာကြသည်။ ခရီးသည်အားလုံး စိတ်လှုပ်ရှားနေကြပုံရသည်။

ခရီးသည်များထဲတွင် ပုံမှန်ကမ္ဘာလှည့်ခရီးသည်များ၊ နယ်လှည့်အရောင်းကိုယ်စားလှယ်များ၊ ကလေးများနှင့် ပျားရည်ဆမ်းခရီးထွက် ကြင်စဦးဇနီးမောင်နှံများ ပါဝင်သည်။ ဖလင့်သည် ခရီးသည်များကို တစ်ယောက်ချင်း စေ့စေ့စပ်စပ် စောင့်ကြည့်နေသည်။ ကယ်လီနှင့်ဒိန်းတို့ကို အရိပ်အယောင်ပင် မတွေ့ရ။ ငါးမိနစ် ထပ်မံစောင့်ကြည့်သည်။ ထို့နောက် လေယာဉ်အတက်ဂိတ်သို့ လျှောက်လာသည်။

'ဒီနေရာကို လာခွင့်မရှိပါဘူး ခင်ဗျား'

'ကျွန်တော်က ပြည်ထောင်စုလေကြောင်းအုပ်ချုပ်ရေးအဖွဲ့ကပါ၊ ဒီလေယာဉ်အိမ်သာခန်းထဲမှာ ဖွက်ထားတဲ့ အထုပ်တစ်ထုပ် ပါလာတဲ့အကြောင်း သတင်းရလို့ပါ၊ အဲဒါ ကျွန်တော့်ကို ချက်ချင်းသွားစစ်ဆေးဖို့ လွှတ်လိုက်တာ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဖလင့် လေယာဉ်ပြေးလမ်းအတိုင်း လျှောက်လာသည်။ လေယာဉ်နားသို့ ရောက်လာသည်။ လေယာဉ်အမှုထမ်းတွေ ပြန်စပြုနေကြပြီ။

'ဘာကူညီရပါမလဲရှင်' လေယာဉ်မယ်တစ်ယောက်က မေးသည်။

'ပြည်ထောင်စု လေကြောင်းအဖွဲ့ စစ်ဆေးရေးကိစ္စပါ'

သူ လေယာဉ်ပေါ်တက်လာသည်။ လေယာဉ်ပေါ်မှာ ခရီးသည်တစ်ယောက်မျှ မရှိတော့။

လေယာဉ်မယ်က မေးသည်။ 'ပြဿနာတစ်ခုခုရှိလို့လား'

'ဟုတ်တယ်၊ ဗုံးထောင်ထားတာ ဖြစ်နိုင်တယ်'

ဖလင့် လေယာဉ်ဝန်ထမ်းများအခန်းသို့ လျှောက်သွားပြီး အိမ်သာတံခါးကို ဆွဲဖွင့်လိုက်သည်။ အိမ်သာထဲတွင် ဗလာနတ္ထိ။ ကယ်လီနှင့်ဒိန်းတို့ ဘယ်ရောက်သွားမှန်းမသိ။

○

'သူတို့ လေယာဉ်ပေါ်မှာ မရှိတော့ဘူး… မစ္စတာကင်စလေ'

တန်နာ၏အသံက ကြောက်စရာကောင်းလောက်အောင် ပျော့ပျောင်းသည်။ 'သူတို့ လေယာဉ်ပေါ်တက်တာကို မြင်လိုက်သလား'

'ဟုတ်ကဲ့၊ မြင်လိုက်ပါတယ်'

'ဒါဆို ရိုးရိုးကလေးစဉ်းစားလို့ရတယ်၊ သူတို့ဟာ လေထီးမပါဘဲ အတ္တလန်တိတ်သမုဒ္ဒရာထဲ ခုန်ဆင်းသွားတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် မဒရစ်မှာ ဆင်းကျန်ရစ်တာလည်း ဖြစ်နိုင်တယ်၊ ဒါကို မင်းလက်ခံသလား'

'ခံပါတယ်၊ ဒါပေမဲ့…'

'ကောင်းပြီ၊ ဒီတော့ သူတို့ဟာ မဒရစ်ကနေပြီး ပြင်သစ်ကို သွားဖို့ရည်ရွယ်တဲ့ အစီအစဉ်ပဲ'၊ ခဏစဉ်းစားနေပြီးမှ 'သူတို့မှာ ရွေးစရာလေးလမ်းရှိတယ်၊ တခြားလေယာဉ်တွေနဲ့ ဘာစီလိုနာကို စီးနိုင်တယ်၊ ဒါမှမဟုတ် ရထား၊ ဘတ်စ်ကား၊ တက္ကစီကားတွေနဲ့ သွားနိုင်တယ်' အတန်ကြာ စဉ်းစားနေသည်။ ပြီးတော့မှ 'ဒါပေမဲ့ ဘတ်စ်ကား၊ လေယာဉ်နဲ့ ရထားစီးရင် သူတို့ စိတ်ကျဉ်းကျပ်တယ်လို့ ထင်ကောင်းထင်နိုင်တယ်၊ အဲဒီတော့ တက္ကဗေဒနည်းနဲ့ စဉ်းစားလိုက်မယ်ဆိုရင် သူတို့ဟာ ဆန်ဆေဘက်စတီယံကို တက္ကစီနဲ့ ဖြတ်ကျော်ပြီး ပြင်သစ်ကို ဝင်မှာ သေချာတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'တကယ်လို့...'

'ဖြတ်မပြောနဲ့၊ ဆိုတော့ မဒရစ်ကနေပြီး ဆန်ဆေဘာက်စတီယံကို ငါးနာရီလောက်ကြာမယ်၊ အဲဒီတော့ ဒီညီမလေး မဒရစ်ကို လေယာဉ်ပြန်စီး၊ လေဆိပ်က တက္ကစီအငှားကားစခန်းတွေကို သေသေချာချာစစ်ဆေး၊ သူတို့ ဘာကားကို ငှားသွားတာလဲ၊ အမျိုးအစား၊ အရောင်ကစပြီး တစ်ခုမကျန် သိအောင်စုံစမ်း'

'ကောင်းပါပြီ'

'အဲဒီနောက် ဆန်ဆေဘာက်စတီယံကို လေယာဉ်စီး၊ တက္ကစီငှား၊ ကားကြီးကြီးကိုငှား၊ အဝေးပြေးလမ်းမကြီး တစ်လျှောက် သူတို့မမြင်အောင် လုံအိပ်ပြီး မျက်ခြည်မပြတ်စောင့်ကြည့်သွား၊ သူတို့ ဆန်ဆေဘာက်စတီယံကို ရောက်သွားတာကို ငါမလိုချင်ဘူး၊ ပြီးတော့...'

'ဟုတ်ကဲ့...'

'မတော်တဆ အန္တရာယ်လို ဖြစ်အောင် ဖန်တီးဖို့ မမေ့နဲ့'

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၅

ဒီန်းနှင့်ကယ်လီတို့ မဒရစ်မြို့၊ ဘာရာဂျက်စ်လေယာဉ်ကွင်းသို့ ရောက်နေကြသည်။ ဟတ်ဖ်၊ ယူရော့ကား၊ အေဗစ်စ်နှင့် အေလီဆာ စသည့် အငှားကားအေဂျင်စီတွေ တော်တော်များများ ရှိသည့်အနက် ပိုပြီး လူသိနည်းသည့် အေလီဆာအေဂျင်စီကို ရွေးလိုက်သည်။

'ဆန်ဆေဘက်စတီယံကို အမြန်ဆုံးလမ်းက ဘာလမ်းလဲ' ဒီန်းက မေးလိုက်သည်။

'လွယ်လွယ်လေးပါ *ဆင်နော်ရာ၊ ပြင်သစ်နယ်စပ် ဟွန်ဒါရီဘီးယားက ဖြတ်ရင် တန်းရောက်တယ်၊ လေးငါးနာရီပဲ မောင်းရမယ်'

'ကျေးဇူးတင်ပါတယ်'

ထို့နောက် စင်းလုံးကားငှားပြီး မောင်းထွက်လာခဲ့ကြသည်။

○

နောက်တစ်နာရီအကြာတွင် ကောအိုင်ကို ဂျက်လေယာဉ် မဒရစ်ကို ရောက်တော့ ဟယ်ရီဖလင့် အငှားကားဌာနတွေ တစ်ခုပြီးတစ်ခု လိုက်စုံစမ်းသည်။

'ကျွန်တော်က ညီမနဲ့ သူ့မိတ်ဆွေ အမျိုးသမီးတို့ကို လာတွေ့တာ၊ မိတ်ဆွေ

---

* *Señora (စပိန်စကား)= Mrs (မစ္စက်)*

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက အာဖရိကန်-အမေရိကန်ကပြား၊ တော်တော်ချောတယ်၊ သူတို့ကို မတွေ့ရတာကြာပြီ၊ သူတို့က နယူးယောက်က လာကြတာ၊ သူတို့ ကားငှားသွားသေးသလား'

'မငှားဘူး *ဆင်နော်'

'မငှားဘူး ဆင်နော်'

'မငှားဘူး ဆင်နော်'

သို့သော်လည်း အေလီဆာ အငှားကားအေဂျင်စီရောက်တော့ ဖလင့် ကံကောင်းသွားသည်။

'ဟုတ်ကဲ့ ဆင်နော်၊ သူတို့ကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်၊ သူတို့...'

'သူတို့ ဘယ်ကားကို ငှားသွားလဲ'

'ပျူးဂေါ့ကားပါ'

'အရောင်က ဘာလဲ'

'အနီရောင်ပါ'

'လိုင်စင် နံပါတ်က...'

'ခဏလေး...'

စာရေးက စာအုပ်လှန်ကြည့်ပြီး နံပါတ်ပြောသည်။ 'သူတို့ကို တွေ့မှာပါ'

'တွေ့မှာပါ'

○

နောက်ဆယ်မိနစ်အကြာတွင် ဖလင့် ဆန်ဆေဘက်စတီယံသို့ လေယာဉ်နှင့် လိုက်လာခဲ့သည်။ ဆန်ဆေဘက်စတီယံသို့ရောက်လျှင် ကားငှားပြီး သူတို့နှစ်ယောက် နောက်ကိုလိုက်မည်။ ယာဉ်အသွားအလာ ပြတ်သည့်တစ်နေရာတွင် သူတို့ကားကို လမ်းဘေးသို့ တိုက်ချပြီး လက်စတုံး လုပ်ပစ်လိုက်မည်။

○

---

* *Señor (စပိန်စကား)= Mr. (မစ္စတာ)*

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဒိန်းနှင့်ကယ်လီတို့ ဆန်ဆောဘက်စတီယံမှ မိနစ်သုံးဆယ်အကွာအဝေးမှာသာ ရှိနေသေးသည်။ ငြိမ်ငြိမ်သက်သက်နှင့် စိတ်ချလက်ချ မောင်းလာသည်။ အဝေးပြေးလမ်းမကြီးပေါ်တွင် ကားအသွားအလာပြတ်သည်။ သူတို့ ကံကောင်းသည်။ လမ်းတစ်ဖက်တစ်ချက် မြင်ကွင်းက တော်တော်လှသည်။ လေထဲတွင် သလဲသီး၊ ဘဂ်လားဆီးသီးနှင့် လီမွှော်သီးနံ့ သင်းပျံ့နေသည်။

လမ်းမကြီးနှင့် ခပ်လှမ်းလှမ်းတွင် စပယ်ရုံတွေ ခြံခတ်ထားသည့် အိမ်အိုအိမ်ဟောင်းများကို မြင်နေရသည်။ မကြာမီတွင် အလယ်ခေတ်မြို့ကလေးဖြစ်သည့် ဘားဂိုးစ်မှ ထွက်လာသောအခါ ပိုင်ရေနီးစ် တောင်တန်းတောင်ခြေများကို မြင်လာရသည်။

'အင်း… ဟိုနေရာကို ရောက်လာပြီပဲ' ဒိန်းက ပြောလိုက်သည်။ သူ ရှေ့ကိုလှမ်းကြည့်ပြီး မျက်မှောင်ကြုတ်လိုက်သည်။ ပြီးတော့ ကားကို ဘရိတ်အုပ်လိုက်သည်။ သူတို့ရှေ့ ကိုက်၂၀၀ခန့်တွင် မီးလောင်နေသော ကားတစ်စီးကို လှမ်းမြင်ရသည်။ ယူနီဖောင်းဝတ်တွေက လမ်းကို ပိတ်ဆို့ထားသည်။

'ဘာဖြစ်နေတာလဲ မသိဘူး'

'ကျွန်မတို့ ဘက်စကျူတိုင်းရင်းသားနယ်မြေ ရောက်နေတယ်' ကယ်လီက ပြောသည်။ 'ဒါ စစ်နယ်မြေပဲ၊ တိုင်းရင်းသားတွေက စပိန်အစိုးရကို တိုက်နေတာ နှစ်ပေါင်း ၅၀ လောက်ရှိနေပြီ'

အစိမ်းရောင်ယူနီဖောင်းဝတ် အရာရှိတစ်ယောက် လမ်းမပေါ်တက်လာပြီး လက်ကိုမြှောက်လျက် လမ်းဘေးသို့ လက်ညှိုးထိုးပြသည်။

ကယ်လီက အသက်အောင့်ပြီး '*အီးတီအေကပါ၊ ကျွန်မတို့ ရပ်လို့မဖြစ်ဘူး၊ သိပ်ကြာသွားလိမ့်မယ်'

အရာရှိက ကားဘေးသို့ လျှောက်လာသည်။ 'ကျွန်တော် ကပ္ပတိန်အိုင်ရာဒီပါ၊ ခဏကားပေါ်က ဆင်းပေးပါ'

ဒိန်းက ပြုံးလျက် 'ဒီစစ်ပွဲမှာ ရှင်တို့ကို ကျွန်မ ကူညီချင်ပါတယ်၊ ဒါပေမဲ့ ကျွန်မတို့လည်း ကိုယ့်စစ်ပွဲနဲ့ကိုယ် အလုပ်များနေတယ်'

ထို့နောက် သူ့ကားကို အရှိန်မြှင့်မောင်းပြီး မီးလောင်နေသည့်ကားကို ကျော်တက်လာခဲ့သည်။

ကယ်လီက မျက်စေ့မှိတ်ထားရင်းမှ 'စိတ်ချရပါ့မလား'

'စိတ်ချရပါတယ်'

---

* *ETA (စပိန်တိုင်းရင်းသား ခွဲထွက်ရေးအဖွဲ့)*

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ မျက်စေ့ဖွင့်ပြီး ကားမှန်ထဲကြည့်လိုက်သည်။ သူ ကျောစိမ့်သွားမိသည်။ အနက်ရောင် စီထရိုယင်ဘာလင်ဂို ကားတစ်စီး သူတို့နောက်မှ လိုက်လာသည်။ ကားမောင်းသူကို ကောင်းကောင်းမြင်ရသည်။

'ဂေါ်ဒီလာကြီးလိုက်လာပြီ' ကယ်လီ ပြောလိုက်သည်။ 'နောက်က ကားထဲမှာ'

'ဟင်… သူ ဘယ်လိုလုပ်ပြီး ကျွန်မတို့ကို ဒီလောက်မြန်မြန်ကြီး တွေ့သွားတာလဲ'

ဒိန်း သူ့ကားကို အသားကုန် အရှိန်မြှင့်ပြီး မောင်းလာသည်။ နောက်ကားကလည်း တစ်ချိန်ထက်တစ်ချိန် ပို၍ပို၍ နီးကပ်လာသည်။ ဒိန်း အရှိန်နှုန်းပြ နှစ်မျက်နှာ စပီဒိုမီတာကို ကြည့်လိုက်သည်။ တစ်ခုက တစ်နာရီ ၁၇၅ကီလိုမီတာ၊ အခြားတစ်ခုက တစ်နာရီ ၁၁၀မိုင်နှုန်း။

ကယ်လီက စိုးရိမ်သံဖြင့် 'ရှင်မောင်းတာ အိန္ဒိယနားပိုလစ် ကားမောင်းပြိုင်ပွဲဝင်နေသလိုပဲ'

ရှေ့တစ်မိုင်လောက်မှာ စပိန်နှင့်ပြင်သစ်ကြား အကောက်ခွန်စစ်ဆေးရေးကင်းကို လှမ်းမြင်ရသည်။

'ကျွန်မကို ရိုက်စမ်းပါ' ဒိန်းက ပြောလိုက်သည်။

ကယ်လီက ရယ်လျက် 'ကျွန်မ သက်သက်နောက်ပြောတာပါ၊ ကျွန်မက…'

'ရိုက်စမ်းပါဆိုနေ' ဒိန်းက အတည်ပေါက်သံဖြင့် ထပ်ပြောလိုက်သည်။

နောက်က ကား နီးသည်ထက် နီးလာပြီ။

'ရှင် တကယ်ပြောနေတာလား'

'တကယ် ပြောတာ၊ ရိုက်စမ်းပါ'

ကယ်လီက တုံ့ဆိုင်းဆိုင်းဖြင့် ဒိန်း၏ပါးကို လက်ဝါးနှင့်ရိုက်လိုက်သည်။

'အဲဒီလိုမဟုတ်ဘူး၊ လက်သီးနဲ့ တစ်အားထိုးစမ်းပါ'

သူတို့ကားနှင့် စီထရိုယင်ကားကြားတွင် ကားနှစ်စီးသာခြားတော့သည်။

'မြန်မြန်လုပ်' ဒိန်း အော်ပြောလိုက်သည်။

ကယ်လီ မျက်နှာရှုံ့မဲ့ပြီး ဒိန်း၏ပါးကို လက်သီးနှင့် ထိုးလိုက်သည်။

'ပြင်းပြင်းထိုး'

ကယ်လီ ထပ်ထိုးသည်။ စိန်လက်စွပ်နှင့်ခြစ်မိပြီး ဒိန်းပါးပြင်မှ သွေးတွေ စီးကျလာသည်။

ကယ်လီက အလန့်တကြားဖြင့် 'စိတ်မရှိပါနဲ့ ဒိန်း၊ ကျွန်မ လုံးဝမရည်ရွယ်…'

သူတို့ အကောက်ခွန်စစ်ဆေးကင်းသို့ ရောက်လာပြီ၊ ကားကို ရပ်လိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



နယ်ခြားစောင့်တပ်သား ကားနား ကပ်လာသည်။

'မင်္ဂလာပါ'

'မင်္ဂလာပါ' ဒိန်းက ပါးပြင်မှသွေးကို အစောင့်တပ်သား မြင်အောင် မျက်နှာကို လှည့်ပြလိုက်သည်။

'ဘယ်လိုဖြစ်တာလဲ ဆင်နော်ရာ'

ဒိန်းက နှုတ်ခမ်းကို တင်းတင်းကိုက်လျက် 'ကျွန်မခင်ပွန်းဟောင်းပါ၊ သူ ကျွန်မကို သက်သက်မဲ့ရိုက်နေပါတယ်၊ သက်ဆိုင်ရာ ဟန့်တားမိန့်လည်း ရထားပြီ၊ ဒါပေမဲ့ သူက လိုက်ရိုက်နေတုန်းပဲ၊ အခု သူ ကျွန်မနောက်က လိုက်လာနေပါတယ်၊ ဟို နောက်က ကားမှာပါ၊ ကျွန်မရှင့်ဆီမှာ အကူအညီ မတောင်းချင်ပါဘူး၊ သူ့ကို ဘယ်သူမှလည်း မတားနိုင်ပါဘူး'

အစောင့်တပ်သားက နောက်သို့လှည့်ပြီး ကားတန်းကို လှမ်းကြည့်လိုက်သည်။ သူ ပြုံးသည်။

'သူ့ကားက ဘယ်ကားလဲ'

'အနက်ရောင် စီထရိုယင်ပါ၊ ကားနှစ်စီးအလွန်က ကားပါ၊ သူ ကျွန်မကို သတ်ဖို့ လိုက်လာတာပါ'

'ဟုတ်လား၊ ဘာမှမပူနဲ့၊ ဆက်မောင်းသွားတော့၊ သူ့ကို ကျွန်တော်ကြည့်ပြီး ထိန်းထားလိုက်မယ်'

'အို… ကျေး… ကျေးဇူးတင်လိုက်တာရှင်'

ခဏကြာတော့ သူတို့ နယ်စပ်ဖြတ်ပြီး ပြင်သစ်နိုင်ငံထဲ ဝင်လာကြသည်။

'ဒိန်း'

'ပြော'

ကယ်လီက ဒိန်းပခုံးပေါ် လက်တင်လိုက်ပြီး 'ကျွန်မ ရိုက်မိတာ…' ဒိန်းပါးကို လက်ညှိုးထိုးပြသည်။

ဒိန်းက ပြုံးလျက် 'ဒါမှ ဂေါ်ဒီလာကြီးကို မောင်းထုတ်နိုင်မှာပေါ့၊ မဟုတ်ဘူးလား၊ ဟင်… ရှင်ငိုနေတယ်'

'မငိုပါဘူး၊ ရှင်လုပ်ပုံကြောင့် ရှင့်မျက်နှာ အလှပျက်သွားပြီ' ကယ်လီက ဒိန်း၏ဒဏ်ရာကို တစ်ရှူးနှင့် တို့သုတ်ပေးသည်။

ဒိန်းက နောက်ကြည့်မှန်ကိုကြည့်ပြီး'နောက်ထပ် အလှပျက်စရာ မရှိတော့ပါဘူး'

၀

ဟယ်ရီဖလင့် နယ်စပ်စစ်ဆေးရေးဂိတ်သို့ ရောက်လာသည်။ လုံခြုံရေးတပ်သား အသင့်စောင့်နေသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ခဏာ ကားပေါ်က ဆင်းပေးပါ'

'အချိန်မရလို့ပါ၊ အရေးကြီးနေလို့ပါ၊ ကျွန်တော်…'

'ဆင်းပေးပါ'

'ဘာဖြစ်လို့လဲ၊ ဘာပြဿနာရှိလို့လဲ'

'ဒီနံပါတ်နဲ့ကားတစ်စီး မူးယစ်ဆေးဝါး သယ်ဆောင်လာတယ်လို့ သတင်းရထားတယ်၊ ကားကို စစ်ဆေးကြည့်ရမယ်'

'ခင်ဗျား ရူးနေသလား၊ အရေးကြီးပါတယ်လို့ဆိုနေ၊ ဘယ်တော့မှ မူးယစ်ဆေးဝါး မသယ်ပါဘူး' သူက ပြုံးလျက် 'အို… သဘောပေါက်ပြီ' အိတ်ထဲလက်နှိုက်ပြီး အစောင့်တပ်သားအား ဒေါ်လာတစ်ရာ ကမ်းပေးသည်။ 'ရော့… ယူပါ၊ ဒီကိစ္စ မေ့ပစ်လိုက်တော့'

'ဗိုလ်ကြီး…' အစောင့်တပ်သားက အော်ခေါ်လိုက်သည်။ ကပ္ပတိန်ထွက်လာသည်။ အစောင့်တပ်သားက ဒေါ်လာတစ်ရာကို ကမ်းပေးသည်။ 'သူ လာဘ်ထိုးဖို့ လုပ်တာ'

ကပ္ပတိန်က ပြောသည်။ 'ကားပေါ်က ဆင်းပါ၊ ခင်ဗျားကို လာဘ်ထိုးမှုနဲ့ ဖမ်းတယ်၊ ကားကို ဟိုနေရာရွှေ့'

'ဟင်… ကျွန်တော့်ကို ဖမ်းလို့မဖြစ်ဘူး၊ ကျွန်တော်က အရေးတကြီး…'

'ဖမ်းဆီးတာကို ဖီဆန်တယ်' အစောင့်တပ်သားဘက်လှည့်ပြီး 'ကားကို နောက်ဆုတ်ခိုင်း'

ဖလင့် သက်မချပြီး ရှေ့ကို လှမ်းမျှော်ကြည့်လိုက်သည်။ ပျူးဂျော့ကားကို အရိပ်အယောင်တောင် မမြင်ရတော့။ သူက ကပ္ပတိန်ဘက်လှည့်ပြီး 'ကျွန်တော် ဖုန်း တစ်ကောလောက် ခေါ်ပါရစေ'

၀

ဒိန်းနှင့်ကယ်လီတို့သည် ပြင်သစ်ကျေးလက်ဒေသကို ဖြတ်မောင်းလာကြသည်။

'ရှင် ပြောပါတယ်၊ ပါရီမှာ မိတ်ဆွေရှိတယ်ဆို' ဒိန်းက မေးသည်။

'ဟုတ်တယ်၊ ဆမ်မဲဒေါ်ရှိတယ်၊ မတ်နဲ့ အတူတူလုပ်တယ်၊ သူ ကူညီနိုင်မယ် ထင်တယ်'

ကယ်လီ အိတ်ထဲမှ ဟန်းဖုန်းအသစ်ကို ယူပြီး ပါရီက နံပါတ်တစ်ခုကို ဆက်သည်။

အော်ပရေတာအသံ 'ကေအိုင်ဂျီကပါ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဆမ်မဲဒေါ်နဲ့ ပြောပါရစေ'

တစ်မိနစ်လောက်ကြာတော့… 'ဟဲလို…'

'ဆမ်…၊ ကယ်လီပါ၊ ကျွန်မ ပြင်သစ် ပြန်ရောက်ပြီ'

'ဘုရားသခင်…၊ ကျွန်တော့မှာတော့ တွေးပူလိုက်ရတာဗျာ၊ တော်ပါသေးရဲ့၊ ဘယ်လိုလဲ၊ အဆင်ပြေတယ် မဟုတ်လား'

ကယ်လီ ခဏနေပြီးတော့မှ 'ပြေတယ် ထင်တာပဲ'

'ဒါဟာ တကယ့်အိပ်မက်ဆိုးကြီးပဲဗျာ၊ ကျွန်တော်ဖြင့် ဘယ်လို ယုံရမှန်းတောင် မသိဘူး'

ကျွန်မလည်း အဲသလိုပါပဲဟု ကယ်လီတွေးလိုက်မိသည်။ 'ဆမ်…၊ ရှင့်ကို ပြောစရာရှိတယ်၊ ကျွန်မတော့ မတ်ဟာ အသတ်ခံရလို့ သေတာလို့ ယုံကြည်တယ်'

'ကျွန်တော်လည်း အဲဒီလိုပဲ ယုံကြည်တယ်'

ဆမ်၏ စကားကြောင့် ကယ်လီ ကျောစိမ့်သွားမိသည်။ တော်တော်ကြာမှ သူ စကားဆက်နိုင်သည်။ 'ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်မသိချင်တယ်၊ ရှင် ကူညီနိုင်မလား'

'ကယ်လီ…၊ ဒီကိစ္စ ဖုန်းနဲ့ပြောလို့ မသင့်ဘူးထင်တယ်'

'ဟုတ်… ဟုတ်ပါတယ်'

'ဒီည တွေ့ရင် မကောင်းဘူးလား၊ ကျွန်တော့်အိမ်မှာ ညစာ စားတာပေါ့'

'ကောင်းပါပြီ'

'ခုနစ်နာရီ'

'စိတ်ချ'

ကယ်လီ ဖုန်းပြန်ပိတ်လိုက်သည်။ 'ဒီည ကျွန်မ အဖြေတစ်ခုခုတော့ ရလိမ့်မယ်'

'ရှင် အဲဒါလုပ်နေတုန်း ကျွန်မ ဘာလင်ကို လေယာဉ်နဲ့ လိုက်သွားမယ်၊ ပြီးတော့ ဖရန့်ဇ်ဘားဘရပ်နဲ့ အတူတူလုပ်ခဲ့တဲ့ လူတွေကို သွားတွေ့မယ်'

ကယ်လီ နှုတ်ဆိတ်နေသည်။

'ဘာဖြစ်လို့လဲ'

ဒိန်းက မေးသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ မဖြစ်ပါဘူး၊ ကျွန်မတို့နှစ်ယောက် ဒီလောက်အထိ တစ်ပူးတွဲတွဲ နေခဲ့ကြပြီးတော့မှ ခွဲခွာရမှာကို ကျွန်မ စိတ်မကောင်းဖြစ်မိတယ်၊ ပါရီကို အတူတူသွားကြရင် မကောင်းဘူးလား၊ ပြီးတော့မှ…'

ဒိန်းက ပြုံးပြီး 'ကျွန်မတို့ မခွဲခွာပါဘူး ကယ်လီ၊ ရှင် ဆမ်မဲဒေါ်နဲ့ ပြောစရာရှိတာ ပြောပြီးရင် ကျွန်မကို ဖုန်း ဆက်ပါ၊ ကျွန်မတို့ဘာလင်မှာ ဆုံကြမယ်၊ အဲဒီအချိန်မှာ ကျွန်မလည်း သတင်း တစ်စွန်းတစ်စ ရလောက်ပြီ၊ ကျွန်မတို့မှာ ဖုန်းလည်း ရှိနေပြီလေ၊ အချိန်မရွေး ဆက်သွယ်နိုင်ပြီ၊ ဒီည ရှင်ဘာတွေ သိရမလဲဆိုတာ ကျွန်မ စိတ်ဝင်စားနေတယ်'

○

သူတို့ ပါရီသို့ရောက်ပြီ။

ဒိန်းက နောက်ကြည့်မှန်ကို ကြည့်ပြီး 'စီထရိုယင်ကား မရှိတော့ဘူး၊ ကျွန်မတို့ကို သူတို့ မျက်ခြည်ပြတ်သွားပြီ၊ ရှင့်ကို ဘယ်နေရာ ပို့ပေးရမလဲ'

ကယ်လီ ပြတင်းအပြင်ဘက် ကြည့်လိုက်သည်။ သူတို့ လာပလေ့ဒီလာကွန်ကော့ဒ် အနီးသို့ ရောက်လာပြီ။

'ဒိန်း…၊ ရှင် ဒီကလှည့်ပြီး ကိုယ့်လမ်းကိုယ် သွားပါလား၊ ကျွန်မ တက္ကစီငှားသွားမယ်လေ'

'သေချာရဲ့လား… ရောင်းရင်း'

'သေချာပါတယ်… ရောင်းရင်း'

'သတိတော့ထားပါနော်'

'ရှင်လည်း အတူတူပဲပေါ့'

○

နောက်နှစ်မိနစ်လောက်အကြာတွင် ကယ်လီသည် တက္ကစီငှားပြီး သူ့တိုက်ခန်းသို့ သွားနေပြီ။ ကိုယ့်အိမ်ကိုယ့်ရာသို့ ပြန်ရောက်ချင်စိတ် အလွန်ပြင်းပြနေသည်။ မကြာမီတွင် ဆမ်မဲဒေါ်နှင့်အတူ ညစာစားရင်း အရေးကြီးသည့်စကားကို ပြောရတော့မည်။

တိုက်ခန်းအဆောက်အအုံရှေ့တွင် တက္ကစီကား ထိုးရပ်လိုက်တော့ ကယ်လီ အလွန် စိတ်ချမ်းသာမိသည်။ သူ ကိုယ့်အိမ်သို့ ပြန်ရောက်ပြီ။ လုံခြုံရေးအစောင့်က တံခါးဖွင့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီက 'ကျွန်မ ပြန်လာပြီ… မာတင်' ဟု ပြောပြီး ရပ်သွားသည်။ တံခါးစောင့်မှာ သူစိမ်းတစ်ယောက် ဖြစ်နေသည်။

'မင်္ဂလာပါ မစ္စက်'

'မင်္ဂလာပါ၊ ဒါနဲ့ မာတင်က ဘယ်မှာလဲ'

'မာတင် ဒီမှာ မရှိတော့ဘူး၊ ထွက်သွားပြီ'

ကယ်လီ တွန့်ခနဲ ဖြစ်သွားပြီး 'အို… စိတ်မကောင်းပါဘူး'

'ကျွန်တော်က ဂျရမ်းမားလိုပါ… မဒမ်'

ကယ်လီ ခေါင်းညိတ်လိုက်သည်။ ဧည့်ခန်းဆောင်သို့ ဝင်လာသည်။ နီကိုးလ်ပရောဒစ် မီးခလုတ်ခုံနှင့် အလုပ်များနေသည်။ သူ့ဘေးတွင် ပိန်ပိန်ရှည်ရှည် လူစိမ်းတစ်ယောက် ရပ်နေသည်။

လူစိမ်းကပြုံးပြပြီး 'မင်္ဂလာပါ… မဒမ်ဟားရစ်၊ ခင်ဗျားကို ကျွန်တော်တို့ မျှော်နေပါတယ်၊ ကျွန်တော်က အယ်လ်ဖုန်ဂျီရောက်ပါ၊ အဆောက်အအုံမှူး ဖြစ်ပါတယ်'

ကယ်လီက ဘေးဘီကို လှည့်ကြည့်လိုက်ပြီး 'ဖိလစ်စင်ဒါက ဘယ်ရောက်သွားသလဲ'

'အား… ဖိလစ်နဲ့ သူ့မိသားစုက စပိန်ကို ပြောင်းသွားကြပြီ၊ စီးပွားရေးကိစ္စ ထင်ပါတယ်'

ကယ်လီ လန့်တန့်တန့်ဖြင့် 'ဒါဖြင့် သူတို့ သမီးကရော'

'သမီးလည်း ပါသွားပါတယ်'

ဖိလစ် ပြောခဲ့ဖူးသော စကားကို ကယ်လီ သတိရမိသည်။ *'ကျွန်တော့်သမီးကို ဆော်ဘွန်းတက္ကသိုလ်က လက်ခံလိုက်ပြီ၊ အိပ်မက်တစ်ခု တကယ်ဖြစ်လာသလိုပါပဲ'*

ကယ်လီ စိတ်ကိုထိန်းပြီး မေးလိုက်သည်။

'သူတို့ဘယ်တုန်းက ပြောင်းသွားကြသလဲ'

'သုံးလေးရက်လောက်ကပါ၊ ဒါပေမဲ့ မပူပါနဲ့ မစ္စက်၊ ကျွန်တော်တို့ စောင့်ရှောက်မှာပါ၊ ခင်ဗျားတိုက်ခန်းကလည်း လက်ရာမပျက် အဆင်သင့်ပါပဲ'

နီကိုးလ်ပရောဒစ်က မီးခလုတ်ခုံ လုပ်နေရာမှ လှည့်ကြည့်ပြီး 'ကြိုဆိုပါတယ် မဒမ်' ဟု လှမ်းပြောသည်။

'အိန်ဂျယ်က ဘယ်မှာလဲ'

'ဪ… ခွေးမလေးလား၊ ဖိလစ် ယူသွားပါတယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ ကြောက်နေပြီ၊ အသက်ရှူပင် မမှန်ချင်တော့။

'ကဲ… တိုက်ခန်းကို သွားကြမယ်… မဒမ်၊ တိုက်ခန်းထဲမှာ အံ့သြစရာကလေး တွေ့ရပါလိမ့်မယ်'

ကယ်လီ ကမန်းကတန်း အကြံထုတ်သည်။ 'ဟုတ်ကဲ့၊ ခဏလေးနော်၊ ကျွန်မ တစ်ခု မေ့ကျန်ခဲ့လို့'

ဂျီရောက် ဘာမှ ပြန်မပြောနိုင်မီမှာပင် ကယ်လီက အပြင်သို့ ရောက်သွားပြီ။ သူ လမ်းမပေါ် ပြေးထွက်လာသည်။ ဂျူရမ်းမာလိုနှင့် အယ်လ်ဖုန်ဂျီရောက်တို့ ပလက်ဖောင်းပေါ်မှ ရပ်ကြည့်နေကြသည်။ ကယ်လီ တက္ကစီပေါ်တက်သွားပြီ။

အို… ဘုရားသခင်၊ ဖီလစ်တို့မိသားစုနဲ့ အိန်ဂျယ်တို့ ဘယ်လိုများ ဖြစ်ကုန်ကြပါလိမ့်ဟု ကယ်လီ တွေးပူမိသည်။

'ဘယ်သွားမလဲ… မဒမ်မွာဆယ်'

'မောင်းသာ မောင်းပါ' ဒီည ဆမ်မဲဒေါ်ဆီက အဖြေတစ်ခုခု ရအောင်လုပ်ရမယ်ဟု စိတ်ကူးမိသည်။

○

ဆမ်မဲဒေါ် သူ့တိုက်ခန်းတွင် ဖုန်းဆက်နေသည်။

'… ဟုတ်ပါတယ်၊ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ သတိထားလုပ်ရမှာပေါ့၊ …မကြာခင်မှာ သူ ညစာလာစားမှာပါ… ဟုတ်ကဲ့ပါ၊ သူ့အလောင်းကို ဖျောက်မယ့်လူ ကျွန်တော် ရှာထားပြီးပါပြီ… ကျေးဇူးတင်ပါတယ်… မစ္စတာကင်စလေက သိပ်ပြီး ရက်ရောတဲ့ ပုဂ္ဂိုလ်ပါပဲ'

ဖုန်း ပြန်ချလိုက်သည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ သူ့ဧည့်သည် ညစာစားရန် ရောက်လာခါနီးပြီ။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၆

ဂျာမနီ၊ ဘာလင်မြို့

ဘာလင်မြို့၊ တင်ပယ်ဟော့လေဆိပ်သို့ ဒိန်းရောက်ပြီးနောက် တက္ကစီငှားရန် တန်းစီရသည်။ ၁၅မိနစ်စောင့်ပြီးမှ ဒိန်းအလှည့်ရောက်သည်။

ဒရိုင်ဘာက ပြုံးပြီး 'ဝိုဟင်' ဂျာမန်လိုပြောသည်။
'အင်္ဂလိပ်စကား ပြောတတ်သလား' အင်္ဂလိပ်လိုမေးသည်
'တတ်ပါတယ်... *ဖရော်လိန်' အင်္ဂလိပ်လိုပြန်ဖြေသည်။
'ကင်ပင်စကီးဟိုတယ်ကို သွားမယ်'
'ဂျာဝိုးလ်' ဂျာမန်လိုပြောသည်။

○

နောက် ၂၅ မိနစ်အကြာတွင် ဒိန်းသည် ဟိုတယ်တွင် စာရင်းသွင်းသည်။
'ကျွန်မကားတစ်စီးနဲ့ ဒရိုင်ဘာတစ်ယောက် ငှားချင်တယ်'

---

* *Fraulein (ဂျာမန်စကား)=Madame (မဒမ်) အမျိုးသမီးကို ခေါ်ဝေါ် နှုတ်ဆက် သည့်စကား။*

the bookhouse
we bring your lovers

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ဖရော်လိန်၊ ဒါနဲ့ အထုပ်အပိုးတွေရော'

'နောက်မှ ရောက်လာလိမ့်မယ်'

○

ကားရောက်လာတော့ ဒရိုင်ဘာက မေးသည်။

'ဘယ်သွားချင်သလဲ… ဖရော်လိန်'

သူ စဉ်းစားဖို့ အချိန်လိုချင်သေးသည်။ 'ခဏ တစ်ပတ်လောက် လှည့်မောင်းပေးပါ'

'ကောင်းပါပြီ၊ ဘာလင်မှာက ကြည့်စရာတွေတော့ တစ်ပုံကြီးပဲခင်ဗျာ့'

○

ဘာလင်မြို့မှာ ဒိန်းအဖို့ အံ့သြစရာ ဖြစ်နေ၏။ ဒုတိယကမ္ဘာစစ်တွင်းက ဗုံးဒဏ်ကြောင့် ဖွတ်ဖွတ်ကြေခဲ့သော ဘာလင်မြို့သည် ယခုအခါ လှပခမ်းနားသော ခေတ်မီတိုက်တာ အဆောက်အအုံများဖြင့် တိုးတက်စည်ပင်နေ၏။

ကားမောင်းလာရင်း ဒရိုင်ဘာက ပန်းခြံများနှင့် အဆောက်အအုံများ၏ သမိုင်းကို ရှင်းပြလာသည်။ သို့ပေမယ့် ဒိန်းက စိတ်မဝင်စား၊ ဖရောဗားဘရပ်နှင့် အလုပ်အတူတူ လုပ်ခဲ့သူများအား တွေ့ဆုံပြီး သူတို့ထံမှ ရနိုင်သမျှ သတင်းယူရန်ကိုသာ စိတ်စောနေသည်။ အင်တာနက်သတင်းအရ ဖရန့်ဗားဘရပ်၏ဇနီး အသတ်ခံရပြီး ဖရန့်မှာမူ သတင်းမရဘဲ ပျောက်ဆုံးနေ၏။

ဒိန်းက ဒရိုင်ဘာကို မေးလိုက်သည်။ 'စိုင်ဘာလင် ကွန်ပျူတာကဖေးကို သိသလား'

'သိပါတယ် ခင်ဗျား'

'ကျွန်မကို အဲဒီကို ပို့ပေးပါ'

'အဲဒီဆိုင်က ထိပ်တန်းပဲ၊ သိပ်ပြီး နာမည်ကြီးတယ်၊ ခင်ဗျားသိချင်တဲ့ သတင်းအချက်အလက်မှန်သမျှ အားလုံးရနိုင်တယ်'

ကျွန်မလည်း အဲဒီအတိုင်းပဲ မျှော်လင့်တာပဲဟု ဒိန်း တွေးလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



စိုင်ဘာလင်ကဖေးမှာ မင်ဟတ်တန်မြို့နယ်က ဆိုင်လောက်မကြီး၊ သို့သော်လည်း ဆိုင်ထဲတွင် လူတွေပြည့်ကျပ်နေ၏။ ဒိန်း ဆိုင်ထဲဝင်သွားတော့ စားပွဲနောက်မှ အမျိုးသမီးတစ်ယောက် ထလာပြီး…

'ဆယ်မိနစ်လောက် စောင့်ရပါမယ်ရှင်'

'ကျွန်မ မန်နေဂျာနဲ့ ပြောပါရစေ'

'ကျွန်မ မန်နေဂျာပါ'

'ဆွန်ဂျာဗားဘရပ်အကြောင်းကို သိချင်လို့ပါ'

မန်နေဂျာမက ခေါင်းခါပြပြီး 'သူ ဒီမှာ မရှိတော့ဘူး'

'ကျွန်မ သိပါတယ်၊ သူ သေသွားပြီ၊ သူ ဘယ်လိုကြောင့် သေရတယ်ဆိုတာ ကျွန်မ စုံစမ်းနေပါတယ်'

မန်နေဂျာမက ဒိန်းအား စူးစူးစိုက်စိုက်ကြည့်လျက် 'မတော်တဆအန္တရာယ်ကြောင့် သေဆုံးတာပါ၊ သူ့ကွန်ပျူတာကို ရဲက သိမ်းဆည်းပြီး ဖွင့်ကြည့်တော့…'သူ့မျက်နှာတွင် မရိုးသားသည့်အသွင် ပေါ်လာသည်။

'ရှင် ဒီမှာ ခဏစောင့်ပါ၊ အကူအညီပေးနိုင်မယ့်လူကို ကျွန်မ သွားခေါ်လိုက်မယ်၊ ကျွန်မ ချက်ချင်း ပြန်လာခဲ့ပါမယ်'သူ အလျင်အမြန် ပြန်လှည့်ထွက်သွားသည်။ ဒိန်းလည်း ဆိုင်ထဲက အမြန်ပြန်ထွက်ပြီး တက္ကစီပေါ်တက်လိုက်သည်။ ဒီနေရာမှာ ဘာအကူအညီမှ ရနိုင်မှာ မဟုတ်ဘူး၊ ဖရန့်ဗားဘရပ်ရဲ့ အတွင်းရေးမှူးကို ဆက်ကြည့်ဦးမှပဲဟု တွေးမိသည်။ အများသုံးတယ်လီဖုန်းရုံသို့ လာခဲ့ပြီး ကေအိုင်ဂျီ နံပါတ်ကို ဆက်သည်။

'ကေအိုင်ဂျီဘာလင်ကပါ'

'ဖရောဗားဘရပ်ရဲ့ အတွင်းရေးမှူးနဲ့ ပြောပါရစေ'

'အခု ခေါ်တာ ဘယ်သူပါလဲ'

'ဆူဆန်စထရက်ဖို့ပါ'

'ခဏလေးနော်'

○

***မင်ဟတ်တန်မြို့နယ်၊ နယူးယောက်မြို့***

တန်နာ၏ ရုံးခန်းထဲတွင် အပြာရောင် လင်းလက်သွားသည်။ တန်နာက သူ့အစ်ကိုကို ပြုံးကြည့်လိုက်ပြီး 'အဲဒါ ဒိန်းစတီဗင်ဆက်တာ၊ သူ့ကို ကျွန်တော်တို့ ဘာကူညီနိုင်မလဲ ကြည့်ရအောင်' သူ ဖုန်းကောကို နားသံချဲ့စက်မှာ

the bookhouse
we bring your taste
www.burmeseclassic.com

www.burmeseclassic.com



တပ်လိုက်သည်။ ကေအိုင်ဂျီ ဖုန်းအော်ပရေတာအသံကို ကြားရသည်။ 'သူ ဒီမှာ မရှိပါဘူး၊ သူ့လက်ထောက်နဲ့ ပြောမှာလား'

'ဟုတ်ကဲ့၊ ကျေးဇူးပြုပြီး…'

'ခဏလေးနော်'

အမျိုးသမီးအသံ ပေါ်ထွက်လာသည်။ 'ကျွန်မ ဟယ်ဒီဖရှန့်ပါ၊ ဘာအကူအညီပေးရပါမလဲ'

ဒီန်း တုံ့ဆိုင်းနေသည်။ 'ကျွန်မ ဆူဆန်စထရက်ဖို့ပါ၊ "ဝေါလ်စထရိဂျာနယ်" သတင်းစာက သတင်းထောက်ဖြစ်ပါတယ်၊ ကေအိုင်ဂျီ အမှုထမ်းတချို့ရဲ့ မကြာသေးခင်က ကြေကွဲစရာဖြစ်ရပ်တွေကို ကျွန်မတို့ သတင်းယူနေပါတယ်၊ ရှင်နဲ့ အင်တာဗျူး လုပ်ချင်ပါတယ်'

'ကျွန်မ ဘာမှမသိ…'

'နောက်ကြောင်း အချက်အလက် နည်းနည်းလောက် ရရင်တော်ပါပြီ' တန်နာ နားစိုက်ထောင်နေသည်။

'နေ့လယ်စာ စားကြရအောင်လား၊ ဒီနေ့ အားပါသလား'

'မအားဘူး'

'ဒါဆို ညစာကော'

ခဏကြာတော့မှ 'ဟုတ်ကဲ့၊ ညစာတော့ စားလို့ရပါတယ်'

'ဘယ်ဆိုင် ကောင်းမလဲ'

'ရှေ့ကင်ဒေါ်ဆိုတဲ့ ဆိုင် ကောင်းတယ်၊ အဲဒီမှာ တွေ့ကြမယ်'

'ကျေးဇူးတင်ပါတယ်'

'ရှစ်နာရီ သုံးဆယ်'

'ရှစ်နာရီ သုံးဆယ်'

တန်နာက အန်ဒရူးဘက်လှည့်လျက် 'ပထမနေရာတုန်းက လုပ်ခဲ့သလိုလုပ်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်ပြီ၊ ဒီတစ်ခု ကိုင်နိုင်းဖို့ ဂရက်ဟောလီးဒေးကို ခေါ်လိုက်မယ်၊ ဒီမောင်က ကျွန်တော့်ကို ဘယ်တော့မှ သစ္စာမဖောက်ဘူး' သူ အန်ဒရူးကိုကြည့်ပြီး 'သိပ်ပြီး အတွေ့ကြီးတဲ့လူဗျ၊ သူတောင်းတဲ့ကြေးကလည်း သိပ်ပြီးကြီးတယ်။ ဒါပေမဲ့…' တန်နာ ဆဲ့ယုံပြုံးရင်း '…အခုကိစ္စ မလုပ်နိုင်ရင်တော့ သူ့အနေနဲ့ ကြေးအကြီးကြီး ပေးရလိမ့်မယ်'

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၇

*ပြင်သစ်နိုင်ငံ၊ ပါရီမြို့*

ကယ်လီသည် စတုတ္ထအုပ်ချုပ်ရေးနယ်မြေ၊ ဒူဘောက်-တီဘောက်လမ်း၊ အမှတ် ၁၄ရှိ ဆမ်မဲဒေါ၏ တိုက်ခန်းတံခါးဝမှာ ရပ်လျက် စိတ်ထဲတွင် မတင်မကျ ဖြစ်နေသည်။ ယခုအခါ ပြေးပွဲကြီးပြီးဆုံးတော့မည်၊ နောက်ဆုံးတွင် အဖြစ်မှန်၏အဖြေ အချို့ကို ရရှိတော့မည်။ သို့သော်လည်း အဖြေမှန်ရမှာကိုပင် ကြောက်နေသလိုလို ခံစားမိသည်။

လူခေါ်ခေါင်းလောင်းကို တီးလိုက်သည်။ တံခါးပွင့်လာပြီး ဆမ်မဲဒေါ်ကို မြင်လိုက်ရတော့ ကြောက်စိတ်ပြေသွားသည်။ မတ်နှင့် အလွန်ရင်းနှီးသူကို တွေ့ရသည့် အတွက် စိတ်ချမ်းသာသွားသည်။

'ကယ်လီ' ဟုခေါ်ကာ ဆမ်က အားပါးတရ ပွေ့ဖက်လိုက်သည်။

'အို… ဆမ်'

ဆမ်က ကယ်လီ့လက်ကိုဆွဲပြီး 'လာ… အထဲဝင်'

ကယ်လီ လိုက်ဝင်လာသည်။ အိပ်ခန်းနှစ်ခန်းပါသည့် တိုက်ခန်း၊ သပ်ရပ် လှပသည်။

တစ်ချိန်က ပြင်သစ်မျိုးကြီးဆွေကြီး မိသားစုပိုင်ခဲ့သည့် တိုက်ခန်း။ ဧည့်ခန်း ကလည်း အကျယ်ကြီး၊ အကောင်းစားပရိဘောဂများဖြင့် အလှဆင်ထားသည်။ နံရံတွင် မန်ရေးနှင့် အဒေါ့ဝေါ်ဖလီတို့၏ ပန်းချီကားများ ချိတ်ဆွဲထားသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'မတ်အကြောင်းသိရတော့ ကျွန်တော် အကြီးအကျယ် စိတ်မကောင်းဖြစ်မိတယ်'

'ကျွန်မ သိပါတယ်'

'တကယ့်ကို မယုံနိုင်စရာပါ'

'ဒီကိစ္စကို ကျွန်မ လိုက်စုံစမ်းနေတယ်၊ ဒါကြောင့် ဒီကိုလာတာ၊ ရှင်ကူညီနိုင်မယ်ထင်လို့'

ကယ်လီ ဆိုဖာကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ မျှော်လင့်ခြင်းနှင့် ကြောက်လန့်ခြင်းတို့ ရောပြွမ်းသည့် ခံစားချက်ဖြင့်…။

ဆမ် မျက်နှာညှိုးသွားပြီး 'အဖြစ်မှန် အပြည့်အစုံကို ဘယ်သူမှ သိပုံမပေါ်ဘူး၊ မတ်က လျှို့ဝှက်စီမံချက်တစ်ခုကို လုပ်နေတာ၊ ကေအိုင်ဂျီမှာ အခြားအမှုထမ်း နှစ်ယောက်သုံးယောက်နဲ့ ပူးတွဲပြီးလုပ်နေတာ၊ သူတို့ကပြောတော့ ကိုယ့်ကိုယ်ကိုယ် သတ်သေတာတဲ့'

'အဲဒါကို ကျွန်မ လုံးဝ မယုံဘူး'

'ကျွန်တော်လည်း မယုံပါဘူး၊ ဒါနဲ့ အကြောင်းရင်းကို ခင်ဗျားသိသလား၊ ခင်ဗျားကြောင့်ပဲ'

ကယ်လီ ကြောင်အမ်းအမ်းဖြစ်သွားပြီး 'ရှင်ပြောတာ ကျွန်မ နားမလည်…'

'ခင်ဗျားလို ချောမောလှပတဲ့ မိန်းမတစ်ယောက်ကို မတ်အနေနဲ့ ဘယ်လိုလုပ်ခွဲခွာနိုင်ပါ့မလဲ'

သူ ကယ်လီအနားသို့ ရွေ့လာသည်။

'ဖြစ်ရပ်ကတော့ တကယ့်ကို ကြေကွဲစရာပဲ ကယ်လီ၊ ဒါပေမဲ့ ဘဝဆိုတာ ဆက်လက်ရှင်သန် နေရဦးမှာပဲ မဟုတ်လား' သူ ကယ်လီ့လက်ကို ဆုပ်ကိုင်သည်။

'လူဆိုတာ အဖော်တော့ လိုအပ်တာပဲ၊ အခု သူမရှိတော့ဘူး၊ ဒါပေမဲ့ ကျွန်တော် ရှိပါတယ်၊ ခင်ဗျားလို အမျိုးသမီးတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်တော့ လိုအပ်ပါတယ်'

'ကျွန်မလို မိန်းမတစ်ယောက်… ဟုတ်လား'

'ဟုတ်တယ်၊ မတ် ပြောဖူးတယ်၊ ခင်ဗျားက သိပ်ပြီး ခံစားမှုဆန္ဒ ပြင်းပြတယ်တဲ့၊ အဲဒါကို ခင်ဗျားသိပ်ပြီး ကြိုက်တယ်တဲ့'

ကယ်လီ သူ့ကို တအံ့တသြကြည့်လိုက်သည်။ မတ်က အဲသည်လို ဘယ်တော့မှ ပြောမည်မဟုတ်၊ ကယ်လီနှင့်ပင် သည်ကိစ္စကို ဘယ်တုန်းကမှ မပြောခဲ့စဖူး။

ဆမ်က ကယ်လီ ပခုံးပေါ်လက်တင်လိုက်ပြီး…

the bookhouse
we bring your favours
www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်၊ မတ်က ကျွန်တော့်ကို တကယ်ပြောခဲ့ဖူးတာပါ၊ ခင်ဗျားဟာ အိပ်ရာထဲမှာ သိပ်ပြီးတော်ကြောင်း မတ် ခဏခဏပြောတတ်တယ်'

ကယ်လီ ရုတ်တရက် ကြောက်စိတ်ဝင်လာသည်။ ဆမ်၏ မျက်လုံးတွေကို စိုက်ကြည့်နေသည်။ ကယ်လီ သဘောပေါက်သွားပြီ။

'ကျွန်တော်တို့ ခဏနေရင် ညစာစားကြမယ်၊ ညစာမစားခင် အိပ်ရာထဲမှာ အချိုတည်းလိုက်ကြရအောင်လား'

ကယ်လီ ရုတ်တရက် အားပျော့သွားသလို ခံစားရသည်။

သူ အားတင်းပြီး ပြုံးလိုက်သည်။

'သိပ်ကောင်းတာပေါ့'

ကယ်လီ့ဦးနှောက် မရပ်မနား အလုပ်လုပ်နေသည်။ သူ့ကို တိုက်ခိုက်ဖို့မလွယ်၊ ငါ့မှာ ဘာလက်နက်မှ မရှိ။ ဆမ်က ကယ်လီ့ကို လက်ဖြင့် ပွတ်သီးပွတ်သပ် လုပ်သည်။

'ခင်ဗျားက သိပ်ပြီး ဆန်းပြင်းတော့ ကျွန်တော်နဲ့ဆို အတော်ပဲပေါ့'

ကယ်လီပြုံးလျက်

'ဟုတ်လား' နှာခေါင်းရှုံ့လိုက်ပြီး

'ကျွန်မ ဆာနေပြီ၊ ဟင်းနံ့ရတယ်'

'ကျွန်တော်တို့ရဲ့ ညစာစားပွဲလေ'

ဆမ် လိုက်မတားခင် ကယ်လီ ထိုင်ရာမှထရပ်ပြီး မီးဖိုဆောင်သို့ လျှောက်လာသည်။ သူ အံ့အားသင့်သွားသည်။ စားပွဲတွင် တစ်ယောက်စာအတွက်သာ ပြင်ထားသည်။ ကယ်လီ လှည့်ကြည့်လိုက်သည်။ ဆမ် ဧည့်ခန်းတံခါးကို သော့ခတ်ပြီး သော့ကို ဗီရိုအံဆွဲထဲ ထည့်ထားလိုက်သည်။

ကယ်လီ မီးဖိုဆောင်ထဲ လက်နက်တစ်ခုခု လိုက်ရှာသည်။ သားလှီးဓားတွေကို ဘယ်နေရာမှာ ထားမှန်းမသိ။ မီးဖိုပေါ်တွင် ရေနွေးအိုး တည်ထားသည်။

ဆမ် မီးဖိုဆောင်ထဲ ဝင်လာသည်။ ကယ်လီ့ကို သိုင်းဖက်လိုက်သည်။ ကယ်လီက အရေးမစိုက်ယောင် ဆောင်နေသည်။ ဆမ်က ကယ်လီ့တစ်ကိုယ်လုံးကို ပွတ်သပ်ကစားရင်း

'သိပ်လှတာပဲ၊ အိပ်ရာထဲမှာဆိုရင် သိပ်ကောင်းမှာပဲ'

ကယ်လီစိတ်က မြင်းပြေးသလို ပြေးနေသည်။ သူ တိုးတိုးညှင်းညှင်းကလေး ပြောသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် မတ်က ကျွန်မကို သိပ်ပြီး ခရေဇီဖြစ်တာပေါ့'

ဆမ် မျက်နှာလန်းသွားပြီး

'ဘယ်လို… ဘယ်လို'

ကျွန်မ အဝတ်စိုနွေးနွေးတစ်စ လိုချင်တယ်၊ ပြီးတော့' ရေစင်ဘေးက အဝတ်စကို သွားမြင်သည်။ 'ကျွန်မ ပြမယ်၊ ရှင့်ဘောင်းဘီ ချွတ်လိုက်'

ဆမ်က သွားကြီးဖြဲပြီး 'ကောင်းပါပြီတဲ့ဗျာ' သူ ဘောင်းဘီ ချွတ်ချလိုက်သည်။ အတွင်းခံ ဘောင်းဘီတိုကလေးသာ ကျန်တော့သည်။

'အဲဒါလည်း ချွတ်လိုက်ပါ'

ဘောင်းဘီတိုကို ဆွဲချွတ်လိုက်သည်။ သူ့အောက်ပိုင်းတွင် အဝတ်ဗလာ…။

ကယ်လီက ချစ်စနိုးပြုံးလျက် အဝတ်စကို ဘယ်လက်နှင့်ယူပြီး ဆမ့်ဆီသို့လာသည်။ ထို့နောက် ရေနွေးအိုးကို ညာလက်နှင့်ယူပြီး ဆမ်၏ ပေါင်ကြားထဲသို့ သွန်လောင်းလိုက်သည်။

ဆမ် ငယ်သံပါအောင် အော်ညည်းနေတုန်း ကယ်လီက ဗီရိုထဲမှ သော့ကိုယူလျက် တံခါးဖွင့်ပြီး အပြင်သို့ ပြေးထွက်လာခဲ့တော့သည်။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၈

*ဂျာမနီနိုင်ငံ၊ ဘာလင်မြို့*

ဂျာမနီနိုင်ငံတွင် ရှေ့ကင်ဒေါ့ စားတော်ဆက်သည် နာမည်ကျော် စားတော်ဆက် တစ်ခုဖြစ်သည်။ အနုပညာလက်ရာများဖြင့် အလှဆင်ထားသောကြောင့် ဘာလင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု သင်္ကေတတစ်ခုလည်း ဖြစ်သည်။

ဒိန်း ဧည့်ခန်းထဲဝင်လာတော့ မန်နေဂျာက ဆီးကြိုနှုတ်ဆက်သည်။

'မင်္ဂလာပါ ခင်ဗျား၊ လိုအပ်တာ ကူညီပါရစေ'

'ကြိုတင်မှာထားပါတယ်၊ ဒိန်းစတီဗင်ပါ၊ မစ္စဖရွန်က ကျွန်မကို ဒီမှာ လာတွေ့မှာပါ'

'ဒီကို ကြွပါခင်ဗျား'

မန်နေဂျာက ဒိန်းအား ထောင့်စားပွဲတွင် နေရာချပေးသည်။ ဒိန်းက ပတ်ဝန်းကျင်ကို သတိနှင့် ကြည့်လိုက်သည်။ လူပေါင်း ၄၀ လောက်ရှိမည်။ အများဆုံးက စီးပွားရေးလုပ်ငန်းရှင်တွေ။ ဒိန်းနှင့် မျက်နှာချင်းဆိုင်စားပွဲတွင် ဝတ်ကောင်းစားလှနှင့် လူချောတစ်ယောက် အဖော်မပါ တစ်ယောက်တည်း ညစာ စားနေသည်။

ဒိန်းလည်း စားပွဲတွင် တစ်ယောက်တည်းထိုင်ရင်း ဟယ်ဒီဖရွန်နှင့် ပြောဆိုမည့်ကိစ္စကို တွေးနေသည်။ ဟယ်ဒီဖရွန့်ထံမှ သတင်းအချက်အလက် ဘယ်လောက်များများ ရနိုင်မည်လဲ။

စားပွဲထိုးက အစားအသောက် စာရင်းလာပေးသည်။

the bookhouse
we print your future

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပဲ'

ဒိန်း အစားအသောက်စာရင်းကို ကြည့်လိုက်သည်။ *လီဘာကကင်၊ ကနီဒဲ၊ ဟာဇင်၊ လက်ဘ်စကော*...။ သူ တစ်ခုမှ မသိ၊ ကိစ္စမရှိ၊ ဟယ်ဒီဖရွန်နှ လာတော့မှ မေးကြည့်တော့မည်။ လက်ပတ်နာရီကို ကြည့်လိုက်သည်။ ဟယ်ဒီ မိနစ် ၂၀နောက်ကျနေပြီ။

စားပွဲထိုး ရောက်လာသည်။ 'စားစရာမှာတော့မလား... ဖရော်လိန်'

'မမှာသေးပါဘူး၊ ဧည့်သည်ကို စောင့်ဦးမယ်၊ ကျေးဇူးပဲ'

အချိန်တဖြည်းဖြည်း ကုန်လွန်သွားသည်။ တစ်ခုခုတော့ အမှားအယွင်းရှိနေပြီဟု ဒိန်း တွေးမိသည်။ နောက် ၁၅မိနစ်အကြာတွင် စားပွဲထိုး ရောက်လာပြန်၏။

'တစ်ခုခု ယူလာခဲ့ရမလား... ဖရော်လိန်'

'ဟင့်အင်း... ကျေးဇူးပဲ၊ ကျွန်မဧည့်သည် ရောက်လာတော့မှာပါ'

သို့သော်လည်း ကိုးနာရီထိုးသည်အထိ ဟယ်ဒီဖရွန်နှ ပေါ်မလာသေး။ ဒိန်း စိတ်ဓာတ်ကျနေပြီ။ သူ မလာတော့ပါ ဘူးဟု သတ်မှတ်လိုက်တော့သည်။

ဒိန်း ဆိုင်ထဲ ဝေ့ကြည့်လိုက်သည်။ တံခါးဝနားက စားပွဲတွင် လူနှစ်ယောက်ထိုင်နေသည်။ အဝတ်အစား ညစ်ညစ်၊ မျက်နှာပေါက်ဆိုးဆိုးနှင့်။ လူဆိုးတွေပဲဖြစ်မယ်ဟု တွေးလိုက်သည်။ သူတို့အနားသို့ စားပွဲထိုးကပ်သွားတော့ ရိုင်းရိုင်းစိုင်းစိုင်း ဟောက်လွှတ်သည်။ သူတို့ စားသောက်ဖို့ စိတ်မဝင်စား။ သူတို့က ဒိန်းကို လှည့်ကြည့်သည်။ ငါတော့ ထောင်ချောက်ထဲ ရောက်နေပြီ၊ ဟယ်ဒီဖရွန်နှလက်ချက်ပဲ ဖြစ်လိမ့်မယ်ဟု တွေးမိသည်။

ဒိန်း နှလုံးခုန် မြန်လာသည်။ အားမရှိတော့သလို ခံစားရသည်။ ထွက်ပေါက်ရှာကြည့်သည်။ တစ်ပေါက်မှ မမြင်။ ဆက်ထိုင်နေဦးမယ်၊ ထသွားရင် ဟိုလူနှစ်ယောက်က အန္တရာယ်ပေးနိုင်တယ်။

ဖုန်းဆက်ဖို့ စိတ်ကူးမိသည်။ သို့သော် ဘယ်သူ့ဆီ ဆက်ရမှန်းမသိ၊ သူ့ကို ကူညီနိုင်မယ့်လူ တစ်ယောက်မျှ မရှိ။

သူ သွေးရူးသွေးတန်း စဉ်းစားသည်။ ဒီနေရာကထွက်သွားမှ ဖြစ်မယ်၊ ဒါပေမဲ့ ဘယ်လိုထွက်မှာလဲ။ အခန်းထဲ ဝေ့ကြည့်လိုက်သည်။ စောစောက တစ်ယောက်တည်း ထိုင်နေသည့် ကိုလူချောကို လှမ်းမြင်သည်။ သူ ကော်ဖီ သောက် နေသည်။

ဒိန်းက ပြုံးပြီး နှုတ်ဆက်လိုက်သည်။ 'မင်္ဂလာညချမ်းပါ'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကိုလူချော မော့ကြည့်သည်။ အံ့အားသင့်သွားဟန် တူသည်။ ပြီးတော့မှ ပြုံးလျက်
'မင်္ဂလာပါ'
ဒိန်းက ဖိတ်ခေါ်ပြုံး ပြုံးလျက် ' ကျွန်မတို့က တစ်ယောက်တည်းချည်းပဲနော်'
'ဟုတ်ပါတယ်'
'ကျွန်မ စားပွဲကို လာပါလား'
ကိုလူချော ခဏတုံ့နေသည်။ နောက်မှ ပြုံးပြသည်။
'အို… ဟုတ်ကဲ့' သူ ဒိန်းစားပွဲသို့ ထလာသည်။
'တစ်ယောက်တည်း စားသောက်ရတာ ပျော်စရာမကောင်းပါဘူး'
'သိပ်မှန်တာပေါ့'
ဒိန်းက လက်ကမ်းပေးရင် 'ဒိန်းစတီဗင်'
'ဂရက်ပဲ့ဟာလီးဒေး'

၀

## ပြင်သစ်နိုင်ငံ၊ ပါရီမြို့

ဆမ်မဲဒေါ်နှင့် ကြုံခဲ့ရသည့် ကြောက်စရာဖြစ်ရပ်ကြောင့် ကယ်လီဟားရစ် အလွန်ထိတ်လန့်နေသည်။ သူ ထွက်ပြေးလာပြီးနောက် မွန်မာတာမြို့နယ်က လမ်းများပေါ်တွင် တစ်ညလုံး လျှောက်သွားနေခဲ့သည်။ လျှောက်သွားရင်း နောက်မှ လူလိုက်လာမည်လားဟု တွေးပြီး ခဏခဏ နောက်ကို ပြန်ကြည့်နေမိသည်။ ဒါပေမဲ့ ဖြစ်ရပ်မှန်နဲ့ ပတ်သတ်တဲ့ သတင်းအချက် အလက်တစ်ခုခု မရဘဲနဲ့တော့ ပါရီက ငါထွက်မသွားနိုင်ဘူးဟု သူ သန္နိဋ္ဌာန်ချလိုက်သည်။

နံနက် အရုဏ်တက်ချိန်ရောက်တော့ လက်ဖက်ရည်ဆိုင်ကလေး တစ်ဆိုင်မှာ ဝင်ထိုင်ပြီး ကော်ဖီတစ်ခွက်သောက်သည်။ သူ့ ပြဿနာ၏အဖြေသည် မမျှော်လင့်ဘဲ ရုတ်တရက်ပေါ်လာသည်။ မတ်၏ အတွင်းရေးမှူးကို သွား၍ သတိရသည်။

သူက မတ်ကို တော်တော်ခင်သည်။ သူ့ထံမှ တစ်ခုခုတော့ သိရရလိမ့်မည်ဟု ကယ်လီ တွေးမိသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီထိုးသောအခါ ကယ်လီ အများသုံးတယ်လီဖုန်းရုံထဲဝင်ပြီး နံပါတ်ကို လှည့်လိုက်သည်။ ပြင်သစ်သံ ဝဲဝဲဖြင့် အမျိုးသမီးအော်ပရေတာက ဖုန်းကိုင်သည်။

'ကင်စလေနိုင်ငံတကာအုပ်စု ကုမ္ပဏီကပါ'

'ကျွန်မ အီဗွန်ရီနေးနဲ့ ပြောချင်ပါတယ်'

'ခဏစောင့်ပါရှင်'

ခဏကြာတော့ အီဗွန်၏အသံကို ကြားရသည်။

'အီဗွန်ရီနေးပါ၊ ဘာကူညီရပါမလဲရှင်'

'အီဗွန်… ကျွန်မ ကယ်လီဟားရစ်ပါ'

'အို… မစ္စက်ဟားရစ်…' အံ့သြထိတ်လန့်သံဖြင့်။

○

**မင်ဟတ်တန်မြို့နယ်၊ နယူးယောက်မြို့**

တန်နာ၏ရုံးခန်းတွင် အပြာရောင် လင်းလက်သွားသည်။ တန်နာ ဖုန်းကို ကောက်ကိုင်ပြီး နားထောင်သည်။ ပါရီတွင်ပြောနေသည့် စကားတွေကို အားလုံးကြားရသည်။

'မစ္စတာဟားရစ် ဒီလိုဖြစ်သွားတာ ကျွန်မသိပ်ပြီး စိတ်မကောင်းဖြစ်မိပါတယ်၊ အဖြစ်ဆိုးလိုက်တာနော်'

'ကျေးဇူးတင်ပါတယ် အီဗွန်၊ ရှင်နဲ့စကားပြောချင်တယ်၊ တစ်နေရာမှာ တွေ့နိုင်မလား၊ နေ့လယ်စာစားဖို့ အချိန်ရသလား'

'ရပါတယ်'

'ဘယ်နေရာကောင်းမလဲ'

'*လီစဲလ်ဒီပါရီ* ကို သိသလား၊ *လာတိုးမွန်ပါနာ့ဆေ* မြို့နယ်မှာ ရှိတယ်'

'သိပါတယ်'

တန်နာ စိတ်ထဲ မှတ်ထားလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'၁၂နာရီဆို ဖြစ်မလား'

'ဖြစ်ပါတယ်၊ အဲဒီမှာ ဆုံကြမယ်'

တန်နှာ မသိမသာကလေး ပြုံးလိုက်သည်။ အင်း… နောက်ဆုံးနေ့လယ်စာ စားလိုက်ဦးပေါ့ဟု တွေးလိုက်သည်။ ထို့နောက် အံဆွဲကိုဖွင့်ပြီး ရွှေတယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

တစ်ဖက်မှ အသံကြားရသည်။

'မင်္ဂလာနံနက်ခင်းပါ'

'သတင်းကောင်းပဲ၊ အားလုံးပြီးသွားပြီ၊ နှစ်ယောက်စလုံးကို တွေ့ထားပြီ'

သူ ခဏ နားထောင်နေသည်။ ပြီးတော့ ခေါင်းညိတ်သည်။ 'ငါသိပါတယ်၊ မျှော်လင့်တာထက် နည်းနည်းကြာသွားတယ်၊ ဒါပေမဲ့ အခုအချိန်ကစပြီး ဆက်လက်လှုပ်ရှားဖို့ အသင့်ဖြစ်နေပြီ… ငါလည်း အဲဒီလိုပဲ သဘောပေါက်တယ်… ကဲ… ဒါပဲ'

○

*ပြင်သစ်နိုင်ငံ၊ ပါရီမြို့*

*လာတိုးမွန်ပါနာဆေ*သည် သံမဏိနှင့် မှန်ဖြင့်တည်ဆောက်ထားသည့် ဖ၈၅ပေမြင့် မျှော်စင်အဆောက်အအုံကြီး ဖြစ်သည်။ အလုပ်ရုံးခန်းတွေ အများကြီးရှိပြီး အမြဲတမ်း သက်ဝင်လှုပ်ရှားနေသည်။

အရက်ခန်းနှင့် စားသောက်ခန်းရှိသည့် ၅၆ထပ်သို့ ကယ်လီ ပထမဦးစွာ ရောက်သည်။ အီဗွန်က နောက် ၁၅မိနစ်ကြာမှ ရောက်လာသည်။ သူက နောက်ကျသည့်အတွက် တောင်းပန်သည်။

သူ့ကို ကယ်လီ ရုံဖန်ရံခါသာ တွေ့ဖူးသည်။ သို့သော်လည်း ကောင်းကောင်းမှတ်မိသည်။ အီဗွန်က မျက်နှာ ချိုသည်။ အလုပ် အလွန်ကျွမ်းကျင်သည်ဟု မတ်ပြောဖူးသည်။

'အခုလို လာတာ အများကြီးကျေးဇူးတင်ပါတယ်'ကယ်လီ ပြောသည်။

'မစ္စတာဟားရစ်ကိစ္စဆိုရင် ကျွန်မ တတ်နိုင်တာ ဘာမဆို လုပ်ပေးပါ့မယ်။ သူက သိပ်ပြီးတော်တဲ့ ပုဂ္ဂိုလ်ပါ။ အလုပ်မှာ သူ့ကို လူတိုင်းခင်ကြတယ်။ သူ ဒီလို ဖြစ်သွားတာ ဘယ်သူမှ မယုံကြဘူး'

the bookhouse
we bring soul letters

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကိစ္စကိုပဲ ရှင်နဲ့ပြောချင်တာ။ ရှင်က မတ်နဲ့ ငါးနှစ်လောက် တွဲလုပ်ခဲ့တယ်နော်'

'ဟုတ်ပါတယ်'

'ဒီတော့ သူ့အကြောင်း ကောင်းကောင်းသိမှာပေါ့'

''အို ဟုတ်ကဲ့''

'နောက်ဆုံးရက်တွေအတွင်း ထူးထူးခြားခြား တွေ့မိတာရှိသလား။ ကျွန်မဆိုလိုတာက သူ့အပြုအမူ၊ အပြော အဆို ပြောင်းလဲမှုတစ်ခုခုပေါ့''

အီဗွန် မျက်နှာတစ်ဖက်လှည့်ပြီး

'ကျွန်မ မသေချာဘူး··· ကျွန်မ···'

ကယ်လီ အားတက်သရောဖြင့်

'ရှင် ဘာစကားပဲပြောပြော ခုနေခါမှာ သူ့ကို မထိခိုက်နိုင်တော့ပါဘူး။ ကျွန်မအတွက် အဖြစ်မှန်ရဖို့ အထောက် အကူဖြစ်မှာပဲ'ခဏ စဉ်းစားနေပြီးတော့မှ

'ဒါနဲ့ အော်လကာအကြောင်းကို သူပြောဖူးသေးသလား'

အီဗွန် အံ့အားသင့်သွားပြီး

'အော်လဂါ ဟုတ်လား ဟင့်အင်း'

'ဘယ်သူမဆို ရှင်မသိဘူးပေါ့'

'လုံးဝ မသိပါဘူး'

ကယ်လီ စိတ်အေးသွားသည်။ ကိုယ်ကို ရှေ့သို့ကိုင်းပြီး

'အီဗွန် ရှင် မပြောသေးတာ တစ်ခုခုများ ရှိသေးသလားဟင်'

'အင်း'

စားပွဲထိုးရောက်လာသည်။ အီဗွန်က ပြင်သစ်လိုပြောပြီး စားစရာတွေ မှာလိုက်သည်။ စားပွဲထိုးပြန်ထွက်သွား တော့ ကယ်လီက စကားဆက်သည်။

'ခုနက ရှင်ဘာပြောမလို့လဲ'

'အင်း သူ မသေခင် သုံးလေးရက်လောက်ကစပြီး မစ္စတာ ဟဲရစ်ဟာ သိပ်ပြီး စိတ်လှုပ်ရှားနေတယ်။ ဒါရှင်တန်ကိုသွားဖို့ လေယာဉ်လက်မှတ်ဝယ်ပေးပါလို့ ကျွန်မကိုပြောတယ်'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါကို ကျွန်မသိတယ်။ အဲဒီသွားရိုးသွားစဉ်ခရီးပဲလို့ ကျွန်မထင်တယ်'

'မဟုတ်ပါဘူး။ သိပ်ပြီး ထူးဆန်းတယ်လို့ ကျွန်မထင်တယ်။ သိပ်ပြီး အရေးကြီးပုံရတယ်'

'ဘာကိစ္စဆိုတာ နည်းနည်းမှ မရိပ်မိဘူးလား'

'မရိပ်မိဘူး။ အားလုံးက လျှို့ဝှက်ကိစ္စချည်းပဲ။ အဲဒါလောက်ပဲ ကျွန်မသိတယ်'

ကယ်လီက အီဗွန်ကို နောက်ထပ်တစ်နာရီလောက် ညှစ်ထုတ်သည်။ သို့သော်လည်း ထူးထူးခြားခြား ဘာမှ ထွက်မလာ။ မတ်ဆီကို သုံးလေးကြိမ်လောက် အပြင်မှ ဖုန်းခေါ်ကြောင်းကိုသာ သိရှိရသည်။

နေ့လယ်စာစားပြီးသောအခါ ကယ်လီက ပြောသည်။

'အခု ကျွန်မတို့တွေ့တာကို လျှို့ဝှက်ထားစေချင်ပါတယ်'

'ဒီအတွက် စိတ်ချပါ မစ္စက်ဟားရစ်၊ ကျွန်မ ဘယ်သူ့မှ မပြောပါဘူး' သူ မတ်တပ်ထရပ်သည်။ ကျွန်မ အလုပ်ကို ပြန်သွားရဦးမယ်'

'ကျေးဇူးတင်ပါတယ် အီဗွန်'

ဝါရှင်တန်မှာ မတ် ဘယ်သူနှင့် သွားတော့တာလဲ၊ ကယ်လီ တွေးကြည့်သည်။ ဘာလင်၊ ဒင်းဗားနှင့် နယူးယောက်မြို့တွေက တယ်လီဖုန်းတွေ ခေါ်သတဲ့၊ ဘာကိစ္စလဲ။

○

ကယ်လီ ခါတ်လှေကားဖြင့် ဧည့်ခန်းမသို့ ဆင်းလာခဲ့သည်။

ဒိန်းဆီ ဖုန်းဆက်ကြည့်ဦးမယ်၊ သူ ဘာတွေများ တွေ့ထားသလဲ။ ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် သူ့အတွေးပြတ်သွားသည်။ သူ အဆောက်အအုံ အဝင်ဝကိုရောက်တော့ သူတို့ကို လှမ်းမြင်လိုက်ရသည်။ လူသန်ကြီးနှစ် ယောက်၊ တံခါးဝတွင် တစ်ယောက်တစ်ဖက်စီ ရပ်နေကြသည်။ သူတို့က ကယ်လီ့ကို လှမ်းကြည့်သည်။ ပြီးတော့ နှစ်ယောက်သား ပြုံးလိုက်ကြသည်။ ကယ်လီ သိရသလောက် အခြားထွက်ပေါက် မရှိ။ သူ့ကို အီဗွန် သစ္စာဖောက်သွားပြီလား။

လူသန်ကြီးနှစ်ယောက် တံခါးဝမှ အဝင်အထွက် လူတောထဲ တိုးဝင်ပြီး ကယ်လီဆီသို့ ရွေ့လာကြသည်။ ကယ်လီ မျက်ကလူဆန်ပျာ လှည့်ကြည့်ရင်း နံရံကို ကျောကပ်ရပ်နေလိုက်သည်။ မာကျောသည့် အရာတစ်ခုကို သူ့ လက်မောင်းနှင့် တိုက်မိသည်။ ထိုအရာကို ကြည့်လိုက်သည်။ လူသန်ကြီးနှစ်ယောက် သူ့ဆီသို့လာနေစဉ် နံရံတွင်

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



မီးသတ်ဘူးနှင့်တွဲထားသည့် တူကလေးကို ဖျတ်ခနဲလှမ်းယူပြီး မှန်ကို ရိုက်ခွဲလိုက်သည်။ အဆောက်အအုံတစ်ခုလုံး မီးအန္တရာယ် သတိပေးဥသြသံ ပွက်ပွက်ညံသွားသည်။

"မီး… မီး" ကယ်လီ သံကုန်အော်လိုက်သည်။

ရုံးခန်းတွေ၊ ဆိုင်ခန်းတွေနှင့် စားသောက်ဆိုင်တွေထဲမှ လူတွေ ရုတ်ရုတ်သဲသဲ အပြေးထွက်လာကြသည်။ စက္ကန့်ပိုင်းအတွင်း ခန်းမကြီးတစ်ခုလုံး ပြည့်ကျပ်သွားပြီး အပြင်ထွက်ဖို့ အလုအယက်ကြိုးစားနေကြသည်။ လူသန်ကြီး နှစ်ယောက်က လူအုပ်ထဲတွင် ကယ်လီ့ကို လိုက်ရှာကြသည်။ ကယ်လီ့ကို သူတို့ နောက်ဆုံးမြင်လိုက်သော နေရာကို ရောက်တော့ ထိုနေ ရာတွင် ကယ်လီ မရှိတော့။

o

*ဂျာမနီနိုင်ငံ၊ ဘာလင်မြို့*

ရှော့ကင်ဒေါ့ဟိုတယ်တွင် လူတွေ အုံနေကြသည်။ 'ကျွန်မ မိတ်ဆွေတစ်ယောက်ကို စောင့်နေတာ' ဒိန်းက သူစားပွဲသို့ ဖိတ်ခေါ်ခဲ့သည့် ကိုလူချော ဂရက်ဟောလီးဒေးကို ပြောသည်။ 'သူ မလာနိုင်ဘူးလား မသိ'

'အဲဒါ ဆိုးတာပေါ့၊ ဒါနဲ့ ခင်ဗျားက ဘာလင်ကို အလည်လာတာလား'

'ဟုတ်ကဲ့'

'ဘာလင်က သိပ်လှတဲ့မြို့၊ ကျွန်တော်က အိမ်ထောင်သည်ဖြစ်နေလို့၊ နို့မဟုတ်ရင် ခင်ဗျားရဲ့ လမ်းညွှန်အဖြစ် လိုက်ပြချင်ပါရဲ့၊ ဒါပေမဲ့ လျှောက်ကြည့်ဖို့ အလွန်ကောင်းတဲ့ တချို့နေရာတွေကိုတော့ ကျွန်တော် ပြောပြလို့ ရပါတယ်'

'သိပ်ကောင်းတာပေါ့' ဒိန်း အဝင်ဝသို့ လှမ်းကြည့်လိုက်သည်။ လူသန်ကြီးနှစ်ယောက် တံခါးဝသို့ လျှောက်လာကြသည်။

သူတို့ ဒိန်းထွက်အလာကို စောင့်နေတာဖြစ်မည်။ ဒိန်း လှုပ်ရှားရမည့် အချိန်ရောက်ပြီ။

'တကယ်တော့ ကျွန်မက အဖွဲ့နဲ့လာတာ' သူ လက်ပတ်နာရီကို ကြည့်လိုက်သည်။ 'သူတို့ ကျွန်မကိုစောင့်နေကြလိမ့်မယ်၊ ရှင် တာဝန်မကြီးရင် ကျွန်မကို တက္ကစီကားဆီ လိုက်ပို့ပါလား'

'အို… ရပါတယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သူတို့ တံခါးဝသို့ လျှောက်လာကြသည်။ ဒိန်း စိတ်အေးသွားသည်။ လူသန်ကြီးနှစ်ယောက်က သူတစ်ယောက်တည်းကိုသာ တိုက်ခိုက်လိမ့်မည်။ သူ့ဘေးတွင် အခြားလူတစ်ယောက်ရှိနေလျှင် ဘယ်နည်းနဲ့မျှ မတိုက်ခိုက်နိုင်ဟု ဒိန်း တွက်လိုက်သည်။

ဒိန်းနှင့် ဂရက်ဟောလီးဒေးတို့ အပြင်ရောက်လာချိန်တွင် လူသန်ကြီးနှစ်ယောက်ကို ဘယ်နေရာမှာမှ မတွေ့ရတော့။ စားသောက်ဆိုင်ရှေ့တွင် တက္ကစီတစ်စီးရပ်ထားသည်။ တက္ကစီနောက်တွင် မာစီးဒီးတစ်စီး ရှိသည်။

'ကျွန်မတို့ ဆုံဖြစ်တာ ဝမ်းသာပါတယ် မစ္စတာဟောလီးဒေး' ဒိန်းက ပြောလိုက်သည်။

ဟောလီးဒေးက ပြုံးပြီး ဒိန်း၏လက်ကို ဆုပ်ကိုင်သည်။ တစ်အားဆုပ်ညှစ်ထား၍ ဒိန်း မအော်မိအောင် မနည်းထိန်းထားရသည်။

ဒိန်းက သူ့မျက်နှာစေ့စေ့ကြည့်ပြီး 'ဒါက ဘာ...'

'ဘာလို့ တက္ကစီငှားရမှာလဲ' သူက ဒိန်းအား မာစီးဒီးကားဆီသို့ ဆွဲခေါ်သွားသည်။

'ဟင့်အင်း... ကျွန်မ... မ...'

သူတို့ ကားအနီးရောက်တော့ စားသောက်ဆိုင်ထဲမှာ မြင်ခဲ့ရသည့် လူနှစ်ယောက် ကားရှေ့ခန်းတွင် ထိုင်နေတာကို ဒိန်း တွေ့ရသည်။ အခြေအနေကို ချက်ချင်းသဘောပေါက်ပြီး ဒိန်း အလွန်ကြောက်လန့်သွားသည်။

'မ... မ... မလုပ်ပါနဲ့၊ ကျွန်... ကျွန်မ...'

ဒိန်း ကားထဲ တွန်းသွင်းခံလိုက်ရသည်။ ဂရက်ဟောလီးဒေးက ဒိန်းဘေးတွင် ဝင်ထိုင်ပြီး တံခါးကို ပိတ်လိုက်သည်။

'မြန်မြန်မောင်း'

မာစီးဒီးကား အခြားကားတွေကြားထဲ ရောက်သွားချိန်တွင် ဒိန်း သွေးတက်လုမတတ် ခံစားနေရပြီ။ 'မလုပ်ပါနဲ့ မလုပ်ပါနဲ့'

ဟောလီးဒေးက ဒိန်းကိုကြည့်ပြီး 'ဘာမှမစိုးရိမ်နဲ့၊ စိတ်ကိုလျှော့ထား၊ မင်းကို နာကျင်အောင် ဘာမှမလုပ်ဘူး ငါ ကတိပေးတယ်၊ မနက်ဖြန်ကျတော့ မင်းအိမ်ပြန်လမ်းပေါ် ရောက်နေလိမ့်မယ်'

ထို့နောက် သူသည် ဒရိုင်ဘာထိုင်ခုံနောက်ကျောမှ အဝတ်အိတ်ထဲ လက်နှိုက်ပြီး ဆေးထိုးအပ်ကို ထုတ်ယူလိုက်သည်။

'မင်းကို ဆေးထိုးပေးမယ်၊ ဘာမှ မနာဘူး၊ တစ်နာရီ၊ နှစ်နာရီလောက် အိပ်ပျော်သွားရုံပဲ'

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



သူ ဒိန်း၏ လက်မောင်းကို ဆုပ်ကိုင်သည်။

'ဟာ… သေတော့မှာပဲ' ဒရိုင်ဘာက အလန့်တကြား အော်လိုက်သည်။ လူတစ်ယောက် မာစီးဒီးကားရှေ့မှ ဘွားခနဲ ဖြတ်ကူးမည်လုပ်၍ ဘရိတ်ကို အတင်း နင်းအုပ်လိုက်သည်။ ဟောလီးဒေး ရှေ့သို့ဟပ်ထိုးပြီး ထိုင်ခုံခေါင်းမှီသံပေါင်ကို ဦးခေါင်းနှင့် ဝင်ဆောင့်သည်။ သူ ကတုန်ကယင် ပြန်ထိုင်ပြီး ဒရိုင်ဘာကို ဆဲလိုက်သည်။ ဒိန်းက အလိုအလျောက် ဟောလီးဒေး၏လက်ကို ဖမ်းဆုပ်ပြီး ဆေးထိုးအပ်ကို လက်မောင်းထဲ ထိုးသွင်းလိုက်သည်။

ဟောလီးဒေး ရုတ်တရက်လန့်သွားပြီး 'အမယ်လေးဗျ' ဟု အော်လိုက်သည်။ ချက်ချင်းပင် ဟောလီးဒေး တွန့်ခနဲ အကြောဆွဲပြီး တစ်ကိုယ်လုံး မာတောင့်လျက် ခွေယိုင်လဲကျသွားသည်။ စက္ကန့်ပိုင်းအတွင်း အသက်ပါ ပျောက်သွားတော့သည်။ ရှေ့ခန်းမှ လူနှစ်ယောက်က နောက်ကိုလှည့်ကြည့်သည်။ ဒိန်း အလျင်အမြန် ကားပေါ်မှ ဆင်းလိုက်သည်။ မျက်စိတစ်မှိတ်အတွင်းမှာပင် တက္ကစီကားပေါ် ရောက်သွားပြီး ဆန့်ကျင်ဘက်အရပ်သို့ ဦးတည် မောင်းထွက်လာခဲ့တော့သည်။

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၃၉

လက်ကိုင်ဖုန်းမြည်သံကြောင့် ကယ်လီ ထိတ်ခနဲ လန့်သွားသည်။ ဖုန်းကို သတိနှင့် ကောက်ကိုင်လိုက်သည်။ 'ဟဲလို'

'ဟေး… ကယ်လီ'

'ဟေး… ဒိန်း၊ ဘယ်မှာလဲ'

'မြူးနစ်မှာ၊ ရှင်ကော ဘယ်မှာလဲ'

'ကူးတို့ပေါ်မှာ၊ အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ပြီး ဒိုးဗားကို သွားနေတယ်'

'ဆမ်မဲဒေါ်နဲ့တွေ့တာ အဆင်ပြေရဲ့လား'

ကယ်လီ ဆမ်မဲဒေါ်၏ အော်သံကို ကြားယောင်မိသည်။ 'ရှင်နဲ့တွေ့မှ ပြောပြမယ်၊ ရှင် ဘာသတင်းတွေရသလဲ'

'သိပ်မရဘူး၊ နောက်တစ်ဆင့် ဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်ရမယ်၊ ကျွန်မတို့မှာ ရွေးချယ်စရာ မရှိတော့ဘူး၊ ဂယ်ရီရေနိုးရဲ့ လေယာဉ်က ဒင်းဗားအနီးမှာ ပျက်ကျသွားတယ်၊ ကျွန်မတို့ အဲဒီကို သွားရင်ကောင်းမယ်၊ ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေးဖြစ်နိုင်တယ်'

'အိုကေ… စိန်လိုက်'

'အသုဘသတင်းအရ ဒင်းဗားမှာ ရေနိုးရဲ့အစ်မတစ်ယောက် ရှိတယ်လို့ သိရတယ်၊ သူ တစ်ခုခု သိနိုင်တယ်၊ ကျွန်မတို့ ဒင်းဗားက ဘရောင်းပဲလေ့စ်ဟိုတယ်မှာ ဆုံကြရအောင်၊ ကျွန်မတစ်နာရီအတွင်း ဘာလင် ရှီအင်ဖဲလေဆိပ်က ထွက်လာခဲ့မယ်'

'ကျွန်မလည်း ဟီသရောလေဆိပ်က ထွက်လာခဲ့မယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်၊ ဟိုတယ်ခန်းကို "ဟာရီယက်ဘီးချားစတိုး" နာမည်နဲ့ ငှားမယ်'
'ကယ်လီ…'
'ပြောပါ'
'ရှင်သိပါတယ်'
'ကျွန်မသိပါတယ်… ရှင်လည်း သိပါတယ်'

○

တန်နာသည် ရုံးခန်းထဲတွင် တစ်ယောက်တည်းထိုင်ပြီး ရွှေတယ်လီဖုန်းဖြင့် စကားပြောနေသည်။

'… အဲဒီတော့ သူတို့ထွက်ပြေးသွားတယ်ပေါ့၊ …ဆမ်မဲဒေါလည်း တော်တော် အထိနာသွားတယ်၊ ဂရက်ဟော လီးဒေးကတော့ တစ်ချီတည်း ရှောပါလေရော' ခဏနားပြီး စဉ်းစားနေသည်။ 'သေသေချာချာ စဉ်းစားကြည့်ရင် သူတို့ နောက်ဆုံးသွားမယ့်နေရာဟာ ဒင်းဗားပဲဖြစ်နိုင်တယ်၊ …ဒီအတိုင်းဆို ဒီပြဿနာကို ငါကိုယ်တိုင် ကိုင်တွယ်ရတော့မလို ဖြစ်နေပြီ၊ သူတို့က ငါ့ကို ကျော်တက်သွားပြီ၊ ဒါကြောင့် ငါကိုယ်တိုင် ရှင်းမှ ပြတ်တော့မယ်…' သူ နားထောင်နေသည်။ ပြီးတော့ ရယ်လိုက်သည်။ 'ဒါပေါ့… အစစ်ပေါ့… ဗွတ်ဘိုင်'

○

*ကိုလိုရာဒိုပြည်နယ်၊ ဒင်းဗားမြို့*

ဒင်းဗားသို့ ကယ်လီက ဒိန်းထက် စော၍ရောက်သည်။ ဘရောင်းပဲလေ့စ်ဟိုတယ်မှာ စာရင်းသွင်းသည်။

'ဒီညနေ ကျွန်မ မိတ်ဆွေတစ်ယောက် ရောက်လာမယ်'

'နှစ်ခန်းယူမှာလား'

'ဟင့်အင်း… နှစ်ယောက်ခန်းပဲ ယူမယ်'

○

www.burmeseclassic.com

www.burmeseclassic.com



ဒိန်း ပါလာသည့်လေယာဉ် ဒင်းဗားနိုင်ငံတကာလေဆိပ်မှာ ဆင်းသောအခါ ဟိုတယ်သို့ တက္ကစီစီးလာခဲ့သည်။ ညှော့ကြိုစာရေးမကို နာမည် ပြောလိုက်သည်။

'ဩော်… ဟုတ်ကဲ့… မစ္စက်စတီဗင်၊ မစ္စက်စတိုးက ရှင့်ကို စောင့်နေပါတယ်၊ သူ အခန်း ၆၃၈ မှာ ရှိပါတယ်'

ကြားရတာနှင့် စိတ်ချမ်းသာသွားသည်။ ကယ်လီစောင့်နေသည်။ နှစ်ယောက်သား ဖက်ရမ်းနှုတ်ဆက်ကြသည်။

'ရှင့်ကို ကျွန်မ အောက်မေ့နေတာ'

'ကျွန်မလည်း ရှင့်ကို အောက်မေ့နေတာ၊ လမ်းခရီး အဆင်ပြေရဲ့လား'

'ပြေတယ်၊ ဘုရားသခင် ကျေးဇူးတော်ပါပဲ'

'ပါရီမှာ ဘာဖြစ်ခဲ့သေးလဲ'

ကယ်လီ အသက်ရှူထုတ်လိုက်သည်။ 'တန်နှာကင်စလေ… ဘာလင်မှာ ဘာဖြစ်ခဲ့သလဲ'

'တန်နှာ ကင်စလေ…'

ကယ်လီ တယ်လီဖုန်းစားပွဲသို့ လျှောက်သွားသည်။ တယ်လီဖုန်း လမ်းညွှန်စာအုပ်ကို ယူလာသည်။ 'ဂယ်ရီရဲ့ အစ်မ လူဝစ်ရေနီးလိပ်စာ ဒီအထဲမှာ ပါတယ်၊ မာရီယွန်လမ်းမှာနေတယ်'

'ကောင်းတယ်' ဒိန်း နာရီကြည့်လိုက်သည်။ 'ဒီည နောက်ကျနေပြီ၊ ဘာမှ လုပ်လို့ မကောင်းတော့ဘူး၊ မနက်ကျတော့မှ သူ့ဆီ ပထမဆုံး သွားကြမယ်'

○

သူတို့ အခန်းထဲမှာပင် ညစာစားကြသည်။ သန်းခေါင်လောက်အထိ စကားတွေပြောနေကြပြီး အိပ်ရာဝင်ကြသည်။

'ဥတ်နိုက်' ဒိန်းက မီးခလုတ်ပိတ်လိုက်သည်။ တစ်ခန်းလုံး မှောင်မည်းသွားသည်။

ကယ်လီက အော်သည်။ 'ဘာလို့ပိတ်လိုက်တာလဲ၊ ပြန်ဖွင့်ပါ'

ဒိန်း ကမန်းကတန်း ပြန်ဖွင့်လိုက်သည်။ 'ဆောရီးပဲ ကယ်လီ၊ ကျွန်မ မေ့သွားလို့ပါ'

'ကျွန်မက အမှောင်ကို ကြောက်တတ်တယ်၊ မတ်နဲ့တွေ့တော့မှ ကြောက်စိတ် ပျောက်သွားတယ်၊ ဒါပေမဲ့

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



သူ့ သေသွားပြီးတဲ့နောက်…’ ကယ်လီသည် ကြောက်စိတ်ကို ထိန်းနေရသောကြောင့် အသက်ရှူ အလွန်မြန်သည်။ သူ့စကားကို ဆက်သည်။ ‘ဒီကြောက်စိတ် ပျောက်သွားအောင် ဘယ်လိုလုပ်ရမလဲ မသိဘူး’

‘ဘာမှမပူနဲ့၊ ရှင့်ကိုယ်ရှင် အန္တရာယ်ကင်းပြီး လုံခြုံမှုရှိပြီလို့ ယုံကြည်တဲ့နေ့မှာ ကြောက်စိတ် အလိုလို ပျောက်သွားလိမ့်မယ်’

○

နောက်နေ့နံနက် ဒိန်းနှင့်ကယ်လီတို့ ဟိုတယ်အပြင်ဘက် လျှောက်ထွက်လာတော့ အဝင်ဝတွင် တက္ကစီတွေ တန်းစီရပ်ထားတာကို တွေ့ရသည်။ တက္ကစီတစ်စီးပေါ် တက်ကြသည်။ ကယ်လီက မာရီယွန်လမ်းမှ လူဝစ်ရေနိုး၏ အိမ်နံပါတ်ကို ဒရိုင်ဘာအား ပေးလိုက်သည်။

၁၅မိနစ်ခန့်အကြာတွင် ဒရိုင်ဘာက ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

‘ရောက်ပါပြီဗျာ’

ကယ်လီနှင့်ဒိန်း ကားပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။ မီးလောင်မြေကိုသာ မြင်လိုက်ရသောကြောင့်ဖြစ်သည်။ အိမ်အဆောက်အအုံနှင့် တူတာဆို၍ ဘာမှမကျန်တော့။ ပြာပုံတွေ၊ မီးကျွမ်းသစ်တိုသစ်စတွေနှင့် ကွန်ကရီ အကျိုးအပဲ့တွေသာ ကျန်တော့သည်။

ဒိန်းက စကားမပြောနိုင်အောင် အသက်ရှူကျပ်နေသည်။

‘လူဝစ်ကို ခွေးမသားတွေ သတ်လိုက်ကြပြီ’ ကယ်လီက ပြောသည်။ ဒိန်းကို စိတ်ပျက်လက်ပျက်နှင့် ကြည့်ပြီး ‘ဒါ လမ်းဆုံးပဲ’

ဒိန်းက စဉ်းစားရင်း ‘နောက်ဆုံး တစ်လမ်းရှိသေးတယ်’

○

အလွန်ထက်မြက်သော ဒင်းဗားလေဆိပ်မန်နေဂျာ ရေဖောင်းလားက ကယ်လီနှင့် ဒိန်းတို့အား အပြစ်တင်သံဖြင့် ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ဒီကိစ္စ ကျွန်တော် ဖြောင့်ပေးလို့ရမလား ကြည့်ဦးမယ်၊ ခင်ဗျားတို့နှစ်ယောက်က လေယာဉ်ပျက်ကျမှုကို အာဏာပိုင်ခွင့်ပြုချက်မပါဘဲ စုံစမ်းစစ်ဆေးရေးလုပ်နေတယ်၊ တာဝန်ကျ လေကြောင်းပျံသန်းရေး ကြီးကြပ်ရေးမှူးကို မေးမြန်းဖို့အတွက် ကျွန်တော့်ကို အကူအညီတောင်းတယ်၊ သူ့အနေနဲ့ တစ်စုံတစ်ရာ သတင်းပေးနိုင်မယ်လို့ ခင်ဗျားတို့က ယူဆတာကိုး၊ ဒီတော့ ကျွန်တော်က အဲဒါကို လုပ်ပေးနိုင်ပါ့မလား'

ဒိန်းနှင့်ကယ်လီတို့ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြသည်။

'ဟုတ်ကဲ့... ကျွန်မတို့က အားကိုးပါတယ်' ကယ်လီပြောလိုက်သည်။

'ဘာကိုလဲ'

'ရှင် ကူညီနိုင်မယ်ဆိုတာကို'

'ဘာကြောင့်လဲ'

'မစ္စတာဖောင်းလား၊ ကျွန်မတို့က ဂယ်ရီရေနိုး အမှန်တကယ် လေယာဉ်ပျက်ကျလို့ သေတာ ဟုတ်မဟုတ်ဆိုတာ သိချင်လို့ပါ'

ရေးဖောင်းလားက ကယ်လီနှင့်ဒိန်းတို့အား အကဲခတ်နေသည်။ ပြီးတော့မှ 'စိတ်ဝင်စားစရာတော့ ကောင်းတာပဲ၊ ကျွန်တော်လည်း ဒါကို အတော်ကလေးစဉ်းစားနေတယ်၊ ဒီကိစ္စ ဟောင်းဝပ်မစ်လာနဲ့ ဆွေးနွေးသင့်တယ်၊ သူက မတော်တဆ အန္တရာယ်ဖြစ်ချိန်မှာ တာဝန်ကျတဲ့ လေကြောင်းပျံသန်းရေး ကြီးကြပ်ရေးမှူးပဲ၊ ဒီမှာ သူ့လိပ်စာ၊ ကျွန်တော် သူ့ကို ဖုန်းဆက်ပြီး ခင်ဗျားတို့ လာခဲ့မယ်လို့ ပြောလိုက်မယ်'

'ကျေးဇူးအများကြီးတင်ပါတယ်၊ မစ္စတာဖောင်းလား'

'ကျွန်တော်အခုလို လုပ်ပေးတဲ့အကြောင်းက ပြည်ထောင်စုလေကြောင်းကြီးကြပ်ရေးအဖွဲ့က အစီရင်ခံစာ အဓိပ္ပာယ်မရှိလို့ပဲ၊ လေယာဉ်ပျက်ကို ကျွန်တော်တို့ တွေ့တယ်၊ စိတ်ဝင်စားစရာကောင်းတာက "*ဘလက်ဘောက်စ်" ပျောက်နေတယ်၊ လုံးဝ ရှာမတွေ့ဘူး'

○

---

*Black Box (ပျံသန်းမှုမှတ်တမ်းကိရိယာ)

the bookhouse
we bring you leisure

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းဝပ်မစ်လာ၏အိမ်မှာ လေဆိပ်နှင့် ခြောက်မိုင်ဝေးသည်။ မစ်လာက ခန္ဓာကိုယ်သေးသေးနှင့် သွက်သွက်လက်လက်၊ အသက် ၄၀ ဝန်းကျင်အရွယ်။

'လာကြပါ၊ ခင်ဗျားတို့ လာမယ်လို့ ရေးဖောင်းလား ဖုန်းဆက်ထားတယ်၊ ကျွန်တော် ဘာအကူအညီ ပေးရမလဲ'

'ပြောစရာရှိလို့ပါ မစ္စတာမစ်လာ'

'ထိုင်ကြပါ၊ ကော်ဖီ သုံးဆောင်ပါလား'

'နေပါစေ၊ ကျေးဇူးပဲ'

'ဂယ်ရီရေနိုး ကိစ္စအတွက် လာကြတာလား'

'ဟုတ်ပါတယ်၊ အဲဒါ မတော်တဆ ဖြစ်တာလား'

ဟောင်းဝပ်မစ်လာ ပခုံးတွန့်လိုက်ပြီး 'အမှန်အတိုင်း ပြောရရင် ကျွန်တော် မသိပါဘူး၊ ကျွန်တော် ဒီမှာလုပ်နေတဲ့ ကာလတစ်လျှောက်လုံးမှာ ဒီအဖြစ်မျိုးကို တစ်ခါမှ မကြုံဖူးဘူး၊ အားလုံး ပုံမှန်အတိုင်း အဆင်ပြေနေတာချည်းပဲ၊ ဂယ်ရီရေနိုးက လေယာဉ်ဆင်းသက်ခွင့် တောင်းတယ်၊ ကျွန်တော်တို့က ဆင်းခွင့်ပြုလိုက်တယ်၊ နောက် ကျွန်တော်သိတာက နှစ်မိုင်လောက်အကွာမှာ ဟာရီကိန်းမုန်တိုင်းသတင်း ပို့တယ်၊ ကျွန်တော်တို့ရဲ့ မိုးလေဝသမှတ်တမ်းမှာတော့ ရှင်းလင်းကြည်လင်နေတယ်၊ နောက်ပိုင်းမှာ မိုးလေဝသဌာနကို မေးကြည့်တော့ အဲဒီအချိန်မှာ လုံးဝ လေမတိုက်ဘူးလို့ ပြောတယ်၊ အမှန်ကိုပြောရရင် သူအရက်မူးနေတယ်၊ ဒါမှမဟုတ် မူးယစ်ဆေးဝါးသုံးစွဲထားတယ်၊ နောက်တစ်ချက် သိရတာက သူ့လေယာဉ် တောင်နဲ့ဝင်တိုက်တယ်'

' "ဘလက်ဘောက်စ်" ကို ရှာမတွေ့သေးဘူးပေါ့' ကယ်လီက မေးလိုက်သည်။

'အဲဒါက တစ်ချက်' သူ စဉ်းစဉ်းစားစားဖြင့် ပြောသည်။ 'တခြားစွည်းတွေ အားလုံးတွေ့ရတယ်၊ ဘလက်ဘောက်စ်က ဘယ်ရောက်သွားလဲ၊ လေကြောင်းကြီးကြပ်ရေးအဖွဲ့က ဝင်လာတယ်၊ ကျွန်တော်တို့ မှတ်တမ်းတွေမှားနေတယ်လို့ပြောတယ်၊ အဖြစ်အပျက်ကို ကျွန်တော်တို့ ပြောပြတာ သူတို့ မယုံဘူး၊ တစ်ခုခုတော့ မှားနေပြီလို့ ကျွန်တော်ထင်တယ်'

'ဟုတ်ပါတယ်'

'တစ်ခုခု မှားနေပြီ၊ ဒါပေမဲ့ အဲဒါကို ကျွန်တော် မပြောနိုင်ဘူး၊ ကျွန်တော် မကူညီနိုင်တာကို ခွင့်လွှတ်ပါ'

ဒိန်းနှင့်ကယ်လီ စိတ်ပျက်ပျက်နှင့် ထရပ်လိုက်ကြသည်။

'ကောင်းပါပြီ၊ အချိန်ပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ရှင်'

'ရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာမစ်လာက အမျိုးသမီးများအား တံခါးဝသို့ လိုက်ပို့ရင်း 'ဒါနဲ့ ဂယ်ရီရဲ့အစ်မကတော့ ကောင်းသွားမှာပါ'

'ဘာ…' ကယ်လီ တုန့်ခနဲ ရပ်သွားသည်။

'သူ့ကို ဆေးရုံတင်ထားတယ်၊ သနားစရာပဲ၊ သူ့အိမ်က ညသန်းခေါင်လောက်မှာ မီးလောင်ခံရတယ်'

'ဘယ်လိုဖြစ်တာလဲ' ဒိန်း မေးလိုက်သည်။

'မီးသတ်ကတော့ လျှပ်စစ်ရှော့ခ်ဖြစ်တာလို့ ယူဆတယ်၊ လူဝစ်က အိမ်ရှေ့တံခါးက ထွားထွက်ပြီး မြက်ခင်းကို သွားဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ မီးသတ်တပ်ဖွဲ့ ရောက်သွားတဲ့အချိန်မှာ သူက ရုပ်ပျက်ဆင်းပျက် ဖြစ်နေပြီ'

ဒိန်းက စိတ်ကို ထိန်းပြီး 'သူ တက်နေတာ ဘယ်ဆေးရုံလဲ'

'ကိုလိုရာဒိုတက္ကသိုလ်ဆေးရုံ၊ မီးလောင်လူနာဌာနမှာ သူရှိတယ်'

○

'ဝမ်းနည်းပါတယ်ရှင်၊ မစ္စရေနိုးကို ဧည့်သည်တွေ့ခွင့်မရှိပါဘူး' ဧည့်ခန်းမတွင် သူနာပြုဆရာမက ပြောသည်။

'သူ ဘယ်အခန်းမှာ ရှိသလဲ'ကယ်လီမေးလိုက်သည်။

'အဲဒါ ပြောလို့မရပါဘူး'

'အရေးကြီးလို့ပါ။ သူနဲ့ တွေ့ချင်ပါတယ်'

'သက်ဆိုင်ရာက ခွင့်ပြုချက်မပါဘဲ ဘယ်သူမှ တွေ့လို့မရပါဘူး'

'ကောင်းပါပြီ'

ကယ်လီနှင့် ဒိန်းတို့ ပြန်ထွက်လာကြသည်။

'ဒီတော့ ဘာဆက်လုပ်ကြမလဲ'

ကယ်လီမေးလိုက်သည်။

'ဒါဟာ ကျွန်မတို့ရဲ့ နောက်ဆုံးလမ်းပဲ'

'ကျွန်မ အကြံရှိပါတယ်'

○

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ယူနီဖောင်းဝတ် ဆက်သားတစ်ယောက် ဖဲကြိုးပတ် ပါဆယ်ထုပ်ကြီးကို ပိုက်ပြီး ဧည့်ကြိုခန်းစားပွဲသို့ လျှောက်ဝင်လာသည်။

'လူဝစ်ရေနီးအတွက်ပါဆယ်ထုပ်ပါ'

'ကျွန်မ လက်မှတ်ထိုး ယူလိုက်မယ်' သူနာပြုဆရာမက ပြောသည်။

'မလိုပါဘူး၊ ကျွန်တော့်ကို လူကိုယ်တိုင် လက်ရောက်သွားပို့ဖို့ ပြောလိုက်လို့ပါ၊ သိပ်ပြီး တန်ဖိုးရှိတဲ့ ပစ္စည်းမို့လို့ပါ'

သူနာပြုဆရာမက စဉ်းစားနေပြီးတော့မှ 'ဒါဆို ကျွန်မပါ လိုက်မယ်'

'ကောင်းပါတယ်'

ဆက်သားသည် ခန်းမအဆုံးအထိ ဆရာမနောက်မှ လိုက်လာသည်။ အခန်း ၃၉၁သို့ ရောက်တော့ ဆရာမက တံခါးဖွင့်သည်။ ဆက်သားက အထုပ်ကို ကမ်းပေးရင်း…

'သူ့ကို ဆရာမပဲ သွားပေးပေးပါ'

○

လှေကားခြေရင်းမှ ခုံတန်းလျားတွင် ထိုင်နေသည့် ဒိန်းနှင့်ကယ်လီတို့ထံသို့ ဆက်သား လျှောက်လာသည်။

'အခန်း ၃၉၁' ဆက်သားက ပြောသည်။

'ကျေးဇူးပဲ' ဒိန်းက ဆက်သားအား ပိုက်ဆံပေးလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက် သုံးထပ်သို့ တက်လာကြသည်။ စင်္ကြံလမ်းထဲဝင်လိုက်တော့ သူနာပြုဆရာမ ဖုန်းဆက်နေတာကို မြင်ရသည်။ ဆရာမက သူတို့ဘက် ကျောပေးထားသည်။ သူတို့နှစ်ယောက် အလျှင်အမြန် လျှောက်သွားပြီး အခန်း ၃၉၁ထဲသို့ ဝင်လိုက်ကြသည်။ လူဝစ်ရေနီး အိပ်ရာထဲလှဲနေသည်။ တစ်ကိုယ်လုံးကိုလည်း ပိုက်တွေ၊ ဝါယာကြိုးတွေနှင့် ပင့်ကူအိမ်ပမာ ဆက်သွယ်ထားသည်။ ပတ်တီးကလည်း တစ်ကိုယ်လုံးနီးပါး စည်းထားသေးသည်။ ကယ်လီနှင့် ဒိန်းတို့ ခုတင်နားကပ်သွား တော့ မျက်စေ့မှိတ်နေသည်။

ဒိန်းက တိုးတိုးကလေး ပြောသည်။ 'မစ္စရေနီး… ကျွန်မတို့က ဒိန်းစတီဗင်နဲ့ ကယ်လီဟဲရစ်ပါ၊ ကျွန်တော်တို့ ယောကျ်ားတွေက ကေအိုင်ဂျီမှာ အလုပ်လုပ်ကြတယ်…'

www.burmeseclassic.com

www.burmeseclassic.com



လူဝစ်ရေနိုး၏ မျက်လုံးတွေ ဖြည်းဖြည်းပွင့်လာသည်။ ကြိုးစားပြီး စူးစိုက်ကြည့်သည်။ သူ စကားပြောတော့ လေတိုးသံကလေးလောက်သာ ကြားရသည်။ 'ဘာ… ပြော… တာလဲ'

'ကျွန်မတို့ယောကျ်ားတွေ ကေအိုင်ဂျီမှာ လုပ်တယ်' ဒီန်း ထပ်ပြောသည်။ 'နှစ်ယောက်စလုံး အသတ်ခံရတယ်၊ ရှင့်မောင်ရဲ့ ဖြစ်ရပ်ကြောင့် ရှင့်အနေနဲ့ ကျွန်မတို့ကို ကူညီနိုင်မယ် ထင်လို့ပါ'

မစ္စရေနိုး အားယူပြီး ခေါင်းခါပြသည်။ 'ကျွန်မ… မကူညီနိုင်ဘူး၊… ကျွန်မ အကိုလည်း… သေသွားပြီ' သူ့မျက်လုံးအိမ်တွင် မျက်ရည်တွေ ပြည့်လျှံလာသည်။

ဒီန်းက အနားကပ်ပြီး 'ရှင့်မောင် မတော်တဆအန္တရာယ်မဖြစ်ခင် ဘာတွေပြောသွားခဲ့သလဲ'

'မောင်လေးက သိပ်တော်တဲ့လူပါ' သူ့အသံ တိမ်ဝင်သွားသည်။ 'သူ လေယာဉ်ပျက်ကျလို့ သေသွားတာ'

'ကျွန်မတို့အတွက် အထောက်အကူဖြစ်မယ့် တစ်စုံတစ်ခုကို သူ ပြောခဲ့ဖူးသလား'

မစ္စရေနိုး မျက်လုံး ပြန်မှိတ်သွားသည်။

'မစ္စရေနိုး… ကျေးဇူးပြုပြီး မအိပ်ပါနဲ့ဦး၊ သိပ်ပြီး အရေးကြီးလို့ပါ၊ ရှင့်အစ်ကို ဘာတွေ ပြောသွားသေးသလဲ'

မစ္စရေနိုး မျက်လုံးပြန်ဖွင့်ကြည့်သည်။ သူ ဇဝေဇဝါဖြစ်နေသည်။

'ရှင်တို့က ဘယ်သူတွေလဲ'

'ရှင့်မောင် အသတ်ခံရတာလို့ ကျွန်မတို့က ယူဆတယ်'

'ကျွန်မ… သိ… ပါ…တယ်' အသံ တိုးတိုးကလေး။

ဒီန်းနှင့်ကယ်လီ ကျောစိမ့်သွားသလို ခံစားလိုက်ရသည်။

'ဘာကြောင့်လဲ' ကယ်လီက မေးလိုက်သည်။

'ပရိုင်မာ…' အသံ တိုးတိုးကလေး။

'ပရိုင်မာ… အဲဒါဘာလဲ'

'သူပြောတယ်… မသေခင်… သုံးလေးရက်က၊ သူတို့စက်ကရိယာက… မိုးလေဝသကို ဖန်တီး… ထိန်းချုပ်နိုင်တယ်တဲ့၊ မောင်လေး ကံဆိုးရှာတယ်… သူ… သူ ဝါရှင်တန်ကို မ… မရောက်ဘူး'

'ဝါရှင်တန်ကို… ဟုတ်လား'

'ဟုတ်တယ်… သူတို့အားလုံး… အားလုံး… အထက်လွှတ်တော်အမတ်ကို တွေ့ဖို့သွားတာ… ပရိုင်မာနဲ့ ပတ်သတ်လို့… ပရိုင်မာကသိပ်ပြီး ဆိုးတယ်တဲ့၊ မောင်လေးက ပြော…'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ အမတ်နာမည်ကို မှတ်မိလား'

'ဟင့်အင်း...'

'စဉ်းစားကြည့်ပါဦး'

'အထက်လွှတ်တော်အမတ်တစ်ယောက်ပဲ'

'ဘယ်သူလဲ'

'လီဗင်- လူဗင်- ဗန်လူဗင်၊ မောင်လေးက သူ့ကိုတွေ့ဖို့သွားတာ၊ သူက တွေ့ဖို့သွား...'

အခန်းတံခါး ရုတ်တရက်ပွင့်သွားသည်။ ဝတ်စုံဖြူနှင့် ဆရာဝန်တစ်ယောက် နားကျပ်ကို လည်ပင်းမှာချိတ်ပြီး အခန်းထဲဝင်လာသည်။ ဒီန်းနှင့် ကယ်လီတို့ကိုမြင်တော့ သူ စိတ်ပေါက်သွားသည်။

'ဒီအထဲကို ဘယ်သူမှ မဝင်ရဘူးဆိုတာ ခင်ဗျားတို့ကို တစ်ယောက်မှ မပြောဘူးလား'

'ခွင့်လွှတ်ပါဆရာ' ကယ်လီက တောင်းပန်သည်။ 'ကျွန်မတို့က... စကားပြောချင်...'

'ထွက်သွားစမ်းပါ'

အမျိုးသမီးနှစ်ယောက်က မစ္စရေနီးကို ကြည့်လိုက်ပြီး...

'ဂွတ်ဘိုင်'

'နေကောင်းပါစေ'

အမျိုးသမီးတွေ ပြန်ထွက်သွားကြသည်။ တံခါးပြန်ပိတ်သွားတော့ ဒေါက်တာက ခုတင်နားသို့ ကပ်လာသည်။ မစ္စရေနီးကို စီးမိုးပြီး ကြည့်လိုက်သည်။ ပြီးတော့ ခေါင်းအုံးကိုဆွဲယူလိုက်သည်။

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၀

ကယ်လီနှင့်ဒိန်း ဆေးရုံပင်မခန်းမကြီးထဲသို့ ရောက်လာကြသည်။ ဒိန်းက ပြောသည်။

'ဒါကြောင့် ရစ်ချတ်နဲ့ မတ်တို့လည်း ဝါရှင်တန်ကို သွားကြတာ၊ အထက်လွှတ်တော်အမတ် ဗန်လူဗင်ကို တွေ့ဖို့သွားတာ'

'သူနဲ့ ဘယ်လိုလုပ်ပြီး တွေ့နိုင်မလဲ'

'လွယ်ပါတယ်' ဒိန်း လက်ကိုင်ဖုန်း ထုတ်လိုက်သည်။

ကယ်လီက လက်နှင့်လှမ်းတားပြီး 'မလုပ်နဲ့၊ အပြင်ဖုန်းနဲ့ဆက်ပါ'

အထက်လွှတ်တော်ရုံး၏ တယ်လီဖုန်းနံပါတ်ကို သတင်းပြန်ကြားရေးဌာနမှ တစ်ဆင့် ရသည်။ ဒိန်း နံပါတ်ကို လှည့်သည်။

'အထက်လွှတ်တော်အမတ်ဗန်လူဗင် ရုံးခန်းကပါ'

'ကျေးဇူးပြုပြီး အထက်လွှတ်တော်အမတ်နဲ့ ပြောပါရစေ'

'ဘယ်သူခေါ်တယ်လို့ ပြောလိုက်ရပါမလဲ'

'ကိုယ်ရေးကိုယ်တာကိစ္စပါ'

'နာမည်ပြောပါ'

'အရေးကြီးကိစ္စလို့သာ ပြောလိုက်ပါ'

'ဆောရီး' ဖုန်းလိုင်းပြတ်သွားသည်။

ဒိန်းက ကယ်လီ့ဘက်လှည့်ပြီး 'ကျွန်မတို့ နာမည်မှန် သုံးလို့မဖြစ်ဘူး' သူ ထပ်ခေါ်ပြန်သည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'*ဆီနေတာဗန်လူဗင် ရုံးခန်းကပါ'

'ခဏနားထောင်ပါ။ ဒါ ရှုးကြောင်ကြောင်လူ ခေါ်တာမဟုတ်ပါဘူး။ ကျွန်မဆီနေတာနဲ့ စကားပြောချင်တယ်။ နာမည်တော့ ရှင့်ကို မပြောနိုင်ပါဘူး'

'ဒါဆို ကျွန်မ မဆက်ပေးနိုင်ဘူး' လိုင်းပြတ်သွားသည်။

ဒိန်း တတိယအကြိမ် ထပ်ခေါ်ပြန်သည်။

'ဆီနေတာ ဗန်လူဗင်ရုံးခန်းကပါ'

'ကျေးဇူးပြုပြီး ဖုန်းချမပစ်ပါနဲ့၊ ရှင့်အလုပ်ရှင်လုပ်တာ ကျွန်မ သဘောပေါက်ပါတယ်၊ ဒါပေမဲ့ အခုကိစ္စက သေရေးရှင်ရေးကိစ္စပါ၊ ကျွန်မ အပြင်ဖုန်းက ဆက်နေတာ၊ နံပါတ်ပေးမယ်၊ ဆီနေတာကို ပြောပေးပါ၊ ကျွန်မကို ပြန်ဆက်ပါလို့' သူ ဖုန်းနံပါတ် ပြောလိုက်သည်။ တစ်ဖက်မှ ဖုန်းပြန်ချသွားသည်။

'ဒီတော့ ဘာလုပ်ကြမလဲ' ကယ်လီ မေးလိုက်သည်။

'စောင့်မှာပေါ့'

နှစ်နာရီစောင့်သည်။ 'အလုပ်မဖြစ်ပါဘူး' ဒိန်းက ပြောသည်။ 'ကဲ… ဒီတော့…'

ဖုန်းမြည်လာသည်။ ဒိန်း အသက်ရှူထုတ်ပြီး ဖုန်းကောက်ကိုင်လိုက်သည်။

'ဟဲလို'

စိုးရိမ်ရိပ်ပါသော အမျိုးသမီးအသံ 'ဆီနေတာဗန်လူဗင်ပါ၊ ဘယ်သူပါလိမ့်'

ဒိန်းက နှစ်ယောက်လုံးကြားအောင် ကယ်လီ့အနားသို့ ကပ်လာသည်။ သူ့အသံ တုန်နေသည်။

'ဆီနေတာရှင့်… ကျွန်မ ဒိန်းစတီဗင်ပါ၊ ကျွန်မအနားမှာ ကယ်လီဟားရစ်လည်း ရှိနေပါတယ်၊ ကျွန်မတို့ ဘယ်သူတွေဆိုတာ ဆီနေတာ သိပါသလား'

'ဟင့်အင်း… မသိဘူး၊ ကျွန်မ…'

'ကျွန်မတို့ ယောကျ်ားတွေ ဆီနေတာနဲ့ တွေ့ဖို့လာတုန်း အသတ်ခံရလို့ပါရှင့်'

'အို… ဘုရားသခင်…၊ ရစ်ချတ်စတီဗင်နဲ့ မတ်ဟားရစ်'

'ဟုတ်ပါတယ်ရှင့်'

---

* Senator (အထက်လွှတ်တော်အမတ်)

www.burmeseclassic.com

www.burmeseclassic.com



'ရှင်တို့ရဲ့ယောက်ျားတွေက ကျွန်မနဲ့တွေ့ဖို့ ချိန်းတယ်၊ ဒါပေမဲ့ သူတို့က ချိန်းဆိုချက် ပြန်ဖျက်လိုက်တယ်လို့ ကျွန်မရဲ့ အတွင်းရေးမှူးက ပြောတယ်၊ အဲဒီနောက် သူတို့… သေသွားကြတယ်'

'ချိန်းဆိုချက်ပြန်ဖျက်တာ သူတို့ မဟုတ်ဘူး ဆီနေတာ' ဒိန်းပြောသည်။ 'ဆီနေတာနဲ့ မတွေ့နိုင်အောင် သူတို့ကို သတ်ပစ်လိုက်ကြတာ'

'ဘာ… ဘယ်လို' အလန့်တကြားအသံ 'ဘာကြောင့်လဲ… ဘယ်သူလဲ'

'ကျွန်မတို့ယောက်ျားတွေ ဆီနေတာကို ဘာအကြောင်းပြောချင်တယ်ဆိုတာ ကျွန်မတို့ပြောပြပါမယ်၊ ကျွန်မနဲ့ ကယ်လီ ဝါရှင်တန်ကို လာခဲ့ပါရစေ'

ခဏ တိတ်ဆိတ်နေသည်။ 'လာခဲ့ပါ၊ ဒါပေမဲ့ ကျွန်မရုံးခန်းမှာ မဟုတ်ဘူး၊ ရှင်တို့ပြောတာ အမှန်ဆိုရင် ဒါ သိပ် အန္တရာယ်ရှိတယ်၊ လောင်းအိုင်လင်း၊ ဆောက်သန်ပတန်က ကျွန်မအိမ်ကို လာခဲ့ပါ၊ အဲဒီမှာ တွေ့ကြမယ်၊ ရှင့်တို့ ဘယ်က ခေါ်နေတာလဲ'

'ဒင်းဗားကပါ'

'ခဏနေဦး'

သုံးမိနစ်ကြာပြီးနောက် ဖုန်းလိုင်း ပြန်ဝင်လာသည်။

'ဒင်းဗားကနေပြီး နယူးယောက်ကို ညလေယာဉ်ရှိတယ်၊ ယူနိုက်တက်လေကြောင်းလိုင်း၊ လာဂွါဒီးယားလေဆိပ် ကို ဒါရိုက်မောင်းမယ်၊ သန်းခေါင်ကျော် ၁၂း၂၅မှာစထွက်ပြီး နယူးယောက်ကို မနက် ၆း၀၉မှာ ရောက်မယ်၊ လေယာဉ် လူပြည့်နေရင် နောက်တစ်စင်း…'

'ကျွန်မတို့ အဲဒီလေယာဉ်နဲ့ ဖြစ်အောင်လာခဲ့ပါမယ်'

ကယ်လီက ဒိန်းကို ကြည့်ပြီး 'ဒိန်း… လက်မှတ်မရရင်…'

'ရအောင်လုပ်မယ်၊ စိတ်ချ'

'ရှင်တို့ လေယာဉ်ကွင်းရောက်ရင် မီးခိုးရောင်လင်ကွန်းတောင်းကား စောင့်နေတာ တွေ့လိမ့်မယ်၊ ဒရိုင်ဘာက အာရှတိုက်သား၊ ကူနီယိုတဲ့၊ သူက ရှင်တို့ကို ကျွန်မအိမ်ကို ခေါ်လာလိမ့်မယ်၊ ကျွန်မ စောင့်နေမယ်'

'ကျေးဇူးအများကြီးတင်ပါတယ် ဆီနေတာ'

ဒိန်း ဖုန်းပြန်ချပြီး အသက်ရှူထုတ်လိုက်သည်။ ကယ်လီဘက်လှည့်ပြီး…

'အားလုံး အဆင်ပြေသွားပြီ'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ လေယာဉ်မမှီရင် ဘယ်လိုလုပ်မလဲ'

'မပူပါနဲ့၊ ကျွန်မ ကြည့်လုပ်ပါ့မယ်'

ဝ

ဟိုတယ် အမှုထမ်းက စင်းလုံးငှားကာ အသင့်စီစဉ်ထားသည်။ ၄၅ မိနစ်အတွင်း ဒိန်းနှင့်ကယ်လီတို့ လေယာဉ်ကွင်းသို့ သွားနေကြပြီ။ ကယ်လီက ပြောသည်။

'ကျွန်မတော့ ပိုပြီး စိတ်လှုပ်ရှားနေသလား၊ ဒါမှမဟုတ် ပိုပြီး ကြောက်နေသလားဆိုတာ မပြောတတ်တော့ဘူး'

'ကျွန်မကတော့ ဘာကြောက်စရာကိုမှ မတွေးတော့ဘူး'

'ဆီနေတာနဲ့တွေ့ဖို့ လူတွေအများကြီး ကြိုးစားကြပုံရတယ်။ ဒါပေမဲ့ ဘယ်သူမှ အလုပ်မဖြစ်ဘူး။ အားလုံး အသတ်ခံရတာချည်းပဲ'

'ဒါဆို ကျွန်မတို့က ပထမဆုံးအလုပ်ဖြစ်အောင် လုပ်မှာပေါ့'

'ကျွန်မတော့··· တစ်ခုခု···'

'ကျွန်မသိတယ်။ လက်နက်မဟုတ်လား။ ရှင်ပဲပြောတယ်လေ။ ကျွန်မတို့မှာ ဉာဏ်ရှိပါတယ် ကယ်လီ'

'ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ လက်နက်ပဲလိုချင်တယ်'

ကယ်လီတံခါးအပြင်ဘက် ကြည့်လိုက်သည်။

'ရပ်လိုက်'

ဒိန်းက ကားကို လမ်းဘေးထိုးရပ်လိုက်သည်။

'ဘာဖြစ်လို့လဲ'

'ကျွန်မ တစ်ခုလုပ်စရာရှိလို့'

သူတို့ ဆံသဆိုင်တစ်ဆိုင်သို့ မောင်းလာခဲ့သည်။ ကယ်လီ ကားတံခါးဖွင့်ပြီး ဆင်းသည်။

'ရှင် ဘယ်သွားမလို့လဲ'ဒိန်းကမေးသည်။

'ဆံပင်အသစ်ပုံသွင်းမလို့'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'နောက်နေပြန်ပြီ'

'မနောက်ဘူး၊ တကယ်ပြောတာ'

'ဒါဆို လေယာဉ်မမီဘဲ နေလိမ့်မယ်'

'ဒိန်း ရှင်က ဘာဖြစ်လာမယ်ဆိုတာ ဘယ်တော့မှ မစဉ်းစားဘူး။ တကယ်လို့ ကျွန်မသေသွားရင် လှလှပပ ကလေး သေသွားချင်တယ်'

ကယ်လီ ဆံသဆိုင်ထဲဝင်သွားတော့ ဒိန်းပါးစပ်ဟောင်းလောင်းနှင့် ကားထဲထိုင်ကျန်ရစ်သည်။

○

မိနစ် ၂၀လောက်အကြာမှာ ကယ်လီ ပြန်ထွက်လာသည်။ သူ အနက်ရောင်ဆံပင်တု တပ်လာသည်။ ရှေ့မှာ ဆံပင်တွေကို ထောင်ထားပြီး နောက်မှာ ဘုတ်သိုက်ကြီး။

'ကဲ··· ရယ်ဒီပဲ ဒိန်း၊ ဘယ်လိုပဲ ဖြစ်လာဖြစ်လာ ရင်ဆိုင်လိုက်ကြစို့'

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

## အခန်း-၄၁

'ကျွန်မတို့ နောက်က အဖြူရောင် လီဇတ်တစ်စီး လိုက်လာတယ်' ကယ်လီ ပြောလိုက်သည်။

'ကျွန်မ သိပါတယ်၊ လူခြောက်ယောက်ပါတယ်'

'သူတို့ကို မျက်ခြည်ပြတ်နိုင်မလား'

'ပြောလို့ မရဘူး'

'ဘာ...' ကယ်လီ အလန့်တကြား မေးလိုက်သည်။

'စောင့်ကြည့်ပါ'

သူတို့ကား လေယာဉ်ကွင်းဂိတ်ဝ အနီးသို့ ရောက်လာသည်။ ဂိတ်ဝမှာ 'ပစ္စည်းထုတ်ယူရန်သာ' ဟူ၍ ဆိုင်းဘုတ်ချိတ်ထားသည်။ ဂိတ်စောင့်က တံခါးဖွင့်ပေးသည်။ ကယ်လီနှင့် ဒိန်း ကားပေါ်မှ ဆင်းသည်။ လီဇတ်ကားထဲက လူတွေစောင့်ကြည့်နေကြသည်။ ကယ်လီနှင့်ဒိန်း လေယာဉ်ရုံးကားပေါ်သို့ တက်သည်။ ရုံးကား ပြေးလမ်းကို ဖြတ်မောင်းလာသည်။

လီဇတ်ကား ဂိတ်ဝရောက်တော့ အစောင့်က တားသည်။

'ဒါက သီးသန့်ဝင်ပေါက်ပါ'

'ဟိုကားကျတော့ ဘာဖြစ်လို့ ဝင်ခွင့်ပြုသလဲ'

'ဒါက သီးသန့်ဝင်ပေါက်လေ' အစောင့်က ဂိတ်တံခါးပြန်ပိတ်လိုက်သည်။

ရုံးကား ဂျက်လေယာဉ်ကြီးတစ်စင်းဘေးတွင် ရပ်လိုက်သည်။ ကယ်လီနှင့် ဒိန်း ကားပေါ်မှ ဆင်းသည်။ ဟောင်းဝပ်မစ်လာ စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



'လာရတာ အဆင်ပြေပါတယ်နော်'

'ဟုတ်ကဲ့' ဒိန်းက ပြောသည်။ 'အဆင်ပြေအောင် စီစဉ်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ်'

'ဝမ်းသာပါတယ်' သူ ပြုံးသည်။ 'အားလုံး အဆင်ပြေသွားမယ်လို့ မျှော်လင့်ပါတယ်'

'လူဝစ်ရေနီးကို ကျေးဇူးတင်ရမှာပဲ၊ သူ့ကို ပြော…'

'သူ မနေ့ညက ဆုံးသွားပြီ'

မိန်းမသားနှစ်ယောက် ကြက်သီးထသွားသည်။ အတန်ကြာတော့မှ ကယ်လီ စကားပြောနိုင်သည်။

'စိတ်မကောင်းလိုက်တာ'

'ဘယ်လိုဖြစ်တာလဲ' ဒိန်းက မေးလိုက်သည်။

'နှလုံး ရပ်သွားတယ်ထင်တယ်' ဟောင်းဝပ်မစ်လာ ဂျက်လေယာဉ်ကို ကြည့်လိုက်သည်။ 'အဆင်သင့်ဖြစ်ပြီ၊ ခင်ဗျားတို့အတွက် တံခါးပေါက်နားမှာ နေရာယူထားတယ်'

'ကျေးဇူးတင်ပါတယ်'

ကယ်လီနှင့်ဒိန်း လေယာဉ်လှေကားပေါ်တက်သည်။ ဟောင်းဝပ်မစ်လာက ရပ်ကြည့်နေသည်။ လေယာဉ်ဘီး စတင်လှိမ့်သည်။

ကယ်လီက ဒိန်းဘက်လှည့်ပြီး ပြုံးသည်။ 'ကျွန်မတို့ အလုပ်ဖြစ်ပြီ၊ ဉာဏ်ကြီးရှင်တွေထက် ဉာဏ်ရည်သာသွားပြီ၊ ဒါနဲ့ ဆီနေတာ ဗန်လူဗင်နဲ့ စကားပြောပြီးရင် ဘာလုပ်မလဲ'

'အဲဒါကို ကျွန်မ မစဉ်းစားသေးဘူး' ဒိန်းက ပြောသည်။ 'ရှင်က ပါရီ ပြန်မှာလား'

'အခြေအနေအရပဲ၊ ရှင်က နယူးယောက်မှာပဲ နေခဲ့မှာလား'

'ဟုတ်တယ်'

'ဒါဆို ကျွန်မလည်း နယူးယောက်မှာ ခဏနေလိုက်ဦးမယ်'

'ပြီးတော့ ကျွန်မတို့ အတူတူ ပါရီကို သွားကြတာပေါ့'

တစ်ယောက်ကိုတစ်ယောက် ပြုံးကြည့်ပြီး ထိုင်နေကြသည်။

'သူတို့ စပြီးလုပ်ခဲ့တဲ့အလုပ်ကို ကျွန်မတို့က အပြီးသတ်လုပ်တော့မယ်ဆိုတာ ရစ်ချတ်နဲ့ မတ်တို့ သိရင် သိပ်ပြီး ဂုဏ်ယူမှာပဲ'

'ရှင်က ကြိုသိနေတယ်ပေါ့'

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ဒိန်းက ပြတင်းပေါက်ဘက်လှည့်ပြီး ကောင်းကင်ကို ကြည့်လိုက်သည်။

'ကျေးဇူးတင်ပါတယ်… ရစ်ချတ်'

ကယ်လီက ဒိန်းကို ကြည့်ရင်း ခေါင်းကို ဖြည်းဖြည်းခါယမ်းလိုက်သည်။ ပါးစပ်ကတော့ ဘာမှ မပြော။

○

နောက်သုံးနာရီခွဲအကြာတွင် လာပ္ပါဒီးယားလေယာဉ်ကွင်း၌ လေယာဉ်ဆိုက်သည်။ ဒိန်းနှင့် ကယ်လီတို့ ပထမဦးဆုံး ဆင်းကြသည်။ ဆီနေတာဗန်လူဗင်၏စကားကို ဒိန်း သတိရမိသည်။ *'ရှင်တို့ လေယာဉ်ကွင်းရောက်ရင် မီးခိုးရောင်လင်ကွန်းတောင်းကား စောင့်နေတာတွေ့ရလိမ့်မယ်'*

လေယာဉ်ကွင်းအဝင်ဝတွင် ကားရပ်ထားသည်။ ကားနားတွင် ရုံးဝတ်စုံဝတ်ထားသော အသက်ကြီးကြီး ဂျပန်လူမျိုးတစ်ယောက် ရပ်နေသည်။

သူ ကယ်လီနှင့် ဒိန်းတို့ဆီသို့ လျှောက်လာသည်။

'မစ္စက်စတီဗင်နဲ့ မစ္စက်ဟားရစ်… ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ်ရှင်'

'ကျွန်တော် ကူနီယိုပါ' သူ ကားတံခါးဖွင့်ပေးသည်။ ကယ်လီနှင့်ဒိန်း ကားထဲဝင်ထိုင်ကြသည်။ ခဏကြာတော့ သူတို့ကားသည် ဆောက်သန်ပတန်သို့ ဦးတည်မောင်းနှင်လာခဲ့သည်။

'နှစ်နာရီလောက် မောင်းရမယ်' ကူနီယိုက ပြောသည်။ 'ရှုခင်းတွေက သိပ်ပြီးလှပါတယ်'

အမျိုးသမီးတွေကလည်း ရှုခင်းကြည့်ပြီး ကြည်နူးနေကြသည်။ တစ်ချိန်တည်းတွင် ဆီနေတာဗန်လူဗင်နှင့် ပြောရမည့်စကားကို အပူတပြင်း စဉ်းစားနေကြသည်။

'ကျွန်မတို့ သိတာတွေကို ပြောပြရင် ဆီနေတာအတွက် အန္တရာယ်ရှိနိုင်တယ်လို့ ရှင်ထင်သလား' ကယ်လီက ဒိန်းကို မေးလိုက်သည်။

'သူ့မှာ အကာအကွယ်ရှိမှာ သေချာပါတယ်၊ ဒီကိစ္စ ဘယ်လိုကိုင်တွယ်ရမယ်ဆိုတာ သူသိမှာပါ'

'ကျွန်မလည်း အဲဒီလိုပဲ ထင်တယ်'

○

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



နှစ်နာရီခန့်အကြာတွင် လင်ကွန်းတောင်းကားသည် ထုံးကျောက်ဖြင့်ဆောက်လုပ်ထားသည့် ၁၈-ရာစုစတိုင်လ် စံအိမ်ကြီးဆီသို့ ရောက်လာသည်။ စံအိမ်ကြီးကို ကျောက်ပြားမိုးထားပြီး မီးခိုးခေါင်းတိုင်က သွယ်သွယ်မြင့်မြင့်ကြီး။ သပ်ရပ်လှပသော ခြံဝင်းကျယ်ကြီးထဲတွင် သီးခြားအစေခံအိမ်တစ်ဆောင်နှင့် ကားဂိုဒေါင်တို့ကိုလည်း မြင်ရသည်။

အိမ်ရှေ့တံခါးဝတွင် ကားရပ်တော့ ကူနီယိုက ပြောသည်။

'လိုရမယ်ရ ကျွန်တော် စောင့်နေမယ်'

'ကျေးဇူးပါပဲ'

အမျိုးသားအိမ်စေက တံခါးလာဖွင့်သည်။ 'မင်္ဂလာမနက်ခင်းပါ၊ ဝင်ပါခင်ဗျား၊ ဆီနေတာ စောင့်နေပါတယ်'

အမျိုးသမီးနှစ်ယောက် ဝင်လာကြသည်။ အဝင်ခန်းမကြီးမှာ ရှေးဟောင်းလက်ရာ ပရိဘောဂ အမျိုးမျိုးဖြင့် ခမ်းနားလှပသည်။

'ဒီကိုကြွပါခင်ဗျား' အမျိုးသားအိမ်စေက ပြောသည်။ ကယ်လီနှင့်ဒိုန်းတို့ သူ့နောက်မှ လိုက်လာကြသည်။ ဧည့်ခန်းမသို့ ရောက်လာကြသည်။

ဆီနေတာဗန်လူဗင် အဆင်သင့်စောင့်နေသည်။ သူသည် အပြာနုရောင်ဝတ်စုံနှင့် ဘလောက်စ်ကို ဝတ်ထားသည်။ ဆံပင်ကို ဖြန့်ချထားသည်။ သူက ဒိုန်းထင်တာထက် ပိုပြီး မိန်းမဆန်နေသည်။

'ကျွန်မ ပေါ်လင်းဗန်လူဗင်ပါ'

'ကျွန်မက ဒိုန်းစတီဗင်ပါ'

'ကျွန်မက ကယ်လီဟားရစ်ပါ'

'နှစ်ယောက်စလုံးကို တွေ့ရတာ ဝမ်းသာပါတယ်၊ အချိန်တော်တော်ကြာခဲ့တာပဲနော်'

ကယ်လီ ကြောင်တက်တက်ဖြင့် 'စိတ်မကောင်းပါဘူး'

'သူပြောတာက မင်းတို့ သိပ်ပြီး ကံကောင်းခဲ့တယ်တဲ့' သူတို့နောက်ဘက်မှ ပေါ်ထွက်လာသည့် တန်နာကင်စလေ၏ အသံဖြစ်သည်။ 'ဒါပေမဲ့ ဒီအချိန်ကစပြီး မင်းတို့ ကံကုန်သွားပြီ'

ဒိုန်းနှင့်ကယ်လီတို့ မျက်ကလူးဆန်ပျာ လှည့်ကြည့်လိုက်ကြသည်။ တန်နာကင်စလေနှင့် ဖလင့်တို့ အခန်းထဲဝင်လာ ကြသည်။

'ကဲ… ဖလင့်' တန်နာ ပြောလိုက်သည်။

ဖလင့် ပစ္စတိုသေနတ်ကို မြှောက်ကိုင်လိုက်သည်။ ဘာစကားမှ မပြောဘဲနှင့်သူက မိန်းမသားနှစ်ယောက်ကို

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



သေနတ်နှင့် ချိန်လိုက်သည်။ ထို့နောက် နှစ်ချက်ဆင့်၍ ပစ်ထည့်လိုက်သည်။ ကယ်လီနှင့်ဒိန်းတို့ နောက်သို့လန်ကာ ကြမ်းပြင်ပေါ်လဲကျသွားသည်။ သည်မြင်ကွင်းကို ပေါလင်းဗန်လူဗင်နှင့် တန်နာကင်စလေတို့က သွေးအေးအေးဖြင့် ကြည့်နေကြသည်။

တန်နာသည် ဆီနေတာဗန်လူဗင်ဆီသို့ လျှောက်လာပြီး သိုင်းဖက်သည်။

"နိဂုံးချုပ်သွားပါပြီ… ထိပ်ထား"

■

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၂

'ဒီအလောင်းတွေကို ဘယ်လိုလုပ်ရမှာလဲ' ဖလင့်က မေးလိုက်သည်။

တန်နာက မဆုတ်မဆိုင်း အဖြေပေးလိုက်သည်။

'ခြေချင်းဝတ်မှာ အလေးဆွဲ၊ အမြင့်ပေနှစ်ရာလောက်အထိ မောင်းတက်သွား ပြီးတော့ အတ္တလန္တိတ်သမုဒ္ဒရာထဲ ပစ်ချလိုက်'

'ပြဿနာမရှိပါဘူး'

ဖလင့် ပြန်ထွက်သွားသည်။

တန်နာက ဗန်လူဗင်ဘက်လှည့်ကာ 'အဆုံးသတ်သွားပြီ… ထိပ်ထား၊ တို့ လုပ်စရာရှိတာ ဆက်လုပ်နိုင်ပြီ'

ဗန်လူဗင် တန်နာ့ဆီ ကပ်လာပြီး အနမ်းဖြင့် ဂုဏ်ပြုလိုက်သည်။

'ကျွန်မ ရှင့်ကို အောက်မေ့နေတာကြာပြီ… မောင်ရယ်'

'ကိုယ်လည်း မင်းလိုပါပဲကွယ်'

'ကျွန်မတို့ တစ်လမှတစ်ခါသာ တွေ့ရတာ မဝဘူးမောင်ရယ်'

တန်နာက ဗန်လူဗင်အား တင်းတင်းဖက်ထားရင်း

'အခုအချိန်ကစပြီး တို့နှစ်ယောက် တစ်သားတည်းဖြစ်သွားပြီ။ မင်းရဲ့ ကွယ် လွန်သွားတဲ့ ချစ်လင်ကြီးကို ဂုဏ်တင်တဲ့အနေနဲ့ သုံးလေးလစောင့်ပြီးတော့ တို့နှစ် ယောက် လက်ထပ်ကြမယ်'

ဗန်လူဗင်ကပြုံးလျက်…

'တစ်လပဲလုပ်ပါ မောင်ရယ်'

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



'သိပ်ကောင်းတာပေါ့'

'ဒါနဲ့ ကျွန်မ မနေ့ကပဲ အထက်လွှတ်တော်က နုတ်ထွက်လိုက်ပြီ၊ ကျွန်မ ခင်ပွန်းဆုံးတဲ့အတွက် ကျွန်မ ခံစားရတဲ့သောကကို သူတို့ ကောင်းကောင်း သဘောပေါက်ကြပါတယ်'

'သိပ်ကောင်းတယ်၊ တို့နှစ်ယောက် လွတ်လွတ်လပ်လပ် တွဲလို့ရပြီ၊ မင်းကို အရင်က မပြဖူးသေးတဲ့ ဘောဇဉ်ဆိုင်က တစ်စုံတစ်ခုကို အခုပြမယ်'

o

တန်နာနှင့်ပေါလင်းတို့ အုတ်တိုက်နီအဆောက်အအုံကြီးသို့ ရောက်လာကြသည်။ တန်နာ သံမဏိတံခါးသို့ လျှောက်လာသည်။ တံခါးအလယ်တွင် လျှို့ဝှက်နေရာတစ်ခု ရှိသည်။ တန်နာ့လက်တွင် ဂရိစစ်သည်တော် ရုပ်ကြွမျက်နှာပါသည့် ကျောက်မာလက်စွပ် ဝတ်ထားသည်။

သူ ထိုလက်စွပ်ဖြင့် လျှို့ဝှက်နေရာကို ဖိနှိပ်လိုက်တော့ တံခါးပွင့်သွားသည်။ အခန်းက အကျယ်ကြီး။ ကြီးကြီးမားမား ကွန်ပျူတာတွေနှင့် ရုပ်မြင်သံကြားစက်တွေ ပြည့်နှက်နေ၏။ ခပ်လှမ်းလှမ်းနံရံတွင် ဂျင်နရေတာများနှင့် အီလက်ထရောနစ် စက်ကိရိယာတွေကို အလယ်ဗဟိုတွင် စတုဂံထိန်းချုပ် ခလုတ်ခုံနှင့် ဆက်သွယ်ထားသည်။

'ထိပ်ထား…' တန်နာ ပြောသည်။ ' ''ပရိုင်မာ'' နဲ့ မိတ်ဆက်ပေးမယ်၊ ဒီနေရာဟာ ''*ဂရောင်းဇီးရိုး''ပဲ၊ အခု ထိပ်ထားနဲ့ ကိုယ်တို့မှာရှိနေတဲ့ ပစ္စည်းတစ်ခုဟာ လူ့ဘဝကို ထာဝရပြောင်းလဲနိုင်တယ်၊ ဒီအခန်းဟာ ကမ္ဘာပေါ်က ဘယ်နေရာမှာမဆို မိုးလေဝသကို ထိန်းချုပ်နိုင်တဲ့ ဂြိုဟ်တုစနစ်ရဲ့ ဗဟိုချက်ချာပဲ၊ ကိုယ်တို့က မုန်တိုင်းကို ဖန်တီးလို့ရတယ်၊ မိုးမရွာအောင်ဖန်တီးပြီး ဒုဗ္ဘိက္ခန္တရကပ်ဆိုက်အောင် လုပ်လို့ရတယ်၊ ကမ္ဘာပေါ်က လေယာဉ်ကွင်းတိုင်းကို မြူနှင်းပိတ်ဖုံးသွားအောင် လုပ်လို့ရတယ်၊ ကမ္ဘာ့စီးပွားရေးလုပ်ငန်း ယန္တရားကြီး ရပ်တန့်သွားအောင် ဟာရီကိန်းမုန်တိုင်းနဲ့ ဆိုင်ကလုန်းမုန်တိုင်းတွေကို ဖန်တီးလို့ရတယ်' သူပြုံးလိုက်သည်။ 'ဒါဟာ ကိုယ်တို့ရဲ့ တန်ခိုးစွမ်းအား တချို့ကို ထိပ်ထားသိအောင် ရှင်းပြတာဖြစ်တယ်၊ မိုးလေဝသထိန်းချုပ်ရေး စမ်းသပ်မှုကို နိုင်ငံတော်တော်များများ လုပ်နေကြတယ်၊ ဒါပေမဲ့ ဘယ်သူမှ မအောင်မြင်သေးဘူး'

---

* *Ground Zero* (ဗုံးပေါက်ကွဲမည့်နေရာ)

www.burmeseclassic.com

www.burmeseclassic.com



တန်နှာ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ ရောမရုပ်သံဖန်သားပြင်ကြီး လင်းလာသည်။ 'ခု မြင်ရမယ့်ဟာက စစ်တပ်က သိပ်ပြီးလိုချင်နေတဲ့ တိုးတက်တီထွင်မှုတစ်ခုပဲ' ပေါ်လင်းဘက်သို့လှည့်ပြီး ပြုံးသည်။ ' ''ပရိုင်မာ'' စီမံကိန်း ပြီးပြည့်စုံတဲ့အထိ မအောင်မြင်နိုင်အောင် ဟန့်တားနေတဲ့ တစ်ခုတည်းသောအရာက ''*ဖန်လုံအိမ် အကျိုးသက်ရောက်မှု'' ပဲ'၊ သူ အသက်ရှူထုတ်လိုက်ပြီး 'ဒီစီမံကိန်းကို ဘယ်သူ ဖန်တီးတာလဲ သိလား၊ အစ်ကို အန်ဒရူးပဲ၊ သူက တကယ့်တော်တဲ့ပါရမီရှင် သိပ္ပံပညာရှင်ကြီး'

ပေါ်လင်းက စက်ကိရိယာ အထုအထည်ကြီးကို တအံ့တသြကြည့်နေသည်။

'ဒီပစ္စည်းက မိုးလေဝသကို ထိန်းချုပ်နိုင်တယ်ဆိုတာကို ကျွန်မတော့ ဘယ်လိုမှ သဘောမပေါက်ဘူး'

'ဟုတ်ပြီ၊ ထိပ်ထား သဘောပေါက်အောင် လွယ်လွယ်ပြောရရင် ပူနွေးတဲ့လေထုက အေးတဲ့လေထုကို ဖုံးလွှမ်းသွားတဲ့သဘောပဲ၊ လေထုထဲမှာ အစိုဓာတ်ရေငွေ့ရှိနေရင်···'

'အမယ်လေး··· တော်၊ ကျွန်မကို အထက်စီးလေသံကြီးနဲ့ မပြောစမ်းပါနဲ့'

'တောင်းပန်ပါတယ်၊ ဒါပေမဲ့ အကျယ်ရှင်းပြရင် ပိုပြီးရှုပ်သွားလိမ့်မယ်'

'ပြောသာပြောစမ်းပါ၊ ကျွန်မ နားထောင်နေပါတယ်'

'နည်းနည်းတော့ ပညာရပ်ဆန်တယ်၊ သည်းခံပြီးသာ နားထောင်ပါ၊ နာနိုတက္ကနိုလိုဂျီနည်းပညာနဲ့ အန်ဒရူး တီထွင်ထားတဲ့ မိုက္ကရိုဝေ့ လေဆာရောင်ခြည်ကို မြေကမ္ဘာရဲ့လေထုထဲကို ပစ်သွင်းလိုက်တဲ့အခါ အလွှတ်ဖွဲ့စည်းလာတဲ့ အောက်ဆီဂျင်ဟာ ဟိုက်ဒရိုဂျင်နဲ့သွားပြီး တွဲမိတယ်၊ ဒီနည်းနဲ့ အိုဇုန်းဓာတ်ငွေ့နဲ့ ရေကို ထုတ်လုပ်တယ်၊ လေထုထဲက အလွှတ်အောက်ဆီဂျင်ဟာ အတွဲဖြစ်လို့ 'အိုတူး' ($O_2$) လို့ခေါ်တယ်၊ အာကာသက လေဆာရောင်ခြည်ကို လေထုထဲ ပစ်သွင်းလိုက်တဲ့အခါ အိုဇုန်းလွှာထဲမှာ အောက်ဆီဂျင်ဟာ ဟိုက်ဒရိုဂျင်အက်တမ်နှစ်ခုနဲ့ သွားပြီးတွဲတယ်၊ အဲဒါကို 'အိုသရီး'နဲ့ 'ရေ-အိပ်ချ်တူးအို' ($O_3$, and water- $H_2O$) လို့ ခေါ်တယ်'

'ကျွန်မတော့ အခုထိ နားမလည်သေးဘူး'

'မိုးလေဝသကို ရေက တွန်းအားပေးတယ်၊ အန်ဒရူးက အကြီးစားစမ်းသပ်မှုတွေ လုပ်တယ်၊ အဲဒီလို စမ်းသပ်ရင်း ဘေးထွက်အကျိုးဆက်အဖြစ် လေတွေကို ရွေ့လျားစေတဲ့ ရေတွေအများကြီး ဖန်တီးမိတယ်၊ လေဆာရောင်ခြည် ပိုများလာ လေ လေကပိုများလာလေပဲ၊ ရေနဲ့လေကိုနိုင်ရင် မိုးလေဝသအားလုံးကို နိုင်တာပဲ'

---

**Greehouse Effect (ပတ်ဝန်းကျင် ညစ်ညမ်းမှုကြောင့် မြေကမ္ဘာပတ်ပတ်လည်ရှိ လေထု တဖြည်းဖြည်း နွေးလာခြင်း*

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



တန်နာ ခဏ စဉ်းစားပြီးနောက် 'တိုကျိုမှာ အကိုရအီဆိုနဲ့ နောက်တော့ ဖူးရစ်မှာ မက်ဒလိန်းစမစ်တို့ကို တွေ့တဲ့အချိန်မှာ စီမံကိန်းက အောင်မြင်ခါနီး ဖြစ်နေပြီ၊ ကိုယ်က သူတို့ကို ကေအိုင်ဂျီမှာ လာလုပ်ဖို့ခေါ်တယ်၊ သူတို့က ငြင်းပယ်တယ်၊ ဒီစီမံကိန်းကို ကိုယ်နဲ့အတူ လုပ်နေတဲ့ ထိပ်တန်း မိုးလေဝသသိပ္ပံပညာရှင် လေးယောက်ရှိတယ်ဆိုတာ ထိပ်ထားကို ကိုယ်ပြောဖူးပါတယ်'

'ဟုတ်ပါတယ်'

'သူတို့လည်း တော်ကြတာပဲ၊ ဘာလင်မှာ ဖရောဗားဘရပ်၊ ပါရီမှာ မတ်ဟားရစ်၊ ဗန်ကူးဗားမှာ ဂယ်ရီရေနိုး၊ နယူးယောက်မှာ ရစ်ချတ်စတီဗင်။ သူတို့က မိုးလေဝသထိန်းချုပ်ရေးကို မတူညီတဲ့ ရှုထောင့်အသီးသီးက လုပ်ကိုင်နေကြတယ်၊ သူတို့ဟာ ကွဲပြားတဲ့ တစ်နိုင်ငံစီမှာ လုပ်နေကြတဲ့အတွက် အတူတူလည်း မဆုံမိကြဘူး၊ ဒီစီမံကိန်းရဲ့ ရည်ရွယ်ချက်ကိုလည်း မသိကြဘူး၊ ဒါပေမဲ့ နောက်ဆုံးတော့ ကိုယ့်ဆီ သူတို့ရောက်လာပြီး ဒီစီမံကိန်းအတွက် ဘာအစီအစဉ်ရှိသလဲလို့ မေးကြတယ်၊ အစိုးရကိုပေးဖို့ မရည်ရွယ်ဘူးလို့ ကိုယ်ကပြောတော့ သူတို့က ကန့်ကွက်ကြတယ်၊ ပြီးတော့ ဝါရှင်တန်သွားပြီး တစ်ယောက်ယောက်ကို "ပရိုင်မာ" အကြောင်းပြောပြဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ သူတို့ ဘယ်သူ့ကို သွားပြောပြော အရေးမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က သူတို့ခြေလှမ်း ကြိုမြင်ထားပြီးပြီလေ၊ ဒါပေမဲ့ ဖြစ်ချင်တော့ သူတို့ သွားပြောမယ့် လူက ထိပ်ထားဖြစ်နေတယ်၊ ထိပ်ထားက အထက်လွှတ်တော် ပတ်ဝန်းကျင်သန့်ရှင်းရေး ကော်မတီဥက္ကဋ္ဌဖြစ်နေတာကိုး၊ ကဲ… ဒါကို ကြည့်စမ်းပါ'

ကွန်ပျူတာဖန်သားပြင်တွင် ကမ္ဘာ့မြေပုံပေါ်လာသည်။ မြေပုံပေါ်တွင် မျဉ်းကြောင်းတွေ၊ သင်္ကေတတွေ ဆွဲထားသည်။ တန်နာက စကားပြောရင်း ခလုတ်တစ်ခုကို ရွှေ့လိုက်သည်။

ပေါ်တူဂီနိုင်ငံကို မီးမောင်းထိုးပြသည်။

'စပိန်နိုင်ငံက အတ္တလန္တိတ်သမုဒ္ဒရာကို စီးဆင်းလာတဲ့ မြစ်တွေက ပေါ်တူဂီနိုင်ငံက စိုက်ပျိုးရေးမြစ်ဝှမ်းဒေသတွေကို ရေသွယ်ပေးတယ်၊ မြစ်ဝှမ်းဒေသတစ်ခုလုံး ရေမြုပ်သွားအောင် မိုးတွေဆက်တိုက်ရွာရင် ပေါ်တူဂီနိုင်ငံ ဘာဖြစ်သွားမလဲ၊ စဉ်းစားကြည့်ပါ'

နောက်ထပ်ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။ အစောင့်တွေချထားသော ဇရာမပန်းရောင် နန်းတော် အဆောက်အအုံကြီး ပေါ်လာသည်။ စိမ်းစိုလှပသော ပန်းဥယျာဉ်တွေက နေရောင်အောက်တွင် ကြည်နူးစရာ သာယာလှသည်။

'အဲဒါ သမ္မတနန်းတော်ပေါ့'

ဖန်သားပြင်ပေါ်မှပုံက ထမင်းစားခန်းအတွင်း မိသားစု နံနက်စာစားနေသည့်ပုံသို့ ပြောင်းသွားသည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ဒါက ပေါ်တူဂီသမ္မတ ဇနီးမောင်နှံနဲ့ သားသမီးနှစ်ယောက်၊ သူတို့ ပေါ်တူဂီစကားနဲ့ ပြောနေကြတယ်၊ ဒါပေမဲ့ အင်္ဂလိပ်စကားနဲ့ ကြားရလိမ့်မယ်၊ ကိုယ်က နန်းတော်ထဲမှာ အသေးစားကင်မရာတွေနဲ့ မိုက္ကရိုဖုန်းတွေ ဒါဇင်နဲ့ချီပြီး တပ်ဆင်ထားတယ်၊ သမ္မတကြီး လုံးဝ မသိဘူး၊ ဒါပေမဲ့ သူ့ကိုယ်ရံတော်တပ်ဖွဲ့က ကိုယ့်အတွက်လုပ်ပေးတာ'

လက်ထောက်တစ်ယောက်က သမ္မတကို စကားပြောနေသည်။ 'ဒီနေ့မနက် ၁၁နာရီ သံရုံးအစည်းအဝေးမှာ အလုပ်သမား သမဂ္ဂမိန့်ခွန်းပြောရမယ်၊ မွန်းလွဲတစ်နာရီ ပြတိုက်မှာ နေ့လယ်စာစားပွဲရှိတယ်၊ ညနေကျတော့ နိုင်ငံတော် ညစာစားပွဲ တက်ရမယ်'

နံနက်စာစားပွဲပေါ်မှ တယ်လီဖုန်း အသံမြည်လာသည်။ သမ္မတက ဖုန်းကို ကောက်ကိုင်သည်။

'ဟဲလို'

တန်နှာ စကားပြောတော့ အင်္ဂလိပ်စကားသံကနေပြီး ပေါ်တူဂီစကားသံသို့ ချက်ချင်း ပြောင်းသွားသည်။

'သမ္မတကြီးပါလားခင်ဗျာ'

'ဘယ်သူပါလိမ့်'

ပေါ်တူဂီစကားသံကနေပြီး အင်္ဂလိပ်စကားသံကို ချက်ချင်းပြောင်းသွားသည်။

'မိတ်ဆွေတစ်ယောက်ပါ'

'ဘယ်သူ၊ ခင်ဗျားက ကျုပ်ရဲ့ ကိုယ်ပိုင်ဖုန်းနံပါတ် ဘယ်လိုရတာလဲ'

'အဲဒါ အရေးမဟုတ်ပါဘူး၊ သေသေချာချာ နားထောင်စေချင်တယ်၊ သမ္မတကြီးရဲ့ နိုင်ငံကို ကျွန်တော်ချစ်ပါတယ်၊ ပျက်စီးသွားတာကို မမြင်ချင်ပါဘူး၊ ကြောက်စရာ မုန်တိုင်းကြီးတွေကြောင့် ပေါ်တူဂီနိုင်ငံ ကမ္ဘာ့မြေပုံပေါ်က ပျောက်ကွယ်သွားတာကို မမြင်ချင်ရင် ရွှေသားချည်းသက်သက် ဒေါ်လာနှစ်ဘီလျံဖိုး ပို့ပေးရမယ်၊ နောက်သုံးရက်အကြာမှာ ကျွန်တော် ပြန်ဆက်ပါဦးမယ်'

မှန်သားပြင်ပေါ်တွင် သမ္မတကြီးက ဖုန်းပြန်ချလိုက်သည်ကို မြင်ကြရသည်။ သူက ဇနီးသည်ကို ပြောသည်။ 'အရူးတစ်ယောက် ငါ့နံပါတ်ရသွားတယ်၊ ဒီကောင် စိတ်ရောဂါကုဆေးရုံက ထွက်ပြေးလာဟန်တူတယ်'

တန်နာက ပေါလင်းဘက်သို့ လှည့်၍ 'ဒါ သုံးရက်လောက်က သွင်းထားတာ၊ မနေ့က ကိုယ်တို့စကားပြောကြတာကို ပြဦးမယ်'

နန်းတော်ကြီးနှင့် ပန်းဥယျာဉ်တွေ ပေါ်လာပြန်သည်။ သို့သော်လည်း သည်အကြိမ်မှာတော့ မိုးကြီးသည်းနှင့်ရွာသွန်းနေသည်။ ကောင်းကင်တစ်ပြင်လုံး လျှပ်စီးတွေလက်ပြီး မိုးခြိမ်းသံတွေကလည်း ကျွတ်ကျွတ်ညံနေသည်။

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



တန်နှာက ခလုတ်ကို နှိပ်သည်။ သမ္မတကြီး၏ ရုံးခန်းပေါ်လာသည်။ သမ္မတကြီးသည် လက်ထောက်ဒါဇင်ဝက်ခန့်နှင့် အစည်းအဝေးလုပ်နေသည်။ သူ့မျက်နှာ တင်းမာနေသည်။

သူ့စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာသည်။

'ကဲ… ဒီကို ကြည့်ပါဦး' တန်နှာက ပြုံးပြီး ပြောသည်။

သမ္မတကြီးက တယ်လီဖုန်းကို ရင်တထိတ်ထိတ်ဖြင့် ကိုင်လိုက်သည်။

'ဟဲလို'

'မင်္ဂလာနံနက်ခင်းပါ သမ္မတကြီးခင်ဗျား၊ ဒါနဲ့… ဟိုကိစ္စ ဘယ်လို…'

'ခင်ဗျားက ကျုပ်နိုင်ငံကို ဖျက်ဆီးဖို့ ကြံနေတာပဲ၊ ကောက်ပဲသီးနှံတွေ ပျက်စီးကုန်ပြီ၊ စိုက်ခင်းတွေလည်း ရေလွှံနေပြီ၊ ကျေးရွာတွေလည်း…' သူ အသက်ရှူထုတ်လိုက်သည်။ 'ဒါ ဘယ်လောက်အထိ ကြာနေမှာလဲ' သူ့အသံ တုန်နေသည်။

'ဒေါ်လာ နှစ်ဘီလျံရတဲ့အထိ'

သမ္မတကြီးက အံကြိတ်ပြီး မျက်စေ့မှိတ်လိုက်သည်။ 'အဲဒါဆိုရင် မုန်တိုင်းတွေ ရပ်သွားမှာလား'

'ဟုတ်ပါတယ်'

'ပိုက်ဆံကို ဘယ်လို ပို့ပေးရမှာလဲ'

တန်နှာ ရုပ်မြင်သံကြားစက်ကို ပြန်ပိတ်လိုက်သည်။ 'မြင်တယ်မဟုတ်လား၊ ဘယ်လောက် လွယ်လိုက်သလဲ၊ ကိုယ်တို့မှာ ပိုက်ဆံရှိပြီးသား၊ "ပရိုင်မာ" ဘာလုပ်နိုင်တယ်ဆိုတာ ပြဦးမယ်၊ ဒါတွေက စောစောပိုင်း စမ်းသပ်မှုတွေ'

နောက်ခလုတ်တစ်ခု နှိပ်သည်။ ဖန်သားပြင်ပေါ်တွင် ဟာရီကိန်းမုန်တိုင်းကြီး တိုက်ခတ်နေသည်။

'ဒါက ဂျပန်မှာဖြစ်နေတာ' တန်နှာ ပြောသည်။ 'ဒီရာသီမှာ သူတို့နိုင်ငံ မိုးလေဝသ အမြဲငြိမ်သက်တယ်'

အခြားခလုတ်တစ်ခုကို နှိပ်လိုက်ပြန်သည်။ မိုးသီးမုန်တိုင်းကြောင့် သီးစားပင်တွေ ဖွတ်ဖွတ်ကြေကုန်သည့် မြင်ကွင်းပေါ်လာသည်။ 'ဒါက ဖလော်ရီဒါပြည်နယ်မှာ ဖြစ်တာ၊ အပူချိန်က ဒီဂရီက သုညနားရောက်နေပြီ၊ ဒါ ရွှန်လထဲမှာ၊ သီးနှံတွေအားလုံး ပြောင်သလင်းခါသွားမယ်'

နောက်ထပ် ခလုတ်တစ်ခုကို နှိပ်လိုက်သည်။ လေဆင်နှာမောင်း ဝင်မွှေလို့ အဆောက်အအုံတွေ ဖွာလန်ကြဲပြီးပျက်လွင့်စင်သွားသည့် မြင်ကွင်းပေါ်လာသည်။ 'ဒါက ဘရာဇီးမှာ ဖြစ်တာ၊ မြင်တဲ့အတိုင်းပဲ၊ "ပရိုင်မာ" က ဘာမဆို လုပ်နိုင်တယ်' သူက ဂုဏ်ယူသံဖြင့် ပြောသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ပေါ်လင်းက အနားကပ်လာပြီး တိုးတိုးကလေး ‘သူ့အဖေလိုပဲပေါ့နော်’

တန်နှာ တီဗွီကို ပြန်ပိတ်လိုက်သည်။ ဒီဗွီဒီသုံးချပ် ကောက်ယူပြီး ပြောသည်။ ‘ဒါတွေက သာလို့ စိတ်ဝင်စားဖို့ ကောင်းသေးတယ်၊ ပီရူး၊ မက်ဆီကို၊ အီတလီနိုင်ငံတွေနဲ့ စကားပြောတာတွေ၊ ဒါနဲ့ ရွှေသားစစ်စစ် ဘယ်လိုပို့လိုက်သလဲ သိလား၊ ကိုယ်တို့က သူတို့ဘဏ်တိုက်ကို ထရပ်ကားတွေ လွှတ်လိုက်တယ်၊ အဲဒါတွေ အပြည့်ထည့်ပေးတယ်၊ သူတို့အနေနဲ့ ရှန်းထွက်မရနိုင်အောင်လုပ်ထားတယ်၊ တကယ်လို့ ဒီရွှေတွေကို ဘယ်ကို သယ်သွားသလဲဆိုတာကို လိုက်စုံစမ်းရင် လေပြင်းမုန်တိုင်း အဆက်မပြတ် တိုက်ခတ်အောင်လုပ်မယ်လို့ ကိုယ်ခြိမ်းခြောက်ထားတယ်’

ပေါ်လင်း တန်နှာ့ကိုကြည့်ပြီး စိုးရိမ်မျက်နှာဖြင့် ‘ဒါဆို ဒါလင် ဖုန်းခေါ်တာကို သူတို့သိနိုင်တဲ့ နည်းလမ်း မရှိဘူးလား’

တန်နှာ ရယ်လိုက်ပြီး ‘ရှိနိုင်တယ်၊ တစ်ယောက်ယောက်က ခြေရာခံဖို့ ကြိုးစားရင် သူတို့ ဖုန်းခေါ်တာက ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို ရောက်သွားမယ်၊ ဒုတိယအဆင့်က စာသင်ကျောင်းတစ်ကျောင်း ရောက်သွားမယ်၊ တတိယအဆင့် သူတို့ဘယ်တော့မှ မမြင်ဖူးတဲ့ မုန်တိုင်းတွေနဲ့ ကြုံရမယ်၊ စတုတ္ထအဆင့်ကျတော့ အိမ်ဖြူတော်က “ဘဲဥပုံ ရုံးခန်း”မှာ အဆုံးသတ်သွားမယ်’

ပေါ်လင်း ရယ်လိုက်သည်။ အခန်းတံခါး ပွင့်လာပြီး အန်ဒရူး ဝင်လာသည်။

‘ဒါ ကိုယ့်အစ်ကိုလေ’

အန်ဒရူးက ပေါ်လင်းကိုကြည့်ပြီး ကြောင်တောင်တောင် ဖြစ်နေသည်။ ‘မင်းကို ငါ မသိပါဘူး’ သူ ပေါ်လင်းကို စေ့စေ့စပ်စပ် စိုက်ကြည့်နေပြန်သည်။ သူ့မျက်နှာ ကြည်လင်သွားပြီး ‘အို… ဟုတ်ပြီ၊ မင်း… မင်းနဲ့ တန်နှာနဲ့ လက်ထပ်တော့မယ်၊ ငါက လူပျိုရံလုပ်မယ်၊ မင်း… မင်း… ထိပ်ထား’

ပေါ်လင်းက

‘ဟုတ်ပါတယ် အစ်ကိုကြီး’

‘ဒါပေမဲ့… မင်း… မင်း ထွက်ပြေးသွားတယ်၊ မင်း တန်နှာကို မချစ်ဘူး’

‘ကျွန်တော် ပြောပြမယ်၊ သူ ထွက်ပြေးသွားတာက ကျွန်တော့်ကို ချစ်လို့ပါ’ သူ ပေါ်လင်းလက်ကို ကိုင်လျက် ‘သူလက်ထပ်ပြီး နောက်တစ်ရက်မှာ ဖုန်းဆက်တယ်၊ သူဟာ သိပ်ပြီးချမ်းသာပြီး သြဇာရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်နဲ့ လက်ထပ်လိုက်တယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ ဒီလောက် မြန်မြန်တိုးတက်လာတာ၊ ကျွန်တော်တို့ လတိုင်း လျှို့ဝှက်တွေ့ဆုံခဲ့ကြတယ်၊ နောက်ပိုင်းမှာ သူ နိုင်ငံရေးလောက ဝင်ရောက်သွားပြီး ဆီနေတာ ဖြစ်လာခဲ့တယ်’

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



အန်ဒရူး မျက်မှောင်ကြုတ်ပြီး 'ဒါပေမဲ့… ဒါပေမဲ့ ဆေဘာက်စတီယာနာ… ဆေဘာက်စတီယာနာ…'

'ဆေဘာက်စတီယာနာကော်တက်' တန်နာရယ်လျက်၊ 'လူတိုင်း လမ်းလွဲရောက်သွားအောင် သူ့ကို တည်ကြက်အဖြစ်အသုံးချတာ၊ အလုပ်မှာ သူ့အကြောင်းကို လူတိုင်းသိအောင် ကျွန်တော်လုပ်ထားတယ်၊ ထိပ်ထားနဲ့ ကျွန်တော်တို့က ဘယ်သူမှ သင်္ကာမကင်း အဖြစ်မခံနိုင်ဘူး'

အန်ဒရူးက ခပ်ဝါးဝါးဖြင့်…

'ဪ… ဟုတ်ပြီ… ဟုတ်ပြီ'

'ကိုကို… ဒီကို လာပါဦး' တန်နာက အန်ဒရူးအား ဗဟိုထိန်းချုပ်ခန်းသို့ ခေါ်လာသည်။

သူတို့ 'ပရိုင်မာ' ရှေ့မှာ ရပ်ကြသည်။

'ဒါကို မှတ်မိလား ကိုကို၊ ကိုကိုပဲ တီထွင်ခဲ့တာလေ၊ အခု ပြီးသွားပြီ'

အန်ဒရူး မျက်လုံးပြူးသွားပြီး

'ဘာ… ''ပရိုင်မာ'' ဟုတ်လား'

တန်နာက ခလုတ်တစ်ခုကို လက်ညှိုးထိုးပြသည်။

'ဟုတ်တယ်၊ မိုလေဝသထိန်းချုပ်ယန္တရား'

အခြားခလုတ်တစ်ခုကို ညွှန်ပြပြန်သည်။

'ဒါက တည်နေရာ' သူ့အစ်ကိုကိုကြည့်ပြီး 'ကျွန်တော်တို့ လုပ်ထားတာ ဘယ်လောက်လွယ်လိုက်သလဲ မြင်တယ်မဟုတ်လား'

အန်ဒရူး အသက်ပြင်းပြင်းရှူရင်း

'ငါ မှတ်မိပါတယ်'

တန်နာ ပေါလင်းဘက်လှည့်ပြီး

'ဒါက အစပဲရှိသေးတာ… ထိပ်ထား'

ပေါလင်းကို ဖက်လျက်

'နိုင်ငံပေါင်း ၃၀ကျော်မှာ ကိုယ်သုတေသန လုပ်နေတယ်၊ ထိပ်ထားလိုချင်တာရပြီ၊ အာဏာနဲ့ အသပြာလေ'

ပေါလင်းမျက်နှာ ထိန်လင်းသွားသည်။

'ဒီကွန်ပျူတာမျိုး တစ်လုံးတန်ဖိုးဟာ…'

www.burmeseclassic.com
the bookhouse

www.burmeseclassic.com



'ဒါမျိုး နှစ်လုံးတောင် ရှိတယ်၊ ထိပ်ထား အံ့ညြသွားလိမ့်မယ်၊ တောင်ပစိဖိတ်သမုဒ္ဒရာထဲက တမိုအာကျွန်းဆိုတာ ကြားဖူးသလား'

'ဟင့်အင်း'

'အဲဒီကျွန်းကို ကိုယ်တို့ ဝယ်လိုက်ပြီးပြီ၊ စတုရန်းမိုင် ၆၀ကျယ်တယ်၊ မယုံနိုင်လောက်အောင် သာယာလှပတယ်၊ ပြင်သစ်ပိုင် ပိုလီနီးရှန်း ကျွန်းစုတွေထဲမှာ ရှိတယ်၊ လေယာဉ်ကွင်းရော၊ သင်္ဘောဆိပ်ပါ ရှိတယ်၊ အားလုံးရှိတယ်'

သူက ဟန်ပါပါ ခဏရပ်ထားပြီးမှ

'... "ပရိုင်မာ-၂" အပါအဝင်ပေါ့'

'ဒါဆို နောက်တစ်ခု...'

တန်နှာ ခေါင်းညိတ်လိုက်ပြီး

'သိပ်မှန်တာပေါ့၊ မြေအောက်ထဲမှာထားတာ၊ ဘယ်သူမှ မတွေ့နိုင်ဘူး၊ အခုဆို ခွေးဝဲစားမနှစ်ကောင်လည်း ဓာတ်သိမ်းသွားပြီ၊ ကမ္ဘာကြီးကို ကိုယ်တို့ ပိုင်ပြီ'

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၃

ပထမဆုံး ကယ်လီ မျက်စေ့ပွင့်လာသည်။ သူ ကွန်ဂရီမြေအောက်ခန်း ကြမ်းပြင်တွင် ကိုယ်လုံးတီး ပက်လက်လဲနေသည်။ ကြမ်းပြင်အပေါ်နားကလေးက နံရံတွင် တပ်ထားသည့် ရှစ်လက်မသံကြိုးဖြင့် သူ့ကို လက်ထိပ်ခတ်ထားသည်။ အခန်းအစွန်တွင် သံတိုင်စိုက်ထားသည့် ပြတင်းပေါက်ကလေးနှင့် ပိတ်ထားသည့် တံခါးကြီးရှိသည်။

ကယ်လီက သူ့ဘေးမှ ဒိန်းကို လှည့်ကြည့်လိုက်သည်။ ဒိန်းလည်း လက်ထိပ်ကြီးနှင့် ကိုယ်လုံးတီး။ သူတို့၏ အဝတ်အစားတွေကို အခန်းထောင့်တွင် စုပုံထားသည်။

'ကျွန်မတို့ ဘယ်ရောက်နေလဲ'

ဒိန်းက အသံယဲ့ယဲ့ဖြင့် မေးသည်။

'ငရဲပြည်ရောက်နေတယ် ရောင်းရင်း'

ကယ်လီ လက်ထိပ်ကို ဆွဲဖြုတ်ကြည့်သည်။ လက်ကောက်ဝတ်တွင် အရမ်းတင်းကျပ်နေသည်။ လက်ကိုမြှောက်ကြည့်တော့ လေးငါးလက်မလောက်သာ မြှောက်လို့ရသည်။

သူ အခန်းတစ်ခုလုံးကို လှည့်ကြည့်လိုက်သည်။

'ကျွန်မတော့ ဘယ်လိုမှ မကြံတတ်တော့ဘူး'

'သူတို့ နိုင်သွားပြီ၊ ကျွန်မတို့ရဲ့ ယောက်ျားတွေကို ဘာကြောင့် သတ်ပစ်ခဲ့တာလဲ ဆိုတာကိုရော၊ ကျွန်မတို့ကို သတ်ဖို့ကြံစည်နေတာကိုရော ကျွန်မ ကောင်းကောင်း သိရပြီ၊ ဒါပေမဲ့ ကျွန်မတို့အနေနဲ့ ဘယ်သူ့ကိုမှ ပြောလို့မရဘူး၊ သူတို့က အားလုံး အဆက်ဖြတ်ထားတာ၊ ကျွန်မတို့ ကံကုန်သွားပြီလို့ ကင်စလေပြောတာ မှန်နေပြီ'

The bookhouse

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး၊ ကံမကုန်သေးပါဘူး' ရုတ်တရက် တံခါးပွင့်သွားပြီး ဟယ်ရီ ဖလင့်ဝင်လာသည်။ သူ ပါးစပ်ပြဲကြီးနှင့် ပြုံးနေသည်။ တံခါးကို သော့ပြန်ခတ်သည်။ သော့ကို အိတ်ထဲထည့်သည်။

'မင်းတို့ကိုငါ *ဇိုင်လိုကိန်းကျည်ဆံနဲ့ပစ်တာ၊ ပထမတော့ အသေပစ်သတ်မလို့ပဲ၊ ဒါပေမဲ့ မင်းတို့နဲ့ နည်းနည်းကလေး ပျော်လိုက်ချင်သေးလို့' သူ အနီးသို့ကပ်လာသည်။

အမျိုးသမီးနှစ်ယောက် ကြောက်အားလန့်အားနှင့် အပြန်အလှန် ကြည့်လိုက်ကြသည်။ ဖလင့်က ပြုံးဖြဲဖြဲဖြင့် အင်္ကျီနှင့် ဘောင်းဘီရှည်ကို ချွတ်သည်။ ပြီးတော့ 'ဒီမှာ မင်းတို့အတွက်' ဟုပြောပြီး အတွင်းခံဘောင်းဘီတိုကို ချွတ်ချလိုက်သည်။ သူ ဒိန်းအနီးသို့ ကပ်လာသည်။ 'မင်းနဲ့ အရင်စမယ်… ကလေးရယ်၊ ပြီးတော့မှ…'

ကယ်လီက ပြောလိုက်သည်။ 'နေပါဦး… ကိုလူချောရယ်၊ ကျွန်မနဲ့ အရင်စပါလားနော်၊ ကျွန်မက အရမ်းသွေးပူနေလို့ပါ'

ဒိန်းက အံ့အားသင့်ကာ 'ဟော့… ကယ်လီ…'

ဖလင့် ကယ်လီဘက် လှည့်လာသည်။ 'အိုကေ… ကလေးမ၊ မင်းက ဒါကြီးကို သဘောကျတာကိုး'

ဖလင့်ထိုင်ချလိုက်ပြီး ကယ်လီ့တစ်ကိုယ်လုံးကို ပွတ်သပ်ကစားသည်။

'အို… အို…' ကယ်လီ ညည်းလိုက်သည်။ 'ကျွန်မ အောက်မေ့နေတာ ကြာပြီ'

ဒိန်း မျက်လုံးတွေ မှိတ်ထားလိုက်သည်။ သူ မကြည့်ရဲ။

ဖလင့် ကယ်လီ့အပေါ် အတင်း တက်ဖိသည်။ ကယ်လီ လက်ကို နည်းနည်းမြှောက်ပြီး အပေါ်မြင့်ဆံထုံးကို လှမ်းကိုင်သည်။ လက်ကို ပြန်ရုတ်လိုက်သောအခါ ကြွက်မြီး ခေါင်းဖြီးပါလာသည်။ ခေါင်းဖြီးတွင် ငါးလက်မရှည် သံမဏိထိပ်ချွန် တပ်ထားသည်။ လျှပ်တစ်ပြက်မှာပင် သံမဏိကြွက်မြီးဖြင့် ဖလင့်၏လည်ပင်းကို အဆုံးအထိ တစ်အားကုန် ထိုးသွင်းလိုက်သည်။

ဖလင့် အော်ညည်းသည်။ သို့သော်လည်း ဂလူးဂလူး အသံသာ ထွက်လာသည်။ သူ့လည်ပင်းမှ သွေးတွေ ပန်းထွက်လာသည်။ ဒိန်းက ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေသည်။

ကယ်လီက ဒိန်းကိုကြည့်ပြီး 'ဒိန်း… ကောင်းကောင်းကလေးသာ အနားယူပေတော့' ပျော့ဖတ်နေသည့် ဖလင့်ကို ကိုယ်ပေါ်မှ တွန်းချလိုက်ရင်း 'တိရစ္ဆာန်ကောင် မာလကီရောက်သွားပြီ'

---

* *Xylocaine Bullet*

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com



ဒိန်း နှလုံး အရမ်းခုန်နေသည်။ ရင်ဘတ်ထဲမှ ပွင့်ထွက်လာတော့မလား ထင်ရသည်။ မျက်နှာမှာလည်း သွေးမရှိတော့။

ကယ်လီ ဒိန်းကိုကြည့်ပြီး လန့်သွားသည်။ 'ဒိန်း… ဘာဖြစ်သွားသလဲ… ဟင်'

'ကျွန်မ ကြောက်လွန်းလို့…'

'ကြောက်မနေနဲ့၊ ကဲ… ဒီနေရာက မြန်မြန် ထွက်ကြမယ်'

'ဘယ်လိုထွက်မလဲ'

'ကျွန်မ ပြမယ်'

ကယ်လီခြေထောက်ဆန့်ပြီး ဖလင့်၏ဘောင်းဘီရှည်ကို လက်လှမ်းမီသည်အထိ သူ့အနားသို့ တဖြည်းဖြည်း ရွှေ့ယူသည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲမှ သော့ကိုယူပြီး သူ့လက်ထိပ်ကို ဖြုတ်သည်။ ဒိန်း၏ လက်ထိပ်ကိုလည်း ဖြုတ်ပေးသည်။

'ဘုရားသခင်… ရှင်ကတော့ တကယ့်ကို မော်ဝီဇွာပဲ' ဒိန်းက အံ့သြဝမ်းသာပြောသည်။

'ကျွန်မရဲ့ ဆံပင်ပုံစံသစ်ကို ကျေးဇူးတင်ပါ၊ ကဲ… ဒီနေရာက ထွက်ကြစို့'

သူတို့နှစ်ယောက် ကြမ်းပြင်တွင် ပုံနေသည့် အဝတ်အစားတွေကို အမြန်ပြန်ဝတ်ကြသည်။ ကယ်လီက ဖလင့်၏ ဘောင်းဘီအိတ်ထဲမှ တံခါးသော့ကို ယူသည်။ ပြီးတော့ တံခါးနား လျှောက်လာကြသည်။ နားစွင့်ကြည့်သည်။ တိတ်ဆိတ်နေသည်။ တံခါးကို ဖွင့်ပြီး စင်္ကြံလမ်းအတိုင်း လျှောက်လာကြသည်။

'နောက်ဘက်မှာ ထွက်ပေါက်ရှိမယ်' ဒိန်းက ပြောသည်။

'ဟုတ်ပြီ၊ ရှင် အဲဒီလမ်းက ထွက်၊ ကျွန်မက တခြားလမ်းက ထွက်မယ်'

'ဟာ… မလုပ်ပါနဲ့ ကယ်လီ၊ ကျွန်မတို့ အတူတူပဲ နေကြရအောင်'

ကယ်လီက ဒိန်းလက်ကို ညှစ်လိုက်ရင်း 'ကောင်းပြီ… ရောင်းရင်း'

မိနစ်ပိုင်းအတွင်း သူတို့နှစ်ယောက် ကားဂိုဒေါင်ထဲ ရောက်နေကြသည်။ ဂျက်ဂွာတစ်စီးနှင့် တိုယိုတာ တစ်စီး ရှိသည်။

'ကဲ… ကြိုက်တာရွေး' ကယ်လီ ပြောလိုက်သည်။

'ဂျက်ဂွာက သိပ်ပြီး မြင်သာတယ်၊ တိုယိုတာပဲ ယူကြမယ်'

'ကားသော့လည်း ရှိလိမ့်မယ်'

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ ဒိန်း ဒရိုင်ဘာထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

'ဘယ်သွားကြမလဲ' ကယ်လီ မေးသည်။

'မင်ဟတ်တန်၊ အသေးစိတ်တော့ မသိသေးဘူး'

'ရပါတယ်' ကယ်လီ သက်မ ချလိုက်သည်။

'ကျွန်မတို့ အိပ်ရမယ့်တစ်နေရာ ရှာရမယ်၊ ကျွန်မတို့ လွတ်သွားပြီဆိုတာ ကင်စလေသိရင် ဒီလူ သွေးရှူးသွေးတန်း လိုက်ရှာတော့မယ်၊ ဒီတော့ ဘယ်နေရာသွားသွား လုံခြုံမှုတော့ရှိမယ် မထင်ဘူး'

ကယ်လီ စဉ်းစားနေသည်။ 'ရှိမှာပါ၊ ရှိပါတယ်'

'ရှင် ဘာကို ဆိုလိုတာလဲ'

'ကျွန်မမှာ အကြံရှိတယ်' ကယ်လီ ဂုဏ်ယူသံဖြင့် ပြောလိုက်လေ၏။

■

the bookhouse
we bring your future

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၄

သူတို့နှစ်ယောက် မင်ဟတ်တန်မြို့နယ် မြောက်ဘက်ရှိ ဝိုက်ပလိန်း တောမြို့ကလေးထဲသို့ မောင်းဝင်လာကြသည်။

'တကယ် အေးချမ်းတဲ့ မြို့ကလေးပဲ' ဒိန်းက ပြောသည်။ 'ဒီမှာ ဘာလုပ်ကြမလဲ'

'ဒီမှာ ကျွန်မ မိတ်ဆွေတစ်ယောက် ရှိတယ်၊ သူ စောင့်ရှောက်လိမ့်မယ်'

'သူ့အကြောင်း ပြောပါဦး'

ကယ်လီ ဖြည်းဖြည်း ပြောပြသည်။ 'ကျွန်မအမေက သူ့ကို အရိုက်သန်တဲ့ အရက်သမားနဲ့ ညားတယ်၊ ကျွန်မ အမေ့ကို ပြုစုနိုင်တဲ့အရွယ်ကို ရောက်တော့ ထွက်ပြေးကြဖို့ တိုက်တွန်းတယ်၊ ကျွန်မအသိ မော်ဒယ်တစ်ယောက်က သူ့ကိုနှိပ်စက်တဲ့ ရည်းစားဆီက ထွက်ပြေးလာတယ်၊ သူက ကျွန်မကို ပြောတာ ဒီနေရာ၊ ဒီမှာ ဘော်ဒါဆောင်တစ်ခု ရှိတယ်၊ ဂရေ့စ်ဆီဒယ်ဆိုတဲ့ မိန်းမကြီးက တည်ထောင်ထားတာ၊ သူက သိပ်ပြီး စိတ်ကောင်းတယ်၊ ကျွန်မက အမေ့ကို အဲဒီကို ခေါ်လာတယ်၊ နောက်တော့မှ တိုက်ခန်း ငှားနေကြတယ်၊ ကျွန်မက အဲဒီအဆောင်ကို နေ့တိုင်းလိုလို သွားလည်တယ်၊ အမေက လည်း သိပ်သဘောကျတယ်၊ ဘော်ဒါဆောင်နေသူတွေနဲ့ မိတ်ဆွေဖြစ်သွားတယ်'

'အဲဒီတော့ ဘာဖြစ်သလဲ' ဒိန်းက မေးသည်။

'ကျွန်မ မိတ်ဆွေက သူ့ရည်းစားဆီ ပြန်သွားတယ်'

သူတို့ ဘော်ဒါဆောင်သို့ ရောက်လာကြသည်။

၀

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ဂရေစ်ဆီဒယ်မှာ အသက်၅၀ ဝန်းကျင်ရှိပြီ။ ကျန်းကျန်းမာမာနှင့် မိခင်စိတ်ဓာတ် ရှိသည်။ သူက တံခါးဖွင့်ပေးသည်။ ကယ်လီကိုမြင်တော့ သူ့မျက်နှာ လင်းထိန်သွားသည်။

'ဟင်… ကယ်လီ' ကယ်လီ့ကို အတင်းဖက်ပြီး 'တွေ့ရတာ ဝမ်းသာလိုက်တာကွယ်'

'ဒါက ကျွန်မမိတ်ဆွေ ဒိန်းပါ'

သူတို့ အပြန်အလှန် နှုတ်ဆက်ကြသည်။

'ညည်းအခန်းက အဆင်သင့်ပဲ' ဂရေ့စ်က ပြောသည်။ 'တကယ်တော့ ညည်းအမေ့အခန်းပါ၊ ငါ ခုတင်တစ်လုံး ထပ်ချပေးမယ်'

ဂရေ့စ် အိပ်ခန်းသို့ လျှောက်သွားသည်။ ကယ်လီတို့က ဧည့်ခန်းထဲဝင်လာကြသည်။ မိန်းမ ခြောက်ယောက် ဖဲကစားနေကြသည်။ ကယ်လီတို့ အိပ်ခန်းထဲ ဝင်လာကြသည်။

'ဒါနဲ့ ညည်းတို့ ဘယ်လောက်ကြာကြာ နေမလဲ' ဂရေ့စ်က မေးသည်။

နှစ်ယောက်သား အပြန်အလှန် ကြည့်လိုက်ကြသည်။

'အတိအကျတော့ ပြောလို့မရဘူး အန်တီ'

ဂရေ့စ်က ပြုံးပြီး 'ရပါတယ်၊ ပြဿနာမရှိပါဘူး၊ နေချင်သလောက် နေနိုင်တယ်'

အိပ်ခန်းက တော်တော်ကောင်းသည်။

သန့်ရှင်းသပ်ရပ်သည်။

ဂရေ့စ်ထွက်သွားတော့ ကယ်လီက ဒိန်းကို ပြောသည်။ 'ကျွန်မတို့ အန္တရာယ်ကင်းပြီ၊ ဒါနဲ့ စကားမစပ် ကျွန်မတို့လုပ်ရပ်က ကမ္ဘာကျော် *'ဂင်းနစ်မှတ်တမ်းစာအုပ်'* ထဲ ဝင်သွားပြီထင်ပါရဲ့၊ သူတို့က ကျွန်မတို့ကို သတ်ဖို့ ကြိုးစားတာ ဘယ်နှစ်ကြိမ်ရှိပြီဆိုတာ သိသလား'

'သိပါတယ်' ဒိန်း ပြတင်းပေါက်နား သွားရပ်ပြီး 'ကျေးဇူးတင်ပါတယ်… ရစ်ချတ်'

ကယ်လီ စကားဆက်ပြောဖို့ ကြံသည်။ ပြီးတော့မှ တွေးမိသည်။ ပြောနေလို့ အလကားပဲ၊ ဒိန်းစိတ်က သူ့ယောက်ျားဆီ ရောက်သွားပြီ။

○

အန်ဒရူး သူ့ရုံးခန်းထဲတွင် ငိုက်မြည်းနေသည်။ သူ ဆေးရုံခုတင်ပေါ်တွင် အိပ်ပျော်နေသည်ဟု အိပ်မက်မက်သည်။

the bookhouse
we bring your thirst

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် စကားပြောသံတွေကြောင့် သူနိုးလာသည်။ '…ကံကောင်းချင်တော့ အန်ဒရူးရဲ့ အန္တရာယ်လုံခြုံရေးကရိယာကို ကျွန်တော်တို့ လက်တွေ့စမ်းသပ်တော့ ဒီဟာကို ကျွန်တော် ရှာဖွေသိရှိရတာ၊ အဲဒါကို ကျွန်တော် အခုပြမယ်'

'စစ်တပ်ကတော့ ဒီဟာ အန္တရာယ်မရှိဘူးလို့ ပြောတာပဲ'

လူစိမ်းတစ်ယောက်က တန်နှာအား စစ်တပ်သုံးခါတ်ငွေ့ကာ မျက်နှာဖုံးတစ်ခု ကမ်းပေးသည်။

'မျက်နှာဖုံးအောက်ခြေမှာ အပေါက်သေးသေးကလေးတစ်ခု တွေ့တယ်၊ တစ်ယောက်ယောက်က ဖောက်ထားသလိုပဲ'

တန်နှာ မျက်နှာဖုံးကိုကြည့်ပြီး အော်ပြောလိုက်သည်။

'ဒီလုပ်ရပ်အတွက် ဘယ်သူတာဝန်ရှိသလဲ'သူက လူစိမ်းကိုကြည့်ပြီး 'ကျွန်တော် ခုချက်ချင်း စစ်ဆေးကြည့်လိုက်မယ်၊ ဒီပစ္စည်းယူလာတာ ကျေးဇူးတင်ပါတယ်'

လူစိမ်းပြန်ထွက်သွားသည်ကို အန်ဒရူး ခုတင်ပေါ်က လှမ်းမြင်လိုက်သည်။ တန်နှာက မျက်နှာဖုံးကို ခဏကြည့်နေသည်။ ထို့နောက် အခန်းထောင့်သို့ လျှောက်လာသည်။ ထိုနေရာတွင် ဆေးရုံလက်တွန်းလှည်းကြီး တစ်စီးရှိသည်။ လှည်းပေါ်တွင် ညစ်ပတ်ပေရေနေသည့် အဝတ်တွေ အပြည့်တင်ထားသည်။

တန်နှာက လှည်းနားကပ်သွားပြီး ဓာတ်ငွေ့ကာမျက်နှာဖုံးကို အဝတ်တွေအောက်မှာ ထိုးထည့်ထားလိုက်သည်။

အန်ဒရူးက ဘာတွေဖြစ်နေတာလဲဟု သူ့ညီကို မေးဖို့ကြိုးစားသည်။ သို့သော်လည်း သူ အလွန်မောပန်းနေသည်။ မကြာခင် အိပ်ပျော်သွားသည်။

○

တန်နှာရယ်၊ အန်ဒရူးရယ်၊ ပေါလင်းရယ် သုံးယောက်သား တန်နှာ့ရုံးခန်းသို့ ပြန်လာခဲ့ကြပြီ။ တန်နှာက သူ့အတွင်းရေးမှူးအား သတင်းစာတွေ ယူလာရန် ပြောလိုက်သည်။ တန်နှာ ရှေ့ပိုင်းစာမျက်နှာတွေကို လှန်လှောရင်း 'ဒါတွေကြည့်စမ်းပါဦး၊ ''ဂွာတေမာလာ၊ ပီရူး၊ မက်ဆီကိုနှင့် အီတလီနိုင်ငံတွေမှာ လေပြင်းတိုက်ခတ်မှုကြောင့် သိပ္ပံပညာရှင်တွေ ဦးနှောက်ခြောက်နေကြပြီ''တဲ့'၊ သူက ပေါလင်းကို ရွှင်မြူးစွာကြည့်လိုက်ပြီး 'ဒါက အစပဲရှိသေးတယ်၊ နောက်ဆို သူတို့ ဒီထက်ပိုပြီး ဦးနှောက်ခြောက်ရဦးမယ်'

ဗန့်စ်ကာဘာလို အခန်းထဲ အပြေးဝင်လာသည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'မစ္စတာကင်စလေ…'

'ငါ အလုပ်များနေတယ်၊ ဘာဖြစ်တာလဲ'

'ဖလင့် သေသွားပြီ'

တန်နှာ ပါးစပ်ဟောင်းလောင်း ပွင့်သွားသည်။ 'ဘာပြောတယ်၊ မင်း ဘာပြောတာလဲ၊ ဘယ်လိုဖြစ်တာလဲ'

'ကယ်လီနဲ့ဒိန်းတို့ သတ်လိုက်တာ'

'ဟာ… မဖြစ်နိုင်တာပဲ'

'သူ တကယ် သေသွားပြီ၊' သူတို့က ဆီနေတာရဲ့ကားယူပြီး ထွက်ပြေးသွားကြတာ၊ ကားကိုတော့ ရဲက ပွိုက်ပလိန်းမှာ ပြန်တွေ့တယ်'

'ငါပြောတာ သေသေချာချာ နားထောင်' သူ့အသံက ကျယ်ပြီးမာသည်။ 'လူတစ်ဒါဇင်လောက်ခေါ်ပြီး ပွိုက်ပလိန်းကို လိုက်သွား၊ ဟိုတယ်၊ ဘော်ဒါဆောင်၊ စားသောက်ဆိုင်တွေ တစ်ခုမကျန် လိုက်စစ်၊ သူတို့ ပုန်းနေနိုင်မယ့် နေရာတိုင်း လိုက်စစ်၊ သူတို့ကို ဖမ်းပေးနိုင်တဲ့လူကို ဒေါ်လာ ငါးသိန်းဆုပေးမယ်၊ ကဲ… ဆက်လုပ်တော့'

'ကောင်းပါပြီခင်ဗျား'

ဗန်နီစ်ကာဘာလို အခန်းထဲမှ ပြေးထွက်သွားသည်။

○

ဂရေစ်ဆီဒယ်၏ ဘော်ဒါဆောင်အခန်းထဲတွင် ဒိန်းက ပြောသည်။

'ပါရီမှာ ရှင်ကြုံခဲ့ရတဲ့ အဖြစ်ဆိုးအတွက် ကျွန်မ စိတ်မကောင်းပါဘူး၊ ဒါနဲ့ အဆောက်အအုံမှူးကို သူတို့ သတ်လိုက်တာလား'

'အဲဒါတော့ မသိဘူး၊ သူ့မိသားစု ပျောက်သွားတာပဲ သိတယ်'

'ခွေးမလေး အိန်ဂျယ်ကော'

'အဲဒီအကြောင်း မပြောချင်ဘူး'

'စိတ်မကောင်းပါဘူး၊ စိတ်ဓာတ်ကျတယ်ဆိုတာ ရှင်သိသလား၊ ကျွန်မတို့အဖြစ်နဲ့ သိပ်ပြီး နီးစပ်တယ်၊ အခု ဘာဖြစ်တယ်၊ ဘယ်လိုဖြစ်တယ်၊ ဘာကြောင့်ဖြစ်တယ်ဆိုတာ ကျွန်မတို့ သိရပြီ၊ ဒါပေမဲ့ ဒီအကြောင်းကို ကျွန်မတို့က

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



ပြောပြမယ့် လူတစ်ယောက်မှ မရှိဘူး၊ ကျွန်မတို့က ကေအိုင်ဂျီကို ဆန့်ကျင်တိုက်ခိုက်ရင် သူတို့က ကျွန်မတို့ကို စိတ်ကုဆေးရုံ ပို့ပစ်လိမ့်မယ်'

ကယ်လီ ခေါင်းညိတ်သည်။

'ရှင်ပြောတာ မှန်တယ်၊ ကျွန်မတို့ သွားရမယ့်လူ တစ်ယောက်မှ မရှိတော့ဘူး'

အတော်ကြာကြာ ငြိမ်နေကြသည်။ ပြီးတော့မှ ဒိန်းက ဖြည်းဖြည်းပြောသည်။

'ကျွန်မတော့ ရှိသေးတယ်လို့ ထင်တယ်'

○

ဗန့်စ်ကာဘာလို၏လူတွေ တစ်မြို့လုံးဖြန့်ပြီး ဟိုတယ်တွေ၊ ဘော်ဒါဆောင်တွေ၊ စားသောက်ဆိုင်တွေ အားလုံး လိုက်စစ်သည်။ ကာဘာလို၏ တပည့်တစ်ယောက်က အက်စ်ပလာနာဒီဟိုတယ်မှ ညှေ့ကြိုစာရေးမအား ဒိန်းနှင့်ကယ်လီတို့၏ ဓာတ်ပုံကို ပြသည်။

'ဒီအမျိုးသမီးတွေကို မြင်ဖူးသလား၊ သတင်းပေးနိုင်ရင် ဒေါ်လာငါးသိန်းရမယ်'

စာရေးမက ခေါင်းခါပြသည်။ 'သူတို့ ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်မ သိချင်လိုက်တာ'

ရီနေးဆင့်ဝက်ချက်စတာ ဟိုတယ်မှာလည်း ဓာတ်ပုံတွေပြတော့ ညှေ့ကြိုစာရေးမက 'ဒေါ်လာငါးသိန်းကြီးတောင်လား၊ ကျွန်မ ရချင်လိုက်တာ' ဟု ပြောသည်။ ကရောင်းပလာဇာမှ စာရေးမကလည်း 'ကျွန်မ သူတို့ကို တွေ့ရင် ချက်ချင်း သတင်းပို့ပါမယ်'ဟု ပြောသည်။

ဂရေ့စ်ဆီဒယ်၏ဘော်ဒါဆောင်ရောက်တော့ ဗန်စ်ကာဘာလိုကိုယ်တိုင် တံခါးခေါက်သည်။

'မင်္ဂလာမနက်ခင်းပါ၊ ကျွန်တော် ဗန်စ်ကာဘာလိုပါ' ဓာတ်ပုံတွေ ထုတ်ပြရင်း 'ဒီအမျိုးသမီးတွေကို မြင်ဖူးသလား၊ ဆုငွေငါးသိန်းရမယ်'

ဂရေ့စ်ဆီဒယ်၏မျက်နှာ ထိန်လင်းသွားသည်။ 'ကယ်လီ...'

○

တန်နာ၏ အတွင်းရေးမှူး ကသီအော်ဒိုနက်တစ်ယောက် လက်မလည်အောင် အလုပ်များနေသည်။ ဖက်စ်တော

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပြီးတစ်ခု အဆက်မပြတ် ဝင်နေရာ သူ၏ အီးမေးလ်အင်ဘောက်ထဲတွင် ပြည့်လျှံနေသည်။ သူက စာရွက်စာတမ်းတွေ တစ်ပွေ့တစ်ပိုက်ကြီး သယ်ပြီး တန်နှာ၏ ရုံးခန်းထဲ ဝင်လာသည်။ ရုံးခန်းထဲတွင် တန်နှာနှင့် ပေါလင်းဗန်လူဗင်တို့ ဆိုဖာပေါ်ထိုင်ကာ စကားပြောနေကြသည်။ ကသီဝင်လာတော့ တန်နှာက မော်ကြည့်ပြီး 'ဘာတွေလဲ'

ကသီပြုံးလျက် 'သတင်းကောင်းတွေပါ၊ မစ္စတာကင်စလေ သိပ်ပြီးအောင်မြင်တဲ့ ညစာစားပွဲကြီးတစ်ခု ကျင်းပဖြစ်တော့မယ်'

တန်နှာ မျက်မှောင်ကြုတ်ပြီး 'မင်း ဘာတွေ ပြောနေတာလဲ'

ကသီက စာရွက်တွေကို မြှောက်ပြကာ 'ဒါ အားလုံးလက်ခံတဲ့ စာတွေ၊ ဖိတ်ထားတဲ့လူတိုင်း လာကြမယ်'

တန်နှာ မတ်တပ်ထရပ်လိုက်သည်။ 'ဘယ်ကိုလာမှာလဲ၊ ပေးစမ်းပါ အဲဒါတွေ'

ကသီ စာရွက်တွေ ကမ်းပေးပြီးနောက် သူ့စားပွဲသို့ ပြန်သွားသည်။

တန်နှာ ပထမဆုံး အီးမေးလ်ကို အသံထွက်ဖတ်သည်။

*'လူကြီးမင်း၏ မိုးလေဝသထိန်းချုပ်စက် ''ပရိုင်မာ''ကို ကြည့်ရှုရန် ကေအိုင်ဂျီဌာနချုပ်၌ ပြုလုပ်သော သောကြာနေ့ ညစာစားပွဲသို့ ဝမ်းမြောက်ဝမ်းသာ တက်ရောက်ပါမည်... ''တိုင်း'' မဂ္ဂဇင်းအယ်ဒီတာ'*

တန်နှာ မျက်နှာသွေးဆုတ်သွားသည်။ နောက် အီးမေးလ်တစ်စောင်ကို ကြည့်လိုက်သည်။

*' ''ကေအိုင်ဂျီ''ဌာနချုပ်၌ လူကြီးမင်း၏ မိုးလေဝသထိန်းချုပ်ကွန်ပျူတာ ''ပရိုင်မာ'' ကို ကြည့်ရှုရန် ဖိတ်ကြားခြင်းအတွက် အထူးကျေးဇူးတင်ပါသည်... ''နယူးစ်ဝိခ်'' မဂ္ဂဇင်းအယ်ဒီတာ'*

သူ နောက်စာတွေကို တစ်ခုပြီးတစ်ခု ကမန်းကတန်း လှန်ကြည့်သည်။

*'စီဘီအက်စ်၊ အင်ဘီစီ၊ စီအင်အင်၊ ဝေါလ်စထရိဂျာနယ်၊ ရှိကာဂိုထရီဗျွန်း၊ လန်ဒန်တိုင်း'*

''ပရိုင်မာ'' ဖွင့်ပွဲကို တက်ရောက်ရန် အားလုံး စိတ်အားထက်သန်နေကြသည်။

ပေါလင်သည် ဘာစကားမှ မပြောနိုင်ဘဲ ငုတ်တုတ်ကြီး ထိုင်နေသည်။

တန်နှာမှာ ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေပြီး စကားကို အနိုင်နိုင် ပြောယူရသည်။

'ဘာ... ဘာတွေ ဖြစ်ကုန်ပြီလဲ' ခဏ ရပ်နေသည်။ ပြီးတော့မှ 'ခွေး... ခွေးတိရစ္ဆာန်မတွေ...'

ဝ

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'အမ်မာ' အင်တာနက်ကဖေးတွင် ကွန်ပျူတာတစ်လုံးနှင့် ဒိန်း အလုပ်ရှုပ်နေသည်။ ကယ်လီကို ကြည့်လိုက်ပြီး 'နောက်ဘယ်သူတွေ ကျန်သေးသလဲ'

*'အယ်လီ၊ ကော့စမိုပိုလီတန်၊ ဗင်နတီဖဲယား၊ မဒမ်မွာဆယ်၊ ရီးဒါးဒိုင်ဂျက်…'*

ဒိန်း ရယ်လိုက်ပြီး 'ကင်စလေမှာ စားတော်ကဲကောင်းကောင်းတော့ ရှိမယ်ထင်တာပဲ၊ မောင်မင်းကြီးသား ပွဲကြီးပွဲကောင်း ဆင်နွှဲရတော့မယ်လေ'

○

ဗန့်စ်ကာဘာလိုက ဂရေ့စ်ဆီဒယ်အား စိတ်လှုပ်ရှားစွာဖြင့် ကြည့်လိုက်ပြီး…

'ဒါဆို ကယ်လီကို ခင်ဗျား သိတာပေါ့'

'အို… ဟုတ်ကဲ့၊ သူက ကမ္ဘာပေါ်မှာ အကျော်ကြားဆုံး မော်ဒယ်တစ်ယောက်ပေါ့'

ကာဘာလို မျက်နှာ ထိန်လင်းသွားသည်။ 'အခု သူ ဘယ်မှာလဲ'

ဂရေ့စ်က အံ့အားသင့်သွားပြီး 'ကျွန်မ မသိဘူး၊ ကျွန်မ သူ့ကို တစ်ခါမှ မတွေ့ဖူးဘူး'

ကာဘာလို မျက်နှာနီသွားသည်။ 'ခင်ဗျားပဲ ပြောတယ်၊ သူ့ကို သိတယ်ဆို'

'သူ့ကို လူတိုင်းသိတာကို ပြောတာ၊ သူက ကမ္ဘာကျော်လေ၊ သူ မချောဘူးလား'

'ဒါဆို သူ ဘယ်မှာရှိတယ်ဆိုတာ ခင်ဗျားမသိဘူးပေါ့'

ဂရေ့စ်က စဉ်းစားလျက် 'ကျွန်မတစ်ခုတော့ သိတယ်၊ ဒါပေမဲ့ သူ ဟုတ်မဟုတ်တော့ မပြောတတ်ဘူး'

'ဘယ်သူလဲ၊ ဘယ်မှာလဲ'

'ဒီနေ့မနက် သူနဲ့တူတဲ့မိန်းမတစ်ယောက် ဘတ်စ်ကားပေါ်တက်သွားတာ မြင်လိုက်တယ်'

'ဘာကားလဲ'

'ဗားမွန့်ကို သွားတဲ့ကား၊ သူလို့တော့ အတိအကျ ပြောလို့မရဘူး'

'ဟုတ်ပြီ၊ ကျေးဇူးပဲ'

ဗန့်စ်ကာဘာလို ပြေးထွက်သွားသည်။

○

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



တန်နှာ ဖက်စ်တွေနှင့် အီးမေးလ်တွေကို ကြမ်းပြင်ပေါ် လွှင့်ပစ်လိုက်သည်။ ပြီးတော့ ပေါလင်းဘက်လှည့်ပြီး 'ဒီခွေးတိရစ္ဆာန်မတွေ လုပ်ပုံကို ထိပ်ထား သိလား၊ ကိုယ်တို့က ''ပရိုင်မာ''ကို ဘယ်သူမှ အမြင်မခံနိုင်ဘူး' သူ အကြာကြီး စဉ်းစားနေသည်။ 'အဲဒီတော့ အဲဒီလူတွေ မလာခင်တစ်နေ့မှာ ''ပရိုင်မာ''ကို ဖောက်ခွဲပစ်ရမယ်'

ပေါလင်း ခဏစဉ်းစားနေပြီးမှ ' ''ပရိုင်မာ-၂'' ရှိသေးတယ် မဟုတ်လား'

တန်နှာ ခေါင်းညိတ်သည်။ 'ဟုတ်တယ်၊ ကိုယ်တို့ ကမ္ဘာလှည့်ခရီးထွက်လို့ရတယ်၊ ဘယ်အချိန်မဆို အသင့်ပဲ၊ တမိုအာကျွန်းကို သွားမယ်၊ ပြီးတော့ ''ပရိုင်မာ-၂''ကို စမ်းသပ်မယ်'

ရုံးတွင်းဖုန်းမှ ကသီအော်ဒိုနက်အသံ ပေါ်ထွက်လာသည်။ အလန့်တကြားအသံ။ တန်နှာ့ဆီသို့ တစ်ဆင့် ပို့လိုက်သည်။ 'မစ္စတာကင်စလေ··· ဖုန်းတွေက ဆက်တိုက်ဝင်နေတယ်၊ နယူးယောက်တိုင်း၊ ဝါရှင်တန်ပို့စ်၊ ပြီးတော့ လာရီကင်း···'

'ငါ အစည်းအဝေးလုပ်နေတယ်လို့ ပြောလိုက်' ပေါလင်းဘက်လှည့်ပြီး 'ဒီနေရာက ထွက်မှ ဖြစ်မယ်' အန်ဒရူး၏ပခုံးကို လှမ်းပုတ်ရင်း 'ကိုကို··· ကျွန်တော်တို့နဲ့ လိုက်ခဲ့'

'အေး···'

သုံးယောက်သား အုတ်နီအဆောက်အအုံကြီးသို့ လျှောက်လာကြသည်။ 'သိပ်ပြီးအရေးကြီးတာတစ်ခု လုပ်ရမယ် ကိုကို'

'မင်း ကြိုက်သလိုလုပ်ပါ'

တန်နှာ ဦးဆောင်၍ အဆောက်အအုံထဲ ဝင်ကြသည်။ ''ပရိုင်မာ'' အနီးမှာ ရပ်လိုက်ကြသည်။

'ကိုကိုလုပ်ရမှာက ဒါပဲ၊ ထိပ်ထားနဲ့ ကျွန်တော်က အခု ထွက်သွားလိုက်ဦးမယ်၊ ဒါပေမဲ့ ဖြနာရီထိုးရင် ကိုကို ဒီကွန်ပျူတာကို ပိတ်ပစ်လိုက်၊ သိပ်လွယ်ပါတယ်' လက်ညှိုးထိုးပြရင်း 'ဒီ အနီရောင်ခလုတ်ကြီးကို မြင်တယ် မဟုတ်လား'

အန်ဒရူး ခေါင်းညိတ်သည်။ 'မြင်ပါတယ်'

'ကိုကို လုပ်ရမှာက ခြောက်နာရီထိုးရင် ဒီခလုတ်ကို သုံးကြိမ်နှိပ်၊ သုံးကြိမ်နော်၊ သေချာလည်း မှတ်ထားဦး'

'ဟုတ်ကဲ့၊ ခြောက်နာရီ၊ သုံးကြိမ်'

'ဟုတ်ပြီ၊ နောက်မှ တွေ့ကြမယ်'

တန်နှာနှင့် ပေါလင်းတို့ ပြန်ထွက်သွားသည်။ အန်ဒရူးက လှမ်းပြောလိုက်သည်။

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကော့ ခေါ်မသွားကြဘူးလား'

'ခဏာနေခဲ့ဦး၊ မမေ့စေနဲ့၊ ခြောက်နာရီ၊ သုံးကြိမ်၊ ဟုတ်ပြီလား'

'မှတ်မိပါပြီ'

ပြန်ထွက်လာရင်း ပေါလင်းက ပြောသည်။ 'သူ မမှတ်မိရင် ဘယ်လိုလုပ်မလဲ ဟင်'

တန်နာ ရယ်လိုက်ပြီး 'ကိစ္စမရှိဘူး၊ ခြောက်နာရီတိတိမှာ အလိုလို ပေါက်ကွဲအောင် ကိုယ်လုပ်မယ်၊ အဲဒီအချိန်မှာ အဲဒီနေရာမှာ သူ ရှိနေဖို့ပဲ လိုတယ်'

■

the bookhouse
www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၅

လေယာဉ် ပျံသန်းရန် အကောင်းဆုံးနေ့ဖြစ်သည်။ ကေအိုင်ဂျီပိုင် ၇၅၇ ဂျက်လေယာဉ်ကြီးသည် အပြာရင့်ရောင် မိုးကောင်းကင်အောက်က ပစိဖိတ်သမုဒ္ဒရာပေါ်မှ အရှိန်ကောင်းကောင်းဖြင့် ပျံသန်းနေသည်။ တန်နှာနှင့်ပေါ်လင်းတို့သည် ပင်မအမှုထမ်းအခန်းထဲက ဆိုဖာပေါ်တွင် ထိုင်ရင်း နှစ်ယောက်သား ရင်ငွေ့လှုံနေကြသည်။

'ဒါလင်… ဒါလင် ဘယ်လောက်အထိ တော်တယ်ဆိုတာကို လူတွေ မသိကြတာ ရှက်စရာမကောင်းဘူးလား…ဟင်'

'အဲဒါကို လူတွေသိသွားရင် ကိုယ် ဒုက္ခရောက်မှာပေါ့'

'ပြဿနာမရှိပါဘူး… ဒါလင်၊ ကျွန်မတို့ ဘယ်နိုင်ငံကိုမဆို ဝယ်ယူပြီး ကိုယ်တိုင်အုပ်ချုပ်လို့ရတာပဲ၊ အဲဒါဆို ကျွန်မတို့ကို ဘယ်သူမှ မနှောင့်ယှက်နိုင်တော့ဘူး'

တန်နှာ ရယ်နေသည်။ ပေါ်လင်းက သူ့လက်ကို အသာပုတ်ပြီး 'ဒါလင့်ကို ပထမဆုံးမြင်ရကတည်းက ကျွန်မ ချစ်မိတယ်ဆိုတာ သိသလား'

'ဟင့်အင်း… မသိဘူး၊ ထိပ်ထားက သိပ်ပြီး မခန့်လေးစား လုပ်တတ်တာကိုး'

'ဒါပေမဲ့ အလုပ်ဖြစ်ပါတယ်… မဟုတ်ဘူးလား၊ ဒါလင်က ကျွန်မဆီ တစ်ခါပြန်လာပြီး သင်ခန်းစာပေးတယ်လေ'

သူတို့ အကြာကြီး နမ်းကြသည်။

အဝေးကြီးမှ လျှပ်စီးလက်သွားသည်။

'တမိုအာကို ထိပ်ထားကြိုက်မှာပါ၊ အဲဒီမှာ တစ်ပတ်နှစ်ပတ် နေပြီးအနားယူ

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကြမယ်၊ ပြီးတော့ ကမ္ဘာလှည့်မယ်၊ ကိုယ်တို့ အတူတူ မတွဲဖြစ်ခဲ့တဲ့ ဆုံးရှုံးသွားတဲ့ အချိန်တွေကို အစားထိုးပြီး အပျော်ကြီး ပျော်ကြမယ်'

'တကယ်နော်'

'နှစ်ကယ်··· နှစ်ကယ်၊ တစ်လတစ်ခါ တမိုအာကိုလာပြီး ''ပရိုင်မာ-၂''ကို တပ်ဆင်မယ်၊ ကိုယ်တို့ရဲ့ ပစ်မှတ်တွေကို ကိုယ်တိုင် ရွေးကြမယ်'

'အင်္ဂလန်မှာ လေပြင်းမုန်တိုင်းတိုက်အောင် လုပ်မယ်၊ သူတို့ လုံးဝ သိမှာ မဟုတ်ဘူး'

'တစ်ကမ္ဘာလုံးမှာ ကြိုက်တဲ့နိုင်ငံကို လုပ်လို့ရတယ်'

လေယာဉ်မောင် ရောက်လာပြီး 'ဘာများ လိုအပ်ပါသေးသလဲ ခင်ဗျား'

'မလိုပါဘူး၊ အားလုံးပြည့်စုံတယ်' တကယ်လည်း အမှန်ဆိုတာ တန်နာသိသည်။

အဝေးကြီးမှာ လျှပ်စီးတွေ ပို၍ လက်လာသည်။

'မုန်တိုင်းတိုက်မယ်ထင်တယ်' ပေါ်လင်းပြောသည်။

'မိုးလေဝသကြမ်းရင် ကျွန်မ လေယာဉ်မစီးရဲဘူး'

'မကြောက်ပါနဲ့၊ ကောင်းကင်မှာ တိမ်မရှိပါဘူး၊' သူတစ်ခုခုကို တွေးမိပြီး ပြုံးသည်။ 'မိုးလေဝသကို စိုးရိမ်စရာ မရှိပါဘူး၊ ထိန်းချုပ်လို့ရပါတယ်' နာရီကိုကြည့်ပြီး 'လွန်ခဲ့တဲ့တစ်နာရီက ''ပရိုင်မာ''ပေါက်ကွဲပြီးပြီ၊ ပြီးတော့···'ရုတ်တရက် မိုးသီးမိုးပေါက်တွေ လေယာဉ်ကို လာဆောင့်သည်။ တန်နာက ပေါ်လင်းအား ဆွဲကပ်ထားပြီး

'ဘာမှ မဖြစ်ပါဘူး၊ ခဏ ရွာတာပါ'

ထိုအခိုက် ကောင်းကင်တစ်ပြင်လုံး မှောင်မည်းလာပြီး မိုးခြိမ်းသံတွေ နားကွဲမတတ် ပေါ်ထွက်လာသည်။ လေယာဉ်ကြီး လှုးလိမ့်လာသည်။ တန်နာ ပြတင်းအပြင်သို့ လှမ်းကြည့်လိုက်သည်။ ဘာတွေ ဖြစ်နေမှန်း မခန့်မှန်းတတ်တော့။ ရိုးရိုးမိုးပေါက်တွေက မိုးသီးတွေအဖြစ် ပြောင်းသွားသည်။

'ကြည့်လိုက်···' တန်နာ ချက်ချင်း သတိရလိုက်သည်။ 'ပရိုင်မာ' ရှင်မြူးစွာ အော်ပြောလိုက်သည်။

'ကိုယ်တို့ အောင်မြင်···' ထိုစဉ် လေယာဉ်ကို ဟာရီကိန်းမုန်တိုင်း ဝင်ဆောင့်လိုက်သည်။ လေယာဉ်ကြီး သွက်သွက်ခါအောင် လှုးလိမ့်နေသည်။ ပေါ်လင်း အလန့်တကြား အော်လိုက်သည်။

၀

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



ကေအိုင်ဂျီဌာနချုပ်၊ အုတ်နီအဆောက်အအုံတွင် အန်ဒရူးကင်စလေ "ပရိုင်မာ" ကို စမ်းသပ်နေသည်။ သူ့လက်ချောင်းတွေက ခလုတ်တွေပေါ်မှာ ရွေ့လျားနေသည်။ ဖန်သားပြင်ပေါ်မှ ပစ်မှတ်တွေကို စောင့်ကြည့်ရင်း သူ့ညီ၏ လေယာဉ်ကို တစ်နာရီ မိုင်၃၀၀နှုန်း ဟာရီကိန်းမုန်တိုင်းကြီး တိုက်ခတ်နေတာကို မြင်ရသည်။ သူ နောက်ထပ် ခလုတ်တစ်ခု နှိပ်လိုက်သည်။

○

အလာစကာပြည်နယ်၊ အန်ခါရစ်ဂျ်မြို့မှ ဖလော်ရစ်ဒါပြည်နယ်၊ မိုင်ယာမီမြို့အထိ တစ်လျှောက်လုံး မြို့တွေရှိ 'အမျိုးသားမိုးလေဝသ ဦးစီးဌာန' ရုံးခွဲများတွင် မိုးလေဝသပညာရှင်တွေ ခေါင်းချင်းရိုက်ကာ သူတို့၏ ကွန်ပျူတာ ဖန်သားပြင်ကို စူးစိုက်ကြည့်နေကြသည်။ သူတို့အားလုံး အံ့အားကြီးသင့်ပြီး မယုံနိုင်အောင် ဖြစ်နေကြသည်။ ဖြစ်ပျက်နေတာတွေက ဘယ်လိုမှ မယုံနိုင်စရာ။ သို့သော်လည်း ဖြစ်နေတာကတော့ တကယ်အမှန်။

○

အန်ဒရူးသည် အုတ်တိုက်နီကြီးထဲတွင် တစ်ယောက်တည်း လုပ်ကိုင်ရင်း ဝမ်းသာနေသည်။ အကြောင်းမှာ ကမ္ဘာကြီး သာယာကောင်းမွန်အောင် သူ လုပ်ပေးနိုင်တာ တစ်ခု ရှိသေးသည်ဟု ယုံကြည်သောကြောင့် ဖြစ်၏။ သူသည် သူ တီထွင်ထားသည့် 'အက်ဖ်-ဖိ' လေဆင်နှာမောင်းကို သတိကြီးစွာဖြင့် ထိန်းချုပ်လမ်းညွှန်နေသည်။ လေဆင်နှာမောင်းသည် အပေါ်သို့ မြင့်၍မြင့်၍ တက်လာသည်။

○

တန်နာ ပြတင်းအပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ လေယာဉ်က အကြမ်းပတမ်း လူးလိမ့်နေသည်။ သူ စိတ်လှုပ်ရှားပြီး တစ်ကိုယ်လုံး တုန်နေသည်။ လေဆင်နှာမောင်းက လေယာဉ်ကိုပတ်ပြီး အပေါ်သို့ မြင့်တက်သွားသည်။ တန်နာ အလွန်ပျော်နေသည်။ 'ကြည့်လိုက်ပါ၊ ဒီလောက်အမြင့်မှာ လေဆင်နှာမောင်း ဘယ်တော့မှ မတိုက်နိုင်ဘူး၊ ဘယ်တော့မှ မတိုက်နိုင်ဘူး၊ အဲဒါ ငါလုပ်တာ၊ ငါ တီထွင်တာ၊ ဒါ အံ့ဖွယ်တီထွင်မှုပဲ၊ ဘုရားသခင်နဲ့ ငါသာလျှင်…။

○

the bookhouse
we bring your library

www.burmeseclassic.com

www.burmeseclassic.com



အုတ်တိုက်နီကြီးထဲတွင် အန်ဒရူး ခလုတ်တစ်ခုကို ရွှေ့လိုက်သည်။ လေယာဉ်ပျံကြီး ပေါက်ကွဲပြီး အစိတ်စိတ် အမွှာမွှာ ပြန့်ကျဲသွားသည်။ လူတွေက လေထဲ လွင့်ပါသွားကြသည်။

ထို့နောက် အန်ဒရူးက အနီရောင်ခလုတ်ကို သုံးကြိမ်တိတိ နှိပ်လိုက်သည်။

■

BURMESE CLASSIC

the bookhouse

www.burmeseclassic.com

www.burmeseclassic.com

# အခန်း-၄၆

ဂရေ့စ်ဆီဒယ် တံခါးလာခေါက်တော့ ကယ်လီနှင့်ဒိန်းတို့ အဝတ်အစား ဝတ်ပြီး သွားပြီ။

'မနက်စာ အသင့်ဖြစ်ပြီ၊ စားချင်တဲ့အချိန် စားနိုင်တယ်'

BURMESE CLASSIC

'လာပါပြီ··· အန့်တီ' ကယ်လီ အော်ပြောလိုက်သည်။

'ကျွန်မတို့ စွန့်စားခန်းကလေးက အလုပ်တော့ ဖြစ်သားပဲနော်' ဒိန်းက ပြောသည်။ 'ဒါနဲ့ အန့်တီဂရေ့စ်မှာ သတင်းစာ ရှိမယ်ထင်တယ်'

သူတို့နှစ်ယောက် အိပ်ခန်းထဲမှ ထွက်၍ တီဗွီရှိသည့် ကစားခန်းသို့ ဝင်လာကြသည်။ တီဗွီနားမှာ သုံးလေးယောက် ဝိုင်းထိုင်နေကြသည်။ ကယ်လီနှင့် ဒိန်းတို့ သူတို့အနားမှ ဖြတ်ပြီး စားသောက်ခန်းသို့ လျှောက်လာစဉ် တီဗွီမှ သတင်းကြေညာသံ ထွက်ပေါ်လာသည်။

*···သတင်းပေးချက်အရ သိရသည်မှာ အသက်ထင်ရှား ကျန်ရစ်သူ တစ်ယောက်မျှ မရှိပါ။ တန်နာကင်စလေနှင့် ဆီနေတာပေါလင်းဗန်လူဗင်တို့အပြင် လေယာဉ်မှူး၊ တွဲဖက်လေယာဉ်မှူးနှင့် လေယာဉ်မောင်တို့ပါ လေယာဉ်ပေါ်တွင် ရှိနေခဲ့ကြပါသည်။*

○

ကယ်လီနှင့်ဒိန်းတို့ တစ်ကိုယ်လုံး အေးစက်သွားပြီး မှင်တက်မိကြသည်။

www.burmeseclassic.com

the bookhouse

www.burmeseclassic.com



တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြပြီး တီဗွီဆီသို့ ပြန်လှည့်လာကြသည်။ ဖန်သားပြင်ပေါ်တွင် ကေအိုင်ဂျီ အဆောက်အအုံ အတွင်းပိုင်း ရုပ်ပုံများကို မြင်ရသည်။

၀

*ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည့် 'ကင်စလေနိုင်ငံတကာအုပ်စု' ကုမ္ပဏီ တွင် နိုင်ငံပေါင်းသုံးဆယ်၌ ကုမ္ပဏီခွဲများ ရှိပါသည်။ တန်နာကင်စလေ၏ ကိုယ်ပိုင်လေယာဉ် ပျံသန်းနေသည့် တောင်ပစိဖိတ်သမုဒ္ဒရာဒေသတွင် မမျှော်လင့်သည့် လျှပ်စစ်မုန်တိုင်းတစ်ခု တိုက်ခတ်ခဲ့သည်ဟု မိုးလေဝသဌာနက သတင်းပေးပို့ပါသည်။ ပေါလင်းဇန် လူဗင်သည် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထက်လွှတ်တော်ကော်မတီဥက္ကဋ္ဌဟောင်း ဖြစ်ပါသည်။*

၀

ကယ်လီနှင့်ဒိန်းတို့ သတင်းနားထောင်ရင်း အလွန် စိတ်ဝင်စားနေကြသည်။

*...ဝေခွဲမရသော ပြဿနာတစ်ရပ်ကို ရဲတပ်ဖွဲ့က စုံစမ်းထောက်လှမ်းနေဆဲ ဖြစ်ပါသည်။ ကေအိုင်ဂျီကုမ္ပဏီက တီထွင်နေသည့် မိုးလေဝသထိန်းချုပ် ကွန်ပျူတာသစ် (ပရိုင်မာ) ကို ပြသရန် ညစာစားပွဲသို့ စာနယ်ဇင်းဆရာများအား ဖိတ်ကြားခဲ့ပါသည်။ သို့သော်လည်း ယမန်နေ့ညနေတွင် ကေအိုင်ဂျီဌာနချုပ်၌ ပေါက်ကွဲမှုဖြစ်ပွားပြီး 'ပရိုင်မာ'မှာ လုံးဝ ပျက်ဆီးသွားခဲ့ပါသည်။ အပျက်အစီးများကြားတွင် အန်ဒရူးကင်စလေ၏ အလောင်းကို တွေ့ရှိရရာ ၄င်းမှာ တစ်ဦးတည်းသော သေဆုံးသူဖြစ်သည်ဟု မီးသတ်တပ်ဖွဲ့က ယုံကြည်ပါသည်။*

၀

'တန်နာကင်စလေတော့ သေသွားပြီ' ဒိန်းက ပြောသည်။

'ပြန်ပြောပါဦး၊ ဖြည်းဖြည်းကလေး'

'တန်နာကင်စလေ သေသွားပြီ'

www.burmeseclassic.com

www.burmeseclassic.com



ကယ်လီ သက်မကြီးချလိုက်သည်။ ထို့နောက် ဒိန်းကို ပြုံးကြည့်ပြီး

'ဒီကိစ္စပြီးသွားတော့ နေရထိုင်ရတာ ပျင်းစရာကြီး ဖြစ်တော့မှာပဲ'

'ဟုတ်တယ်၊ ကျွန်မလည်း အဲသလိုပဲ ခံစားရတယ်'

ဒိန်းက ပြန်ပြောသည်။

'ဒါနဲ့ ဒီည ကျွန်မတို့ "ဝေါလ်ဒေါ့ဖ်-အေစတိုရီးယား" ဟိုတယ်မှာ အိပ်ကြရအောင်လား'

ကယ်လီ ပြုံးပြီး

'ကျွန်မ စိတ်မဆိုးပါဘူး'

○

ကယ်လီနှင့်ဒိန်းတို့က ပြန်ခါနီးနှုတ်ဆက်တော့ ဂရေ့စ်ဆီဒယ်က ကယ်လီ့ကို ဖက်ပြီး…

'အချိန်မရွေး လာနိုင်တယ်'

သို့သော်လည်း သူ့အား ကမ်းလှမ်းခဲ့သည့်ဆုငွေအကြောင်းကို ဂရေ့စ်က လုံး၀ မပြောပါချေ။

○

'ဝေါလ်ဒေါ့ဖ်-အေစတိုရီးယား' ဟိုတယ် အထူးခန်းတွင် စားပွဲထိုးတစ်ယောက် ညစာအတွက် ပြင်ဆင်ခင်းကျင်းနေသည်။ သူက ဒိန်းဘက်လှည့်ပြီး

'လေးယောက်စာ ပြင်ဆင်ရမယ်ဆိုတာ ဟုတ်ပါသလားခင်ဗျာ'

'ဟုတ်ပါတယ်'

ကယ်လီက ဒိန်းကို ကြည့်သည်။ ဘာမှတော့ မပြော။

ကယ်လီ ဘာကို တွေးနေကြောင်း ဒိန်း သိသည်။

ညစာစားပွဲမှာ ထိုင်ကြတော့ ဒိန်းက ပြောသည်။

'ကယ်လီ… ဒီကိစ္စကို ကျွန်မတို့နှစ်ယောက်တည်း လုပ်တယ်လို့ ကျွန်မမထင်ဘူး၊ အကူအညီ နည်းနည်းယူခဲ့ရတယ်လို့ ထင်တယ်' သူ ရှန်ပိန်အရက်ခွက်ကို ကိုင်မြှောက်ပြီး သူ့ဘေးမှ ကုလားထိုင်လွတ်ကို ပြောလိုက်သည်။

the bookhouse
www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးတင်ပါတယ်… ရစ်ချတ်၊ မောင့်ကို ကျွန်မ ချစ်ပါတယ်'

ဒိန်း ဖန်ခွက်ကို နှုတ်ခမ်းမှာ တေ့လိုက်တော့ ကယ်လီက…'ခဏ ခဏ'

ဒိန်း လှည့်ကြည့်သည်။ ကယ်လီ အရက်ခွက်ကိုကောက်ကိုင်ပြီး သူ့ဘေးက ကုလားထိုင်လွတ်ကို ကြည့်လိုက်သည်။

'မတ်… မောင့်ကို ကျွန်မ သိပ်ချစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်'

ထို့နောက် ဖန်ခွက်ချင်း တို့ထိပြီး နှစ်ယောက်သား တစ်ကျိုက်စီ သောက်လိုက်ကြသည်။ ကယ်လီ ပြုံးပြီး ပြောသည်။

'အရသာရှိလိုက်တာ၊ ဒါနဲ့ နောက်ထပ် ဘာလုပ်ကြမလဲ'

'ကျွန်မ ဝါရှင်တန်သွားပြီး *အက်ဖ်ဘီအိုင်ကို ကျွန်မ တိုင်မယ်'

ကယ်လီက ပြင်ပြီးပြောသည်။ 'ကျွန်မတို့ ဝါရှင်တန်သွားပြီး အက်ဖ်ဘီအိုင်ကို ကျွန်မတို့ တိုင်မယ်'

ဒိန်းက ရယ်လျက် 'သိပ်မှန်တယ်' ခဏ စဉ်းစားနေပြီးမှ 'ကျွန်မတို့ ကောင်းတဲ့အလုပ်တစ်ခု လုပ်လိုက်ကြတာပဲ၊ ကျွန်မတို့ ယောက်ျားတွေ တမလွန်ဘဝက ဂုဏ်ယူနေကြလိမ့်မယ်'

'ဟုတ်ပါတယ်၊ အဲဒီတော့ ကျွန်မတို့ အခု ဘာလုပ်သင့်သလဲ သိလား'

'ဘာလဲ'

'ကိုယ်ပိုင် စုံထောက်အေဂျင်စီ ထောင်မယ်'

ဒိန်း ရယ်နေသည်။ 'ရှင်က နောက်နေတာလား'

ကယ်လီ တဖြည်းဖြည်း ပြုံးပြီး 'ကျွန်မက နောက်နေလို့လား'

ဝ

ညစာစားပြီးနောက် တီဗွီကြည့်ကြသည်။ ရုပ်သံလိုင်းတိုင်းပင် တန်နာကင်စလေ သေဆုံးသည့်သတင်းကို ထုတ်လွှင့်သည်။ ကယ်လီက စဉ်းစဉ်းစားစားနှင့် ပြောသည်။

---

* FBI = Federal Bureau of Investigation (ပြည်ထောင်စု စုံစမ်းထောက်လှမ်းရေးအဖွဲ့)

the bookhouse

www.burmeseclassic.com

www.burmeseclassic.com



'မြွေခေါင်းကို ဖြတ်လိုက်ရင် မြွေရဲ့တခြား အစိတ်အပိုင်းတွေလည်း သေသွားတာပဲ'

'ရှင် ဘာကို ဆိုလိုတာလဲ'

'ကျွန်မတို့ ကြည့်ကြရအောင်' ကယ်လီ တီဗွီနားမှ ထသွားသည်။ 'ပါရီကို တစ်ကောခေါ်ချင်ပါတယ်' တယ်လီဖုန်း အော်ပရေတာကို ပြောလိုက်သည်။ ငါးမိနစ်အကြာမှာ နီကိုးလ်ပရာဒစ်၏ အသံကို ကြားရသည်။ 'ကယ်လီ… ကယ်လီ… ကယ်လီ… ဖုန်းခေါ်တာ သိပ်ဝမ်းသာတယ်' ကယ်လီ ဝမ်းနည်းသွားသည်။ နောက်ထပ် ဘာစကားကြားရမည်ဆိုတာကို သူသိသည်။ စင်ဒါတို့မိသားစုနှင့် ခွေးမလေးအိန်ဂျယ်တို့ အသတ်ခံသွားကြရပြီ။

'ရှင့်ဆီကို ဘယ်လို ဆက်သွယ်ရမှန်းမသိလို့'

'သတင်းတွေ ကြားပြီးပလား'

'တစ်ကမ္ဘာလုံး ကြားပြီးပြီ၊ ဂျူရမ်းမာလိုနဲ့ အယ်လ်ဖုန်ဆီကိုရောက် အထုပ်အပိုးထုပ်ပြီး အမြန်ပြေးသွားကြပြီ' ကယ်လီ သူ မေးမည့်မေးခွန်းကို နှုတ်ဆွံ့နေသည်။ အတန်ကြာတော့မှ…

'ဒါနဲ့ စင်ဒါတို့ မိသားစုနဲ့ အိန်ဂျယ်တို့ရော…'

'သူတို့မိသားစုက ဘာမှ မဖြစ်ပါဘူး၊ အိန်ဂျယ်ကတော့ ကျွန်မ အခန်းမှာ ရှိတယ်'

'အို… ဝမ်းသာလိုက်တာ'

'အဲဒီတော့ အိန်ဂျယ့်ကို ဘယ်လို လုပ်ရမလဲ'

'နောက်ထွက်မယ့် အဲယားဖရန့်လေယာဉ်နဲ့ နယူးယောက်ကို တင်ပို့လိုက်ပါ၊ ဘယ်အချိန်ရောက်မယ်ဆိုတာ ဖုန်းဆက်ပါ၊ လေယာဉ်ကွင်းမှာ ကျွန်မသွားခေါ်မယ်၊ ကျွန်မကိုခေါ်ရင် ဝေါလ်ဒေါ့ဖ်-အေစတိုရီးယားဟိုတယ်ကို ဆက်ပါ'

'ကျွန်မ ကြည့်လုပ်လိုက်မယ်'

'ကျေးဇူးတင်ပါတယ်' ကယ်လီ ဖုန်းပြန်ချလိုက်သည်။

'အိန်ဂျယ်မလေး ဘာမှ မဖြစ်ဘူးနော်' ဒိန်း လှမ်းမေးသည်။

'ဟုတ်တယ်၊ စင်ဒါတို့မိသားစုလည်း ဘာအန္တရာယ်မှ မရှိဘူး'

'အို… ဝမ်းသာလိုက်တာ'

'ဒါနဲ့ ရှင့်ပိုက်ဆံ တစ်ဝက်ကို ဘာလုပ်မလဲ'

'ဘာပိုက်ဆံတစ်ဝက်လဲ' ဒိန်း ပြန်မေးလိုက်သည်။

'ဩော်… ကေအိုင်ဂျီကပေးတဲ့ ဒေါ်လာငါးသိန်းဆုငွေလေ၊ အဲဒီပိုက်ဆံ ကျွန်မတို့ ရမယ်လို့ ထင်တယ်'

the bookhouse we bring your future

www.burmeseclassic.com

www.burmeseclassic.com


'ဟင်… တန်နာကင်စလေ သေသွားပြီလေ'

'သိပါတယ်၊ ဒါပေမဲ့ ကေအိုင်ဂျီက မသေသေးဘူးလေ'

နှစ်ယောက်သား အားရပါးရ ရယ်လိုက်ကြသည်။

'ဒါနဲ့ ရှင် ဝါရှင်တန်ရောက်တော့ ဘာလုပ်မလဲ၊ ပန်းချီပြန်ဆွဲမှာလား' ကယ်လီက မေးသည်။

ဒိန်း ချက်ချင်းမဖြေ၊ အတန်ကြာတော့မှ 'မဆွဲဘူး'

'တကယ်'

'ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ ဆွဲချင်တဲ့ ကားတစ်ကားတော့ ရှိတယ်၊ ဗဟိုပန်းခြံထဲက ပျော်ပွဲစားမြင်ကွင်း' သူ့အသံ အက်သွားသည်။ 'မိုးတွေရွာနေတဲ့ကြားက ချစ်သူနှစ်ယောက် ပျော်ပွဲစားနေတဲ့မြင်ကွင်း၊ ပြီးတော့…၊ ဒါနဲ့ ရှင်ကရော ဘာလုပ်မှာလဲ၊ မော်ဒယ်လုပ်ငန်း ပြန်လုပ်မှာလား'

'ဟင့်အင်း…'

ဒိန်း သူ့ကို ကြည့်နေသည်။

'အေး…ဟုတ်တယ်' ကယ်လီ ပြောသည်။ 'ကျွန်မ စင်ပေါ်မှာ မော်ဒယ်ရှိုးလျှောက်နေတုန်း မတ်က ထိုင်ကြည့်ရင်း ကျွန်မဆီ အနမ်းတွေ မှုတ်ထုတ်နေတာ မြင်ယောင်မိတယ်၊ ဟုတ်တယ်၊ သူ ကျွန်မကို မော်ဒယ်လုပ်ငန်းပဲ ပြန်သွားစေချင်လိမ့်မယ်'

'သိပ်ကောင်းပေါ့'

သူတို့နှစ်ယောက် နောက်ထပ် တစ်နာရီလောက် တီဗွီကြည့်ကြသည်။ ထို့နောက် ဒိန်းက ပြောသည်။

'အိပ်ချိန်တန်ပြီထင်တယ်'

နောက် ၁၅မိနစ်အကြာတွင် အဝတ်အစားလဲပြီး အိပ်ရာဝင်ကြသည်။ ပြီးတော့ အကောင်းဆုံးဟိုတယ်ထဲက အကောင်းဆုံးအိပ်ရာပေါ်မှာ လှဲအိပ်ရင်း သူတို့၏ ပူပူနွေးနွေး စွန့်စားခန်းဇာတ်လမ်းကို ပြန်တွေးနေကြသည်။

ကယ်လီ တစ်ချက်သန်းဝေလိုက်ပြီး…

'ကျွန်မ အိပ်ချင်လှပြီ… ဒိန်း၊ မီး ပိတ်လိုက်ပါတော့'

မောင်ပေါ်ထွန်း
(၁၇-၃-၂၀၁၃)

■

the bookhouse
www.burmeseclassic.com